## ဘုရားစကားမလိုက်နာရင် ဘုရားသာသနာကွယ်ပြီ

"သာသနာကွယ်တယ်ဆိုတာဟာ အခြားမဟုတ်၊ သာသနာနောက်ပိုင်းမှာ ရဟန်းတော်တွေ၊ လူတွေက ဘုရားရှင်စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုပဲ သာသနာကွယ်တယ်လို့ ဆိုရမယ်"

(ကျေးဇူးတော်ရှင် စံကင်းဆရာတော်ကြီး၊ AD ၁၈၇၀-၁၉၇၂)

## ဝိနည်းမကျင့်ရင် ဝိနည်းသာသနာကွယ်ပြီ

"သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင်ကိုင်တွယ်တော့ ဇာတရူပရဇတ သိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပ သိက္ခာပုဒ် သာသနာတော် တည်တာပဲ"


(ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်၊ AD ၁၉၂၀-၁၉၉၄)

## ဓုတင်မကျင့်ရင် ဓုတင်သာသနာကွယ်ပြီ

"တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လို ကွယ်မှာလဲလို့ မေးကြတယ်၊ အခု အကျင့်ပဋိပတ်ထဲက ဓုတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ၊ ရဟန်းတွေ ဓုတင်ကို မကျင့်တော့ရင် ဓုတင်သာသနာ ကွယ်သွားပြီ"

(ကျေးဇူးတော်ရှင် နဘူးကျောင်းဆရာတော်၊ AD ၁၉၂၀-၂၀၀၄)

သိကောင်းစရာ ဓုတင်သာသနာ ❋ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်



ရန်ကင်းတောင်စာစဉ်(၄၁)

# သိကောင်းစရာ ဓုတင်သာသနာ

ဒုတိယအကြိမ်

အရှင်ခေမာနန္ဒ
ရန်ကင်းတောရ၊ သပြေပင်

ရန်ကင်းတောင်စာစဉ်(၄၁)

# သိကောင်းစရာ ဓူတင်သာသနာ

ဒုတိယအကြိမ်

**အရှင်ခေမာနန္ဒ** (ရန်ကင်းတောရ) သပြေပင်



Email : ven.khemananda.brahmana@gmail.com

dhammatrainingcenter.com

**ရန်ကင်းတောင်စာစဉ်အမှတ် (၄၁)**

| | | |
|---|---|---|
| အဖုံးနှင့်အတွင်းပုံနှိပ် | – | ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)<br>အမှတ် (၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။<br>ဖုန်း–၀၁–၅၅၄၄၇၄ |
| ထုတ်ဝေသူ | – | ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃) |
| ဖြန့်ချိရေး | – | **ရန်ကင်းတောင်စာစဉ်**<br>**နေပြည်တော်၊ ဒက္ခိဏသီရိမြို့**<br>ဖုန်း ၀၉–၄၃၀ ၇၅၇၀၄ ၊ ၀၉–၇၉၇ ၃၀၃၀၂၁<br>**သော်တာစန်းစာပေ**<br>**နေပြည်တော်၊ ပျဉ်းမနားမြို့**<br>ဖုန်း ၀၉–၄၃၀ ၃၅၄၉၅၊ ၀၉–၇၉၇ ၉၂၁ ၂၈၀<br>**သစ္စာမဏ္ဍိုင်ပိဋကစာပေ**<br>**(ရွှေတိဂုံဘုရားတောင်ဘက်မုခ်)**<br>ဖုန်း ၀၉–၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉ |
| တန်ဖိုး | – | |
| ထုတ်ဝေခြင်းနှင့် အုပ်ရေ | – | ပထမအကြိမ် (၂၀၂၃ ခုနှစ်၊ဇန်နဝါရီလ) ၁၅၀၀ အုပ်<br>ဒုတိယအကြိမ် (၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီလ) အုပ် |

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)**

၂၉၄ . ၃

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

သိကောင်းစရာ ဓူတင်သာသနာ

ရန်ကုန်၊ ရွှေနိုင်ငံစာပေ၊ ၂၀၂၃။ **၃၃၉** - စာ၊ ၁၉ × ၂၆. ၆၇ စင်တီ။

(၁) သိကောင်းစရာ ဓူတင်သာသနာ

# ဓမ္မဝိနယာလင်္ကာရဝိနည်းပါဠိတက္ကသိုလ်၏
# ပဓာနနာယက ဓမ္မဝိနယဆရာတော်၏ အာသီသဆုတောင်း

**မဟာထေရော ဝိဇာနန္တော၊ ဓုတင်္ဂေ ဝိနယေသု စ၊**
**စတုသီလေ ဝိသောဓေန္တော၊ သုခီ ဒီဃာယုကော ဘဝေ။ (ပထျာဝတ္တ)**

**နိဝါနံ ကာမစိတ္တေန၊ သီလဝန္တေန ဘိက္ခုနာ၊**
**သောတူနံ ဟိတအတ္ထာယ၊ အယံ ဂန္ထော ရစီယတေ။ (ပထျာဝတ္တ)**

သီလဝန္တ သမဏတို့ ဦးချပန်ဆင် ဓုတင်ဝိနည်း အသီးသီး၌ အပြီးဧကန် မယွင်းမှန်စွာ ထူးခြားစွာ သိပေထသော၊ ပါတိမောက္ခ အစလာသည့် လေးဖြာသီလဟူသမျှ၌ အထူး သုတ်သင် ဖြူဝင်းစင်သော၊ ခေမာနန္ဒ ဗြဟ္မဏဟု မည်ရကျော်လာ ထေရ်မဟာသည်၊ ရှည်ကြာမြင့်စွာ သာသနာ့ဝန် အားသွန်ကြိုးပမ်း ဆက်ထမ်းနိုင်ဖို့ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာလျက် ရာကျော်အသက် ရှည်ပါစေသတည်း။

တစ်ထောင့်ငါးရာ ကိလေသာတို့ ကင်းကွာရာမှန် မြတ်နိဗ္ဗာန်ကို လိုလားတောင့်တ စိတ်ရှိထသော၊ ပါတိမောက္ခ အစလာသည့် လေးဖြာသီလ ပြည့်စုံထသော၊ ခေမာနန္ဒ ဗြဟ္မဏဟု မည်ရကျော်လာ သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းကျော်သည်၊ သင်ယူ လိုလား လူနတ်များစွာ သတ္တဝါတို့၏၊ ဓုတင်စခန်း အကျင့်လမ်းတွက် ဆက်ဆက်အကျိုး စီးပွားတိုးဖို့ သိကောင်းစရာ ဓုတင်သာသနာ သညာလာသည့် ကျမ်းစာမြတ်ကို ရေးသား တီထွင် စီရင်အပ်ပေသတည်း။

# ရန်အောင်မြင်ကျောင်း (မြို့တော်ဝန်ကျောင်း)
# သံဃာတော်တို့၏ အာသီသဆုတောင်း

**ဓမ္မာဘိရတ စိတ္တေန ၊ ကမ္မံ ဂန္ထံ ဝိစာယကော**
**သီလဝန္တော မဟာထေရော၊ ဟောတု ဒီဃာယုကော သုခီ။ (ပထျာဝတ္တ)**

**ကိလေသာနံ ဓုတတ္ထာယ၊ ဓုတင်္ဂေ သာဓု သိက္ခကာ**
**ကမ္မံ ဂန္ထံ ပဋိစ္စာန ၊ အာစရန္တု သုခံ သဒါ။ (ပထျာဝတ္တ)**

တရား၌ အလွန်မွေ့လျော်သောစိတ်ဖြင့်
ဤကျမ်းဂန်ကို ရေးသားပြုစုတော်မူသော
သီလနှင့် ပြည့်စုံတော်မူသော မဟာထေရ်မြတ်သည်
သက်ရှည်ကျန်းမာသည် စိတ်ချမ်းသာသည် ဖြစ်ပါစေ။

ကိလေသာတို့အား ဖျက်ဆီးခြင်းငှာ
ဓုတင်အကျင့်တို့ကို ကောင်းစွာ ဖြည့်ကျင့်သူတို့သည်
ဤကျမ်းဂန်ကို ဖတ်ရှု၍
အခါခပ်သိမ်း လွယ်ကူချမ်းသာစွာ ဖြည့်ကျင့်နိုင်ကြပါစေ။

# ဆုတောင်း

ဤကောင်းမှုကုသိုလ်ကြောင့်

ကမ္ဘာပေါ်တွင်

မြတ်ဗုဒ္ဓသာသနာတော်

အစွန့်ရှည်ကြာ တည်တံ့၍

ကမ္ဘာသူ ကမ္ဘာသားများ

ဝိမုတ္တိသုခကို

ရရှိခံစားနိုင်ကြပါစေသတည်း။

အရှင်ခေမာနန္ဒ

ရန်ကင်းတောရ၊ သပြေပင်

# ဆန္ဒမွန်

နှလုံးသားမြင့်မြတ်သည့်
ရဟန်းတော်တစ်ပါးပါးက
တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာ၌
ဤစာအုပ်ကို ဖတ်ရှုမိကာ
သဒ္ဓါယိုဖိတ် အားကျစိတ်များ နိုးကြားလာပြီး
ဂူတင်ဆောင်ရန် ဆုံးဖြတ်ချက်ချနိုင်သည့်အထိ
အထောက်အပံ့ကောင်း ဖြစ်လာပါလျှင်
ဘုရားတပည့်တော်ဆန္ဒ ပြည့်ဝပါပြီဘုရား။

အရှင်ခေမာနန္ဒ
ရန်ကင်းတောရ၊ သပြေပင်

| စဉ် | မာတိကာ | နှာ |
|---|---|---|
| * | ဓမ္မဝိနယာလင်္ကာရဝိနည်းပါဠိတက္ကသိုလ်၏ ပဓာနနာယက ဓမ္မဝိနယဆရာတော်၏ အာသီသဆုတောင်း | |
| * | ရန်အောင်မြင်ကျောင်း (မြို့တော်ဝန်ကျောင်း) သံဃာတော်တို့၏ အာသီသဆုတောင်း | |
| * | ဆုတောင်း | |
| * | ဆန္ဒမွန် | |
| * | မာတိကာ | |
| * | ကျေးဇူးဥပကာရ မော်ကွန်း | က |
| * | ဂန္ဓာရုံဘုံကျော်ဆရာတော်၏ ဥယျောဇဉ် | ခ |
| * | ဘုန်းတော်လေး ဦးအဘယာလင်္ကာရ (မဟာဝိဟာရဝါသီ)၏ အမှာစကား | ဃ |
| * | သာသနာကွယ်ခြင်းဟူသည် | စ |
| * | ဤစာအုပ်အကြောင်း | ည |
| * | နိဒါန်း | ဋ |
| | **ဓူတင် နှင့် ဓူတင်ဆောင်ရဟန်း** | |
| | **ဓုတင် နှင့် ဓူတင်** | |
| ၁။ | ဓုတင် နဲ့ ဓူတင် အဓိပ္ပာယ်တူပါသလား | ၁ |
| ၂။ | ဓုတင် နဲ့ ဓုရ အဓိပ္ပာယ်တူပါသလား | ၂ |
| | **သန္တုဋ္ဌိ သလ္လေခဖြစ်တိုင်း ဓူတင်မခေါ်ပါ** | |
| ၃။ | ခြိုးခြံတဲ့အကျင့်တိုင်း ဓူတင်ဖြစ်နိုင်ပါသလား | ၂ |
| ၄။ | ဓူတင်ကျင့်ခြင်းရဲ့ အဓိက ရည်ရွယ်ချက်က ဘာပါလဲ | ၄ |
| | **ဓူတင်ဆောင်ရဟန်းကို ဓူတင်က စောင့်ရှောက်ပေးသည်** | |
| ၅။ | သင်္ကန်းမှာ ဖြစ်ခွင့်ရှိတဲ့ တဏှာကို ကာကွယ်ပေးနိုင်တဲ့ ဓူတင်ကဘာလဲ | ၄ |
| ၆။ | ဆွမ်းမှာ ဖြစ်ခွင့်ရှိတဲ့ တဏှာကို ကာကွယ်ပေးနိုင်တဲ့ ဓူတင်ကဘာလဲ | ၄ |
| ၇။ | ကျောင်း၊ အိပ်ရာ နေရာမှာ ဖြစ်ခွင့်ရှိတဲ့ တဏှာကို ကာကွယ်ပေးနိုင်တဲ့ ဓူတင်ကဘာလဲ | ၄ |
| ၈။ | ထိနမိဒ္ဓကို ကာကွယ်ပေးနိုင်တဲ့ ဓူတင်ကဘာလဲ | ၅ |
| ၉။ | ဓူတင် ၁၃ ပါးကို ၅၅၂၁ သင်္ချာနဲ့ ဘယ်လိုမှတ်သားရတာပါလဲ | ၅ |
| ၁၀။ | ဓူတင် ၁၃ ပါးရဲ့ အဓိပ္ပာယ်ကို မြန်မာစကားနဲ့ လွယ်လွယ်မှတ်လို့ရနိုင်ပါသလား | ၅ |
| | **သာမဏေ နှင့် လူတို့အတွက်ဓူတင်** | |
| ၁၁။ | ကိုရင်သာမဏေတို့ ကျင့်နိုင်တဲ့ ဓူတင်က ဘာတွေလဲ | ၆ |
| ၁၂။ | လူတို့ကျင့်နိုင်တဲ့ ဓူတင်က ဘာတွေပါလဲ | ၇ |
| | **ဓူတင်ဆောက်တည်မည်ဆိုပါက** | |
| ၁၃။ | ဘယ်လိုပုဂ္ဂိုလ်ရဲ့ ရှေ့ကိုသွားပြီး ဓူတင်ဆောက်တည်ရမလဲ | ၈ |
| ၁၄။ | ဓူတင်ကို ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုရှိတဲ့ထဲက ဘယ်ကစပြီး ကျင့်သင့်သလဲ | ၉ |

| စဉ် | မာတိကာ | နှာ |
| --- | --- | --- |
| ၁၅။ | မုဒုကနေ မဖျိမတို့ ဥက္ကဋ္ဌတို့အထိ ရောက်လွယ်တဲ့ ဓူတင်များ ရှိပါသလား | ၉ |
| ၁၆။ | သီတင်းကျွတ်သော်လည်း တောဝါမကျွတ်သေးဘူးဆိုတာ ဘာပါလဲ | ၁၀ |
| ၁၇။ | ဓူတင်ဆောင်သင့်တဲ့ အသက်အရွယ်ဆိုတာ ရှိပါသလား | ၁၀ |
| ၁၈။ | ဓူတင်ကျင့်တဲ့အခါ ကျမ်းစာအုပ်တွေဖတ်ပြီးကျင့်ရင် လုံလောက်ပြီလား | ၁၁ |
| | **ဝိနည်း၊ ဓူတင်၊ နိဿဂ္ဂိ** | |
| ၁၉။ | လူတွေပြောနေကြတဲ့ နဝကမ္မရဲ့အဓိပ္ပာယ်က ဘာပါလဲ | ၁၂ |
| ၂၀။ | အနာမာသဝတ္ထုငွေကြေးအပေါ် တားမြစ်ချက်သုံးချက်က ဘာတွေပါလဲ | ၁၂ |
| ၂၁။ | 'အရှင်ဘုရား ကပ္ပိယရှိသလား' လို့မေးလာရင် 'ဒီဒကာကြီး ကပ္ပိယပါ' လို့ ပြောခွင့်ရှိသလား | ၁၃ |
| ၂၂။ | ကပ္ပိယအပ်စပ်အောင် လုပ်တတ်ပြောတတ်အောင် ဝိနည်းသင်ပေးလို့ရပါသလား | ၁၃ |
| ၂၃။ | ဝိနည်းမစောင့်ထိန်းဘဲ ဓူတင်ဆောင်လို့ရပါသလား | ၁၃ |
| ၂၄။ | ဝိနည်းတည်မှ သာသနာတည်မယ်ဆိုတာ ဘာပါလဲ | ၁၃ |
| ၂၅။ | ကျမ်းစာအုပ်ထဲ ဝိနည်းရှိတာနဲ့ သာသနာတည်ပြီလို့ ဆိုနိုင်ပါသလား | ၁၃ |
| ၂၆။ | လက်ဝယ်မှာရှိတဲ့ နိဿဂ္ဂိပစ္စည်းကို စွန့်ရင် စင်ကြယ်ပြီလား | ၁၄ |
| ၂၇။ | ကျောင်းကြီး နိဿဂ္ဂိဖြစ်နေရင် ဘယ်မှာသီတင်းသုံးရပါမလဲ | ၁၅ |
| ၂၈။ | ဘုန်းကြီးပါးစပ်ထဲက အံကပ် မအပ်မစပ်ဖြစ်ထားရင် ဘယ်လိုလုပ်ရပါသလဲ | ၁၆ |
| ၂၉။ | ဒေသနာပြောကြားတဲ့ ဒေသနာသုဒ္ဓိအပြင် အခြားစင်ကြယ်ခြင်းများ ရှိသေးသလား | ၁၆ |
| | **နိဿဂ္ဂိကို အယောင်ဆောင်သူ** | |
| ၃၀။ | ရဟန်းက ပိုင်ဆိုင်မှုတွေရောင်း ဖုန်းထဲငွေထည့်ထားပြီး ငွေမကိုင်တော့ရင် ဓူတင်ဆောင်နိုင်ပါသလား | ၁၇ |
| ၃၁။ | ဘာကြောင့် ရာသက်ပန် နိဿဂ္ဂိစွန့်ပြီးမှ ဓူတင်ဆောင်တဲ့ဆရာတော် | ၁၇ |
| | **ရဟန်းဝိနည်းနှင့် ဘဏ်စာရင်း၊ Online ငွေလွှဲသည့်ကိစ္စ** | |
| ၃၂။ | ဘဏ်စာရင်းဖွင့်ထားတာ ဝိနည်းအရ အပ်စပ်ပါသလား | ၁၈ |
| ၃၃။ | ကပ္ပိယက Kpay,Wave money တွေထဲကနေ ငွေထုတ်သုံးတာ အပ်စပ်ပါသလား | ၁၈ |
| ၃၄။ | ဘဏ်စာရင်း Bank account က လုံခြုံရာအရပ် ဂုတ္တဋ္ဌာန A safe place ဖြစ်ပါသလား | ၁၈ |
| ၃၅။ | ကပ္ပိယဘဏ်စာရင်းထဲရောက်နေတဲ့ အလှူငွေကို ဘယ်လိုအလှူခံလို့ရပါသလဲ | ၁၉ |
| ၃၆။ | မြောင်းမြတိုက်သစ်ပဋ္ဌာနတာရုံဆရာတော်ကြီး၏ ရုပ်ဝတ္ထုတိုးတက်မှုအတွက် ဩဝါဒ | ၂၀ |
| | **ဖျာကြမ်းအောက်က လုံခြုံရာ ဂုတ္တဋ္ဌာနအရပ်ပါ** | |
| ၃၇။ | ကပ္ပိယက ဘယ်လိုစိတ်ထားနဲ့ သံဃာတော်ကို စောင့်ရှောက်သင့်သလဲ | ၂၀ |
| ၃၈။ | ဂုတ္တဋ္ဌာနဆိုတာဘယ်လိုနေရာပါလဲ | ၂၁ |
| ၃၉။ | ဝတ္ထုငွေရှိတဲ့နေရာကို ရဟန်းက ပြကောင်းပါသလား | ၂၁ |
| ၄၀။ | ဝိနည်းလေးစားတဲ့ရဟန်းက တန်ကြေးအားဖြင့် မညီမျှတဲ့ဘဏ္ဍာကို မယူတော့ဘူးလို့ ပြောခွင့်ရှိပါသလား | ၂၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ဓုတင်ကြောင့် ရနိုင်သည့်အကျိုး** | |
| ၄၁။ | ဓုတင်ကြောင့် ရနိုင်တဲ့အကျိုးက ဘာတွေပါလဲ | ၂၃ |
| ၄၂။ | မိမိဓုတင်ဆောင်နေတဲ့အကြောင်း လူတွေ့တိုင်း ပြောလို့ရသလား | ၂၃ |
| ၄၃။ | မရင်းနှီးတဲ့ ရဟန်းက 'ဓုတင်ဆောင်သလားဘုရား'လို့ မေးရင် ဘယ်လိုဖြေရမလဲ | ၂၅ |
| ၄၄။ | လူက 'အရှင်ဘုရား ဓုတင်ဆောင်ပါသလား' လို့ မေးရင် ဘယ်လိုဖြေရမလဲ | ၂၅ |
| | **တောရကျောင်းမှာ သိုမှီးတာအပြစ်** | |
| ၄၅။ | တောရကျောင်းမှာ စားစရာတွေကို သိုမှီးတာ အပြစ်ဖြစ်သလား | ၂၅ |
| ၄၆။ | 'မီးခိုးမစဲ၊ ရဟန်းမွဲ' နဲ့ 'သပိတ်လက်ဆွဲ၊ ရဟန်းမွဲ' ရဲ့ အဓိပ္ပာယ်အကျယ်ကဘာပါလဲ | ၂၆ |
| | **သပိတ်ထဲပါလာသည့် ဆန္ဒင်းမကင်းသုံးတုံးပေးပြီး ဒေသနာကြားခဲ့ရ** | |
| ၄၇။ | ဒေသနာကြားဖို့ ရွာကျောင်းကို ဘာကြောင့် သွားရတာပါလဲ | ၂၇ |
| | **ကမ္မဋ္ဌာန်းတိုးတက်လည်း ဓုတင်ဆောင်ပါ၊ မတိုးတက်လည်း ဓုတင်ဆောင်ပါ** | |
| ၄၈။ | သံသရာမှာ ဓုတင်အကျင့် မကျင့်ဖူးဘဲ သစ္စာတရားကို သိနိုင်ပါသလား | ၂၈ |
| ၄၉။ | အရှင်ဥပသေန၏ ပရိသတ်ကို ဆိုဆုံးမနည်းက ဘယ်လိုပါလဲ | ၂၉ |
| ၅၀။ | ကမ္မဋ္ဌာန်းတိုးတက်မှ ဓုတင်ဆောင်ရမလား၊ မတိုးတက်လည်း ဆောင်ရမလား | ၂၉ |
| ၅၁။ | သေဝိတဗ္ဗဓုတင်၊ အသေဝိတဗ္ဗဓုတင် ဆိုတာဘာလဲ | ၂၉ |
| | **စရိုက် နှင့် ဓုတင်** | |
| ၅၂။ | စရိုက်အားလျော်စွာ ဓုတင်ကျင့်ဖို့ ခွဲခြားထားတာ ရှိပါသလား | ၃၀ |
| ၅၃။ | ဓုတင်တစ်ပါးဆောင်ရင် နှစ်ပါး၊ သုံးပါးကို တစ်ပါတည်းဆောင်ဖြစ်ဖို့ အကြောင်းပြည့်စုံနိုင်ပါသလား | ၃၁ |
| ၅၄။ | သင်္ကန်း၊ ဆွမ်း၊ ကျောင်း ဓုတင် ၅ ပါးနဲ့ ဝီရိယနဲ့စပ်လျဉ်းတဲ့ ဓုတင်ဆိုတာ ဘာတွေလဲ | ၃၁ |
| ၅၅။ | ဓုတင် ၁၃ ပါး ကျင့်နိုင်ဖို့ ညဉ့်သုံးယာမ် ပိုင်းခြားကျင့်နည်းကဘာတွေလဲ | ၃၁ |
| ၅၆။ | အာရညကင်ဓုတင်၊ သုသာန်ဓုတင်၊ ယထာသန္တတိဓုတင်၊ ရုက္ခမူဓုတင်နဲ့ အဗ္ဘောကာသိက ဓုတင်တွေကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းရအောင် ကျင့်တဲ့နည်းရှိပါသလား | ၃၂ |
| | **ဓုတ နှင့် ဓုတဝါဒ** | |
| ၅၇။ | ဓုတ နဲ့ ဓုတဝါဒဆိုတာဘာလဲ | ၃၃ |
| | **ဓုတင်ဆိုင်ရာ အဆုံးအဖြတ်အချို့** | |
| ၅၈။ | ပရိဝါသ်နဲ့ ဓုတင် တွဲကျင့်တဲ့အခါ ဘာတွေလိုက်နာဖို့ လိုပါသလဲ | ၃၄ |
| ၅၉။ | ပရိဝါသ်မယူခင် အာရညဓုတင် ဆောင်ထားရင် ဘာတွေလိုက်နာသင့်သလဲ | ၃၅ |
| ၆၀။ | ဒဏ်သားရဟန်း ပိဏ္ဍပါတ်ဓုတင်ကို အခုမှစပြီး ဆောက်တည်ရင်ရပါသလား | ၃၅ |
| ၆၁။ | မဘုဉ်းပေးမီက ဓုတင်ပျက်တယ်ဆိုတာဘာလဲ | ၃၅ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၆၂။ | နှစ်ကြိမ်နဲ့ နှစ်ခွက် အယူအဆ မကွဲမပြား ရှုပ်ထွေးတယ်ဆိုတာဘာပါလဲ | ၃၅ |
| ၆၃။ | ခံတွင်းထဲရောက်တဲ့ အရိုးကိုဝါးပြီး မမျိုဘဲထွေးရင် ဓူတင်ပျက်ပါသလား | ၃၅ |
| ၆၄။ | သပိတ်ထဲရှိသမျှအားလုံး ရောနယ်မွှေမှ မြတ်တာလား | ၃၅ |
| ၆၅။ | ဓူတင်အကျင့်ကို ကျင့်ထိုက်တဲ့ရဟန်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲ | ၃၆ |
| | **၁။ ပံ့သကူဓူတင်** | |
| ၁။ | ပံ့သကူဓူတင် ဆောက်တည်ပုံ | ၃၇ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၃၈ |
| ၃။ | ပံ့သကူဓူတင်ဆောင် သူယုတ်မာရဟန်း | ၃၈ |
| ၄။ | ပံ့သကူဓူတင်ဆောင် သူတော်ကောင်းရဟန်း | ၃၈ |
| ၅။ | သူတော်ကောင်းတရား | ၃၈ |
| | **ပံ့သကူ နှင့် ပံသုကူ** | |
| ၆။ | ပံ့သကူနဲ့ ပံသုကူ အဓိပ္ပာယ်က အတူတူပဲလား | ၃၉ |
| ၇။ | ပံသုကူဓူတင်ကို ဘယ်လိုဆောက်တည်ရမလဲ | ၄၀ |
| | **ပံ့သကူသင်္ကန်း** | |
| ၈။ | ပံ့သကူသင်္ကန်းကို ဘယ်မှာကောက်ရတာပါလဲ | ၄၀ |
| ၉။ | ဘုရားရှင် ချီးမွမ်းတော်မူတဲ့ သင်္ကန်းက ဘယ်လိုသင်္ကန်းမျိုးလဲ | ၄၁ |
| ၁၀။ | အလောင်းကောင် ကိုယ်မပျက်ခင် ပံ့သကူသင်္ကန်း ကောက်ယူခွင့်ရှိသလား | ၄၁ |
| ၁၁။ | အလောင်းကနေ ပံ့သကူသင်္ကန်းကောက်လို့ တစ္ဆေလိုက်ခံရတဲ့သာဓက ရှိဖူးပါသလား | ၄၁ |
| ၁၂။ | တစ္ဆေရဲ့အဝတ်ကို ပိုင်ရှင်မပေးဘဲ ယူတဲ့ရဟန်း အာပတ်သင့်သလား | ၄၂ |
| ၁၃။ | ဘယ်လိုအခြေအနေကို အလောင်းကောင် ကိုယ်ပျက်တယ်ခေါ်တာလဲ | ၄၂ |
| ၁၄။ | ဘုန်းကြီးအလောင်းကနေ ပံ့သကူသင်္ကန်းရဖို့ လွယ်ပါ့မလား | ၄၃ |
| ၁၅။ | ဘုရားရှင်က ဘာကြောင့် ပံ့သကူသင်္ကန်းကို ချီးမွမ်းတော်မူတာလဲ | ၄၄ |
| ၁၆။ | ပံ့သကူသင်္ကန်းအစ ကျွန်မရဲ့အလောင်းကဆိုတာ ဟုတ်ပါသလား | ၄၄ |
| ၁၇။ | ဇာလိနီနတ်သမီးက ဘယ်ပုဂ္ဂိုလ်ကို ဘယ်နေ့က သင်္ကန်းပံ့သကူပစ်တာလဲ | ၄၄ |
| | **ဧဟိဘိက္ခုရဟန်း** | |
| ၁၈။ | ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ အရည်အချင်းက ဘာတွေပါလဲ | ၄၅ |
| ၁၉။ | ဘုရားရှင်လက်ထက်တော်ကာလ ဧဟိဘိက္ခုရဟန်းအရေအတွက် ဘယ်လောက်ရှိပါလဲ | ၄၅ |
| | **ငစွယ်ရှင် ပံ့သကူထေရ်** | |
| ၂၀။ | ဘာ့ကြောင့် ငစွယ်ရှင်ပံ့သကူထေရ်လို့ အမည်တွင်ခဲ့တာလဲ | ၄၆ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ပွဲသကူဓူတင်ဆောင်ထေရ်ရှင်များ** | |
| ၂၁။ | ပွဲသကူဆောင်တဲ့ရဟန်း သင်္ကန်းကောက်ပြီးရင် ချက်ချင်းလဲရတာလား | ၄၇ |
| ၂၂။ | ပွဲသကူဓူတင်ဆောင်ပြီး ဒကာလှူတဲ့ သင်္ကန်းအလှူခံရင် ဓူတင်ပျက်သလား | ၄၈ |
| ၂၃။ | ရဟန်းတစ်ပါးပါးကို လှူဒါန်းမဲ့နှလုံးသွင်းနဲ့ သင်္ကန်းအလှူ ခံကောင်းပါသလား | ၄၈ |
| ၂၄။ | လှူဒါန်းမဲ့နှလုံးသွင်းနဲ့ သင်္ကန်းအစုံ တစ်ရာ၊ နှစ်ရာ အလှူခံကောင်းသလား | ၄၈ |
| ၂၅။ | ဓူတင်ဆောင်ရဟန်းက ဘာကြောင့် သင်္ကန်းကို 'ဒီနားထားခဲ့' လို့ မိန့်တာလဲ | ၄၉ |
| | **ဓုတင်္ဂအပွဲစ္ဆတာဂုဏ်ရည်** | |
| ၂၆။ | ရင်းနှီးတဲ့ရဟန်းကို 'အရှင်ဘုရားပွဲသကူဓူတင် ဆောင်သလား' လို့ မေးကောင်းသလား | ၄၉ |
| ၂၇။ | အနှစ်နှစ်အလလက ဆောက်တည်လာခဲ့တဲ့ ဓူတင်ကို ဘာကြောင့် ဖျက်တာပါလဲ | ၅၀ |
| ၂၈။ | ဓူတင်ဆိုင်ရာ ခဲရာခဲဆစ်ကိုမေးပြီး ဓူတင်ဆောင်တာကို စုံစမ်းသိရှိနိုင်ပါသလား | ၅၂ |
| ၂၉။ | ပုထုဇဉ်အလေ့ ပွဲသကူဓူတင်ဆောင်တဲ့ ရည်ရွယ်ချက်က ဘာတွေလဲ | ၅၂ |
| | **ပွဲသကူသင်္ကန်း အမျိုးအစား** | |
| ၃၀။ | သုသာန်ကကောက်မှပဲ ပွဲသကူသင်္ကန်း ဖြစ်တာပါလား | ၅၃ |
| ၃၁။ | ပွဲသကူသင်္ကန်းအမျိုးအစား ဘယ်လောက်ရှိပါသလဲ | ၅၃ |
| ၃၂။ | ပွဲသကူကောက်ပြီးတော့ ဖာထေးလောက်ရုံ ပိတ်စနည်းနည်း ဖြတ်ယူခွင့်ရှိသလား | ၅၄ |
| | **ပွဲသကူကောက်ရလာသည့် သင်္ကန်းအရောင် အဆုံးအဖြတ်** | |
| ၃၃။ | သင်္ကန်းရောင် အဆုံးအဖြတ်ကို သိပါရစေ | ၅၆ |
| ၃၄။ | သင်္ကန်းကို လက်နဲ့ချုပ်မှ ဓူတင်ဆောင်ကောင်းတာလား | ၅၆ |
| ၃၅။ | စက်နဲ့ချုပ်တဲ့ သင်္ကန်းနဲ့ ဓူတင်ဆောင်ကောင်းသလား | ၅၇ |
| ၃၆။ | ပိတ်ဖြူကိုချုပ်ပြီး သစ်ခေါက်ဆိုးမှ ပွဲသကူသင်္ကန်းဖြစ်တာလား | ၅၇ |
| | **ပွဲသကူဓူတင် အဆုံးအဖြတ်များ** | |
| ၃၇။ | လမ်းမှာကျနေတဲ့ အဝတ်ကိုတွေ့တာနဲ့ ပွဲသကူ ကောက်လို့ရသလား | ၅၈ |
| ၃၈။ | ပွဲသကူကောက်ပြီးမှ ပိုင်ရှင်ပေါ်လာရင် ဘယ်လိုလုပ်ရသလဲ | ၅၈ |
| ၃၉။ | ပိုင်ရှင်က 'သံဃဿ ဒေမ' ဆိုပြီး လှူရင် အလှူခံကောင်းသလား | ၅၈ |
| ၄၀။ | ရဟန်းရဲ့လက်ထဲ မလှူဒါန်းဘဲ ခြေရင်းသွားထားရင် ဓူတင်ပျက်သလား | ၅၉ |
| ၄၁။ | ဆွမ်းခံလမ်းဘေး သင်္ကန်းပစ်ပေးတာကို ပွဲသကူကောက်ကောင်းသလား | ၅၉ |
| ၄၂။ | အပ်နဲ့အပ်ချည်ကို ပွဲသကူကောက်ရတာလား၊ အလှူခံခွင့် ရှိတာလား | ၅၉ |
| ၄၃။ | ရေစစ် (ဓမကရိုဏ်) ကို ပိတ်ဖို့ ပိတ်စအလှူခံခွင့်ရှိသလား | ၆၀ |
| ၄၄။ | သံဃာကိုရည်ညွှန်းပြီး လှူတဲ့သင်္ကန်းကို ဓူတင်ဆောင်ရဟန်း အလှူခံခွင့်ရှိသလား | ၆၀ |
| ၄၅။ | ပွဲသကူဓူတင် ဘယ်လိုအခြေအနေမှာ ပျက်သလဲ | ၆၀ |
| ၄၆။ | ရဟန်းလှူတဲ့သင်္ကန်း အလှူခံမိရင် ပွဲသကူဓူတင် ပျက်နိုင်ပါသလား | ၆၁ |
| ၄၇။ | သင်္ကန်းကို ရဟန်းထံကဖြစ်စေ၊ လူဒါယကာထံကဖြစ်စေ ဘာကြောင့် လက်မခံရတာလဲ | ၆၁ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **နိဿဂ္ဂိစွန့်ခြင်းနှင့် ပံ့သကူကောက်ခြင်း အဆုံးအဖြတ်** | |
| ၄၈။ | စွန့်ပစ်ထားတဲ့ နိဿဂ္ဂိသင်္ကန်းကို ပံ့သကူကောက်ပြီးသုံးရင် အာပတ်သင့်နိုင်သလား | ၆၂ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၄၉။ | ပံ့သကူဓုတင် ဥက္ကဋ္ဌဖြစ်ဖို့ ဘယ်ကဘယ်လိုရတဲ့သင်္ကန်းကို ဝတ်ရုံသုံးဆောင်ရသလဲ | ၆၃ |
| ၅၀။ | ပံ့သကူဓုတင် မဇ္ဈိမဖြစ်ဖို့ ဘယ်ကဘယ်လိုရတဲ့သင်္ကန်းကို ဝတ်ရုံသုံးဆောင်ရသလဲ | ၆၃ |
| ၅၁။ | ပံ့သကူဓုတင် မုဒုဖြစ်ဖို့ ဘယ်ကဘယ်လိုရတဲ့သင်္ကန်းကို ဝတ်ရုံသုံးဆောင်ရသလဲ | ၆၃ |
| ၅၂။ | မိမိကိုရည်ရွယ်ပြီး ပစ်ထားတဲ့ ပံ့သကူသင်္ကန်းကို မကောက်ရင် အပြစ်ဖြစ်မလား | ၆၃ |
| | **ပံ့သကူဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၁၂ ပါး** | |
| ၅၃။ | ပံ့သကူဓုတင်ဆောင်ရတဲ့ အကျိုးက ဘာတွေပါလဲ | ၆၅ |
| ၅၄။ | သင်္ကန်းအပေါ်မှာ ဖြစ်တတ်တဲ့ သံသယပြေပျောက်အောင် ဘယ်လိုလုပ်ရသလဲ | ၆၆ |
| | **၂။ တိစီဝရိက်ဓုတင်** | |
| ၁။ | တိစီဝရိက်ဓုတင် ဆောက်တည်ပုံ | ၆၈ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၆၉ |
| ၃။ | တိစီဝရိက်ဓုတင်ဆောင် သူယုတ်မာရဟန်း | ၆၉ |
| ၄။ | တိစီဝရိက်ဓုတင်ဆောင် သူတော်ကောင်းရဟန်း | ၆၉ |
| ၅။ | သူတော်ကောင်းတရား | ၆၉ |
| | **တိစီဝရိက်ဓုတင်** | |
| ၆။ | တိစီဝရိက်ဓုတင်ဆောင် ရဟန်းရဲ့ သင်္ကန်းအမျိုးအစား ဘယ်လောက်ရှိပါသလဲ | ၇၀ |
| ၇။ | ကိုယ်မှာကပ်တဲ့ပရိက္ခရာနဲ့ ကိုယ်မှာမကပ်တဲ့ ပရိက္ခရာဆိုတာ ဘာတွေလဲ | ၇၀ |
| ၈။ | သင်္ကန်းကို ဘာကြောင့် အဓိဋ္ဌာန် တင်ရတာပါလဲ | ၇၁ |
| ၉။ | သင်္ကန်းကို ဝိကပ္ပနာပြုတယ်ဆိုတာဘာလဲ | ၇၁ |
| | **တိစီဝရိက်ဓုတင်ဆောင်ခြင်း** | |
| ၁၀။ | တိစီဝရိက်ဓုတင်ကို ဘယ်လိုဆောက်တည်ရမလဲ | ၇၁ |
| ၁၁။ | သင်္ကန်း ငါးထည်နဲ့ ဓုတင်ရနိုင်တယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ | ၇၂ |
| ၁၂။ | သားရေနွယ်ဆောင်ထားမှ တိစီဝရိက်အင်္ဂါ ပြည့်စုံတာပါလား | ၇၂ |
| ၁၃။ | နေရာထိုင်အခင်းကို သင်္ကန်းအဖြစ် ရေတွက်ရပါသလား | ၇၂ |
| ၁၄။ | ဓုတင်ဆောင်ရဟန်းက ဆောင်းရာသီမှာ စောင်သုံးခွင့် ရှိပါသလား | ၇၃ |
| ၁၅။ | မိုးရွာကြီးထဲ ဆွမ်းခံထွက်ရမယ်ဆိုရင် ကြိုတင်ပြုဖွယ်က ဘာလဲ | ၇၃ |
| ၁၆။ | တိစီဝရိက်ဓုတင် ဘယ်အချိန်မှာ ပျက်သလဲ | ၇၄ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **တိစီဝရိက်ဓူတင်ဆောင် ထေရ်ရှင်မြတ်များ** | |
| ၁၇။ | ပံ့သကူဓူတင်ဆောင်ထားရင် တိစီဝရိက်ဓူတင် ဆောင်လို့လွယ်ပြီလား | ၇၄ |
| ၁၈။ | မလိမ္မာတဲ့ ဒကာဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ | ၇၅ |
| | **ဝိနည်း၊ ဓူတင်နှင့် ကထိန်လျှာသက်န်း** | |
| ၁၉။ | ကထိန်ကို ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူတာပါလား | ၇၆ |
| ၂၀။ | ကထိန်သက်န်းအတွက် ကာလသတ်မှတ်ချက် ရှိပါသလား | ၇၆ |
| ၂၁။ | ကထိန်သက်န်းကို ပစ္စည်းလေးပါး လျှောက်ထားသူထံပါးက အလှူခံခွင့် ရှိပါသလား | ၇၇ |
| ၂၂။ | ကထိန်သက်န်းနဲ့ ဓူတင်၊ ဝိနည်းတို့ ဆက်စပ်မှုရှိပါသလား | ၇၇ |
| ၂၃။ | ကထိန်အကျိုးထဲမှာ သက်န်းဓူတင်အပိုင်းပါသလား | ၇၇ |
| ၂၄။ | ဝိနည်းတိစီဝရိက်နဲ့ ဓူတင်တိစီဝရိက် အတူတူပဲလား | ၇၈ |
| ၂၅။ | ဓူတင်တိစီဝရိက်ကျင့်ပြီး ဝိနည်းတိစီဝရိက် မကျင့်ဖြစ်တာမျိုး ရှိကောင်းပါသလား | ၇၈ |
| | **သက်န်းအမျိုးအစားနှင့် အရွယ်ပမာဏ အဆုံးအဖြတ်များ** | |
| ၂၆။ | ဝတ်လောက်၊ ရုံလောက်တဲ့သက်န်းအပြင် နောက်ထပ်ဘယ်လို သက်န်းရှိသေးသလဲ | ၈၀ |
| ၂၇။ | ဒွိစုံ သက်န်း၊ တိစုံသက်န်းဆိုတာ ဘာတွေလဲ | ၈၀ |
| ၂၈။ | ထီးတို့၊ ဖိနပ်တို့၊ နေရာထိုင် အခင်းတို့က ဓူတင်ထဲပါသလား | ၈၀ |
| ၂၉။ | ဓူတင်ဆောင်အတွက် ဘယ်အရွယ်သက်န်းက အသေးငယ်ဆုံးလဲ | ၈၁ |
| ၃၀။ | ဓူတင်ဆောင်ရင် အံသကိုင်ရှ ကိုယ်ပတ်သုံးခွင့် ရှိပါသလား | ၈၁ |
| ၃၁။ | ဓူတင်ဆောင်ပုဂ္ဂိုလ်ရဲ့ အံသကိုင်ရှ အရွယ်ပမာဏကို သိပါရစေ | ၈၂ |
| ၃၂။ | အံသကိုင်ရှက ဘယ်သက်န်းအမျိုးအစားထဲ ပါသလဲ | ၈၂ |
| ၃၃။ | အံသကိုင်ရှကို ဘုရားရှင် ဘာကြောင့် ခွင့်ပြုတော်မူတာလဲ | ၈၂ |
| ၃၄။ | အိပ်ရာခင်းကြောင့် ဓူတင်ပျက်သလား | ၈၂ |
| ၃၅။ | အနံ့တစ်ထွာရှိပြီး၊ အလျားသုံးတောင်ထက် ပိုနေတဲ့ပိတ်စက ဓူတင်ရနိုင်သလား | ၈၂ |
| ၃၆။ | သင်းပိုင်လည်း မသုံးလောက်၊ အဓိဋ္ဌာန်လည်း မတင်လောက်တဲ့ အဝတ်ပိုင်းကဘာလဲ | ၈၃ |
| ၃၇။ | ဝတ်လောက်၊ ရုံလောက် လေးထည်မြောက်သက်န်းဆိုတာဘာလဲ | ၈၃ |
| ၃၈။ | အံသကိုင်ရှကို ရေလဲသင်းပိုင်အဖြစ် သုံးနိုင်သလား | ၈၃ |
| | **ဝိနည်းတိစီဝရိက်နှင့် ဓူတင်တိစီဝရိက် အဆုံးအဖြတ်** | |
| ၃၉။ | ဝိနည်းတိစီဝရိက်မှာ သက်န်းကို ဘယ်လိုအဓိဋ္ဌာန်တင်ရသလဲ | ၈၄ |
| ၄၀။ | သက်န်းသုံးထည်လုံးကို နာမည်ဆိုပြီး အဓိဋ္ဌာန်တင်ရင် ဘယ်တိစီဝရိက်လဲ | ၈၄ |
| ၄၁။ | ဝိနည်းတိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သက်န်းကို ဘယ်လိုစောင့်ရှောက်ရသလဲ | ၈၅ |
| ၄၂။ | ပရိက္ခာရစောဠ အဓိဋ္ဌာန် ဘယ်လိုတင်ရသလဲ | ၈၅ |
| ၄၃။ | ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပြီး ဓူတင်တိစီဝရိက်ဆောင်ထားရင် ရနိုင်တဲ့အကျိုးကဘာလဲ | ၈၆ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု နှင့် ဓူတင်သူခိုး** | |
| ၄၄။ | တိစီဝရိက်ဓူတင် အမြတ်စား ဥက္ကဋ္ဌဖြစ်ဖို့ သင်္ကန်းကို ဘယ်လိုသုံးရပါသလဲ | ၈၆ |
| ၄၅။ | တိစီဝရိက်ဓူတင်ဆောင်ရဟန်း သင်္ကန်းလျှော်ရင်၊ ဆေးဆိုးရင် ဘယ်လိုလုပ်ရသလဲ | ၈၆ |
| ၄၆။ | နှစ်ထပ်သင်္ကန်းကို သင်းပိုင်နေရာ ဝတ်ခွင့်ရှိသလား | ၈၆ |
| ၄၇။ | ဓူတင်ကို ဥက္ကဋ္ဌဆောင်ထားရင် သင်္ကန်းသုံးထည်လုံး တစ်ပြိုင်နက်လျှော်နိုင်သလား | ၈၆ |
| ၄၈။ | အမြတ်စား တိစီဝရိက်ဓူတင်ဆောင်ရဟန်းက သင်္ကန်းသုံးထည်ပဲ ဆောင်ရသလား | ၈၇ |
| ၄၉။ | တိစီဝရိက်ဓူတင် တတိယတန်းစား မုဒုဖြစ်ဖို့ သင်္ကန်းကို ဘယ်လိုသုံးရပါသလဲ | ၈၇ |
| ၅၀။ | ရဇနကာသာဝသင်္ကန်းကို သုံးခွင့်ရှိတဲ့ရဟန်းက ဘယ်သူလဲ | ၈၇ |
| ၅၁။ | တိစီဝရိက်ဓူတင် ဒုတိယတန်းစား မဇ္ဈိမဖြစ်ဖို့ သင်္ကန်းကို ဘယ်လိုသုံးရပါသလဲ | ၈၇ |
| ၅၂။ | ရဇနကာသာဝမရှိရင် အံသကိုဋ္ဌကို သင်္ကန်းဆေးဆိုးနေတုန်း သုံးခွင့်ရှိပါသလား | ၈၇ |
| ၅၃။ | သဘာဂဖြစ်တဲ့ ရဟန်းထံပါးက သင်္ကန်းတောင်းဝတ်ပြီး ဆိုးခွင့်ရှိတဲ့ရဟန်းက ဘယ်သူလဲ | ၈၇ |
| ၅၄။ | အိပ်ရာအခင်းကိုဝတ်ပြီး ဆိုးခွင့်ရှိတဲ့ရဟန်းက ဘယ်သူလဲ | ၈၇ |
| ၅၅။ | မုဒုရဟန်းက အိပ်ယာအခင်းကို သွားလေရာရာ ယူခွင့်ရှိသလား | ၈၇ |
| ၅၆။ | မုဒုရဟန်းက သဘာဂရဟန်းထံပါးက သင်္ကန်းကို မကြာခဏ တောင်းသုံးခွင့်ရှိသလား | ၈၇ |
| ၅၇။ | အမြတ်စားဓူတင်ဆောင်ပြီး သင်္ကန်းအတွက် ပိတ်စရှာနေစဉ် နေမကောင်းရင် (သို့) သင်္ကန်းချုပ်ဖို့ အဆင်မပြေသေးရင် ပိတ်စတွေကို စွန့်ရမလား၊ အဓိဋ္ဌာန်တင်ရမလား | ၈၇ |
| ၅၈။ | ဓူတင်သူခိုးဆိုတာ ဘယ်လိုရဟန်းမျိုးလဲ | ၈၈ |
| | **တိစီဝရိက်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၇ ပါး** | |
| ၅၉။ | တိစီဝရိက်ဓူတင် ဆောင်တဲ့ရဟန်း ဘာအကျိုးတွေရပါသလဲ | ၈၈ |
| | **၃။ ပိဏ္ဍပါတ်ဓူတင်** | |
| ၁။ | ပိဏ္ဍပါတ်ဓူတင် ဆောက်တည်ပုံ | ၉၀ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၉၁ |
| ၃။ | ပိဏ္ဍပါတ်ဓူတင်ဆောင် သူယုတ်မာရဟန်း | ၉၁ |
| ၄။ | ပိဏ္ဍပါတ်ဓူတင်ဆောင် သူတော်ကောင်းရဟန်း | ၉၁ |
| ၅။ | သူတော်ကောင်းတရား | |
| | **မြတ်စွာဘုရားဆွမ်းခံရင်း ကပိလဝတ်ပြည်ကြွတော်မူ** | |
| ၆။ | ပိဏ္ဍပါတ်နဲ့ ပိဏ္ဍပါတိက အဓိပ္ပာယ်တူသလား | ၉၁ |
| ၇။ | ဆွမ်းခံကျင့်ဝတ်ပြည့်ရင် ဆွမ်းဓူတင်ငါးပါး ရလွယ်ပြီလား | ၉၄ |
| | **ဘုရားရှင် ဓူတင်ကို အထူးချီးမွမ်းတော်မူပါသည်** | |
| ၈။ | ဓူတင်ဆောင်ရဟန်းကိုသာ ဘုရားရှင် ဖူးခွင့်ပြုတာပါလား | ၉၅ |
| ၉။ | သီလမရှိဘဲ ဆွမ်းခံရင် ရှက်သလိုလို ကြောက်သလိုလို ဖြစ်တတ်သလား | ၉၇ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **အရိပ်အယောင်ပြပြီး ရလာသည့်ဆွမ်းကို ခံယူတော်မမူပါ** | |
| ၁၀။ | အရိပ်အယောင်ပြပြီး ရလာမဲ့ဆွမ်းကို ဘာကြောင့် မခံယူတာလဲ | ၉၈ |
| | **သူဆင်းရဲတို့၏ အံ့ဖွယ်သဒ္ဓါတရား** | |
| ၁၁။ | တောသူတောင်သား သူဆင်းရဲတို့ရဲ့ အလှူကိုခံနိုင်ဖို့ ဘာတွေ ပြည့်စုံရပါသလဲ | ၉၉ |
| | **ပိဏ္ဍပါတ်ဓုတင် ပျက်နိုင်သည့်အကြောင်း** | |
| ၁၂။ | ပိဏ္ဍပါတ်ဓုတင် ပျက်တဲ့အကြောင်းက ဘာတွေလဲ | ၉၉ |
| ၁၃။ | ကျောင်းဝင်းထဲမှာ ဆွမ်းချက်လောင်းရင် ဓုတင်ပျက်သလား | ၁၀၁ |
| ၁၄။ | ဘာကြောင့် ကျောင်းဝင်းအပြင်ဘက်ထွက်ပြီး ဆွမ်းခံရတာလဲ | ၁၀၁ |
| ၁၅။ | ကျောင်းဝင်းထဲ ဆွမ်းခံရင် ဓုတင်ပျက်သလား | ၁၀၁ |
| ၁၆။ | သပိတ်နဲ့ဆွမ်းအကပ်ခံပြီး ဘုဉ်းပေးရင် ပိဏ္ဍပါတ်ဓုတင်ပျက်သလား | ၁၀၂ |
| | **ဝိနည်းနှင့် တွဲကျင့်ရသည်** | |
| ၁၇။ | ဆွမ်းမဘုဉ်းခင် လူသာမဏေတွေလှူတာကို ခံယူရင် ဓုတင်ပျက်သလား | ၁၀၂ |
| ၁၈။ | ဆွမ်းမဘုဉ်းခင် ရဟန်းလှူတာခံယူရင် ဓုတင်ပျက်သလား | ၁၀၂ |
| ၁၉။ | ဓုတင်ကို ကြောင်လက်သည်းဝှက်သလို ဘယ်လိုကျင့်ရမလဲ | ၁၀၄ |
| | **တရားဟောရာ၌ အချိန်အခါကိုကြည့်ရမည်** | |
| ၂၀။ | အချိန်အခါကြည့်ပြီး တရားဟောရမယ်ဆိုတာဘာလဲ | ၁၀၄ |
| | **အရှင်ဒေဝဒတ်၏ အပြစ်မကင်းသည့် တောင်းဆု** | |
| ၂၁။ | အရှင်ဒေဝဒတ်တောင်းဆုထဲမှာ ဘယ်ဓုတင်ပါသလဲ | ၁၀၅ |
| ၂၂။ | အရှင်ဒေဝဒတ်ရဲ့ အပြစ်မကင်းတဲ့တောင်းဆုက ဘာတွေလဲ | ၁၀၆ |
| ၂၃။ | အရှင်ဒေဝဒတ်တောင်းတဲ့ ဓုတင်အတွက် ဘုရားရှင်ဆန္ဒတော်ကဘာလဲ | ၁၀၇ |
| | **ဓုတင်မဆောင်သည့်ရဟန်းကို မရှုတ်ချရပါ** | |
| ၂၄။ | အကျင့်ကောင်းတဲ့ သူတော်ကောင်းရဟန်းနှင့် သူယုတ်မာရဟန်းတို့ ဘယ်လိုကွာခြားသလဲ | ၁၀၈ |
| ၂၅။ | ချီးမွမ်းထိုက်တဲ့ ဓုတင်ဆောင်ရဟန်းရဲ့အင်္ဂါက ဘာတွေလဲ | ၁၀၉ |
| | **အနာဂတ်သာသနာဘေး** | |
| ၂၆။ | အနာဂတ်သာသနာတော်ရဲ့ ဘေးရန်ဆိုတာဘာလဲ | ၁၀၉ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၂၇။ | ပိဏ္ဍပါတ်ဓုတင် အမြတ်စား ဥက္ကဋ္ဌဖြစ်ဖို့ ဆွမ်းကို ဘယ်လိုခံယူရပါသလဲ | ၁၁၁ |
| ၂၈။ | ပိဏ္ဍပါတ်ဓုတင် ဒုတိယတန်းစား မဇ္ဈိမဖြစ်ဖို့ ဆွမ်းကို ဘယ်လိုခံယူရပါသလဲ | ၁၁၁ |
| ၂၉။ | ပိဏ္ဍပါတ်ဓုတင် တတိယတန်းစား မုဒုဖြစ်ဖို့ ဆွမ်းကို ဘယ်လိုခံယူရပါလဲ | ၁၁၁ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၀။ | ဓူတင်မှာလည်း "ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗ"လို့ ယူရပါသလား | ၁၁၂ |
| ၁၁။ | ရွာထဲ၊ ရွာအနီး၊ ရွာပြင်မှာ ဆွမ်းလောင်းတာကို ဘာကြောင့် မလိုလားတာလဲ | ၁၁၂ |
| ၁၂။ | ဥက္ကဋ္ဌပုဂ္ဂိုလ်က ဘာကြောင့် လွတ်လပ်တာလဲ | ၁၁၂ |
| | **ပိဏ္ဍပါတ်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၁၅ ပါး** | |
| ၁၃။ | ပိဏ္ဍပါတ်ဓူတင်ဆောင်ရတဲ့ အကျိုးက ဘာတွေပါလဲ | ၁၁၃ |
| | **၄။ သပဒါနစာရိကဓူတင်** | |
| ၁။ | သပဒါနစာရိကဓူတင် ဆောက်တည်ပုံ | ၁၁၅ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၁၁၆ |
| ၃။ | သပဒါနစာရိကဓူတင်ဆောင် သူယုတ်မာရဟန်း | ၁၁၆ |
| ၄။ | သပဒါနစာရိကဓူတင်ဆောင် သူတော်ကောင်းရဟန်း | ၁၁၆ |
| ၅။ | သူတော်ကောင်းတရား | ၁၁၆ |
| | **ဆွမ်းခံရွာ ပြောင်းခွင့်ရှိပါသည်** | |
| ၆။ | ဓူတင်ဆောင်ရဟန်းက ဘယ်လိုအခြေအနေမှာ ဆွမ်းခံရွာ ပြောင်းခွင့်ရှိတာလဲ | ၁၁၇ |
| ၈။ | အိမ်စဉ်ကို ဘယ်လိုသတ်မှတ်ရတာပါလဲ | ၁၁၇ |
| ၇။ | ဘယ်လိုစိတ်နဲ့ ဆွမ်းခံရွာ မပြောင်းရတာလဲ | ၁၁၇ |
| ၉။ | ဘာကြောင့် ရွာကို မနက်စောစော ဆွမ်းခံဝင်သင့်တာလဲ | ၁၁၈ |
| ၁၀။ | ခရီးသွားရင်း လမ်းခုလတ်မှာဆုံတဲ့ ဒါယကာတွေလောင်းတဲ့ဆွမ်းကို ခံယူခွင့် ရှိပါသလား | ၁၁၈ |
| ၁၁။ | အလှူရှင်က သပိတ်ယူသွားပြီး ဆွမ်းထည့်လောင်းလှူရင် ခံယူခွင့်ရှိပါသလား | ၁၁၈ |
| | **ဆွမ်းအမြဲမခံသင့်သည့်အိမ်** | |
| ၁၂။ | ဆွမ်းအမြဲမခံသင့်တဲ့အိမ်ကို ကျော်သွားရင် ဓူတင်ပျက်နိုင်သလား | ၁၁၉ |
| ၁၃။ | ရဟန်းကို ဘာကြောင့် ပြည့်တန်ဆာမ၊ မုဆိုးမ၊ အပျိုဟိုင်းကြီး၊ ပဏ္ဍုက်တို့နဲ့ ရင်းရင်းနှီးနှီး မဖြစ်သင့်တာလဲ | ၁၂၀ |
| | **ထိုင်ဆွမ်းကြောင့် အရိုက်ခံခဲ့ရသည့် ရဟန္တာတစ်ပါး** | |
| ၁၄။ | မထေရ်မြတ်ကြီးက ပတ္တမြားကို ကြိုးကြာမျိုတယ်လို့ ဘာကြောင့် မပြောတာလဲ | ၁၂၁ |
| ၁၅။ | "ခမထ ဘန္တေ" လို့ အထပ်ထပ် တောင်းပန်သော်လည်း ထိုင်ဆွမ်းကို ဘာကြောင့်ပယ်တာလဲ | ၁၂၂ |
| | **လျှာအလိုလိုက်မိပြီး ဒုက္ခရောက်ရှာသည့်ရဟန်း** | |
| ၁၆။ | ရဟန်းက ဘာကြောင့် လျှာအလိုမလိုက်ရတာပါလဲ | ၁၂၂ |
| ၁၇။ | လောလုပ္ပတဏှာကြောင့် လျှာအလိုလိုက်မိတဲ့ရဟန်း ဘယ်လိုအခက်အခဲ ကြုံရသလဲ | ၁၂၂ |

| စဉ် | မာတိကာ | နှာ |
| --- | --- | --- |
| | **ဆွမ်းကို လုလောင်းသည့်သိကြားမင်း** | |
| ၁၈။ | အရှင်မဟာကဿပမထေရ်မြတ်ကြီး နိရောဓသမာပတ်မှ ထတော်မူတာကို သိကြားမင်းက ဘယ်လိုသိတာလဲ | ၁၂၅ |
| | **မဘုဉ်းပေးဘဲ စွန့်ပစ်လျှင် ဓုတင်မပျက်ပါ** | |
| ၁၉။ | ကျန်းမာရေးနဲ့ မညီညွတ်တဲ့ ဆွမ်းဟင်းကို မခံယူဘဲ ကျော်သွားရင် ဓုတင်ပျက်သလား | ၁၂၆ |
| ၂၀။ | မိမိသပိတ်ထဲ ဆွမ်းလောင်းတာကိုတားရင် ဓုတင်ပျက်သလား | ၁၂၆ |
| ၂၁။ | မကောင်းတာကိုရှောင်၊ နည်းတာကိုရှောင်ရင် ဓုတင်ပျက်သလား | ၁၂၆ |
| ၂၂။ | ကျန်းမာရေးအရ မသင့်လို့ စွန့်ပစ်ရင် ဓုတင်ပျက်သလား | ၁၂၇ |
| ၂၃။ | သပိတ်ထဲက အနူသည်လက်ချောင်းပြတ်ကို ဘယ်လိုလုပ်ပြီး ဆွမ်းဘုဉ်းပေးတော်မူပါသလဲ | ၁၂၇ |
| | **ဥက္ကဋ္ဌ၊ မၛ္ဈိမ၊ မုဒု** | |
| ၂၄။ | မရောက်သေးတဲ့ရှေ့အိမ်က ကြိုပြီးလောင်းတာကို ခံယူခွင့်ရှိသလား | ၁၂၉ |
| ၂၅။ | ကျော်ခဲ့တဲ့ နောက်အိမ်က လိုက်လောင်းတာကို ခံယူခွင့်ရှိသလား | ၁၂၉ |
| ၂၆။ | ဆွမ်းစားဇရပ်ကို လိုက်လောင်းတာ ခံယူခွင့်ရှိသလား | ၁၂၉ |
| ၂၇။ | သပဒါနစာရိကဓုတင် ဥက္ကဋ္ဌဖြစ်ဖို့ ဆွမ်းကို ဘယ်လိုခံယူရသလဲ | ၁၃၁ |
| ၂၈။ | သပဒါနစာရိကဓုတင် ဥက္ကဋ္ဌဆောင်ရတာ ဘာကြောင့် လူမုန်းများတာလဲ | ၁၃၃ |
| ၂၉။ | သပဒါနစာရိကဓုတင် မၛ္ဈိမဖြစ်ဖို့ ဆွမ်းကို ဘယ်လိုခံယူရသလဲ | ၁၃၄ |
| ၃၀။ | သပဒါနစာရိကဓုတင် မုဒုဖြစ်ဖို့ ဆွမ်းကို ဘယ်လိုခံယူရသလဲ | ၁၃၄ |
| ၃၁။ | သပဒါနစာရိကဓုတင်ဆောင်ရဟန်းက ရွာစဉ်၊ အိမ်စဉ်၊ လူစဉ်မကျော်ရဘူးဆိုတာဘာလဲ | ၁၃၄ |
| ၃၂။ | သဒ္ဓါတရားမရှိတဲ့အိမ်နဲ့ ဆွမ်းမလောင်းတဲ့အိမ်ကို ကျော်ခွင့်ရှိသလား | ၁၃၅ |
| | **သပဒါနစာရိကဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၈ ပါး** | |
| ၃၃။ | သပဒါနစာရိကဓုတင် ဆောင်ရခြင်းကြောင့်ရတဲ့ အကျိုးကဘာတွေလဲ | ၁၃၇ |
| | **၅။ ဧကာသနိက်ဓုတင်** | |
| ၁။ | ဧကာသနိက်ဓုတင် ဆောက်တည်ပုံ | ၁၃၈ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၁၃၉ |
| ၃။ | ဧကာသနိက်ဓုတင်ဆောင် သူယုတ်မာရဟန်း | ၁၃၉ |
| ၄။ | ဧကာသနိက်ဓုတင်ဆောင် သူတော်ကောင်းရဟန်း | ၁၃၉ |
| ၅။ | သူတော်ကောင်းတရား | ၁၃၉ |
| | **ဆွမ်းဘုဉ်းနေစဉ်ထပါက ဓုတင်ပျက်သည်** | |
| ၆။ | ဆွမ်းဘုဉ်းနေတုန်း အကြောင်းတစ်ခုခုကြောင့်ထပြီးတော့ ပြန်ဘုဉ်းရင် ဓုတင်ပျက်သလား | ၁၄၀ |
| ၇။ | သပိတ်ပြင်ပြီး မဘုဉ်းပေးသေးခင်ထမယ်ဆိုရင် ဓုတင်ပျက်သလား | ၁၄၀ |
| ၈။ | ဆွမ်းဘုဉ်းနေတုန်း ဥပဇ္ဈာယ်ဆရာကြွလာရင် ခရီးဦးကြိုခွင့် မရှိတော့ဘူးလား | ၁၄၀ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၉။ | ဆွမ်းဘုဉ်းနေတုန်း ဥပဇ္ဈာယ်ဆရာကြွလာရင် ဝေယျာဝစ္စလုပ်ခွင့် မရှိတော့ဘူးလား | ၁၄၀ |
| ၁၀။ | ဆွမ်းဘုဉ်းရာကနေ ထပြီးဆိုရင် အပြီးထရတာပါလား | ၁၄၀ |
| ၁၁။ | ဆရာဥပဇ္ဈာယ် ဆွမ်းစားကျောင်း ကြွလာမယ်လို့ ကြိုသိထားရင် ဘယ်လိုလုပ်ရမလဲ | ၁၄၀ |
| ၁၂။ | ဆရာဥပဇ္ဈာယ်အတွက် ဓူတင်မပျက်ဘဲ ဝေယျာဝစ္စလုပ်တဲ့နည်းများ ရှိပါသလား | ၁၄၀ |
| ၁၃။ | ထိုင်လျက် ဦးချခွင့်၊ ရှိခိုးခွင့်၊ အရိုအသေပြုခွင့် ရှိပါသလား | ၁၄၀ |
| ၁၄။ | ပါးစပ်ထဲ ဆွမ်းဘုဉ်းပေးနေရင်း ထိုင်လျက် အရိုအသေ ပြုရမှာပါလား | ၁၄၀ |
| | **ကွမ်း၊ ဆေးလိပ်၊ ဝိနည်း၊ ဓူတင်** | |
| ၁၅။ | ညနေပိုင်း ဆာလောင်လို့ ဖျော်ရည်ဘုဉ်းပေးရင် ဓူတင်ပျက်သလား | ၁၄၁ |
| ၁၆။ | ဧကာသနိက်ဓူတင်ကို ယာဝကာလိကနဲ့ ဆုံးဖြတ်တာပါလား | ၁၄၁ |
| ၁၇။ | ဓူတင်ဆောင်ရဟန်းက ဆေးလိပ်တို့၊ ကွမ်းတို့ကို ဘုဉ်းပေးရင် ဓူတင်ပျက်သလား | ၁၄၁ |
| | **သူတော်ကောင်း ဆည်းကပ်နည်း မမှားသင့်ပါ** | |
| ၁၈။ | ဓူတင်ဆောင်ရဟန်းတော်များ ဆွမ်းမဘုဉ်းလိုက်ရတဲ့သာဓက ရှိတတ်ပါသလား | ၁၄၂ |
| ၁၉။ | အုန်းရည်ဘုဉ်းပေးခြင်းကြောင့် ဓူတင်ပျက်သလား | ၁၄၂ |
| ၂၀။ | ဝိနည်းအရ အရည်ဖြစ်တဲ့အုန်းရည်က အပ်စပ်တဲ့ဖျော်ရည် မဟုတ်ပါလား | ၁၄၃ |
| ၂၁။ | သူတော်ကောင်းတို့ အနီးအနားမှာ ချဉ်းကပ်ကြသူတွေ ဘယ်လိုဗဟုသုတရှိရသလဲ | ၁၄၄ |
| ၂၂။ | ဘုန်းကြီးကို သူငယ်ချင်းပေါင်း မပေါင်းရဘူးဆိုတာ ဘာကြောင့်လဲ | ၁၄၄ |
| ၂၃။ | ရုပ်သေးပွဲကြည့်သလိုမျိုး ဆည်းကပ်ရမယ်ဆိုတာဘာပါလဲ | ၁၄၅ |
| ၂၄။ | ဝိနည်းနှင့် ဆွမ်းဓူတင်ရဲ့ သိမ်သိမ်မွေ့မွေ့ ဆက်စပ်မှုကဘာပါလဲ | ၁၄၅ |
| ၂၅။ | ဖျော်ရည်ကို ရေအေးနဲ့မလုပ်ဘဲ မီးနဲ့ချက်တာပါရင် အပ်စပ်ပါသလား | ၁၄၅ |
| | **ပျံလွန်သည့်တိုင် ဓူတင်ကို မြတ်နိုးတော်မူသည့်ရဟန်း** | |
| ၂၆။ | အုန်းရည်ကို ဆေးအဖြစ် ဓူတင်မပျက်ဘဲ ဘုဉ်းပေးတဲ့နည်းရှိသလား | ၁၄၆ |
| ၂၇။ | သပိတ်ထဲက အုန်းရည်ကို ဘယ်လိုဘုဉ်းပေးရသလဲ | ၁၄၆ |
| | **ဓူတင်အရာ သိုသိပ်တော်မူကြသည်** | |
| ၂၈။ | မထေရ်မြတ်များ ဓူတင်အရာ ဘယ်လိုသိုသိပ်တော်မူကြတာလဲ | ၁၄၇ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၂၉။ | ဧကာသနိက်ဓူတင် အမြတ်စားဥက္ကဋ္ဌဖြစ်ဖို့ ဆွမ်းကိုဘယ်လိုခံယူပြီး ဘုဉ်းပေးရပါသလဲ | ၁၄၉ |
| ၃၀။ | ဧကာသနိက်ဓူတင် ဒုတိယတန်းစား မဇ္ဈိမဖြစ်ဖို့ ဆွမ်းကိုဘယ်လိုခံယူပြီး ဘုဉ်းပေးရပါသလဲ | ၁၄၉ |
| ၃၁။ | ဧကာသနိက်ဓူတင် တတိယတန်းစား မုဒုဖြစ်ဖို့ ဆွမ်းကိုဘယ်လိုခံယူ ပြီးဘုဉ်းပေးရပါသလဲ | ၁၅၀ |
| | **ဧကာသနိက်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၈ ပါး** | |
| ၃၂။ | ဧကာသနိက်ဓူတင်အကျိုးက ဘာတွေပါလဲ | ၁၅၀ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **၆။ ပတ္တာပိုဏ်ဓူတင်** | |
| ၁။ | ပတ္တာပိုဏ်ဓူတင် ဆောက်တည်ပုံ | ၁၅၂ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၁၅၃ |
| ၃။ | ပတ္တာပိုဏ်ဓူတင်ဆောင် သူယုတ်မာရဟန်း | ၁၅၃ |
| ၄။ | ပတ္တာပိုဏ်ဓူတင်ဆောင် သူတော်ကောင်းရဟန်း | ၁၅၃ |
| ၅။ | သူတော်ကောင်းတရား | ၁၅၃ |
| | **နှစ်ခုမြောက်ခွက်ကို ပယ်ပါသည်** | |
| ၆။ | ခွက်မဟုတ်တဲ့ သစ်ရွက်ကြီးကြီးထဲကို ဆွမ်းဘောဇဉ် ထည့်ပြီးဘုဉ်းခွင့် ရှိပါသလား | ၁၅၄ |
| ၇။ | သပိတ်ထဲကို ကော်ဖီထုပ်၊ မုန့်ထုပ်တွေလောင်းရင် နှစ်ခွက်ဖြစ်သွားသလား | ၁၅၄ |
| ၈။ | သပိတ်အပြင်မှာ ကော်ဖီအထုပ်ကို ထားမယ်၊ ဆွမ်းဘုဉ်းပြီးမှ ဘုဉ်းရင်ရပါသလား | ၁၅၄ |
| ၉။ | ကော်ဖီအထုပ်ကို ဖြည်ပြီး သပိတ်ထဲကဆွမ်းပေါ်ကို လောင်းရမှာပါလား | ၁၅၄ |
| ၁၀။ | ဓူတင်ဆောင်ရဟန်းက "ဒါတော့ ရတန်ကောင်းပါရဲ့"၊ "ဒီလိုတော့ ရနိုင်လောက်ပါရဲ့" "ဒါဆိုရင် အပြစ်လွတ်လောက်ပါရဲ့" လို့ ကျင့်ရင်သင့်ပါသလား | ၁၅၄ |
| ၁၁။ | ငှက်ပျောသီးကို သပိတ်ထဲလောင်းခဲ့ရင် ဘယ်လိုလုပ်ရမလဲ | ၁၅၅ |
| ၁၂။ | ဟင်းအရည်သောက်ကို ဓူတင်မပျက်ဘဲ ဘုဉ်းပေးတဲ့နည်းများ ရှိပါသလား | ၁၅၅ |
| ၁၃။ | ရေနွေးအဖြူကြောင့် ဓူတင်ပျက်သလား | ၁၅၅ |
| ၁၄။ | သပိတ်ကွဲရင်၊ အပေါက်ဖြစ်ရင် သစ်ရွက်ထဲမှာ ထည့်ဘုဉ်းပေးလို့ ရပါသလား | ၁၅၆ |
| ၁၅။ | သပိတ်အဖုံးကို နှစ်ခုမြောက်ခွက် ယူရတာပါလား | ၁၅၆ |
| ၁၆။ | သပိတ်အဖုံးပေါ်ကို ငှက်ပျောသီး၊ ပန်းသီး၊ မုန့်ထုပ်တွေ ခံယူရင် ရပါသလား | ၁၅၆ |
| ၁၇။ | ဆွမ်းခံတဲ့အခါ နှစ်ခွက်မြောက်ဖြစ်ရင်ရသလား | ၁၅၆ |
| ၁၈။ | မြူမှုန်ကျထားတယ်လို့ သံသယဖြစ်စရာဆွမ်းကို သပိတ်ဖုံးထဲ စွန့်ရင်ရသလား | ၁၅၇ |
| ၁၉။ | သပိတ်ဖုံးကို စားခွက်အဖြစ်မသုံးဘဲ စွန့်ခွက်အဖြစ်သုံးရင် ဓူတင်ပျက်တာပါလား | ၁၅၇ |
| | **ပတ္တာပိုဏ်ဓူတင်ဆိုင်ရာ အဆုံးအဖြတ်များ** | |
| ၂၀။ | ညောင်လေးပင်တောရဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကဘာလဲ | ၁၅၈ |
| ၂၁။ | ပြည်မူဝိသုဒ္ဓိမဂ်နိဿယရဲ့ အဆုံးအဖြတ်ကဘာလဲ | ၁၅၈ |
| ၂၂။ | ဇွန်းက နှစ်ခွက်မြောက် ဖြစ်တတ်သလား | ၁၅၉ |
| ၂၃။ | သောက်ရေအိုးပေါ်က ခွက်ကလည်း နှစ်ခွက်မြောက် ဖြစ်တတ်ပါသလား | ၁၅၉ |
| ၂၄။ | ခွက်အများ အကပ်ခံရင် ဓူတင်ပျက်သလား | ၁၆၀ |
| ၂၅။ | ခွက်တစ်ခုတည်းနဲ့ နှစ်ကြိမ်စားရင် ပတ္တာပိုဏ်ဓူတင် ပျက်သလား | ၁၆၀ |
| ၂၆။ | နေရာရွှေ့ပြောင်းပြီး ဘုဉ်းရင် ဘယ်ဓူတင် ပျက်သလဲ | ၁၆၀ |
| ၂၇။ | ကျောင်းဝင်းထဲမှာ ဆွမ်း၊ ဆွမ်းဟင်းတွေ ချက်လောင်းရင် ဓူတင်ပျက်သလား | ၁၆၀ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၂၈။ | ကြက်ရိုး၊ ငါးရိုးတွေကို ထွေးပြီး သပိတ်ထဲ ထည့်ခွင့်ရှိသလား | ၁၆၁ |
| ၂၉။ | သပိတ်ကို ထွေးခံလိုမျိုး လက်ဆေးလို့ရသလား | ၁၆၂ |
| ၃၀။ | ကြံစုပ်ပြီးတော့ ထွက်လာတဲ့ကြံဖတ်ကို သပိတ်ဖုံးထဲ ထည့်ခွင့်ရှိသလား | ၁၆၂ |
| ၃၁။ | ပါးစပ်ထဲ မခွံ့ခင် အရိုးထွင်ပြီး သပိတ်ထဲ ချထားရင်ရသလား | ၁၆၂ |
| ၃၂။ | ဟတ္ထယောဂီ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ | ၁၆၂ |
| ၃၃။ | ပတ္တယောဂီ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ | ၁၆၂ |
| ၃၄။ | ဥက္ကဋ္ဌရဟန်းက ထမင်းခဲ၊ ငါး၊ အသား၊ မုန့်တို့ကို လုံးဝကို ဖဲ့ခွင့်မရှိတာလား | ၁၆၂ |
| ၃၅။ | ဘယ်လိုအခြေအနေမှာ ပတ္တပိဏ်ဍုတင် ပျက်တတ်ပါသလဲ | ၁၆၃ |
| ၃၆။ | ဒါယကာက သပိတ်ဆေးပြီးတော့ ခေါက်ဆွဲဆွမ်းထည့်ကပ်ရင် ဓုတင်ပျက်သလား | ၁၆၃ |
| ၃၇။ | ဓုတင်ဆောင်ရင် ဖျော်ရည်၊ စတုမဓုတို့ကိုလည်း ဆွမ်းနဲ့ရောမွှေပြီး ဘုဉ်းပေးရတာပါလား | ၁၆၃ |
| | **ပတ္တပိဏ်ဍုတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး** | |
| ၃၈။ | ပတ္တပိဏ်ဍုတင်ဆောင် ရဟန်းရတဲ့အကျိုးက ဘာတွေပါလဲ | ၁၆၃ |
| | **၇။ ခလုပစ္ဆာဘတ္တဓုတင်** | |
| ၁။ | ခလုပစ္ဆာဘတ္တဓုတင် ဆောက်တည်ပုံ | ၁၆၅ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၁၆၆ |
| ၃။ | ခလုပစ္ဆာဘတ္တဓုတင်ဆောင် သူယုတ်မာရဟန်း | ၁၆၆ |
| ၄။ | ခလုပစ္ဆာဘတ္တဓုတင်ဆောင် သူတော်ကောင်းရဟန်း | ၁၆၆ |
| ၅။ | သူတော်ကောင်းတရား | ၁၆၇ |
| | **ပဝါရိတ်မသင့်တာ အကောင်းဆုံးပါ** | |
| ၆။ | ရဟန်းက အစားအစာ သိုမှီးသိမ်းဆည်းကောင်းပါသလား | ၁၆၇ |
| ၇။ | ခလုနှင့် ပစ္ဆာဘတ္တတို့ရဲ့အဓိပ္ပာယ် တူတူပဲလား | ၁၆၇ |
| ၈။ | ဆွမ်းဝိုင်းမှာ ပဝါရိတ်သင့်ဖို့ အခွင့်ပိုသာတယ်ဆိုတာ ဟုတ်ပါသလား | ၁၆၇ |
| ၉။ | ပဝါရိတ်အင်္ဂါ ၅ ပါး ဆိုတာ ဘာတွေပါလဲ | ၁၆၇ |
| ၁၀။ | ပဝါရိတ်က ဓုတင်နဲ့ ဝိနည်း ဆက်စပ်ပါသလား | ၁၆၈ |
| ၁၁။ | ကိလေသာရန်သူကို ဓုတင်နဲ့လည်း တိုက်ထုတ်ရတာပါလား | ၁၇၀ |
| | **အတိရိတ်ဝိနည်းကံ** | |
| ၁၂။ | အတိရိတ်ဝိနည်းကံပြုတယ်ဆိုတာ ဘာပါလဲ | ၁၇၀ |
| ၁၃။ | အတိရိတ်ဝိနည်းကံပြုရာမှာ အင်္ဂါ ၇ ပါးဆိုတာဘာလဲ | ၁၇၁ |
| ၁၄။ | သံဃာတော်များ ဆွမ်းဘုဉ်းနေတဲ့အခါမှာ ဆွမ်း၊ ဆွမ်းဟင်းကို ဘယ်လိုလိုက်ရသလဲ | ၁၇၂ |
| ၁၅။ | တချို့ဆရာတော်ကြီးများ ဘာကြောင့် တံခါးပိတ်ပြီး ဆွမ်းဘုဉ်းပေးတော်မူတာပါလဲ | ၁၇၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **နဘူးကျောင်းဆရာတော်ကြီး** | |
| ၁၆။ | နဘူးကျောင်းဆရာတော်ကြီးက ကျောင်းဝိုင်း၊ အိမ်ဝိုင်းထဲမှာ ဘာကြောင့် ဆွမ်းအလှူမခံတာလဲ | ၁၇၃ |
| ၁၇။ | ဓူတင်ဆောင်ဂိလာနရဟန်း ဆွမ်းခံမထွက်နိုင်ရင် ဘယ်လိုလုပ်ရပါသလဲ | ၁၇၃ |
| ၁၈။ | ကိုရင် ကပ္ပိယကို သပိတ်ပေးပြီး ဆွမ်းခံခိုင်းရင် ဓူတင်ပျက်ပါသလား | ၁၇၃ |
| ၁၉။ | ဂိလာနအတွက် မွှန်မွှန်မြတ်မြတ်တွေကို ခွက်တွေ၊ ချိုင့်တွေနဲ့လောင်းရင် ဓူတင်ပျက်သလား | ၁၇၄ |
| ၂၀။ | နဘူးကျောင်းဆရာတော်ကြီး သပိတ်ဆေးဖို့ရေ ဘယ်လိုသုံးတော်မူပါသလဲ | ၁၇၅ |
| ၂၁။ | သပိတ်ဆေးပြီး ဆီ ကျန် မကျန် ဘယ်လိုစစ်ဆေးရပါသလဲ | ၁၇၆ |
| ၂၂။ | ဆရာတော်ကြီး ဘယ်လိုဆပ်ပြာ၊ ဘယ်လိုသွားတိုက်ဆေးမျိုးကို သုံးတော်မူသလဲ | ၁၇၆ |
| ၂၃။ | ဆရာတော်ကြီးက ဓူတင်သာသနာ ဘယ်လိုကွယ်မယ်လို့ မိန့်တော်မူခဲ့ဖူးပါသလဲ | ၁၇၇ |
| ၂၄။ | စာဖတ်ပြီး ဓူတင်ဆောင်ရင် ရနိုင်ပါသလား | ၁၇၇ |
| ၂၅။ | ဆွမ်းဓူတင်ကို ဘယ်လိုကနေ စကျင့်ရပါမလဲ | ၁၇၈ |
| ၂၆။ | ဆွမ်းဟင်းတွေ၊ မုန့်တွေကို ကြွပ်ကြွပ်အိတ်နဲ့ လောင်းတာကို ဘယ်လိုလုပ်ရသလဲ | ၁၇၉ |
| ၂၇။ | သပိတ်ထဲကအရည်တွေကို ဇွန်းနဲ့ ဘုဉ်းပေးလို့ရပါသလား | ၁၇၉ |
| ၂၈။ | ရေချိုးဖလားမရှိဘဲ မျက်နှာသစ်ရင်၊ ရေချိုးရင် ဘယ်လိုများလုပ်ရမလဲ | ၁၇၉ |
| ၂၉။ | ဓူတင် နဲ့ ပါရမီ ဆက်စပ်ပါသလား | ၁၇၉ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၃၀။ | ခလုပစ္ဆာဘတ္တဓူတင် ဥက္ကဋ္ဌဖြစ်ဖို့ ဆွမ်းကိုဘယ်လိုဘုဉ်းပေးရသလဲ | ၁၈၀ |
| ၃၁။ | ခလုပစ္ဆာဘတ္တဓူတင် မဇ္ဈိမဖြစ်ဖို့ ဆွမ်းကိုဘယ်လိုဘုဉ်းပေးရသလဲ | ၁၈၀ |
| ၃၂။ | ခလုပစ္ဆာဘတ္တဓူတင် မုဒုဖြစ်ဖို့ ဆွမ်းကိုဘယ်လိုဘုဉ်းပေးရသလဲ | ၁၈၀ |
| | **ခလုပစ္ဆာဘတ္တဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၅ ပါး** | |
| ၃၃။ | ခလုပစ္ဆာဘတ္တ ဓူတင်ဆောင် ရဟန်းရမဲ့အကျိုး ၅ ပါးက ဘာတွေပါလဲ | ၁၈၁ |
| | **၈။ အာရညကင်ဓူတင်** | |
| ၁။ | အာရညကင်ဓူတင် ဆောက်တည်ပုံ | ၁၈၂ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၁၈၃ |
| ၃။ | အာရညကင်ဓူတင်ဆောင် သူယုတ်မာရဟန်း | ၁၈၃ |
| ၄။ | အာရညကင်ဓူတင်ဆောင် သူတော်ကောင်းရဟန်း | ၁၈၃ |
| ၅။ | သူတော်ကောင်းတရား | ၁၈၃ |
| | **ဝိနည်း၊ သုတ္တန်နှင့် အဘိဓမ္မာဒေသနာတော်နည်းအရ တောရအဆုံးအဖြတ်** | |
| ၆။ | ဆင်တွေ၊ ကျားတွေ ရှိတဲ့တောထဲမှာသာ အာရညကင်ဓူတင် ဆောက်တည်ရတာပါလား | ၁၈၄ |
| ၇။ | ဝိနည်းမှာလာတဲ့ တောရအင်္ဂါဆိုတာ ဘာတွေပါလဲ | ၁၈၄ |
| ၈။ | ရွာရဲ့ဥပစာကို ဘယ်လိုတိုင်းရပါသလဲ | ၁၈၅ |
| ၉။ | ကျောင်းရဲ့ဥပစာကို ဘယ်လိုတိုင်းရပါသလဲ | ၁၈၆ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၀။ | အိမ်ရဲ့ဥပစာကို ဘယ်လိုတိုင်းရပါသလဲ | ၁၈၅ |
| ၁၁။ | အဘိဓမ္မာမှာလာတဲ့ တောရအင်္ဂါဆိုတာ ဘာတွေပါလဲ | ၁၈၆ |
| ၁၂။ | သုတ္တန်မှာလာတဲ့ တောရအင်္ဂါဆိုတာ ဘာတွေပါလဲ | ၁၈၆ |
| ၁၃။ | တောရဆုံးဖြတ်ရာမှာ ပဓာနနဲ့ အပဓာနအားဖြင့် ဆုံးဖြတ်တယ်ဆိုတာ ဘာတွေလဲ | ၁၈၆ |
| | **ကုလလေးတာ အပြန်ငါးရာ** | |
| ၁၄။ | “ကုလလေးတာ အပြန်ငါးရာ”အကွာအဝေးမှာ ပေအားဖြင့် ဘယ်လောက်ရှိပါသလဲ | ၁၈၇ |
| | **လက်တွေ့တောရတိုင်းတာခြင်း** | |
| ၁၅။ | ရွာတံခါးမရှိရင် ဘယ်ကနေ စတိုင်းရမှာလဲ | ၁၈၇ |
| ၁၆။ | အားအလယ်အလတ်ရှိတဲ့ လုလင်ပျိုကို ဘယ်လို သတ်မှတ်ရမှာပါလဲ | ၁၈၇ |
| ၁၇။ | ရွာတံခါးရှိခဲ့မယ်ဆိုရင် ရွာတံခါးရဲ့အပြင်ကနေ စတိုင်းရမှာပါလား | ၁၈၈ |
| ၁၈။ | တောရကျောင်းမှာ အကာအရံမရှိရင် ဘယ်ကစတိုင်းရမလဲ | ၁၈၈ |
| ၁၉။ | နဘူးကျောင်းဆရာတော်ကြီး တောတိုင်းတော်မူတဲ့နည်းက ဘယ်လိုပါလဲ | ၁၈၉ |
| ၂၀။ | တိုင်းတုတ်ဝါးတစ်ပြန်ရဲ့ အရှည်က ဘယ်လောက်ရှိတာလဲ | ၁၈၉ |
| ၂၁။ | တောမတိုင်းခင် မန်ကျည်းစေ့၊ တမာစေ့တွေ ၂၂၀ စေ့ကို ဘာကြောင့်စုထားရတာလဲ | ၁၈၉ |
| | **ဓူတင်သူခိုး** | |
| ၂၂။ | အိမ်ခြေဘယ်လောက်ရှိမှ ရွာလို့ခေါ်တာလဲ | ၁၉၀ |
| ၂၃။ | သစ်ပင်တစ်ပင်မှမရှိဘဲ လွင်တီးခေါင်ဖြစ်နေရင် အာရညကင်ဓူတင်ရနိုင်သလား | ၁၉၀ |
| ၂၄။ | မြစ်ချောင်းခြားထားပြီး တစ်ဖက်ကမ်းကလူတွေ မြင်နေတယ် ကလေးငိုသံတောင် | ၁၉၀ |
| | ကြားနေရရင် တောရအင်္ဂါ မြောက်နိုင်သလား | ၁၉၀ |
| ၂၅။ | ဓူတင်သူခိုးဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ | ၁၉၁ |
| | **သီတင်းသုံးသင့်သည့် တောရကျောင်း** | |
| ၂၆။ | တောရဆောက်တည်ပြီး နေသင့်တဲ့ နေရာရဲ့အင်္ဂါကို သိချင်ပါတယ် | ၁၉၁ |
| ၂၇။ | ရေနီး၊ ရွာနီး၊ လမ်းကောင်းပြီး၊ တသီးဆိတ်ငြိမ်ကျောင်း’ဆိုတဲ့ လင်္ကာရဲ့အကျယ်က ဘာလဲ | ၁၉၁ |
| | **အာရညကင်ဓူတင် ဆောက်တည်ခြင်း** | |
| ၂၈။ | အာရညကင်ဓူတင် ဆောင်ဖို့ ဘယ်လို ဆောက်တည်ရသလဲ | ၁၉၃ |
| ၂၉။ | ဓူတင်ဆောင်ရဟန်းက မနက်အရုဏ်တက်ချိန်မှာသာ တောထဲရှိရတာပါလား | ၁၉၃ |
| ၃၀။ | နဘူးကျောင်းဆရာတော်ကြီး ဘာကြောင့် ရန်ကုန်သန်လျင်တံတားပေါ် အရုဏ်ချိန်ကြွတာလဲ | ၁၉၃ |
| ၃၁။ | ဆရာတော်ဦးဇောတိကမိန့်တော်မူတဲ့ နဘူးကျောင်းဆရာတော်ကြီးအကြောင်းက ဘာတွေပါလဲ | ၁၉၄ |
| | **အရညဝါသီ နှင့် ဂါမဝါသီရဟန်း** | |
| ၃၂။ | အရညဝါသီရဟန်းကို ဘုရားရှင်က ဘာကြောင့် ချီးမွမ်းတော်မူတာပါလဲ | ၁၉၅ |

| စဉ် | မာတိကာ | နှာ |
| --- | --- | --- |
| ၃၃။ | တောကျောင်းနေရင် တရားရမယ်။ ရွာကျောင်းနေရင် တရားမရဘူးဆိုရင် ဘယ်နေရမလဲ | ၁၉၅ |
| ၃၄။ | တောကျောင်းနေရင်လည်း တရားရမယ်။ ရွာကျောင်းနေရင်လည်း တရားရမဲ့ရဟန်း ဘယ်နေရမလဲ | ၁၉၅ |
| ၃၅။ | တောကျောင်းနေရင်လည်း တရားမရဘူး။ ရွာကျောင်းနေရင်လည်း တရားမရဘူးဆိုရင် ဘယ်နေရမလဲ | ၁၉၆ |
| ၃၆။ | အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဂေါသိင်္ဂအင်ကြင်းတောကြီး ဘယ်လိုတင့်တယ်လို့ မိန့်တော်မူပါသလဲ | ၁၉၇ |
| | **ဓုတင်ဆောင်ရဟန်းနှင့် ကျန်းမာရေး** | |
| ၃၇။ | တောရကျောင်းမှာ ဘာကြောင့် ဆေးတွေဆောင်ထားရတာပါလဲ | ၁၉၇ |
| | **ဓုတင်ချထားခြင်း** | |
| ၃၈။ | ဓုတင်ဆောင်ထားတဲ့ရဟန်းက မိမိဆောင်ထားတဲ့ ဓုတင်ကို ချထားခွင့် မရှိဘူးလား | ၁၉၈ |
| ၃၉။ | ဂိလာနဥပဇ္ဈာယ်ဆရာကို ပြုစုရမလား။ အရုဏ်မတက်ခင် တောထဲကြွရမလား | ၁၉၈ |
| ၄၀။ | ဓုတင်ကိုချထားခြင်းကြောင့် အပြစ်တစ်စုံတစ်ရာ ရှိနိုင်ပါသလား | ၁၉၉ |
| ၄၁။ | ဘယ်လိုဘေးရန်အန္တရာယ်ကြုံလာရင် ဝါဆိုတဲ့ကျောင်းကနေ ထွက်ခွာခွင့် ရှိတာပါလဲ | ၁၉၉ |
| | **တောနေရဟန်းများ သားရဲတိရစ္ဆာန်တွေရဲ့ အသားကိုမစားသင့်** | |
| ၄၂။ | တောရဆောက်တည်တဲ့ရဟန်းများ သက်သတ်လွတ် ဘုဉ်းပေးရသလား | ၁၉၉ |
| ၄၃။ | ရဟန်းတွေက မဘုဉ်းပေးကောင်းတဲ့အသားကြီး ၁၀ မျိုးဆိုတာ ဘာတွေပါလဲ | ၁၉၉ |
| ၄၄။ | ရဟန်းတော်များ ဘာကြောင့် တောပြောင်းပြီး သီတင်းသုံးတော်မူရတာလဲ | ၂၀၀ |
| | **ရွာကျောင်းဘုန်းကြီးများနှင့် အဆင်ပြေအောင်နေထိုင်တတ်ရမည်** | |
| ၄၅။ | တောရဆောက်တည်ရန် ထွက်လာရင် သံဃမှတ်ပုံတင်လိုသေးသလား | ၂၀၁ |
| ၄၆။ | ရွာကျောင်းဆရာတော်မကြည်ဖြူရင် ဘယ်လိုလုပ်ရပါသလဲ | ၂၀၂ |
| | **တောနေရဟန်းတို့၏ တောလမ်းခရီး** | |
| ၄၇။ | ဓုတင်ဆောင်ရဟန်းများ ဘာကြောင့် နေ့မှာတောလမ်းခရီးမကြွဘဲ ညမှာကြွတာပါလဲ | ၂၀၄ |
| ၄၈။ | တောမှာနေတဲ့ ရဟန်းများ မဖြစ်မနေ ကြည့်တတ်ရမဲ့ကြယ်က ဘယ်ကြယ်တွေပါလဲ | ၂၀၄ |
| ၄၉။ | တောမှာနေတဲ့ရဟန်းများ ကြယ်ကြည့်တတ်ရမယ်လို့ ပညတ်ချက်ရှိပါသလား | ၂၀၅ |
| ၅၀။ | တောနေရဟန်းများရဲ့ ကျင့်ဝတ်တွေက ဘာတွေလဲ | ၂၀၅ |
| ၅၁။ | နဘူးကျင်းဆရာတော်ကြီးက တောထွက်ရင် ဘာ့ကြောင့် စာကျက်ခိုင်းတာပါလဲ | ၂၀၅ |
| ၅၂။ | တောလမ်းခရီးသွားရင် ပါရမဲ့ပစ္စည်းတွေက ဘာတွေပါလဲ | ၂၀၆ |
| ၅၃။ | ညခရီးကြွပြီး အရုဏ်တက်ချိန် ဆွမ်းခံရွာဝင်နိုင်ဖို့ ဘာကိုကြိုသိထားရမလဲ | ၂၀၆ |
| ၅၄။ | ဘာကြောင့် သစ်ပင်အောက်တို့ ဇရပ်တို့မှာ မနားဘဲ ချောက်ထဲ နားရတာလဲ | ၂၀၇ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ရဂုံမြိုင်သည် အာရညဝါသီတို့၏ဌာန** | |
| ၅၅။ | ဓူတင်အရာမှာ ဧတဒဂ်ရတဲ့မထေရ်က ဘယ်သူပါလဲ | ၂၀၇ |
| ၅၆။ | အာရညကင်ဓူတင်အရာမှာ ဧတဒဂ်ရတဲ့မထေရ်က ဘယ်သူပါလဲ | ၂၀၈ |
| ၅၇။ | လူခစီဝရ ရုန့်ရှင်းကြမ်းတမ်းတဲ့ သင်္ကန်းအရာမှာ ဧတဒဂ်ရတဲ့မထေရ်က ဘယ်သူပါလဲ | ၂၀၈ |
| ၅၈။ | တောက ဘုရားရှင်နဲ့ သူတော်ကောင်းတို့ရဲ့ စံမြန်းရာဌာန ဘာကြောင့်ဖြစ်တာလဲ | ၂၀၈ |
| ၅၉။ | ဓူတင်ဘယ်နှစ်ပါးဆောင်တယ်လို့ ဘာကြောင့် သတင်းစာထဲမှာ ကြေညာကြတာလဲ | ၂၁၀ |
| | **ရောင့်ရဲတင်းတိမ်မှုသည် တောနေရဟန်း၏ အားထားရာ** | |
| ၆၀။ | တောနေရဟန်း ဘာကြောင့်ကြွချင်တိုင်း မကြွရတာပါလဲ | ၂၁၀ |
| | **တော၏မာယာနှင့် အမနုဿတို့၏ အနှောင့်အယှက်** | |
| ၆၁။ | တောထဲမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များ မကြောက်ကြဘူးလား | ၂၁၃ |
| ၆၂။ | သက်မဲ့တောတောင်တွေက ခြောက်လှန့်တတ်တယ်ဆိုတာ ဟုတ်ပါသလား | ၂၁၃ |
| ၆၃။ | တောရဆရာတော်များရဲ့လက်နက်က သစ္စာ နဲ့ မေတ္တာဆိုတာ ဟုတ်ပါသလား | ၂၁၃ |
| ၆၄။ | တောမှာ အမနုဿတွေရဲ့ ခြောက်လှန့်မှုလည်း ရှိတတ်ပါသလား | ၂၁၃ |
| ၆၅။ | တစ္ဆေတွေက မကြောက်တတ်တဲ့ဘုန်းကြီးကို မခြောက်တော့ဘူးလား | ၂၁၄ |
| ၆၆။ | တောနေရဟန်းများအတွက် ရွှေဥမင်ဆရာတော်ကြီး ဩဝါဒစကားက ဘာပါလဲ | ၂၁၅ |
| | **မာတုဂါမ၏မာယာကိုလည်း သတိပြုရသေးသည်** | |
| ၆၇။ | တောထဲ မာတုဂါမအန္တရာယ်အပြင် ဘာတွေကြုံနိုင်ပါသေးသလဲ | ၂၁၇ |
| | **တောနေရဟန်းတို့၏ ဝိဝေကသုခ** | |
| ၆၈။ | ဓူတင်ဆိုတာ ကိလေသာအနှောင်အဖွဲ့ကို ဘယ်လိုခါထုတ်တဲ့ အကျင့်ပါလဲ | ၂၁၉ |
| ၆၉။ | သင်္ကန်းမှာ ဖြစ်ခွင့်ရှိတဲ့ လောဘတဏှာကို ဘယ်ဓူတင်တွေက တွန်းလှန်နိုင်တာလဲ | ၂၁၉ |
| ၇၀။ | ဆွမ်းမှာ ဖြစ်ခွင့်ရှိတဲ့ လောဘတဏှာကို ဘယ်ဓူတင်တွေက တွန်းလှန်နိုင်တာလဲ | ၂၁၉ |
| ၇၁။ | ကျောင်း၊ အိပ်ရာနေရာမှာ ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ဘယ်ဓူတင်တွေက တွန်းလှန်နိုင်တာလဲ | ၂၂၀ |
| ၇၂။ | ပျင်းပျင်းရိရိဖြစ်နေတာကို ပယ်ဖျောက်ပေးနိုင်တဲ့ဓူတင်က ဘာပါလဲ | ၂၂၀ |
| ၇၃။ | တောမှာနေပြီး၊ ဆွမ်းတစ်ထပ်သာ သုံးဆောင်ကြပါလျက် ဘာကြောင့် ကိုယ်အရေအဆင်းတွေ ကြည်လင်တာပါလဲ | ၂၂၁ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၇၄။ | အာရညကင်ဓူတင် ဥက္ကဋ္ဌဖြစ်ဖို့ တောရကျောင်းမှာ ဘယ်ကာလထိနေရတာလဲ | ၂၂၃ |
| ၇၅။ | အာရညကင်ဓူတင် မဇ္ဈိမဖြစ်ဖို့ တောရကျောင်းမှာ ဘယ်ကာလထိနေရတာလဲ | ၂၂၄ |
| ၇၆။ | အာရညကင်ဓူတင် မုဒုဖြစ်ဖို့ တောရကျောင်းမှာ ဘယ်ကာလထိနေရတာလဲ | ၂၂၄ |
| ၇၇။ | ဓူတင် ၁၃ ပါးထဲက အာရညကင်ဓူတင်ရဲ့ ထူးခြားချက်ကဘာလဲ | ၂၂၄ |
| ၇၈။ | ဂိမှန္တဟေမန္တဥတုက ဘယ်ကာလကစတင်ပြီး ဘယ်ကာလမှာဆုံးပါသလဲ | ၂၂၄ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၇၉။ | ဝဿန္တမိုးဥတုက ဘယ်ကာလကစတင်ပြီး ဘယ်ကာလမှာဆုံးပါသလဲ | ၂၂၄ |
| ၈၀။ | ဟေမန္တဆောင်းဥတုက ဘယ်ကာလကစတင်ပြီး ဘယ်ကာလမှာဆုံးပါသလဲ | ၂၂၄ |
| ၈၁။ | ဓုတင်ကို တစ်ဥတု၊ တစ်ဥတုရဖို့ ဘယ်နေ့ကစပြီး ကျင့်ရတာပါလဲ | ၂၂၄ |
| ၈၂။ | မိုးလင်းပေါက်ဟောတဲ့ တရားပွဲမှာ အရုဏ်တက်သွားခဲ့ရင် ဓုတင်ပျက်ပါသလား | ၂၂၅ |
| ၈၃။ | တရားနာပြီးအပြန် လမ်းခုလတ် တောမရတဲ့နေရာ အရုဏ်တက်ရင် ဓုတင်ပျက်သလား | ၂၂၅ |
| ၈၄။ | ရွာနီးကျောင်းနဲ့ ရွာကျောင်း ဘာကွာခြားသလဲ | ၂၂၅ |
| ၈၅။ | အာရညကင်ဓုတင်မှာ ရွာကို ဘယ်လို သတ်မှတ်သလဲ | ၂၂၅ |
| ၈၆။ | အိမ်ရှိပြီး လူမနေတော့ဘူးဆိုရင် ရွာပျက်လို့ ယူနိုင်မလား | ၂၂၆ |
| ၈၇။ | တောရဲ့ဥပစာ အဝန်းအဝိုင်းတွင်းမှာ သီလရှင်ကျောင်းရှိရင် ဓုတင်ပျက်နိုင်သလား | ၂၂၆ |
| ၈၈။ | တောရ ပရဝုဏ်ထဲမှာ လင်စုံမယားဖက် တစ်ဥတုအပြည့်နေရင် ဓုတင်ပျက်နိုင်သလား | ၂၂၆ |
| ၈၉။ | လင်စုံမယားဖက် တစ်ဥတုမပြည့်ခင် တောထဲက ထွက်သွားခဲ့မယ်ဆိုရင် ရပါသလား | ၂၂၆ |
| ၉၀။ | တောရကျောင်းပရဝုဏ်ကနေ လူတွေထွက်သွားဖို့ ရဟန်းရဲ့ပယောဂ မပါရဘူးဆိုတာဘာလဲ | ၂၂၆ |
| ၉၁။ | ဝါးခုတ်၊ လယ်လုပ်၊ ငါးဖမ်းရင်း တစ်ဥတုကျော်တဲ့အထိနေရင် တောအင်္ဂါပျက်သလား | ၂၂၆ |
| ၉၂။ | ရွာပျက်တာနဲ့ အိမ်ပျက်တာ တူတူပဲလား | ၂၂၇ |
| ၉၃။ | ကပ္ပိယဒကာတွေက လူမနေတဲ့ တဲတွေကို ဖျက်ခွင့်ရှိသလား | ၂၂၇ |
| | **အာရညကင်ဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၇ ပါး** | |
| ၉၄။ | အာရညကင်ဓုတင်ဆောင် ရဟန်းရတဲ့အကျိုး ၇ ပါးက ဘာတွေပါလဲ | ၂၂၇ |
| | **၉။ ရုက္ခမူဓုတင်** | |
| ၁။ | ရုက္ခမူဓုတင် ဆောက်တည်ပုံ | ၂၂၉ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၂၃၀ |
| ၃။ | ရုက္ခမူဓုတင်ဆောင် သူယုတ်မာရဟန်း | ၂၃၀ |
| ၄။ | ရုက္ခမူဓုတင်ဆောင် သူတော်ကောင်းရဟန်း | ၂၃၀ |
| ၅။ | သူတော်ကောင်းတရား | ၂၃၀ |
| | **သစ်ပင်ရင်းဟူသည် ဘုရားရှင်ထားခဲ့သည့်အမွေတော်** | |
| ၆။ | ရုက္ခမူဓုတင်ဆောင်ရဟန်း ရှောင်ရှားရမဲ့ သစ်ပင်ဆိုတာရှိသလား | ၂၃၁ |
| ၇။ | ရှောင်ရှားရမဲ့သစ်ပင်အောက်မှာ နေမိရင် ဓုတင်ပျက်ပါသလား | ၂၃၁ |
| ၈။ | ဘယ်လိုသစ်ပင်မျိုးရဲ့အောက်မှာ ဓုတင်ဆောင်ရတာပါလဲ | ၂၃၁ |
| ၉။ | ဓုတင်ဆောင်ပြီးနေနေတဲ့ သစ်ပင်အောက်ကို လူတွေအများကြီးလာရင် ဘာလုပ်ရမလဲ | ၂၃၁ |
| ၁၀။ | လူတွေ ကုသိုလ်တိုးအောင် အဖူးခံသင့်သလား ရှောင်သွားသင့်သလား | ၂၃၁ |
| | **သစ်ပင် နှင့် ဓုတင်** | |
| ၁၁။ | သံဃကံဆောင်ဖို့ တရားနာဖို့ သိမ်ရဲ့အမိုးအောက်ကိုဝင်ရင် ဓုတင်ပျက်သလား | ၂၃၂ |
| ၁၂။ | သိမ်ထဲ ဥပုသ်ပြုနေတုန်း မိုးရွာလာရင် ဆက်ပြီး နေခွင့်ရှိပါသလား | ၂၃၂ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၁၃။ | ဝိနည်းနဲ့ ဓူတင်ယှဉ်လာရင် ဘယ်ဘက်ကို အလေးပေးပြီး လိုက်ရပါသလဲ | ၂၃၂ |
| ၁၄။ | ဓူတင်ကို စိတ်ကောင်းနဲ့ယှဉ်ပြီး ဘယ်လိုဆောင်ရသလဲ | ၂၃၃ |
| ၁၅။ | အရှင်ဒေဝဒတ်က "သစ်ပင်ရင်းတည်းဟူသော ကျောင်း၌ သံဃာတော်အားလုံး သီတင်းသုံးပါစေ" ဆိုပြီး ဘာကြောင့်တောင်းဆိုတာလဲ | ၂၃၃ |
| ၁၆။ | မိုးလေးလပတ်လုံး ဟင်းလင်းပြင်မှာ ဝါကပ်လို့ရပါသလား | ၂၃၄ |
| ၁၇။ | မိုးလေးလပတ်လုံး ကျောင်းမရှိဘဲ ဝါကပ်လို့ရပါသလား | ၂၃၄ |
| ၁၈။ | ဝါဆိုတဲ့ကျောင်းက တံခါးရှိပြီး မိုးလုံရမယ်ဆိုတာ ဟုတ်ပါသလား | ၂၃၄ |
| | **ဓူတင်ဆောင်ရဟန်း အမိုးအောက်ဝင်ခွင့်ရှိသည့်အခြေအနေ** | |
| ၁၉။ | ရုက္ခမူဓူတင်ဆောင်ရဟန်းက ဘယ်လိုအခြေအနေမှာ အမိုးအောက်ဝင်ခွင့်ရှိတာလဲ | ၂၃၄ |
| | **ဓူတင်ပျက်ခြင်း** | |
| ၂၀။ | တောလမ်းခရီးသွားနေတုန်း မိုးရွာလို့ လယ်တဲ၊ ဇရပ်တွေမှာ မိုးဝင်ခိုခွင့် ရှိပါသလား | ၂၃၅ |
| ၂၁။ | လယ်တဲမှာ မိုးခိုနေရင်း မိုးချုပ်သွားရင် ဘယ်လိုလုပ်ရမလဲ | ၂၃၅ |
| ၂၂။ | ဘယ်ဥတုတွေမှာ အမိုးအောက်နေမိရင် ဓူတင်ပျက်တာလဲ | ၂၃၅ |
| ၂၃။ | ရုက္ခမူဓူတင်က မိုးဥတုမှာ ပျက်တာပါလား | ၂၃၅ |
| ၂၄။ | အမိုး ၅ မျိုးဆိုတာ ဘယ်လိုအမိုးတွေပါလဲ | ၂၃၅ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၂၅။ | ရုက္ခမူဓူတင် ဥက္ကဋ္ဌဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၃၆ |
| ၂၆။ | ရုက္ခမူဓူတင် မဇ္ဈိမဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၃၆ |
| ၂၇။ | ရုက္ခမူဓူတင် မုဒုဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၃၆ |
| ၂၈။ | သစ်ပင်အောက်ကမြေကို ညှိ၊ သဲဖြူး၊ တံတိုင်း အကာအရံလုပ်ခွင့်ရှိသလား | ၂၃၆ |
| ၂၉။ | သစ်ပင်ရင်းမှာ နေသူမှန်း မသိအောင် ဘာကြောင့် လျှို့ဝှက်ရတာလဲ | ၂၃၆ |
| ၃၀။ | ဓူတင်သာသနာကွယ်တယ်ဆိုတာဘာလဲ | ၂၃၇ |
| ၃၁။ | ဘာကြောင့် အနာဂတ်မှာ ရဟန်းတွေက ရုက္ခမူဓူတင်ကို စွန့်ကြမှာလဲ | ၂၃၇ |
| | **ရုက္ခမူဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး** | |
| ၃၂။ | ရုက္ခမူဓူတင်ဆောင် ရဟန်းရမဲ့အကျိုး ၆ ပါးက ဘာတွေလဲ | ၂၃၇ |
| | **၁၀။ အဗ္ဘောကာသိကဓူတင်** | |
| ၁။ | အဗ္ဘောကာသိကဓူတင် ဆောက်တည်ပုံ | ၂၃၉ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၂၄၀ |
| ၃။ | အဗ္ဘောကာသိကဓူတင်ဆောင် သူယုတ်မာရဟန်း | ၂၄၀ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၄။ | အဗ္ဘောကာသိကစူတင်ဆောင် သူတော်ကောင်းရဟန်း | ၂၄၀ |
| ၅။ | သူတော်ကောင်းတရား | ၂၄၀ |
| | **စူတင်ဆောင်ရဟန်း အမိုးအောက်ကို ဝင်ခွင့်ရသည့်အချိန်** | |
| ၆။ | အဗ္ဘောကာသိကစူတင်ဆောင်ရင် အမိုးအောက်ကို လုံးဝ မဝင်ရတာပါလား | ၂၄၁ |
| ၇။ | သိမ်ရဲ့အမိုးအောက်မှာ ဥပုသ်ပြုနေတုန်း မိုးရွာလာရင် ဆက်နေခွင့် ရှိပါသလား | ၂၄၁ |
| ၈။ | အဗ္ဘောကာသိကစူတင်ဆောင် ရဟန်းက အမိုးရှိတဲ့ ကုဋီထဲကို ဝင်ခွင့်ရှိပါသလား | ၂၄၁ |
| ၉။ | ခရီးတစ်ခုခုကြွသွားတုန်း လမ်းခုလတ်မှာ မိုးရွာရင် ဘယ်လိုများ ကျင့်ရပါသလဲ | ၂၄၁ |
| ၁၀။ | အဗ္ဘောကာသိကစူတင်ဆောင်ပြီး အမိုးအောက် ဝင်ခွင့်ရှိတဲ့ အခြေအနေကို သိပါရစေ | ၂၄၁ |
| ၁၁။ | စူတင်မပျက်တဲ့ အမိုးဆိုတာ ရှိပါသလား | ၂၄၁ |
| ၁၂။ | ဝိနည်းလေးစားတော်မူတဲ့ ရဟန်းတော်များ ကျောင်းဆောင်ပေါ်မတက်ဘဲ လွင်တီးခေါင်မှာ သီတင်းသုံးတော်မူရတဲ့ အခြားရည်ရွယ်ချက်များ ရှိပါသေးသလား | ၂၄၂ |
| ၁၃။ | နဘူးကျင်းဆရာတော်ကြီး သိမ်သမုတ်တဲ့ရွာက ကျောင်းကြီးပေါ်မှာဘာကြောင့်မနေတာလဲ | ၂၄၂ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၁၄။ | အဗ္ဘောကာသိကစူတင် ဥက္ကဋ္ဌဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၄၃ |
| ၁၅။ | အဗ္ဘောကာသိကစူတင် မဇ္ဈိမဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၄၃ |
| ၁၆။ | အဗ္ဘောကာသိကစူတင် မုဒုဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၄၃ |
| ၁၇။ | သူတို့သုံးပါးလုံး ဘယ်အခြေအနေမှာ စူတင်ပျက်ပါသလဲ | ၂၄၃ |
| | **အဗ္ဘောကာသိကစူတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး** | |
| ၁၈။ | အဗ္ဘောကာသိကစူတင်ဆောင် ရဟန်းရတဲ့အကျိုးက ဘာတွေပါလဲ | ၂၄၄ |
| | **၁၁။ သုသာန်စူတင်** | |
| ၁။ | သုသာန်စူတင် ဆောက်တည်ပုံ | ၂၄၅ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၂၄၆ |
| ၃။ | သုသာန်စူတင်ဆောင် သူယုတ်မာရဟန်း | ၂၄၆ |
| ၄။ | သုသာန်စူတင်ဆောင် သူတော်ကောင်းရဟန်း | ၂၄၆ |
| ၅။ | သူတော်ကောင်းတရား | ၂၄၆ |
| | **သုသာန်သင်္ချိုင်း၏အင်္ဂါ** | |
| ၆။ | သုသာန်သင်္ချိုင်းရဲ့ အင်္ဂါတွေက ဘာတွေပါလဲ | ၂၄၇ |
| ၇။ | သုသာန်လို့သတ်မှတ်ပြီး လူသေကို မသင်္ဂြိုဟ်ရသေးရင် သုသာန်အင်္ဂါမြောက်သလား | ၂၄၇ |
| ၈။ | လူသေကောင်သင်္ဂြိုဟ်ပြီးရင် ဘယ်လောက်ကြာသည့်တိုင် သုသာန်အင်္ဂါမြောက်သလဲ | ၂၄၇ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| ၉။ | သင်္ဂြိုဟ်တယ်ဆိုတာ လူသေကောင် မြေမြှုပ်တာလား၊ မီးဖုတ်တာလား | ၂၄၃ |
| ၁၀။ | တောရကျောင်းဝင်းထဲ ဘာကြောင့်လူသေ သင်္ဂြိုဟ်ခွင့်ပြုတာလဲ | ၂၄၃ |
| ၁၁။ | ကျောင်းထောင့်မှာ သင်္ဂြိုဟ်ထားရင် ကျောင်းဝင်းတစ်ခုလုံး သုသာန်အင်္ဂါရသလား | ၂၄၈ |
| ၁၂။ | ကျောင်းဝင်းထဲက သုသာန်အင်္ဂါ ဘယ်လောက်ကြာတဲ့အထိ တည်သလဲ | ၂၄၈ |
| ၁၃။ | ကျောင်းဝင်းထဲ လူသေကောင်သင်္ဂြိုဟ်ခဲ့တဲ့သာဓကေ ရှိဖူးပါသလား | ၂၄၈ |
| | **သုသာန်ဓူတင်ဆောင် ရဟန်းတစ်ပါး၏တာဝန် (ပထမပိုင်း)** | |
| ၁၄။ | သုသာန်ဓူတင်ဆောင်ရဟန်း သုသာန်ကိုရောက်ရင် ဘာတွေလုပ်ရသလဲ | ၂၄၉ |
| ၁၅။ | သုသာန်ဓူတင်ဆောင်ရဟန်းက သုသာန်ထဲ ကျောင်းဆောက်ပြီး နေခွင့်ရှိပါသလား | ၂၄၉ |
| ၁၆။ | သုသာန်ထဲမှာ ဓူတင်ဆောင်ရင်း စာပေသင်ကြားပို့ချလို့ ရနိုင်ပါသလား | ၂၄၉ |
| ၁၇။ | သုသာန်ဓူတင်ဆောင်ရဟန်း သုသာန်မသွားခင် ကြိုတင်ပြီး ဘာတွေလုပ်ရပါသလဲ | ၂၄၉ |
| ၁၈။ | ဘာကြောင့် သံဃထေရ်၊ ရွာသူကြီး၊ သုသာန်စောင့်တို့ကို ကြိုတင် အကြောင်းကြားရတာလဲ | ၂၅၀ |
| ၁၉။ | သုသာန်ဆိုတာ ဘယ်လိုလူတွေရဲ့ ပုန်းခိုရာနေရာမျိုးလဲ | ၂၅၀ |
| ၂၀။ | သူခိုးဓားပြတွေက သုသာန်ထဲလာပြီး ဘာလုပ်တတ်ကြသလဲ | ၂၅၀ |
| ၂၁။ | သုသာန်ထဲမှာ အခက်အခဲဖြစ်ရင် ရဟန်းအတွက် ဘယ်သူက သက်သေအရာတည်ကြသလဲ | ၂၅၀ |
| ၂၂။ | သုသာန်သွားတဲ့အခါ ဘာဖြစ်လို့ လူအများသွားတဲ့ လမ်းမကြီးကနေ မသွားရတာပါလဲ | ၂၅၀ |
| ၂၃။ | သုသာန်ကို ဘယ်အချိန်သွားပြီး ဘယ်အချိန် ပြန်လာရသလဲ | ၂၅၁ |
| ၂၄။ | ဓူတင်ကို ဘာကြောင့် ကြောင်လက်သည်းဝှက်သလို လူမသိ၊ သူမသိကျင့်ရတာပါလဲ | ၂၅၁ |
| | **သုသာန်ဓူတင်ဆောင် ရဟန်းတစ်ပါး၏တာဝန် (ဒုတိယပိုင်း)** | |
| ၂၅။ | ဓူတင်ဆောင်ရဟန်းက သုသာန်ကထွက်ပြီး ရွာထဲဝင်ပြီး ဆွမ်းခံသင့်ပါသလား | ၂၅၂ |
| ၂၆။ | သုသာန်မှာ သရဲ ပြိတ္တာအစစ်တွေ ရှိတတ်ပါသလား | ၂၅၃ |
| ၂၇။ | ဓူတင်ဆောင်ရဟန်းက မကောင်းဆိုးဝါးနဲ့ ပက်ပင်းကြုံရင် ဘာလုပ်ရသလဲ | ၂၅၃ |
| ၂၈။ | သုသာန်ဓူတင်ဆောင်ရဟန်းက သုသာန်မြေပေါ်ကို ရောက်တာနဲ့ ဘာလုပ်ရပါသလဲ | ၂၅၃ |
| ၂၉။ | မရောက်ဘူးသေးတဲ့ သုသာန်ကို နေ့အခါသွားပြီး ဘာကြောင့် ကြိုပြီးလေ့လာရတာလဲ | ၂၅၄ |
| ၃၀။ | သုသာန်ဓူတင်ဆောင် ရဟန်းတော်များ သက်သတ်လွတ် ဘုဉ်းပေးရတာပါလား | ၂၅၄ |
| ၃၁။ | တစ္ဆေ၊ ပြိတ္တာ၊ ဘီလူး၊ သဘက် ကြိုက်နှစ်သက်တတ်တဲ့ အစားအစာက ဘာတွေလဲ | ၂၅၄ |
| ၃၂။ | သုသာန်ထဲမှာ အာဋာနာဋိယပရိတ်ကို ရွတ်သင့်သလား | ၂၅၄ |
| ၃၃။ | ကြောက်တတ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ ဘယ်ကမ္မဋ္ဌာန်းကို အားထုတ်ရပါသလဲ | ၂၅၅ |
| ၃၄။ | သုသာန်မှာ ကြောက်အားပိုလာရင် ဘာကြောင့် အဇ္ဈတ္တိကကို ရှုမှတ်ရတာလဲ | ၂၅၅ |
| ၃၅။ | ဘယ်လိုရဟန်းမျိုးကို ခြောက်လှန့်ပြီး သုသာန်ကနေထွက်ပြေးအောင် လုပ်တတ်တာလဲ | ၂၅၅ |
| ၃၆။ | အကျင့်သီလပြည့်စုံပြီး ကမ္မဋ္ဌာန်းအရာမှာ အထွတ်အထိပ် ရောက်ခါနီးရင် ဘာကြောင့် ထိတ်လန့် တုန်လှုပ်အောင် ခြောက်လှန့်တာလဲ | ၂၅၅ |
| ၃၇။ | သုသာန်ဓူတင်အတွေ့အကြုံ နုနယ်တဲ့ရဟန်းက ဘယ်လိုကနေ စကျင့်ရပါသလဲ | ၂၅၅ |
| | **သုသာန်ဓူတင်နှင့် အာရညကင်ဓူတင် နှစ်ပါးရသည့်သုသာန်** | |
| ၃၈။ | သုသာန်တိုင်း အာရညကင်ဓူတင် ဘာကြောင့် မရနိုင်တော့တာလဲ | ၂၅၆ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **သုသာန်ဓုတင်ဆောင်သူအဖို့ အခြားဓုတင်များ ရခွင့်ရှိနေသည်** | |
| ၃၉။ | သုသာန်က တောရအင်္ဂါ ပြည့်စုံခဲ့မယ်ဆိုရင် အခြားဓုတင် ဘယ်နှစ်ပါး ရနိုင်ပါသလဲ | ၂၅၉ |
| | **သုသာန်ဓုတင်နှင့် အသုဘကမ္မဋ္ဌာန်း** | |
| ၄၀။ | အန္တရာယ်များတဲ့ သုသာန်ထဲမှာ ဘယ်လိုကမ္မဋ္ဌာန်းကို အားထုတ်ရတာပါလဲ | ၂၆၀ |
| ၄၁။ | မရဏာနုဿတိဘာဝနာကို ဘယ်လို ဆင်ခြင်ပွားများရပါသလဲ | ၂၆၁ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၄၂။ | သုသာန်ဓုတင် အမြတ်စားဥက္ကဋ္ဌဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၆၃ |
| ၄၃။ | သုသာန်ဓုတင် မဇ္ဈိမဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၆၃ |
| ၄၄။ | သုသာန်ဓုတင် မုဒုဖြစ်ဖို့ ကျင့်စဉ်ကဘာတွေလဲ | ၂၆၃ |
| ၄၅။ | သုသာန်ဓုတင် ဘယ်လိုအခြေအနေမှာ ပျက်တတ်သလဲ | ၂၆၃ |
| | **သုသာန်ဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၁၀ ပါး** | |
| ၄၆။ | သုသာန်ဓုတင် ဆောင်ရတဲ့အကျိုးက ဘာတွေလဲ | ၂၆၄ |
| | **၁၂။ ယထာသန္ထတိဓုတင်** | |
| ၁။ | ယထာသန္ထတိဓုတင် ဆောက်တည်ပုံ | ၂၆၅ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၂၆၆ |
| ၃။ | ယထာသန္ထတိဓုတင်ဆောင် သူယုတ်မာရဟန်း | ၂၆၆ |
| ၄။ | ယထာသန္ထတိဓုတင်ဆောင် သူတော်ကောင်းရဟန်း | ၂၆၆ |
| ၅။ | သူတော်ကောင်းတရား | ၂၆၇ |
| | **ဓုတင် နှင့် ဝိနည်း** | |
| ၆။ | အခုခေတ်မှာ အပ်စပ်တဲ့ သပိတ်၊ သင်္ကန်းရဖို့ လွယ်ပါ့မလား | ၂၆၇ |
| ၇။ | ဓုတင်ကို မုဒုကနေစကျင့်လို့ ရပါသလား | ၂၆၇ |
| ၈။ | ဝိနည်းနဲ့ ဓုတင် ဘယ်လို ဆက်စပ်ပါသလဲ | ၂၆၈ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၉။ | ယထာသန္ထတိဓုတင် ဥက္ကဋ္ဌဖြစ်ဖို့ ဘယ်လိုအင်္ဂါပြည့်စုံတဲ့ ကျောင်းမှာနေရသလဲ | ၂၆၈ |
| ၁၀။ | ယထာသန္ထတိဓုတင် မဇ္ဈိမဖြစ်ဖို့ ဘယ်လိုအင်္ဂါပြည့်စုံတဲ့ ကျောင်းမှာနေရသလဲ | ၂၆၉ |
| ၁၁။ | ယထာသန္ထတိဓုတင် မုဒုဖြစ်ဖို့ ဘယ်လိုအင်္ဂါပြည့်စုံတဲ့ ကျောင်းမှာနေရသလဲ | ၂၆၉ |
| ၁၂။ | နေရမဲ့ကျောင်း ဝေး၊ နီး၊ ဘီလူး၊ သရဲ တဲ့ ဘေးရန် ရှိမရှိ မေးခွင့်၊ ကြည့်ခွင့်ရှိသလား | ၂၆၉ |
| ၁၃။ | အနာရောဂါ မရှိပါဘဲ မိမိကို ပေးအပ်လာတဲ့ကျောင်းကို ငြင်းခွင့်ရှိပါသလား | ၂၆၉ |
| ၁၄။ | မိမိနေချင်တဲ့အတွက် အခြားရဟန်းကို ဖယ်ရှားပိုင်ခွင့် ရှိပါသလား | ၂၆၉ |
| ၁၅။ | ကိုယ့်ထက် ဝါငယ်တဲ့ရဟန်းကို ကျောင်းရွှေ့ခိုင်းလို့ရသလား | ၂၆၉ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ယထာသန္တတိမူတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး** | |
| ၁၆။ | ယထာသန္တတိမူတင်ဆောင် ရဟန်းရတဲ့အကျိုးက ဘာတွေပါလဲ | ၂၇၀ |
| | **၁၃။ နိသဇ္ဇိကင်္ဂမူတင်** | |
| ၁။ | နိသဇ္ဇိမူတင် ဆောက်တည်ပုံ | ၂၇၁ |
| ၂။ | ဝေါဟာရအဓိပ္ပာယ် | ၂၇၂ |
| ၃။ | ဥက္ကဋ္ဌနိက်မူတင်ဆောင် သူယုတ်မာရဟန်း | ၂၇၂ |
| ၄။ | နိသဇ္ဇိမူတင်ဆောင် သူတော်ကောင်းရဟန်း | ၂၇၂ |
| ၅။ | သူတော်ကောင်းတရား | ၂၇၂ |
| | **လဲလျောင်းတာကို ပယ်ထားသည့်မူတင်** | |
| ၆။ | နိသဇ္ဇိမူတင်ဆောင်ရဟန်းက ခေါင်းအုံးပေါ်ကို ခေါင်းချရင် မူတင်ပျက်ပါသလား | ၂၇၃ |
| ၇။ | ထိုင်လျက် အိပ်ပျော်သွားရင် မူတင်ပျက်ပါသလား | ၂၇၃ |
| ၈။ | ဘာကြောင့် ညဉ့်သုံးယာမ်ရှိတဲ့ထဲမှာ တစ်ယာမ်မှာ စကြံသွားရမှာပါလဲ | ၂၇၃ |
| ၉။ | ညဉ့်သုံးယာမ်ကို ဘယ်လိုခွဲခြားပါသလဲ | ၂၇၃ |
| ၁၀။ | နေ့ည ကျောမချရတဲ့အတွက် အိပ်ငိုက်လာရင် ဘယ်လိုလုပ်ရပါသလဲ | ၂၇၄ |
| | **ပက်လက်ကုလားထိုင်နှင့် နိသဇ္ဇိမူတင်အဆုံးအဖြတ်** | |
| ၁၁။ | ပဋ္ဋက်အင်းပျဉ်ဆိုတာ ဘယ်လိုအရာမျိုးလဲ | ၂၇၄ |
| ၁၂။ | သတ္တင်္ဂအင်းပျဉ်ဆိုတာ ဘယ်လိုအရာမျိုးလဲ | ၂၇၄ |
| ၁၃။ | သေယျနဲ့ အသေယျရဲ့ အင်္ဂါတွေကဘာတွေပါလဲ | ၂၇၅ |
| ၁၄။ | သေယျနဲ့ အသေယျရဲ့ မူတင်အဆုံးအဖြတ်၊ ဝိနည်းအဆုံးအဖြတ်တွေကဘာတွေပါလဲ | ၂၇၅ |
| ၁၅။ | ကုလားထိုင်နှင့် ပက်လက်ကုလားထိုင်ပေါ် အိပ်တာကို “သေယျ” “အသေယျ” ဘယ်လိုခွဲခြားရသလဲ | ၂၇၆ |
| ၁၆။ | တိုင်၊ နံရံတို့ကို မှီပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရင် မူတင်ပျက်သလား | ၂၇၇ |
| ၁၇။ | ကား၊ ရထား၊ လေယာဉ်စီးရင် “သဟသေယျ” မဖြစ်အောင် ဘယ်လိုကျင့်ရမလဲ | ၂၇၈ |
| ၁၈။ | လူသေအခေါင်းအဖုံး စပ်ထားတဲ့ ပျဉ်ချပ်ကြီးကြီးလိုမျိုး ဘယ်မှာအသုံးတဲ့သလဲ | ၂၇၈ |
| | **ရာသက်ပန် မူတင်ဆောင်တော်မူခဲ့သည်** | |
| ၁၉။ | သက်န်းမှာဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ဘယ်မူတင်က ပယ်တာပါလဲ | ၂၇၈ |
| ၂၀။ | ဆွမ်းနဲ့စပ်ပြီး ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ဘယ်မူတင်က ပယ်တာပါလဲ | ၂၇၈ |
| ၂၁။ | ကျောင်း၊ အိပ်ရာနေရာအပေါ် ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ဘယ်မူတင်က ပယ်တာလဲ | ၂၇၈ |
| ၂၂။ | ပျင်းရိတဲ့ ကိလေသာကို ဘယ်မူတင်က ပယ်တာပါလဲ | ၂၇၈ |
| ၂၃။ | ဘာကြောင့်သေခါနီးလေ ဖိပြီး ကြိုးစားရတာပါလဲ | ၂၇၉ |

| စဉ် | မာတိကာ | နှာ |
|---|---|---|
| | **ဒိဋ္ဌာနုဂတိလိုက်ပြီကျင့်နိုင်ရန်** | |
| ၂၄။ | အရှင်မဟာကဿပကဲ့သို့ နိသဇ္ဇိဓုတင် ကျင့်တဲ့ရဟန်းတော်များ ရှိပါသေးသလား | ၂၈၀ |
| ၂၅။ | ရဟန္တာမထေရ်မြတ်များက မအိပ်မနေ ဘာကြောင့် ဓုတင်ကိုကျင့်တာပါလဲ | ၂၈၁ |
| | **သေယျသုခံ၊ ပဿသုခံ၊ မိဒ္ဓသုခံ** | |
| ၂၆။ | သာသနာတော်မှာ မအိပ်ဘဲနဲ့ ဘာကြောင့် အသက်ရာကျော်ရှည်တာပါလဲ | ၂၈၁ |
| ၂၇။ | ကာမဘောဂီတွေက ဘာကြောင့် များများအိပ်ပေးရတာလဲ | ၂၈၂ |
| ၂၈။ | တောရကျောင်းမှာ အိပ်နေတဲ့ရဟန်းကို ရုက္ခစိုးက ဘယ်လိုသတိပေးဖူးသလဲ | ၂၈၂ |
| ၂၉။ | ပုထုဇဉ်က 'သေယျသုခံ၊ ပဿသုခံ၊ မိဒ္ဓသုခံ'ကို ဘာကြောင့် အရသာခံကြတာလဲ | ၂၈၂ |
| | **ရဟန်းသီလက နတ်ပြည်ကို ပို့နိုင်ပါသည်** | |
| ၃၀။ | သီလပြည့်စုံရင် နတ်ပြည်ရောက်နိုင်သလား | ၂၈၂ |
| ၃၁။ | နတ်စည်းစိမ်ဟာ ရဟန်းသိက္ခာချတာနဲ့ တူနေတာလဲ | ၂၈၃ |
| ၃၂။ | ဓုတင်ဆောင်ပြီး စင်္ကြံလမ်းမှာ လွန်တော်မူတဲ့ သမဏနတ်သား ရဟန္တာဖြစ်ပါသလား | ၂၈၃ |
| ၃၃။ | စက္ခုပါလမထေရ်ရဲ့ မျက်လုံးက နိသဇ္ဇိဓုတင်ဆောင်လို့ ကွယ်သွားတာလား | ၂၈၄ |
| | **ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု** | |
| ၃၄။ | နိသဇ္ဇိဓုတင် ဥက္ကဋ္ဌဖြစ်ဖို့ ဘယ်လိုကျင့်ရပါသလဲ | ၂၈၅ |
| ၃၅။ | နိသဇ္ဇိဓုတင် မဇ္ဈိမဖြစ်ဖို့ ဘယ်လိုကျင့်ရပါသလဲ | ၂၈၅ |
| ၃၆။ | နိသဇ္ဇိဓုတင် မုဒုဖြစ်ဖို့ ဘယ်လိုကျင့်ရပါသလဲ | ၂၈၅ |
| ၃၇။ | နောက်မှီတံကဲ၊ အာယောဂပတ်၊ အာယောဂပတ်ပြားရဲ့ အဓိပ္ပာယ်ကဘာလဲ | ၂၈၅ |
| ၃၈။ | နောက်မှီတံကဲ၊ အာယောဂပတ်၊ အာယောဂပတ်ပြားက ဥက္ကဋ္ဌအတွက် အပ်သလား | ၂၈၅ |
| ၃၉။ | နောက်မှီတံကဲ၊ အာယောဂပတ်၊ အာယောဂပတ်ပြားက မဇ္ဈိမအတွက် အပ်သလား | ၂၈၅ |
| ၄၀။ | နောက်မှီတံကဲ၊ အာယောဂပတ်၊ အာယောဂပတ်ပြားက မုဒုအတွက် အပ်သလား | ၂၈၅ |
| ၄၁။ | မုဒုပုဂ္ဂိုလ်အတွက် နောက်မှီခေါင်းအုံး အပ်ပါသလား | ၂၈၆ |
| ၄၂။ | နိသဇ္ဇိဓုတင် ပျက်တဲ့အကြောင်းက ဘာတွေပါလဲ | ၂၈၆ |
| ၄၃။ | ကျောချမှပဲ ဓုတင်ပျက်တာပါလား | ၂၈၆ |
| ၄၄။ | ဘေးတစောင်း လဲလျောင်းရင် ဓုတင်ပျက်ပါသလား | ၂၈၆ |
| ၄၅။ | အလျားမှောက်ခုံ လဲလျောင်းရင် ဓုတင်ပျက်ပါသလား | ၂၈၆ |
| | **နိသဇ္ဇိဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၅ ပါး** | |
| ၄၆။ | နိသဇ္ဇိဓုတင်ဆောင် ရဟန်းရမဲ့အကျိုး ၅ ပါးက ဘာတွေပါလဲ | ၂၈၆ |
| * | ဓုတင် ၁၃ ပါးအတွက် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်များ | ၂၈၈ |
| * | မြန်မာနိုင်ငံသာသနာဝင်မှ ဓုတင်အကျင့်ပဋိပတ် မှတ်တမ်းအချို့ | ၂၉၁ |

## ကျေးဇူးဥပကာရ မော်ကွန်း

“သိကောင်းစရာ ခုတင်သာသနာ” စာအုပ်၏ စာမူကြမ်းကို ဂန္ဓာရုံဘုံကျော်ဆရာတော် ဘဒ္ဒန္တဓမ္မဝိလာသ၊ မှော်ဘီ သာသနာ့ဝန်ဆောင် ပဓာနနာယက ဆရာတော်ဦးစန္ဒာသိရီ (ဓမ္မာစရိယ ဝိနယဝိဒူ)၊ ရန်ကုန် မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသ (အဂ္ဂမဟာအကျော်၊ ဒွိပိဋကာ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ) နှင့် အေးချမ်းသာယာဆရာတော် ဘဒ္ဒန္တကဝိနန္ဒ (မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ်၏ အဓိပတိ ဆရာတော်၊ ဝိနယဝံသပါလအသင်း၏ ပဓာနဦးဆောင်ဆရာတော်) အရှင်သူမြတ်တို့ အနေဖြင့် စာမူကြမ်းကို ဖတ်ရှုပေးတော်မူပြီး စာလုံးပေါင်း၊ သတ်ပုံအမှားအယွင်း၊ ပါဠိ သဒ္ဒါရေး ရှုထောင့်တို့ကိုပါ မခြွင်းမချန် စစ်ဆေးပြုပြင် တည့်မတ်ပေးတော်မူခဲ့ပါသဖြင့် ကျေးဇူးဥပကာရတင်ရှိပါသည်ဘုရား။

စာမူကြမ်းများကို အထပ်ထပ်ဖတ်ရှုကာ အကြံဉာဏ်ကောင်းများစွာကို ပေးတော်မူခဲ့ သည့် ထန်းတပင်တောရဆရာတော် ဘဒ္ဒန္တကေဝလ၊ ရွှေဒါးတောရဆရာတော် ဘဒ္ဒန္တဇာဂရနှင့် ဘဒ္ဒန္တကောသလ္လ၊ မဟာဝိဟာရဝါသီ ဘုန်းတော်လေးအရှင်အဘယာလင်္ကာရ၊ ဓမ္မဝိနယာ လင်္ကာရစာသင်တိုက်နှင့် ဓမ္မဝိနယာလင်္ကာရဝိနည်းပါဠိတက္ကသိုလ်တို့၏ ပဓာနနာယက ဆရာတော် အရှင်ဉာဏုတ္တရ၊ မဟာဝိဟာရမှော်ဘီ၏ စာချဆရာတော် အရှင်ကဝိဇ၊ မဟာဝိဟာရ ရန်ကင်းတောရ စာချဆရာတော် ဦးဇဝနာလင်္ကာရ အရှင်မြတ်တို့အား ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျမ်းညွှန်းများ တိုက်ဆိုင် စစ်ဆေးပေးတော်မူခဲ့ကြသည့် ရန်ကင်းတောရကျောင်း (မြို့တော်ဝန်ကျောင်း)မှ တပည့်များဖြစ်ကြသော ဦးစန္ဒိမာ (အဘိဝိနယာစရိယ၊ B.Sc(Bot). ADMK (THAMES-OXFORD),DMA))၊ ဦးဓမ္မရုစ (စာချတန်း၊ အဘိဝိနယာစရိယ တတိယအဆင့်)၊ ဦးဉာဏောဘာသ (သာသနဓဇဓမ္မာစရိယ၊ သာမဏေကျော် တတိယအဆင့်)နှင့် ဦးဓမ္မပိယ တို့အားလည်းကောင်း၊ စာမျက်နှာ သုံးရာခန့်ရှိသည့် ဤခုတင်ကျမ်းစာအုပ်ကို လက်ရေး စာမူမှသည် ကွန်ပျူတာစာမူချော ထွက်ပေါ်လာသည့်အထိ အဆင့်ဆင့် ဖတ်ရှုပြင်ဆင် နိုင်ရန် ၅ ကြိမ်တိုင်တိုင် Proof ထုတ်ကာ ပုံနှိပ်နိုင်သည့်အထိ စိတ်ရှည်စွာ ဆောင်ရွက်ပေးခဲ့ ကြသည့် ရန်အောင်မြင်တောရကျောင်း (မြို့တော်ဝန်ကျောင်း)၏ ရုံးခန်းမှ တပည့်များ ဖြစ်ကြသည့် တာဝန်ခံ ဆရာလေးဒေါ်ကုသလာ(B.A, Myanmar)၊ ဒေါ်ဝိမလာ(B.A, Philosophy) နှင့် ရုံးအဖွဲ့အားလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။ ဆက်လက်ပြီး စာမူကြမ်း၌ မြန်မာစာ သတ်ပုံအပါအဝင် ပုဒ်ထီး၊ ပုဒ်မ ထားသိုမှုကအစ ခွဲထားတို့ကို အကြိမ်ကြိမ်အထပ်ထပ် စစ်ဆေးတည့်မတ်ပေးခဲ့သည့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ခင်မျိုးသစ် (B.A, B.Ed) ကိုလည်း ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

(ရန်ကင်းတောရဆရာတော်၊ နေပြည်တော်)

# ဂန္ဓာရုံဘုံကျော်ဆရာတော်၏ ဥယျောဇဉ်

အရှင်ခေမာနန္ဒ ရန်ကင်းတောရ၏ "သိကောင်းစရာ ဓူတင်သာသနာ"စာအုပ်၏စာမူကြမ်းကို ဖတ်ရှုခွင့်ရသည့်အတွက် ဓူတင်နှင့် ပတ်သက်သော အသိဉာဏ်များ တိုးပွား၍ ဓူတင်ဆောင် မထေရ်မြတ်တို့ကို ကြည်ညိုသော သဒ္ဓါတရားများလည်း ဖြစ်ပေါ်လာပါသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့် ပတ်သက်၍ တရားသဖြင့် ရတာကလေးနှင့် တင်းတိမ် ရောင့်ရဲဖို့ရန်လည်း မိမိ၏စိတ်ကို ဆုံးမဖြစ်ပါသည်။

အရှင်ခေမာနန္ဒ ရန်ကင်းတောရသည် သူ့မှာရှိနေသောအချိန်၊ သူ့မှာရှိနေသော စွမ်းအား၊ သူ့မှာရှိနေသော အာရုံစိုက်မှုကို "သိကောင်းစရာ ဓူတင်သာသနာ"အတွက် အများကြီးပေး၍ ကြိုးစားအားထုတ်ထားတာကို တွေ့ရပါသည်။ အရှင်ခေမာနန္ဒ၏ အရေးအသားသည် ချောမွေ့ပြေပြစ်သည်။ ကျိုးကြောင်း ဆက်နွယ်မှုကောင်းသလို စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ သူ၏ "သိကောင်းစရာ ဓူတင်သာသနာ"ကို လေးလေးစားစား စိတ်ဝင်တစား ဖတ်ရှုနေရင်းပင် ဓူတင်အရာတွင် အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူသော အရှင်မဟာကဿပ၏ စကားတော်ကိုလည်း မကြာခဏပင် သတိရနေမိပါသည်။ သတိရမိသည့်အတိုင်းပင် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာဂေါသိင်္ဂသုတ်တော်ကို ပြန်၍ ကြည့်ရှုမိပါသည်။ အခါတစ်ပါး၌ ရှင်တော်မြတ်ဘုရားသည် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာတို့လို ထင်ရှားကျော်ကြားသည့် တပည့်များနှင့်အတူ ဂေါသိင်္ဂ အင်ကြင်းတောထဲမှာ သီတင်းသုံးနေတော်မူပါသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတနှင့် အရှင်အာနန္ဒာတို့ တရားနာဖို့ရာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ဆည်းကပ်ကြပါသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က အရှင်အာနန္ဒာ၊ အရှင်ရေဝတ၊ အရှင်အနုရုဒ္ဓါတို့ကို သူသိချင်နေသောမေးခွန်းကို မေးမြန်းပြီးချိန်မှာ အရှင်မဟာကဿပကို ဆက်၍ မေးမြန်းပါသည်။

ငါ့ရှင် ကဿပ . . . ဂေါသိင်္ဂ အင်ကြင်းတောသည် ပျော်မွေ့ဖွယ်ကောင်းပါသည်။ အင်ကြင်းပန်းတွေကလည်း ပင်လုံးကျွတ် ဖူးပွင့်နေပါသည်။ အင်ကြင်းပန်းရနံ့တိုဖြင့်လည်း မွှေးကြိုင်နေပါသည်။ ငါ့ရှင်ကဿပ အဘယ်သို့သဘောရှိသောရဟန်းသည် အင်ကြင်းတောကို တင့်တယ်စေနိုင်ပါသနည်း။

ငါ့ရှင် သာရိပုတ္တရာ . . . ဤသာသနာတော်မှာ ရဟန်းတစ်ပါးသည် ကိုယ်တိုင်လည်း အာရညကင်ဓူတင်ဆောင်၍ အာရညကင်ဓူတင်ဆောင်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း ပိဏ္ဍပါတ်ဓူတင်ဆောင်၍ ပိဏ္ဍပါတ်ဓူတင်ဆောင်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း

ပြောပြသည်။ ကိုယ်တိုင်လည်း ပံသုကူဓုတင်ဆောင်၍ ပံသုကူဓုတင်ဆောင်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း တိစီဝရိတ်ဓုတင်ဆောင်၍ တိစီဝရိတ်ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း အလိုနည်း၍ အလိုနည်းခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း တရားသဖြင့် ရတာကလေးနှင့် တင်းတိမ်ရောင့်ရဲ၍ တရားသဖြင့်ရတာလေးနှင့် တင်းတိမ်ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း ဆိတ်ငြိမ်၍ ဆိတ်ငြိမ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း အဖော်များနှင့် ခွဲနေ၍ အဖော်များနှင့် ခွဲနေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း စဉ်ဆက်မပြတ် ကြိုးစားအားထုတ်၍ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၍ ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း တည်ကြည်မှု သမာဓိနှင့် ပြည့်စုံ၍ သမာဓိနှင့် ပြည့်စုံခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း အသိအလိမ္မာဉာဏ်ပညာနှင့် ပြည့်စုံ၍ ပညာနှင့် ပြည့်စုံခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း ကိလေသာကျော့ကွင်းမှ လွတ်မြောက်၍ ကိလေသာကျော့ကွင်းမှ လွတ်မြောက်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ကိုယ်တိုင်လည်း လွတ်မြောက်မှုကို ဆင်ခြင်သောဉာဏ်နှင့် ပြည့်စုံ၍ လွတ်မြောက်မှုကို ဆင်ခြင်သော ဉာဏ်၏ ဂုဏ်ကျေးဇူးကိုလည်း ပြောပြသည်။ ငါ့ရှင် သာရိပုတ္တရာ . . . ဒီလို အရည်အသွေးရှိသော ရဟန်းသည် ဂေါသိင် အင်ကြင်းတောကို တင့်တယ်စေနိုင်ပါသည်။

အရှင်မဟာကဿပက အရှင်သာရိပုတ္တရာအား လျှောက်ထားသကဲ့သို့ပင် ကိုယ်တိုင်ပင် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင် စသည်ကို ဆောင်တော်မူ၍ ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောပြောရေးပြနေသော ဆရာတော်များသည်လည်း သာသနာတော်ကို တင့်တယ်စေသူ၊ သာသနာတော်ကို အလှဆင်နေသူများပင် ဖြစ်သည်ဟု စဉ်းစားနေမိ၊ ဆင်ခြင်နေမိပါသည်။

**“ရန်ကင်းတောရဆရာတော် အရှင်ခေမာနန္ဒ လောကနှင့် သာသနာတော်အကျိုးကို ဆက်လက်၍ အလှဆင်နိုင်ပါစေ”**

ဓမ္မဝိလာသ
ဂန္ဓာရုံဘုံကျော်ဆရာတော်

## ဘုန်းတော်လေး ဦးအဘယာလင်္ကာရ (မဟာဝိဟာရဝါသီ) ၏ အမှာစကား

ဆွမ်း သင်္ကန်း ကျောင်းနှင့် စပ်၍ ဖြစ်တတ်သော ကိလေသာတို့ကို ဖျက်ဆီးတတ်သော ကြောင့် ဓုတင်ဟုခေါ်သည်။ ထိုကြောင့် ဓုတင်ကို ကျင့်သူသည် အပ္ပိစ္ဆဂုဏ် (အလိုနည်းခြင်း)၊ သန္တုဋ္ဌိဂုဏ် (ရောင့်ရဲခြင်း)၊ သလ္လေခဂုဏ် (ခေါင်းခေါင်းပါးပါးကျင့်ခြင်း)၊ ပဝိဝေကဂုဏ် (တိတ်ဆိတ်မှုကို လိုလားခြင်း) တို့နှင့် ပြည့်စုံရမည်ဖြစ်သည်။ ထင်ပေါ်လိုမှု၊ လာဘ်ပေါလိုမှုဖြင့် ဓုတင်အကျင့်ကို ကျင့်လျှင် ကုသိုလ်လည်း မရ၊ ဓုတင်လည်းမမည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပထမတွဲ၊ စာမျက်နှာ-၇၇) တွင် မိန့်တော်မူ၏။ မှန်၏။ ကိလေသာကို ပယ်ခွာတတ်သောကြောင့် ဓုတင်ဟု ဆိုရသည် မဟုတ်လော၊ ကိလေသာကို မပယ်ခွာနိုင်လျှင် အဘယ်မှာ ဓုတင်ဟု ခေါ်ဆိုနိုင်တော့မည်နည်း။ ဓုတင်ကျင့်သူတို့ သတိထားစရာပင်။

မသိနားမလည်သူအချို့က ဓုတင်အကျင့်ကို အတ္တကိလမထအကျင့်ဟု မှတ်ထင်နေကြ သည်။ စင်စစ်သော်ကား ဓုတင်အကျင့်ဟူသည် ကိလေသာတို့ကို ပယ်သတ်ရန် ဘုရားမြတ်စွာ ခွင့်ပြု တော်မူခဲ့သော ကျင့်စဉ်များထဲမှ တစ်ခုပင်ဖြစ်သည်။ ခန္ဓာကိုယ်ကို ပင်ပန်းညှဉ်းဆဲကြောင်း အတ္တကိလမထ ကျင့်စဉ်မဟုတ်ပေ။ အတ္တကိလမထအကျင့်ဟူသည် ခန္ဓာကိုယ် ပင်ပန်းရုံမျှသာ ဖြစ်သည်။ ကုသိုလ်စိတ် အနည်းငယ်မျှပင်မဖြစ်။ သာသနာတော်လာ ကျင့်စဉ်များကား ပင်ပန်းလျှင် ပင်ပန်းသလောက် အကျိုးရသော ကျင့်စဉ်များဖြစ်ကြ၍ အရိုးကြေကြေ အရေခန်းခန်း ကျင့်ရ မည်ပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်လက်ထက်တော်အခါ၌ ရဟန်းများသည် ဓုတင်အကျင့်ကို ကျင့်တော်မူကြသည်။ အရှင်နာလကမထေရ်မြတ်သည် တစ်ရွာ၌ တစ်ကြိမ်သာ ဆွမ်းခံပြီး တောတစ်တော၌ တစ်ရက်၊ သစ်တစ်ပင်အောက်၌ တစ်ရက်သာ နေရသည်။ ဓုတင်အကျင့်ထက်ပင် ပြင်းထန်လှသော မောနေယျအကျင့်ကိုပင် ကျင့်တော်မူခဲ့လေသည်။ ရှေးအခါက မြန်မာနိုင်ငံ တွင်လည်း ဓုတင်အကျင့်ကို ကျင့်ရာ၌ ထင်ရှားသော မထေရ်မြတ်များ ပေါ်ထွက်ခဲ့ဖူးပါသည်။ ထိုမထေရ်မြတ်များ၏ လက်လှမ်းမီသမျှ ဘွဲ့အမည်များကိုလည်း ကျမ်းပြုဆရာတော်က ဤ ကျမ်းစာ၏ နောက်ဆုံးတွင် စုစည်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

ယခုအခါ၌ကား ဓုတင်အကျင့်ကို ကျင့်သူလည်း ရှားပါးလာ၏။ ရှိလျှင်လည်း မထင်ရှား၊ လျှို့ဝှက်တော်မူကြသည်။ ထို့ကြောင့်ပင်ထင်၏။ ဓုတင်အကြောင်းကို ပြောဆိုဆွေးနွေးသံများ မကြားရ၊ ဓုတင်အကြောင်းနှင့် စပ်၍ ရေးသားထားသော ကျမ်းစာအုပ်တို့ကလည်း အလွန်ရှားပါး လှသည်။ ဓုတင်ကျင့်လိုသူသည် မည်သူ့ထံ ချဉ်းကပ်၍ မေးမြန်းရမည် မသိ၊ မည်သည့်စာအုပ်ကို ဖတ်ရှုရမည်မသိ၊ မြန်မာနိုင်ငံတွင် ဓုတင်နှင့် စပ်လျဉ်း၍ ဤသို့သောအခြေအနေသို့ ရောက်ရှိ နေပေသည်။ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းတို့၌ ဓုတင်အကြောင်းများ ပါဝင်သော်လည်း စာသံပေသံဖြင့် ဘာသာပြန်ဆိုရေးသားထားသောကြောင့် စာပေနှင့် နီးစပ်သူတို့အတွက် အဆင်ပြေလှသော်လည်း စာပေနှင့် အလှမ်းဝေးသူတို့အတွက်ကား အဆင်မပြေလှပေ။

သို့ဖြစ်၍ ဓူတင်ကျင့်လိုသူတို့အတွက် မြန်မာစကားပြေဖြင့် ရှင်းရှင်းလင်းလင်း ရေးသားထားသည့် စာအုပ်တစ်အုပ်ရှိသင့်သည်ဟု စဉ်းစားမိသည်။ မြန်မာစကားပြေဖြင့် ဓူတင်စာအုပ်ပေါ်ထွက် လာရန်အတွက် မိမိစိတ်ထဲတွင် ရန်ကင်းတောရဆရာတော်ကို မြင်မိသည်။ ရန်ကင်းတောရဆရာတော်သည် မိမိတို့ကြည်ညိုရသော စာရေးဆရာ ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်သည် စာရေးသည့်အခါ ဆွေးနွေးကြပုံဖြင့် အကြောင်းအရာတစ်ခုကို ရှင်းလင်းအောင် ရေးသားတတ်သည်။ ထို့ကြောင့် ဓူတင်စာအုပ်အတွက် ဆရာတော်ကို မြင်မိသည်။ ဓူတင်စာအုပ်ကို ရေးသားမည့်သူသည် ကိုယ်တိုင်လည်း ကျင့်သုံးသူဖြစ်လျှင် မည့်သည့်နေရာမှာ မည်သို့ အခက်အခဲရှိသည်၊ မည်သို့ ဖြေရှင်းလျှင် ရနိုင်သည်ကို ကောင်းကောင်းသိသည်။ ရန်ကင်းဆရာတော်သည် ဓူတင်အရာတွင် ထင်ရှားသည့် နဘူးကျောင်းတောရဆရာတော်၏ တပည့်ဖြစ်၍ ဓူတင်ဆောင်ပတ်ဝန်းကျင်၌ ကျင်လည်လာရသူ ဖြစ်သည့်အပြင် ကိုယ်တိုင်လည်း ကျင့်သုံးသူဖြစ်သည်။ ဆရာတော်မှာ အတွေ့အကြုံရှိသည်။ အာစရိယဝါဒများရှိသည်။ ထို့ကြောင့်လည်း ဓူတင်စာအုပ်အတွက် ဆရာတော်ကို မြင်မိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ပဋိပတ်သာသနာတော်အတွက် လစ်ဟာနေသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းသည့်အနေဖြင့် လူတိုင်းနားလည်နိုင်အောင် ဓူတင်ကျမ်းစာအုပ်တစ်အုပ် ရေးသားပေးပါရန် ကာလအတန်ကြာကပင် လျှောက်ထားခဲ့ဖူးပါသည်။ ယခုအခါ နှစ်အတော်ကြာကြာ တောင့်တခဲ့ရသည့် မိမိ၏ဆန္ဒ ပြည့်ဝလေပြီ၊ လူတိုင်းနားလည်နိုင်သည့် 'သိကောင်းစရာ ဓူတင်သာသနာ' စာအုပ်ကောင်းတစ်အုပ် ပေါ်ထွက်လာပေပြီ။ မိမိမျှော်လင့်ခဲ့သည့်အတိုင်း ဤကျမ်းစာအုပ်တွင် ဓူတင်အကြောင်းအရာတို့ကို လူတိုင်းနားလည်အောင် ရေးသားထားသည်။ ခက်ခဲနက်နဲသည့် အဆုံးအဖြတ်တို့ကိုပင် ပေ့ါပေ့ါပါးပါး ဆွေးနွေးတင်ပြထားသည်။ လက်တွေ့ ကျင့်သုံးတော်မူသည့် ဆရာတော်ကြီးများ၏ အယူအဆများကိုလည်း တွေ့ရှိရသည်။ ဓူတင်အကြောင်းအရာ သာမက အလျဉ်းသင့်ရာ၌ ဝိနည်းအကြောင်းအရာတို့ကိုပါ ထည့်သွင်းရေးသားထားသည်ကို တွေ့ရသည်။ ဤဓူတင်ကျမ်းစာသည် သဒ္ဓါတရားကောင်း၍ ဓူတင်အကျင့်ကို ကျင့်လိုသော ရဟန်းရှင်လူတို့အတွက် ဓူတင်အကျင့်ကို ကောင်းကောင်းကြီး လမ်းညွှန်နိုင်သည့် ဓူတင်လမ်းညွှန် ကျမ်းကြီးဟုဆိုလျှင် မှားအံ့မထင်ပါ။

ဓူတင်အကျင့်ကို ကိလေသာကုန်ပြီး ရဟန္တာအရှင်မြတ်များပင်လျှင် အမြတ်တနိုး ဆောက်တည်ကျင့်သုံးတော်မူကြသေးလျှင် ကိလေသာများပြားလှသော ပုထုဇဉ်ရဟန်းများ အနေဖြင့်ကာ အထူးရိုသေမြတ်နိုး ဆောက်တည်ကျင့်သုံးသင့်သော အကျင့်တစ်ခု ဖြစ်ပေတော့သည်။

အရှင်အဘယာလင်္ကာရ (မဟာဝိဟာရဝါသီ)

# သာသနာကွယ်ခြင်းဟူသည်

သာသနာဟူသည် အဆုံးအမဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ နှုတ်တော်ထွက်စကား အဆုံးအမတို့ကို ထိုထိုပိဋကတ်တော် စာအုပ်များထဲတွင် မှတ်တမ်းတင်ထားပါသည်။ ထိုမှတ်တမ်းများကို သင်ယူလေ့လာကာ လိုက်နာကျင့်သုံးနေသူရှိမှသာ သာသနာတည်သည်၊ အဆုံးအမတည်သည်ဟု ဆိုရ၏။ အချို့ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများမှ တိုင်းသူပြည်သားများသည် ယခုအခါ ဗုဒ္ဓဘာသာကိုစွန့်ကာ အခြားဘာသာကို ကိုးကွယ်နေကြကုန်၏။ ထိုတိုင်းပြည်များ၏ ယဉ်ကျေးမှု ပြတိုက်များတွင် ပိဋကတ်တော် ပေစာ၊ ကျောက်စာများ၊ ဘုရားဆင်းတုတော် စသည်တို့ကို ရှေးဟောင်းပစ္စည်းများအဖြစ် ထိန်းသိမ်းထားပါသည်။

၎င်းတို့၏ တိုင်းနိုင်ငံမြေပေါ်တွင်လည်း စေတီအပျက် အုတ်ပုံများနှင့် ဆင်းတုတော်များ ရှိနေပြီး ၎င်းတို့ကိုလည်း စောင့်ရှောက်ထားပါသေးသည်။ ကြည်ညို၍ မဟုတ်ဘဲ နိုင်ငံရပ်ခြားသားများ လာရောက် ကြည့်ရှုလျှင် ငွေကောက်ခံနိုင်ရန် ဖြစ်သည်။ သို့သော် ထိုတိုင်းနိုင်ငံများတွင် မြတ်ဘုရား၏အဆုံးအမကို လိုက်နာကျင့်သုံးသူ မရှိတော့သောကြောင့် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားလေပြီ၊ သာသနာကွယ်သွားလေပြီ။

## ကျေးရှူးရှင် နဘူးကျောင်းဆရာတော်

"တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လိုကွယ်မှာလဲလို့ မေးကြတယ်။ အခုအကျင့်ပဋိပတ်ထဲက ဓူတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ။ ရဟန်းတွေ ဓူတင်ကို မကျင့်တော့ရင် ဓူတင်သာသနာ ကွယ်သွားပြီ"

## ကျေးရှူးရှင် စံကင်းဆရာတော်

"သာသနာကွယ်တယ်ဆိုတာဟာ အခြားမဟုတ်၊ သာသနာနောက်ပိုင်းမှာ ရဟန်းတော်တွေ၊ လူတွေက ဘုရားရှင်စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုပဲ သာသနာကွယ်တယ်လို့ ဆိုရမယ်"

## ကျေးရှူးရှင် ဗာရာဏသီဆရာတော်

သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင်ကိုင်တွယ်တော့ ဇာတရူပရဇတသိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပသိက္ခာပုဒ် သာသနာတော် တည်တာပဲ" ဟုမိန့်တော်မူကြပါသည်။

## ကျေးရှူးရှင် ပန်းကုံးဆရာတော်

"သာသနာ နေရောင်၊ လရောင် ကွယ်သွားပြီ၊ ဖယောင်းတိုင် မီးရောင်ပဲ ရှိတော့တယ်"ဟု မိန့်တော်မူကြပါသည်။

(ရန်ကင်းတောရဆရာတော်၏ မထေရ်မြတ်ကြီးတို့၏ စံနမူနာယူစရာကျင့်သီလ အပိုင်း (၁) စာအုပ်မှ ရယူပါသည်)

စီစဉ်သူများ

## သိကောင်းစရာ ဓုတင်သာသနာအတွက် ကပ္ပိယကြီး၏ လျှောက်ထားလွှာ

### ကျင့်စဉ်ပြည့်ဝသည့် ဓုတင်၏ဂုဏ်ရည် – ၁

နဘူးကျောင်းဆရာတော်ထံတော်ပါးမှ ဥပနိဿယရယူထားပြီး အနယ်နယ်အရပ်ရပ်၌ တောရဆောက်တည်တော်မူကြသည့် တပည့်သံဃာတော်များသည် ဆရာတော်ကြီး၏ ဈာပနပွဲကျင်းပရာ ရမည်းသင်းမြို့နယ် နဘူးကျောင်းတောရသို့ အသီးသီးကြွရောက်တော်မူလာကြပါသည်။ တပည့်တော်လည်း ရန်ကင်းဆရာတော်နှင့် မလေးရှားဆရာတော်တို့၏ ကပ္ပိယအဖြစ် ဆရာတော်များနှင့်အတူ ရန်ကုန်မြို့ ရွှေဥမင်တောရမှ ညကားစီးပြီး ရောက်ရှိလာပါသည်။

သံဃာ့အကြီးအမှူး ဘဒ္ဒန္တဇာဂရိယမထေရ်မြတ် (ရန်ကုန်ဆရာတော်ကြီး)က "ရွာကပင့်သံဃာများကို တစ်ပါး သက်န်းတစ်စုံ ကပ်လှူပါမည်ဘုရား။ ဆရာတော်ကြီး၏ တောရနေတပည့်သံဃာများအား မနက်အရုဏ်တက်ချိန်၌ ဆွမ်းလောင်းလှူပြီး အပ်စပ်တဲ့ ဖိနပ်တစ်ရံစီ လှူပါမည်ဘုရား"ဟု မိန့်ကြားတော်မူပါသည်။

သာသနာတော်၌ ထင်ရှားသည့် မိမိတို့၏ ဆရာသခင် ပျံလွန်တော်မူရာ ဈာပနအခမ်းအနား၌ တောကျောင်းဘုန်းကြီးဖြစ်သဖြင့် လှူဖွယ်သက်န်း တစ်စုံပင် မရရှိတော့ပါတကားဟု တပည့်ကြီးများက မတွေးမိကြဘဲ ရန်ကုန်ဆရာတော်ကြီး၏ အမြော်အမြင်ကြီးမားစွာ စီမံခန့်ခွဲမှုကို လေးစားကြည်ညိုမိကြကြောင်းကို တိုးညင်းစွာ မိန့်ကြားတော်မူကြပါသည်။

အကြောင်းမှာ တောရဆောက်တည်တော်မူကြသည့် အရှင်မြတ်များ တစ်ပါးချင်းစီ၏ ရင်ထဲ၌ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလနှင့် အာဇီဝပါရိသုဒ္ဓိသီလသာမက နဘူးကျောင်းဆရာတော်ကြီး၏ ဥပနိဿယခံ တပည့်ကောင်းပီပီ ဓုတင်ကျင့်မြတ်ကိုလည်း စွမ်းနိုင်သမျှ ဆောက်တည် ကျင့်သုံးနေကြပေလိမ့်မည်။

အကယ်၍ တိစီဝရိတ်ဥက္ကဋ္ဌဓုတင်ဆောင် ပုဂ္ဂိုလ်အား သက်န်းတစ်စုံ လှူဒါန်းမိမည်ဆိုလျှင် လှူဒါန်းသူ သက်န်းဒါယကာအဖို့ ကုသိုလ်ရစေကာမူ ဓုတင်ဆောင်ပုဂ္ဂိုလ်၏ ကျင့်စဉ်အတွက် ထိုသက်န်းကြောင့် အနည်းနှင့်အများ အနှောင့်အယှက် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဈာပနအခမ်းအနား စီမံခန့်ခွဲတော်မူကြသည့် မထေရ်မြတ်များကိုယ်တိုင်လည်း ဓုတင်ကို မြတ်နိုးတော်မူကြသဖြင့် စီမံတတ်ပါတကား။ ဓုတင်အကျင့် သာသနာတော်ကြီးသည်လည်း ကြည်ညိုဖွယ်ကောင်းပေစွတကား။ ဆရာတော်ကြီး၏ တပည့်များ ကိုယ်တိုင် ကျင့်သုံးလျက်ရှိသည့် ဓုတင်အကျင့်ကိစ္စဖြစ်သဖြင့် သိမြင်တော်မူစွမ်းကြပါတကား။

ထို့ကြောင့် ကျေးဇူးရှင်ဆရာသခင် ယနေ့လူ့ပြည်လောကမှ မျက်ကွယ်ပြုပြီးသွားပါသော်လည်း ဆရာ့လမ်းစဉ်ကို ဆရာသက်ရှိထင်ရှား အခါကာလကအတိုင်းပင် ယနေ့ထက်တိုင် တပည့်ကြီးများက လိုက်နာကျင့်သုံးခြင်းအားဖြင့် ဆရာ့ကျေးဇူးကို ဆပ်နေကြပါသည်။

## ကျင့်စဉ်ပြည့်ဝသည့် ဓူတင်၏ဂုဏ်ရည် – ၂

ရန်ကင်းဆရာတော်လောင်းလျာ အရှင်ခေမာနန္ဒသည် ရွှေဥမင်ဆရာတော်ကြီး ထံတော်ပါး၌ ကမ္မဋ္ဌာန်းနည်းခံယူကာ ဝါးနက်ချောင်းအမည်ရသော တောအရပ်၌ တရားအားထုတ်လျက်ရှိပါသည်။ ဆောင်းဥတု၏ တစ်ခုသောနံနက်ခင်း ဝေလီဝေလင်းအချိန်တွင် ရွှေဥမင်ဆရာတော်ကြီး ထံတော်ပါးသို့ တရားလျှောက်ထားရန်နှင့် ဝိနည်းဆိုင်ရာသံသယ မေးလျှောက်ရန် ရောက်ရှိလာပါသည်။

ရွှေဥမင်ဆရာတော်ကြီးသည် အရုဏ်ဆွမ်းဘုဉ်းပြီး ကျောင်းတွင်း၌ စင်္ကြံကြွတော်မူနေပါသည်။ အရှင်ခေမာနန္ဒ တောအရပ်မှ အစောကြီးရောက်ရှိလာသည်ကို မြင်တော်မူသဖြင့် စင်္ကြံလမ်းမှ ဖယ်ခွာကာ ကုလားထိုင်တွင် ထိုင်တော်မူပြီး တပည့်ရဟန်း၏ လျှောက်ထားလာမည့် စကားကို မစောင့်ဆိုင်းတော့ဘဲ "ဦးဇင်း အရုဏ်ဆွမ်း ဘုဉ်းပြီးပြီလား" ဟူ၍ မေးတော်မူပါသည်။ ရောက်ရှိလာသည့်အချိန်နှင့် ခရီးကို ခန့်မှန်းကာ ဆွမ်းဘုဉ်းပြီး မဖြစ်နိုင်သေးကြောင်းကို ရိပ်မိသဖြင့် မေးတော်မူခြင်း ဖြစ်နိုင်ပါသည်။ "မဘုဉ်းဖြစ်သေးပါဘုရား"ဟု တိုးညင်းစွာ လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးက "ဧကာသနိက်လား" ဟု မေးတော်မူရာ ဆရာတော့်ခြေရင်း၌ လက်အုပ်ချီထိုင်လျက်သာနေပြီး ဘာမှ မဖြေကြားတော့ပါ။ ထိုကာလမှစ၍ ဆရာတော်ကြီးသည် "ဆွမ်းဘုဉ်းပါဦး"၊ "ဆွမ်းဘုဉ်းပြီးပြီလား"၊ "အချိုပွဲလေး ဘုဉ်းပေးပါဦး"ဟု လွှတ်တော်မူသည့်တိုင် နောင် ဘယ်သောအခါမှာမှ တိုက်တွန်းခြင်း၊ မေးမြန်းခြင်း မပြုတော့ပေ။

"ဘုရားတပည့်တော်မှာ ရွှေဥမင် ဆရာတော်ကြီးအပေါ် ကြည်ညိုစရာဂုဏ်တွေ ပြောပြလို့ မကုန်နိုင်အောင် အများကြီးပါဘုရား၊ ဆရာတော် လွန်တော်မူသည့်ကာလတိုင်အောင် ဘုရားတပည့်တော်ကို ဆွမ်းဘုဉ်းဖို့ နောက်ထပ်တစ်ကြိမ်မှ မေးမြန်းတော်မမူတော့တာကိုလည်း ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား၊ ဒီလိုဆရာတော်မျိုး တပည့်တော်တို့ သာသနာမှာ ရှားသွားပြီဘုရား" ဟု သီတင်းသုံးဖော်တစ်ပါးအား မိန့်တော်မူခဲ့သည်ကို တပည့်တော် ယနေ့တိုင် မှတ်မိနေပါသည်။

နောက်ကာလအတန်ကြာသောအခါတွင် ရွှေဥမင်ဆရာတော်ကြီးက ရန်ကင်းဆရာတော်လောင်းလျာ အရှင်ခေမာနန္ဒအား ခေါ်တော်မူသည်။ ကပ္ပိယမှတစ်ဆင့် မှာကြားသည့်စကားထဲတွင် "ဆွမ်းခံပြီးတော့ ဆွမ်းဘုဉ်းပြီးမှ ကြွလာရင်လည်း ရပါတယ်"ဟု ပါလာသည်။ ဝါးနက်ချောင်းတောထဲကထွက်ပြီး လေထီးတပ်ထဲ ဆွမ်းခံရပါသည်။ တပ်ထဲကရသည့်ဆွမ်းထက် ဆရာတော်ကြီး၏ ဆွမ်းဝိုင်းက အစစနူးညံ့၊ ကောင်းမွန်၊ မြင့်မြတ် ပြည့်စုံနေပေလိမ့်မည်။ သို့သော် ရဟန်းသီလအပေါ် ရွှေဥမင်ဆရာတော်ဘုရားကြီး၏အမြင်က စကားတင်စား၍ ပြောမပြနိုင်အောင် နက်ရှိုင်းပြီး၊ စူးရှလွန်းပါသည်။ ထိုကြောင့် ကြည်ညိုမဆုံး ဖြစ်ရပါသည်။

**မပြည့်ဝသည့်ဂုဏ်ရည်**

စိတ်ပျက်ဖွယ် အတွေ့အကြုံတစ်ခုလည်း ကြုံဖူးကြောင်း မိန့်တော်မူပါသေးသည်။ "တပည့်တော် ခရီးသွားလာတာ နည်းသော်လည်းပဲ ၁၃၆၉-ခု၊ တန်ဆောင်မုန်းလထဲမှာ ခရီးတစ်ခု သွားဖြစ်တယ်။ ခရီးထွက်ပြီး သုံးရက်မြောက်မှာတော့ မန္တလေးမြို့ကို ည (၁၁) နာရီကျော်မှာ ရောက်တယ်။ ဒကာတွေ စီစဉ်ပေးတဲ့ကျောင်းကို သီတင်းသုံးဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ ကျောင်းက သာမညကျောင်းမှ မဟုတ်ဘဲ။ နာမည်ဂုဏ်သတင်းကြီးရုံမက ဘုန်းကံကြီးမားတဲ့ ဆရာတော် တစ်ပါးရဲ့ ကျောင်းကြီးပါ။ ရောက်တာနှင့် အာဂန္တုကဝတ်အရ ဆရာတော်ကြီးကို ကန်တော့ပါ တယ်။ ဆရာတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ်။

"အရှင်ဘုရားကို စောင့်နေတာလို့တောင် မိန့်တော်မူသေးတယ်။ အဲသည်မှာ အခက်အခဲက စတာပါဘုရား"

"ဘယ်လို အခက်အခဲပါလဲဘုရား"

မနက်ဖြန်မနက် အရုဏ်ဆွမ်းကို အရှင်ဘုရား ခေါက်ဆွဲသုပ် ကြိုက်သလား၊ မြီးရှည်ကြိုက် သလား၊ နံပြားထောပတ်သုတ် ကြိုက်ပါသလား၊ ပဲပလာတာ ကြိုက်သလား မိန့်ပါဘုရား။ အရှင်ဘုရား အကြိုက်ဆုံးကို ကပ်ပ့ါမယ်ဘုရား"

"ရပါပြီဘုရားလို့ သုံးကြိမ်လျှောက်သော်လည်း မရဘူးဘုရား၊ ခက်တော့ခက်ပြီ"

"ဒါနှင့် မနက် ဘယ်လိုဖြစ်ပါသလဲဘုရား"

"မနက်အစောကြီး ကိုရင်ကို လာပင့်ခိုင်းတယ်၊ ထွက်ပြေးလို့လည်း မရတော့ဘူး၊ ဆရာတော် ရဲ့ ခေါင်းရင်းကကျောင်းမှာ နေရတာလေ၊ ဒါနဲ့ လိုက်သွားလိုက်တယ်၊ တပည့်တော် စိတ်ကူးက ရေလေးဘာလေး ဘုဉ်းပေးမယ်ပေ့ါဘုရား"

"အဆင်ပြေပါသလားဘုရား"

"ခက်ပြီဆိုနေမှတော့ဘုရား၊ ခက်တော့တာပဲလေ၊ မနေ့ညကမိန့်တဲ့ စားဖွယ်အမျိုးအစား အားလုံး စားပွဲပေါ်ရောက်နေတယ်။ "ဘုဉ်းပါဘုရား၊ ဘုဉ်းပေးပါဘုရား"လို့ အတင်းတိုက်တွန်း နေတာ အားတောင်နာလှပြီ၊ နောက်ဆုံးတော့မေးတယ်။ "ဒါတွေမှမဘုဉ်းရင် အရှင်ဘုရား ဘာဘုဉ်း မလဲတဲ့" တပည့်တော်လည်း "ရေဘုဉ်းမယ်ဘုရား" လို့ လျှောက်လိုက်မိတယ်၊ ရေတစ်မတ်ခွက် အပြည့်ထည့်ပြီး "ဘုဉ်းလေ၊ ဘုဉ်းတော့လေ"လို့ အထပ်ထပ် လျှောက်နေတာ အခုထိလည်း ကြားယောင်၊ မြင်ယောင် နေမိသေးတယ်၊ အဲဒီတုန်းကလေ ရွှေဥမင်ဆရာတော်ဘုရားကို ပိုပိုပြီး သတိရမိတယ်ဘုရား"ဟု သီတင်းသုံးဖော်များအား မိန့်တော်မူသည်ကို တပည့်တော် မှတ်သား ထားဖူးပါသည်။

**ဝန်ခံချက်** - "ရန်ကင်းတောရဆရာတော်၏" နဘူးကျင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလစာအုပ် နှင့် မထေရ်မြတ်ကြီးတို့၏ စံနမူနာယူစရာကျင့်သီလ အပိုင်း (၁)၊ အပိုင်း (၂) အပိုင်း (၃) စာအုပ်နှင့် မိန့်ကြားချက် အချို့ကို မှီငြမ်းထားပါသည်။

ကပ္ပိယဦးကျော်ဝင်း (ပျဉ်းမနား)
(၃၀၊၁၀၊၂၀၂၂)

# ဤစာအုပ်အကြောင်း

လွန်ခဲ့သော ဆယ်စုနှစ်တစ်စုကျော်ကာလက လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်း စာအုပ်ကို ရေးသားခဲ့ချိန်၌ စာဖတ်သူများ လွယ်ကူစွာ နားလည်နိုင်မည့် စာရေးသားဟန်ဖြစ်မှ အဆင်ပြေမည်။ သို့မဟုတ်ပါက ခက်ခဲနက်နဲသည့် ဝိနည်းအဆုံးအဖြတ်များကို ဖတ်ရှုရာတွင် စာဖတ်သူများ စိတ်ပင်ပန်းမည်ဟု တွေးထင်မိဖူးပါသည်။

ထို့ကြောင့် စကားပြေရေးနည်း၊ စကားပြောရေးနည်း၊ အပြန်အလှန် စကားပြောရေးနည်း စသည်ဖြင့် ရေးနည်းအမျိုးမျိုးဖြင့် စမ်းသပ်ရေးကြည့်ပါသည်။ ရေးထားသည့် စာမူကိုလည်း စာဖတ်သူတို့အား ပေးဖတ်ပြီး နားလည်နိုင်စွမ်းကို လေ့လာကြည့်ရာတွင် အပြန်အလှန် စကားပြောဟန်ဖြင့် ရေးနည်းမှာ ခက်ခဲနက်နဲသည့် အကြောင်းအရာတို့ကို ရှင်းလင်းရာတွင် ပို၍ နားလည်လွယ်သည်ကို သိရှိခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းစာအုပ် အပိုင်း (၁) နှင့် (၂) အပါအဝင် ဝိပဿနာလူငယ်စကားဝိုင်း အပိုင်း (၁) နှင့် (၂) တို့ကိုလည်း အပြန်အလှန် စကားပြောသည့်ဟန်ဖြင့် ရေးသားခဲ့ဖူးသည်။ ယနေ့တိုင် ဝိနည်း ဗဟုသုတလေ့လာရန် အထောက်အကူ ဖြစ်သည်ကို ကြားသိနေရသဖြင့် ဝမ်းမြောက်ရပါသည်။

ယခုတစ်ဖန် ဓူတင်အကြောင်းရေးရန် အကြောင်းဖန်လာပါသည်။ ဘုန်းတော်လေး ဦးအဘယာလင်္ကာရက ဓူတင်ကျင့်လိုကြသည့် ရဟန်းကောင်းများ လွယ်ကူစွာ ကျင့်သုံးနိုင်ရန် ဓူတင်စာအုပ်တစ်အုပ် လိုအပ်နေပါသည်။ ထို့ကြောင့် အကြောင်းညီညွတ်ပါက ရေးသားပေးနိုင်ပါရန် လျှောက်ထားပါသည်။ စာရေးဝါသနာပါသူအဖို့ စာရေးရသည့်အလုပ်ဟူသည် ဘုရားစကားကို အမြဲကြံစည်စဉ်းစား တွေးတောနေရပါသည်။ ထို့ကြောင့် ပရိယတ္တိဓာနကိလေသာကို တဒင်္ဂချင်း ပိတ်ဆို့တားဆီးပေးနိုင်သောကြောင့် ဘုန်းကြီးအိုအဖို့ တရားအားထုတ်သည့်အလုပ်နှင့် စာရေးရသည့် အလုပ်က မငြီးငွေ့နိုင်အောင် အလွန်ပင် အံဝင်ခွင်ကျ ဖြစ်လှပါသည်။ သို့ဖြစ်ပါ၍ ဝါသနာပါပြီး လုပ်ချင်နေသည့် အလုပ်တစ်ခုကို လုပ်ဖြစ်သည့်အထိ တိုက်တွန်းအားပေးခဲ့သည့် ဘုန်းတော်လေး ဦးအဘယာလင်္ကာရကိုလည်း အထူးကျေးဇူးတင်ပါသည်။

သို့သော် အခက်အခဲတစ်ခု ရှိလာပါသည်။ ၎င်းမှာ ဓူတင်ဆိုင်ရာ အဆုံးအဖြတ်ဟူသည် အလွန်ပင် နက်နဲ၊ သိမ်မွေ့၊ ခက်ခဲရုံမက အာစရိယဆရာသခင်၏ သွန်သင်လမ်းညွှန်မှုမပါဘဲ မှန်ကန်စွာ ကျင့်ရန်ခက်ခဲပါသည်။ ထို့ကြောင့် ရေးဟန်ကို စဉ်းစားနေသည်မှာ ကာလ အတန်ကြာ သွားပါသည်။ လေးနက်ခက်ခဲပြီး ရဟန်းတို့နှင့်သာ သက်ဆိုင်သည့်ဓူတင်ကို စကားပြေဖြင့် နားလည်အောင် ရေးသားရန် စာရေးသူမှ မစွမ်းနိုင်တော့ကြောင်း ဘုန်းတော်လေးကို ဝန်ခံမိပါသည်။ ဘုန်းတော်လေးက အပြန်အလှန် စကားပြောသည့်ဟန်ဖြင့် ရေးသားလျှင် သင့်မြတ်မည်ဟု အကြံပြုပါသည်။ ထို့ကြောင့် ယခင်စာအုပ်များကဲ့သို့ပင် ဆရာတော်နှင့် MA ဦးဇင်းဟူသော Character တို့ကို အသုံးပြုကာ ရေးသားပါသည်။

"သိကောင်းစရာ ဓူတင်သာသနာ" စာအုပ်သည် နားလည်ရန်လွယ်ကူပြီး အရှင်ဘုရားများ အတွက် ကျေးဇူးများပါက ဘုန်းတော်လေးဦးအဘယာလင်္ကာရအား ကျေးဇူးတင်တော်မူကြပါဘုရား။ အကယ်၍ ဤစာအုပ်၌ မပြည့်စုံမှုများ၊ ချို့ယွင်းချက်များတွေ့ရှိပါက ဘုရားတပည့်တော်၏ တာဝန်ဖြစ်သောကြောင့် တပည့်တော်ကို အကြံပြုပေးတော်မူကြပါဘုရား။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

# နိဒါန်း

ဘုရားရှင်၏ အလိုတော်ကျ ဓူတင်ကျင့်တော်မူကြသည့် ထေရ်ရှင်မြတ်တို့၏ အနီးအပါး ချဉ်းကပ်ခဲ့ဖူးရာတွင် အလိုနည်းခြင်းဟူသော အပ္ပိစ္ဆတာဂုဏ်၊ ရောင့်ရဲလွယ်ခြင်းဟူသော သန္တုဋ္ဌိတာဂုဏ်၊ ခေါင်းပါးခြင်းဟူသော သလ္လေခတာဂုဏ်၊ ဆိတ်ငြိမ်မှု၌ မွေ့လျော်ခြင်းဟူသော ပဝိဝေကတာဂုဏ်တို့သာမက စာဖြင့်ရေးဖွဲ့မကုန်နိုင်လောက်သည့် အနှိုင်းအဆမဲ့ များလှစွာသော ဂုဏ်ကျေးဇူးတို့ကို ဖူးမြင် ကြည်ညိုခဲ့ရပါသည်။ သို့သော် စာရေးသူသည် မိမိ၏ ပကတိ မံသစက္ခုဖြင့် ဖူးမြင်ခဲ့ခြင်းဖြစ်ပါသည်။ မိမိမမြင်နိုင်လောက်သည်အထိ၊ လက်လှမ်း မမီနိုင်လောက်သည်အထိ သူတော်ကောင်းကြီးတို့၏သန္တာန်၌ ဂုဏ်ရည်များစွာ ရှိနိုင်ပါသေးသည်။

ဓူတင်ကျင့်လိုတော်မူကြသည့် သူတော်ကောင်းများအနေဖြင့် ထိုထိုဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည့် သူတော်ကောင်းကြီးများထံပါး ချဉ်းကပ်ပြီး နည်းခံယူရပါသည်။ ဓူတင်အရာ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာသာမက အာစရိယဝါဒများအထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆင်ခြင်ဆုံးဖြတ်ရသည်များ ရှိပါသည်။ လိုရင်းမှာမူ ဆရာ့ထံပါး နည်းခံယူရခြင်းသာ ပဓာနဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့ဓူတင်ဆိုင်ရာ အဆုံးအဖြတ်များသည် ခက်ခဲပါသည်။ နက်နဲပါသည်။ ထို့ကြောင့် ဓူတင်ဆောင်မည့်ပုဂ္ဂိုလ်၏ဉာဏ်၌ ရံခါ ဝေဝေဝါးဝါးလည်း ဖြစ်တတ်ပါသည်။ ရံခါ မပြတ်မသား မဝံ့မရဲလည်း ဖြစ်တတ်သည်။ ရံခါ၌မူ ဓူတင်ဆောင်လိုသည့် စိတ်ဆန္ဒ ကုန်ခန်းသည်အထိ သဒ္ဓါတရားများ ဖရိုဖရဲ ဖြစ်တတ်ပါသေးသည်။ ထို့ကြောင့် ဓူတင်နည်းနိဿယပေးမည့်ဆရာသည် အလွန်ပင် အရေးကြီးလှပါသည်။

ဤနေရာတွင် အချို့က ကိလေသာခါထုတ်ရန် ဓူတင်ကို ကျင့်လိုကြသည်။ သို့သော် နိဿယည်းပေးနိုင်မည့် အာစရိယဆရာသမားများထံပါး ဆည်းပူးခွင့်မရသောကြောင့် မိမိတို့၏ စိတ်အထင်ဖြင့် ဓူတင်ကို ကျင့်ကြသည်။ ထိုပုဂ္ဂိုလ်တို့၏ ကျင့်စဉ်ဆိုင်ရာ အဆုံးအဖြတ်တွင် အလွဲလွဲအမှားမှားကို စိတ်မကောင်းစွာ တွေ့ရတတ်ပါသည်။ မှန်ကန်သည့်လမ်းကို တည့်မတ်လိုသည့် ကလျာဏသူတော်ကောင်း ရဟန်းများစွာကိုလည်း ဖူးမြင်ရသကဲ့သို့ သူ၏အမှားလမ်းစဉ်ကိုပင် ဆုပ်ကိုင်ပြီး ကျင့်နေသည့် ရဟန်းများလည်း ဆုံဖူးပါသည်။ အချို့မှာမူ လူတို့၏စိတ်ကို ဖမ်းစားနိုင်ရန် ဓူတင်ကို အဗ္ဘုတအံ့သြဖွယ်အဖြစ် အထူးအဆန်းလုပ်ပြပြီး လာဘ၊ သက္ကာရ၊ သိလောကကို ရှာမှီးနေကြသည်ကို တွေ့ရပါသည်။ ဘုရားရှင်၏ ဓူတင်ကျင့်စေလိုသည့် ဆန္ဒတော်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်း သွေဖည်နေသည်ကိုတွေ့ရ၍ စိတ်မကောင်းဖြစ်ဖူးပါသည်။

ပြည်တွင်း၊ ပြည်ပမှ ရဟန်းများနှင့်အတူ ကာလအတန်ကြာ နေထိုင်ရာတွင် ဓူတင်ကို သူတို့နားလည် ကျင့်သုံးနေသည်မှာ နည်းမျိုးစုံလှသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် နိုင်ငံခြားသားရဟန်းသုံးပါးက စိတ်တူကိုယ်တူ နိသဇ္ဇဓူတင် ကျင့်သည်ကို အနီးကပ်တွေ့ဖူးသည်။ သူတို့သည် နေဝင်သည်မှစ၍ မိုးလင်းချိန်တိုင် စင်္ကြံလျှောက်ကြသည်။ တရားထိုင်ကြသည်။ တရားဆွေးနွေးကြသည်။ လဲလျောင်း၍ ကျိန်းစက်သည်ကို မတွေ့ရပါ။ သို့သော် သူတို့သည် နေ့အခါ၌

မွေ့ရာအထူပေါ်၌ ကျောဆန့်၊ ခေါင်းချပြီး အိပ်ကြသည်။ မေးကြည့်ရာတွင်သူတို့ နိသဇ္ဇိဓုတင် ဆောင်လာသည်မှာ ယမန်နေ့က ကိုးလပြည့်ပြီဖြစ်ကြောင်း ဂုဏ်ယူစွာ လျှောက်ကြသည်။

ရဟန်းတစ်ပါးကမူ ဆွမ်းလောင်းသည့်ဒကာမအား "ဒကာမကြီး ဦးဇင်း ပံ့သကူဓုတင် ဆောင်နေတယ်။ အခုသင်္ကန်းက ထူလည်းထူတယ်၊ အရောင်လည်း သိပ်မကြိုက်ဘူး။ ဒီသင်္ကန်းထက် အရောင်နည်းနည်းနုပြီး၊ ချည်သားစစ်စစ်သင်္ကန်းတစ်စုံကို မနက်ဖြန် ဆွမ်းခံလမ်းမှာ ပံ့သကူပစ်ပေး ပါနော်" ဟု ဆွမ်းခံအိမ်ရှေ့၌ မှာကြားသည်။ သူသည် ပံ့သကူဓုတင်အဆုံးအဖြတ်ကို မသိ၍ပေလော၊ သူသည် ပံ့သကူဓုတင်ဆောင်ရဟန်းဖြစ်ကြောင်းကို ထိုဒကာမများအား သိစေလို၍ပေလော မေးမြန်း လျှောက်ထားခွင့် မကြုံခဲ့သောကြောင့် မသိရပါ။

တောရကျောင်း၌ ဓုတင်ဆောင်ရဟန်းတစ်ပါးကမူ တိစီဝရိတ်ဓုတင်ဆောင်သည်ဟု သိရပါ သည်။ ကြည်ညိုမိသဖြင့် ဓုတင်ဆိုင်ရာအဆုံးအဖြတ်အချို့အပေါ် အမြင်ချင်း ဖလှယ်ကြပါသည်။ ထိုအခါ သိလာရသည်မှာ သူဆောင်သည့် တိစီဝရိတ်ဟူသည် ကျောင်း၌သုံးရန် တိစီဝရိတ်သင်္ကန်း သုံးထည်ထား၏။ ဆွမ်းခံလမ်း၌ နှစ်ထပ်သင်္ကန်း ပခုံးပေါ်တင်ရန် တိစီဝရိတ်သင်္ကန်းသုံးထည် ထား၏။ ခရီးစသည် ကြွရာတွင်သုံးရန် တိစီဝရိတ်သင်္ကန်း သုံးထည်ထား၏။ သူသည် သင်္ကန်း သုံးထည်နှင့် သင်္ကန်းသုံးစုံကို မကွဲမပြား ဖြစ်နေခြင်းလော မသိရပါ။ သို့သော် ထိုရဟန်း၌ ဆိုဆုံးမ လွယ်ကူသည့် သောဝစဿတာဂုဏ်ကို မတွေ့ရသဖြင့် ဆိတ်ဆိတ်နေလိုက်ပါသည်။

သုသာန်ဓုတင်ဆောင် ရဟန်းတစ်ပါး ဆုံဖူးပါသေးသည်။ သူသည် သူ့ဇနီးဟောင်း၏ ဂူကြီး ပေါ်၌ အမိုးမဏ္ဍပ်ထိုးပြီး နေ့နေ့ညည နေလေ့ရှိပါသည်။ ဆိုလာမီးဖြင့် ဖုန်းအားသွင်းပြီး၊ ကက်ဆက် ဖြင့် အလွမ်းသီချင်းများကို ရံခါဖွင့်တတ်သည်။ ထိုသုသာန်ဓုတင်ဆောင်သည်ဆိုသော ကိုယ်တော် ကြီးက သရဲကြောက်တတ်သောကြောင့် ရွာထဲက ကာလသားနှစ်ယောက်က အုတ်ဂူပေါ်၌ ညညလာ အိပ်ပေးရသည်။

ရဟန်းတစ်ပါးက သရဲခြောက်သည်ဟု နာမည်ကြီးနေသော တနင်္သာရီတိုင်းထဲက သုသာန် တစ်ခုကိုသွားပြီး ဓုတင်ကျင့်မည်ဟု ပြောသည်။ စာရေးသူကို လာပြောသည်မှာ ရဟန်းမဟုတ်ဘဲ မာတုဂါမတစ်ယောက် ဖြစ်နေသည်။ သူမေးသည်မှာ "တပည့်တော်တို့ဆရာတော်က လေယာဉ်နဲ့ သွားပြီး၊ ဟိုတယ်မှာတည်းမယ်။ ပြီးတော့ ညညသုသာန်ကြွပြီး ဓုတင်ဆောင်မှာပါဘုရား။ တပည့်တော် ကိုလည်း သုသာန်ဓုတင်ဆောင်ဖို့ တစ်ပါတည်း ခေါ်မယ်လို့မိန့်တယ်။ တပည့်တော်က သရဲကြောက် တယ်၊ ဒါကြောင့် လိုက်သွားဖို့ သင့်ပါ့မလားလို့ မေးလျှောက်တာပါ" ဟုပြော၏။ ဤမေးခွန်းကို ကြားရသဖြင့် အလွန်အမင်းပင် အံ့ဩမိပါသည်။ ဓုတင်အကျင့်သည် တန္တရ၊ မန္တရ အကျင့်ဖြစ်နေပြီ လော၊ ထေရဝါဒစံကို ကျော်လွန်၍ ကျင့်သည့်အကျင့် ဖြစ်နေပြီလော၊ ယတြာချေသည့် အကျင့် ဖြစ်နေပြီလောဟု အတွေးရေယဉ်ကြော၌ မျောပါမိပြီး ဒကာမကို မျက်လွှာပင့်ပြီး မျက်မှန်ပေါ်က ကျော်ကြည့်မိသည်။ လက်ညှိုးနှင့် လက်ခလယ်၌ ဓာတ်လုံးလက်စွပ် ပန်ဆင်ထားသည်။လက်ထဲတွင် အဝါရောင် ကိုးလုံးပုတီးတစ်ကုံး တွေ့ရသည်။ စိတ်ရှုပ်လာသဖြင့် သက်ပြင်းချမိသည်။ မေးခွန်းကို

လည်း မဖြေတတ်သောကြောင့် ဆိတ်ဆိတ်ပင် နေလိုက်ပါသည်။ ယနေ့ခေတ်တွင် ဓူတင်ကို အဘယ် ကဲ့သို့ နားလည်ပြီး၊ အဘယ်ရည်ရွယ်ချက်များဖြင့် ကျင့်နေပြီး၊ အဘယ်ကိလေသာတို့ကို ထိုဓူတင် ကျင့်စဉ်ဖြင့် သူတို့ ခါထုတ်နေသည်ကို ဉာဏ်မမီလောက်အောင် ဖြစ်သွားပါသည်။

ဧကာသနိက်ဓူတင်ဆောင် ရဟန်းတစ်ပါးကိုလည်း ဖူးတွေ့ခဲ့ရသေးသည်။ ဆုံလည်ကုလား ထိုင်ဖြင့် ဆုံလည်တပ်ထားသည့် စားပွဲကြီးအပေါ် ဆွမ်း၊ ဟင်းခွက်အပြည့်တင်ပြီး ဇွန်း၊ ခက်ရင်း၊ ဓားတို့ကိုသုံးပြီး တိုက်ပန်းကန်ပြား၊ ကြွေဇွန်းတို့ဖြင့် ဆွမ်းကို ဘုဉ်းပေးသည်။ သူသည်ဆွမ်းကို တစ်ထပ်တည်း၊ တစ်ထိုင်တည်း၊ တစ်ကြိမ်တည်းသာ ဘုဉ်းပေးကြောင်း မကြာခဏ ပြောပြတတ်သည်။ သို့သော် ထူးခြားနေသည်မှာ ဆွမ်းနှင့် တိုက်ရိုက်သက်ဆိုင်ပြီး မဖြစ်မနေပါရမည့်သပိတ် ပျောက် နေပါသည်။ ထိုသောတုဇနရဟန်းသည် သပိတ်မပါဘဲ ဆွမ်းဓူတင်ကျင့်နေဟန် တူပါသည်။ ခေတ်သစ်ဓူတင်ဆောင် ကိုယ်တော်ဖြစ်လိမ့်မည်ဟု တွေးမိပါသည်။

နေပြည်တော်၏ အစွန်အဖျားရှိ တောရကျောင်းတစ်ခုသို့ ရောက်ဖူးပါသည်။ တောထဲရှိ တောင်ကုန်းပေါ်၌ ဘုန်းကြီးအိုကြီးသုံးပါး သီတင်းသုံးနေသည်ကို ဖူးတွေ့ရပါသည်။ ဆွမ်းဓူတင် ဆောင်၍ ဆွမ်းခံစားကြောင်း၊ သက်န်းရှားပါးသောကြောင့် ခြိုးခြံစွာ သုံးပြုပါကြောင်း၊ နွားကျင်ငယ် ရည်ထဲ ဇီးဖြူဖန်ခါးသီးစိမ်ပြီး ဆေးအဖြစ်သုံးကြောင်း လျှောက်ကြသဖြင့် လေးစားကြည်ညိုမိပါသည်။

သို့သော် ကျောင်းဝင်းထဲ၌ အလွန်များပြားသည့် ကြက်အုပ်ကြီးကို တွေ့ရသဖြင့် “ကျောင်းဝင်းထဲ တောကြက်တွေ များလှပါလား”ဟု တွေးနေမိပါသည်။ ထိုအချိန်၌ ရဟန်းအို တစ်ပါးက “တပည့်တော်တို့ မွေးထားတဲ့ ကြက်တွေပါဘုရား။ ဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့ ဆွမ်း တွေသွန်ပစ်ရင် သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်အာပတ်သင့်မှာစိုးလို့ ကြက်တွေမွေးပြီး ဒီတောရသာသနာကို စောင့်ရှောက်နေတာပါဘုရား”ဟု စာသံပေသံဖြင့် ရဲဝံ့စွာလျှောက်သဖြင့် အံ့ဩမိနေစဉ်၌ပင် နောက် တစ်ပါးက “တပည့်တော်တို့ ကြက်ရောင်းပြီး ရတဲ့ပိုက်ဆံနဲ့ ဒီနှစ်ကမ္မဋ္ဌာန်းကျောင်းတစ်ဆောင် သွပ်မိုးနိုင်ပါပြီဘုရား”ဟု ပြောပြီး မိမိအရိပ်ခို၍ရပ်နေသည့် ကျောင်းဆောင်ကို လက်ညှိုးထိုးပြ ပါသည်။ ဤပုဂ္ဂိုလ်တို့သည် ဓူတင်ကိုအယောင်ပြပြီး အလဇ္ဇီပါပဘိက္ခုတို့၏ အကျင့် ကျင့်နေသည်ကို တွေ့ရပါသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သည် “မဟာစောရ”ရဟန်းယုတ်ထက် ယုတ်မာသည့် “မဟမဟာစောရ”ရဟန်းများ ဖြစ်လိမ့်မည်ဟု တွေးထင်မိပါသည်။

နောင်အနာဂတ်၌ ဓူတင်ကို လိုလားတော်မူလိုကြမည့် သူတော်ကောင်း ရဟန်းများအတွက် စံနမူနာယူစရာ အလွန်အမင်း ရှားပါးလာနေပါသည်။ သို့ဖြစ်ပါ၍ မထေရ်မြတ်များ မိန့်တော်မူ ဖူးသကဲ့သို့ “ဓူတင်သာသနာ အလင်းရောင် ကွယ်သွားပြီ၊ ယခု တိမ်တောက်၍ လင်းနေခြင်းပေလော” ဟု တွေးထင်နေမိပါသည်။

# ဓူတင် နှင့် ဓူတင်ဆောင်ရဟန်း



## ဓုတင် နှင့် ဓူတင်

MA ဦးဇင်း ။ ။ စာအုပ်တွေ၊ မဂ္ဂဇင်းတွေထဲမှာ ဓူတင်လို့လည်း ရေးကြတယ်။ ဓုတင်လို့လည်း ရေးကြတယ်။ ဘယ်ဟာအမှန်ပါလဲဘုရား။

ဆရာတော် ။ ။ ဓုတင်္ဂဆိုတဲ့ ပုဒ်ရင်းကို လေ့လာရင် ဓုတနဲ့ အင်္ဂကို တွေ့ရပါမယ်။ ဒါကို မြန်မာစာပေမှာကျတော့ ပါဠိသက်စကားလုံးအဖြစ် 'ဥ'သရ နဲ့ ဓုတင်လို့လည်း သုံးကြတယ်။

MA ဦးဇင်း ။ ။ တပည့်တော်တို့ စကားပြောတဲ့အခါမှာ ဓူတင်လို့ပဲ ပြောကြပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ မြန်မာစကားမှာ 'ဦ' သရနဲ့ ဓူတင်လို့ အသံရှည် ပြောဆို သုံးနှုန်းကြပါတယ်။ ဒါကြောင့် ပါဠိသက်စကားလုံး ဖြစ်နေတာမို့ အသုံး မှန်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ရှေးရှေးအခါကာလကတည်းက အခုလို ဓုတနဲ့ ဓူတဆိုပြီး နှစ်မျိုးဖြစ်တာ ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သျှင်မဟာသီလဝံသရဲ့ ဆုတောင်းခန်းပျို့မှာ 'ဓုတင်အမည်၊ ဝတ်ဆောက်တည်လျက်' လို့ ရေးတာတွေ့ရပြီး မဟာဇနကပျို့မှာကျတော့ 'သစ်တစ်ပင်၌၊ ဓူတင်တစ်ဆူ၊ ရုက္ခမူဖြင့်' လို့ တွေ့ရပြန်တယ်ဦးဇင်း။

MA ဦးဇင်း ။ ။ ရှေးရှေးပညာရှိတွေကလည်း ဓုတင်နဲ့ ဓူတင် နှစ်မျိုးလုံး ရေးသားခဲ့ကြတဲ့ အတွက် ကြိုက်သလို သုံးလို့ရပြီနော်ဘုရား။

ဆရာတော် ။ ။ အဲသလိုတော့ မဟုတ်သေးဘူးထင်တယ်။ ဒီကနေ့ခေတ် ပညာရှင်တွေက ပါဠိသက်အဖြစ်ရေးရင် ဓုတင်လို့ရေးကြပြီး၊ မြန်မာစကားပြေသက်သက် ရေးရင် စကားပြောသံနဲ့အတူ ဓူတင်လို့ ရေးကြပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီး ရေးသားတော်မူခဲ့တဲ့ ကျမ်းစာအုပ်တစ်အုပ်ရဲ့ နာမည်ကို ပါဠိ၊ မြန်မာ နှစ်ဘာသာနဲ့ ရေးတော်မူခဲ့ဖူးတယ်။

MA ဦးဇင်း ။ ။ ဘယ်စာအုပ်ပါလဲဘုရား။

ဆရာတော် ။ ။ ဓူတင်ဆိုင်ရာ စာအုပ်ပါ ဦးဇင်း။ "ဓုတင်္ဂဝိနိစ္ဆယ (ခေါ်) ဓူတင်အဆုံးအဖြတ် ကျမ်း" ဆိုပြီး ဓူတင်လို့ အသုံးနှစ်မျိုးသုံးထားတာ တွေ့ရပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မြန်မာမှာ ဓူတင်သုံးတာ တွေ့ရပြီး၊ ပါဠိမှာ ဓုတင်လို့ရေးတာ သတိပြုမိ ပါတယ်ဘုရား။ ဘုရားတပည့်တော်များ အခုစကားပြော လျှောက်ထား ရာမှာလည်း ဓုတင်လို့ပြောရတာ လျှာခလုတ်တိုက်လို့ ဓူတင်လို့ပဲ သုံးခွင့်ပြု တော်မူပါဘုရား။ ပါဠိသက်ဝေါဟာရ ဓုတင်နဲ့ ဓုရ အဓိပ္ပာယ် တူတူပဲလား ဘုရား။ ပြီးတော့ ဓူရနှစ်ဖြာလို့လည်း ဖတ်ဖူးတယ်။ အဲဒီမှာ ဓူတင်ပါသလား ဘုရား။

ဆရာတော် ။ ။ နေဦး၊ နေဦး။ ဓုတင်နဲ့ ဓုရ အဓိပ္ပာယ် မတူဘူးနော်။ ကိလေသာကို ခါထုတ်ပစ်နိုင်တဲ့အကျင့် An ascetic practice ကို ဓူတင်ခေါ်တယ်။ မလုပ် မနေရ ကောန်လုပ်ရမဲ့တာဝန်က ဓုရ Responsibility ဖြစ်ပါတယ်။ 'ရဟန်းကိစ္စ၊ နှစ်ဓုရကို၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပို့ကြီးပွားကြောင်း' လို့လည်း စာပေမှာ လာသေးတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် တက္ကသိုလ်တက်တုန်းက အလွတ်ကျက်ဖူးတယ်ဘုရား။ ရဟန်း များရဲ့ နှစ်ဓူရဆိုတာက ဘယ်ဟာတွေပါလဲဘုရား။

ဆရာတော် ။ ။ အေး ဟုတ်ပြီ။ ဖြေဖို့ ကျန်ရစ်ခဲ့တယ်။ စာပေဆိုင်ရာတာဝန်က ဂန္ထဓူရပါ၊ ဝိပဿနာတရား အားထုတ်ရမဲ့တာဝန်က ဝိပဿနာဓူရပါ ဦးဇင်း။

## သန္တုဋ္ဌိ သလ္လေခ ဖြစ်တိုင်း ဓူတင်မခေါ်ပါ

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အစားမှာလည်း ခြိုးခြံရမယ်။ အဝတ်သင်္ကန်းလည်း ခြိုးခြံ ရမယ်။ နေစရာ ကျောင်း၊ အိပ်ရာနေရာတွေမှာလည်း ခြိုးခြံရမယ်ဆိုတော့ ဓူတင်ကျင့်ရတာ တော်တော်ပင်ပန်းမယ်လို့ ထင်ပါတယ်ဘုရား။ ဒီတော့ စား၊ ဝတ်၊ နေရေး အကုန်လုံးကို ခြိုးခြံရမယ်။ မစားဘဲ၊ မဝတ်ဘဲ၊ မအိပ်ဘဲ ကျင့်ရမယ်ဆိုတဲ့ အကျင့်မျိုးကိုလည်း ဓူတင် ခေါ်နိုင်ပါသလားဘုရား။

ဆရာတော် ။ ။ အဝတ်မဝတ်ဘဲ ကျင့်တဲ့အကျင့်၊ ထမင်းကို လက်ထဲခံယူပြီး မတ်တတ်စားပြီး ကျင့်တဲ့အကျင့်၊ မတ်တတ်ရပ်လျက် ကျင်ကြီးစွန့်တဲ့ အကျင့်တွေက သာသနာပြင်ပက ဘာသာခြားတို့ရဲ့ အကျင့်သာဖြစ်တယ်။[၁] သာသနာတွင်း အကျင့်နဲ့ မသက်ဆိုင်ပါဘူး။ အဲသလို အကျင့်မျိုးကို ဓူတင်လို့လည်း မခေါ်ပါဘူးဦးဇင်း။

MA ဦးဇင်း ။ ။ ဓူတင်အကျင့်ကလည်း အဲသလို ကိုယ်ဆင်းရဲ ဒုက္ခခံပြီး ကျင့်ရတဲ့ အကျင့်မျိုးပဲ မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ဦးဇင်းတွေးတဲ့ အတွေးအခေါ်မျိုးကို ရှေးရှေးအခါတုန်းက မိလိန္ဒမင်းကြီးလည်း တွေးဖူးတယ်။ ဒါကြောင့် အရှင်နာဂသိန်ကို မေးခွန်းတစ်ခု မေးလျှောက်ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော်အတွေးနဲ့တူတဲ့ ဘုရင်ကြီးရဲ့ မေးခွန်းနဲ့ အဖြေကိုလည်း အကျယ်သိပါရစေဘုရား။

ဆရာတော် ။ ။ 'ရဟန်းအဖြစ်ကို မခံယူပါဘဲလျက်လည်း တရားကျင့်၍ ရနိုင်ပါမူကား အရှင်ဘုရားတို့၏ ရဟန်းအဖြစ် ကျင့်သုံးခြင်းသည် အကျိုးမဲ့၊ အချည်းနှီး ဖြစ်လေစွတကား။ ရှေးရှေးဘဝတုန်းက ပြုခဲ့သော အကုသိုလ်ကံကြောင့် ယခုဘဝတွင် ဒုက္ခခံကာ ရဟန်းပြုကြရကုန်၏။ ဓုတင်အကျင့်ကို ကျင့်ကြရကုန်၏' တကားလို့ အပြစ်တင်ပြီး လျှောက်တယ်။[၂]

MA ဦးဇင်း ။ ။ တော်တော်ကြီးကို အပြစ်မြင်လျှောက်လိုက်တာပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သူက ဆက်လျှောက်သေးတယ် 'ဧကာသနိက်ဓူတင်ဆောင်၍ တစ်ထပ်သာ စားကြရသော ရဟန်းတို့သည် ရှေးရှေးဘဝက သူတစ်ပါး၏ ပစ္စည်းကို ခိုးခဲ့ကြလေယောင်တကား။ ထိုအကုသိုလ်ကံကြောင့် အချိန်မရွေး စားသောက်ခွင့် မရကြဘဲ တစ်နေရာတည်း၌ တစ်ထပ်သာ စားကြလေယောင်တကား။ အဗ္ဘောကာသိက ဓူတင်ဆောင်၍ လွင်တီးခေါင်၌ နေထိုင်ကြရသော ရဟန်းတို့သည်လည်း ရှေးရှေးဘဝတို့၌ ကျေးလက်တောရွာတို့ကို ဖျက်ဆီးခဲ့သော ခိုးသားဓားပြတို့ ဖြစ်ခဲ့ကြလေယောင်တကား။ ထိုသို့ ဖျက်ဆီးခဲ့ကြဖူးသောကြောင့် အမိုးအကာအောက်တွင် နေထိုင်ခွင့်မရကြဘဲ လွင်တီးခေါင်၌ နေကြရလေယောင်တကား။ နိသဇ္ဇိဓူတင် ဆောင်၍ ထိုင်လျက်သာ နေကြရသော ရဟန်းတို့သည်လည်း ရှေးရှေးဘဝ၌ လမ်းခရီးမှ စောင့်ကြို နှိပ်စက်ကြသော ခိုးသားဓားပြတို့ ဖြစ်ခဲ့ကြလေယောင်တကား။ ထိုအကုသိုလ်ကံကြောင့် ယခုဘဝတွင် အိပ်စက်ခွင့်မရဘဲ ထိုင်လျက်သာ နေကြရလေယောင်တကား' လို့ ဓူတင်အကျင့်မြတ်ကို အပြစ်တင်ပြီး စကားနိုင်ယူခဲ့ဖူးတယ် ဦးဇင်း။

---

၁။ (၁၉၄) တပေါပက္ကမကထာ၊ မဟာသီဟနာဒသုတ္တ၊ သီလက္ခန္ဓဝဂ္ဂပါဠိ (နှာ-၁၅၇)၊

✳ (၅၅) တပေါဇိဂုစ္ဆာဝါဒ၊ ဥဒုမ္ဗရိကသုတ္တ၊ ပါထိကဝဂ္ဂပါဠိ (နှာ-၃၂)

၂။ (၂) ဓုတင်္ဂပဉှ၊ အနုမာနဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ (နှာ-၃၃၂)

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ဒါဆိုရင် ဘုရားရှင်ရဲ့တပည့် ရဟန်းများက ဘယ်ကဲ့သို့ မြင့်မြတ်ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ ခြိုးခြံခေါင်းပါးတဲ့ ဓုတင်အကျင့်ကို ကျင့်ကြတာပါလဲဘုရား။

ဆရာတော် ॥ ॥ ဓုတင်ကို ကျင့်ခြင်းရဲ့ ပင်မပဓာန၊ အဓိက ရည်ရွယ်ချက်က လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ စိတ်ရဲ့ အညစ်အကြေးတွေကို ဖယ်ထုတ်ဖို့ ကျင့်ရတာပါ။ စိတ်ရဲ့ အညစ်အကြေးတွေကို ခါထုတ်ဖို့ ကျင့်ရတာပါဘုရား။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ အကြောင်းအထောက်အပံ့အတွက် ကျင့်ရတာပါဘုရား။[၁]

## ဓုတင်ဆောင်ရဟန်းကို ဓုတင်က စောင့်ရှောက်ပေးသည်

MA ဦးဇင်း ॥ ॥ သိပ်ပြီးကို ကြီးကျယ် မြင့်မြတ်တဲ့ ရည်ရွယ်ချက်တွေပါဘုရား။ တပည့်တော် သိချင်သေးတာက ဘယ်ဓုတင်က ဘယ်အပေါ်မှာ ဖြစ်ခွင့်ရှိတဲ့ ဘယ်လို ကိလေသာအညစ်အကြေးတွေကို မဖြစ်အောင် စောင့်ရှောက်ပေးတယ်ဆိုတာ အသေးစိတ် ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ်။ ရှိတယ်၊ ရှိတယ် ဦးဇင်း။ သင်္ကန်းမှာ ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို သင်္ကန်းသုံးထည်ကိုသာဆောင်တဲ့ တိစီဝရိက်ဓုတင်နဲ့ အမှိုက်ပုံတို့၊ အလောင်းကောင်တို့ကနေ ကောက်ယူရတဲ့ သင်္ကန်းကိုဆောင်တဲ့ ပံသုကူ ဓုတင် ၂ ပါး တို့က တိုက်ထုတ် ကာကွယ်ပေးနိုင်ပါတယ်။ ဆွမ်းခံပြီး ဘုဉ်းပေးရတဲ့ ပိဏ္ဍပါတ်ဓုတင်၊ အိမ်အစဉ်အတိုင်း ဆွမ်းခံရတဲ့ သပဒါနစာရိကဓုတင်၊ တစ်ကြိမ်တည်း ဘုဉ်းပေးရတဲ့ ဧကာသနိက်ဓုတင်၊ တစ်ခွက်တည်းနဲ့ ဘုဉ်းပေးရတဲ့ ပတ္တပိဏ်ဓုတင်ပါဝင် ဆွမ်းဓုတင် ၅ ပါးက ဆွမ်းနဲ့စပ်လျဉ်းပြီးတော့ ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ကာကွယ် စောင့်ရှောက်ပေးနိုင်ပါတယ် ဦးဇင်း။[၂]

MA ဦးဇင်း ॥ ॥ မှန်ပါ။ ကျင့်ရင်ကျင့်သလောက် ကျေးဇူးများလွန်းတဲ့ အကျင့်ပါဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ဆက်ပြီး ပြောပြဦးမယ်နော်။ တောကျောင်းမှာနေရတဲ့ အာရညကင်ဓုတင်၊ သစ်ပင်ရင်းမှာနေရတဲ့ ရုက္ခမူဓုတင်၊ လွင်တီးခေါင်မှာ နေရတဲ့ အဗ္ဘောကာသိကဓုတင်၊ သုသာန်မှာနေရတဲ့ သုသာန်ဓုတင်နဲ့ သံဃာညွှန်ရာကျောင်းမှာသာနေရတဲ့ ယထာသန္ထတိ ဓုတင်တွေက ကျောင်း၊ အိပ်ရာနေရာနဲ့ စပ်ပြီးတော့ ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ကာကွယ်ပေးနိုင်ပါတယ်။[၃]

---

၁။ (၂) ဓုတင်္ဂပဉှ၊ အနုမာနဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ (နှာ-၃၃၂)
၂။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၉)
၃။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၉)

MA ဦးဇင်း ။ ။ နောက်ဆုံးအမှတ်စဉ် ၁၃ နိသဇ္ဇိဓုတင်က ဘာကိုကာကွယ်ပေးတာပါလဲဘုရား။

ဆရာတော် ။ ။ ပျင်းရိ၊ ထိုင်းမှိုင်း၊ ငိုက်မြည်းနေတဲ့ ထိနမိဒ္ဓ ကိလေသာကို တိုက်ထုတ်ဖို့ နိသဇ္ဇိဓုတင်က ကာကွယ်ပေးနိုင်ပါတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ ဓုတင်တစ်ပါးချင်းစီက ကိလေသာများကို တိုက်ထုတ်ပေးနိုင်တာ သိခွင့်ရပါပြီဘုရား။ ဓုတင် ၁၃ ပါးကို အကျဉ်းမှတ်တဲ့နည်းများ ရှိသေးရင်လည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဓုတင် ၁၃ ပါးကို အလွယ်မှတ်မိအောင် ဓုတင်ကိုမြတ်နိုးတော်မူတဲ့ တောရဆရာတော်တစ်ပါးက ဘုန်းကြီးကို နည်းပေးထားတာရှိတယ်။ 'ငါးငါးနှစ်တစ်' လို့ မှတ်ရမယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ငါးငါးနှစ်တစ် ကို ဂဏန်းသင်္ချာနဲ့ ဘယ်လိုမှတ်ရတာပါလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ပြောပြမယ်နော်။ ဂဏန်းသင်္ချာနဲ့ ၅၅၂၁ လို့ မှတ်ရမယ်ဆိုတာက ပထမဦးဆုံး ၅ က ဆွမ်းဓုတင် ၅ ပါး။ ဒုတိယ ၅ က ကျောင်းနေရာဆိုင်ရာ ဓုတင် ၅ ပါး။ တတိယ ၂ က သင်္ကန်းဆိုင်ရာ ဓုတင် ၂ ပါး။ နောက်ဆုံး ၁ က နိသဇ္ဇိဓုတင် ၁ ပါးနော်။ ဂဏန်းသင်္ချာက အခုလိုကြီးစဉ်ငယ်လိုက် ၅၅၂၁ စဉ်ထားတာဆိုတော့ မှတ်မိလွယ်တာပေါ့ဘုရား။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ အခုလို တူရာတူရာ အုပ်စုလိုက် မှတ်ထားတဲ့အတွက် မမေ့တော့ပါဘူးဘုရား။ ဒီ ၅၅၂၁ အုပ်စုထဲက ဓုတင်တွေရဲ့ အဓိပ္ပာယ်ကို မြန်မာလို မှတ်မိလွယ်တဲ့နည်းများ ရှိသေးရင်လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဆွမ်းဓုတင် ၅ ပါးက စပြီး စာသံပေသံမပါ မြန်မာစကား ရိုးရိုးလေးနဲ့ပြောပြမယ်နော်။ 'ဆွမ်းခံစားပါ့မယ်ဘုရား'၊ 'အိမ်စဉ်အတိုင်း ဆင်းရဲချမ်းသာမရွေးကြွပါ့မယ်ဘုရား'၊ 'တစ်နေ့မှာတစ်ခါ နေရာမရွှေ့ဘဲ စားပါ့မယ်ဘုရား' 'တစ်ခွက်တည်း စားပါ့မယ်ဘုရား'၊ 'တော်ပြီ၊ တန်ပြီ ပြောမိရင် နောက်တစ်ခါ မစားတော့ပါဘုရား' တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မြန်မာစကားနဲ့ ပေါ့ပေါ့ပါးပါး၊ လွယ်လွယ်ကူကူ ကြားနာရ မှတ်သားခွင့်ရတာ ကျေးဇူးတင်ပါတယ်ဘုရား။ ဆွမ်းဓုတင် ၅ ပါးရပါပြီဘုရား။

ဆရာတော် ။ ။ ဒုတိယ ၅ က ကျောင်းနေရာဆိုင်တဲ့ ဓုတင်နော်။ 'တောရကျောင်းမှာ နေပါ့မယ်ဘုရား'၊ 'သုသာန်မှာ နေပါ့မယ်ဘုရား'၊ 'သစ်ပင်အောက်မှာ နေပါ့မယ်ဘုရား'၊ 'မိုးကောင်းကင်အောက် နေပါ့မယ်ဘုရား'၊ 'ထားရာကျောင်းမှာ နေပါ့မယ်ဘုရား'တဲ့။ နောက် ၂ ရှိသေးတယ်။ ဒီ ၂ က သင်္ကန်းဓုတင်

---

၁။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၉)
* မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန် (နှာ-၂၂)

ဆိုင်ရာနော်။ 'သက်န်းသုံးထည် သုံးပါ့မယ်ဘုရား'၊ 'ပံ့သုကူသက်န်း သုံးပါ့မယ်ဘုရား'တဲ့ ဦးဇင်း။ နောက်ဆုံး ၁ ကတော့ ဝီရိယဓုတင်နော်။ 'ခါးဆန့်ခေါင်းချပြီး မအိပ်ပါဘုရား'တဲ့။

MA ဦးဇင်း ။ ။ ကျေးဇူးတင်ပါတယ်ဘုရား။ အခုလို ခြိုးခြိုးခြံခြံ၊ ပင်ပင်ပန်းပန်း ကျင့်ရတဲ့အတွက် တချို့သူတွေက သာသနာတော်မှာ ဓုတင်အကျင့် ကျင့်တာကို သက်သက် ဒုက္ခခံကြတာလို့ စွပ်စွဲချင်ကြတာ အပြစ်ကြီးလှပါတယ်ဘုရား။

ဆရာတော် ။ ။ သူတို့ သာသနာ့အဆုံးအမကို ထဲထဲဝင်ဝင် မသိလို့ ပြောကြတာပါ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးပေါ်မှာ တွယ်တာမှု တဏှာကို ဒီဓုတင် ၁၃ ပါးနဲ့ ဘုရားရှင် ကာကွယ်ပေးတော်မူတာပါ။ ဒါကြောင့် ဓုတင်ကျင့်တဲ့ ရဟန်းရဲ့ ဘာဝနာလုပ်ငန်းက အနှောင့်အယှက်မရှိ ဖြောင့်ဖြောင့်တန်းတန်းကြီးကို တိုးတက်ပြီးတော့ အရိယာဖြစ်တဲ့အထိ ကျေးဇူးပြုနိုင်တယ်ဦးဇင်း။

MA ဦးဇင်း ။ ။ သာဓုပါဘုရား။ အခုလို သိရတာ ဝမ်းမြောက်ပါတယ်ဘုရား။

ဆရာတော် ။ ။ အခုလို မြင့်မြတ်တဲ့ ဓုတင်အကျင့်ကို ဘဝ တစ်သက်တာလုံး ဆောက်တည်တော်မူခဲ့တဲ့ ဓုတင်ဧတဒဂ် အရှင်မဟာကဿပ မထေရ်မြတ်ကြီးတို့ကို အတုယူပြီး အပ္ပိစ္ဆတာ အလိုနည်းတဲ့ဂုဏ်၊ သန္တုဋ္ဌိတာ ရောင့်ရဲလွယ်တဲ့ ဂုဏ်တွေနဲ့ ပြည့်စုံလိုတဲ့ ရဟန်းတော်များက ဓုတင်အကျင့်ကို မပျက်မကွက် ကျင့်သုံး ဆောက်တည်ကြရပါမယ်ဘုရား။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် တစ်နေ့ကျရင် ဓုတင်ကို မဖြစ်မနေ ကျင့်ပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓု၊ သာဓု၊ သာဓုပါ ဦးဇင်း။

## သာမဏေ နှင့် လူတို့အတွက်ဓုတင်

MA ဦးဇင်း ။ ။ ရဟန်းများက ဓုတင် ၁၃ ပါး ဆောင်ခွင့်ရှိတာကို သိရပါပြီဘုရား။ ရှင်သာမဏေတွေလည်း ဓုတင် ၁၃ ပါး ကျင့်ချင်ရင် ကျင့်ခွင့်ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရဟန်းတော်များအတွက် ဘုရားရှင် ခွင့်ပြုတော်မူထားတဲ့ နှစ်ထပ်သင်္ကန်းကို သာမဏေတွေက သုံးခွင့်မရှိပါဘူး။ ဒါကြောင့် ဓုတင် ၁၃ ပါးထဲက တိစီဝရိက်မှတစ်ပါး ကျန်တဲ့ ဓုတင် ၁၂ ပါးကို တန်းတူကျင့်ခွင့် ရှိပါတယ်။[၁]

MA ဦးဇင်း ။ ။ ကိုရင်လေးကနေ အသက် ၂၀ ပြည့်လို့ ရဟန်းဖြစ်လာရင်တော့ ဓုတင်အားလုံး အပြည့် ဆောင်နိုင်ပြီလားဘုရား။

ဆရာတော် ။ ။ ရဟန်းဖြစ်ရင် အားလုံးဆောင်နိုင်ပါပြီ။

MA ဦးဇင်း ။ ။ လူတွေလည်း ဓုတင်ကျင့်လို့ရတယ်လို့ ဖတ်ဖူးပါတယ်ဘုရား။ သူတို့က ဘယ်နှစ်ပါး ကျင့်နိုင်တာလဲဘုရား။

၁။ (၄၈၀-၁-၉) ဥဒေါသိတသိက္ခာပဒဝဏ္ဏနာ၊ စီဝရဝဂ္ဂ၊ ဝဇိရဗုဒ္ဓိဋီကာ (နှာ-၂၃၃)

ဆရာတော် ။ ။ လူ ဒကာ၊ ဒကာမတွေက တစ်နေ့တစ်ကြိမ်တည်းပဲ စားခွင့်ရှိတဲ့ ဧကာသနိက်ဓုတင်နဲ့ တစ်ခွက်တည်း၊ တစ်ထိုင်တည်းသာ စားခွင့်ရှိတဲ့ ပတ္တပိဏ်ဓုတင်တို့ကို ဆောက်တည်နိုင်ကြပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ လူက ဓုတင် ၁၃ ပါးထဲက ၂ ပါးပဲ ကျင့်လို့ရတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဝိသုဒ္ဓိမဂ်ဆရာတော်ကတော့ လူတွေဓုတင် ၂ ပါးပဲ ရတယ်လို့ပြပါတယ်။ သို့သော် လူတွေကျင့်လို့ရတဲ့ဓုတင်ကို မစဉ်းစားဘဲ၊ လူတွေကျင့်လို့မရတဲ့ ဓုတင်ကို စဉ်းစားရင် ပံ့သကူဓုတင်နဲ့ တိစီဝရိက်ဓုတင်ဆိုတဲ့ သင်္ကန်းနဲ့ ဆိုင်တဲ့ဓုတင်နှစ်ပါးကို လူတွေကျင့်လို့ မရနိုင်ဘူး။ ဆွမ်းဓုတင်ထဲက တချို့လည်း အခက်အခဲ ရှိနိုင်မယ်ထင်တယ်။ ကျန်တဲ့ဓုတင်တွေထဲက လူတွေကြိုးစားကြံဆပြီးကျင့်ရင် ရနိုင်တာ အများကြီး ရှိနိုင်ပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပမာပြရရင် သစ်ပင်အောက်မှာ နေတာရနိုင်တယ်။ မိုးကောင်းကင်အောက် လွင်တီးခေါင်မှာ နေတာရနိုင်တယ်။ သတ္တိကောင်းရင် လူခြေတိတ်ချိန်မှာ သုသာန်ထဲ သွားနေတာ ရနိုင်သေးတယ်။ တောအင်္ဂါ ပြည့်ပြည့်စုံစုံ ရတဲ့နေရာမှာ အရုဏ်တက်တဲ့အချိန်အထိ နေမယ်ဆိုရင်လည်း အာရညကင်ဓုတင် ရနိုင်တယ်လေ။ ဓုတင်ကို ကျင့်နိုင်ရင် ကျင့်နိုင်သလောက် နောင်ဖြစ်လတ္တံ့သော ဘဝါဘဝအတွက် ဝါသနာထုံတဲ့ အကျိုးကိုရတာပါဦးဇင်း။

MA ဦးဇင်း ။ ။ ပံ့သကူအဝတ်လည်း ကောက်ပြီးသုံးရင် ရနိုင်လောက်ပါတယ်ဘုရား။

ဆရာတော် ။ ။ စွန်းလွန်းဆရာတော် အလောင်းအလျာ သူလူ့ဘဝတုန်းက တရားကို ပိုပြီးလွတ်လွတ်လပ်လပ် အားထုတ်ရအောင်လို့ ဘယ်အထိ ကြံစည်ခဲ့သလဲဆိုရင် 'အဝတ်အတွက် ဂုံနီအိတ်တစ်လုံးကို လက်နှစ်ဖက်နေရာနဲ့ ခေါင်းနေရာ အပေါက်ဖောက်ပြီး စွပ်ထားမယ်။ စားစရာကို တောင်းရမ်းစားပြီး အရူးတစ်ယောက်လိုနေပြီး တရားအားထုတ်ရကောင်းမလား'လို့[၂] စဉ်းစားမိခဲ့သတဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်အလောင်းအလျာ အဝတ်နဲ့ အစားကို ခြိုးခြံဖို့ ကြံစည်တော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သူက ဓုတင်လို့ အမည်နာမ မတပ်ခဲ့ပါသော်လည်း ဓုတင်ရဲ့ဂုဏ်ရည်ဖြစ်တဲ့ အလိုနည်းတဲ့ အပ္ပိစ္ဆတာဂုဏ်၊ ရောင့်ရဲလွယ်တဲ့ သန္တုဋ္ဌိတာဂုဏ်တော့ ပေါ်လွင်ပါတယ်။ သို့သော် ဓုတင်ကို လူလိုကျင့်ရင်တော့ လူလောက်ပဲ ကျင့်နိုင်မှာပါ ဦးဇင်း။

---

၁။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၈၀)
၂။ ဓမ္မာစရိယဦးဌေးလှိုင်ရေးသားပြုစုသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (၁၉၉၂) ခုနှစ်
* ပရမတ္ထသရူပဘေဒနီ ဒုတိယတွဲ (နှာ-၁၄၄) * မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန် (နှာ-၂၂)

# ဓူတင်ဆောက်တည်မည်ဆိုပါက

MA ဦးဇင်း ။ ။ ဓူတင်ကို သီတင်းသုံးဖော်များတောင် မသိအောင် သိုဝှက် ဆောက်တည်ရမယ်လို့ နားလည်ထားပါတယ်ဘုရား။ တစ်ဖက်ကလည်း ဓူတင်ကို အဓိဋ္ဌာန်ပြီး ဆောက်တည်ရမယ်၊ ဆရာ့ထံပါး နည်းခံယူရမယ်လို့လည်း ဆိုထားတော့ ဘယ်ကဲ့သို့ ဓူတင်ကို ဆောက်တည်ရမလဲဆိုတာ သိပါရစေဘုရား။

ဆရာတော် ။ ။ ဒါလည်း မေးသင့်တဲ့ မေးခွန်းပါပဲ ဦးဇင်း။ ဓူတင်ဆောက်တည်လိုတဲ့ ရဟန်းက မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိရင် ဘုရားထံတော်မှောက်သွားပြီး ဆောက်တည်ရပါမယ်။ ဒါမှမဟုတ် မဟာသာဝကကြီးတို့ရဲ့ ရှေ့တော်မှောက်ကိုသွားပြီး ဆောက်တည်ရမယ်။ ဒါမှမဟုတ်ရင် ရဟန္တာပုဂ္ဂိုလ်ရဲ့ ရှေ့မှောက်ကိုသွားပြီး ဆောက်တည်ရမယ်။ ဒါမှမဟုတ်ရင် အနာဂါမ်ပုဂ္ဂိုလ်ရဲ့ ရှေ့မှောက်ကိုသွားပြီး ဆောက်တည်ရမယ်။ ဒါမှမဟုတ်ရင် သကဒါဂါမ်ပုဂ္ဂိုလ်ရဲ့ ရှေ့မှောက်ကိုသွားပြီး ဆောက်တည်ရမယ်။ ဒါမှမဟုတ်ရင် သောတာပန်ပုဂ္ဂိုလ်ရဲ့ ရှေ့တော်ကိုသွားပြီး ဆောက်တည်ရမယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ အခုကာလမှာက ဘုရားရှင်လည်း မရှိတော့ပါဘုရား။ မဟာသာဝကကြီးများလည်း မရှိပါဘုရား။ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်တို့ကိုလည်း ဘုရားတပည့်တော် မရှာတတ်ပါဘုရား။ ဒါဆိုရင် ဘယ်လို ဆောက်တည်ရပါမလဲဘုရား။

ဆရာတော် ။ ။ ဒါဆိုရင် ပိဋကသုံးပုံဆောင်၊ နှစ်ပုံဆောင်၊ တစ်ပုံဆောင်၊ နိကာယ်ငါးရပ်ထဲက နိကာယ်တစ်ပါးပါးကိုဆောင်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ ရှေ့မှောက်မှာ ဆောက်တည်ရမယ်တဲ့ဦးဇင်း။[၂]

MA ဦးဇင်း ။ ။ ဒီမှာလည်း အခက်အခဲရှိနေသေးရင် ဘယ်လိုများ ဆောက်တည်ရမလဲဘုရား။

ဆရာတော် ။ ။ မိမိအလေးဂရုထားပြီး လေးစားတဲ့ ဆရာသမားများရဲ့ ရှေ့မှာ ဆောက်တည်ရင်လည်းရနိုင်တယ်လို့ နဘူးကျောင်းဆရာတော်ကြီး ဆုံးဖြတ်ပေးတော်မူဖူးတယ်ဦးဇင်း။

MAဦးဇင်း ။ ။ မှတ်သားပါ့မယ်ဘုရား။ နောက်ထပ် ရှိသေးရင် သိချင်ပါသေး တယ်ဘုရား။

ဆရာတော် ။ ။ စေတီရင်ပြင်ကို တံမြက်စည်းလှည်း၊ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီးတော့ မြတ်စွာဘုရားရှင် ရှေ့တော်မှောက်မှာ ဆိုဘိသကဲ့သို့ နှုတ်က ဆိုပြီးတော့ ဆောက်တည်လို့လည်း ရပါသေးတယ်ဦးဇင်း။[၃]

---

၁။ (၂၃) ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ ( နှာ-၅၉)
၂။ (၂၃) ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ ( နှာ-၅၉)
၃။ (၂၃) ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ ( နှာ-၅၉)
* မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန် (နှာ-၂၂)

MA ဦးဇင်း ॥ ॥ မှန်ပါ။ ပြီးတော့ တစ်ခုသိချင်တာက ဓူတင်ကို သိုသိုသိပ်သိပ် ဆောင်ရမယ်။ ဆရာရှာရမယ်လို့လည်း ဆိုထားပါတယ်ဘုရား။ လျှို့ဝှက် သိုသိပ်စွာ ကျင့်နေတဲ့ ဓူတင်ဆောင်ဆရာရှာရတာ အခက်အခဲ ရှိမယ်ထင်ပါတယ်ဘုရား။ တပည့်တော် ဓူတင်ကို အမြတ်ဆုံး ဥက္ကဋ္ဌကနေစပြီး ဆောက်တည်ဖို့ စဉ်းစားထားတဲ့အတွက် ဆရာရှာရမှာပါမယ်ဘုရား။

ဆရာတော် ॥ ॥ ဦးဇင်းရဲ့ သဒ္ဓါတရားကိုတော့ အသိအမှတ်ပြုပါတယ်ဘုရား။ ဓူတင်ကို ဆိုင်းဘုတ်တပ်ပြီး ကျင့်တဲ့ကျောင်းမျိုးကို ရှာရမှာမဟုတ်ပါဘူး ဦးဇင်း။ ရဟန်းသီလကိုမြတ်နိုးတဲ့ အဝန်းအဝိုင်းမှာရှိတဲ့ သံဃာတော်များက ဓူတင်ကို ကျင့်မြဲ ဖြစ်ပါတယ်။ ဒါကြောင့် ဓူတင်ကျင့်တဲ့ကျောင်းကိုမရှာဘဲ ရဟန်းသီလ ပြည့်စုံအောင် ဖြည့်ကျင့်လေ့ရှိတဲ့ တောရကျောင်းမျိုးကိုရှာရင် ဦးဇင်းအတွက် ဓူတင်သင်ကြားပေးမဲ့ ဆရာကောင်းကို ဧကန်မုချ တွေ့မှာပါ။ တစ်ဆက်တည်း ပြောပြချင်တာက ဓူတင်ကို ကိုယ်တိုင် ကျင့်သုံးတော်မူလေ့ရှိတဲ့ သီတင်းသုံးဖော်များက အရှင်ဘုရားတို့လို သဒ္ဓါပဗ္ဗဇိတရဟန်းတော်များ အတွက် မိန့်ကြားတော်မူလေ့ရှိတဲ့စကား ရှိပါတယ်။

MA ဦးဇင်း ॥ ॥ အဲဒီ ဩဝါဒစကားကိုလည်း နာကြားပါရစေဘုရား။

ဆရာတော် ॥ ॥ ဓူတင်ကျင့်ချင်ရင် ကိုယ်တိုင် ဓူတင်ကျင့်နေတဲ့ဆရာကို တွေ့အောင်ရှာပါ။ ပြီးတော့ 'အလွယ်ဆုံးဖြစ်တဲ့ မုဒုကနေ စကျင့်တော်မူပါဘုရား'တဲ့။

MA ဦးဇင်း ॥ ॥ ဘာဖြစ်လို့ပါလဲဘုရား။

ဆရာတော် ॥ ॥ ဒါက ရေရှည် ရဟန်းတစ်သက်ကျင့်ရမဲ့ ကျင့်စဉ်ဖြစ်တဲ့အတွက် သိပ်ကြီးခက်ခဲနေရင် စိတ်ဓာတ်တွေကျပြီး 'ငါလို ပါရမီနည်းတဲ့ရဟန်းအတွက် ဒီဓူတင်ကျင့်စဉ်က အဆင်မပြေလောက်ပါဘူး' ဆိုပြီး ပါရမီလွှဲချပြီးတော့ ဓူတင်ကို စွန့်ပစ်မိတတ်တယ်။ တချို့ရဟန်းတွေမှာကျတော့ အမွန်မြတ်ဆုံး ဥက္ကဋ္ဌကနေ စလိုက်တော့ ပင်ပန်းမခံနိုင်တော့လို့ ကြောက်သွားတာမျိုးလည်း ရှိတယ်ဘုရား။ ဒါကြောင့် မုဒုလို လွယ်ရာကနေ ကျင့်ရင်းကျင့်ရင်း တဖြည်းဖြည်း မဇ္ဈိမတို့၊ ဥက္ကဋ္ဌတို့ကိုလည်း ရောက်နိုင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် မုဒုကနေ မဇ္ဈိမတို့၊ ဥက္ကဋ္ဌတို့ကို ရောက်ဖို့လွယ်ကူတဲ့ ဓူတင်များ ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှိတယ်။ ရှိပါတယ်။ ဓူတင် ၁၃ ပါးထဲက အာရညကင်ဓူတင်ဆိုရင် မဇ္ဈိမတို့၊ ဥက္ကဋ္ဌတို့ကို သိပ်ကြီးကြောင့်ကြမစိုက်ရဘဲ ရနိုင်တယ်လေ။ ဆိုပါစို့။ နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး တောရတဲ့ကျောင်းမှာ သီတင်းသုံးပြီး အာရညကင်ဓူတင်ကို မပျက်အောင် ဆောင်ထားမယ်ဆိုရင် အာရညကင်ဥက္ကဋ္ဌဓူတင်ဆောင် ဂုဏ်ရည်ကို ရတယ်လေဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ မှတ်သားလိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒီအာရညကင်ခူတင်ကို ဥတုနဲ့ပိုင်းခြားရတယ် ဦးဇင်း။ ဆိုကြပါစို့ ဝါဆိုလပြည့်ကျော် ၁ ရက်ကနေ တန်ဆောင်မုန်းလပြည့်အထိ မိုးဥတုနော်။

MA ဦးဇင်း ။ ။ မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်ကနေ တပေါင်းလပြည့်အထိ ဆောင်းဥတုယူရမယ်။ တပေါင်းလပြည့်ကျော် ၁ ရက်ကနေ ဝါဆိုလပြည့်အထိကို နွေဥတုယူရမယ် ဦးဇင်း။ အာရညကင်ခူတင် ဆောင်မဲ့ရဟန်းက ဥတုတစ်ခုခုကို မှီရမယ်ဘုရား။ ဥပမာ ပြောရရင် မိုးတစ်ဥတုကို အာရညကင်ခူတင်ဆောင်မယ်ဆိုရင် ဝါဆိုလပြည့်ကျော် တစ်ရက်ကနေစရမယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အာရညကင်ခူတင်ရဲ့ ဥတုယူဆပုံက ဝါဆိုတာနဲ့ တူတူယူရတာပါလားဘုရား။

ဆရာတော် ။ ။ ဝါဆိုလပြည့်ကျော်တစ်ရက်က စမယ်ဆိုတာတော့ တူတယ် ဦးဇင်း။ သီတင်းကျွတ်လပြည့်ရင် ဝါကျွတ်သော်လည်း အာရညကင်ခူတင် ယူထားတဲ့ ကာလက တန်ဆောင်မုန်းလပြည့် အထိယူရတယ်။ ဒါမှ မိုးဥတုလေးလ အာရညကင်ခူတင်ရတယ်။

MA ဦးဇင်း ။ ။ ဒါကြောင့် သီတင်းကျွတ်သော်လည်း တောဝါက မကျွတ်သေးဘူး ဆိုလိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ တောဝါက တန်ဆောင်မုန်းလပြည့်မှ ကျွတ်တယ်။ လေးလအပြည့် ယူရတယ်။ ဒါကြောင့် အာရညကင်ခူတင် ဆောင်တော်မူတဲ့ မထေရ်မြတ်များက တောရတဲ့နေရာမဟုတ်ရင် တစ်နေ့တစ်ရက်မှ သီတင်းမသုံးလိုကြပါဘူး။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ အာရညကင်ခူတင် တစ်ရက်၊ တစ်မနက်မှ မပျက်ချင်ကြလို့ပါ။

MA ဦးဇင်း ။ ။ မှတ်သားလိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် မိုးတစ်ဥတုကို အာရညကင်ခူတင် ဆောင်မယ်ဆိုရင် ဝါဆိုလပြည့်ကနေ စရမယ်။ နွေတစ်ဥတုဆိုရင်လည်း တပေါင်းလပြည့်ကနေ စရပါမယ်။ ကြားထဲမှ တစ်နေ့ တစ်မနက်မှ မပျက်အောင် ကျင့်ရပါတယ်။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ ခူတင်ကျင့်ရတာ ခက်ခဲလွန်းတဲ့အတွက် ငယ်တုန်းအခါမှာပဲ ကျင့်တာ ကောင်းမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အဲသလို ပုံသေမှတ်လို့တော့ မရပါဘူး။ သို့သော် တချို့ခူတင်ကတော့ အသက်ကြီးလာရင် အခက်အခဲနည်းနည်း ရှိလာတတ်တယ်လို့ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတယ်ဘုရား။

MA ဦးဇင်း ။ ။ ဘယ်ခူတင်များပါလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ‘နိဿဇ္ဇိဓူတင်လိုမျိုးက မကျန်းမာရင် ဆောင်လို့ မလွယ်ဘူး။ ဒါကြောင့် အရွယ်ငယ်တုန်း၊ ကျန်းမာတုန်း၊ သဒ္ဓါတရားလည်း ထက်သန်နေတုန်း လုပ်နိုင်သလောက် လုပ်ထားတာကောင်းတယ်’ လို့ မိန့်တော်မူဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် အသက်ငယ်တုန်း တောထွက်နိုင်အောင် ကြိုးစား ပါ့မယ်ဘုရား။

ဆရာတော် ။ ။ ငယ်တုန်း ပရိယတ္တိစာတွေ လုပ်သင့်တာလုပ်ပြီးမှ တောထဲနေတာကောင်း တယ် ဦးဇင်း။ ဘာကြောင့်လဲဆိုရင် တစ်သက်လုံး ကျောင်းကောင်းကောင်းမှာ နေပြီး ဆွမ်းကောင်း၊ ဟင်းကောင်း စားပြီးတော့ အိုမှ တောထွက်မယ်ဆိုရင် တောရဲ့ကြမ်းတမ်းတဲ့ဒဏ်ကို ခံနိုင်ဖို့ တော်တော်ခက်ခဲလိမ့်မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တောဒဏ်ဆိုတာ ဘယ်လိုများပါလဲဘုရား။

ဆရာတော် ။ ။ တောဆိုတာ မြို့သဘာဝနဲ့ အလွန်ကို ကွာခြားပါတယ်။ အထူးအားဖြင့် အစား အစာခေါင်းပါးတယ်။ ရာသီဥတုကြမ်းတမ်းတယ်။ မှက်၊ ခြင်၊ ယင်၊ မြွေ၊ ကင်း တွေရဲ့ အန္တရာယ်လည်းကြီးတယ်။ တစ္ဆေ၊ သူရဲ၊ မြေဘုတ်ဘီလူးတွေရဲ့ ဘေးရန်တွေလည်း ကြုံရတတ်သေးတယ်။ အမှုးသမားတွေရဲ့ ဆဲဆိုတာလည်း ခံရတတ်တယ်။ အကြောင်း မညီညွတ်ရင် လူဆိုး၊ သူခိုး၊ ဓားပြ စတဲ့ လက်နက်ကိုင်တွေရဲ့ နိုင်ထက်ကလူပြုကျင့်တာမျိုးလည်း ကြုံရတတ်သေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ ဘေးရန်များလှပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒါကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိဖို့လည်း လိုသေးတယ်။ ရဟန်း သီလနဲ့ ဓူတင်အကျင့်မြတ်ကို တန်ဖိုးထားဖို့လည်း လိုပါသေးတယ်။ ကမ္မဋ္ဌာန်း ဘာဝနာ လက်ကိုင်လည်း ရှိရဦးမယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားလိုက်နာပါ့မယ်ဘုရား။ တပည့်တော် ဓူတင်ကို စနစ်တကျ ဆောက်တည်နိုင်ဖို့ ဘယ်စာတွေ ဖတ်ရကောင်းမလဲဘုရား။

ဆရာတော် ။ ။ ဒါက စာဖတ်ရုံနဲ့တော့ မလုံလောက်ဘူး ဦးဇင်း။ တကယ်ဓူတင်ဆောင် သံဃာတော်များရှိတဲ့ တောရကျောင်းမှာ သီတင်းသုံးပြီး နည်းယူသင့်ပါ တယ်။ တချို့ ဓူတင်အဆုံးအဖြတ်တွေက သိမ်မွေ့တယ်။ စာဖတ်ရုံနဲ့ ကွဲကွဲပြားပြား မဖြစ်ချင်ဘူး။ ဒါကြောင့် ဝိသုဒ္ဓိမဂ်ကိုလည်း ဖတ်ထားပါ။ ပြီးတော့ ဓူတင်ဆောင် ထေရ်ရှင်များရဲ့အကြောင်း ရေးထားတဲ့ စာတွေကို လည်း လေ့လာပါ။ တကယ်ကျင့်နေတဲ့ ဆရာတော်များကို ရှာဖွေပြီး နည်း ခံပါ။ ဓူတင်မှာ အာစရိယဝါဒကိုလည်း လျစ်လျူရှုလို့ မရပါဘူးဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အခုလိုသိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

## ဝိနည်း၊ ရှုတင်၊ နိဿဂ္ဂိ

MA ဦးဇင်း ။ ။ ငွေကြေးကို တချို့ကလည်း 'နဝကမ္မ' လှူတယ်လို့ ပြောကြတယ်။ တချို့ကလည်း 'နဝကမ္မအလှူငွေ' လို့လည်း ပြောကြတယ်။ တချို့က 'နဝကမ္မအတွက်ပါ' ဘုရားလို့လည်း လျှောက်ကြတယ်။ ဒီအသုံးအနှုန်းတွေ ပြည့်စုံပါသလားဘုရား။

ဆရာတော် ။ ။ စေတီတော်အတွက်လှူရင် 'စေတိယဿ ဒေမ' လို့ စာကပြပါတယ်။ ကျောင်းအတွက်လှူရင် 'ဝိဟာရဿ ဒေမ' ပေါ့ ဦးဇင်း။ အသစ်ဆောက်ရွက်စရာ အမှုကိစ္စအတွက် လှူဒါန်းတာကို 'နဝကမ္မဿ ဒေမ'လို့ ခေါ်နိုင်ပါတယ် ဦးဇင်း။ 'နဝ' အသစ်ဖြစ်လာတဲ့ + 'ကမ္မ' အမှုကိစ္စတွေလို့ အဓိပ္ပာယ်ယူရင် ရပါတယ်။ အမှုသစ်၊ အလုပ်သစ်တွေပါ ဦးဇင်း။

MA ဦးဇင်း ။ ။ 'နဝကမ္မ' လှူတယ်ဆိုရင် ရပါသလားဘုရား။

ဆရာတော် ။ ။ 'နဝကမ္မဿ ဒေမ' 'နဝကမ္မအားလှူပါ၏'ဆိုတော့ အလုပ်အသစ်၊ အမှုအသစ်အတွက်လှူတာ။ အလှူခံက အမှုသစ်ပဲဖြစ်နေပါတယ်။ ဒါကြောင့် ရဟန်းတော်အတွက် ငွေလှူတာ မဟုတ်ဘူးလို့ နားလည်ရပါမယ်။ ဒီနေရာမှာ အရေးကြီးတာက အနာမာသဝတ္ထုနဲ့ပတ်သက်လို့ လျှောက်ထားတာ၊ စီမံခန့်ခွဲတာမှာ ကပ္ပိယက လိမ်လိမ်မာမာ ရှိရပါမယ်။

MA ဦးဇင်း ။ ။ ကပ္ပိယက ဘယ်လိုများ လိမ္မာရတာပါလဲဘုရား။

ဆရာတော် ။ ။ သူက ရဟန်းဝိနည်းပိုင်း နားလည်လေ ရဟန်းချမ်းသာလေ ဖြစ်ပါတယ်။ ဒါကြောင့် ကပ္ပိယလိမ်မာလေပေါ့ ဦးဇင်း။ ကပ္ပိယက 'ဘုရားတပည့်တော်ဆီမှာ တစ်သောင်းကျပ် ရှိပါတယ်ဘုရား။ အရှင်ဘုရား အလိုရှိတဲ့အခါမှာ တစ်သောင်းကျပ်ကနေ ဖြစ်ပေါ်လာတဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါဘုရား'၊ 'ကပ္ပိယညွှန်းတော်မူပါဘုရား'၊ 'လုံခြုံရာအရပ် ညွှန်းတော်မူပါဘုရား' လို့ လျှောက်ရတယ်။

MA ဦးဇင်း ။ ။ ငွေကိုအလှူမခံဖို့ မလျှောက်ရဘဲ ပစ္စည်းအလှူခံဖို့ လျှောက်ရတာ မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အရေးကြီးတဲ့စကားလုံးတစ်လုံးက 'တစ်သောင်းကျပ်ကနေဖြစ်ပေါ်လာတဲ့ပစ္စည်း'လို့ လျှောက်ရတယ်။ ဆိုလိုတာက ဒီတစ်သောင်းနဲ့ တန်ဖိုးညီတဲ့ ပစ္စည်းတွေကို ဆိုလိုတာ။ 'တန်ဖိုး'လို့ ဆိုကတည်းက ငွေစက္ကူ မဟုတ်တော့ဘူး။ ပစ္စည်း ဖြစ်သွားတယ်နော်ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် သေသေချာချာ မှတ်သား လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ မထိကောင်း၊ မကိုင်ကောင်း၊ မသုံးသပ်ကောင်းတဲ့ အနာမာသငွေကြေးနဲ့ ပတ်သက်ပြီး ဝိနည်းမှာ တားမြစ်ချက်သုံးပိုင်း ရှိတယ်။ ပထမဦးဆုံး

ဥဂ္ဂဏှေယျ = ကိုယ်တိုင် အလျှုခံယူတာကို တားမြစ်တယ်။ ဒုတိယ ဥဂ္ဂဏှာပေယျ = ကျောင်းသား ကပ္ပိယစသူတွေကို အလျှုခံခိုင်းတာလည်း တားမြစ်တယ်။ နောက်ဆုံးတစ်ခုက သာဒိယေယျ = အနား၌ မှာချထားတာကို မတားမြစ်ဘဲ သဘောကျသာယာပြီးလက်ခံတာကိုလည်း တားမြစ်ပါတယ် ဦးဇင်း။ ဒါကြောင့် တစ်စုံတစ်ယောက်က 'အရှင်ဘုရားမှာ ကပ္ပိယရှိသလား' လို့မေးလာရင် 'ဒီဒကာကြီး ကပ္ပိယပါ' လို့ ပြောပြခွင့် ရှိတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ 'ဒီကပ္ပိယကြီးကို ပေးလိုက်' လို့ ပြောရင် ရနိုင်ပါသလားဘုရား။

ဆရာတော် ။ ။ ဘယ်ရမလဲဦးဇင်း။ မရဘူး။ မရဘူးနော်။ 'ဒီကပ္ပိယဒကာကြီးကို ပေးခဲ့လိုက်ပါ' လို့တော့ လုံးဝ မစီမံကောင်းတော့ဘူး။ ဒါကို သတိပြုရမယ်နော်။ ဒါကြောင့် ကပ္ပိယဝေါဟာရနဲ့ အပ်အပ်စပ်စပ် လျှောက်ထားတတ်အောင် ကပ္ပိယက ရဟန်းဝိနည်း တတ်သိဖို့လိုတယ်။ သူ့ကို သင်ကြားပေးရမယ်။ လေ့ကျင့်ပေးရမယ်။ သာသနာ့ယဉ်ကျေးမှုကို သူနားလည်မှုဖြစ်မယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ ဒါဆိုရင် ရဟန်းဝိနည်း မစောင့်ထိန်းဘဲနဲ့ ဓူတင်ဆောင်ရဟန်းကောင်း မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်း ဓူတင်မဆောင်လို့ ဝိနည်းမပျက်ဘူး။ ဝိနည်းပျက်ရင်တော့ ဓူတင်ပါပျက်တယ်နော်။ ဒါကြောင့် အဋ္ဌကထာဆရာတော်များက 'ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ' တဲ့ အဓိပ္ပာယ်က 'ဝိနည်းဟာ သာသနာတော်ရဲ့ အသက်ဖြစ်တယ်၊ ဝိနည်းတည်မှ သာသနာတည်မယ်' ဘုရား။

MA ဦးဇင်း ။ ။ ဒီကနေ့လည်း 'ဝိနည်းတည်မှ သာသနာတည်မယ်' လို့ ပြောကြ၊ ဆိုကြ၊ ရေးကြပါတယ်။ ဝိနည်းတည်တယ်ဆိုတာ ဘယ်လိုတည်တာပါလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဒါကို သာသနာပိုင် မြောင်းမြဆရာတော်ကြီး မိန့်တော်မူဖူးတာကို ပြောပြမယ်နော်။ ဆရာတော်ကြီးက 'ဝိနည်းတည်မှဆိုတာ ဘယ်လိုတည်မလဲ၊ စာအုပ်ကြီးထဲ ဝိနည်းတွေ ရှိနေတာပဲ၊ ဘုရားဟောထားတဲ့ ပါဠိတော်တွေ ဝိနည်းတွေ ရှိနေတယ်။ ဒီစာအုပ်ထဲ စာပုံနှိပ်တိုက်က ရိုက်ပြီးတော့ ထားတာ။ ထားပြီးတော့ ကျောင်းတကာ့ကျောင်း လှူကြ တန်းကြ။ အဲဒီစာအုပ်ထဲ ဘီရိုထဲ ထည့်ထားတာကို ဝိနည်းတည်တယ်လို့ ခေါ်မလား။ အဲဒါကို စဉ်းစားကြ။ ဝိနည်းတည်တယ်ဆိုတဲ့ ဥစ္စာက ရတာကို ရွတ်တာနဲ့ပဲ ဝိနည်းတည်တယ် ဆိုမလား။ ဒါကို စဉ်းစားကြ။ ရရုံနဲ့လဲ ဝိနည်းတည်တယ် မမည်သေးဘူး။ အမှန်ကတော့ အဲဒီဝိနည်းကို ရထားလို့ရှိရင်ဖြင့် ဝိနည်းအလေးပြုကြရလိမ့်မယ်။ ရထားတဲ့ ကိုယ်တော်တိုင် ရထားပြီဆိုလို့ရှိရင် ဝိနည်းအလေးပြုကြရလိမ့်မယ်။ အဲဒီလို လေးလေးစားစား လုပ်လာကြလို့ရှိရင်ဖြင့် ဝိနည်း

---

၁။ ပါရာဇိကပါဠိ (နှာ-၃၄၅)

တည်တယ်လို့ ဆိုနိုင်တယ်။ ဝိနည်းရပါရဲ့၊ ဝိနည်းအံပါရဲ့၊ သိပါရဲ့၊ နားလည်ပါရဲ့ မကျင့်ဘူးဆိုလို့ရှိရင် ဝိနည်းတည်မလား၊ မတည်နိုင်ဘူး၊ အဲဒါ အခု စည်းဝေးနေတဲ့ ရဟန်းတော်တွေ သာသနာပြု ဒကာ ဒကာမတွေ ကြပ်ကြပ်စဉ်းစားဖို့ လိုတယ်။ ရရုံနဲ့ ဝိနည်းမတည်နိုင်ဘူး။ သိရုံနဲ့လဲ မတည်နိုင်ဘူး။ ရတယ်၊ သိတယ်၊ ကျင့်တယ်။ အဲဒီလို ကျင့်လာလို့ ရှိရင်ဖြင့် ဝိနည်းတည်နိုင်တယ်။[၁]

MA ဦးဇင်း ॥ ॥ အလွန် မှတ်သားထိုက်ပါတယ်ဘုရား။ ဝိနည်းလေ့လာနေတဲ့ တပည့်တော်အတွက် အလွန်ကို စိတ်ဓာတ်ခွန်အား ဖြစ်ရပါတယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ သတိရလို့ ပြောပြရဦးမယ်။ ဓူတင်ကို မြတ်မြတ်နိုးနိုး ဆောင်တော်မူတဲ့ မဟာထေရ်တစ်ပါး မိန့်တော်မူတာ သတိရနေသေးတယ်။

MA ဦးဇင်း ॥ ॥ ဘယ်လိုအကြောင်းအရာများပါလဲဘုရား။

ဆရာတော် ॥ ॥ ဝိနည်းဆိုင်ရာ အကြောင်းပါဦးဇင်း။ ဆရာတော်ကြီးက 'တပည့်တော်တို့ဆီကို တောရဆောက်တည်မယ်၊ ဓူတင်ကျင့်မယ်ဆိုပြီး အနယ်နယ် အရပ်ရပ်က ရဟန်းတွေလာကြတယ် ဦးခေမာ။ 'အရှင်ဘုရားတို့ နိဿဂ္ဂိ ကင်းရှင်းကြရဲ့လား။ စွန့်စရာ စွန့်ခဲ့ပြီးပြီလားဘုရား' လို့ မေးတာကို သူတို့ ဘာမေးနေမှန်း နားမလည်ကြဘူး။ ဘာကို ဘယ်လို စွန့်ရမယ်မှန်းလည်း မသိကြတော့ဘူး။ တချို့ စာသင်တိုက်က လာကြတာပါ။ စာတွေ အများကြီးတတ်ကြတယ်။ အတန်းတွေ အောင်ထားကြတယ်။ ဝိနည်းမရှိဘဲ ဓူတင်ကို ဘယ်လိုလုပ် ကျင့်ကြမလဲဘုရား' လို့ စိတ်ပျက် လက်ပျက်အသံနဲ့ မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ॥ ॥ ဓူတင်ဆောင် ဆရာတော်ကြီးတို့က အဲသလို ရဟန်းများကို ဘယ်လိုလုပ်ပေးပါသလဲဘုရား။

ဆရာတော် ॥ ॥ အာဂန္တုကွလာရင် ဒီမှာမေးစစ်ရသလိုပေါ့ ဦးဇင်း။ သပိတ်၊ သင်္ကန်းကအစ နိဿဂ္ဂိကင်းရဲ့လား။ လက်ထဲ အနာမာသ နဝကမ္မဝတ္ထုငွေတွေ ပါလာသလား။ အကုန်မေးစစ်ပြီးမှ လက်ခံ သင်ကြားပေးကြရတာပေါ့။

MA ဦးဇင်း ॥ ॥ သူတို့လက်ဝယ်မှာ အခုပါလာတဲ့ ပရိက္ခရာပစ္စည်းတွေ နိဿဂ္ဂိစင်ကြယ်ရင် ပြည့်စုံပါသလားဘုရား။

ဆရာတော် ॥ ॥ ဒါက နည်းနည်းကျယ်ပြန့်တယ်ဘုရား။ သူ့လက်ဝယ်မှာတော့ ကင်းစင်ပြီဟုတ်တယ်။ သို့သော် သူလာခဲ့တဲ့ကျောင်းမှာဖြစ်စေ၊ ဒီကနေ ပြန်သွားပြီးနေမဲ့ကျောင်းမှာဖြစ်စေ သူ့အာလယပြတ် မစွန့်နိုင်သေးတဲ့ နိဿဂ္ဂိပစ္စည်း တွေ ရှိနေသေးသလား။ ဒါစဉ်းစားဖို့လိုတယ်။ ဒီနေရာမှာ သတိရလို့ နဘူးကျင်း

---

၁။ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ (နှာ- ၂၀၆၊ ၂၀၇)

ဆရာတော်ထံပါး နည်းခံယူဖို့ ကြွလာတဲ့ရဟန်းတစ်ပါးကို နိဿဂ္ဂိစွန့်ခိုင်းတဲ့ အကြောင်း ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ နဘူးကျောင်းဆရာတော်ကြီးရှေ့မှာ စွန့်တာပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး။ သိမ်ထဲမှာ စွန့်တာပါ။ မအပ်မစပ်ဖြစ်တဲ့ နိဿဂ္ဂိပစ္စည်းတွေကို စွန့်ပြီးတဲ့အခါ ဆရာတော်ကြီးက "အရှင်ဘုရားသီတင်းသုံးခဲ့တဲ့ကျောင်းမှာ အခုလိုဝိနည်းအရ သံသယဖြစ်နိုင်တဲ့ ပစ္စည်းတွေ ရှိသေးသလား" လို့ မေးတော်မူတယ်။ အဲဒီရဟန်းက "တပည့်တော် ငွေစုပြီးဝယ်ထားတဲ့ ကက်ဆက်တစ်လုံးနဲ့ တစ်နာရီတစ်ခါ အသံမြည်တဲ့နာရီတစ်လုံး ရှိပါသေးတယ်ဘုရား" လို့လျှောက်တယ်။ ဆရာတော်ကြီးက "ဒါဆိုရင် အဲဒီပစ္စည်းတွေကိုလည်း အရှင်ဘုရား စွန့်နိုင်သေးသလား" လို့မေးပါတယ်။ ရဟန်းက 'တပည့်တော် ဝိနည်း စင်စင်ကြယ်ကြယ် ဖြစ်ချင်တဲ့အတွက် စွန့်ပါမယ်ဘုရား။ တပည့်တော် အဲဒါတွေကို ဘယ်တော့စွန့်ရမလဲဘုရား"လို့မေး လျှောက်တယ်။ ဆရာတော်ကြီးက "အရှင်ဘုရားစွန့်ဖို့အာသီသ ဆန္ဒပြည့်ဝနေရင် မနက်ဖြန် မနက်ရန်ကုန်ပြန်ပြီး အရင်စွန့်လိုက်ပါ။ ပြီးမှ ပြန်ကြွခဲ့ပါ။ သပိတ်သက်န်းပါ သံသယရှိရင်စွန့်ပါ၊ တပည့်တော် အပ်အပ်စပ်စပ် လှူပ့ါမယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

MA ဦးဇင်း ။ ။ ဆိုဆုံးမလွယ်ကူတာကို ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ သူတော်ကောင်းများရဲ့ ဂုဏ်ရည်ပေ့ါ ဦးဇင်း။ နောက်ထပ် ညီအစ်ကို ရဟန်းနှစ်ပါး ထန်းတပင်တောရကို ကြွလာတာရှိသေးတယ်။

MA ဦးဇင်း ။ ။ ညီအစ်ကိုရဟန်းနှစ်ပါးက ဘယ်နယ်ကပါလဲဘုရား။ သူတို့လည်း နိဿဂ္ဂိ ထိုက်တဲ့ ပစ္စည်းတွေ ပါလာတာပါလားဘုရား။

ဆရာတော် ။ ။ သူတို့က ပစ္စည်းနိဿဂ္ဂိထိုက်တာမဟုတ်ဘူး။ သူတို့ အခုသီတင်းသုံးရာ ကျောင်းကို အရင်ဘုန်းကြီးတွေက ငွေတွေကိုင်ပြီး မအပ်မစပ်စီမံခဲ့ကြလို့ ကျောင်းကြီး နိဿဂ္ဂိဖြစ်နေတာပါ။ သူတို့နှစ်ပါးက တနင်္သာရီနယ်ဘက်ကလို့ သိရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ကျောင်းကြီးနိဿဂ္ဂိဖြစ်နေရင် ပစ္စည်းစွန့်သလိုမျိုး ကျောင်းကြီးကို စွန့်ပစ်ရတော့မှာပါလားဘုရား။ သို့သော် ကျောင်းကြီးစွန့်ပြီး ဘယ်မှာသွားနေရတော့မလဲဘုရား။ ကျောင်းကို ဘယ်သူ့ကို စွန့်ရမလဲဘုရား။ အခုလို ကျောင်းကြီးနိဿဂ္ဂိ ဖြစ်တယ်ဆိုတာကို တပည့်တော် တစ်ခါမှ မတွေ့ဖူးဘူးဘုရား။ သာသနာတော်ကြီး အဆင်မှပြေပါတော့မလားဘုရား။ ပြည့်ပြည့်စုံစုံ သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ အဲဒီရွာကျောင်းက ညီအစ်ကိုဆရာတော်နှစ်ပါးက ရွာရဲ့ သာရေး၊ နာရေး ကိစ္စအဝဝကို ဆောင်ရွက်ပေးနေကြတာဆိုတော့ ရွာကျောင်း

ကြီးစွန့်ပြီး တောထဲသွားလို့လည်း မဖြစ်ပြန်သေးဘူးဘုရား။ အဲဒီရွာကျောင်းမှာပဲ နေကြရမှာပါ။ နဘူးကျောင်းဆရာတော်ကြီး အဆုံးအဖြတ်ပေးတော်မူတာကို နားထောင်ဦးလေနော်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး အဆုံးအဖြတ်ကို ခပ်မြန်မြန် သိချင်လှပါပြီဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက "အရှင်ဘုရားတို့ နိဿဂ္ဂိထိုက်နေတဲ့ ကျောင်းကြီးပေါ်ကို မနေချင်ကြတော့ဘူးဆိုရင် အခုဒီကျောင်းဝင်းထဲမှာပဲ အပ်အပ်စပ်စပ်ဝိနည်းနဲ့ညီတဲ့ သက်ငယ်ကျောင်းငယ်လေးတစ်ဆောင် ဆောက်လုပ်စေပြီးတော့ ရပ်ရွာသာရေးနာရေးကိစ္စတွေကို ဆောင်ရွက်တာပေါ့ဘုရား" လို့ ဆုံးဖြတ်ပေးတော်မူပါတယ်။

MA ဦးဇင်း ။ ။ တပည့်တော်သိချင်သေးတာက ကျောင်းကြီးနိဿဂ္ဂိဖြစ်မှတော့ ကျောင်းဆောက်ထားတဲ့မြေက အပ်စပ်ပါတော့မလားဘုရား။

ဆရာတော် ။ ။ ကျောင်းကြီးဆောက်တဲ့အခါမှာ ဝိနည်းနားမလည်တဲ့ ရဟန်းတွေက စီမံတာမတတ်လို့ အခုလို နိဿဂ္ဂိဖြစ်ရတာပါ ဦးဇင်း။ သူတို့ ဝိနည်းဗဟုသုတရှိရင် မအပ်မစပ်တွေ မလုပ်ဘူးပေါ့ဘုရား။ ဒီကျောင်းမြေက ရှေးရှေးရွာမြေဖြစ်နေတဲ့အတွက် ဘုန်းကြီးတွေရဲ့ မအပ်မစပ်လုပ်တဲ့ပယောဂ ပါမှာမဟုတ်လို့ အပ်စပ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါ။ မှတ်သားထားထိုက်တဲ့ အဆုံးအဖြတ်ပါဘုရား။

ဆရာတော် ။ ။ အခုဆက်ပြီး ရွှေဒါးဆရာတော်ကြီးရဲ့ ဆိုဆုံးမလွယ်ကူပြီး မာန်မာနကင်းတဲ့ ဂုဏ်ရည်ကိုလည်း ပြောပြပါဦးမယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ နိသဂ္ဂိစွန့်တဲ့အကြောင်းပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်ကြီးက မအပ်မစပ်ဖြစ်နေတဲ့ ရွာကျောင်းကို စွန့်ပြီး တောရကျောင်းကို ရောက်တဲ့နေ့မှာ သက်တော် ၈၅ နှစ် ပြည့်ပြီးဖြစ်သော်လည်း သွားတွေက ငယ်သွားလို ဖြူဖွေး ပြည့်စုံနေတဲ့အတွက် နဘူးကျောင်းဆရာတော်ကြီး သံသယ ဖြစ်တော်မူတယ်နဲ့တူတယ်။

MA ဦးဇင်း ။ ။ နဘူးကျောင်းဆရာတော်ကြီးက ဘယ်လိုမိန့်တာပါလဲဘုရား။

ဆရာတော် ။ ။ "အရှင်ဘုရားသွားတွေက ငယ်သွားတွေပါလားဘုရား"လို့ မေးတော်မူတယ်။ ရွှေဒါးဆရာတော်ကြီးက "ငယ်သွားမဟုတ်ပါ၊ အံကပ် တပ်ထားပါတယ်ဘုရား"လို့ ဖြေတော်မူတယ်။ ဒါနဲ့ "အဲဒီအံကပ်က အရှင်ဘုရား ဘယ်လိုရလာတာပါလဲဘုရား"၊ "ဘုရားတပည့်တော် ပျဉ်းမနားက သွားစိုက်ဆရာဝန်ကို ပိုက်ဆံပေးပြီး လုပ်ခိုင်းခဲ့တာပါဘုရား"လို့ လျှောက်လိုက်တဲ့အခါမှာ နဘူးကျောင်းဆရာတော်ကြီးက "ဒါဆိုရင်တော့ အရှင်ဘုရားသွားတွေကလည်း နိဿဂ္ဂိမလွတ်ပြန်ဘူး။ ဒါကိုလည်း အာလယပြုတ် အပြီး စွန့်ရဦးမယ်။ ဖြစ်နိုင်ပါ့မလားဘုရား" လို့ မေးတော်မူတဲ့အခါ ရွှေဒါးဆရာတော်က "ဆရာတော်မိန့်မှာတော်မူတဲ့အတိုင်း ဒီသွားတွေ စွန့်ပယ်ပစ်ပြီး အပ်အပ်စပ်စပ် ဝိနည်းနဲ့

ညီညွတ်အောင် ထပ်မံပြုလုပ် သုံးစွဲပါ့မယ်ဘုရား"လို့ မဆိုင်းမတွ၊ မတွန့်မဆုတ် ရဲရင့်စွာဖြေကြားပြီး တောရသာသနာမှာ ရာသက်ပန်ဝိနည်းနဲ့အညီ နေတော် မူပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဆိုဆုံးမလွယ်ကူတဲ့ဂုဏ်က အလွန်ပင် အံ့သြစရာပါဘုရား။ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။ တပည့်တော် သိချင်သေးတာတစ်ခုက အခုလို ပယ်စွန့်ရင် အလုံးစုံ စင်ကြယ်ပြီလားဘုရား။

ဆရာတော် ။ ။ စင်ကြယ်တယ်လို့ဆိုတာမှာ ဒေသနာပြောကြားပြီးတော့ စင်ကြယ်တာလည်း ရှိတယ်။ ဒါက 'ဒေသနာသုဒ္ဓိ' လို့ ခေါ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ စောင့်ဆည်းပြီး စင်ကြယ်တာလည်း ရှိတယ်။ ဒါက 'သံဝရသုဒ္ဓိ'တဲ့နော်။ ရှာမှီးမှုမှာ စင်ကြယ်တာက 'ပရိယေဋ္ဌိသုဒ္ဓိ'ပါ။ ပြီးတော့ အခုနောက်ဆုံး ဆင်ခြင်မှုနဲ့ စင်ကြယ်တာရှိသေးတယ်။ ဒါက 'ပစ္စဝေက္ခဏာသုဒ္ဓိ' ပါဘုရား။ ရဟန်းဆိုတာ အခုလို ပြည့်ပြည့်ဝဝ စင်ကြယ်အောင် နေရပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် အခုလိုစင်ကြယ်တဲ့ရဟန်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

## နိဿဂ္ဂိကို အယောင်ဆောင်သူ

ဆရာတော် ။ ။ အခုလို စင်ကြယ်မှုကို လိုလားတော်မူရုံမက ဆိုဆုံးမလွယ်ကူပြီး စိတ်ထား ကောင်းတဲ့ရဟန်းတွေရှိသလို တောရကျောင်းကို ရောက်လာလို့ တောရ စည်းကမ်းအရ နေခွင့်ရဖို့ ရည်ရွယ်ချက်နဲ့ တစ်ခဏတာကလေး အယောင် ဆောင် နိဿဂ္ဂိစွန့်တာလည်း ရှိပါသေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဘယ်လို အယောင်ဆောင် ရဟန်းမျိုးပါလဲဘုရား။

ဆရာတော် ။ ။ ပြီးခဲ့တဲ့ ပြာသိုလပြည့်နေ့ညနေ ဥပုသ်ပြုပြီးချိန်မှာ ရောက်လာတဲ့ အာဂန္တု ဘုန်းကြီးရဲ့ ဖြစ်စဉ်ကို မှတ်မိတယ် မဟုတ်ဘူးလား။

MA ဦးဇင်း ။ ။ မှတ်မိပါသေးတယ်ဘုရား။ သူပိုင် ပိုလျှံနေတဲ့ ပရိက္ခရာပစ္စည်းတွေ၊ စာအုပ် တွေ၊ နာရီတွေ၊ ခြင်ထောင်တွေ၊ ပန်ကာတွေကအစ အားလုံးရောင်းပြီးတော့ ဘဏ်မှာ စာရင်းဖွင့်တယ်တဲ့။ ပြီးတော့ တယ်လီဖုန်းထဲမှာ ငွေထည့်ထားပြီး ဒီကိုကြွလာတာပါဘုရား။ 'အရှင်ဘုရား နိဿဂ္ဂိကင်းရှင်းရဲ့လား။ လက်ထဲ အနာမာသ နဝကမ္မဝတ္ထုငွေတွေ ပါလာသေးသလား'လို့ မေးစစ်တော့ 'တပည့်တော် အကုန်ရှင်းခဲ့ပါတယ်ဘုရား'လို့ လျှောက်တာမှတ်မိပါတယ် ဘုရား။

---

၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဒုတိယတွဲ (နှာ-၂၇၂)

ဆရာတော် ။ ။ ဟုတ်တယ်။ သူ အကုန်ရှင်းပုံက တစ်မျိုးလေ။ အကုန်ရောင်းထုတ်ပြီးတော့ လက်ထဲငွေ မကိုင်တော့ဘူး။ ဖုန်းထဲထည့်လာတယ်။ ပြီးတော့ မြို့ကျောင်း စွန့်ပြီး တောရသာသနာဘက်ကို ကူးပြောင်းလာတာတဲ့။ အနာဂတ် သာသနာ တော်အတွက် ရင်လေးစရာ ကောင်းလွန်းပါတယ်ဘုရား။

MA ဦးဇင်း ။ ။ အခုလို တယ်လီဖုန်းထဲ ငွေတွေထည့်သိမ်းထားပြီးတော့ နိဿဂ္ဂိကင်းပြီလို့ ပြောတာ ရပါသလားဘုရား။

ဆရာတော် ။ ။ မရဘူး ဦးဇင်း။ မရဘူး။ ဒါမရဘူး။ ဒီနေရာမှာ တစ်ဖက်တည်းကို ကြည့်လို့ မလုံလောက်ဘူး ဦးဇင်း။ ဝိနည်းမှာ 'ကယဝိက္ကယ သိက္ခာပုဒ်'တို့ 'ရူပိယ သိက္ခာပုဒ်'တို့ ရှိနေပြီးသားလေ။ 'ကယဝိက္ကယ'ဆိုတာ ရောင်းတာဝယ်တာမှာ မပါရဘူး။ နောက်ဆုံး ဒီငွေတွေ သာယာတာကကို ဝိနည်းအပြစ် ဖြစ်နေပြီ။ ဒါတွေအားလုံး မစင်မကြယ် ဖြစ်ကုန်ပြီ။ ခေတ်ကြီးက 'တိုးတက်တယ်' 'တိုးတက်တယ်'ဆိုပြီး တော်တော်ကို ခက်သွားပြီ ဦးဇင်း။[၁]

## ရဟန်းဝိနည်းနှင့် ဘဏ်စာရင်း၊ Online ငွေလွှဲသည့်ကိစ္စ

MA ဦးဇင်း ။ ။ တပည့်တော် စဉ်းစားနေတာတစ်ခု ရှိတယ်ဘုရား။ ဘဏ်စာရင်းဖွင့်ထားတာ ဝိနည်းအရ အပ်စပ်ပါသလားဘုရား။

ဆရာတော် ။ ။ မေးတာက မရှင်းဘူး။ ဘဏ်စာရင်းကို ရဟန်းကဖွင့်တာလား။ ကပ္ပိယက ဖွင့်တာလားဦးဇင်း။

MA ဦးဇင်း ။ ။ ရဟန်းက ဖွင့်သည်ဖြစ်စေ၊ ကပ္ပိယက ဖွင့်သည်ဖြစ်စေ ရပါသလားဘုရား။

ဆရာတော် ။ ။ ကပ္ပိယက ဘဏ်စာရင်းပဲဖွင့်ဖွင့်၊ Kpay, Wave money တွေထဲကနေ ငွေ ထုတ်သုံးသုံး၊ တယ်လီဖုန်းနဲ့ ငွေလွှဲပြီး Online shopping ကနေ ဈေးဝယ်ဝယ် ဘာအပြစ်မှ မဖြစ်ပါဘူးဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် သိချင်တာက ကပ္ပိယရဲ့ငွေ မဟုတ်ပါဘုရား။ ရဟန်းတစ်ပါး အတွက် ဒကာ၊ ဒကာမတွေက အပ်စပ်အောင် ဝိနည်းလမ်းကြောင်းအတိုင်း လှူဒါန်းထားတဲ့ ဝတ္ထုငွေတွေကို ဘဏ်စာရင်း ဖွင့်ထားမယ်ဆိုရင် အပြစ်ရှိပါ သလား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပြောပြမယ်နော်။ အလှူရှင်ဦးသူတော်က ဂိလာနရဟန်း ဦးဝဏ္ဏိတကို ဆေးကုသဖို့ ဆေးဖိုးလှူချင်တယ်။ ဒါကြောင့် ဦးဝဏ္ဏိတ ရှေ့ကိုသွားပြီး "ကပ္ပိယ ညွှန်းတော်မူပါဘုရား၊ လုံခြုံရာအရပ် ညွှန်းတော်

[၁] ပါရာဇိကပါဠိ (နှာ-၃၅၀)

မူပါဘုရား”လို့ လျှောက်ထားလာတဲ့အခါမှာ ဘုန်းကြီးအနားမှာ ကပ္ပိယ မရှိတဲ့အတွက် ကပ္ပိယရဲ့ဘဏ်စာရင်း Bank account ကို လုံခြုံရာအရပ် ဂုတ္တဌာန A safe place အဖြစ် နှလုံးသွင်းပြီး ညွှန်ပြကောင်းပါတယ်။

MA ဦးဇင်း ။ ။ ဦးသူတော်က Online ကနေ ဘဏ်စာရင်းထဲ နဝကမ္မ ထည့်လှူဒါန်းပြီးရင် ဘုန်းကြီးက ကပ္ပိယဆီကနေ အလှူခံလို့ ရပြီလားဘုရား။

ဆရာတော် ။ ။ မရသေးဘူး ဦးဇင်း။ လုံးဝ မရသေးပါဘူး။ မရဘူးနော်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဦးသူတော်အလှူငွေ ကပ္ပိယဘဏ်စာရင်းထဲ ရောက်သွားပြီးတဲ့နောက် လိုအပ်တဲ့ဆေးကို ဘယ်တော့ကျမှ အလှူခံရမှာပါလဲ ဘုရား။

ဆရာတော် ။ ။ ဒါအလွန်မေးကောင်းတဲ့ မေးခွန်းပါဦးဇင်း။ ဒီနေရာမှာ အရေးကြီးဆုံးက ကပ္ပိယ မလျှောက်ရသေးဘူးလေ။ ကပ္ပိယက သူ့ရဲ့ဘဏ်စာရင်းကို စစ်ဆေးပြီး ကျောင်းရောက်တဲ့အခါမှာ “ဒါယကာ ဦးသူတော်က အရှင်ဘုရား ဆေးကုသဖို့အတွက် လှူဒါန်းခဲ့တဲ့ အပ်စပ်ဝတ္ထု တစ်သိန်းကျပ် ဘဏ်စာရင်းထဲမှာ ရှိပါတယ်။ အရှင်ဘုရား အလိုရှိတဲ့အခါ တစ်သိန်းတန်ဆေးဝါးပစ္စည်းများ တပည့်တော်ထံမှ အလှူခံတော်မူပါဘုရား”လို့ လျှောက်ထားရင် အပြစ်မရှိတော့ပါဘူး။ ဝိနည်းအရ လာရာလမ်းကြောင်း စင်ကြယ်ပြီး အာဂမနသုဒ္ဓိ ဖြစ်တဲ့အတွက် သင့်မြတ်ပါပြီ။ ဆေးလိုတဲ့အခါမှာ၊ ဆေးခန်းသွားဖို့ အကြောင်း ရှိလာတဲ့အခါမှာ ကပ္ပိယကို အသိပေးပြီး ဆောင်ရွက်လို့ ရပြီဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ ဆေးဆိုင်က ဆေးကို Online ကနေမှာပြီး ဘဏ်ထဲကငွေကို ဖုန်းနဲ့ Online ကနေ ငွေပေးချေမယ်ဆိုရင်လည်း အပ်စပ်ပါသလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးဆေးလိုအပ်တဲ့အခါမှာ ကပ္ပိယက ဆေးဆိုင်ကို သွားဝယ်သည် ဖြစ်စေ၊ Online ကနေ မှာသည်ဖြစ်စေ၊ Online ကနေ ပေးချေသည်ဖြစ်စေ ကပ္ပိယ လုပ်သမျှ အကုန်လုံး အပ်စပ်ပါတယ်။ အပြစ်မရှိဘူး။ ကပ္ပိယကလုပ်မှ နော် ဦးဇင်း။ ကပ္ပိယကဝယ်မှနော်ဦးဇင်း။ ကပ္ပိယက ဆောင်ရွက်မှနော်။ ဘုန်းကြီး ဝယ်တာမဟုတ်ဘူးနော်။ သတိပြုဦးနော် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အခုလိုကိစ္စမှာ ဘုန်းကြီးက ဘယ်အထိသာ ပါဝင်ခွင့်ရှိတာ ပါလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးက သူဘာဆေးလိုအပ်တယ်လို့ ကပ္ပိယကို ပြောခွင့်ရှိတယ်။ ဆေးရုံ၊ ဆေးခန်းသွားချင်တယ်လို့ ပြောခွင့်ရှိပါတယ်။

MA ဦးဇင်း ။ ။ ကပ္ပိယနှင့် ဘဏ်စာရင်းကိစ္စကို တပည့်တော် နားလည်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။ အခုလို တိုးတက်လာနေတဲ့ နည်းစနစ်တွေနဲ့ နည်းပညာ

ဆိုင်ရာ ပစ္စည်းတွေသုံးပြီး ဝိနည်းမှာ သံသယဖြစ်စရာတွေ အနာဂတ်မှာ အများကြီး ရှိလာဦးမယ်လို့ တပည့်တော် ထင်မိပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ သူတော်ကောင်းကြီးများက သာသနာတော်ရဲ့ ဒီအခြေအနေကို အစောကတည်းက မြင်တော်မူခဲ့ကြတယ် ဦးဇင်း။ ဒါကြောင့် အဂ္ဂမဟာပဏ္ဍိတ ကျေးဖူးရှင် မြောင်းမြတိုက်သစ် ပဋ္ဌာနတာရုံဆရာတော်ကြီးက "လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်း" စာအုပ်ရဲ့အမှာစာထဲမှာ အလွန်မှတ်သား စရာကောင်းတဲ့ စကားကို ဩဝါဒ ပြုတော်မူဖူးတယ်။

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီးရဲ့ ဩဝါဒစကားကို တပည့်တော်လည်း နာယူမှတ်သားပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ပြောပြပါမယ်။ ဆရာတော်ကြီးက "သာသနာတော်ရဲ့ အခြေအနေဟာ အတော်ပင် ရင်လေးစရာ ဖြစ်နေပါပြီ။ ဓမ္မစက်ကို ဓမ္မစက်မှန်းမသိကြတော့ဘူး။ သိသော်လည်း အလေးဂရုမပြုကြတော့တဲ့ အခြေအနေရောက်နေပါပြီ။ ဝိနည်းကို တပည့်တော်တို့ မမွေးမီ ရှေးတစ်ခေတ်က လေးစားတော်မူခဲ့ကြတဲ့ မထေရ်မြတ်တို့၏ စိတ်ဓာတ်တိုးတက်မှု တည်ငြိမ်မှု ရင့်ကျက်မှု အခြေအနေတွေကို ယခုခေတ်ရဲ့ ရုပ်ဓာတ် တိုးတက်မှုတို့က ဝါးမျို ဖျက်ဆီးနေတာကို တွေ့မြင်နေကြရပါတယ်။ အတော် တောင့်ထားနိုင်မှ တော်ကာကျပါမည်"တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ရှေ့ဆက်အနာဂတ်ကာလမှာ တိုးတက်လာလတ္တံ့သော ရုပ်ဝတ္ထုပစ္စည်းအသစ် နည်းပညာအဆန်းတွေက ရဟန်းတော်များရဲ့ ဝိနည်းဆိုင်ရာမှာ ဘယ်မျှအထိ အနှောင့်အယှက် အခက်အခဲဖြစ်စေမလဲ မသိဘူးဘုရား။

ဆရာတော် ॥ ॥ မှန်းဆလို့ မရတော့ပါဘူးဘုရား။ မသေခင် စိတ်မချမ်းမြေ့စရာတွေ အများကြီး မြင်ရ၊ ကြားရ၊ ကြုံရဦးမယ် ထင်ပါတယ် ဦးဇင်းရယ်။

## ဖျာကြမ်းအောက်က လုံခြုံရာ ဂုတ္တဋ္ဌာနအရပ်ပါ

MA ဦးဇင်း ॥ ॥ ဝိနည်းက သာသနာတော်အသက်ဆိုတာ ဘုရားတပည့်တော် ပို၍ပို၍ နားလည်လာပါပြီဘုရား။ ခုတင်နဲ့ ဝိနည်းက ခွဲမရအောင် တွဲနေတာကို လည်း သိပါပြီဘုရား။

ဆရာတော် ॥ ॥ ဒါကြောင့် အလွန်သိမ်မွေ့တဲ့အတွက် ကပ္ပိယလည်း ဝိနည်းပိုင်းမှာ လိမ္မာပါးနပ်ရမယ်။ ရဟန်းကလည်း ဝိနည်းကို သေသေချာချာ နားလည်ရမယ်။

---

၁။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) ၏ လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်း (အပိုင်း-၁)

ဘုန်းကြီး သံသယကြီးလွန်းနေပြီး ကပ္ပိယကို မယုံကြည်ရင်လည်း မဖြစ်ဘူး။ ကပ္ပိယကဖောက်ပြန်ပြီး ငွေတွေလိမ်ယူသွားရင်လည်း မဖြစ်ပြန်ဘူး။ ကပ္ပိယ ပေါ်ကိုလည်း ယုံကြည်မှု ပြည့်ဝရမယ်။ ပြီးတော့ ကပ္ပိယက ဝိနည်းသီလ စောင့်ရှောက်တော်မူတဲ့ သံဃာတော်များရဲ့ ဘဝနဲ့ အခက်အခဲကို နားလည် သဘောပေါက်ပြီး သာသနာတော် ချစ်မြတ်နိုးတဲ့စိတ်နဲ့ သစ္စာရှိဖို့လည်း အလွန်ကို အရေးကြီးပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ငွေကိုမကိုင်ဘဲ ကပ္ပိယနဲ့ အပ်စပ်အောင်စီမံပြီး သာသနာ ပြုတော်မူနေတဲ့ ဆရာတော်များမှာ လူတွေနားမလည်နိုင်လောက်အောင်ကို သိမ်မွေ့တဲ့ အခက်အခဲကို ဘုရားတပည့်တော် အခု သဘောပေါက်လာပါပြီ ဘုရား။

ဆရာတော် ။ ။ သာဓုပါဗျာ။

MA ဦးဇင်း ။ ။ တပည့်တော် အခုသိချင်တာလေးတစ်ခု ရှိသေးတယ်ဘုရား။ မေးခွင့်ရရင် မေးလျှောက်ချင်ပါတယ်။ တပည့်တော် ဓူတင်ဆောင်တဲ့အခါမှာ စင်ကြယ်တဲ့ ရဟန်း ဖြစ်ချင်လို့ပါဘုရား။

ဆရာတော် ။ ။ စကားပလ္လင် ရှည်လျားပုံထောက်ရင် အနာမာသငွေကြေးကိစ္စပဲ ဖြစ်မယ် ထင်တယ်။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ အကယ်၍ တပည့်တော် တောမှာတစ်ပါးတည်း သီတင်း သုံးနေတဲ့အခါမှာ သင်္ကန်းကဆွေးမြည့်နေလို့ ဖာထေးပြီး သုံးနေရပါတယ်။ သင်္ကန်းတစ်စုံ လိုအပ်နေပါတယ်ဘုရား။ အဲသလိုကာလမှာ ဆွမ်းခံလမ်း ပေါ်မှာ ဒါယကာတစ်ယောက်က ကားပေါ်ကဆင်းလာပြီး ကျောင်းကို လိုက် လာတယ်။ တပည့်တော်မှာ သင်္ကန်းဝယ်လှူဖို့ အချိန်မရှိတော့တဲ့အတွက် သင်္ကန်းဖိုး ငါးသောင်းကို လုံခြုံရာအရပ် ညွှန်းဖို့လျှောက်ပါတယ်။ တပည့် တော်က ခေါင်းရင်းက ဖျာကြမ်းအောက်က လုံခြုံတယ်လို့ ညွှန်လိုက်ပါတယ်။ အပ်စပ်ပါ့မလားဘုရား။

ဆရာတော် ။ ။ ရပါတယ်။ အပ်စပ်ပါတယ်။

MA ဦးဇင်း ။ ။ ကံအားလျော်စွာ သင်္ကန်းရောင်းတဲ့ ဒကာနှစ်ယောက်ကလည်း အဲဒီနေ့ ညနေပိုင်းရောက်လာလို့ သင်္ကန်းပြကြတယ်။ သင်္ကန်းတန်ဖိုးက သုံးသောင်း ကျပ်တန်တယ်လို့ ပြောပါတယ်ဘုရား။ တပည့်တော်က အနားမှာ ကပ္ပိယ မရှိသေးတဲ့အတွက် “ကပ္ပိယတော့မရှိဘူး၊ သင်္ကန်းဖိုးတော့ ဖျာအောက်မှာ ရှိတယ်”လို့ ပြောလိုက်တဲ့အခါမှာ သူကဖျာအောက်က ဝတ္ထုငါးသောင်း အားလုံးယူပြီး သင်္ကန်းထားခဲ့မယ် လုပ်ခဲ့ရင် တပည့်တော်မှာ ဘာမှပြောပိုင်ခွင့် မရှိတော့ဘူးလားဆိုတာ သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒီဖြစ်စဉ်မျိုး အဋ္ဌကထာမှာ တိုက်ရိုက်ဖွင့်ထားတာ တစ်ခုရှိတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သိပါရစေဘုရား။ ဒါယကာလှူဒါန်းထားတဲ့ အပ်စပ်ဝတ္ထုကို အခုလို မတရား ယူသွားရင် ဘာလုပ်ရသလဲဆိုတာ သိချင်တာပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ အဋ္ဌကထာအဖွင့်ကို ကြည့်ရအောင်နော် "အကယ်၍ သပိတ်ရောင်းသူဖြစ်စေ၊ သက်န်းရောင်းသူဖြစ်စေ လာပြီး 'အရှင်ဘုရား ဤဟာကို ယူကြပါ' ဟု ဆိုသော် 'ဒကာ ငါတို့မှာ ဤဟာဖြင့် အလိုရှိ၏၊ ဝတ္ထုကလည်း ဤသို့ စီရင်ထား၏။ ကပ္ပိယကားမရှိ' ဟု ဆိုထိုက်၏။ အကယ်၍ ရောင်းသူက 'တပည့်တော် ကပ္ပိယလုပ်ပါမည်၊ တံခါးကိုဖွင့်၍ပေးကြပါ'ဟု ဆိုအံ့၊ တံခါးကို ဖွင့်၍ 'ဤအရပ်၌ ထား၏'ဟု ဆိုထိုက်၏။ 'ဤဟာကိုယူ'ဟု မဆိုကောင်း။ ထိုဒကာသည် ထိုငွေကိုယူ၍ ထိုအပ်သော ဘဏ္ဍာကို ပေးအံ့ အပ်၏။ အကယ်၍ ငွေကို တန်ဖိုးထက်ပို၍ယူအံ့ 'ငါတို့သည် သင့်ဘဏ္ဍာကို မယူကုန်၊ ထွက်လော့' ဟု ရဟန်းက ဆိုထိုက်၏" တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် နားလည်သလိုလိုတော့ ရှိတယ်။ သိပ်ပြီးတော့ မရှင်းလှဘူးဘုရား။

ဆရာတော် ။ ။ ဆိုပါစို့။ ကျောင်းပေါ် ကိုတက်ပြီး 'ဒီနေရာ လုံခြုံတယ်' လို့ ဒါယကာကို ပြောလို့ရတယ်။ သို့သော် 'ဒီနေရာမှာ ထားခဲ့ပါ'လို့တော့ မပြောရဘူးဆိုတာ မှတ်မိသေးသလား ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်မိပါတယ်ဘုရား။

ဆရာတော် ။ ။ အခုလည်း ဖျာကြမ်းအောက်က လုံခြုံရာ ဂုတ္တဋ္ဌာနအရပ်ပေါ့ ဦးဇင်း။[၁] သင်္ကန်းသည်က ဖျာအောက်ကနေ တန်ဖိုးထက်များတဲ့ ဝတ္ထုကိုယူဆောင်ရင် 'မယူနဲ့ ထားခဲ့' တို့ "တန်ရာတန်ကြေးပဲယူ" လို့တော့ ပြောခွင့် မရှိဘူး။

MA ဦးဇင်း ။ ။ တပည့်တော်တို့မှာ ပြောခွင့် ဘာများရှိပါသေးသလဲဘုရား။

ဆရာတော် ။ ။ ရှိတယ် ဦးဇင်း။ ရှိတယ်လေ။ ခုနစာမှာပြထားပြီးသားလေ သင်္ကန်းသည် ဒကာက ငွေကိုယူပြီး သင်္ကန်းကို ပေးမယ်ဆိုရင် အပ်တယ်။ အကယ်၍ ငွေကို တန်ဖိုးထက်ပိုပြီး ယူရင် "ငါတို့သည် သင့်ဘဏ္ဍာကို မယူကုန်။ ထွက်လော့" လို့ ပြောလို့ရတယ်လေ ဦးဇင်း။

MA ဦးဇင်း ။ ။ အခုမှ သဘောပေါက်တာပါဘုရား။ တန်ကြေးအားဖြင့် မညီမျှတာကြုံလာရင် မယူတော့ဘူးလို့ ပြောခွင့်ရှိတာကို သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ရဟန်းဆိုတာ ဝိနည်းကျွမ်းကျင်ရတယ်ဘုရား။

---

၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဒုတိယတွဲ (နှာ-၂၇၀)

# ဓုတင်ကြောင့် ရနိုင်သည့်အကျိုး

MA ဦးဇင်း ॥ ॥ ဓုတင်ဆောင် ရဟန်းတစ်ပါးရနိုင်တဲ့ အကျိုးကျေးဇူးကိုလည်း သိပါရစေဘုရား။

ဆရာတော် ॥ ॥ အကျိုးက ၂၈ ပါးရှိတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ အားလုံးသိချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မိလိန္ဒာပဉှာ ပါဠိတော်မှာပြတဲ့အကျိုးကို အရင်ပြောပြမယ်နော်။ (၁) သုဒ္ဓါဇီဝ အသက်မွေးမှု စင်ကြယ်၏။ (၂) သုခဖလ-ချမ်းသာကျိုးရှိ၏။ (၃) အနဝဇ္ဇ -အပြစ်မရှိ၊ (၄) န ပရ-ဒုက္ခာပန-သူတစ်ပါးတို့အား ဒုက္ခမပေး။ (၅) အဘယ - ဘေးမရှိ။ (၆) အသမ္ပီဠန-သူတစ်ပါးကို မနှိပ်စက်။ (၇) ဧကန္တဝမိုကံ - အမှန်ကြီးပွား၏။ (၈) အပရိဟာနိယ - ကုသိုလ်တရား မဆုတ်ယုတ်။ (၉) အမာယာ - မာယာစဉ်းလဲခြင်းမရှိ။ (၁၀) အာရက္ခာ - သေခြင်းကို စောင့် တတ်၏၊ (၁၁) ပတ္ထိတဒဒ - တောင့်တတိုင်းပေး၏။ (၁၂) သဗ္ဗသတ္တ ဒမန - သတ္တဝါအားလုံးကို ဆုံးမတတ်၏။ (၁၃) သံဝရဟိတ - စောင့်စည်းသော အကျိုးရှိ၏။ (၁၄) ပဋိရူပ - လျောက်ပတ်သော အကျင့်ဖြစ်၏၊ (၁၅) အနိဿိတ - ကိလေသာတို့ မမှီမကပ်နိုင်။ (၁၆) ဝိပ္ပမုတ္တ - ကိလေသာမှ လွတ်၏။ (၁၇) ရာဂက္ခယ - ရာဂ ကုန်၏၊ (၁၈) ဒေါသက္ခယ - ဒေါသကုန်၏၊ (၁၉) မောဟက္ခယ - မောဟ ကုန်၏။ (၂၀) မာနပ္ပဟာန - မာန်တက်မှုကို ပယ်၏။ (၂၁) ကုဝိတက္ကစ္ဆေဒန - မိစ္ဆာဝိတက်ကို ဖြတ်၏။ (၂၂) ကင်္ခါဝိတရဏ - ယုံမှားသင်္ကာမှ ကူးမြောက်၏။ (၂၃) ကောသဇ္ဇဝိဒ္ဓံသန - အပျင်းကို ပယ် ဖျောက်၏။ (၂၄) အရတိပ္ပဟာန - မမွေ့လျော်ခြင်းကို ဖျောက်၏။ (၂၅) ခမန - သည်းခံတတ်၏။ (၂၆) အတုလ - အတုမရှိမြတ်သောအကျင့် တည်း။ (၂၇) အပ္ပမာဏ - မနှိုင်းယှဉ်အပ်သောဂုဏ်ရှိ၏။ (၂၈) သဗ္ဗဒုက္ခက္ခယ ဂမန - ဒုက္ခကင်းရာ နိဗ္ဗာန်သို့ ရောက်၏တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ အသေအချာ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဒါကြောင့် ဓုတင်ဆောင်ရင် ကိလေသာတွေပါးပြီး ကုသိုလ်တွေ တိုးတာပေါ့ ဦးဇင်း။ သို့သော် မိမိဓုတင်ဆောင်ကြောင်းကို လူတွေ့တိုင်း ပြောလို့တော့ မရဘူးနော်။

MA ဦးဇင်း ॥ ॥ ပြောရင် ဘာဖြစ်ပါသလဲဘုရား။

ဆရာတော် ॥ ॥ ဓုတင်မှာ အလိုလောဘနည်းခြင်းဆိုတဲ့ ဓုတင်္ဂ အပ္ပိစ္ဆတာဂုဏ်ရည် ပျက်တာ ပေါ့ဘုရား။[၂]

---

၁။ (၂) ဓုတင်္ဂပဉှ၊ အနုမာနဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ ( နှာ-၃၃၃)

၂။ အပ္ပိစ္ဆတာဒိဝဏ္ဏနာ၊ ရထဝိနီတသုတ္တဝဏ္ဏနာ၊ မူလပဏ္ဏာသအဋ္ဌကထာ - ဒုတိယတွဲ (နှာ-၄၆)

MA ဦးဇင်း ။ ။ ဒါဆိုရင် တချို့စာစောင်မဂ္ဂဇင်း၊ သတင်းစာတွေမှာ ဘယ်ဆရာတော်က ဓူတင်ဘယ်နှစ်ပါး ဆောင်တော်မူတယ်လို့ ဓာတ်ပုံတွေနဲ့ ရေးကြတာ ဓုတင် အပ္ပိစ္ဆတာဂုဏ်ရည် ပျက်တာပါလားဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ စဉ်းစားရမှာက စာရေးသူကိုယ်တိုင် အကြည်ညိုလွန်ပြီး ရေးတာလား။ ဓူတင်ကျင့်သူကပဲ ရေးခိုင်းတာလား။ ဒါတော့ သူတို့ကိုယ်စီရဲ့ စိတ်စေတနာပေါ် မူတည်ပါမယ်ဘုရား။ ဒီလိုဖြစ်စဉ်မျိုး ရှိတော့ရှိတတ်ပါတယ်။

MA ဦးဇင်း ။ ။ ဘယ်မှာရှိခဲ့တာပါလဲဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီး မကျန်းမမာဖြစ်စဉ်က ရန်ကုန်မြို့ သန်လျင်တံတားရဲ့အလယ်မှာ အရုဏ်ယူတော်မူတဲ့ သတင်းစကားကြောင့် တချို့သောရဟန်းတွေက ‘နဘူးကျောင်းဆရာတော်က လူသိရှင်ကြား လူတွေကြား၊ အိမ်တွေကြားမှာ ဓူတင်ဆောင်ပြသလို ဖြစ်မနေပေဘူးလား’ လို့ အပြစ်တင်ခဲ့ကြဖူးတယ်ဘုရား။

MA ဦးဇင်း ။ ။ တပည့်တော် အခုမှ ကြားရတာပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပါလိမ့်မယ်။ ဆရာတော်ကြီးရဲ့ အနီးနေတပည့်ကြီးများ မိန့်ကြားတော်မူတာက “ဆရာတော်ကြီးနဲ့ အနီးနေလေ ကြည်ညိုစရာတွေ တိုးတွေ့လေပဲဦးခေမာ။ ဆရာတော်ကြီး ကျင့်စဉ်တွေကို ကျင့်သုံးတော်မူနေတာက လာဘ်လာဘ အမျိုးမျိုးရဖို့ မဟုတ်ဘူး။ သက္ကာရ သူတစ်ထူးရဲ့ ပူဇော်အထူးကို ခံယူရဖို့လည်း မဟုတ်ဘူး။ သိလောက လူသိများပြား ကျော်ကြားလိုလို့လည်း မဟုတ်ဘူး ဒီလောကဂုဏ်တွေ ရဖို့အတွက် ဆရာတော်ဘုရားကြီး တစိုးတစိမျှ ဆောင်ရွက်တာ မတွေ့ခဲ့ရပါဘူးဘုရား။ ဆရာတော်ကြီးရဲ့ စိတ်ဓာတ်တော်ကိုတော့ တပည့်တော်တို့ ဘယ်သိနိုင်မလဲ။ သို့သော် လုပ်ရပ်ကတော့ မျက်မြင်ပဲလေ။ မိန့်တဲ့စကားတွေ ကြားနေမှတ်သားနေ ရတာပဲလေ။ ဆရာတော်ကို ကြည်ညိုလို့ ဆောင်းပါး၊ ကဗျာ၊ လင်္ကာတွေကို မရေးကြဖို့ မိန့်တော်မူနေတယ်။ ဆရာတော်ပြုစုတော်မူတဲ့ ကျမ်းစာအုပ်တွေမှာ ဓာတ်ပုံမထည့်ကြဖို့ အမြဲသတိပေးတော်မူနေတယ်။ သိက္ခာထပ်တာမျိုးကို သံသယမရှိရင် လုပ်ဖို့မလိုပါဘူးလို့ ပြတ်ပြတ်သားသားကြီးကို မိန့်တော်မူနေတယ်လေ” လို့ ပြောပြဖူးတယ်။

MA ဦးဇင်း ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်ကြီးမှာ ဝါကြွား ပလွှားမှုမရှိတဲ့ဂုဏ်။ ပကတိ ရိုးသားတော်မူတဲ့ဂုဏ်၊ ရောင့်ရဲလွယ်တဲ့ဂုဏ်တွေက ပေါ်လွင်တယ်။ ဆရာတော်ကြီးရဲ့ နှလုံးသွင်းကတော့ ဘယ်လောက် အခက်အခဲရှိနေရှိနေ၊ ဘယ်လောက်

---

* (၆၃) အပ္ပိစ္ဆတာကထာဝဏ္ဏနာ၊ ဝီရိယာရမ္ဘာဒိဝဂ္ဂဝဏ္ဏနာ၊ ဧကကနိပါတအဋ္ဌကထာ (နှာ-၅၈)

မမာမကျန်း ဖြစ်နေဖြစ်နေ သီလစင်ကြယ်ဖို့နဲ့ ကျင့်ဆဲဓူတင်အကျင့်ကို မပျက်ဖို့ကိုဘဲ အထူးအာရုံပြုထားပုံက ပေါ်လွင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် မရင်းနှီးတဲ့ ရဟန်းတစ်ပါးပါးက 'အရှင်ဘုရား ဓူတင်ဆောင်ပါသလား'လို့ မေးရင် ဘယ်လိုဖြေရမလဲဘုရား။

ဆရာတော် ။ ။ ဒီမေးခွန်းကို နဘူးကျောင်းဆရာတော်ထံပါးကို မြစ်သား ဦးကောသလ္လ မေးလျှောက်ဖူးတယ် ဦးဇင်း။ ဆရာတော်ကြီး ဖြေကြားပေးတာက 'အရှင်ဘုရား ဤမေးခွန်းကို အခြားရဟန်းအား မေးထိုက်ပါသလားဘုရား'လို့ ပြန်မေးရမယ်တဲ့။ အဲသလို ပြန်မေးတာသည်ပင် အဖြေစကား ဖြစ်ပါတော့တယ်တဲ့။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒီမေးခွန်းကို လူတစ်ယောက်ယောက်က မေးရင် ဖြေကြားနည်း ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်။ 'အို . . ဒါယကာကြီး ဤမေးခွန်းမျိုးကို ရဟန်းများအား မမေးထိုက်ဟု ထင်ပါသည်' လို့ ဖြေရမယ်တဲ့ဘုရား။ သို့သော် ကိုယ်တိုင် ဓူတင်ကျင့်လိုတဲ့အတွက် စိတ်စေတနာကောင်းနဲ့ မေးမြန်းစုံစမ်းလာတဲ့ ရဟန်းဖြစ်နေမယ်ဆိုရင်တော့ သူ့ကို ချီးမြှောက်တဲ့အနေနဲ့ ဖြေကြားပေးရမယ်။ လမ်းညွှန်ပေးရမယ်။ သူ ဓူတင်ကျင့်ချင်စိတ်တွေ တိုးပွားလာအောင် အားပေးရမှာပါဘုရား။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။

## တောရကျောင်းမှာ သို့မှီးတာအပြစ်

MA ဦးဇင်း ။ ။ ဓူတင်ဆောင်တော်မူတဲ့ ရဟန်းတော်များက သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ သစ်ရွက်မိုးကျောင်းမှာ သီတင်းသုံးတော်မူတဲ့အတွက် ပစ္စည်းပစ္စယ သိုမှီး သိမ်းဆည်းတာလည်း မရှိဘူး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဓူတင်ဆောင်ရဟန်းတော်ရဲ့ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားရှင် အခါများစွာ ချီးကျူးတော်မူခဲ့ဖူးပါတယ်ဘုရား။ 'အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတို့ကို ခေါင်းပါးစေခြင်း၊ ဆိတ်ငြိမ်ရာ၌ နေခြင်း၊ ကိလေသာတို့ကို ဖျက်ဆီးသောအကျင့်ကို ကျင့်ခြင်း၊ အားထုတ်အပ်သော ဝီရိယရှိခြင်း၊ ဒါယကာတို့က ပြုစုမွေးမြူလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူးတည်း ဟူသော ရေစင်ဖြင့် အညစ်အကြေးကို ဆေးလျှော်သန့်စင်ပြီးသည်ဖြစ်၏' တဲ့။[၁]

MA ဦးဇင်း ။ ။ ရှင်တော်ဘုရားရဲ့ ချီးကျူးစကားကို နာကြားရတဲ့အတွက် တပည့်တော် ဓူတင်ဆောင်ရဟန်းကောင်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓုပါ။ တောနေရဟန်း ပစ္စည်းသိုမှီးတဲ့အဖြစ်ကို ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ တပည့်တော် သိချင်နေတာပါဘုရား။

---

၁။ (၂၂) ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၅၇)
* မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန် (နှာ-၂၂)

ဆရာတော် ॥ ॥ ရှေးက ရသေ့နှစ်ပါး ဟိမဝန္တာတောထဲမှာ သစ်သီးသစ်ဥတွေကိုစားပြီး တရားကျင့်လာကြတာ နှစ်ကာလ တော်တော်ကြာသွားတဲ့အတွက် ကျန်းမာရေးအရ အချဉ်အငန်တွေကို မှီဝဲနိုင်ဖို့ရာ နယ်စွန်ရွာလေးတစ်ရွာကို သွားပြီး ဆွမ်းခံကြပါတယ်။

MA ဦးဇင်း ॥ ॥ ရွာသူရွာသားတွေက ဆားအငန် လှူဒါန်းပါသလားဘုရား။

ဆရာတော် ॥ ॥ တစ်ခါတစ်ရံလည်း ဆားမပါဘူး။ တစ်နေ့ကျတော့ အိမ်တစ်အိမ်က ဆားခပ်များများ လှူလိုက်တယ်။ ရတဲ့ဆားထဲက ကျန်တာကို ဝိဒေဟရသေ့က ဖက်နှင့်ထုပ်ပြီး သက်ငယ်အမိုးကြားမှာ ညှပ်ထားလိုက်ပါတယ်။

MA ဦးဇင်း ॥ ॥ ရသေ့တစ်ပါးက အခုလိုသိမ်းတာ အပြစ်ဖြစ်သလားဘုရား။

ဆရာတော် ॥ ॥ ဆက်နားထောင်ကြည့်ရအောင်လေ။ နောက်တစ်နေ့ ဆွမ်းခံသွားတော့ ဆားမရတော့ဘူး။ ဒါနဲ့ ဝိဒေဟရသေ့က ခေါင်မိုးကြားက ဆားထုပ်ကိုယူပြီး ဂန္ဓာရ ရသေ့ထံပါး ပေးလိုက်တယ်။ ဂန္ဓာရ ရသေ့က အံ့သြပြီး 'ဒီကနေ့ ဆားမရပါဘူး။ ဒါ ဘယ်ကရသလဲ' လို့ မေးလိုက်တော့ ဝိဒေဟရသေ့က မနေ့ကပိုတဲ့ဆားကို သက်ငယ်အမိုးကြားမှာ သိမ်းထားတဲ့အကြောင်း ပြောပြလိုက်ပါတယ်။ ဒါနဲ့ ဂန္ဓာရ ရသေ့က 'သင်သည် ယူဇနာသုံးရာရှိသော ဝိဒေဟတိုင်းကို စွန့်ထားခဲ့ပြီးမှ ရသေ့ပြုလာသူ ဖြစ်ပါလျက် ယခု ဤဆားလေး တစ်ပွင့်၊ နှစ်ပွင့်ကို တပ်စွန်းနေဘိ၏' လို့ ဆုံးမစကား ပြောလိုက်တယ်။[၁]

MA ဦးဇင်း ॥ ॥ သူတော်ကောင်းတို့များ သိုမှီးမှုကို အပြစ်လို့ မြင်တော်မူကြတာကိုးဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ် ဦးဇင်း။ သီတင်းသုံးဖော် တောနေရဟန်းတော်တစ်ပါး ပြောဖူးတာက 'ပြီးခဲ့တဲ့အဖိတ်နေ့က တောရဆောက်တည်မလို့ဆိုပြီး အိုးခွက်ပန်းကန်တွေနဲ့ ဘုန်းကြီးအိုကြီးတစ်ပါးကြွလာလို့ ရွာကျောင်းမှာပဲ နေပါတော့လားဘုရားလို့ ပြောလွှတ်လိုက်ရတယ် ဦးခေမာ'တဲ့။ ဆရာတော်ကြီးက ဆက်ပြီးတော့ 'တောကျောင်းမှာ မီးမဖိုတာ အကောင်းဆုံး၊ မီးဖိုလိုက်ပြီဆိုရင် တောရကျောင်းရဲ့ဂုဏ်ရည် ပျက်တော့တာပဲဘုရား'လို့ မိန့်တော်မူလိုက်သေးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ တပည့်တော် ဓူတင်ရဲ့ဂုဏ်ရည်ကို တဖြည်းဖြည်း ပိုပိုပြီး မြင်လာပါပြီဘုရား။

ဆရာတော် ॥ ॥ ဓူတင်က ရဟန်းချမ်းသာဖို့ပါဘုရား။ နဘူးကျင်းဆရာတော်ကြီး မိန့်တော်မူဖူးတာတစ်ခု သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ဘုရားတပည့်တော် တောရဆောက်တည်တဲ့ တစ်နေ့ကျရင် ပြည့်ပြည့်စုံစုံလိုက်နာပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဆရာတော်ကြီးက 'မီးခိုးမစဲ၊ ရဟန်းမွဲ'တဲ့ ဆက်ပြီးတော့ 'သပိတ်လက်ဆွဲ၊ ရဟန်းမွဲ'တဲ့ ဦးဇင်း။

---

၁။ (၁) ဂန္ဓာရဇာတကဝဏ္ဏနာ၊ ဂန္ဓာရဝဂ္ဂ၊ ဇာတကအဋ္ဌကထာ - တတိယတွဲ (နှာ-၃၄၅)

MA ဦးဇင်း ။ ။ ဆိုလိုရင်းအဓိပ္ပာယ် မပေါ်ပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ တောရကျောင်းမှာ မီးဖိုပြီး ချက်ပြုတ် စားသောက်တဲ့ရဟန်းလည်း မွဲတယ်တဲ့၊ သပိတ်လက်ဆွဲပြီး အိမ်ရှေ့တွေမှာ ဆွမ်းခံစားရတဲ့ရဟန်းကလည်း ဆင်းရဲတယ်တဲ့ ဦးဇင်း။ ဘာကြောင့်လဲဆိုရင် တောရကျောင်းမှာ မီးဖိုပြီး ချက်ပြုတ်နေမှတော့ ဆီလိုတယ်၊ ဆားလိုတယ်၊ ဆန်လိုတယ်။ ဆန်၊ ဆီ၊ ဆားရှိပြန်တော့ ဟင်းချက်စရာ လိုပြန်တယ်။ ကြက်သွန်လိုပြန်တယ်၊ ချင်းလိုပြန်တယ်။ ဒါကြောင့် အိမ်ထောင်ရှင်တစ်ယောက်ပမာ အမျိုးမျိုး ရှာဖွေဖြည့်ဆည်းနေရလို့ ဆင်းရဲတာပါဦးဇင်း။

MA ဦးဇင်း ။ ။ နားလည်ပါပြီဘုရား။'သပိတ်လက်ဆွဲ၊ ရဟန်းမွဲ'ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း အကျယ်သိပါရစေဘုရား။

ဆရာတော် ။ ။ သပိတ်လက်ဆွဲပြီး အသက်မွေးရတဲ့ ရဟန်းဘဝလည်း မွဲတာပဲလေ ဦးဇင်း။ သို့သော် နဘူးကျောင်းဆရာတော်ကြီး မိန့်ကြားတော်မူလိုတာက မွဲတာချင်း တူတူ သပိတ်လက်ဆွဲတဲ့ရဟန်းက ပိုချမ်းသာတယ်တဲ့ဘုရား။

MA ဦးဇင်း ။ ။ နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒီနေ့တော်ကြစို့။ ဆွမ်းခံထွက်ရဦးမယ် ဦးဇင်း။

## သပိတ်ထဲပါလာသည့် ဆန္ဒင်းမကင်းသုံးတုံးပေးပြီး ဒေသနာကြားခဲ့ရ

MA ဦးဇင်း ။ ။ တောရကျောင်းမှာ သိမ်လည်းမရှိ၊ သီတင်းသုံးဖော်လည်းမရှိဘဲ တစ်ပါးတည်း သီတင်းသုံးတဲ့အခါမှာ ဒေသနာကြားဖို့ကြုံလာရင် ဘယ်လိုများ လုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ တစ်ပက္ခကိုတစ်ခါ ဥပုသ်နေ့တွေမှာ ဥပုသ်ပြုရင်း၊ ဒေသနာကြားရင်း ရွာကျောင်းကို သွားရပါတယ်။ ရွာကျောင်းတွေက ဥပုသ်မပြုတာများတယ်။ ကိုယ်သွားတဲ့ရည်ရွယ်ချက်က ဒေသနာကြားပြီး ဥပုသ်ပြုဖို့ပါ။ သို့သော် သူတို့ဆီရောက်တော့ မိမိတစ်ခါမှမကြားဖူး၊ မမြင်ဖူးတဲ့ ဘုန်းကြီးတွေရဲ့ အတင်းအဖျင်းတွေ၊ ဘယ်ဘုန်းကြီးစီးတဲ့ကားက ဘယ်လောက်တန်တယ်၊ ဘယ်ဘုန်းကြီးကို ဘယ်အရာရှိတွေက ကိုးကွယ်တယ်နဲ့ ပြောနေကြတာ စုံရောဘုရား။။

MA ဦးဇင်း ။ ။ ဥပုသ်မပြုရဘူးလားဘုရား။

ဆရာတော် ။ ။ အဲဒါမျိုးတွေကို သူတို့ပြောတာဝပြီဆိုမှ ကိုယ်လုပ်ချင်တာကို လျှောက်ရတယ်။ ဒါတောင်မှ ဘယ်ဘုန်းကြီးက သံဃနာယကဥက္ကဋ္ဌဖြစ်ဖို့ ဘာတွေလုပ်နေတယ်တို့၊ ဘယ်ဘုန်းကြီးကဖြင့် ဘွဲ့တံဆိပ်ရဖို့ ဘယ်လောက်ရင်းလိုက်တာ အခု ပူဇော်ပွဲလုပ်လိုက်တာ ဘယ်လောက်မြတ်တယ်ဆိုတာက ပါသေးတယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဥပုသ်ပြုလေ့ရှိတဲ့ကျောင်းဆိုရင် ပါတိမောက်ကို ရွာကျောင်းဆရာတော်တွေက ပြတာပါလားဘုရား။

ဆရာတော် ။ ။ မကြုံဘူးသလောက်ပါပဲ။ ကိုယ်တိုင် ဦးဆောင်ပြီး ဥပုသ်ပြုရတာများပါတယ်။

MA ဦးဇင်း ။ ။ ရွာကျောင်းဆရာတော်တွေက တောကျောင်းကနေ ဥပုသ်ပြုဖို့ ကြွလာတာ အားပေးတတ်ပါသလားဘုရား။

ဆရာတော် ။ ။ အဲသလိုတော့လည်း မဟုတ်တတ်ဘူး။ တချို့ရွာကျောင်းဘုန်းကြီးတွေရဲ့ ဘုကြည့် ကြည့်ခံရတာ ကြုံဖူးတယ်။ သို့ပါသော်လည်း မိမိ ရဟန်းသီလ စင်ကြယ်ဖို့ဆိုတော့ အဆင်ပြေအောင် ပေါင်းသင်းထားရတယ်လေ ဦးဇင်း။ တစ်ခါတုန်းက ကြုံဖူးတာလေး ပြောပြဦးမယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သံသယတစ်ခုရှိလို့ အဲဒီနေ့မနက်က ဒေသနာကြားချင်နေတာ၊ ဆွမ်းခံထွက်သွားလိုက်တယ်။ ဆွမ်းခံလမ်းမှာ ဆန္ဒွင်းမကင်း သုံးတုံးရလာတယ်။ ဆွမ်းခံအပြန် ရွာကျောင်းဝင်ပြီး ဒေသနာကြားမယ်လုပ်တော့ ဘုန်းကြီးအိုကြီးတစ်ပါး ကျောင်းပေါက်ဝ တွေ့လိုက်တယ်။

MA ဦးဇင်း ။ ။ ဘုန်းကြီးအိုနဲ့ ဒေသနာကြားဖြစ်ပါသလားဘုရား။

ဆရာတော် ။ ။ အရင်လည်း ဘုန်းကြီးအိုနဲ့ ဒေသနာကြားဖူးတယ်လေ။ ဒါနဲ့ "ဒေသနာကြားချင်လို့ပါဘုရား"လို့ လက်အုပ်ချီပြီး ရိုရိုသေသေ လျှောက်လိုက်တယ်။ "ဆွမ်းခံကိုယ်တော်ကြီး ဘောဇဉ်တွေရရဲ့လား"လို့မေးတယ်။ "ဆန္ဒွင်းမကင်းသုံးတုံးရလာပါတယ်ဘုရား"လို့ လျှောက်ပြီး ဒေသနာ ကြားချင်လို့ပါဘုရားလို့ ပြောတော့ "ဆန္ဒွင်းမကင်း မစားရတာတောင် တော်တော်ကြာပြီဘုရား"လို့ ပြောတာနဲ့ အဲဒီ ဆန္ဒွင်းမကင်းသုံးတုံး ပေးလိုက်ရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော်တို့ အခု ဘာမှမပေးရဘဲ ဒေသနာကြားခွင့်ရနေတာ ကံကောင်းပါတယ်ဘုရား။

## ကမ္မဋ္ဌာန်းတိုးတက်လည်း ဓုတင်ဆောင်ပါ၊ မတိုးတက်လည်း ဓုတင်ဆောင်ပါ

MA ဦးဇင်း ။ ။ ဓုတင်ကို ရဟန်းတိုင်း အားလုံးကျင့်ရမှာပါလားဘုရား။ တပည့်တော် လျှောက်ထားလိုတာက ဓုတင်က ခက်ခဲပင်ပန်းတော့ ရဟန်းတိုင်း မကျင့်နိုင်လောက်ဘူးထင်လို့ပါဘုရား။

ဆရာတော် ။ ။ မိလိန္ဒမင်းကြီးရဲ့အမေးကို အရှင်နာဂသိန် ဖြေကြားတော်မူတာ ပြောပြမယ်လေ။ 'မင်းမြတ် တစ်ဆယ့်သုံးပါးကုန်သော ဓုတင်အကျင့်ကို မကျင့်ဖူးသူတို့အား သစ္စာတရားကို ထိုးထွင်း၍သိခြင်းသည် မဖြစ်နိုင်'တဲ့ ဦးဇင်း။[၁]

၁။ (၂) ဓုတင်္ဂပဉှ၊ အနုမာနဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ (နှာ-၃၃၄)

MA ဦးဇင်း ॥ ॥ ဘဝသံသရာလွတ်မြောက်ရေးအတွက် ဓူတင် ဒီမျှအရေးကြီးတာကို အခုမှပဲ သိရပါတော့တယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပြီ။ အရှင်နာဂသိန်က ဥပမာ ပေးတော်မူပါသေးတယ်။ "ရေမလောင်းပါက မျိုးစေ့ မပေါက်ရောက်နိုင်သလို ဓူတင်အကျင့်ကို မကျင့်ဖူးသူတို့အား သစ္စာတရားကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်"တဲ့။[၁]

MA ဦးဇင်း ॥ ॥ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ အကြောင်းအရာတစ်ခု သတိရလို့ ပြောပြဦးမယ်နော်။ ဘုရားရှင်က 'ဥပသေန သင်၏ ဤပရိသတ်သည် ကြည်ညိုဖွယ် ရှိပေစွတကား။ ဥပသေန သင်သည် အသို့လျှင် ပရိသတ်ကို ဆုံးမသနည်း' လို့ ဥပသေနထေရ်ကို မေးတော်မူဖူးတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အရှင်ဥပသေန ဖြေကြားတော်မူတာ သိပ်မှတ်သားစရာကောင်းတယ် ဦးဇင်း။ 'အသျှင်ဘုရား ရဟန်းတစ်ပါးပါးက တပည့်တော်ဆီကိုလာပြီး ရဟန်းအဖြစ် တောင်းမယ်။ ဒါမှမဟုတ် နိဿရည်းတောင်းလာရင် ဘုရားတပည့်တော်က သူ့ကို အခုလို သတိပေးစကား ပြောပါတယ်ဘုရား 'င့်သျှင် ငါသည် အာရညကင်ဓူတင် ဆောက်တည်၏။ ပိဏ္ဍပါတ်ဓူတင် ဆောက်တည်၏။ ပံသုကူဓူတင် ဆောက်တည်၏။ တိစီဝရိက်ဓူတင် ဆောက်တည်၏၊ သင်သည်လည်း အကယ်၍ အာရညကင်ဓူတင် ဆောက်တည်အံ့၊ ပိဏ္ဍပါတ်ဓူတင် ဆောက်တည်အံ့၊ ပံသုကူဓူတင် ဆောက်တည်အံ့၊ တိစီဝရိက်ဓူတင် ဆောက်တည်အံ့၊ ဤသို့ ဆောက်တည်ခဲ့သော် ငါသည် သင့်ကို ရှင်ရဟန်း ပြုပေးအံ့၊ နိဿရည်း ပေးအံ့'လို့ ပြောပါတယ်ဘုရား။ သူက တပည့်တော်ရဲ့ စကားကို ကြားရလို့ နှစ်သက်ကျေနပ်ခဲ့ရင် ရှင်ရဟန်းပြုပေးပါတယ်။ နိဿရည်းပေးပါတယ်ဘုရား။ သူ မနှစ်သက် မကျေနပ်ခဲ့ရင်တော့ သူ့ကို ရှင်ရဟန်းပြုမပေးပါ၊ နိဿရည်းလည်း မပေးပါဘုရား'လို့ လျှောက်ပါတယ်။ ဘုရားရှင်ကလည်း သာဓု ခေါ်တော်မူပါတယ်။[၂]

MA ဦးဇင်း ॥ ॥ သာဓုပါဘုရား။ သာဓု၊ သာဓု။

ဆရာတော် ॥ ॥ နောက်ပြီး သေဝိတဗ္ဗဓုတင်၊ အသေဝိတဗ္ဗဓုတင် ဆိုပြီး ရှိသေးတယ်။

MA ဦးဇင်း ॥ ॥ ပြည့်ပြည့်စုံစုံ သိပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဓူတင်ကျင့်တဲ့အတွက် ကမ္မဋ္ဌာန်းတိုးပွားတဲ့ ရဟန်းက ဓူတင်ကျင့်ကို ကျင့်ရမယ်တဲ့ဦးဇင်း။ ဓူတင်ကျင့်လို့ ကမ္မဋ္ဌာန်း ဆုတ်ယုတ်တဲ့ ရဟန်းက ဓူတင်ကို မကျင့်ရဘူးတဲ့။

---

၁။ (၂) ဓုတင်္ဂပဉှ၊ အနုမာနဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ (နှာ-၃၃၄)

၂။ (၅၆၅) နိသီဒနသန္ထတသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ ပါရာဇိကပါဠိ (နှာ-၃၃၈)

MA ဦးဇင်း ။ ။ ဓုတင်ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ ကမ္မဋ္ဌာန်းတိုးပွားတဲ့ ရဟန်းအတွက်ဆိုရင် ဘယ်လိုများ လုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ ဓုတင်ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ ကမ္မဋ္ဌာန်းတိုးပွားတဲ့ ပုဂ္ဂိုလ်ထူးဖြစ်နေရင် 'နောင်လာသူတို့ အတုယူ လိုက်နိုင်ကြပါစေ' ဆိုပြီး ချီးမြှင့်တဲ့စိတ်နဲ့ ဓုတင်ကို ကျင့်ရပါမယ်တဲ့ဘုရား။ နောက်တစ်ခု ရှိသေးတယ်။ ဓုတင်ကျင့်သော်လည်း ကမ္မဋ္ဌာန်း မတိုးပွားဘူး။ ဓုတင်မကျင့်သော်လည်း ကမ္မဋ္ဌာန်းမတိုးပွားတဲ့ရဟန်းက နောင်အခါ ဝါသနာထုံဖို့၊ ပါရမီဖြစ်ဖို့ ဓုတင်ကျင့်ရပါမယ်တဲ့ ဦးဇင်း။[၁]

## စရိုက် နှင့် ဓုတင်

MA ဦးဇင်း ။ ။ ဓုတင်ကျင့်ဖို့ စရိုက်အားလျော်စွာ ခွဲခြားထားတာများ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ ရာဂစရိုက်၊ မောဟစရိုက် ထူပြောတဲ့သူ ဓုတင်ကိုကျင့်ရမယ် ဦးဇင်း။ ဘာ့ကြောင့်လဲဆိုရင် ဓုတင်ကျင့်တယ်ဆိုတာ ခြိုးခြံရတယ်။ ရောင့်ရဲရတယ်။ သည်းခံရပါတယ်။ ဒါကကို ကိလေသာခေါင်းပါးစေတာပါ။[၂]

MA ဦးဇင်း ။ ။ တပည့်တော် စိတ်ထဲမှာ သေသေချာချာ မရှင်းသေးပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဆင်းရဲ ခြိုးခြံပြီးနေရင် ရာဂငြိမ်းတယ်လေ။ ရပြီနော်။

MA ဦးဇင်း ။ ။ မှန်ပါ။ ရပါပြီဘုရား။ တပည့်တော် ရဟန်းဖြစ်လာပြီးနောက် ညစာမစားရတဲ့ အပြင် စားချင်တာလည်း မစားရ၊ ဝတ်ရတာလည်း တစ်ရောင်တည်း ဖြစ်နေပြီး ရွေးချယ်ခွင့်မရှိတော့ လောဘကိလေသာက ခေါင်းမထောင်နိုင်တာ လက်တွေ့ပါဘုရား။ ရာဂငြိမ်းပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဆက်စဉ်းစားကြည့်နော်။ ကိလေသာခေါင်းပါးစေဖို့ မမေ့မလျော့ မပေါ့မဆနေတဲ့သူမှာ မောဟလည်း ငြိမ်းနိုင်တယ်ဦးဇင်း။

MA ဦးဇင်း ။ ။ နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ဒေါသစရိုက်ရှိတဲ့သူက အာရညကင်ဓုတင်၊ ရုက္ခမူဓုတင်တို့ကို ကျင့်သင့်တယ်တဲ့။ တောကျောင်းမှာနေရင်၊ သစ်ပင်ရင်းမှာနေရင် အခြားတစ်ဦးတစ်ယောက်နဲ့မှ ပြောဆိုဆက်ဆံစရာမရှိတော့ ဒေါသလည်း ငြိမ်းတာပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ ဓုတင်တစ်ပါးကို ဆောင်တာနဲ့ အခြားအကျိုးများစွာပြီးတာကို သတိပြုမိလာတယ်။ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ ဒီနေရာမှာ ခေါင်းတည်ပဓာန ဓုတင် ၃ ပါးအကြောင်း ပြောပြဦးမယ်နော်။

---

၁။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၉)

၂။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၉)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သပဒါနစာရိကဓုတင်ကို ဆောင်နိုင်ရင် ပိဏ္ဍပါတ်ဓုတင်ကိုလည်း ဆောင်နိုင်တော့တာပဲလေ ဦးဇင်း။ ပြီးတော့ ဧကာသနိက်ဓုတင်ကိုသာ ဆောင်နိုင်ရင် ပတ္တပိုဏ်ဓုတင်နဲ့ ခလုပစ္ဆာဘတ္တိကဓုတင်တို့ကိုလည်း ဆောင်နိုင်တော့တယ် ဘုရား။[၁]

MA ဦးဇင်း ။ ။ အံ့သြစရာပါဘုရား။ ဓုတင်တစ်ပါးဆောင်ရင် နှစ်ပါး၊ သုံးပါး တစ်ပါတည်း ဆောင်ဖြစ်ဖို့ အကြောင်းပြည့်စုံနိုင်တာပါလား။

ဆရာတော် ။ ။ ပြီးတော့ ရှိသေးတယ်။ အဗ္ဘောကာသိကဓုတင်ကို ဆောင်နိုင်ရင် ရုက္ခမူဓုတင်၊ ယထာသန္ထတိဓုတင်တို့ကို အထူးကြောင့်ကြစိုက်ပြီး မဆောင်သော်လည်း ဆောင်ပြီး၊ ပြည့်နိုင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ အံ့သြစရာပါပဲဘုရား။

ဆရာတော် ။ ။ ပံ့သုကူဓုတင်နဲ့ တိစီဝရိက်ဓုတင်တို့က သင်္ကန်းနဲ့စပ်တဲ့ဓုတင် ၂ ပါးနော်။ သပဒါနစာရိကဓုတင်၊ ဧကာသနိက်ဓုတင်၊ ပတ္တပိုဏ်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်နဲ့ ခလုပစ္ဆာဘတ္တိကဓုတင်တို့က ဆွမ်းနဲ့စပ်လျဉ်းတဲ့ဓုတင် ၅ ပါးဖြစ်ပါတယ်။ ပြီးတော့ ကျောင်းနဲ့စပ်လျဉ်းတဲ့ဓုတင် ၅ ပါးက အာရညကင်ဓုတင်၊ ရုက္ခမူဓုတင်၊ အာဗ္ဘောကာသိကဓုတင်၊ သုသာန်ဓုတင်နဲ့ ယထာသန္ထတိဓုတင်တို့ ဖြစ်ပါတယ်ဘုရား။ နိသဇ္ဇိဓုတင်ကတော့ ဣရိယာနဲ့စပ်တဲ့ ဓုတင်ပါ။

MA ဦးဇင်း ။ ။ ဓုတင်နဲ့ဆိုင်တဲ့ ဗဟုသုတအများကြီးရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ ရဟန်းတစ်ပါးရဲ့ဘဝမှာ ဓုတင်က များစွာ အကျိုးဝင်နေပါတယ်ဘုရား။ နောက်ထပ်သိသင့်တာတွေ ရှိသေးရင်လည်း သိချင်ပါသေးတယ်ဘုရား။ ဓုတင် ၁၃ ပါး စလုံးကို ကျင့်တော်မူတဲ့ အရှင်မြတ်များ ဒီဘက်ခေတ်မှာ ရှိပါသေးသလား ဘုရား။

ဆရာတော် ။ ။ ဓုတင်ဆိုတာ သိုသိုသိပ်သိပ်၊ ကျစ်ကျစ်လျစ်လျစ်နဲ့ လူမသိ သူမသိကျင့်ရတာဆိုတော့ ဘယ်ရဟန်းက ဘယ်လိုကျင့်နေတယ်ဆိုတာကို သိရခက်လှပါတယ်ဘုရား။ ဆရာသခင်များရဲ့ အဆုံးအမတစ်ခု သတိရတာလေး ပြောပြဦးမယ်နော်။ ကိုယ်တိုင်ကျင့်ပြီး ပြောပြတဲ့ဖြစ်စဉ် ဖြစ်မယ်ထင်ပါတယ်။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ တန်ဖိုးကြီးလှပါတယ်ဘုရား။

ဆရာတော် ။ ။ ဓုတင် ၁၃ ပါးစလုံး အားလုံးကိုကျင့်လိုတဲ့အထိ သဒ္ဓါတရားထက်သန်နေတဲ့ ရဟန်းတစ်ပါးအနေနဲ့ ဘယ်လိုကျင့်နိုင်သလဲဆိုရင် ပထမဦးဆုံးညကို အပိုင်းသုံးပိုင်း ပိုင်းကြည့်ရအောင်နော်။ ညဦးပိုင်း ပုရိမယာမ် ၄ နာရီရှိမယ်။ ပြီးတော့ ညဉ့်နက်သန်းခေါင်ယံ မဇ္ဈိမယာမ်ကလည်း ၄ နာရီရှိမယ်။ ပြီးတော့ နောက်ဆုံး မိုးသောက်ယံ ပစ္ဆိမယာမ်မှာ ၄ နာရီ ရမယ်ဦးဇင်း။

---

၁။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၉)

MA ဦးဇင်း ॥ ॥ မှတ်မိပါပြီဘုရား။ ညပိုင်း ၁၂ နာရီရှိတာကို သုံးပိုင်းပိုင်းလိုက်တော့ ၄ နာရီစီရလာတာပါဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ အခုဓုတင်ကျင့်ပုံကို ပြောပြမယ်နော်။ ညဉ့်ဦးပိုင်း ပုရိမယာမ်မှာ မိမိကို နေရာချထားပေးတဲ့ ကျောင်းမှာနေပြီး ယထာသန္တတိဓုတင်ကို ဆောက်တည်မယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ပြီးတော့ ညဉ့်နက်သန်းခေါင်ယံမှာ သုသာန်ကိုသွားမယ်။ သုသာန်မြေမှာရှိတဲ့ သစ်ပင်အောက်မှာနေရင် သုသာန်ဓုတင်နဲ့ ရုက္ခမူဓုတင်တွဲပြီး ဆောက်တည်လို့ ရပြီနော်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ဓုတင်သုံးပါးရပါပြီဘုရား။ သို့သော် သုသာန်မှာ သစ်ပင်ကြီးကြီး မရှိဘူးဆိုရင် ရုက္ခမူဓုတင် ဘယ်လိုဆောက်တည်ရမလဲဘုရား။

ဆရာတော် ॥ ॥ ဒါဆိုရင်လည်း လွင်တီးခေါင် မိုးကောင်းကင်အောက်မှာနေရင် အဗ္ဘောကာသိကဓုတင် ရမှာပေါ့ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ နားလည်ပါပြီဘုရား။ ညဉ့်ဦးယံနဲ့ သန်းခေါင်ယံမှာ ကျင့်ရမဲ့ဓုတင် ရပါပြီဘုရား။ နိသဇ္ဇလည်းရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ နိသဇ္ဇဓုတင် ရပါတယ်ဘုရား။ သုသာန်သွားပြီး ဘယ်မှာကျောချပြီးခေါင်းအုံးနဲ့ အိပ်နေလို့ရမလဲ။

MA ဦးဇင်း ॥ ॥ နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ဆက်ပြောပြမယ်နော်။ မိုးသောက်ယံ ရောက်တဲ့အခါ တောရတဲ့နေရာမှာ အရုဏ်တက်ချိန်အထိနေရင် အာရညကင်ဓုတင်ရပြီဦးဇင်း။ တောထဲ အရုဏ်တက်ပြီးတာနဲ့ ဆွမ်းခံထွက်ပြီး ဆွမ်းဓုတင် ၅ ပါး ကျင့်လို့ရပါပြီဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တောရတဲ့နေရာက သစ်ပင်ကြီးကြီး အောက်မှာနေရင် ရုက္ခမူဓုတင် ရမှာပါဘုရား။ လွင်တီးခေါင်မှာနေရင် အဗ္ဘောကာသိကဓုတင် ရဦးမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ရတယ်လေဦးဇင်း။ ရတယ်။

MA ဦးဇင်း ॥ ॥ တပည့်တော် သိချင်တာတစ်ခုက သစ်ပင်အောက်မှာနေရတဲ့ ရုက္ခမူဓုတင် ကျင့်ရင် လွင်တီးခေါင်မှာနေရတဲ့ အဗ္ဘောကာသိကဓုတင် မရဘူးဖြစ်နေပါတယ်။ ပြီးတော့ လွင်တီးခေါင်မှာနေရတဲ့ အဗ္ဘောကာသိကဓုတင်ကို ကျင့်ရင် ရုက္ခမူဓုတင်က မရဘူးဖြစ်နေပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒီကိစ္စကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် မဟာဋီကာ ဆရာတော်များက ဆုံးဖြတ်ပေးတော်မူထားတာ ရှိတယ်ဘုရား။

MA ဦးဇင်း ॥ ॥ တပည့်တော် အဲဒီအဆုံးအဖြတ်ကို သိပါရစေဘုရား။

ဆရာတော် ॥ ॥ ဓုတင် ၁၃ ပါးစလုံး ဆောက်တည်ထားတဲ့ရဟန်းက တောရအင်္ဂါနဲ့ညီတဲ့ သုသာန်ကို ရှာရမယ်တဲ့။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ အဲဒီတောရအင်္ဂါနဲ့ညီတဲ့ သုသာန်မှာရှိတဲ့ သစ်ပင်အောက် နေရမလား၊ မိုးကောင်းကင်အောက် လွင်တီးခေါင်မှာ နေရမလားဆိုတာ မကွဲပြားသေးပါဘုရား။

ဆရာတော် ॥ ॥ အဲဒီတောရအင်္ဂါနဲ့ညီတဲ့ သုသာန်မြေပေါ်က သစ်ပင်အရိပ်ကျရာမှာ နေသည်ဖြစ်စေ၊ လွင်တီးခေါင်မှာ နေသည်ဖြစ်စေ ယထာသန္ထတိဓူတင်ရယ် ရုက္ခမူဓူတင်နဲ့ အဗ္ဘောကာသိကဓူတင် မပျက်ဘူးလို့ စာတွေက ပြထားပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် အခုထိ နားလည်တာလေး လျှောက်ပါရစေဘုရား။ မှားရင် အမှန်ကို ပြပေးတော်မူပါဘုရား။

ဆရာတော် ॥ ॥ လျှောက်ပါလေ။

MA ဦးဇင်း ॥ ॥ ညဦးပိုင်း သိတင်းသုံးရာကျောင်းမှာ ဓူတင် ၁ ပါးရပါတယ်။ သန်းခေါင်ယံမှာ သုသာန်သွားပြီးတော့ မိုးသောက်ယံမှာ တောအရုဏ်ယူတာနဲ့ ဓူတင် ၅ ပါး ရပါပြီဘုရား။ မိုးလင်းဆွမ်းခံကြွရင် ဆွမ်းဓူတင် ၅ ပါး ရပါပြီဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပြီဦးဇင်း။ အခုဓူတင် ၁၁ ပါးရပြီနော်။ သင်္ကန်းဓူတင် ၂ ပါးကို ဆက်ကျင့်ရင် ဓူတင် ၁၃ ပါးလုံး အပြည့်ရပြီပေါ့ဘုရား။

MA ဦးဇင်း ॥ ॥ မြန်မာနိုင်ငံမှာ အခုလို ဓူတင်ဆောင် ရဟန်းတော်များ ရှိပါသေးသလားဘုရား။

ဆရာတော် ॥ ॥ အခုလို ကျင့်နည်းတွေ ပြည့်ပြည့်စုံစုံ ရှိနေသေးတဲ့အတွက် ကျင့်သုံးတော်မူကြတဲ့ သူတော်ကောင်းများ မြန်မာ့မြေပေါ်မှာ မဆိတ်သုဉ်းသေးပါဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ သာဓု၊ သာဓု၊ သာဓု ပါဘုရား။ ဓူတင်ဆောင် ထေရ်ရှင်များကို ဦးညွှတ် ရှိခိုးကန်တော့ပါတယ်ဘုရား။

## **ဓူတ နှင့် ဓူတဝါဒ**

MA ဦးဇင်း ॥ ॥ ဓူတင်သာသနာဆိုင်ရာ သိကောင်းစရာတွေကို သိရတာ အားရလှပါတယ်ဘုရား။ နောက်ထပ် သိသင့် တာများရှိသေးရင် သိပါရစေဘုရား။

ဆရာတော် ॥ ॥ သိသင့်တာဆိုလို့ သတိရမိတာလေးတစ်ခုက ဓူတင်နဲ့စပ်လျဉ်းပြီး ပုဂ္ဂိုလ် ၄ ပါး ရှိတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘယ်လို ပုဂ္ဂိုလ် ၄ ပါးပါလဲဘုရား။

ဆရာတော် ॥ ॥ အရှင်ဗာကုလလို ကိုယ်တိုင်သာ ဓူတင်ဆောင်ပြီး တစ်ပါးသောရဟန်းများကို ဓူတင်ဆောင်ဖို့ မဟောပြော မဆုံးမတဲ့ရဟန်းကို ဓုတလို့သာ ခေါ်ပြီး ဓုတဝါဒ လို့ မခေါ်ဘူးတဲ့ဘုရား။

---

၁။ (၃၂)၊ ရုက္ခမူလိကင်္ဂကထာဝဏ္ဏနာ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပထမတွဲ၊ နှာ-၉၉)

* (၃၇)၊ ဓုတင်္ဂပကိဏ္ဏကကထာဝဏ္ဏနာ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပထမတွဲ၊ နှာ-၁၀၆)

MA ဦးဇင်း ॥ ॥ ဓုတရဟန်းခေါ်တာကို မှတ်မိပါပြီဘုရား။

ဆရာတော် ॥ ॥ နောက်တစ်ပါးက အရှင်ဥပနန္ဒလို ကိုယ်တိုင်ကတော့ ဓုတင်မဆောင်ဘူး။ တစ်ပါးသော ရဟန်းတော်များကို ဓုတင်ဆောင်ဖို့ ဟောပြောဆုံးမတဲ့ ရဟန်းကို ဓုတဝါဒခေါ်ပြီး ဓုတတော့ မဟုတ်ဘူးတဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ နောက်တစ်ပါးက အရှင်လာဠုဒါယီကဲ့သို့ ကိုယ်တိုင်လည်း ဓုတင်မဆောင်ဘူး၊ တစ်ပါးသူတို့ကိုလည်း ဓုတင်ဆောင်ဖို့ ဟောပြောဆုံးမခြင်းမရှိတဲ့ ရဟန်းကိုတော့ ဓုတလည်းမခေါ်ဘူး။ ဓုတဝါဒလည်း မခေါ်ပါဘူးတဲ့ဘုရား။ အခု နောက်ဆုံး အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပ၊ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်ကြီးများကဲ့သို့ ကိုယ်တိုင်လည်း ဓုတင်ဆောင်တော်မူတယ်။ တစ်ပါးသူတို့ကိုလည်း ဓုတင်ဆောင်ဖို့ ဟောပြော ဆုံးမတဲ့အတွက် ဓုတလည်း ဟုတ်တယ်။ ဓုတဝါဒလည်း ဟုတ်ပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ လေးနက်စွာ မှတ်သားပါ့မယ်ဘုရား။ တပည့်တော်လည်း ဓုတ၊ ဓုတဝါဒ ဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ သာဓုပါ ဦးဇင်း။

## ဓုတင်ဆိုင်ရာ အဆုံးအဖြတ်အချို့

MA ဦးဇင်း ॥ ॥ ဓုတင်ဆိုင်ရာ သိမှတ်ဖွယ်ရာတွေ ရှိသေးရင် ထပ်သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဆိုင်ရာဓုတင် အခန်းကျရင်လည်း ထပ်ပြောကြသေးတာပေါ့ ဦးဇင်း။ အခု သတိရမိတာလေးတွေ နည်းနည်း ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဝိနည်းကျမ်းဖြစ်တဲ့ စူဠဝါပါဠိတော်မှာ ပြထားတာ တစ်ခုရှိတယ်။ ပရိဝါသ် ယူပြီး ဓုတင် ၁၃ ပါးကို စတင်ပြီးတော့ ဆောက်တည် ကျင့်သုံးလိုတဲ့ ရဟန်းက အာရညကင်ဓုတင်နှင့် ပိဏ္ဍပါတ်ဓုတင်တို့ကို မဆောက်တည် ရဘူးလို့ ဆိုထားတယ်။[၂]

MA ဦးဇင်း ॥ ॥ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ॥ ॥ ပါဠိတော်က ဒီလောက်ပဲပြပြီး စူဠဝါအဋ္ဌကထာမှာကျတော့ အာရညကင်ဓုတင် မဆောက်တည်ရဆိုတာ ဘာကြောင့်လဲဆိုရင် အသစ် အသစ် ရောက်လာကြမဲ့ ရဟန်းတို့ကို ပရိဝါသ်ကြားဖို့ရာ ရှက်တဲ့စိတ်ကြောင့် အာရညကင်ဓုတင် မဆောက်တည်ရဘူးလို့ ဆိုပါတယ် ဦးဇင်း။

---

၁။ (၃၇) ဓုတင်္ဂပကိဏ္ဏကကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၇၈)

၂။ (၇၆) ပါရိဝါသိကဝတ္တ၊ ပါရိဝါသိကခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၈၃)

MA ဦးဇင်း ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ ဆက်ပြောတာ ရှိသေးတယ်။ သို့ပါသော်လည်း နဂိုကတည်းက အာရညကင်ဓူတင်ဆောက်တည်ပြီး ဖြစ်နေတယ်ဆိုရင်တော့ အဖော်ရဟန်းကိုပင့်ပြီး တောထဲမှာ အရုဏ်တက်စေရမယ်တဲ့။

MA ဦးဇင်း ။ ။ ကျင့်စရာ အသေးစိတ်သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ နေဦးနော်။ သတိရတာလေး ပြောပြဦးမယ် ဦးဇင်း။ ဒဏ်သားရဟန်း ဖြစ်နေတဲ့အတွက် ဆွမ်းစားကျောင်းမှာ အစွန်အဖျားနေရာမှာ နေရမှာနော်။ ဒါကို ရှက်တဲ့စိတ်ရှိနေရင် ပိဏ္ဍပါတ်ဓူတင်ကို အခုမှစပြီး မဆောက်တည်သင့်ဘူးတဲ့ ဦးဇင်း။ ဒီနေရာမှာ ထပ်ဖွင့်ဆိုတာ တစ်ခုရှိတယ်။ အဲဒီရဟန်းက ပင်ကိုက ပိဏ္ဍပါတ်ဓူတင် ဆောက်တည်ထားခဲ့ပြီးသူ ဖြစ်နေရင်တော့ ကျင့်ကောင်းပါတယ်လို့ ဖွင့်ဆိုထားပြန်တယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ ရှေးရှေးဆရာသခင်များရဲ့ အသေးစိတ် ဖွင့်ဆိုချက်တွေ အခုလို ပြည့်ပြည့်စုံစုံ သိခွင့်ရလို့ ဝမ်းမြောက်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ နောက်ထပ်တစ်ခု သတိရတာက ညောင်လေးပင်တောရ ဆရာတော်ကြီးရဲ့ ဓူတင်ဆိုင်ရာ အဆုံးအဖြတ်တစ်ခုပါ။ မူရင်းစာအတိုင်းပဲ ပြောပြမယ်နော် 'အချို့ကား ခွက်အများ အကပ်ခံလျှင် ပျက်သည်။ ကိုယ်တိုင်ပင် ထည့်လျှင်ပျက်သည်ဟု မစားမီက ပျက်ခြင်းကို အဆိုဦးကုန်၏။ အချို့ကား ထိုခွက်တစ်ခုတည်းဖြင့်သော်လည်း နှစ်ကြိမ်စားလျှင် နှစ်ခုမြောက်ခွက်ဖြစ်၍ နှစ်ကြိမ်နဲ့ နှစ်ခွက် မကွဲမပြား အယူအဆ ရှုပ်ထွေးကုန်၏။ အချို့ကား ခံတွင်းသို့ ရောက်သမျှအရိုး စသည်တို့ကို တဖြည်းဖြည်း ဝါး၍ မျိုရမည်။ မမျိုမူ၍ ထွေးလျှင် ပျက်သည်ဟု အတ္တကိလမထနည်းဖြင့် အယူသီးကုန်၏။ အချို့ကား ခွက်၌ ရှိသမျှအားလုံး ရောနယ်မွှေမှ မြတ်သည်ဟု ပညာမဲ့သဒ္ဓါလွန်စကား ကျွံကုန်၏' တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါ။ အလွန်မှတ်သားထိုက်တဲ့ ဓူတင်ဆိုင်ရာ အဆုံးအမပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး ဆက်ပြီးမိန့်တော်မူတာက 'ဆရာမြတ်တို့ကား ခံသောအခါ ခွက်များလည်း အပြစ်မရှိ။ စားသောအခါ တစ်ခွက်တည်းသာ စားရသည်။ ဝမ်းပမာဏ သင့်ရုံ ယူအပ်သောကြောင့် ကိုယ်တိုင် ပြင်ထည့်ခြင်းကို အပြစ်မဆိုသင့်။ နေရာရွှေ့ပြောင်း၍ အထပ်ထပ်စားလျှင် အပြစ်မရှိ။ ခွက်ကား မပြောင်းရ။ ခွက်၌ရှိသော အရိုး၊ စပါးလုံး စသည်ကို လက်ဖြင့်ယူ၍ ထွေးခံ၌သော်လည်း မစွန့်အပ်။ ခံတွင်းသို့ ရောက်သော အရိုးစသည်ကိုကား ပါးစောင်တစ်ဖက်ဖြင့် ထွေးစွန့်ကောင်း၏။ ရောမွှေရသည် ဟူသော စကားလွန် တွင်ကျယ်သောကြောင့် စက်ဆုပ်၍ ဤဓုတင်ကို ကျင့်လိုသူ

၁။ (၇၆) ပါရိဝါသိကဝတ္တကထာ၊ ပါရိဝါသိကခန္ဓက၊ စူဠဝဂ္ဂအဋ္ဌကထာ (နှာ-၁၀)

နည်းပါးချေပြီ။ ငါတို့ ဘုရားသခင်သည် သန့်သန့်ရှင်းရှင်း စားခြင်းကိုသာ နှစ်သက်သော မြို့ကြီးသားဖြစ်သောကြောင့် သေခိယဥ် ရွံ့ဖွယ်ပြုခြင်းတို့ကို များစွာ ကဲ့ရဲ့တော်မူပြီဟု ဆိုကုန်၏။'[၁] လို့ ဝိသုဒ္ဓိမဂ်အရသာစာအုပ်မှာ ပြထားတယ်ဘုရား။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ အခုနောက်ဆုံး ဓူတင်ကျင့်ထိုက်သူ ၁၀ ပါးကို ဆက်ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ ဓူတင်အကျင့်ဆိုတာ အကျိုးကြီးကျယ် မြင့်မြတ်တယ် ဦးဇင်း။ ဒါကြောင့် သာမန် ရဟန်းပုဂ္ဂိုလ်တိုင်း မကျင့်နိုင်ကြဘူး။ ဓူတင်ကျင့်ထိုက်သူ ဆိုတာက ဘယ်လိုလဲဆိုရင် (၁) ယုံကြည်မှု သဒ္ဓါရှိသူ၊ (၂) မကောင်းမှုမှ ရှက်တတ်သူ၊ (၃) တည်ကြည်မှု သမာဓိရှိသူ၊ (၄) အံ့ဖွယ်ကို မပြုတတ်သူ။ (၅) အကျိုးကို ထုံလေ့ရှိသူ၊ (၆) မလျှပ်ပေါ်သူ၊ (၇) အကျင့်သိက္ခာကို လိုလားသူ၊ (၈) မြဲစွာ ဆောက်တည်မှု ရှိသူ။ (၉) ကဲ့ရဲ့တတ်ခြင်းသဘော မရှိသူ၊ (၁၀) မေတ္တာပွား၍ နေလေ့ရှိသူတဲ့' ဦးဇင်း။ ဒီတစ်ကျိပ်သော ရဟန်းတို့က ဓူတင်အကျင့်ကို ကျင့်ထိုက်သူများ ဖြစ်ကြပါတယ်ဘုရား။[၂]

---

**ကျမ်းညွှန်းများ**

၁။ ညောင်လေးပင်တောရဆရာတော်၏ ဝိသုဒ္ဓိမဂ်အရသာ (၂၀၁၉) ခုနှစ်

၂။ (၂) ဓုတင်္ဂပဥှ၊ အနုမာနဝဂ္ဂ၊ မိလိန္ဒပဥှပါဠိ (နှာ-၃၃၃)


* မောနေယျစံကျောင်းဆရာတော် အရှင်မဟာ ဝိညသုဒ္ဓိမဂ္ဂဒီပနီ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ အဖွဲ့က ပုံနှိပ်ထုတ်ဝေသည်။ (၁၉၇၃ ခု)
* အမရပူရမြို့၊ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ပထမကျမ်းစာ ရတနာ့ဂုဏ်ရည် (၂၀၀၆) ခုနှစ်
* ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားစီရင်အပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန် (ပထမတွဲ) (၂၀၀၈)ခုနှစ်
* အရှင်တိဿထေရ် (သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ) ရေးသားတော်မူသည့် ဓုတင်ဝိနိစ္ဆယ ခေါ် ဓူတင်အဆုံးအဖြတ်ကျမ်း (၂၀၁၆)ခုနှစ်
* ကျော်နန္ဒအောင် စုဆောင်းပူဇော်သည့် ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ ပေါင်းချုပ် (ဒုတိယအုပ်)
* ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားပြုစုသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (၁၉၉၂)ခုနှစ်
* ညောင်လေးပင်တောရဆရာတော်၏ ဝိသုဒ္ဓိမဂ်အရသာ(၂၀၁၉) ခုနှစ်
* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်) ရေးသားတော်မူသည့် နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (၂၀၁၇)ခုနှစ်
* http://www.suttacentral
* http://www.wisdomlib.org
* http://en.dhammadana . org
* https://www.thitsa-paramisociety.com
* https://www.tititudorancea.com
* http://www.dhammatrainingcenter.com

# ၁။ ပံ့သကူဓုတင်

## Paṃsukûla dhutaṅga



ပံ့သကူဓုတင်ကို ဆောင်တော်မူသောရဟန်းသည် ဒါယကာတို့လှူဒါန်းသော သင်္ကန်းကိုပယ်ပြီး ပံ့သကူသင်္ကန်းကိုဆောင်၍ နေတော်မူလေ့ရှိသည်။

The bhikkhu who has got used to utilise only paṃsukûla robes , that arrives from a disgusting spot (such as a charnel) is called a "paṃsukûlika.

### ပံ့သကူဓုတင် ဆောက်တည်ပုံ

ပံ့သကူဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ"
"ပံသုကူလိကင်္ဂံ သမာဒိယာမိ"[၁]
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"ဒါယကာတို့လှူဒါန်းသော သင်္ကန်းကို ပယ်ပါ၏"
"ပံ့သကူသင်္ကန်း ဆောင်လေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"gahapatidânacîvaraṃ paṭikkhipâmi, paṃsukûlikaṅgaṃ samâdiyâmi."
"I renounce to the offered robes, I will train into utilising only abandoned robes."

၁။ (၁) ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၅၉)

## ဝေါဟာရအခက်ပြ

ဂဟပတိဒါနစိဝရံ = အိမ်ရှင်ဒါယကာတို့ လက်ဖြင့်လှူအပ်သော သင်္ကန်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
ပံသုကူလိကင်္ဂ = ပံသကူသင်္ကန်း ဆောင်လေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
ပံသုကူလိက = ပံ့သကူသင်္ကန်းကို ဝတ်ရုံ သုံးဆောင်လေ့ ရှိသောရဟန်း၊
ပံသုကူလိကင်္ဂ = ထိုပံ့သကူသင်္ကန်းကို ဝတ်ရုံ သုံးဆောင်လေ့ ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကပင် ပံ့သကူဓုတင်မည်၏။

## ပံ့သကူဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ပံ့သကူဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ပံ့သကူဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုပံ့သကူဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ပံ့သကူဓုတင်ဆောင် သူတော်ကောင်းရဟန်း

ပံ့သကူဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သောတရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကိုချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ပံ့သကူဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို မချီးမြှောက်၊ သူတစ်ပါးကို မရှုတ်ချ။
ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။

## ပံ့သကူ နှင့် ပံသုကူ

MA ဦးဇင်း ॥ ॥ တပည့်တော် ဓုတင်ဆောင်ဖို့ စိတ်ဆန္ဒပြင်းပြနေတဲ့အတွက် ဓုတင်ဆိုင်ရာ သိကောင်းစရာတွေ မေးလျှောက်ခွင့် ပြုတော်မူပါဘုရား။

ဆရာတော် ॥ ॥ ဦးဇင်းက ဓုတင်အကြောင်းထဲက ဘာတွေကိုများ စိတ်ဝင်စားနေတာလဲ။

MA ဦးဇင်း ॥ ॥ တပည့်တော် ဓုတင်ရဲ့အဓိပ္ပာယ်ကိုလည်း ပြည့်ပြည့်စုံစုံ သေသေချာချာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဓုတင် = ဓုတင်ရဲ့အဓိပ္ပာယ်က ကိလေသာကို ခါတွက်ခြင်းတဲ့။

MA ဦးဇင်း ॥ ॥ ခါတွက်တယ်ဆိုတာ ဘာကိုဆိုလိုနေမှန်း နားမလည်သေးပါဘုရား။

ဆရာတော် ॥ ॥ ခါတွက်တယ်ဆိုတဲ့ မြန်မာစကားရဲ့ အဓိပ္ပာယ်ကတော့ လက်မှာပေကျံနေတဲ့ အညစ်အကြေးတွေကို ခါချတာ၊ ခါထုတ်ပြစ်ရတာလိုပဲ နိဗ္ဗာန်ကို လိုလားတဲ့ အရှင်မြတ်တို့ကလည်း ၁၃ ပါးသော ဓုတင်အကျင့်မြတ်တို့ကို ကျင့်ပြီးတော့ အတွင်းသဏ္ဌာန်မှာ ရှိနေတဲ့ ကိလေသာအညစ်အကြေးတွေ ခါထုတ်တာကို ဆိုလိုတာပါဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ဓုတင် ၁၃ ပါးထဲမှာ ပထမဦးဆုံး ဓုတင်က ပံ့သကူဓုတင်လို့ မှတ်သားထားဖူးတာ မှန်ပါသလားဘုရား။

ဆရာတော် ॥ ॥ မှန်တယ်ဦးဇင်း။ မှန်တယ်။

MA ဦးဇင်း ॥ ॥ တပည့်တော်က မြန်မာစာပေကို ဝါသနာပါတယ်ဘုရား။ မေးခွင့်ပြုတော်မူပါ။ ပံ့သကူနဲ့ ပံသုကူ အဓိပ္ပာယ်က အတူတူပဲလားဘုရား။

ဆရာတော် ॥ ॥ တူပါတယ်။ ဒါကလည်း ပါဠိကနေသက်ဆင်းလာတဲ့ ဝေါဟာရဖြစ်ပါတယ်။ မြေကြီးပေါ် စွန့်ပစ်ထားတဲ့အဝတ်၊ အရှင်မရှိတဲ့ပစ္စည်းကို ခေါ်တာပါ။ 'ပံသုကူလစီဝရ' ဆိုရင် ပံ့သကူသင်္ကန်းလို့ ယူရပါတယ်။ အင်္ဂလိပ်လို A robe made of rags taken from dustbin လို့လည်း ယူနိုင်ကြောင်း ဦးဟုတ်စိန် အဘိဓာန်က ပြပါတယ်။

MA ဦးဇင်း ॥ ॥ ပံ့သကူက မြန်မာစကားပါလားဘုရား။

ဆရာတော် ॥ ॥ ပါဠိသက်စကားပါ။ မြန်မာက 'ပံသုကူလ'လို့ ခေါ်ရတာ အဆင်မပြေတော့ 'ပံသုကူ'ကနေ ပံ့သကူဖြစ်လာတာပါ။ ပင့်သကူလို့ သုံးတာလည်း ရှိပါသေးတယ်။

MA ဦးဇင်း ॥ ॥ တချို့ဒေသတွေမှာ ပံ့သကူလို့ ခေါ်ရတာ မပီသတဲ့အတွက် ပင့်သကူလို့ ခေါ်တာကြားဖူးတယ်ဘုရား။

* ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန် (နှာ-၁၁၇)

ဆရာတော် ॥ ॥ မဟာဇနကပျို့မှာတော့ 'ပင့်သကူသင်္ကန်း၊ ရဟန်းဘွယ်ရာ၊ ထေးဖြာပြတ်စုတ်' လို့ မှတ်တမ်းရှိတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ပံ့သကူစုတင်ကို ဘယ်လိုဆောင်ရတာပါလဲဘုရား။

ဆရာတော် ॥ ॥ 'ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ'[၁] 'ဒါယကာတို့ လှူဒါန်းသောသင်္ကန်းကို ပယ်ပါ၏။ ပံသုကူဆောက်တည်ခြင်းဟူသော အင်္ဂါကို ဆောက်တည်ပါ၏' လို့ နှုတ်ကဆိုပြီးတော့ စုတင်ကို ယူရတယ်။

MA ဦးဇင်း ॥ ॥ ပါဠိလိုဆိုမှ ရတာပါလား။ မြန်မာလိုဆိုရင်ရော ရပါသလားဘုရား။

ဆရာတော် ॥ ॥ ရပါတယ်။ နှစ်ဘာသာစလုံး ဆိုရင်လည်း ရပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ပံ့သကူသင်္ကန်းကို အမြဲဆောင်ထားလို့ ပံ့သကူကိုယ်တော်ကြီးလို့ ခေါ်ကြတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ပံ့သကူသင်္ကန်းကို အမြဲ ဆောင်တော်မူတဲ့ ရဟန်းကို ပါဠိလို 'ပံသုကူလိကထေရ်' လို့ ခေါ်ပါတယ်။ မြန်မာလို 'ပံ့သကူကိုယ်တော်' လို့ ခေါ်နိုင်ပါတယ်။

## ပံ့သကူသင်္ကန်း

MA ဦးဇင်း ॥ ॥ ပံ့သကူသင်္ကန်း ဆောင်တဲ့အလေ့အကျင့်က ဘုရားရှင် လက်ထက်တော်အခါက အစပြုခဲ့တာပါလားဘုရား။

ဆရာတော် ॥ ॥ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ဒီနေ့လို သင်္ကန်းတိုက်တွေ မရှိသေးဘူးလေ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဟုတ်သားပဲ။ သင်္ကန်းအတွက် တော်တော်ခက်ခဲကြမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ လမ်းဘေးပစ်ထားတဲ့ အဝတ်စုတ်တွေ၊ သုသာန်မှာ လူသေအလောင်းကောင် ပတ်ထားတဲ့ အဝတ်တွေ၊ အမှိုက်ပုံမှာ ပစ်ထားတဲ့အဝတ်တွေကို ကောက်ယူပြီးတော့ ဖြတ်တောက်ချုပ်ဆိုးပြီး သင်္ကန်းအဖြစ် သုံးရတာဆိုတော့ အထိုက်အလျောက် အခက်အခဲရှိပါတယ်။

MA ဦးဇင်း ॥ ॥ လူတွေ စွန့်ပစ်ထားတာတွေကိုမှ ကောက်ယူရတာဖြစ်လို့ ပံ့သကူသင်္ကန်း ခေါ်တာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ် ဦးဇင်း။ ကျွန်မရဲ့အလောင်းကို ပတ်ထားပြီး လောက်ကောင်တွေ တရွရွဖြစ်နေတဲ့ ဆာရီလိုအဝတ်ပိုင်းကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်

---

၁။ (၂၄)၊ ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၅၉)

ခွာယူပြီး ပံ့သကူသင်္ကန်းအဖြစ် သုံးဆောင်တော်မူခဲ့တဲ့ သာဓကတစ်ခု ရှိခဲ့ဖူးတယ်။[၁]

MA ဦးဇင်း ॥ ॥ အဲသလို အလောင်းကနေရတဲ့ ပံ့သကူသင်္ကန်းကိုတော့ ဘုရားတပည့်တော် မသုံးရဲပါဘုရား။

ဆရာတော် ॥ ॥ ဒါ အမြင့်မြတ်ဆုံးသင်္ကန်းလို့ ဘုရားရှင် ချီးမွမ်းတော်မူပါတယ်။ ဦးဇင်းက ဘာကြောင့် မသုံးရဲတာလဲ။

MA ဦးဇင်း ॥ ॥ အလောင်းကောင်ကနေ ယူရတာဆိုတော့ တစ္ဆေ သရဲ ကြောက်တာပါ ဘုရား။ တပည့်တော် သိချင်တာ မေးလျှောက်ပါရစေ။ ပံ့သကူဆောင် ရဟန်းက သုသာန်ကွပြီး အလောင်းကောင်ပေါ်က အဝတ်ကိုတွေ့တာနဲ့ ပံ့သကူ ကောက်ယူလို့ ရပြီလားဘုရား။

ဆရာတော် ॥ ॥ လူသေအလောင်းကောင်က ကိုယ်မပျက်သေးရင်တော့ ပံ့သကူကောက် ယူလို့ မရသေးဘူးဘုရား။

MA ဦးဇင်း ॥ ॥ ဘယ်လောက်ကြာကြာ စောင့်ဆိုင်းပြီးမှ ယူရတာပါလဲဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင် လက်ထက်တော်အခါက သာဓကတစ်ခု ရှိခဲ့ဖူးတယ်။

MA ဦးဇင်း ॥ ॥ တစ္ဆေခြောက်တဲ့ သာဓကပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဟုတ်တယ် ဦးဇင်း။ ရဟန်းတစ်ပါးက သင်္ကန်းလိုအပ်နေရှာ တယ်။ ဒါနဲ့ သူက သင်္ကန်းရလိုရငြား သုသာန်ကိုသွားလိုက်တာ အလောင်း ကောင်တစ်ခုကို တွေ့တယ်။ ဒါပေမဲ့ ကိုယ်ကောင်မပျက်သေးဘူး။ သူက သင်္ကန်းလည်း လိုအပ်နေတာဆိုတော့ အလောင်းကောင်ကို ပတ်ထားတဲ့ အဝတ်ကိုခွာပြီး ပံ့သကူ ယူလိုက်တယ်။[၂]

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အဲဒီခဏမှာပဲ လူသေကောင်ကြီးက ဖုတ် တစ္ဆေဝင်ပူးပြီး 'တပည့်တော် အဝတ်ကို ပြန်ပေးပါ'လို့ အော်ပြီး နောက်ကနေ လိုက်တောင်းသတဲ့။

MA ဦးဇင်း ॥ ॥ ပံ့သကူသင်္ကန်းဆောင်ရတာ ကြောက်စရာကြီးပါဘုရား။ ဆရာတော် ကြီးက သူ့နောက်ကလိုက်လာတဲ့တစ္ဆေကို အဝတ်တွေ ပြန်ပေးလိုက်ပါ သလားဘုရား။

ဆရာတော် ॥ ॥ ပြန်မပေးခဲ့ဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဟာ ဒါဆိုရင် တစ္ဆေက ကျောင်းအထိ လိုက်လာသလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ တစ္ဆေက အဲဒီအရှင်မြတ် သီတင်းသုံးတော်မူတဲ့ ကျောင်းတံခါး ပေါက်အထိ လိုက်လာတယ်။

---

၁။ (၁၅၄)၊ စီဝရသုတ္တဝဏ္ဏနာ၊ ကဿပသံယုတ္တ၊ နိဒါနဝဂ္ဂအဋ္ဌကထာ (နှာ-၁၈၄)

၂။ (၁၃၇)၊ ဝိနီတဝတ္ထု၊ ဒုတိယပါရာဇိက၊ ပါရာဇိကပါဠိ (နှာ-၇၂)

MA ဦးဇင်း ။ ။ တစ္ဆေက တံခါးကို တွန်းဖွင့်ပြီး ကျောင်းထဲကို ဝင်သလားဘုရား။

ဆရာတော် ။ ။ ကျောင်းထဲတော့မဝင်ဘူး။ အရှင်မြတ်က ကျောင်းထဲဝင်ပြီး တံခါးပိတ်လိုက်တာနဲ့ အလောင်းကောင်ကို ပူးနေတဲ့တစ္ဆေ ထွက်သွားတော့တယ်။

MA ဦးဇင်း ။ ။ တစ္ဆေဝင်ပူးနေတဲ့ အလောင်းကောင်ကြီးက ဘယ်ရောက်သွားသလဲဘုရား။

ဆရာတော် ။ ။ အလောင်းကောင်က ကျောင်းရှေ့တံခါးဝမှာ လဲကျနေရစ်ခဲ့တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ကြောက်စရာ ကောင်းလိုက်တာ။ ဒီနေရာမှာ တစ္ဆေရဲ့အဝတ်ကို ပိုင်ရှင်မပေးဘဲ ယူတဲ့ရဟန်း အာပတ်မသင့်ဘူးလားဘုရား။

ဆရာတော် ။ ။ ပါရာဇိကအာပတ်တော့ မသင့်ပါဘူးဦးဇင်း။ ဘုရားရှင်က 'ရဟန်းတို့ ကိုယ်မပျက်သေးတဲ့ လူသေကောင်ကနေ ပံ့သကူမကောက်ရဘူး။ ကောက်ယူရင် ဒုက္ကဋ်အာပတ်သင့်တယ်' လို့ ပညတ်တော်မူပါတယ်။[၁]

MA ဦးဇင်း ။ ။ တပည့်တော်သိချင်တာက လူသေကောင်ရဲ့ ဘယ်လိုအခြေအနေကို ကိုယ်မပျက်သေးဘူးလို့ ယူရပြီး၊ ဘယ်လိုအခြေအနေရောက်မှ ကိုယ်ပျက်တယ်လို့ ယူရပါသလဲဘုရား။

ဆရာတော် ။ ။ အလောင်းကောင် သုသာန်ရောက်တဲ့အချိန်မှာ ခွေးတွေနဲ့ခုတ်ပိုင်းထားလို့ ကိုယ်အင်္ဂါအစိတ်အပိုင်း ပျက်နေတာဖြစ်စေ၊ ကား၊ ရထားကြိတ်ထားလို့ ကိုယ်အင်္ဂါအစိတ်အပိုင်း ပျက်နေတာဖြစ်စေ၊ မသေခင်ကတည်းက နူနာရောဂါလိုမျိုးဖြစ်ပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း ပျက်နေတဲ့အလောင်းကနေ ပံ့သကူကောက်ယူလို့ရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သုသာန်မရောက်ခင်ကတည်းက ကိုယ်အင်္ဂါအစိတ်အပိုင်း ပျက်နေတာမျိုးဆိုရင် ပံ့သကူကောက်ယူလို့ ရတယ်ဆိုတာကို နားလည်ပါပြီဘုရား။ ဒါဆိုရင် ကင်ဆာရောဂါဖြစ်ပြီး အဖု၊ အကြိတ် အကြီးကြီးတွေ ကွဲအက်ပြီးတော့ ပြည်တွေ၊ သွေးတွေ တရွှဲရွှဲ ဖြစ်နေတဲ့ အလောင်းကောင်ကနေလည်း ပံ့သကူကောက်ရင်ရမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရတယ်ဦးဇင်း။ သို့သော် သုသာန်ရောက်လာတဲ့ အလောင်းကောင်က လတ်လတ်ဆတ်ဆတ် ဖြစ်နေရင်တော့ ပံ့သကူကောက်ခွင့် မရှိဘူး။ ဒါကြောင့် ကိုယ်ပျက်တဲ့အထိ စောင့်ပြီးမှ ယူရမယ်လို့ ပြဋ္ဌာန်းတာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ကိုယ်ပျက်တယ်ဆိုတာကို ဘယ်လိုအခြေအနေပါလဲဘုရား။

ဆရာတော် ။ ။ အလောင်းကောင်ကို ကျီးတွေ၊ စွန်တွေ၊ လင်းတတွေ၊ တောခွေး၊ အိမ်ခွေးတွေက နှုတ်သီးနဲ့ထိုးဆွပြီး စားထားရင် ကိုယ်ပျက်ပြီလို့ ယူနိုင်ပါပြီ။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

---

၁။ (၁၃)၊ ဝိနီတဝတ္ထု၊ ဒုတိယပါရာဇိက၊ ပါရာဇိကပါဠိ (နှာ-၇၃)

ဆရာတော် ॥ ॥ နောက်ထပ်တစ်ခု သိသင့်စရာက သုသာန်ရောက်ပြီးနောက် တိရစ္ဆာန်တွေ မစားမသောက်ထားသော်လည်း သုံးရက်လောက်နေရင် အလောင်းကောင်ကြီး ဖူးဖူးရောင်လာတော့မယ်။ ဒါဆိုရင်လည်း ပံ့သကူကောက်လို့ ရပါတယ်ဘုရား။ နောက်တစ်ခုရှိသေးတာက ကိုယ်မပျက်သေးသော်လည်း သုသာန်စောင့်တို့၊ ကပ္ပိယတို့က ကောက်ပြီး ယူလာမယ်ဆိုရင်လည်း ရပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မာတုဂါမအလောင်းဆိုရင် ကိုယ်တိုင်ကောက်ယူခွင့် ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ် ဦးဇင်း။ ရှိပါတယ်။ သမဏသညာနဲ့ သတိကြီးကြီးထားပြီး ကောက်ယူရပါမယ်ဘုရား။[၁]

MA ဦးဇင်း ॥ ॥ ပံ့သကူသင်္ကန်းကို ဘုန်းကြီးအလောင်းကနေရရင် ပိုကောင်းမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဘုန်းကြီးပျံကနေရတဲ့ သင်္ကန်းကတော့ ဘာမှချုပ်လုပ် ဆေးဆိုးစရာမလိုဘဲ သုံးနိုင်တာပေါ့။

MA ဦးဇင်း ॥ ॥ ဘုန်းကြီးပျံကနေ သင်္ကန်းရဖို့ ခက်ခဲမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ လွယ်တဲ့နည်း တစ်ခုရှိတယ် ဦးဇင်း။ တစ်နေ့ တစ်နေ့ အလောင်းရာချီ သင်္ဂြိုဟ်လေ့ရှိတဲ့ သုသာန်မျိုးမှာ ဘုန်းကြီးအလောင်းလည်း ပါတတ်တယ်။

MA ဦးဇင်း ॥ ॥ ရန်ကုန်က ရေဝေးသုသာန်မှာ ဘုန်းကြီးအလောင်း ရှိမရှိက ဘယ်လိုလုပ်သိရပါမလဲဘုရား။

ဆရာတော် ॥ ॥ အလွယ်ဆုံးနည်းကတော့ သုသာန်က သုဘရာဇာတွေနဲ့ ချိတ်ဆက်ထားရင် ဘုန်းကြီးအလောင်း ရေခဲတိုက်ထဲရှိတဲ့နေ့နဲ့ အလောင်းမီးသင်္ဂြိုဟ်မဲ့နေ့ကို ကြိုတင် သိနိုင်ပါတယ်။ တချို့ သီတင်းသုံးဖော်တွေ ရေဝေးသုသာန်ကနေ ပံ့သကူသင်္ကန်းတွေ မကြာခဏ ရဖူးကြတယ်ဘုရား။

MA ဦးဇင်း ॥ ॥ သင်္ကန်းဟောင်းနွမ်းလို့ လိုချင်တဲ့အချိန်ကိုက်ရဖို့တော့ ခက်ခဲမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါတော့ စိတ်ရှည်ရမှာပါ။ ကိုယ်လိုချင်တဲ့ အချိန်ကိုက် ဘယ်ဘုန်းကြီးပျံလွန်မလဲဘုရား။

MA ဦးဇင်း ॥ ॥ ပံ့သကူဥက္ကဋ္ဌ အမြတ်ဆုံးရဟန်းက သုသာန်ကရတဲ့ သင်္ကန်းကို ဆောင်ထားတဲ့အတွက် နံစော်ပြီး ချုပ်ရာ၊ ဖာထေးရာတွေ ဗလပွ ဖြစ်နေမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဘုန်းကြီးပျံတို့၊ လူသေအလောင်းကောင်တို့ကနေ ရထားတဲ့ ပံ့သကူသင်္ကန်းကို ဆောင်ထားတဲ့ရဟန်းအဖို့ ချုပ်ရာ၊ ဖာထေးရာတွေ ဗလပွကြောင့်ကို

---

၁။ ဝိနယသင်္ဂဟအဋ္ဌကထာ (နှာ-၄၂၂)

မာန်မာန လျော့တာပေါ့။ အလောင်းကောင်ကရတဲ့ အဝတ်သင်္ကန်းဖြစ်လို့ သေခြင်းတရားကို များများသတိရနိုင်တယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ သုသာန်ကနေရတဲ့ ပံ့သကူသင်္ကန်း အကျိုးများတာကို သိရပါသော်လည်း တပည့်တော် ကြောက်တယ်ဘုရား။

ဆရာတော် ॥ ॥ အဲသလိုကြီးလည်း အကြောက်မလွန်ပါနဲ့လေ။ ပံ့သကူသင်္ကန်းဆိုတာ ပိုင်ရှင်စွန့်ပစ်ထားတာကို ကောက်ယူ သုံးစွဲတာပါ။ ပိုင်ရှင်မရှိဘူး။ ဘယ်သူ့အတွက်မှလည်း တာဝန်မလေးဘဲ ဖြစ်ပေါ်လာတဲ့သင်္ကန်းမို့လို့ ဘုရားရှင် ချီးမွမ်းတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် သာသနာတော်မှာ သံဃာအားလုံး ပံ့သကူသင်္ကန်းပဲ သုံးရပြီး ဒါယကာများ လှူဒါန်းတဲ့သင်္ကန်းကို သုံးခွင့် မရှိတာပါလားဘုရား။

ဆရာတော် ॥ ॥ မြတ်စွာဘုရားရှင် ဝါတော် ၂၀ လောက် ရှိလာတဲ့အခါမှာ ဆရာဇီဝက လျှောက်ထားလို့ သင်္ကန်းအလှူခံပြီး သုံးခွင့် ပြုတော်မူခဲ့တာပါ။[၁]

MA ဦးဇင်း ॥ ॥ ပံ့သကူသင်္ကန်းအစ ကျွန်မအလောင်း ပတ်ထားတဲ့အဝတ်က စတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ကျွန်မရဲ့အလောင်းကို ပတ်ထားတဲ့ အဝတ်က စတာပါ။ သာသနာ့မှတ်တမ်းမှာတော့ ဇာလိနီနတ်သမီးက အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးအတွက် သင်္ကန်းပံ့သကူပစ်တာလည်းရှိနေတော့ တချို့က ဒါကို ပံ့သကူသင်္ကန်းအစလို့ ထင်ကြတယ်။

MA ဦးဇင်း ॥ ॥ နတ်သမီးက အရှင်အနုရုဒ္ဓါအတွက် ပံ့သကူသင်္ကန်း လှူတာပါလားဘုရား။

ဆရာတော် ॥ ॥ ပံ့သကူသင်္ကန်းဆိုမှတော့ လက်ထဲလှူတာ မဟုတ်ပါဘူး။ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးရဲ့ သင်္ကန်းက အတော်ကြီးကို ဟောင်းနွမ်းနေတဲ့အတွက် သုသာန်တွေ၊ အမှိုက်ပုံတွေမှာ လူအများ စွန့်ပစ်ထားတဲ့ အဝတ်စအဟောင်းကို ရှာဦးမှပဲဆိုပြီး ထွက်ကြွတော်မူတယ်။ ဒါကို ဘဝဟောင်းက ဇနီးမယား တော်ဖူးတဲ့ ဇာလိနီနတ်သမီးက အရှင်မြတ်ရဲ့ စိတ်အကြံကို သိလိုက်တယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ နတ်သမီးရဲ့ တန်ခိုးနဲ့ သိတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ် သူ့တန်ခိုးနဲ့ သိတာပါ။ ဒါနဲ့ နတ်သမီးက ကိုယ်တိုင် လက်ဝယ် အရောက်လှူချင်ပေမဲ့ မထေရ်မြတ်က အလှူမခံမှာကိုလည်း သူစိုးရိမ်တယ်။ ဒါကြောင့် မထေရ်မြတ်ရဲ့ ဆန္ဒတော်အတိုင်း ဖြစ်ပါစေတော့ဆိုပြီး အမှိုက်ပုံနားမှာ အဝတ်စသုံးထည်ကို မသိမသာ စွန့်ပစ်ပြီး လှူဒါန်းခဲ့တယ်။ အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်နေပါတယ်။[၂]

၁။ (၃၃၇)၊ ဝရယာစနကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၃၉၂)
၂။ (၄)၊ အနုရုဒ္ဓတ္ထေရဝတ္ထု၊ အရဟန္တဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ-၁ (နှာ-၃၈၇)

MA ဦးဇင်း ။ ။ ဒါကြောင့် တန်ဆောင်မုန်းလပြည့်နေ့မှာ သင်္ကန်းအပါအဝင် သံဃာတော်များ အသုံးအဆောင်ပစ္စည်းတွေ ပံ့သကူပစ်ပြီးတော့ လှူတာထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။

## ဇေဟိဘိက္ခုရဟန်း

MA ဦးဇင်း ။ ။ ရှေးရှေး သံဃာတော်များက ပံ့သကူသင်္ကန်းကိုပဲ သုံးတာပါလားဘုရား။

ဆရာတော် ။ ။ ဘုရားရှင်က ဧဟိဘိက္ခု (ရဟန်းလာလှည့်)ဟု ခေါ်ကာမျှဖြင့် သပိတ်၊ သင်္ကန်း၊ ပရိက္ခရာရှစ်ပါးနဲ့ ရဟန်းအဖြစ်ကို ရောက်တာလည်း ရှိပါတယ်။

MA ဦးဇင်း ။ ။ ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ အရည်အချင်းကို အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရှေးရှေးဘဝများက အရိယာရဟန်းကိုဖြစ်စေ ဒါမှမဟုတ် သီလပြည့်စုံတဲ့ သီလဝန္တ ပုထုဇဉ် ရဟန်းတော်ကိုဖြစ်စေ ပရိက္ခရာရှစ်ပါး မဟုတ်ရင်တောင်မှ သပိတ်၊ သင်္ကန်းကို လှူဒါန်းပြီး ဧဟိဘိက္ခုဖြစ်ဖို့ ပါရမီဆုတောင်း ရှိရပါမယ်။ ပြီးတော့ ဒီဘဝမှာ ရဟန္တာဖြစ်မဲ့ နောက်ဆုံးဘဝပိုင်ရှင် ပစ္ဆိမဘဝိက ဖြစ်ရပါမယ်။ ဒါက ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ အရည်အချင်းပါပဲ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါ။ တပည့်တော် သင်္ကန်းလှူဒါန်းခဲ့ဖူးတယ်။ ဆုတော့မတောင်းခဲ့မိဘူး။ ဘုရားတပည့်တော်များရဲ့ သာသနာတော်မှာ ဧဟိဘိက္ခုရဟန္တာ ဘယ်လောက်များ ရှိခဲ့ဖူးပါသလဲဘုရား။

ဆရာတော် ။ ။ ဘုရားရှင်လက်ထက်တော်ကာလ ဧဟိဘိက္ခု ရဟန်းတော် ၂၈,၆၄၁ ပါး ရှိခဲ့တယ်လို့ သမန္တပါသာဒိက အဋ္ဌကထာဆရာတော်က ရေတွက် မှတ်တမ်းတင်ထားတာ ရှိပါတယ်။[၂]

## ဧစွယ်ရှင် ပံ့သကူထေရ်

MA ဦးဇင်း ။ ။ တပည့်တော်တို့ ယနေ့သာသနာတော်မှာလည်း သုသာန်ကသင်္ကန်း ကောက်ယူပြီး ဓူတင်ဆောင်တော်မူတဲ့ ရဟန်းတော်များစွာ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှေးရှေးအခါကလည်း ရှိခဲ့ပါတယ်။ အခုလည်း ရှိနေပါသေးတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ ရှေးရှေးအခါက မထေရ်မြတ်များအပါအဝင် ဒီနေ့ခေတ် ဓူတင်ဆောင် ဆရာတော်များ အကြောင်းလည်း ကြည်ညိုပါရစေဘုရား။

---

၁။ (၁၀)၊ ဗာဟိယသုတ္တဝဏ္ဏနာ၊ ဗောဓိဝဂ္ဂ၊ ဥဒါနဋ္ဌကထာ။ (နှာ-၈၅)

* (၃၇၀)၊ ခာတုဝိဘင်္ဂသုတ္တဝဏ္ဏနာ၊ ဥပရိပဏ္ဏာသဋ္ဌကထာ။ (နှာ-၂၁၅)

၂။ ပဒဘာဇနီယဝဏ္ဏနာ၊ ပဌမပါရာဇိကဋ္ဌကထာ-၁။ (နှာ-၂၀၆)

ဆရာတော် ။ ။ ကောင်းပါပြီ၊ ရှေးရှေးဆရာတော်များထဲက ပုံ့သကူထေရ်ရှင်တစ်ပါး အကြောင်းကို သတိရလို့ ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အချိန်ကာလအားဖြင့် နရပတိစည်သူမင်း လက်ထက်က ပုံ့သကူထေရ်တစ်ပါး ရှိခဲ့ဖူးတယ်။ ရှေးသာသနာဝင် အရှင်အရဟံမထေရ်မြတ်ရဲ့ အဆက်အနွယ် ဖြစ်တော်မူပြီး ဘွဲ့က အရှင်သီလဗုဒ္ဓိတဲ့။ သာသနာမှာ မူလဘွဲ့အမည်နှင့် မထင်ရှားဘဲ ငစွယ်ရှင် ပုံ့သကူထေရ်အဖြစ် မှတ်တမ်းတင်တာကို ဖတ်ရပါတယ်။

MA ဦးဇင်း ။ ။ အရှင်သီလဗုဒ္ဓိလို့ မှတ်တမ်းမဝင်ဘဲ ငစွယ်ရှင်လို့ ဘာကြောင့် မှတ်တမ်းဝင်ရတာပါလဲဘုရား။

ဆရာတော် ။ ။ ဒါက ပြည့်ပြည့်စုံစုံပြောမှပဲ သိနိုင်တော့မယ်။ အရှင်မြတ်ကြီးက ကထိန်သင်္ကန်းကို ခံယူခြင်းမရှိဘူး။ သုသာန်တစပြင်မှ လူသေကောင်ဖုံးလွှမ်းထားတဲ့ အဝတ်ကိုသာ ပုံ့သုကူသုံးဆောင်တော်မူတဲ့အကြောင်း တစ်ရွာလုံး၊ တစ်နယ်လုံးက သိကြတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တစ်နေ့ကျတော့ သုသာန်အနားမှာ နွားကျောင်းနေကြတဲ့ နွားကျောင်းသားတွေထဲမှာ ငစွယ်ငယ်လို့ နာမည်ရတဲ့ သူငယ်လည်းပါတယ်။ ငစွယ်ငယ်က သူ့သူငယ်ချင်းတွေကို ပြောတယ် 'သူငယ်ချင်းတို့ နင်တို့လည်း ကုသိုလ်ရ၊ ငါလည်း ကုသိုလ်ရအောင် ငါသေချင်ယောင်ဆောင်မယ်၊ ငါ့ကိုယ်ပေါ်မှာ နင်တို့ရဲ့ အဝတ်ပုဆိုးကို လွှမ်းခြုံထားပြီးတော့ ဆရာတော်ကြီးထံတော်ပါး သွားပြီး သုသာန်မှာ အလောင်းကောင် ရောက်လာပါတယ်ဘုရား။ ပုံ့သကူ ပုဆိုးကို ကောက်ယူတော်မူပါဘုရား' လို့ လျှောက်ခိုင်းတယ်။

MA ဦးဇင်း ။ ။ သူတော်ကောင်းကြီးကို နောက်ပြောင်တာမျိုး မလုပ်ကောင်းလိုက်တာဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ကလေးတွေဆိုတော့ ဘယ်သိမလဲ။ ဒါကြောင့် ငစွယ်ငယ် ပြောတဲ့အတိုင်း သူ့သူငယ်ချင်းတွေက ငစွယ်ငယ်ကို အလောင်းကောင်ပုံစံ ပက်လက်အိပ်ခိုင်းပြီးတော့ ခပ်ဆန့်ဆန့်ကလေး လုပ်ထားကြတယ်။ ပြီးတော့ ဆရာတော်ကြီးထံတော်ပါး သွားပြီး လျှောက်ကြတယ်။ မထေရ်မြတ်ကလည်း သုသာန်ကြွတော်မူပြီး ပုံ့သကူ ကောက်တော်မူပါတယ်။

MA ဦးဇင်း ။ ။ ငစွယ်ငယ်က ဘယ်အချိန်ထပြီး အိမ်ပြန်သွားသလဲဘုရား။

ဆရာတော် ။ ။ ငစွယ်ငယ်အိမ်ပြန်လို့ မရတော့ဘူးဦးဇင်း။ မထေရ်မြတ် သုသာန်ကြွတော်မူပြီး ပုံ့သကူ ကောက်ပြီးတာနဲ့ ငစွယ်ငယ်က တကယ်ပဲ လူသေအစစ် ဖြစ်ပြီးတော့ အသက်မရှူတော့ဘူး။ မေးလို့ ခေါ်လို့လည်း မရတော့ဘူး။

MA ဦးဇင်း ။ ။ ဒုက္ခတော့ ဖြစ်ကြပြီပေ့ါဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဒါနဲ့ ငစွယ်ငယ်ရဲ့ မိဘတွေနဲ့ သူငယ်ချင်းတွေက အရှင်မြတ်ကြီး ထံတော်ပါး သွားပြီး ဖြစ်ကြောင်းကုန်စင် လျှောက်ကြား တောင်းပန်ကြတယ်။ ဒါနဲ့ အရှင်မြတ်ကြွလာပြီး ပရိတ်မေတ္တာပြုတော်မူမှ ငစွယ်ငယ်ထပြီး ရှိခိုး တယ်။ အဲဒီအချိန်ကစပြီး "ငစွယ်ရှင် ပံ့သကူထေရ်"[၁]လို့ ဘွဲ့အမည်တွင်ခဲ့ တာပါ ဦးဇင်း။

## ပံ့သကူဓူတင်ဆောင် ထေရ်ရှင်များ

MA ဦးဇင်း ॥ ॥ အခုခေတ်သာသနာတော်မှာ ရှိခဲ့ဖူးတဲ့ ပံ့သကူဆောင် ထေရ်ရှင်များ အကြောင်းကိုလည်း ကြည်ညိုလိုပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ စစ်ကိုင်းတောင်ရိုးမှာ သီတင်းသုံးတော်မူခဲ့တဲ့ ဗောဓိမဏ္ဍိုင် ဆရာတော်ကြီးက တစ်ပါးတည်း ဧကစာရီ သီတင်းသုံးတော်မူလေ့ရှိပြီး၊ အသုဘအလောင်းကောင်ကနေရတဲ့ ပံ့သကူအဝတ်ကိုသာ နှစ်သက်အားရ ကောက်ယူတော်မူပြီး ပံ့သကူသင်္ကန်းကိုပဲ ရာသက်ပန် သုံးဆောင်တော်မူခဲ့ တယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ပြီးခဲ့တဲ့နှစ် ၁၀၀ ကျော်ကာလက ဘုန်းတော်ကြီး ဦးသီလကလည်း ပံ့သကူဓူတင်ကို အမြဲဆောင်တော်မူကြောင်း မှတ်တမ်းတွေရှိတယ်။ ပံ့သကူ သင်္ကန်းကို သုသာန်ထဲမှာ၊ လမ်းဘေးတွေမှာ ချထားပြီးတော့ "အသုဘရှု ကြွတော်မူပါ။ အဖူးမြော်ခံ ကြွတော်မူပါ" လို့ ပင့်ကြတယ်။

MA ဦးဇင်း ॥ ॥ ပင့်ရင် ကြွတော်မူပါသလားဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီး မိန့်တော်မူဖူးတာက "ငါ့မှာ ဝမ်းမနာဘဲ ကုဋီသွားရ၊ မသာ မရှိဘဲ အသုဘရှုလိုက်ရတယ်" လို့ မိန့်တော်မူဖူးတယ်။ ဆရာတော်ကြီးက တစ်ခါတစ်ရံ တစ်နေ့တည်း သင်္ကန်း ၅ ကြိမ် ၆ ကြိမ် အသစ်လဲရပါတယ်။ [၁]

MA ဦးဇင်း ॥ ॥ ပံ့သကူဆောင်မထေရ်က ပံ့သကူကောက်ယူပြီးရင် ချက်ချင်း သင်္ကန်းလဲရတာ ပါလားဘုရား။

ဆရာတော် ॥ ॥ ဒါက နည်းနည်းရှင်းပြမှရတော့မယ်။ သင်္ကန်း ဓူတင် ၂ ပါး ရှိတယ်လေ။

MA ဦးဇင်း ॥ ॥ မှန်ပါ။ မှတ်မိပါတယ်ဘုရား။

ဆရာတော် ॥ ॥ သင်္ကန်းသုံးထည်ကိုသာ သုံးမယ်ဆိုတဲ့ တိစီဝရိတ်ဓူတင်နဲ့ ပံ့သကူ သင်္ကန်းကိုသာ ကောက်ယူသုံးမယ်ဆိုတဲ့ ပံ့သကူဓူတင်တို့ ဖြစ်ပါတယ်။

---

၁။ ဓမ္မာစရိယဦးဌေးလှိုင် ရေးသားပြုစုသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (၁၉၉၂)ခုနှစ်

မိမိခြေရင်းရှေ့ သက်န်းတွေ့ပြီ၊ ကိုယ်တိုင်လည်း ကောက်ယူပြီဆိုရင် သက်န်း သုံးထည်ကိုပဲ သုံးမယ်ဆိုတဲ့ တိစီဝရိတ်ဓူတင်အတွက် အနှောင့်အယှက် ဖြစ်တော့မယ်။ သို့သော် ကိုယ်တိုင်မသုံးဘူးဆိုရင်တော့ တစ်မျိုး စဉ်းစားရ ပါမယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဘယ်လိုများ စဉ်းစားရတာပါလဲဘုရား။ တပည့်တော် သိချင် တာက ပံ့သကူဓူတင်ဆောင် ရဟန်းက ဒကာ၊ ဒကာမလှူဒါန်းလာတဲ့ သက်န်းကို အလှူခံလိုက်တာနဲ့ ဓူတင်ပျက်တာပါလားဘုရား။

ဆရာတော် ။ ။ မိမိကိုယ်တိုင်သုံးဆောင်ဖို့အတွက် မဟုတ်ဘဲ အခြားရဟန်းတစ်ပါးပါးကို လှူဒါန်းမယ်လို့ နှလုံးသွင်းပြီးတော့ လူဒါယကာများရဲ့ စိတ်ကို ကြည်လင်စေဖို့ အတွက် အလှူခံမယ်ဆိုရင် အလှူခံကောင်းတယ်လို့လည်း ဆရာသခင် များက ဆုံးဖြတ်ပေးတော်မူထားတာ ရှိပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ အခုလိုနှလုံးသွင်းနဲ့ အလှူခံရင် ပံ့သကူဓူတင်နဲ့ တိစီဝရိတ်ဓူတင် နှစ်ပါးလုံး အတွက် အနှောင့်အယှက် မဖြစ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဓူတင်ဆောင်ရဟန်းတစ်ပါးက မိမိမသုံးဆောင်ဘူး၊ အခြား ရဟန်းများထံပါး လှူဒါန်းမယ်ဆိုတဲ့ နှလုံးသွင်းနဲ့ သက်န်းအစုံ တစ်ရာ၊ နှစ်ရာကို အလှူခံရင်လည်း ရပါသလားဘုရား။

ဆရာတော် ။ ။ ဦးဇင်း ဒါတော့စဉ်းစားရမှာလေ။ ကိုယ်ကတောထဲနေတယ်။ ညမှာ သုသာန်ကို သွားတယ်။ ရွာထဲလှည့်ပြီး ဆွမ်းခံစားတယ်။ သက်န်းကိုလည်း ပံ့သကူ ကောက်ပြီးသုံးတယ်။ ပရိက္ခရာ အစစအရာရာ ခြိုးခြံပြီး နေတယ်ဆိုတဲ့ ဓူတင်ဆောင်ရဟန်းက အခြားရဟန်းကို လှူမယ်ဆိုတဲ့ နှလုံးသွင်းနဲ့ သက်န်း အစုံ ရာထောင်များစွာ အလှူခံနေရင် သူ့ရဲ့အပြုအမူတွေက အပ္ပိစ္ဆဂုဏ် ပျောက် မနေဘူးလား။ ပညာရှိများရဲ့အမြင်မှာ ကဲ့ရဲ့စရာ ဖြစ်တော့မှာပေါ့ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ နားလည်ပါပြီဘုရား။ အခြားရဟန်းတစ်ပါးပါးကို လှူမယ်ဆိုရင်လည်း မြန်မြန်လှူရမှာပါလားဘုရား။

ဆရာတော် ။ ။ တစ်ရက်နှစ်ရက်အတွင်း ရရ၊ လှူလှူဆိုရင်တော့ သင့်မြတ်လောက်မယ် ထင်ပါတယ်ဘုရား။ ဒါကြောင့် ပံ့သကူဆောင်ထေရ်ရှင်များက သက်န်း ကောက်ပြီးတာနဲ့ ကိုယ်ပေါ်က မူလသက်န်းကို စွန့်တော်မူပြီး ရလာတဲ့ သက်န်းအသစ်ကို သုံးတာတွေ့ဖူးတယ်။

---

၁။ နဘူးကျောင်းဆရာတော်ကြီး၏ ဓူတင်အဆုံးအဖြတ်ကျမ်း (နှာ-၂၃)

MA ဦးဇင်း ॥ ॥ တောရကျောင်းမှာ သီတင်းသုံးတော်မူတဲ့ တချို့ရဟန်းတော်များထံပါး သင်္ကန်းကပ်ရင် လက်ထဲ အလှူမခံတာလည်း တစ်ခါက ကြုံဖူးတယ်ဘုရား။

ဆရာတော် ॥ ॥ သင်္ကန်းဓုတင်နှစ်ပါး ဆောင်တော်မူတဲ့ ထေရ်ရှင်များက သင်္ကန်းအလှူ ခံလိုက်ရင် အနှစ်နှစ်အလလ ကြိုးစားဆောက်တည်ခဲ့တဲ့ ဓုတင်တွေမှာ အခုနပြောသလို အနှောင့်အယှက် ဖြစ်တတ်တယ်လေ။

MA ဦးဇင်း ॥ ॥ ဒါကြောင့် သင်္ကန်းထုပ်ကို "ဒီနားထားခဲ့" လို့ ပြောရင်ကော သင့်မြတ်ပါ သလားဘုရား။

ဆရာတော် ॥ ॥ သင့်ပါတယ်။ ဘုန်းကြီးတို့ ကြည်ညိုလေးစားရတဲ့ ဓုတင်ဆောင် ထေရ်တစ်ပါး က "အရင်က သင်္ကန်းဓုတင် မဆောင်ခင်တုန်းက ဒကာတစ်ယောက်က သင်္ကန်းထုပ်ကိုင်ပြီး တပည့်တော်ရှေ့လာရင် ဘာသင်္ကန်းမျိုးလဲ။ တပည့်တော်နဲ့ သပ္ပာယမျှတပါ့မလားနဲ့ စိတ်က လှုပ်ခတ်နေတတ်တယ် ဦးဓေမာ။ အခု သင်္ကန်းသုံးထည်နဲ့ နေလိုက်တော့ ဘာယူလာလာ တပည့်တော်နဲ့ ဘာမှ မဆိုင်တော့ဘူး။ တို့ သင်္ကန်းအလှူမခံဘူးလို့ ပြောလိုက်တာပဲ"လို့ မိန့်တော်မူ ဖူးတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ကြည်ညိုမဆုံးပါဘုရား။

## ဓုတင်္ဂအပ္ပိစ္ဆတာဂုဏ်ရည်

ဆရာတော် ॥ ॥ ရန်ကင်းတောရကို ကြွလာတော်မူတဲ့ မထေရ်တစ်ပါးက သင်္ကန်းလည်း ဟောင်းနွမ်းလို့။ အရောင်လည်း လွင့်လို့နေပြီ။ ဒါကြောင့် ဘုန်းကြီးက ဆရာတော့်ခြေရင်းထိုင်ပြီး အရိပ်အမြွက် မေးလျှောက်ကြည့်တယ်။

MA ဦးဇင်း ॥ ॥ ဘာဖြစ်လို့ အရိပ်အမြွက် မေးလျှောက်ရတာပါလဲဘုရား။ အရှင်ဘုရား သင်္ကန်းဓုတင် ဆောင်တော်မူပါသလားလို့ ရဟန်းအချင်းချင်း တည့်တည့် မေးလျှောက်ရင် ပိုမသင့်ပါလားဘုရား။

ဆရာတော် ॥ ॥ မသင့်ပါလို့ပဲ ပြောရမယ်။

MA ဦးဇင်း ॥ ॥ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ॥ ॥ ဓုတင်ဆောင်တာက ကိလေသာပါးဖို့နဲ့ ကုသိုလ်တိုးဖို့ပါ။ ဒါကြောင့် သူတော်ကောင်းများက မိမိဓုတင်ဆောင်လေ့ရှိကြောင်းကို လူတကာ အများ သိအောင် ပြောပြလိုတဲ့ စိတ်ဆန္ဒမရှိကြပါဘူး။ ဓုတင်္ဂအပ္ပိစ္ဆတာဂုဏ်ရည်နဲ့ ပြည့်ဝတော်မူတဲ့ ဆရာသခင်များက သူတို့ကျင့်နေတဲ့ ဓုတင်ပဋိပတ်ကို အနီးနေ တပည့်ကြီးတွေကတောင် သိဖို့ခက်ခဲလောက်အောင် သိုသိပ်တော် မူကြပါတယ်။

MA ဦးဇင်း ॥ ॥ ရှေးရှေးမထေရ်များရဲ့ ဂုဏ်ရည်ပါလားဘုရား။

ဆရာတော် ॥ ॥ ရှေးရှေးမထေရ်တို့မှာလည်း ဒီဂုဏ်ရည်ရှိတယ်၊ ယနေ့ခေတ် ထေရ်ရှင်များမှာလည်း ဒီဂုဏ်ရည် ရှိကြပါတယ်။ ဒါက သူတော်ကောင်းကြီးတို့ရဲ့ မပြောင်းလဲတဲ့ ဓလေ့ ဖြစ်ပါတယ်။

MA ဦးဇင်း ॥ ॥ ဒါဆိုရင်အကျယ်တဝင့် ကြည်ညို ပူဇော်ပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ၊ အဋ္ဌကထာ၊ ဋီကာတွေမှာ လာရှိတဲ့ ရှေးရှေးမထေရ်မြတ်တို့ရဲ့ ဓုတင်ဂုဏ်ရည်ကို ဦးစွာ ကြည်ညိုရအောင်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ညီတော်နောင်တော် မထေရ်နှစ်ပါး တောတစ်နေရာမှာ သီတင်းသုံးတော်မူကြတယ်။ နောင်တော်ကြီးက ကျောချပြီး အိပ်ခြင်းကို ပယ်ပြီး ရပ်ခြင်း၊ ထိုင်ခြင်း၊ စင်္ကြံသွားခြင်းကိုသာ ကျင့်သုံးရတဲ့ နိသဇ္ဇိဓုတင်ကို ဆောင်တော်မူတယ်။

MA ဦးဇင်း ॥ ॥ နောင်တော်ကြီး အခုလို ဓုတင်ဆောင်တာကို ညီတော် မသိဘူးလားဘုရား။

ဆရာတော် ॥ ॥ မသိဘူး။ တစ်နေ့ ညဥ့်နက်သန်းခေါင်အချိန်မှာ အိပ်ရာ အင်းပျဉ်ပေါ်မှာ နောင်တော်ကြီး ထိုင်နေတော်မူစဉ် လျှပ်စီးလက်လိုက်လို့ ညီတော်က မြင်လိုက်တယ်။

MA ဦးဇင်း ॥ ॥ မအိပ်ဘဲ ဓုတင်ဆောင်တာ သိသွားသလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်၊ ညီတော်က ရိပ်မိလိုက်တယ်။ ဒါကြောင့် မေးလျှောက်တယ် "အရှင်ဘုရား နိသဇ္ဇိဓုတင် ဆောင်ပါသလား"တဲ့။ နောင်တော်ကြီး ဓုတင်ဆောင်တာ ညီတော်ကို မသိစေလိုတဲ့အတွက် အနှစ်နှစ်အလလက ဆောက်တည်လာခဲ့တဲ့ ဓုတင်ကိုဖျက်ပြီး လဲလျောင်းတော်မူလိုက်တယ်။[၁]

MA ဦးဇင်း ॥ ॥ ညီတော်သိမှာစိုးလို့ အနှစ်နှစ်အလလက ဆောက်တည်လာခဲ့တဲ့ ဓုတင်ကို ဖျက်လိုက်တာ အံ့သြစရာပါပဲဘုရား။ အဲဒီကျောချပြီး မအိပ်ရတဲ့ ဓုတင်ကို ညမှာပဲ ဆောက်တည်တာပါလားဘုရား။

ဆရာတော် ॥ ॥ ဘယ်ဟုတ်မလဲ။ နေ့ရောညပါ ကျောမချရတာဦးဇင်း။

MA ဦးဇင်း ॥ ॥ တပည့်တော်က နေ့မှာ ကျောချအိပ်လို့ရတယ် ထင်နေလို့ပါဘုရား။ ကျင့်ရခက်ခဲတဲ့ ကျင့်စဉ်တွေ ရဟန်းတော်များ ကျင့်နေတာကို သိရလို့ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ ဂုဏ်ယူမဆုံးပါဘုရား။

ဆရာတော် ॥ ॥ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ ဂုဏ်ယူမဆုံးဖြစ်ရုံမက ရဟန်းကောင်းတစ်ပါးဖြစ်ရတာက ပိုလို့ ဂုဏ်ယူရမှာဘုရား။ နောက်တစ်ခု ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ နားထောင်ရတာ အားမရသေးပါဘုရား။ နားထောင်ချင်ပါသေးတယ်ဘုရား။

---

၁။ (၂၃)၊ ဓုတင်္ဂကထာဝဏ္ဏနာ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ။ (နှာ-၉၁)

ဆရာတော် ။ ။ ပံ့သကူဓုတင်တော့ မဟုတ်သေးဘူး။ 'ဓုတင်္ဂ အပ္ပိစ္ဆတာ' ဂုဏ်ရည်ကို ပေါ်လွင်စေတဲ့ဝတ္ထုပါ။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ သီဟိုဠ်ကျွန်း စေတိယတောင်မှာ ညီနောင် မထေရ်နှစ်ပါး သီတင်းသုံးတော်မူကြတယ်။ တစ်နေ့ကျတော့အခါ ညီမထေရ်က ကြံအပိုင်းလေး ရလာလို့ နောင်တော်ကြီးထံပါး လှူဖို့ရည်ရွယ်ပြီးသွားတာ နောင်တော်က ဆွမ်းစားပြီးသွားလို့ ခံတွင်းဆေးနေပါတယ်။ ဒါကြောင့် ညီတော်ကို 'ငါ့ရှင် တန်ပြီ အလိုမရှိပါ' လို့ မိန့်တော်မူလိုက်တာကို 'အရှင်ဘုရား ဧကာသနိက်ဓုတင်ဆောင်တော်မူပါသလားဘုရား' လို့ ညီတော်က မေးလျှောက်ပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောင်တော်ကြီးက သူအနှစ်ငါးဆယ်ပတ်လုံး တစ်ထိုင်တည်း၊ တစ်နေရာတည်းမှာ စားမယ်လို့ အဓိဋ္ဌာန်တင်ထားတဲ့ ဧကာသနိက်ဓုတင် ဆောင်နေတာကို မသိစေလိုဘူး။ ဒါကြောင့် 'ကြံပိုင်းများကိုယူခဲ့ပါ ငါ့ရှင်' လို့ မိန့်ဆိုတော်မူပြီး ညီတော်ရှေ့မှာပဲ သုံးဆောင်တော်မူပါတယ်။ ခံတွင်းကိုဆေးပြီးတော့ ဓုတင်ကို အသစ် ပြန်ဆောက်တည်တော်မူပါတယ်။[၁]

MA ဦးဇင်း ။ ။ ပြီးမှ ခံတွင်းဆေးတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ပြီးမှ ခံတွင်းဆေးတာပါ။ ဓုတင်ဆောင် ပဋိပတ်အကျင့်တော်မြတ်ရဲ့ ဓုတင်္ဂ အပ္ပိစ္ဆတာဂုဏ်ကို ကြည်ညိုတတ်ဖို့ လိုပါတယ်။

MA ဦးဇင်း ။ ။ သာဓုပါဘုရား။ မှန်လှပါဘုရား။ ကြည်ညိုမဆုံးပါဘုရား။ ရန်ကင်းတောရကို ကြွလာတော်မူတဲ့ ဆရာတော်ရဲ့ခြေရင်းမှာထိုင်ပြီး အရိပ်အမြွက် မေးလျှောက်ကြည့်တော့ ဘယ်လိုများ မိန့်တော်မူပါသလဲ ဆိုတာကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ အေး - ဟုတ်တယ်။ အဲဒီအကြောင်းအရာကနေ စကားက တခြားရောက်သလို ဖြစ်သွားတယ်။ ဘုန်းကြီးက ဆရာတော့်ခြေရင်းထိုင်ပြီး သင်္ကန်းကိုကိုင်ကြည့်တော့ အထူကြီး ဖြစ်နေတယ်။ ကာလက နွေအခါဆိုတော့ အရိပ်အမြွက် မေးလျှောက် ကြည့်တယ်။

MA ဦးဇင်း ။ ။ ဘယ်လိုများ မေးလျှောက်ရပါသလဲဘုရား။

ဆရာတော် ။ ။ 'ဆရာတော် သင်္ကန်းက ထူလိုက်တာ။ နွေအခါ မပင်ပန်းပါလားဘုရား' လို့ လျှောက်ရတာလေ။ ဆရာတော်က 'သင်္ကန်းထူတော့ နှစ်နှစ်၊ သုံးနှစ်အထိ သင်္ကန်းရှာရတဲ့ဒုက္ခ ငြိမ်းရောပေါ့ ဦးခေမာ' တဲ့။

---

၁။ (၆၃)၊ ဝိရိယာရမ္ဘာဒိဝဏ္ဏနာ၊ ဧကကနိပါတ၊ အင်္ဂုတ္တရဋ္ဌကထာ (နှာ-၅၉)

MA ဦးဇင်း ။ ။ အော်. . . ဓူတင်ဆောင်တယ်ဆိုတာ ခန္ဓာကိုယ်ပင်ပန်းတာကို မငဲ့ကွက်ရတာပါလားဘုရား။ အဲဒီဆရာတော်ကြီးအတွက် အပ်စပ်တဲ့ သက်န်းတစ်စုံ လှူဒါန်းခွင့်ရရင် သိပ်ကောင်းမှာပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဒီဘုန်းကြီးလည်း ဦးဇင်းတွေးသလိုမျိုး တွေးနေမိတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ သင်္ကန်းလက်ဝယ် လှူခွင့်ရပါသလားဘုရား။

ဆရာတော် ။ ။ ဘယ်ရမလဲဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဘယ်လိုလှူရပါသလဲဘုရား။

ဆရာတော် ။ ။ နောက်နေ့မနက် ဆရာတော် ဆွမ်းခံကြွခါနီးတော့ 'တပည့်တော် ဘယ်ရွာကို ဆွမ်းခံကြွရမလဲ' လို့ မေးတော်မူတယ်။ ဒါနဲ့ ဆွမ်းခံလမ်းကို ညွှန်ပြပြီး ဆရာတော် ဆွမ်းခံအပြန်အချိန်ကို ခန့်မှန်းပြီး တိစီဝရိတ် ချည်သင်္ကန်းသုံးထည်ကို ကျောင်းဝင်းအပြင် ဖုန်ထနေတဲ့ လှည်းလမ်းမှာ ကပ္ပိယကို ပံ့သကူပစ်ခိုင်းပြီးတော့ လှူခွင့်ရခဲ့တယ်။

MA ဦးဇင်း ။ ။ ကြားရတာ ဝမ်းသာလိုက်တာဘုရား။ ရဟန်းအချင်းချင်းလည်း ဓူတင်ဆောင်တာကို မပြောကောင်းတာ သိရလို့ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ သူတော်ကောင်းကြီးများက ဓုတင်္ဂအပ္ပိစ္ဆတာဂုဏ်ရည်အရ မိမိဆောင်ထားတဲ့ ဓူတင်ကို သိုသိပ်ကြတယ်။ ဒါကြောင့် မေးလေ့မရှိကြဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ သွယ်ဝိုက်ပြီး မေးလို့တော့ ရပါသလားဘုရား။

ဆရာတော် ။ ။ အရှင်ဘုရား ပံ့သကူဓူတင်ဆောင်ပါသလားလို့ မေးမဲ့အစား ဓူတင်ပဋိပတ်ဆိုင်ရာ ခဲရာခဲဆစ်တွေကို မေးရင်တော့ အရိပ်အမြွက် သိနိုင်ပါတယ်။ သို့သော် မေးတဲ့ ပုဂ္ဂိုလ်မှာလည်း ဓူတင်ဆိုင်ရာ ဗဟုသုတရှိဦးမှ ဖြစ်မယ်။

MA ဦးဇင်း ။ ။ ဓူတင်ဆောင်တာမှာလည်း ရည်ရွယ်ချက် အမျိုးမျိုးတော့ ရှိကြမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ပုထုဇဉ်အလေ့ အမျိုးမျိုး ရှိနိုင်ပါတယ်။ စာမှာ ၅ မျိုး ပြထားတယ် ဦးဇင်း။ (၁) ဉာဏ်ပညာ နုံ့နည်းလို့လည်း ပံ့သကူဓူတင်ကို ဆောင်တာရှိပါတယ်၊ (၂) လူအများရဲ့ အကြည်ညိုခံရဖို့ဆိုတဲ့ အလိုဆိုးကြောင့်လည်း ပံ့သကူဓူတင်ကို ဆောင်တာရှိပါတယ်။ (၃) ရူးသွပ်လို့ အကောင်းအဆိုး၊ အယုတ်အညံ့ မသိတော့လို့လည်း ပံ့သကူဓူတင်ကို ဆောင်တာရှိပါတယ်။ (၄) ဘုရားရှင်နဲ့ သူတော်ကောင်းကြီးတို့ ချီးမွမ်းတော်မူတဲ့ အလေ့အကျင့် ဖြစ်ပါပေတယ်လို့ နှလုံးသွင်းလို့လည်း ပံ့သကူဓူတင်ကို ဆောင်တာရှိပါတယ်။ (၅) အလိုနည်းတာ၊ ရောင့်ရဲတာ၊ ခေါင်းပါးတာကို မြတ်နိုးလို့လည်း ပံ့သကူဓူတင်ကို ဆောင်တာ ရှိပါတယ်။[၁]

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

---

၁။ (၁၈၂)၊ စိဝရသုတ္တ၊ အရညဝဂ္ဂ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ (နှာ-၁၉၃)

ဆရာတော် ॥ ॥ ပံ့သကူဓူတင်ကို ဆောင်တဲ့ ၅ ဦးထဲက အလိုနည်းတာ၊ ရောင့်ရဲတာ၊ ခေါင်းပါး တာကို မြတ်နိုးလို့ ဓူတင်ဆောင်သူကသာ သူတော်ကောင်းဖြစ်တယ်လို့ ဘုရားရှင် မိန့်တော်မူရုံမကဘူး၊ ဘုရားရှင်နှစ်သက်တော်မူလို့ ဓူတင်ကို အတုလိုက်ကျင့်သူကိုလည်း ဘုရားရှင်က ချီးမွမ်းတော်မူပါတယ်။

## ပံ့သကူသင်္ကန်း အမျိုးအစား

MA ဦးဇင်း ॥ ॥ သုသာန်က ကောက်မှပဲ ပံ့သကူသင်္ကန်း ဖြစ်တာပါလားဘုရား။

ဆရာတော် ॥ ॥ မဟုတ်ဘူး။ ပံ့သကူသင်္ကန်း ၂၃ မျိုး ရှိတယ်လို့ အဋ္ဌကထာ ဆရာတော်များက ပြတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ တပည့်တော်လည်း တစ်နေ့နေ့ ပံ့သကူသင်္ကန်း ဆောင်ပါ့မယ်။ ဒါကြောင့် အသေးစိတ် သိချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ အသေးစိတ် ပြောပြမယ်နော်။ ပံ့သကူရဲ့ အဓိပ္ပာယ်က ပိုင်ရှင် မရှိတော့တာ။ စွန့်ပစ်ထားတာကို ပြောတာပါ။ ပံ့သကူသင်္ကန်းဆိုတာကလည်း အမှိုက်ပုံမှာ၊ သုသာန်တွေမှာ ပိုင်ရှင်မဲ့ စွန့်ပစ်ထားတဲ့ စက်ဆုပ် ရွံရှာဖွယ် ကောင်းတဲ့ အဝတ်အပိုင်းအစ အားလုံးပါဝင်ပါတယ်။

MA ဦးဇင်း ॥ ॥ အဲသလို အဝတ်ပိုင်းတွေကို ကောက်ယူပြီး ဆွေးနေ၊ မြွေနေတာတွေကို ဖယ်ပြီး လျှော်ဖွပ်၊ ဖာထေး ချုပ်စပ်ထားတဲ့ သင်္ကန်းကို ပံ့သကူလို့ ခေါ်နိုင်ပြီလား ဘုရား။

ဆရာတော် ॥ ॥ ခေါ်နိုင်ပါတယ်။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် ပံ့သကူသင်္ကန်းကြီးက မလှမပ၊ မသေမသပ် ဖြစ်နေမယ် ထင်ပါ တယ်ဘုရား။

ဆရာတော် ॥ ॥ မလှမပ၊ မသေမသပ် ဖြစ်ကောင်းဖြစ်မယ်။ သို့သော် ဒီသင်္ကန်းက အမြင့် မြတ်ဆုံး သင်္ကန်းပါ။ ဘုရားရှင် ချီးမွမ်းတော်မူတဲ့ သင်္ကန်းပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်လှပါဘုရား။ ပံ့သကူသင်္ကန်း ၂၃ မျိုးကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ (၁) သုသာန်မှာ စွန့်ပစ်ထားတဲ့အဝတ်၊ (၂) တံခါးဝမှာ စွန့်ပစ် ထားတဲ့အဝတ်၊ (၃) ခရီးလမ်းမှာ စွန့်ပစ်ထားတဲ့အဝတ်၊ (၄) အမှိုက်ပုံမှာ စွန့်ပစ်ထားတဲ့ အဝတ်၊ (၅) အမျိုးသမီးများ မီးဖွားပြီး ကိုယ်ဝန်အညစ်အကြေး သုတ်သင်ပြီး စွန့်ပစ်ထားတဲ့အဝတ်၊ (၆) မှော်ဆရာ၊ ပယောဂဆရာတို့က စွန့်ပစ်ခိုင်းထားတဲ့အဝတ်၊ (၇) ရေချိုးဆိပ်မှာ စွန့်ပစ်ထားတဲ့ အဝတ်၊ (၈) သုသာန်ကနေအပြန် မင်္ဂလာမရှိလို့ စွန့်ပစ်ထားတဲ့ အဝတ်၊ (၉) မီးလောင်လို့ စွန့်ပစ်ထားတဲ့အဝတ်၊ (၁၀) နွားစားလို့ စွန့်ပစ်ထားတဲ့ အဝတ်၊ (၁၁) ခြစားလို့

စွန့်ပစ်ထားတဲ့အဝတ်၊ (၁၂) ကြွက်ကိုက်လို့ စွန့်ပစ်ထားတဲ့အဝတ်၊ (၁၃) အနားပြတ်လို့ စွန့်ပစ်ထားတဲ့အဝတ်၊ (၁၄) အမြိတ်အဆာပြတ်လို့ စွန့်ပစ်ထားတဲ့အဝတ်၊ (၁၅) သင်္ဘောမှာ သုံးခဲ့တဲ့ တံခွန်အလံအဝတ်၊ (၁၆) တောင်ပို့ကို ရစ်ပတ်ပြီး နတ်ပူဇော်ထားတဲ့အဝတ်၊ (၁၇) ရဟန်းကလှူတဲ့သင်္ကန်း၊ (၁၈) မင်းအဘိသိက် ခံရာမှာ စွန့်ပစ်ထားတဲ့ အဝတ်တွေ့။

MA ဦးဇင်း ။ ။ မှန်ပါဘုရား ပံ့သကူကောက်လို့ရတဲ့ အဝတ် ၁၈ မျိုးကို သိရပါပြီဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ၁၉ ခုမြောက် သင်္ကန်းမှာ မနေ့တုန်းက ပြောပြခဲ့တဲ့ ဘုရားရှင်က ဧဟိဘိက္ခုခေါ်ခြင်းဖြင့် ဖြစ်ပေါ်လာတဲ့ သင်္ကန်းပါ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက် (၂၀) ခုမြောက် သင်္ကန်းက လမ်းခရီးမှာ ကျနေခဲ့တဲ့ အဝတ်။ (၂၁) လေတိုက်ပြီး လွင့်ပါလာတဲ့အဝတ် (၂၂) ဇာလိနီနတ်သမီးက လှူတဲ့အဝတ်မျိုး (၂၃) သမုဒ္ဒရာလှိုင်းပုတ်လို့ တင်လာတဲ့ အဝတ်တို့ပဲ ဖြစ်ပါတယ်။[၁]

MA ဦးဇင်း ။ ။ များလွန်းလို့ မှတ်သားထားဖို့တောင် ခပ်ခက်ခက်ပါပဲဘုရား။

ဆရာတော် ။ ။ လင်္ကာနဲ့ဆိုရင် မှတ်ဖို့လွယ်မယ် ထင်ပါတယ် ဦးဇင်း။
“သုသာန်၊ ဈေးတန်း၊ လှည်းကြီးလမ်း၊ လူလမ်း၊ မှိုက်ပုံပါ၊
ကိုယ်ဝန်ညစ်ပေ၊ ဘုတ်ချိုးရေ၊ စွန့်လေ ချိုးဆိပ်ပါ၊
မီးလောင်၊ နွားဝါး၊ ကြွက်ကိုက်ထား၊ ခြစား၊ ပြတ်စွန်း၊ ဆာ၊
တောင်ပို့ လေယူ၊ ရဟန်းလှူ နတ်လှူ တံခွန်လာ၊
သုသာန်ပြန်ထုတ်၊ ဘိသိက်အုပ်၊ သမုဒ်၊ တံပိုးသာ၊
နှစ်ဆယ့်သုံးဟူ၊ ပံသုကူ၊ ကောက်ယူ သုံးဆောင်ရာ” တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် အလွတ် ကျက်မှတ်ထားပါ့မယ်ဘုရား။ ပံ့သကူကောက်ပြီး အားလုံးကို သင်္ကန်းချုပ်ရတာပါလားဘုရား။

ဆရာတော် ။ ။ အားလုံးကောက်ယူပြီး ချုပ်တာလည်းရှိပါတယ်။ သို့သော် ရောင့်ရဲပြီး ခြိုးခြံချွေတာကာ သန္တုဋ္ဌိသလ္လေခတရားတော်ဖြင့် နေတော်မူကြတဲ့အတွက် မိမိသုံးစွဲနေတဲ့ သင်္ကန်းရဲ့ ဆွေးမြည့်နေတာကို ဖာထေးလောက်ရုံ ပိတ်စနည်းနည်း ကလေး ယူတော်မူကြတာလည်း ရှိပါတယ်။

MA ဦးဇင်း ။ ။ မှော်ဆရာ၊ ပယောဂဆရာတို့က စွန့်ပစ်ခိုင်းထားတဲ့ အဝတ်ကို ပံ့သကူ ကောက်တယ်ဆိုတာက ဘယ်လိုအဝတ်ပါလဲဘုရား။

ဆရာတော် ။ ။ ပယောဂဆရာ၊ မှော်ဆရာတို့က လူမမာကို အဝတ်မချွတ်ဘဲ ဦးခေါင်းကနေ ရေလောင်းချိုးခိုင်းတယ်။ ရေလောင်းချိုးပြီးရင် ရေစိုအဝတ်တွေက ကျက်သရေ မရှိတော့ဘူးဆိုပြီးတော့ စွန့်ပစ်ခိုင်းကြတယ်။ ရဟန်းတော်များက ဒါကို ပံ့သကူကောက်ခွင့် ရှိတယ်။

---

၁။ (၂၄)၊ ပံသုကူလိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁။ (နှာ-၆၀)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ကိုယ်ဝန်အညစ်အကြေးကြောင့် စွန့်ပစ်တဲ့အဝတ် ပံ့သကူဆောင်တာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ အမတ်ကြီးတစ်ပါးရဲ့ မိခင်က တန်ဖိုးတစ်ရာတန်တဲ့ အဝတ်နဲ့ ကိုယ်ဝန်အညစ်အကြေးကို သုတ်သင်စေတယ်။ ပြီးတော့ ပံ့သကူဆောင် ရဟန်းတော်များ အလိုရှိရင် ကောက်ယူကြပါစေလို့ ရည်ရွယ်ပြီး လမ်းမှာ စွန့်ပစ်စေခဲ့တဲ့ သာဓကတစ်ခု ရှိခဲ့ဖူးတယ်။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား၊ မီးလောင်တာတို့ နွားစားထားတာတို့က ဘာကြောင့် ပံ့သကူဖြစ်ရတာပါလဲဘုရား။

ဆရာတော် ။ ။ မီးလောင်လို့ ကျန်တဲ့အဝတ်၊ နွားစားပြီးကျန်ခဲ့တဲ့ အဝတ်၊ ခြစားထားတဲ့ အဝတ်၊ ကြွက်ကိုက်ထားတဲ့အဝတ်၊ အနားပြတ်တာ၊ အမြိတ်အဆာပြတ်တာတွေကို အမင်္ဂလာလို့ ယူဆပြီး စွန့်ပစ်လေ့ရှိပါတယ်။ ဒါကြောင့် ပံ့သကူ ကောက်ကောင်းတယ်လို့ ပြတာပါဦးဇင်း။

MA ဦးဇင်း ။ ။ အမှတ်စဉ် (၁၂)က ကြွက်ကိုက်လို့ စွန့်ပစ်ထားတဲ့ အဝတ်ကို ပံ့သကူကောက်ကောင်းတယ်လို့ သိရပါတယ်ဘုရား။ ရှေးလူတွေက ကြွက်ကိုက်တာနဲ့ အဝတ်တွေကို လွှင့်ပစ်လိုက်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ သူတို့ရဲ့ မိစ္ဆာအယူဝါဒကြောင့် ကြွက်ကိုက်ရင် လွှင့်ပစ်ရတယ်။ သာဓကတစ်ခု ပြောပြမယ်လေ။ ပုဏ္ဏားတစ်ယောက်ရဲ့ သေတ္တာထဲထည့်ထားတဲ့ အဝတ်ပုဆိုးတွေ ကြွက်ကိုက်ခံရတယ်။ ဒီပုဏ္ဏားရဲ့ အယူဝါဒက ကြွက်ကိုက်တဲ့ အဝတ်ဆိုတာ မင်္ဂလာမရှိတော့ဘူးတဲ့၊ ဒီအဝတ်ကြောင့် ငါတို့မိသားတစ်စုလုံး ကျက်သရေ တုံးတော့မယ်။ ဒါကြောင့် ကြွက်ကိုက်ထားတဲ့ အဝတ်တွေကိုထုတ်ပြီး ချက်ချင်းကြီးကို သုသာန်မှာ သွားပစ်ခိုင်းတယ်။

MA ဦးဇင်း ။ ။ ဒါ သူတို့ရဲ့ မိစ္ဆာအယူကြောင့် အမင်္ဂလာ ဖြစ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါနဲ့ ပုဏ္ဏားက သူ့သားကိုခေါ်ပြီးတော့ "ဒီကျက်သရေမရှိတော့တဲ့ အဝတ်တွေကို လက်နဲ့မထိကိုင်ဘဲ တုတ်ချောင်းနဲ့ယူပြီး သုသာန်မှာ လွှင့်ပစ်ပါ။ ပြီးရင် ခေါင်းလျှော်ပြီးတော့ အိမ်ထဲကို ဝင်လာနော်"လို့ မှာတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလောက်ကြီးကို အယူဝါဒက ပြင်းထန်တာပါလား။

ဆရာတော် ။ ။ အစွဲကြီးတယ် ဦးဇင်း။ ပုဏ္ဏားရဲ့သားက သုသာန်ကိုရောက်တော့ သုသာန်မှာ ဘုရားနဲ့ ပက်ပင်းဆုံတယ်။ ဘုရားက သူလွှင့်ပစ်လိုက်တဲ့ အဝတ်ပိုင်းတွေကို ပံ့သကူကောက်ယူတော်မူတယ်။ သူက မင်္ဂလာမရှိတော့တဲ့ အဝတ်ကို မယူဖို့ ဘုရားကို အတန်တန်တားတယ်။

---

၁။ (၂၄)၊ ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁။ (နှာ-၆၀)

MA ဦးဇင်း ॥ ॥ ဘုရားကိုသူက ဘာကြောင့် တားတာပါလဲဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင်က ကြွက်ကိုက်ထားပြီး မင်္ဂလာမရှိတော့တဲ့ အဝတ်သင်္ကန်းသုံးပြီး ကျက်သရေ ယုတ်လျော့သွားမှာ သူက စိုးရိမ်လို့ မယူစေတာပါ။ ဒါကြောင့် သူက "အို အရှင်ဂေါတမ၊ ဤအဝတ်သည်ကား မင်္ဂလာမရှိ၊ အသင်တို့ သုံးဆောင်ကုန်သည်ရှိသော် ပျက်စီးကုန်လတ္တံ့။ အလုံးစုံသော ကျောင်းသည် လည်း ပျက်စီးလတ္တံ့"လို့ လျှောက်တယ်။ ဒါ သူ့ရဲ့မိစ္ဆာအယူဝါဒ ဖြစ်ပါတယ်။

MA ဦးဇင်း ॥ ॥ တင်ပါဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင်က "ပုဏ္ဏား သုသာန်မှာပစ်ထားတဲ့ ပုဆိုးအနွမ်းဖြစ်စေ၊ ခရီးလမ်း အကြားမှာပစ်ထားတဲ့ ပုဆိုးအနွမ်းဖြစ်စေ၊ အမှိုက်ပုံမှာပစ်ထားတဲ့ ပုဆိုး အနွမ်းဖြစ်စေ ရဟန်းအတွက် ပံ့သကူကောက်ပြီးသုံးဖို့ သင့်မြတ်ပါတယ်" လို့ မိန့်တော်မူတယ် ဦးဇင်း။[၁]

## ပံ့သကူကောက်ရလာသည့် သင်္ကန်းအရောင် အဆုံးအဖြတ်

MA ဦးဇင်း ॥ ॥ ပံ့သကူဆောင် ဆရာတော်များအကြောင်း နာကြားရတာ သိပ်ကို ကြည်ညို ရပါတယ်ဘုရား။ အားလည်းကျပါတယ်ဘုရား။ တစ်နေ့ တပည့်တော်လည်း ဓုတင်ဆောင်ပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ ဦးဇင်း။ သတိရတာလေးတစ်ခု ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ ပံ့သကူဓုတင်ဆောင်တဲ့ အကြောင်းပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော် နဘူးကျင်းဆရာတော်ကြီး လည်း သက်တော်ထင်ရှားရှိနေတဲ့ အချိန်က နဘူးကျင်းတောရမှာ မဟာသိမ် သမုတ်ကြပါတယ်။ ဆရာတော်ကြီးအနား စုဝေးရောက်ရှိနေကြတဲ့ ဝိနည်း အရာတင်မက ဓုတင်အရာမှာပါ ထိပ်တန်းကျတဲ့ ဆရာတော်သံဃာတော် များက သင်္ကန်းကို ကိုယ်တိုင်လက်နှင့်ချုပ်ပြီးသုံးဖို့ ကိုယ်စီ စိတ်ဆန္ဒ ပြင်းပြ တော်မူနေကြပါတယ်။

MA ဦးဇင်း ॥ ॥ ပံ့သကူသင်္ကန်း ကောက်ယူပြီးတော့ ချုပ်မှာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဟုတ်ပါတယ်။ လက်နဲ့ချုပ်ပြီး သုံးချင်တယ်ဆိုမှတော့ ပံ့သကူ ပိတ်စကောက်ရဖို့ကို အာသီသရှိတော်မူကြတာပါ။ တစ်ဖက်ကလည်း ကျယ်ဝန်းလှတဲ့ မဟာသိမ် ပြီးမြောက်အောင်မြင်နိုင်ရေးအတွက် သိမ်နုတ် နေရတဲ့တာဝန်ကလည်း ကြီးလေးနေတဲ့အတွက် တစ်နေ့တစ်နေ့သာ ကုန်သွားတယ် ပံ့သကူပိတ်စကို ရှာဖွေဖို့ အချိန်မရဘူး ဖြစ်နေပါတယ်။

---

၁။ (၈၇) မင်္ဂလဇာတကဝဏ္ဏနာ၊ နှာ-၃၉၄

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ တစ်မနက် နဘူးကျောင်းရွာကနေ တောရကျောင်းကို ဆွမ်းခံအပြန်လမ်း သုသာန်ရှေ့နားက ခြေသွားလမ်းဘေးမှာ ဖက်ခင်းပြီး တင်ထားတဲ့ ပံ့သကူပိတ်စ တစ်စကို လဲဘူးဆရာတော်ကြီးက ကောက်ရပါတယ်။ သို့သော် ပိတ်စက မည်းမှောင်နေတဲ့အတွက် သင်္ကန်းဖြစ်သင့်၏။ မဖြစ်သင့်၏ မဆုံးဖြတ်နိုင်ဘူး ဖြစ်နေတယ်။ ဒါကြောင့် လက်နဲ့ သင်္ကန်း ချုပ်သင့်၊ မချုပ်သင့်လည်း ဝေခွဲမရ ဖြစ်နေပြန်တယ်။

MA ဦးဇင်း ॥ ॥ သင်္ကန်းပိတ်စက သုသာန်မှာ ကောက်ရတော့ အမြတ်စား ပံ့သကူဓူတင် ဖြစ်ပြီလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်၊ ဖြစ်ပြီ။ သို့သော် အရောင်ကြောင့် ခက်နေလို့ စီဝရဝဏ္ဏဝိနိစ္ဆယ (ခေါ်) သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း ပြုစုတော်မူခဲ့တဲ့ နဘူးကျောင်း ဆရာတော်ကြီးထံပါး အဆုံးအဖြတ်ခံယူဖို့ထိ ဖြစ်လာပါတယ်။ ဒါကြောင့် သံဃာတော်များ စည်းဝေးတိုင်ပင်ပြီး သင်္ကန်းရောင်အဆုံးအဖြတ်ကို ခံယူတော်မူကြပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ နဘူးကျောင်းဆရာတော်ကြီးက "သင်္ကန်းအရောင်ဆိုတာ မည်းလွန်းရင်လည်း မသင့်ပါဘုရား၊ နီလွန်းရင်လည်း မသင့်ပါဘုရား၊ ဝါလွန်းရင်လည်း မသင့်ပါလို့ စာက ဆိုပါတယ်ဘုရား"လို့ မိန့်တော်မူပါတယ်။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါ။ မည်းလွန်းရင် မသင့်ဘူး။ နီလွန်းရင်လည်း မသင့်ဘူး။ ဝါလွန်းရင်လည်း မသင့်ဘူးဆိုတာကို မှတ်သားမိပါပြီဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ အကျဉ်းမှတ်ချင်ရင်တော့ "မည်း၊ နီ၊ ဝါ ဤသုံးဖြာ၊ ရလာ မအပ်ပါ" တဲ့ ဦးဇင်း။ ဒါနဲ့ လဲဘူးဆရာတော်ကြီးက "ဒီပိတ်စနဲ့ ပတ်သက်တာကိုပဲ ဆရာတော်ရဲ့ အဆုံးအဖြတ်ကို တည့်တည့်ရချင်ပါတယ်ဘုရား" လို့ အရဲစွန့်ပြီး လျှောက်ပါတယ်။

MA ဦးဇင်း ॥ ॥ မှန်လှပါဘုရား။

ဆရာတော် ॥ ॥ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူတာက "တောင်ပုလုကတော့ ဒီအရောင်မျိုး သုံးပါတယ်ဘုရား" တဲ့။

MA ဦးဇင်း ॥ ॥ အင်မတန်မှကို အစွန်းလွတ်တဲ့ အဖြေပါပဲဘုရား။

ဆရာတော် ॥ ॥ ဆက်ပြီးတော့ ဆရာတော်ကြီးက "တပည့်တော် စက်နဲ့ချုပ်တဲ့ သင်္ကန်းကို တောင်မှ သံသယဖြစ်လို့ မအပ်ဘူးထင်ပြီး အရင်ကပိတ်ဖြူကိုရှာပြီး လက်နဲ့ ချုပ်ခဲ့ဖူးတယ်။ ပြီးတော့ ကိုယ်တိုင် သစ်ခေါက်ဆိုးပြီး သုံးခဲ့တာပါဘုရား။

---

၁။ (၃၇၂)၊ သဗ္ဗနီလကာဒိပဋိက္ခေပကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၄၂၂)

အခုတော့ အများကလည်း သက်န်းလို့ သတ်မှတ်ထားပြီးပြီ။ စာနဲ့လည်း ညီညွတ်နေပြီဆိုတော့ ကိစ္စနည်းအောင်နေပါတယ်ဘုရား"လို့ မိန့်တော်မူပါတယ်။

MA ဦးဇင်း ။ ။ ကြည်ညိုမဆုံးပါဘုရား။ တောရကျောင်းမှာ ဆရာတော်ကိုယ်တိုင် လက်နဲ့ ချုပ်ဆိုးတော်မူခဲ့တဲ့ သင်္ကန်းအဟောင်းတစ်ထည် ဒီနေ့တိုင် ရှိသေးတယ်လို့ ကြားဖူးတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဦးဇင်း။ တပည့်ကြီးများက ဆရာတော်ကြီးသင်္ကန်းကို အမှတ်တရ ပူဇော်ထားကြတာပါ။

## ပံ့သကူရွတင် အဆုံးအဖြတ်များ

MA ဦးဇင်း ။ ။ လမ်းမှာကျကျန်ခဲ့တဲ့အဝတ်ကို ပံ့သကူဆောင်မဲ့ရဟန်းက တွေ့တာနဲ့ ကောက်ယူလို့ ရပါသလားဘုရား။

ဆရာတော် ။ ။ ပန္ထကအဝတ်တို့၊ ဝါတာဟဋအဝတ်တို့ဆိုတာ လမ်းခုလတ်မှာ ကျနေတဲ့ အဝတ်နဲ့ လေတိုက်လို့ လွင့်ပါလာတဲ့ အဝတ်တွေကို ပံ့သကူကောက်မယ်ဆိုရင် ချက်ခြင်းမကောက်ယူသေးဘဲ အတန်ငယ်စောင့်ဆိုင်းပြီး ပိုင်ရှင်မရှိတာသေချာမှ ကောက်ယူရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ရဟန်းက ကောက်ယူပြီးမှ အဝတ်ပိုင်ရှင် ပေါ်လာရင် ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ပံ့သကူဆောင်ရဟန်းက ပံ့သကူကောက်ယူပြီးမှ အဝတ်ပိုင်ရှင် ပေါ်လာရင်တော့ ပိုင်ရှင်ကို ပြန်ပေးရပါမယ်ဘုရား။

MA ဦးဇင်း ။ ။ အကယ်၍ အဝတ်ပိုင်ရှင်က အဲဒီပံ့သကူဆောင် ရဟန်းကို "သံဃဿ ဒေမ" ဆိုပြီး လှူရင်တော့ အလှူခံလို့ ရပါသလားဘုရား။

ဆရာတော် ။ ။ ပံ့သကူရွတင်ဆောင်တုန်းက "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ" ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ပယ်ပါ၏။ ပံသုကူဆောက်တည်ခြင်းဟူသော အင်္ဂါကို ဆောက်တည်ပါ၏" လို့ ရွတင်ဆောင်ခဲ့တာကို မမေ့နဲ့လေ။ "သံဃဿ ဒေမ" ဆိုပြီး လှူတဲ့သင်္ကန်းက အပေါ်က ပြခဲ့တဲ့သင်္ကန်း (၂၃)မျိုး ထဲမှာလည်း မပါဘူးနော်။[၁]

MA ဦးဇင်း ။ ။ မှန်လှပါ သတိရပါပြီဘုရား။ အခုလို အလှူခံရင် ပံ့သကူရွတင်ဆောင်တဲ့ ရဟန်းအဖို့ ကျင့်စဉ်ပျက်တဲ့အထိ အနှောင့်အယှက် ဖြစ်သွားပါပြီ။ ဒါဆိုရင်

---

၁။ (၃၇၉)၊ အဋ္ဌစီဝရမာတိကာကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ။ (နှာ-၄၂၁)

လိမ္မာပါးနပ်တဲ့ ဒါယကာက ပံ့သကူဆောင်ရဟန်းရဲ့ လက်ထဲ မကပ်ဘဲ ခြေတော်ရင်းမှာ သွားထားရင် ရကောင်းမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရမယ်။ သို့သော် အညံ့စားဓူတင် ဖြစ်တော့မယ်လေ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ဘုရားတပည့်တော် သေသေချာချာ မှတ်သားထားပါ့မယ်ဘုရား။ တစ်ခုတွေးမိတာက ရဟန်းတစ်ပါးက သင်္ကန်းလက်ထဲအလှူခံပြီး ပံ့သကူဆောင် သီတင်းသုံးဖော်အတွက် ဆွမ်းခံလမ်းဘေး ပစ်ပေးတာကို ကောက်ရင် ပံ့သကူဓူတင် ရပါသလားဘုရား။

ဆရာတော် ။ ။ ရတယ်ဦးဇင်း။ ဒုတိယရဟန်းက ပံ့သကူ အလတ်စားရမယ်။

MA ဦးဇင်း ။ ။ သုသာန်သွားပစ်ပေးရင်တော့ အမြတ်စား ပံ့သကူသင်္ကန်း ရမှာပါလားဘုရား။

ဆရာတော် ။ ။ ရတယ်။ ရတယ် ဦးဇင်း။ သာဓကဖြစ်စဉ်တစ်ခု သတိရတယ်။ ဘုန်းကြီးတို့ သီတင်းသုံးဖော်တစ်ပါးက ပံ့သကူဓူတင် အမြတ်စား ဆောင်ထားတယ်။

MA ဦးဇင်း ။ ။ ပံ့သကူအမြတ်စား ဥက္ကဋ္ဌဆောင်ထားတဲ့အကြောင်း ပြောပြလို့ သိရတာပါလားဘုရား။

ဆရာတော် ။ ။ ဘယ်ဟုတ်လိမ့်မလဲ အကဲခတ်ပြီးမှ သိရတာပါ။ ဘုန်းကြီးလက်ထဲ သင်္ကန်းတစ်စုံ အပ်အပ်စပ်စပ်ရလို့ သူသီတင်းသုံးတဲ့ ကျောင်းအပြင် ပစ်ပေးထားတာ နှစ်ရက်ရှိပြီ မကောက်ဘူး။ ဒါနဲ့ ဆွမ်းခံလမ်းအပြန် ပစ်ပေးတော့လည်း မကောက်ပြန်ဘူး။

MA ဦးဇင်း ။ ။ မလိုလို့ မကောက်တာပါလားဘုရား။

ဆရာတော် ။ ။ မသိဘူးလေ၊ ဒါနဲ့ညနေပိုင်းမှာ ကပ္ပိယကို သုသာန်မှာ သင်္ကန်းပစ်ခိုင်းထားပြီး၊ "သုသာန်ဘက်ကို လမ်းလျှောက်ရအောင်ဘုရား"လို့ ခေါ်လာပြီး ပံ့သကူသင်္ကန်းကိုတွေ့တော့ ကောက်ယူတော်မူပါတယ်။

MA ဦးဇင်း ။ ။ ပံ့သကူဓူတင် အမြတ်စားဥက္ကဋ္ဌဆောင်ထားတာနဲ့ တူပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်မှာပါလေ။ ဘုန်းကြီးက အဲသလိုအပ်အပ်စပ် လှူဒါန်းခွင့်ရတာကို တွေးမိတိုင်း ဒီနေ့အထိ ဝမ်းသာနေပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ အလွန်ခက်ခဲပြီး၊ ရှားပါးတဲ့ အလှူတစ်ခုပါပဲဘုရား။ တပည့်တော် မသိလို့ မေးလျှောက်ပါရစေဘုရား။

ဆရာတော် ။ ။ လျှောက်ပါဦးဇင်း။

MA ဦးဇင်း ။ ။ ပံ့သကူဆောင် ရဟန်းတော်များအတွက် သင်္ကန်းပြုရင်ချုပ်ဖို့ မဖြစ်မနေ လိုအပ်မှာက အပ်ချည်နဲ့ အပ်ပါပဲဘုရား။ အဲဒါကို အလှူခံခွင့် ရှိပါသေးသလားဘုရား။ ဒါကိုလည်း ပံ့သကူ ကောက်ရတာပါလားဘုရား။ ဘယ်လို သတ်မှတ်ချက်များ ရှိပါသေးသလဲဘုရား။

ဆရာတော် ။ ။ ဒါနဲ့ဆက်စပ်တဲ့ သိကောင်းစရာတစ်ခုက ပံသုကူစူတင်ဆောင်ရဟန်း သုံးနေတဲ့ ရေစစ် (ဓမကရိုဏ်)ကို ပိတ်ဖို့ ပိတ်စအလှူခံနိုင်တယ်နော်။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မှတ်သားထားပါ့မယ်။

ဆရာတော် ။ ။ အခုနမေးခွန်းရဲ့အဖြေကတော့ ပံ့သကူစူတင်ဥက္ကဋ္ဌဆောင်ထားတဲ့ ရဟန်းတော်ပင်ဖြစ်စေ အပ်နဲ့အပ်ချည် အလှူခံခြင်းကြောင့် စူတင်မှာ အနှောင့်အယှက် မဖြစ်ပါဘူး။ ဒီနေရာမှာ မှတ်သားစရာကောင်းတဲ့ အကြောင်းအရာ တစ်ခုရှိပါတယ်။ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးရဲ့ အဆုံးအမကို ဘုရားတပည့်တော် သိပါရစေ။

ဆရာတော် ။ ။ ဆရာတော်ကြီးက ပံ့သကူစူတင်ဆောင် သီတင်းသုံးဖော်ရဟန်းများအတွက် သင်္ကန်းပံ့သကူ ပစ်ပေးတိုင်း အပ်နဲ့အပ်ချည်ကိုပါ ထည့်ပြီး ပစ်ပေးလေ့ရှိကြောင်း မိန့်တော်မူဖူးပါတယ်။

MA ဦးဇင်း ။ ။ နည်းယူစရာ ကောင်းလှပါတယ်ဘုရား။ ပံ့သကူသင်္ကန်းကို ကောက်ရတဲ့ ရဟန်းအတွက် သင်္ကန်းချုပ်ဖို့ အပ်နဲ့အပ်ချည်ပါပြီးသားဖြစ်တာမို့ အလွန်ကောင်းတဲ့ စိတ်ကူးပါဘုရား။ ဆရာတော်ကြီးခြေတော်ကို ဦးခိုက်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးလည်း ဆရာတော်ကြီး မိန့်တော်မူတာကို ကြားရမှသိရတာ။ နောက်နောင် ပံ့သကူသင်္ကန်းပစ်ရင် အပ်နဲ့အပ်ချည် ထည့်ရဦးမယ်။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ တပည့်တော်သိချင်တာတစ်ခုက သံဃာတော်များကို ရည်ညွှန်းပြီး လှူဒါန်းတဲ့ သင်္ကန်းအလှူခံရင် စူတင်ပျက်နိုင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ သံဃာကို ရည်ညွှန်းပြီး လှူတဲ့သင်္ကန်းကိုတော့ ပံသုကူစူတင်ဆောင်ရဟန်းက အလှူခံခွင့် မရှိပါဘူး။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ပံ့သကူသင်္ကန်း စူတင်ပျက်နိုင်တဲ့ နောက်အချက်များ ရှိသေးရင်လည်း သိပါရစေ။ တစ်နေ့နေ့ကျရင် တပည့်တော်လည်း စူတင်ဆောင်မှာပါဘုရား။

ဆရာတော် ။ ။ ပံ့သကူဆောင်ရဟန်းက စိတ်ထဲသာယာပြီး ဒါယကာ လှူဒါန်းတဲ့သင်္ကန်းကို မိမိအလိုသက်သက်အတွက် လက်ခံတာနဲ့ ပံ့သကူစူတင် ပျက်ပါတယ်၊ ပြီးတော့ ဒါယကာတို့ကို ငဲ့ကွက်ပြီးတော့ စိတ်ထဲသာယာပြီး လက်ခံရင်လည်း ပံ့သကူစူတင် ပျက်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် သုံးဖို့အတွက်လည်း မဟုတ်ဘူး။ သုံးဖို့ ရည်ရွယ်ချက်လည်းမရှိဘူး။ ဒါယကာတို့ကို ငဲ့ပြီး အလှူခံတာက ရဟန်းတစ်ပါးပါးကို လှူဖို့ပါဘုရား။ ဒါဆိုရင် စူတင်ပျက်ပါသလားဘုရား။

---

၁။ (၃၇၉)၊ အဋ္ဌစီဝရမာတိကာကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂအဋ္ဌကထာ။ (နှာ-၄၂၂)

ဆရာတော် ။ ။ စောစောက ပြောပြီးခဲ့သလိုပဲ မိမိအတွက် သုံးဖို့မဟုတ်ဘဲ သင်္ကန်းအလှူခံမယ်။ ပြီးတော့ ရဟန်းတစ်ပါးပါးကို လှူဖို့လည်း ရည်ရွယ်မယ်ဆိုရင် ပံ့သကူဓုတင် မပျက်ပါဘူး။ သို့သော် ဓုတင်ဆောင်တယ်ဆိုပြီး အလွန်ကြီး ပိုပိုမိုမို ကြည့်မကောင်းအောင် အလှူခံနေမယ်ဆိုရင်လည်း နှောင်းခေတ်မှာ ဓုတင်ဆောင်တော်မူမဲ့ ရဟန်းတော်တို့အတွက် စံနမူနာကောင်း မဖြစ်ဘူး ပေါ့ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ မှတ်သားထားပါ့မယ်။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင်က ပံ့သကူဆောင်ရဟန်းကို ချပ်ဝတ်တန်ဆာရှိတဲ့မင်းက စစ်မြေပြင်မှာ တင့်တယ်သလို ကိလေသာမာရ်စစ်သည်ကို တိုက်ခိုက်ဖျက်ဆီးဖို့ အတွက်လည်း ပံ့သကူဆောင်ရဟန်းတော်မြတ်က တင့်တယ်ပါပေတယ်လို့ ချီးမွမ်းတော်မူဖူးတယ်ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ကျေးဇူးတင်ပါတယ်။ မိတ်ဆွေ ရဟန်းတစ်ပါးက တပည့်တော်ကို သင်္ကန်းလှူရင် ပံ့သကူဓုတင် ပျက်နိုင်ပါသလား ဘုရား။

ဆရာတော် ။ ။ မပျက်ပါဘူးဘုရား။ ဘာကြောင့်လဲဆိုရင် ရဟန်းက လှူတာမို့လို့ ဓုတင် မပျက်တာပါ။ 'ဂဟပတိဒါနစီဝရ'လို့ စာကဆိုထားတဲ့အတွက် လူဒါယကာရဲ့ သင်္ကန်းမဟုတ်လို့ကို ဓုတင်မပျက်တာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရဟန်းထံပါးက သင်္ကန်းလက်ခံတဲ့အတွက် ဓုတင်မပျက်သော်လည်း လာလှူတဲ့ ရဟန်းက ဝိနည်းလမ်းကြောင်းအရ မသင့်တဲ့နည်းနဲ့ရလာတာ ဆိုရင် ဝိနည်းအာပတ်လွတ်ဖို့ ခက်တယ်လို့ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ ဓုတင်နဲ့ ဝိနည်း အခုလိုစဉ်းစားရတာကိုသိရလို့ ကျေးဇူး တင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးတို့သီတင်းသုံးဖော် ဆရာတော်တစ်ပါးကတော့ ရဟန်းလက်ထဲက သင်္ကန်းဖြစ်ဖြစ်၊ လူဒါယကာလက်ထဲက သင်္ကန်းဖြစ်ဖြစ် လက်ခံတော်မမူဘူး။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ "ပံ့သကူကောက်လို့ရတဲ့သင်္ကန်းက အလုံးစုံ အပြစ်ကင်းတယ် ဦးခေမာ"လို့ မိန့်ဖူးတယ်။ မအပ်မစပ်ဖြစ်နေမှာ စိုးလို့ထင်ပါတယ်။ ဒီနေ့ ဥပုသ်နေ့နော်။ ညနေစောင်းနေပြီ ဥပုသ်ပြုကြစို့နော်။

MA ဦးဇင်း ။ ။ ပံ့သကူဓုတင်ဆိုင်ရာ သိကောင်းစရာကလည်း တော်တော်များများ သိရပါပြီ။ တပည့်တော် မှတ်သားထားပါ့မယ်။ ကျေးဇူးတင်ပါတယ်ဘုရား။

---

၁။ (၂၄)၊ ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁။ (နှာ-၆၁)

# နိဿဂ္ဂီစွန့်ခြင်းနှင့် ပံ့သကူကောက်ခြင်း အဆုံးအဖြတ်

MA ဦးဇင်း ။ ။ ရဟန်းတစ်ပါးက တရားအားထုတ်ဖို့ ဆုံးဖြတ်ပြီးတော့သူ့မှာ မအပ်မစပ် ဖြစ်နေတဲ့ နိဿဂ္ဂီတွေစွန့်ပြီး တောရကျောင်းကို ရောက်လာတာတဲ့ဘုရား။ သူကိုယ်တိုင် ငွေကိုင်ပြီး ဝယ်ခဲ့မိတဲ့ သင်္ကန်းတွေကိုလည်း ကျောင်းဝင်း အပြင်မှာ စွန့်လိုက်ပါတယ်။ ဒါကို ပံ့သကူသင်္ကန်း လိုက်ရှာနေတဲ့ ရဟန်း တစ်ပါးက တွေ့တယ်။ သူက နိဿဂ္ဂီမှန်းမသိဘဲ ကောက်ယူပြီးသုံးခဲ့ရင် အာပတ်သင့်နိုင်သလား။ သုံးကောင်းပါ့မလားလို့ နားမလည်တဲ့အတွက် ဘုရားတပည့်တော် မေးလျှောက်တာပါ။

ဆရာတော် ။ ။ ဦးဇင်းက ဘုရားရှင် ပညတ်တော်မူထားတဲ့ ဝိနည်းနဲ့ ဓုတင်ကို အခုလို ဆက်စပ်စဉ်းစားတတ်လာတာ အလွန်ကောင်းပါတယ်။ အသေးစိတ် ဖြေပေးမယ်နော်။ ပထမဦးဆုံး ဦးဇင်းရဲ့ မေးခွန်းထဲမှာ ပါနေတဲ့ နိဿဂ္ဂီ ဆိုတာ ဘာလဲလို့ ရှင်းပြရပါလိမ့်မယ်။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ နိဿဂ္ဂီအာပတ်ဆိုတာက စွန့်ခြင်း ဝိနည်းကံရှိတဲ့ ပါစိတ်အာပတ် ဖြစ်ပါတယ်။ ရဟန်း သာမဏေတွေကိုယ်တိုင် ရွှေငွေအလှူခံယူပြီး ဝယ်ယူထားတဲ့ ပစ္စည်း ကို နိဿဂ္ဂီလို့ ခေါ်ပါတယ်။ ရဟန်းများက ငွေအလှူခံပြီး ဆောက်လုပ်ထားတဲ့ ကျောင်းကလည်း နိဿဂ္ဂီပါပဲ။ ဒါကြောင့် နိဿဂ္ဂီထိုက်တဲ့ သင်္ကန်းကိုလည်း အာလယပြတ် စွန့်ပစ်ရမယ်လို့ ဆိုထားတဲ့အတိုင်း သူက စွန့်ပစ်ရတာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆက်ပြောရရင် နိဿဂ္ဂီထိုက်လို့ စွန့်ပစ်ထားတဲ့ သင်္ကန်းကို ပံ့သကူ ဓုတင်ဆောင်တဲ့ ရဟန်းက ပံ့သကူကောက်ရင် ကောက်တဲ့ရဟန်း ပါစိတ် အာပတ်သင့်ပါသလားလို့ မေးတာနော် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပံ့သကူဓုတင်ဆောင်ထားတဲ့ ရဟန်းမှာ ပံ့သကူသညာ ရှိပြီးသားပါဦးဇင်း။ သင်္ကန်းပိုင်ရှင်ကလည်း အာလယပြတ် စွန့်ပစ်ထားတာပါ။ ဒါကြောင့် အာပတ် သင့်စရာ အကြောင်းမရှိပါဘူး။ "ပိုင်ရှင်မရှိတော့တဲ့ သင်္ကန်းဖြစ်နေတာကြောင့် ခိုးယူလိုတဲ့ စိတ်နဲ့ကောက်ယူရင်တောင်မှ ဒုတိယပါရာဇိကအာပတ် မသင့်ဘူးလို့ ခိုင်ခိုင်မာမာ ယူတော်မူကြပါဘုရား"[၁] လို့ နဘူးကျင်းဆရာတော် ကြီးက မိန့်တော်မူဖူးပါတယ်။

---

၁။ စီဝရပဋိဂ္ဂဟဏသိက္ခာပဒ ဝဏ္ဏနာ၊ သာရတ္ထဒီပနီဋီကာ (ဒုတိယတွဲ၊ နှာ-၄၀၁)

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ အကောင်းဆုံး ပံ့သကူဓုတင်ဆောင်ရဟန်းဖြစ်အောင် ဘယ်လို ကျင့်ရမလဲ ဘုရား။

ဆရာတော် ။ ။ ပံ့သကူဓုတင်တစ်ခုတည်း မဟုတ်ပါဘူး။ ဓုတင် ၁၃ ပါးစလုံးကို ဆောင်ရာမှာ အမြတ်စား၊ အလတ်စားနဲ့ အညံ့စားဆိုပြီး သုံးစားရှိပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ပံ့သကူဓုတင်ကို အမြတ်စားဆောင်ချင်ရင် ဘယ်လိုများ ဆောင်ရပါမလဲဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပံသကူဓုတင်ကို အမြတ်စားဥက္ကဋ္ဌအဖြစ် ဆောင်ဖို့ဆိုရင် သုသာန်ကနေရတဲ့ အဝတ်ကိုပဲ ဝတ်ရုံ သုံးဆောင်ရပါမယ်။ ဒုတိယတန်းစား မဇ္ဈိမကို ဆောက်တည်သူက လမ်းဘေးမှာ စွန့်ပစ်ထားတဲ့ အဝတ်ကို ဝတ်ရုံ သုံးဆောင်ရပါတယ်။[၁]

MA ဦးဇင်း ။ ။ တော်တော်ခက်ခဲတဲ့ ဓုတင်ပါပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ပံ့သကူဓုတင် အညံ့စား မုဒုအဆင့်ကို ဆောက်တည်သူက ခြေရင်းမှာ စွန့်ပစ်လာတဲ့ အဝတ်ကို ဝတ်ရုံ သုံးဆောင်ရပါတယ်။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော်များရဲ့ တောရကျောင်းမှာ ပံ့သကူသင်္ကန်း လာပစ်တာမျိုးပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။

MA ဦးဇင်း ။ ။ တပည့်တော် ဆွမ်းခံသွားတဲ့ တောတန်းအထွက်က လှည်းလမ်းပေါ်မှာ အင်ဖက်ခင်းပြီး သင်္ကန်းကို တင်ထားတယ်။ ပံ့သကူပစ်တာ ထင်ပါတယ်ဘုရား။ ဘယ်ဘက်က သစ်ပင်အကွယ်လေးကနေ လူနှစ်ယောက်က ချောင်းကြည့်နေတာကို တပည့်တော် မြင်ခဲ့တယ်ဘုရား။

ဆရာတော် ။ ။ ဘယ်နေ့ကလဲ ဦးဇင်း။

MA ဦးဇင်း ။ ။ မြို့ကနေပြီး ဆွမ်းလာလောင်းတဲ့နေ့ မနက်ခင်းအစောကပါဘုရား။ တပည့်တော် ဆွမ်းခံအပြန်မှာ ကောက်မယ်စိတ်ကူးထားတာ ပြန်လာတော့ သင်္ကန်းက မရှိတော့ဘူး။

ဆရာတော် ။ ။ တစ်ပါးပါး ကောက်သွားတာ ဖြစ်မှာပါ။

MA ဦးဇင်း ။ ။ ဒကာတွေက တပည့်တော် မကောက်တော့ဘူးထင်လို့ ဦးဝါယမ ဆွမ်းခံအပြန်လမ်းကို ရွှေ့ပစ်တယ်လို့ သိရပါတယ်ဘုရား။ တပည့်တော်ကို ရည်ရွယ်ပြီး ပံ့သကူသင်္ကန်းပစ်တာကို မကောက်ရင် အပြစ်မဖြစ်ဘူးလားဘုရား။

---

၁။ (၂၄)၊ ပံသုကူလိကကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁။ (နှာ-၆၁)

ဆရာတော် ॥ ॥ ပွဲသကူဆောင်ထားတဲ့ ပုဂ္ဂိုလ်က သူလိုရင် ကောက်လိမ့်မယ်။ သူမလိုအပ်လို့ မကောက်တာ ဖြစ်တဲ့အတွက် အပြစ်မရှိပါဘူး။

MA ဦးဇင်း ॥ ॥ ပွဲသကူသင်္ကန်းအတွက် ကောက်ထားတဲ့ ပိတ်စက ဆွေးနေရင် ဖြတ်ထုတ်ပြီး ချုပ်ဆိုးရမယ်လို့ ဖတ်ဖူးပါတယ်ဘုရား။ အခု ပွဲသကူသင်္ကန်းက အဆင်သင့် ချုပ်ပြီး၊ ဆိုးပြီး ဖြစ်နေတော့ ဘယ်လိုလုပ်ရပါသလဲ။

ဆရာတော် ॥ ॥ အဆင်သင့်ချုပ်ပြီး၊ ဆိုးပြီး ဖြစ်နေတော့ သုံးရုံပါပဲ ဦးဇင်း။ အခုခေတ်လူတွေ သုံးတဲ့ အဝတ်တွေက ချည်သားရှားတယ်။ နိုင်လွန်တွေ များတယ်။ ဘုန်းကြီးရဲ့ သီတင်းသုံးဖော်တစ်ပါးက ပုပ်နေတဲ့လူသေအလောင်းက ပုဆိုးနှစ်ထည်ရဖူးလို့ ဖွပ်လျှော်ပြီး သင်းပိုင်တစ်ထည်ရအောင် ချုပ်ဖူးတယ်။

MA ဦးဇင်း ॥ ॥ လောက်တွေပါသလားဘုရား။

ဆရာတော် ॥ ॥ လောက်ပါမပါတော့ မသိဘူး။ လျှော်ဖွပ်ပြီးမှ ဘုန်းကြီးက မြင်ရတာလေ။ ဒါနဲ့ သင်္ကန်းဆေးဆိုးမယ်လုပ်တော့ ဆေးအရောင်က မစွဲဘူး။

MA ဦးဇင်း ॥ ॥ ဆေးရောင်မဝင်တော့ မူလပုဆိုးအကွက်တွေ ပေါ်နေမှာပေါ့ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဟုတ်တယ်။ နောက်မှ နားလည်တဲ့ ဘုန်းကြီးကို ပြတော့ ရှေးရှေး အခါကာလက ဝါဂွမ်းချည်ပဲ သုံးတာဖြစ်လို့ ဆေးဆိုးရတာ လွယ်တယ်တဲ့။ အခုခေတ်က နိုင်လွန်တွေမို့လို့ ဆေးဆိုးရတာ ခက်တာတဲ့။ ဒါနဲ့ဆိုင်ကို ပို့ပြီးဆိုးတာ သင်္ကန်းအရောင်က မည်းမည်းကြီး ဖြစ်လာပြန်တယ်။

MA ဦးဇင်း ॥ ॥ တပည့်တော် သတိရလို့ တစ်ခုမေးလျှောက်ပါရစေဘုရား။ ဘုရားရှင်က လောက်တစ်ပြည်သားလောက်ရှိတဲ့ အလောင်းက အဝတ်ကို ယူတော်မူတာ သက်တော် ဘယ်လောက်ကပါလဲဘုရား။

ဆရာတော် ॥ ॥ ချက်ခြင်းကြီး ဖြေရခက်သား။ ဘုန်းကြီး စာထဲတွေ့ဖူးထားတာကတော့ ပုဏ္ဏာ ကျွန်မရဲ့ ရုပ်အလောင်းကောင်ကနေ ဘုရားရှင် ပွဲသကူကောက်တော်မူပြီး သုံးဆောင်တော်မူခဲ့တဲ့ ကာလကို ရေတွက်ပြရင် ဘုရားဖြစ်တော်မူပြီးနောက် ပထမဝါကျွတ်ပြီးတဲ့ အခါမှာ ဥရုဝေလတောကို ကြွတော်မူပါတယ်။ ပြီးတော့ ဥရုဝေလ ကဿပအမျုးပြုတဲ့ ရသေ့တို့ကို တန်ခိုးအမျိုးမျိုး ပြတော်မူပြီး ချွတ်တော်မူစဉ် အခါကာလက ဖြစ်ပါတယ်[၁] ဦးဇင်း။ ဒါကြောင့် သက်တော်က ၃၆ နှစ်လောက် ဖြစ်မယ်ထင်တယ်။ သေချာအောင် စာကြည့်လိုက်ဦးမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်လှပါ ကျေးဇူးတင်ပါတယ်ဘုရား။

---

၁။ (၄၄)၊ ဥရုဝေလပါဋိဟာရိယကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၇)

# ပံ့သကူဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၁၂ ပါး

MA ဦးဇင်း ။ ။ အခုလို ခက်ခဲတဲ့ ပံ့သကူဓူတင်ဆောင်ရတဲ့ အကျိုးကလည်း တော်တော်များမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ပံ့သကူသင်္ကန်းကို ဆောင်ခြင်းကြောင့် ရတဲ့အကျိုးက ၁၂ ပါးတောင် ရှိတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပထမဦးဆုံး အကျိုးက ဘုရားရှင်ရဲ့ ဆန္ဒတော် 'ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ' အတိုင်း ရဟန်းဖြစ်ခါစက သိမ်ထဲမှာ သင်္ကန်းနဲ့ဆိုင်ရာ ဝန်ခံခဲ့တဲ့ အကျင့်ပဋိပတ်ရှိခြင်းတဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ သတိရပါပြီဘုရား။ ဆွမ်းကို သလုံးမြင်းခေါင်းကို အမှီပြုပြီး ဆွမ်းခံဘုဉ်းပေးရမယ်။ သင်္ကန်းကို လမ်းကြို လမ်းကြားမှာဖြစ်စေ သုသာန်မှာဖြစ်စေ ရှာဖွေ ကောက်ယူပြီး သုံးရမယ်လို့ သိမ်ထဲရဟန်းဖြစ်စက ဆုံးမခဲ့တာနဲ့ ညီတယ် ဆိုလိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒုတိယနံပါတ် (၂) က အရိယဝံသလေးပါးထဲက ပဌမ အရိယဝံသတရားက 'ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲရ၏' ဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံတယ်တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ပံ့သကူသင်္ကန်းဆောင်တဲ့ အကျိုးနှစ်ပါးကို သိရပါပြီဘုရား၊ ကျန်တာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ နံပါတ် (၃) က သင်္ကန်းတွေ များတဲ့သူအဖို့ သင်္ကန်းကို စောင့်ရှောက်နေရတယ်။ ပံ့သကူဆောင် ရဟန်းတော်များအတွက် ကိုယ်ပေါ်တင်ထားတဲ့ သင်္ကန်းသာ ရှိလို့ စောင့်ရှောက်ဖို့ မလိုတော့ဘူးဆိုတဲ့ အကျိုးကို ရရှိခံစားရပါတယ်။ (၄) ပံ့သကူသင်္ကန်းကိုသုံးတဲ့ ရဟန်းတော်အတွက် သင်္ကန်းလှူမဲ့ အလှူရှင်ကို စောင့်မျှော်စရာ မလိုတဲ့အတွက် သူတစ်ပါးအပေါ် မမှီခိုရဘူးဆိုတဲ့ အကျိုးကို ရရှိခံစားရပါတယ်။ (၅) သင်္ကန်းများတဲ့ ရဟန်းအဖို့ သူခိုးရဲ့ ဘေးကိုလည်း စိုးရိမ်ကြောင့်ကြရတယ်။ ပံ့သကူဆောင်ရဟန်းအတွက် သူခိုးသူဝှက်ဘေးကနေ ကင်းဝေးတဲ့အကျိုးကို ရရှိခံစားရပါတယ်။ နောက်တစ်ခုက (၆) ပံ့သကူသင်္ကန်းကို သုံးဆောင်ရာမှာ တပ်မက်မှုတဏှာ မရှိခြင်းအကျိုးကိုလည်း ခံစားရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အကျိုး (၆)ပါးကို မှတ်သားထားပြီးပါပြီဘုရား။

---

၁။ (၂၈)၊ အရိယဝံသသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၃၃၆)

ဆရာတော် ။ ။ ကောင်းပါပြီ။ နံပါတ် (၇) ပံ့သကူဆောင် ရဟန်းတော်တို့အတွက် သင့်တင့်လျောက်ပတ်တဲ့ ပရိက္ခရာရှိတဲ့ အကျိုးကို ရရှိခံစားရပါတယ်။ (၈) ပံ့သကူဆောင် ရဟန်းတော်တို့က သုသာန်တို့ လမ်းဘေးတို့ကနေ ကောက်ယူရတဲ့သင်္ကန်း ဖြစ်တာမို့လို့ တန်ဖိုးလည်း နည်းတယ်။ ရလို့လည်းလွယ်တယ်။ အပြစ်လည်း ကင်းပါပေတယ်လို့ ဘုရားရှင် ချီးမွမ်းတော်မူတဲ့ အကျိုးကို ရရှိခံစားရပါတယ်။ (၉) ပံ့သကူဆောင်ရဟန်းတော်တို့ဆိုတာ သာသနာတော်မှာ ကြည်ညိုဖွယ်ဖြစ်တဲ့ဂုဏ်ကို ဆောင်နိုင်တဲ့ အကျိုးကိုရတယ်။ (၁၀) ပံ့သကူဆောင် ရဟန်းတော်ဆိုတာ အလိုနည်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့အကျိုး။ (၁၁) သမ္မာပဋိပတ်မည်တဲ့ ကောင်းမြတ်တဲ့ အကျင့်မြတ်ကို တိုးပွားစေတဲ့အကျိုးနှင့် (၁၂) ပံ့သကူဆောင်ရဟန်းတော်တို့ရဲ့ အကျင့်မြတ်ကို နောင်လာနောက်သား ရဟန်းတော်များကို "ဒိဋ္ဌာနုဂတိသို့ အတုလိုက်ပြီး ကျင့်စေနိုင်တယ်"[၁] ဆိုတဲ့ အကျိုးတွေပါပဲ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ မှတ်သားထားပါ့မယ်ဘုရား။ ဘုရားတပည့်တော် သိသင့်တာများ ရှိသေးရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးရဲ့ သီတင်းသုံးဖော် ရဟန်းတစ်ပါးက ဝိနည်းနဲ့ ပတ်သက်လာရင် သိပ်ကို သံသယကြီးလွန်းတယ်။

MA ဦးဇင်း ။ ။ သင်္ကန်းအပေါ်မှာလည်း သံသယဖြစ်တတ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။

MA ဦးဇင်း ။ ။ သင်္ကန်းအပေါ်မှာဖြစ်တဲ့ ရဟန်းတစ်ပါးရဲ့ သံသယကို ပြေပျောက်အောင် ဘယ်လိုများ လုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးက သူ့သင်္ကန်းနွမ်းလောက်ပြီဆိုရင် ဆွမ်းခံလမ်းမှာ ပံ့သကူသင်္ကန်း ပစ်ပေးလေ့ရှိတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် သင်္ကန်းပေါ်မှာ သံသယဖြစ်စရာ မရှိတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ မရှိတော့ဘူး။ လာလှူတဲ့သင်္ကန်း အပ်စပ်ရဲ့လား။ ဝိနည်းနဲ့မှ ညီညွတ်ရဲ့လားလို့ တွေးတောပူပန်စရာ မလိုတော့ဘူး။ ဘုရားဝိနည်းတော်အရ အလွန်အပ်စပ်တဲ့ သင်္ကန်း၊ ဘုရားချီးမွမ်းတော်မူတဲ့ ပံ့သကူသင်္ကန်းဖြစ်နေပြီလေ၊ ဆရာတော်ရဲ့ ရင်ထဲကသံသယလည်း လွင့်စင်ပြီပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဝိနိစ္ဆယတွေ အများကြီးသိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ ဘုရားတပည့်တော်လည်း နည်းယူမှတ်သား လိုက်နာပါ့မယ်ဘုရား။

---

၁။ (၂၈)၊ အရိယဝံသသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၃၃၇)

မာရသေနဝိဃာတာယ၊ ပံသုကူလဓရော ယတိ၊
သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ခတ္တိယော ဝိယ သောဘတိ။
ပဟာယ ကာသိကာဒီနိ၊ ဝရဝတ္ထာနိ ဓာရိတံ၊
ယံ လောကဂရုနာ ကော တံ၊ ပံသုကူလံ န ဓာရယေ။
တသ္မာ ဟိ အတ္တနော ဘိက္ခု၊ ပဋိညံ သမနုဿရံ၊
ယောဂါစာရာနုကူလမှိ၊ ပံသုကူလေ ရတော သိယာတိ။[၁]

ဖွဲ့အပ် ဝတ်ဆင်အပ်ပြီးသော ချပ်တန်ဆာရှိသော မင်းသည်
စစ်မြေပြင်၌ တင့်တယ်သကဲ့သို့ ကိလေသာမာရ်စစ်သည်ကို ဖျက်ဆီးခြင်းငှာ
ပံ့သကူကို ဆောင်သောရဟန်းသည် တင့်တယ်ပါပေ၏။
တစ်လောကလုံး၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်
ကာသိတိုင်းဖြစ် အစရှိကုန်သော မြတ်သော အဝတ်အထည်တို့ကိုပယ်၍
အကြင်ပံ့သကူသက်န်းကို ဆောင်တော်မူလေပြီ။ ထိုပံ့သကူသက်န်းကို
အဘယ်မည်သော ရဟန်းသည် မဆောင်နိုင်ဘဲ ရှိအံ့နည်း။
ထို့ကြောင့်ပင်လျှင် ရဟန်းသည် (ရဟန်းဖြစ်စက အာမဘန္တေဟု ဝန်ခံခဲ့သော)
မိမိ၏ ပဋိညာဉ်ကို ကောင်းစွာအောက်မေ့လျက် ယောဂီရဟန်း၏
အကျင့်အားလျော်သော ပံ့သကူသက်န်း၌ နှစ်သက်မွေ့လျော်ဖွယ် ဖြစ်ရာ၏။[၂]

၁။ (၂၄) ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ။ (နှာ-၆၁)
၂။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန်။ (ပထမတွဲ၊ နှာ-၂၀၆)

## ၂။ တိစီဝရိက်ဓုတင်

## Tecîvarika dhutaṅga



တိစီဝရိက်ဓုတင်ကို ဆောင်သော ရဟန်းသည် ဝတ်ရုံလောက်သော လေးထည်မြောက် သင်္ကန်းကို ပယ်ပြီး သင်္ကန်းသုံးထည်ကိုသာ ဆောင်တော်မူလေ့ရှိသည်။

The bhikkhu who confines himself to utilise only three robes is called a "tecivarika".

### တိစီဝရိက်ဓုတင် ဆောက်တည်ပုံ

တိစီဝရိက်ဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"စတုတ္ထက စီဝရံ ပဋိက္ခိပါမိ"
"တေစီဝရိကင်္ဂံ သမာဒိယာမိ" ၁
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"ဝတ်လောက်ရုံလောက်သော၊ လေးထည်မြောက်သော သင်္ကန်းကို ပယ်ပါ၏"
"သုံးထည်သောသင်္ကန်းကိုသာ ဆောင်လေ့ရှိသော
ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"catuttha cîvaraṃ paṭikkhipâmi" " tecîvarikaṅgaṃ samâdiyâmi."

"I renounce to a fourth robe." " I will train into utilising only three robes."

၁။ (၂) တိစီဝရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပဌမတွဲ၊ နှာ-၅၉)

## ဝေါဟာရအဓိပ္ပာယ်

စတုတ္ထက စီဝရံ = ဝတ်လောက် ရုံလောက်သော၊ လေးထည်မြောက်သော သင်္ကန်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
တေစီဝရိကင်္ဂ = သုံးထည်သော သင်္ကန်းကိုသာ ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
တေစီဝရ = သင်းပိုင်၊ ဧကသီ၊ ဒုကုဋ်ဟူသော သင်္ကန်းသုံးထည်၊
တေစီဝရိက = သင်္ကန်းသုံးထည်ကို ဆောင်ခြင်းအလေ့ ရှိသည့်ရဟန်း၊
တေစီဝရိကင် = သင်္ကန်းသုံးထည်ကို ဆောင်ခြင်းအလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါန စေတနာသည်ပင် တိစီဝရိက်ဓူတင်မည်၏။

## တိစီဝရိက်ဓူတင်ဆောင် သူယုတ်မာရဟန်း

ငါသည် တိစီဝရိက်ဓူတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် တိစီဝရိက်ဓူတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုတိစီဝရိက်ဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို ချီးမြှောက်၏။ သူတစ်ပါးကို ရှုတ်ချ၏။
ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## တိစီဝရိက်ဓူတင်ဆောင် သူတော်ကောင်းရဟန်း

တိစီဝရိက်ဓူတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သောတရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
တိစီဝရိက်ဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို မချီးမြှောက်။ သူတစ်ပါးကို မရှုတ်ချ။
ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။

## တိစီဝရိက်ခူတင်

MA ဦးဇင်း ။ ။ တိစီဝရိက်ခူတင်ဆောင် ရဟန်းတစ်ပါးအတွက် သုံးခွင့်ရှိတဲ့ သင်္ကန်းအမျိုးအစားတွေ ဘယ်လောက်များ ရှိပါသလဲဘုရား။

ဆရာတော် ။ ။ ဒုကုဋ်လို့ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီး တစ်ထည်ပါတယ်။ အပေါ်ကိုယ်ရုံဧကသီ တစ်ထည်ပါတယ်။ ပြီးတော့ ခါးဝတ်သင်းပိုင် တစ်ထည်ပါတယ်။ အားလုံးပေါင်း သင်္ကန်းသုံးထည်ဖြစ်လို့ 'တိစီဝရ' three robes is called a "tecivarika. ဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တိစီဝရိက်သင်္ကန်းကို ရှေးရှေးအခါ ဘုရားရှင် လက်ထက်တော် အခါကာလကတည်းက ခူတင်ဆောင် ရဟန်းတော်များက သုံးခဲ့တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သာသနာတော် စကတည်းက သူတော်ကောင်းကြီးများ ကျင့်လာကြတာပါ။ ဒါကြောင့် မဟာဇနကပျို့မှာ 'တိစီဝရိက်၊ ရောင်ဖိတ်ဖိတ်နှင့်၊ သပိတ်မြေဖြစ်၊ ရေစစ်ကရိုင်' လို့ မှတ်တမ်းတင်ထားတာ ဖတ်ရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တိစီဝရိက်က ပရိက္ခရာရှစ်ပါးထဲမှာ ပါပြီးသား မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ပါတယ်လေ။ ပရိက္ခရာဆိုတာကကို ရဟန်းတော်တို့ရဲ့ အသုံးအဆောင်ကို ခေါ်တာပါ။ သပိတ် သင်္ကန်းမပါလို့ ဘယ်ဖြစ်မလဲ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ရုတ်တရက် အမှတ်မထားမိလို့ပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပရိက္ခရာရှစ်ပါးဆိုတာ ၁။ သပိတ် ၂။ သင်းပိုင်၊ ၃။ ဧကသီ၊ ၄။ နှစ်ထပ်သင်္ကန်းကြီး၊ ၅။ ခါးပန်းကြိုး၊ ၆။ ခေါင်းရိတ်ဓား၊ ၇။ အပ်နဲ့အပ်ချည်၊ ၈။ ရေစစ်တို့ ဖြစ်ပါတယ်။ အဲဒီအထဲမှာ သင်္ကန်းသုံးထည်လည်း ပါဝင်ပါတယ်။ အကျဉ်းမှတ်ထားချင်ရင်တော့ ကိုယ်မှာကပ်တာက ပရိက္ခရာ ၄ ပါး၊ ကိုယ်မှာမကပ်တာက ၄ ပါး ရှိပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ကိုယ်မှာကပ်တာနဲ့ မကပ်တာကို နားမလည်သေးပါဘုရား။

ဆရာတော် ။ ။ ကိုယ်မှာကပ်တယ်ဆိုတာက ၁။ ဧကသီ၊ ၂။ သင်းပိုင်၊ ၃။ ခါးပန်းကြိုး၊ ၄။ နှစ်ထပ်သင်္ကန်းကြီးတွေပါမယ်။ ကိုယ်မှာမကပ်တာက ၁။ သပိတ်၊ ၂။ ခေါင်းရိတ်ဓား၊ ၃။ အပ်နဲ့ အပ်ချည်၊ ၄။ ရေစစ်တို့ပါမယ် ဦးဇင်း။ စာရေးမှတ်တာထက် လင်္ကာနဲ့မှတ်ရင် မှတ်မိလွယ်တယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ လင်္ကာနဲ့ဆိုရင် မှတ်မိလွယ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ နဘူးကျောင်းဆရာတော်ကြီး မကြာခဏ ရွတ်ပြတော်မူလေ့ရှိတဲ့ လင်္ကာက 'ဒု၊ ကိုယ်၊ သင်း၊ ခါး အတွင်းထား'တဲ့၊ ဒုဆိုတာက ဒုကုဋ်နှစ်ထပ်

---

၁။ (၁၉၈)၊ အတ္တန္တပသုတ္တဝဏ္ဏနာ၊ မဟာဝဂ္ဂ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၅၂၆)

သင်္ကန်းကြီး။ ကိုယ်ဆိုတာက ဧကသီနော်။ သင်းကတော့ သင်းပိုင်ပါ။ ခါးက ခါးပန်းကြိုးနော်။ ဒါတွေက ကိုယ်နဲ့ ကပ်နေတဲ့ ပရိက္ခရာတွေပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်မိပါပြီဘုရား။ ကိုယ်မှာ မကပ်တာကိုပြတဲ့ လင်္ကာကိုလည်း သိပါရစေ။

ဆရာတော် ။ ။ 'တုံး၊ ပိတ်၊ စစ်၊ အပ် အပမှတ်'တဲ့ တုံးဆိုတာက သင်တုံးဓား။ ပိတ်ဆိုတာက သပိတ်နော်။ စစ်ဆိုတာက ရေစစ်ပါ။ အပ်ကတော့ အပ်နဲ့ အပ်ချည်ပါ ဦးဇင်း။

MA ဦးဇင်း ။ ။ ကျေးဇူးတင်ပါတယ်ဘုရား။ မှတ်မိပါပြီဘုရား။ တပည့်တော် သိချင်တာလေးက ကိုယ်ပိုင်သင်္ကန်းကို အဓိဋ္ဌာန်တင်ရတယ်လို့ ကြားဖူးပါတယ်။ ဘာကြောင့် အဓိဋ္ဌာန် တင်ရတာပါလဲဘုရား။

ဆရာတော် ။ ။ မိမိရဲ့ကိုယ်ပိုင်ပစ္စည်းအဖြစ် စွဲစွဲမြဲမြဲဖြစ်အောင် ဆောက်တည်တာကို သင်္ကန်း အဓိဋ္ဌာန်တင်တယ်လို့ သာသနာဝေါဟာရနှင့် ခေါ်ပါတယ်။ သင်္ကန်းသုံးထည်ထက် ပိုလာတာကို ရဟန်းတော်များအနေနှင့် ဝိနည်းလမ်းကြောင်းအရ ဝိကပ္ပနာပြုရပါတယ်။ ဘာလုပ်တာလဲဆိုရင် မိမိကိုယ်ပိုင်ပစ္စည်းအဖြစ်ကနေ ကင်းအောင် ပြုတာပါဘုရား။

MA ဦးဇင်း ။ ။ ဒါဆိုရင် မိမိလက်ထဲမှာရှိတဲ့ သင်္ကန်းက အဓိဋ္ဌာန်တင်ရင်တင်။ မတင်ရင် ဝိကပ္ပနာ ပြုရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တာပေါ့ဗျာ။

## တိစီဝရိက်ဓူတင်ဆောင်ခြင်း

MA ဦးဇင်း ။ ။ တိစီဝရိက်ဓူတင် ဆောင်တော်မူတဲ့ရဟန်းက လေးထည်မြောက် သင်္ကန်းကို စွန့်တော်မူပြီး သုံးထည်သော သင်္ကန်းကိုသာ ဆောင်တော်မူကြတယ်လို့ ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တိစီဝရိက် ဓူတင်ဆောင်ပုံကိုလည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ 'စတုတ္ထက စီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂ သမာဒိယာမိ'[၁] လို့ ဆောက်တည်ရပါတယ်။

MA ဦးဇင်း ။ ။ မြန်မာစကားနဲ့ ဆောက်တည်ရင်လည်း ရပါသလားဘုရား။

ဆရာတော် ။ ။ ရတယ်။ ရတယ်။ စတုတ္ထကစီဝရံ = ဝတ်လောက်၊ ရုံလောက်၊ အဓိဋ္ဌာန်လောက်တဲ့ လေးထည်မြောက်သင်္ကန်းကို၊ ပဋိက္ခိပါမိ = ပယ်ပါ၏လို့ ဆောက်တည်ရင်လည်းရတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

---

၁။ (၂၅)၊ တေစီဝရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁။ (နှာ-၆၂)

ဆရာတော် ။ ။ တေစီဝရိကင်္ဂ = ဒုကုဋ်၊ ကိုယ်ဝတ်နဲ့ သင်းပိုင်တို့ပါဝင်တဲ့ သက်န်းသုံးထည်ကို ဆောင်သောအင်္ဂါကို၊ သမာဒိယာမိ = ဆောက်တည်ပါ၏လို့ ဆိုရင်လည်း ရပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ သက်န်း ငါးထည်နဲ့လည်း ခုတင်ရနိုင်တယ်လို့ ဖတ်ဖူးတယ်ဘုရား။ အဲဒါ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ ဘိက္ခုရဟန်းအတွက်တော့ သက်န်းသုံးထည်ပဲ ခွင့်ပြုတော်မူပါတယ်။ သက်န်း ငါးထည် ဖတ်ဖူးတယ်ဆိုရင်တော့ ဘိက္ခုနီတို့ကို ခွင့်ပြုတော်မူတာ ရှိပါတယ်။

MA ဦးဇင်း ။ ။ ဘိက္ခုနီတို့ကို ခွင့်ပြုတော်မူခဲ့တဲ့ သက်န်းထဲမှာ ဘာတွေအပိုပါလာတဲ့အတွက် ငါးထည် ဖြစ်လာရတာပါလဲဘုရား။

ဆရာတော် ။ ။ ဘိက္ခုနီတို့ကို ခွင့်ပြုတော်မူခဲ့တဲ့ သက်န်းထဲမှာက ဒုကုဋ်၊ ကိုယ်ဝတ်နဲ့ သင်းပိုင် အပြင် ရေသနုပ်နဲ့ ရင်လွှမ်းတဘက်တို့ကို ခွင့်ပြုတော်မူထားတဲ့အတွက် သက်န်းငါးထည် ဖြစ်လာတာပါ။ ဒါကိုပဲ ဘိက္ခုနီတိစီဝရိက်လို့ ခေါ်နိုင်ပါတယ်။[၁]

MA ဦးဇင်း ။ ။ သားရေနွယ်ဆောင်ထားမှ တိစီဝရိက်အင်္ဂါ ပြည့်စုံတာပါလားဘုရား။

ဆရာတော် ။ ။ သားရေနွယ်ဆောင်ထားမှ တိစီဝရိက်အင်္ဂါ ပြည့်စုံတယ်လို့တော့ ဘယ်ကျမ်း မှာမှ မဆိုထားပါဘူး ဦးဇင်း။ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတာက တိစီဝရိက်ခုတင်ဆောင်ရဟန်းအတွက် လေးထည်မြောက်သက်န်း မဖြစ် အောင် သားရေနွယ်ဆောင်တယ်လို့ ယူဆလိုက ယူဆနိုင်ကြောင်းနဲ့ သက်န်း မဟုတ်တဲ့အတွက် တိစီဝရိက်ခုတင် မပျက်ကြောင်းကို မိန့်တော်မူဖူးတာ မှတ်သားထားဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ နေရာထိုင်အခင်းကို သက်န်းအဖြစ် ရေတွက်မယ်ဆိုရင် သိမ်ထဲ ကံဆောင် ရာမှာဖြစ်စေ၊ သံဃအစည်းအဝေးတွေမှာဖြစ်စေ ခင်းထားတဲ့ နေရာထိုင် အခင်းတွေ၊ ကော်ဇောတွေ၊ စောင်တွေပေါ်ကို မထိုင်ဘဲ ရှောင်ရမလိုဖြစ်သွား မယ်ထင်ပါတယ်ဘုရား။ တပည့်တော် နားမလည်လို့ပါဘုရား။

ဆရာတော် ။ ။ သိမ်ထဲကကြမ်းပေါ်မှာ ခင်းထားတဲ့အခင်းတွေက ခုတင်ဆောင်ရဟန်းရဲ့ ကိုယ်ပိုင်မဟုတ်လို့ သက်န်းအဖြစ် တွက်စရာမလိုအပ်ပါဘူး။ နောက်တစ်ခုက ကိုယ်ပေါ်မှာ လွှမ်းထားရတဲ့သက်န်းကိုသာ ရေတွက်ရပါမယ် ဦးဇင်း။ အခင်း ကို ချန်လှပ်ထားပါလေ။

MA ဦးဇင်း ။ ။ အခင်းကြောင့် ခုတင်အနှောင့်အယှက် မရှိကြောင်း သိရပါပြီဘုရား။

ဆရာတော် ။ ။ ပြီးတော့ "သင်း၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်၊ ပရိက်၊ နိသိဒ်၊ မိုး၊ အမာ"လို့ ပြတဲ့ သက်န်း ၉ မျိုးအထဲမှာ "အိပ်" ဆိုတာ အိပ်ရာအခင်းကို ဆိုလိုတာနော်။

---

၁။ (၃၇)၊ ခုတင်ပကိဏ္ဏကကထာဝဏ္ဏနာ၊ ဝိသုဒ္ဓိမဟာဋီကာ။ (နှာ-၁၀၆)

MA ဦးဇင်း ॥ ॥ စောင်က ကိုယ်ပေါ်ကို လွှမ်းခြုံရပြီး သင်္ကန်း ၉ မျိုးထဲမှာလည်း မပါတော့ ဘယ်လို ဆုံးဖြတ်ရသလဲ။ အညာဒေသ ဆောင်းရာသီက အလွန် အေးတတ်လို့ပါဘုရား။

ဆရာတော် ॥ ॥ တိစီဝရိတ်ဆောင် ရဟန်းမှာ နှစ်ထပ်သင်္ကန်း ရှိနေပြီလေ။ နှစ်ထပ်သင်္ကန်းကို နှစ်ထပ်ထပ်ရင် လေးထပ်ရပြီနော်။ ပြီးတော့ အပေါ်ရုံဧကသီကို နှစ်ထပ်ထပ်ပါ ဦးဇင်း။ အထပ်ပေါင်း ဘယ်လောက်ရပြီလဲ။

MA ဦးဇင်း ॥ ॥ ဧကသီက ၂ ထပ်၊ ဒုကုဋ်က ၄ ထပ်ဆိုတော့ ၆ ထပ် ရပါပြီဘုရား။

ဆရာတော် ॥ ॥ စောင်လိုသေးလို့လားဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ဆောင်းရာသီအတွက် နားလည်ပါပြီဘုရား။ မိုးရာသီမှာ သင်္ကန်းရှိတာက သုံးထည်၊ ဆွမ်းခံထွက်လိုက်တာ သင်္ကန်းနှစ်ထည်မိုးစိုရင် ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ॥ ॥ တိစီဝရိတ်ဓူတင်ဆောင်ရဟန်းရဲ့ လက်တွေ့ဘဝက ဦးဇင်းစိတ်ကူးယဉ်ပြီး မေးလျှောက်နေတာထက် အများကြီး ပိုမိုခက်ခဲပါတယ်။ မိုးရာသီမှာ လေး၊ ငါးရက်လောက် မိုးစွေနေပြီဆိုရင် မနေ့မနက်က မိုးစိုထားတဲ့သင်္ကန်းက ဒီမနက်အထိ မခြောက်သေးဘူး။ ဒီနေ့တစ်ခါ မိုးမိပြန်ပြီဆိုတော့ သင်္ကန်းနှစ်ထည် မိုးစိုတာ မဟုတ်တော့ဘူး။ ရှိသမျှသင်္ကန်းအားလုံး မိုးစိုထားပြီ။ နေမထွက်တာ လေးရက်ရှိနေပြီမို့ သင်္ကန်းမခြောက်တော့ဘူး။

MA ဦးဇင်း ॥ ॥ ဟုတ်သားပဲ တပည့်တော်တွေးမိတာထက် ပိုမိုခက်ခဲနေတာ သတိပြုမိလာပါတယ်ဘုရား။ ဒါဆိုရင် ဘာလုပ်ရပါမလဲဘုရား။

ဆရာတော် ॥ ॥ ဓူတင်ဆောင်ရဟန်းက ဆွမ်းခံမထွက်လို့မရဘူး။ ဆွမ်းခံထွက်ရင် မနေ့ကလိုပဲ ဒီနေ့မနက်လည်း မိုးရွာကြီးထဲကို ထွက်ရတော့မယ်နော်။ဆရာသခင်များ ဆုံးမပေးတော်မူတာက မိုးရွာထဲကို ဆွမ်းခံမထွက်ခင်၊ တစ်နည်းပြောရရင် ခေါင်းကို မိုးရေမထိခင် အရင်ဦးအောင် ခေါင်းကိုရေနည်းနည်းစိုအောင် လုပ်ထားလိုက်ရတယ် ဦးဇင်း။ ဒါဆိုရင် အအေးပတ်တာ သက်သာတတ်တယ်။ ဆွမ်းခံပြန်ရောက်လာရင်တော့ ရေချိုးရတယ်နော်။ ရေချိုးပြီးရင် ကိုယ်ငွေ့ရအောင် ကျောင်းခန်းထဲမှာ နွေးနွေးထွေးထွေး နေရတယ်။

MA ဦးဇင်း ॥ ॥ မိုးက ရက်ဆက်ပြီး ရွာနေရင် ရပ်မလားဘုရား။

ဆရာတော် ॥ ॥ မိုးရွာတာ ရက်များဆက်သွားရင် မရနိုင်လောက်ဘူး ဦးဇင်း။ ဒါကြောင့် အအေးမိပြီး ကိုယ်လက် ကိုက်ခဲဖျားနာတော့မယ်။ ဒါကြောင့် အဖျားပျောက်ဆေးတွေ၊ အကိုက်အခဲပျောက်ဆေးတွေ ဆောင်ထားရတယ်။ မိုးတွင်းမို့လို့ ဝမ်းပိတ်ဆေးလည်း ဆောင်ထားရင် မမှားဘူးပေါ့ဘုရား။

MA ဦးဇင်း ॥ ॥ တောထဲက ဆောင်းရာသီ ပိုအေးမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ အဲသလို ပုံသေတော့ မရှိပါဘူး။ အရပ်ဒေသပေါ်မှာလည်း မူတည်ပါသေးတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အချမ်းအပူအတွက် သင်္ကန်းထူထူလေးရှိရင် ကောင်းပါတယ်။ သားရေနွယ်ကို သုံးတတ်ရင်လည်း အထောက်အပံ့ကောင်းရပါတယ်။

MA ဦးဇင်း ॥ ॥ သားရေနွယ်ကို ဘယ်လိုသုံးရတာပါလဲဘုရား။

ဆရာတော် ॥ ॥ သားရေနွယ်မှာ အသားချောနေတဲ့အပိုင်းက တစ်ဖက်၊ ကြမ်းနေတဲ့အပိုင်းက တစ်ဖက်ရှိတယ်လေ။ နွေဥတုမှာ ချောနေတဲ့အပေါ်ကို ထိုင်ရင်အေးတယ်။ ကြမ်းနေတဲ့အပေါ် ဆောင်းရာသီမှာထိုင်ရင် နွေးတယ် ဦးဇင်း။ ကြမ်းနေတဲ့ အပေါ် နွေမှာထိုင်မိရင် ပူပါတယ်ဘုရား။ နုနေချောနေတဲ့ပေါ်မှာ ဆောင်းရာသီထိုင်မိရင် အတော်နဲ့ကို မနွေးလာတော့ဘူး။

MA ဦးဇင်း ॥ ॥ မှတ်သားထားပါ့မယ်ဘုရား။ တောရဆောက်တည်တဲ့အချိန်မှာ လိုက်နာပါ့မယ်ဘုရား။ ဓုတင်ဆောင်ရဟန်းဘဝရဲ့ အခက်အခဲတချို့ကို နားလည်ပါပြီဘုရား။ ရဟန်းတစ်ပါးဆောင်ထားတဲ့ တိစီဝရိက်ဓုတင်က ဘယ်အချိန်မှာ၊ ဘယ်လိုအကြောင်းကြောင့် ပျက်တတ်ပါသလဲဘုရား။

ဆရာတော် ॥ ॥ တိစီဝရိက်ဓုတင်ဆောင်ပုဂ္ဂိုလ်က သူဆောင်ထားတဲ့ သင်္ကန်းသုံးထည်အပြင် ဝတ်လောက်တဲ့သင်္ကန်း၊ ရုံလောက်တဲ့သင်္ကန်း လေးထည်မြောက်ကို သာယာတဲ့အခိုက် တစ်ခဏမှာတင်ပဲ တိစီဝရိက်ဓုတင် ပျက်ပါတယ် ဦးဇင်း။[၁]

## တိစီဝရိက်ဓုတင်ဆောင် ထေရ်ရှင်မြတ်များ

MA ဦးဇင်း ॥ ॥ မြန်မာနိုင်ငံမှာ တိစီဝရိက်ဓုတင်ဆောင်တော်မူတဲ့ အရှင်မြတ်တို့ ဒီကနေ့အထိ အများကြီး ရှိပါသေးလားဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ်ဦးဇင်း။ ရှိပါတယ်။ ပြောရင်း သတိရတာလေး မေ့သွားမှာစိုးလို့ ပြောလိုက်ဦးမယ်နော်။ ပခုက္ကူမြို့ သဲပုံတောရဆရာတော် ဦးကိတ္တိကို လူအများက ဆရာတော်ဦးကြည်လို့ပဲ သိကြတယ်။ သာသနာတော်မှာ ရဟန္တာလို့ ကျော်ကြားတော်မူခဲ့တဲ့ ဆရာတော်တစ်ပါး ဖြစ်ပါတယ်။

MA ဦးဇင်း ॥ ॥ ရဟန္တာဆရာတော်ကြီးက ပံ့သကူဓုတင်လည်း ဆောင်တော်မူပါသလားဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီးက ပံ့သကူဓုတင် တစ်ခုတည်း ဘယ်ကမလဲ ဓုတင်အများကို ဆောင်တော်မူတာပေါ့။ အခု ပံ့သကူဓုတင် ဆောင်တော်မူတဲ့အကြောင်းကို ပြောပြမယ်လေ။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ မှတ်သားပါ့မယ့်ဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီးရဲ့ ဂုဏ်သတင်း ကျော်ကြားလာတာနှင့်အမျှ လှူဒါန်းသူလည်း ပေါများလာပါတယ်။ ပံ့သကူဆောင်တော်မူတယ်လို့ သိသွားတဲ့သူတွေက

---

၁။ (၂၅)၊ တေစီဝရိကင်္ဂကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၁။ (နှာ-၆၂)

ပံ့သကူသင်္ကန်း ပစ်ပစ်ထားကြတာလေ ဘယ်လောက်များသလဲဆိုရင် ကောက်ယူပြီးတော့ သင်္ကန်းလဲလှယ်ပြီး မသုံးနိုင်တော့အောင်ကို များတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ပစ်ထားတဲ့သင်္ကန်းကို ဆရာတော်ကြီးက မကောက်တော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ မကောက်နိုင်တော့တဲ့အတွက် ရဟန်းသာမဏေတွေက လာပြီး ကောက်ယူကြတယ်တဲ့။ ဆရာတော်ကြီးက ပံ့သကူသင်္ကန်းလည်း ဆောင်တော်မူသလို တိစီဝရိက်လည်း ဆောင်တော်မူပါတယ်။

MA ဦးဇင်း ။ ။ ပံ့သကူသင်္ကန်း ဆောင်ထားရင် တိစီဝရိက်ကလည်း ဆောင်လို့လွယ်ကူပြီနှင့် တူပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ တိစီဝရိက်ဆောင်တော်မူကြတဲ့ ဆရာတော်များကလည်း အခွင့်အခါသာရင် ပံ့သကူဓမ္မတင်ကိုပါ ဆောင်တော်မူတာကို တွေ့ရတတ်ပါတယ်။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာသနာ့သမိုင်းမှာ ဗောဓိမဏ္ဍိုင်ဆရာတော်ကြီးလည်း ထင်ရှားတော်မူတယ်။ ဧကစာရီ သီတင်းသုံးတော်မူတယ်။ အသုဘကနေရတဲ့ ပံ့သကူသင်္ကန်းကို ချုပ်လုပ်ပြီး တိစီဝရိက်ဆောင်တော်မူတယ်။ သီလကို အလွန်မြတ်နိုးတော်မူတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ ပခုက္ကူ သဲပုံတောရဆရာတော်ကြီးကလည်း အမြဲ ပံ့သကူဓမ္မတင်နဲ့ တိစီဝရိက်ဓမ္မတင် ဆောင်တော်မူတယ်။ သင်္ကန်းမှာ၊ အိပ်ရာနေရာတွေမှာ ကြမ်းပိုးတွေ၊ သန်းတွေက သူတို့ရဲ့နေအိမ်လို စွဲကပ် မှီခို နေကြတာကို ဆရာတော်ကြီးက ရှင်းလင်းဖို့ ခွင့်ပြုတော်မမူပါဘူး။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတွေမှာ အလွန်ပဲ ခြိုးခြံတော်မူပြီး ခေါင်းပါးစွာ ကျင့်တော်မူတဲ့ ဆရာတော်ကြီးပါ။

MA ဦးဇင်း ။ ။ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။ တပည့်တော်တို့ သာသနာတော် အတွက်လည်း လွန်စွာ အားတက်ပါတယ်ဘုရား။

ဆရာတော် ။ ။ မလိမ္မာတဲ့ ဒကာတွေကြောင့် ဓမ္မတင်ဆောင် ဆရာတော်များအတွက် ဝန်လေးစရာ ဖြစ်တတ်တဲ့သာဓကကိုလည်း ပြောပြရဦးမယ်။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ ဒီသာသနာတော်မှာ မလိမ္မာတဲ့ဒကာကြောင့် သူတော်ကောင်းတို့မှာ ဝန်လေးစရာအမှုကို မဖြစ်စေချင်ပါဘုရား။ ဒါကြောင့် ဗဟုသုတအဖြစ် တပည့်တော် အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ မြန်မာနိုင်ငံမှာ ဖြစ်ခဲ့တဲ့ဖြစ်စဉ်ကို ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ မွန်ပြည်နယ်၊ မုဒုံမြို့က ဂျုံးဂျုံးကျတောရမှာ သီတင်းသုံးတော်မူလို့ ဂျုံးဂျုံးကျ ဆရာတော်လို့ ထင်ရှားတော်မူတယ်။

MA ဦးဇင်း ။ ။ ဂျုံးဂျုံးကျတောရဆိုတာ ဘယ်နယ်မှာ ရှိတာပါလဲဘုရား။

ဆရာတော် ။ ။ မွန်ပြည်နယ်၊ မုဒုံမြို့မှာရှိပါတယ်။ တစ်နေ့ကျတော့ ဆရာတော်ကြီးထံပါးကို ဦးဘွားဆိုတဲ့ဒကာကြီး သက်န်းကပ်ဖို့ ရောက်လာပါတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး ပံ့သကူဓုတင်နဲ့ တိစီဝရိက် ဓုတင်ဆောင်တာကို မသိလို့ သင်္ကန်းလာကပ်တာပါလားဘုရား။

ဆရာတော် ။ ။ သူတော်ကောင်းကြီးများအကျင့်ကို ပြောရခက်ပါတယ် ဦးဇင်း။ ဒါနဲ့ ဆရာတော်ကြီးက သံဃာတော်များကို လှူဒါန်းဖို့ မိန့်တော်မူတယ်။ ဒါယကာက ဘာလျှောက်သလဲဆိုရင် 'အရှင်ဘုရား ဒီသင်္ကန်းဝတ်ရုံတာကို ကြည်ညိုချင်ပါတယ်ဘုရား' တဲ့။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးမှာ ပံ့သကူဓုတင်နဲ့ တိစီဝရိက်ဓုတင် အဓိဋ္ဌာန်ရှိထားရင် ဘယ်လိုလုပ်မလဲဘုရား။

ဆရာတော် ။ ။ ဒါကြောင့်ထင်တယ်။ ဆရာတော်ကြီးက သံဃာတော်ကိုလှူဒါန်းဖို့ မိန့်တော်မူတာနေမှာ။ ဓုတင်ဆိုတာ လူသိမခံရဘူးလေ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး ပံ့သကူသင်္ကန်းကို သုံးနေမယ်ဆိုရင် အခက်အခဲ ဖြစ်သွားမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ သို့သော် သူတော်ကောင်းဖြစ်တော်မူတဲ့ ဆရာတော်ကြီးက အနှစ်နှစ်အလလ ဆောင်တော်မူခဲ့တဲ့ ဓုတင်ကို အပျက်ခံတော်မူပြီး ကိုယ်ပေါ်က သင်္ကန်းကို ခေတ္တဖယ်ရှားတော်မူပါတယ်။ ပြီးတော့ ဒါယကာဦးဘွား လှူဒါန်းတဲ့သင်္ကန်းကို ဝတ်ရုံတော်မူပါတယ်။ ဒါယကာကလည်း ကျေနပ်သွားပါတယ်။ ဒါယကာပြန်သွားတော့မှ ဆရာတော်ကြီးက ဆိုင်ရာ ဓုတင်များ ပြန်ပြီး ဆောက်တည်တော်မူရပါတယ်။

MA ဦးဇင်း ။ ။ သူတော်ကောင်းအနား ချဉ်းကပ်တဲ့ ဒါယကာများက အလွန်လိမ္မာဖို့ လိုတာကို သင်ခန်းစာ ကောင်းကောင်းကြီး ရပါတယ်ဘုရား။

## ဝိနည်း၊ ဓုတင်နှင့် ကထိန်လှူသင်္ကန်း

MA ဦးဇင်း ။ ။ တပည့်တော် ရဟန်းဖြစ်ပြီးနောက် ကထိန်မကြုံဖူးသေးပါဘုရား။ ကထိန်ကို ဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ပါဠိလို ကထိနစီဝရလို့ ခေါ်တဲ့ ကထိန်သင်္ကန်းကို ဘုရားရှင် သက်တော် ထင်ရှားရှိစဉ်ကာလက သင်္ကန်းလျှာ နွမ်းနယ်ပါးရှားတော်မူတဲ့ ပါလေယျတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့ကို အကြောင်းပြုပြီး သံဃာတော်များ သင်္ကန်းအတွက် မပင်ပန်းရအောင် ကထိန်သင်္ကန်း အလှူခံခွင့် ပြုတော်မူတာပါဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ကထိန်သင်္ကန်းအတွက် ကာလသတ်မှတ်ချက်များ ရှိပါသေးသလားဘုရား။

---

၁။ (၃၀၆-၃၀၈)၊ ကထိနက္ခန္ဓက၊ ကထိနာနုဇာနနာ၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၅၁-၃၅၂)

ဆရာတော် ။ ။ ရှိတယ်။ ကထိန်ခင်းဖို့အတွက် သတ်မှတ်ရက် အပိုင်းအခြားက သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လဖြစ်ပါတယ်။

MA ဦးဇင်း ။ ။ ကထိန်သင်္ကန်းကို ပစ္စည်းလေးပါး လျှောက်ထားသူထံပါးက အလှူခံခွင့် ရှိပါသလားဘုရား။ ပြီးတော့ ကထိန်သင်္ကန်းနဲ့ ဓူတင်၊ ဝိနည်းတို့ ဆက်စပ်တာကိုလည်း သေသေချာချာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပြောပြမယ်နော်။ ကထိန်သင်္ကန်းကို ပစ္စည်းလေးပါး လျှောက်ထားသူထံပါးက အလှူခံခွင့် မရှိရုံမကဘူး အမိအဖတို့ဆီကတောင် အလှူမခံရပါဘူး။ သဒ္ဓါအလျောက် ဖြစ်ပေါ်လာတဲ့သင်္ကန်း ဖြစ်ရပါတယ်။ သိမ်ထဲမှာ ဝါဆိုသံဃာများ စုဝေးပြီးတော့ ကမ္မဝါစာရွတ်ဖတ်ပြီး ကထိန်ခင်းရပါတယ်၊ သင်္ကန်းလှူတဲ့အခါ ပုဂ္ဂိုလ်ကို မလှူရဘူး။ သံဃာကို ရည်ညွှန်းပြီး လှူဒါန်းရပါတယ်။

MA ဦးဇင်း ။ ။ ကထိန်သင်္ကန်းကို သံဃာတော်များသာ ပိုင်ခွင့် ရှိတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သိမ်ထဲ သံဃာအစည်းအဝေးကနေ သင်္ကန်းရှားပါးတဲ့ရဟန်းကို အဲဒီ ကထိန်သင်္ကန်း ပေးလှူရပါတယ်။

MA ဦးဇင်း ။ ။ ကထိန်အကျိုးထဲမှာ ဓူတင်ပိုင်း ပါပါသလားဘုရား။

ဆရာတော် ။ ။ ပါတယ်။ ရဟန်းတော်များက ကထိန်အာနိသင် (၅)ပါးကို ရတဲ့အထဲမှာ ဝိနည်းပိုင်းပါတဲ့အတွက် ဓူတင်ပိုင်းလည်း ဆက်စပ် စဉ်းစားနိုင်ပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ အသေးစိတ် သိလိုပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပထမအကျိုးက (၁) အနာမန္တစာရ = အကြောင်းတစ်စုံတစ်ခုကြောင့် ကျောင်းအပြင်ထွက်ပြီး ရပ်ထဲရွာထဲ ကြွရတဲ့အခါမှာ ကျောင်းသံဃာတစ်ပါးပါးကို မပန်ကြားဘဲ ကြွသွားမိရင် ဝိနည်းအရ အာပတ်သင့်ပါတယ်။ ကထိန်ခင်းခွင့် ရပြီဆိုရင်တော့ အဲဒီအပြစ်က လွတ်တယ်၊ အာပတ်မသင့်တော့ပါဘူး။ ဒါကြောင့် 'မပန်မကြား ၊ ရွာထဲသွား၊ ပြစ်ကား မသင့်ပါ' လို့ မှတ်ပါလေ။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒုတိယအကျိုးက (၂) အသမာဒါနစာရ = ဝိနည်းတိစီဝရိက်ဆောင်တော်မူတဲ့ရဟန်းတော်များဟာ တိစီဝရိက် အဓိဋ္ဌာန်တင်ထားတဲ့ သင်းပိုင်၊ ဧကသီ၊ ဒုကုဋ်ရှုဆိုတဲ့ သင်္ကန်းသုံးထည်ကို အရုဏ်တက်ချိန်မှာ သင်္ကန်းနဲ့ နှစ်တောင့်ထွာထက် ပိုဝေးပြီး မနေရဘူး။ နေမိရင် အဲ့ဒီ သင်္ကန်းကို စွန့်ပြီး ဒေသနာကြားရတယ်။ နို့မဟုတ်ရင် အာပတ်သင့်တယ်။ သို့သော် ကထိန်ခင်းခွင့်ရပြီဆိုရင်တော့ အဲဒီရဟန်းတော်မြတ်က အပြစ်က လွတ်ပါတယ်၊ ဒါကြောင့် 'တိစီရိက်နှင့်သာ၊ ညဥ့်ကင်းရာ၊ မှန်စွာ အပြစ်မသင့်ပါ'တဲ့ ဦးဇင်း။[၁]

၁။ (၃၀၈)၊ ကထိနက္ခန္ဓက၊ ကထိနာနုဇာနနာ၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၅၂)

MA ဦးဇင်း ॥ ॥ အခုနက ဝိနည်းတိစီဝရိက်လို့ မှတ်သားမိပါတယ်ဘုရား။ အဲဒီဝိနည်းတိစီဝရိက်နဲ့ ဓူတင်တိစီဝရိက်တို့က အတူတူပဲလား။ တခြားစီလား ကွဲကွဲပြားပြား သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဝိနည်းတိစီဝရိက် ဆောင်ထားတဲ့ရဟန်းက မိမိရဲ့ သင်းပိုင်၊ ကေသီ၊ ဒုကုဋ္ဌ်တို့ကို သူ့နာမည်နဲ့သူ အသီးအခြားစီ အဓိဋ္ဌာန်တင်ရပါတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား၊ တပည့်တော် လိုက်နာနေပါတယ်ဘုရား။

ဆရာတော် ॥ ॥ အဲဒီသင်္ကန်းသုံးထည်က အရေးတကြီးရှိမှာ ကိုယ်နဲ့ မကင်းမကွာ ရှိရတယ်နော်။ ဒါကို ညဥ့်ကင်းခွင့် မရှိဘူးလို့ ဆိုပါတယ်။ အကယ်၍ ညဥ့်ကင်းရင် နိဿဂ္ဂိအာပတ် သင့်ပါတယ်။

MA ဦးဇင်း ॥ ॥ နိဿဂ္ဂိထိုက်ရင် သင်္ကန်းကို စွန့်ရမှာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဝိနည်းကံအရ စွန့်ရမယ်။ ဒီမှာ တစ်ခုသတိပြုစရာရှိတာက ဝိနည်းတိစီဝရိက် ဆောင်တဲ့ရဟန်းက သင်္ကန်းသုံးထည်ထက်ပိုတဲ့ သင်္ကန်းတွေကိုလည်း သုံးခွင့်ရှိပါတယ်။ အဲဒီအပိုသင်္ကန်းတွေကို ဝိကပ္ပနာပြုပြီးတော့ဖြစ်စေ၊ ဒါမှမဟုတ် ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပြီးဖြစ်ဖြစ် သုံးရင် ရနိုင်ပါတယ်။[၁]

MA ဦးဇင်း ॥ ॥ ဘာကြောင့် သင်္ကန်းသုံးထည်ထက် ပိုပြီးသုံးဆောင်ခွင့် ရှိတာပါလဲဘုရား။

ဆရာတော် ॥ ॥ တိစီဝရိက်ဓူတင် မဆောင်ထားလို့ပါဦးဇင်း။

MA ဦးဇင်း ॥ ॥ အကယ်၍ သူက 'စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ' လို့ ဆိုပြီး ဓူတင် အဓိဋ္ဌာန်တင်ထားရင် သင်္ကန်းသုံးထည်ထက်ပိုပြီး သုံးဆောင်ခွင့် ရှိမှာမဟုတ်တော့ဘူးလို့ တပည့်တော် နားလည်တာ မှန်ပါသလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ် ဦးဇင်း။ ဟုတ်တယ်။ ဝိနည်းတိစီဝရိက်ကော ဓူတင်တိစီဝရိက်ပါ ကျင့်ရင်တော့ သင်္ကန်းအပိုတွေ သုံးခွင့်လည်း မရှိတော့ဘူး။ ဆောင်ထားခွင့်လည်း မရှိတော့ပါဘူး။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တပည့်တော် နားလည်ပါပြီဘုရား။ မေးလျှောက်ချင်သေးတာက အကယ်၍ ရဟန်းတစ်ပါးပါးက ဓူတင်တိစီဝရိက်ကျင့်ပြီး ဝိနည်းတိစီဝရိက် မကျင့်ဘူးဆိုရင် ဘယ်လိုဖြစ်မလဲဘုရား။

ဆရာတော် ॥ ॥ ဒါအရေးကြီးတဲ့ မေးခွန်းပါ။ အကယ်၍ ရဟန်းတစ်ပါးက သင်္ကန်းသုံးထည်ကို သူ့နာမည်နဲ့ သူအဓိဋ္ဌာန်မတင်ဘဲ 'ပရိက္ခာရစောဠ' ဒါမှမဟုတ် ဝိကပ္ပနာပြုပြီး တိစီဝရိက် ဓူတင်ကို ကျင့်မယ်ဆိုရင်တော့ သူ့ရဲ့ တိစီဝရိက်သင်္ကန်းနဲ့ ညဥ့်ကင်းသော်လည်း နိဿဂ္ဂိမထိုက်တော့ဘူးလေ ဦးဇင်း။[၂]

---

၁။ (၄၆၉)၊ ပဌမကထိနသိက္ခာပဒဝဏ္ဏနာ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ သာရတ္ထဒီပနီဋီကာ-၁။ (နှာ-၃၉၂)
၂။ (၄၆၉)၊ ပဌမကထိနသိက္ခာပဒဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊ ဝိမတိဝိနောဒနီဋီကာ-၁။ (နှာ-၃၁၃)

MA ဦးဇင်း ॥ ॥ ဝမ်းမြောက်ပါတယ်ဘုရား။ ဝိနည်းက ဓူတင်ပိုင်းနဲ့လည်း ဆက်နွယ်နေတာကို သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ တတိယအကျိုးဆက် ပြောမယ်နော် (၃) ဂဏဘောဇန = ဆွမ်းစသည် ပင့်ဖိတ်တဲ့ ဒကာ၊ ဒကာမတို့က အပင့်အဖိတ်မတတ်လို့ မအပ်မစပ် ပင့်ဖိတ်မိရင် မဘုဉ်းပေးကောင်းဘူးဦးဇင်း။ ဥပမာ-တပည့်တော် အိမ်ကို ခေါက်ဆွဲစားကြွပါတို့၊ မုန့်ဟင်းခါးစားကြွပါလို့ မပြောရဘူး။ သာသနာ့ အသုံးအနှုန်းနဲ့ နေ့ဆွမ်းဘုဉ်းပေးရန် ကြွပါဘုရား။ အရုဏ်ဆွမ်း ဘုဉ်းပေးရန် ကြွပါဘုရားလို့ အပ်အပ်စပ်စပ် လျှောက်ထားရတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အကယ်၍ ကထိန်ခင်းခွင့်ရပြီ ဆိုရင်တော့ မအပ်တဲ့ အသုံးအနှုန်းနဲ့ ပင့်ဖိတ်ခဲ့ပါသော်လည်း ဘုဉ်းပေးခွင့်ရှိတယ်။ ပြီးတော့ ရဟန်းတော် ၄ ပါးနဲ့ ၄ ပါး အထက်ကို ဂဏလို့ခေါ်ပါတယ်။ ၄ ပါးနဲ့ ၄ ပါးအထက်ကို မအပ်စပ်တဲ့ နည်းနဲ့ ဖိတ်ကြားတာကို ဘုဉ်းပေးမိရင် ဂဏဘောဇဉ်ကို ဘုဉ်းပေးတယ်လို့ ခေါ်ပါတယ်။ ဒီမှာလည်း ဂဏဘောဇနသိက္ခာပုဒ်အရ ပါစိတ် အာပတ် သင့်ရောက်ခြင်းကနေ ကင်းလွတ်ခွင့် ရနိုင်ပါတယ်။ အကယ်၍ ကထိန် အာနိသင်မရဘဲ ဘုဉ်းပေးမိရင်တော့ အာပတ်သင့်တယ်နော်။ ဒါကြောင့် 'မအပ်ဖိတ်ကြား၊ ဘောဇဉ်များ၊ စားငြား ပြစ်မသင့်။ လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားလျှင် စားနိုင်သည်' တဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ့ဘုရား။ စိတ်ဝင်စားပါတယ်ဘုရား။ စတုတ္ထအကျိုးကိုလည်း သိပါရစေ ဘုရား။

ဆရာတော် ॥ ॥ စတုတ္ထအကျိုးက (၄) ယာဝဒတ္ထစီဝရ = ရဟန်းတော်များဆိုတာ ဒကာ ဒကာမ များက သင်္ကန်းလှူဒါန်းလို့ မိမိလက်ထဲ ရလာတဲ့အခါ ၁၀ ရက်အတွင်း အဓိဋ္ဌာန်သော်လည်းကောင်း၊ ဝိကပ္ပနာသော်လည်းကောင်း တစ်ခုခု ပြုရ တယ်နော်။ အဲဒီလို မပြုလုပ်ထားရင် အာပတ်လည်းသင့်တယ်။ အဲဒီသင်္ကန်း ကိုလည်း မသုံးဆောင်ကောင်းတော့ဘူး။ ကထိန်ခင်းခွင့် ရပြီဆိုရင်တော့ အဲဒီရဟန်းအတွက် အပြစ်ကနေ ကင်းလွတ်ခွင့်ရတော့တယ်။ ဒါကြောင့် 'အဓိဋ္ဌာန် ဝိကပ္ပနာ၊ မပြုပါလျက်၊ ဆယ်ရက်ထက်ကြာ၊ ထားလေရာ၊ မှန်စွာ ပြစ်မသင့်။ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာ ထားနိုင်သည်' တဲ့ဦးဇင်း။

MA ဦးဇင်း ॥ ॥ တင်ပါ့ဘုရား။ ဒါက ဓူတင်ဆောင် ရဟန်းများအတွက်လည်း အကျိုးဝင်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ အကျိုးဝင်ပါတယ်ဦးဇင်း။ ပဉ္စမအကျိုးကို ဆက်ပြောမယ်နော် (၅) ယော စ တတ္ထ စီဝရုပ္ပါဒ = ကထိန်ခင်းတဲ့ကျောင်းမှာ လှူဒါန်းထားတဲ့ သံဃိကသင်္ကန်း တွေကို အညီအမျှ ခွဲဝေသုံးဆောင်နိုင်ပါတယ်။ ကထိန်အာနိသင် မရတဲ့

ရဟန်းကတော့ ခွဲဝေသုံးဆောင်ခွင့်မရှိဘူး ဦးဇင်း။ အကယ်၍ ကထိန် အာနိသင်မရဘဲ စိတ်ကြိုက်ခွဲဝေမိရင် ဒုက္ကဋ်အာပတ် သင့်နိုင်တဲ့အပြင် ဘဏ္ဍာစား ပေးလျော်ရပါတယ်။ အကယ်၍ ကထိန်အာနိသင် မရတဲ့ ရဟန်းတွေကို ပေးချင်တယ်ဆိုရင်တော့ သံဃာပန်ကြားပြီးမှ ပေးရတာပါ။ ဒါကြောင့် 'ကထိန်ခင်းရာ၊ ကျောင်းမှာရငြား၊ ပစ္စည်းများပေ၊ ခွဲဝေယူရန်၊ ကထိန်ခံ၊ ဧကန်ရပေ အကျိုးတွေ' တဲ့ ဦးဇင်း။

## သက်န်းအမျိုးအစားနှင့် အရွယ်ပမာဏ အဆုံးအဖြတ်များ

MA ဦးဇင်း ။ ။ ဝတ်လောက်တဲ့ သက်န်း၊ ရုံလောက်တဲ့သက်န်းအပြင် နောက်ထပ် ဘယ်လိုမျိုး သက်န်းများ ရှိသေးတာပါလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ ပြောပြမယ်နော်။ သက်န်းအမျိုးအစားနှင့် သက်န်းရဲ့ အရွယ်ပမာဏကို ပထမဦးဆုံး သိထားမှ ဖြစ်မယ်။ အဲဒါဘာတွေလဲဆိုရင် ၁။ သင်းပိုင် (ခါးဝတ်သက်န်းပါပဲ) ၂။ ဧကသီ (အပေါ်ကိုယ်ရုံသက်န်းပါ) ၃။ ဒုကုဋ် (နှစ်ထပ်သက်န်းကြီး) ၄။ အိပ်ရာအခင်း ၅။ မျက်နှာသုတ်ပုဝါ ၆။ ပရိက္ခာရစောဠ သက်န်း (ပိတ်စ၊ လက်သုတ်၊ ရေစစ်ပုဝါ) ၇။ နိသီဒိုင် (သုတ်နီးသက်န်း) ၈။ မိုးရေခံသက်န်း နှင့် ၉။ အနာလွှမ်းသက်န်းတို့ ဖြစ်ပါတယ်။[၁]

MA ဦးဇင်း ။ ။ မှန်လှပါ။ ဗဟုသုတ တိုးရပါတယ်ဘုရား။ သက်န်း ဒွိစုံနဲ့ တိစုံက အခုသက်န်း ၉ မျိုးထဲမှာ ပါသေးသလားဘုရား။

ဆရာတော် ။ ။ ပါတယ် ဦးဇင်း။ အဲဒီသက်န်း ၉ မျိုးထဲက သင်းပိုင်နဲ့ ဧကသီ ဒီနှစ်မျိုးကို ဒွိစုံလို့ ခေါ်ပါတယ်။ သင်းပိုင်၊ ဧကသီနှင့် ဒုကုဋ်သုံးမျိုးကိုတော့ တိစုံခေါ်ပါတယ်၊ တိစီဝရိက်သက်န်း သုံးထည်လို့လည်း ခေါ်ပါတယ်။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ ထီးတို့ ဖိနပ်တို့ နေရာထိုင်အခင်းတို့က ဘယ်ထဲပါသလဲဘုရား။ ဓူတင်ထဲပါနိုင်သလား။

ဆရာတော် ။ ။ ထီး၊ ဖိနပ်၊ ယပ်၊ ခြုံထည်၊ နေရာထိုင်အခင်းတို့က ပရိက္ခရာ ၈ ပါးထဲ မပါဘူး။ ဓူတင်ထဲလည်း အကျုံးမဝင်ဘူး။ ဆရာသခင်များကတော့ ဝိနည်းလမ်းကြောင်း အရ သုံးသပ်ပြီး သုံးစွဲတော်မူကြပါတယ်။

MA ဦးဇင်း ။ ။ ထီး၊ ဖိနပ်၊ နေရာထိုင်ခင်းတွေကို ဝိနည်းအရ ဘယ်လိုများ သုံးသပ်တော်မူတယ်ဆိုတာ သိလိုပါသေးတယ်ဘုရား။ ပြီးတော့ ဓူတင်ဆောင်ပုဂ္ဂိုလ်များ အတွက် သက်န်းရဲ့အငယ်ဆုံး အရွယ်ပမာဏကိုလည်း သိချင်ပါသေးတယ် ဘုရား။

---

၁။ (၃၅၈)၊ ပစ္ဆိမဝိကပ္ပနုပဂစီဝရာဒိကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၄၁၁)

ဆရာတော် ။ ။ သက်န်းအရွယ်ပမာဏကို အရင်ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား၊ မှတ်သားထားပါ့မယ်။

ဆရာတော် ။ ။ အသေးဆုံးပမာဏက လက်သမားတောင်နဲ့ ပြောရင်အလျားတစ်တောင်၊ အနံတစ်ထွာ ရှိရပါတယ်။ ဒါမှ အဓိဋ္ဌာန်၊ ဝိကပ္ပနာလောက်တယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ အလျားတစ်တောင်က တစ်ပေခွဲပါဘုရား။ အနံ တစ်ထွာက ကိုးလက်မ ပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်ပါတယ်။

MA ဦးဇင်း ။ ။ သင်္ကန်း ၉ ထည်ထဲမှာ မျက်နှာသုတ်ပဝါ ပါတာကို သတိပြုမိပါတယ်ဘုရား။ မျက်နှာသုတ်ပဝါရဲ့ အရွယ်ပမာဏက အသေးဆုံးသင်္ကန်း သတ်မှတ်ဘောင်ထဲကို ဝင်နိုင်ပါတယ်ဘုရား။ သို့သော် ရေချိုးပြီးသုံးတဲ့ ကိုယ်သုတ်တဘက် ဆိုရင် အရွယ်ပမာဏ တော်တော်ကြီးတယ်ဘုရား။ ဓူတင်ဆောင်ရဟန်းက တဘက်ကို ဘယ်လိုသုံးခွင့်ရလဲဆိုတာ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဒီကနေ့ လူအများသုံးနေကြတဲ့ တဘက်ရဲ့ အရွယ်ပမာဏက တော်တော်ကြီးတယ်။ ဒါကြောင့် ဒီနေရာမှာ ခက်တယ်ဦးဇင်း။ ဘုန်းကြီးတို့ရဲ့ သီတင်းဖော်တစ်ပါးက ကိုယ်ပတ်နဲ့ပဲ မျက်နှာသုတ်ပါတယ်။ ရေချိုးပြီးရင်လည်း ကိုယ်ပတ်နဲ့ပဲ သုတ်လိုက်တာ တွေ့ဖူးတယ်။ နောက်တစ်ပါးကတော့ Snow towel လိုမျိုး လက်တစ်ဝါးလောက်ရှိတဲ့ ပိတ်စကို သုံးတယ်လို့ မိန့်ဖူးတယ် ဘုရား။

MA ဦးဇင်း ။ ။ လက်တစ်ဝါးလောက်ရှိတဲ့ ပိတ်စနဲ့ ကိုယ်သုတ်ရင် အဆင်ပြေပါ့မလားဘုရား။

ဆရာတော် ။ ။ ရေသုတ်ပြီးရွှဲသွားရင် ညှစ်လိုက်၊ ပြန်သုတ်လိုက်၊ ညှစ်လိုက်ပြန်သုတ်လိုက် လုပ်ရတယ်လို့ မိန့်ဖူးတယ်။

MA ဦးဇင်း ။ ။ ဒီကနေ့ သာသနာတော်မှာ ဓူတင်ဆောင်ပြီး စင်ကြယ်အောင် နေတော်မူကြတာ ကြည်ညိုမဆုံးပါဘုရား။ တပည့်တော် လျှောက်ထားချင်တာက ဓူတင်နဲ့ ဝိနည်းက နေရာတိုင်းမှာ ဆက်စပ်စဉ်းစား ရတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ နေရာတော်တော်များများ ဆက်စပ်ပါတယ်။ သို့သော် ရဟန်းက ဝိနည်းပညတ်ချက်ဘောင်ကို ကျော်လွန်ပြီး ဘာမှ မဆုံးဖြတ်ရဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မှတ်သား လိုက်နာပါ့မယ်ဘုရား။ ဓူတင်ဆောင်ရဟန်းတော်များ ကိုယ်ပတ်သုံးခွင့် ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိပါတယ်။ စာမှာ 'အံသကာသာဝ' လို့ ပြတယ်။ သံဃာတော်များက အံသကိုင်း့ လို့ ခေါ်ကြတယ်။ ကိုယ်ပတ်ပါပဲ၊ ခန္ဓာကိုယ်ကထွက်တဲ့ ချွေးကြောင့်၊ ချေးတွေကြောင့် အပေါ်ရုံ ဧကသီသင်္ကန်းကို မညစ်ပေစေဖို့ရာ ဘုရားရှင် ခွင့်ပြုတော်မူထားတာ ဖြစ်ပါတယ်။

---

၁။ (၄၆၉)၊ ပဋ္ဌမကထိနသိက္ခာဒဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ-၂။ (နှာ-၂၂၆)

MA ဦးဇင်း ။ ။ တင်ပ့ါဘုရား။ အဲဒီအံသကိုဋ္ဌိရဲ့ အရွယ်အစားကိုလည်း တိတိကျကျ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ အံသကိုဋ္ဌိရဲ့ အရွယ်အစားကို ပြောပြပ့ါမယ်။ မပြောသေးခင် အံသကိုဋ္ဌိက ဘယ်သက်န်း အမျိုးအစားထဲ ပါသလဲဆိုတာ အရင်သိဖို့ လိုသေးတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အံသကိုဋ္ဌိက အနံ ၁ ထွာဆိုတော့ ကိုးလက်မရှိတယ်။ အလျား ၃ တောင်ဆိုတော့ လေးပေခွဲလောက် ရှိတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ ဒီတော့ အံသကိုဋ္ဌိက ဘယ်သက်န်းအမျိုးအစားထဲပါသလဲဆိုရင် ပရိက္ခာရစောဠထဲမှာ ဝင်ပါတယ်။ ဒါကြောင့် အိပ်ရာခင်းနဲ့ အံသကိုဋ္ဌိက သက်န်းသုံးထည်ကနေ အပိုအလွန် ဖြစ်နေပြီဆိုတော့ သက်န်းအရာမှာ တည်နေပါသော်လည်း ဓုတင်မပျက်ဘူးလို့ အဌကထာဆရာမြတ်များက မိန့်တော်မူထားပါတယ်။[၂]

MA ဦးဇင်း ။ ။ မှတ်သားထားပ့ါမယ်ဘုရား။

ဆရာတော် ။ ။ အနံကတစ်ထွာဖြစ်လို့ အဓိဋ္ဌာန်မတင်လောက်တဲ့ ပမာဏဖြစ်တယ်။ သုံးတောင်ဆိုတာက ခန္ဓာကိုယ်မှာ အသီးအခြားရစ်ပတ်နိုင်လောက်တဲ့ ပမာဏဖြစ်တယ်။

MA ဦးဇင်း ။ ။ မျက်စိထဲ ကွက်ကွက်ကွင်းကွင်း မြင်ပါပြီဘုရား။

ဆရာတော် ။ ။ ကောင်းပြီ။ ဒီနေရာမှာ အရေးကြီးတဲ့ အဆုံးအဖြတ် တစ်ခုရှိသေးတယ်။ အနံက တစ်ထွာဖြစ်လို့ အဓိဋ္ဌာန်မတင်နိုင်လောက်တဲ့ ပမာဏဖြစ်နေတဲ့အတွက် အလျားသုံးတောင်ထက် ပိုလွန်နေရင်လည်း ဓုတင်ကို အနှောင့်အယှက် မဖြစ်စေဘူးလို့ ဝိသုဒ္ဓိမဂ် နိဿယမှာ ဆိုထားပါသေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ စိတ်ဝင်စားစရာပါဘုရား။

ဆရာတော် ။ ။ နောက်ထပ် အဆုံးအဖြတ်တစ်ခု ရှိပါသေးတယ်။

MA ဦးဇင်း ။ ။ ဘယ်ဆရာတော်များ ဆုံးဖြတ်ပေးတာ ရှိသေးတာပါလဲဘုရား။

ဆရာတော် ။ ။ တို့များရဲ့ နဘူးကျောင်းဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ပါ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ဘုရားကြီးရဲ့ စူးရှတဲ့အဆုံးအဖြတ်ကိုလည်း သိလိုပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဓုတင်္ဂဝိနိစ္ဆယလို့ခေါ်တဲ့ ဓုတင် အဆုံးအဖြတ်ကျမ်းပြုနဘူးကျောင်းဆရာတော်ကြီးက 'အံသကာသာဝ'လို့ခေါ်တဲ့ အံသကိုဋ္ဌိဆိုတာ ခန္ဓာကိုယ်က ထွက်တဲ့ ချွေးတွေ၊ ချေးတွေကြောင့် အပေါ်ရုံ ဧကသီသက်န်းကို မညစ်ပေစေဖို့

---

၁။ (၂၅)၊ တေစီဝရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁။ (နှာ-၆၂)

၂။ နဘူးကျောင်းဆရာတော်ကြီး၏ ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင်အဆုံးအဖြတ်ကျမ်း

ကာကွယ်နိုင်ဖို့အတွက် ခွင့်ပြုထားတာဖြစ်ပါတယ်၊ ပြီးတော့ အဓိဋ္ဌာန်မတင်လောက်တဲ့ သင်္ကန်းငယ်ဖြစ်ပြန်တဲ့အပြင် လက်ဝဲဘက် ပခုံးအပါအဝင် ရင်ဘတ်နဲ့ ဝမ်းဗိုက်လုံတယ်ဆိုရုံမျှ ပတ်ဝတ်ရတဲ့ သင်္ကန်းအပိုင်းကလေးပဲ ဖြစ်ပါတယ်။ ဒီသင်္ကန်းငယ်ကို တိစီဝရိက် ဓူတင်ဆောင်ရဟန်းတော်တွေ အတွက် အပ်တယ်လို့ အဋ္ဌကထာမှာ ပြပါတယ်။ ပြီးတော့ စုလ္လဋီကာမှာတော့ သင်းပိုင်ရဲ့ အနံအလျားအောက်ငယ်တဲ့ ပမာဏရှိလို့ သင်းပိုင်အဖြစ်မသုံးလောက်၊ အဓိဋ္ဌာန်လည်း မတင်လောက်တာကို အံသကိုဋ္ဋိခေါ်တယ်လို့ ပြပါတယ်ဘုရား’ လို့ မိန့်ကြားတော်မူဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဆက်လက်ပြီး ညောင်လွန့်တောရဆရာတော်ကြီးက ‘ဝတ်လောက်၊ ရုံလောက်လေးထည်မြောက်သင်္ကန်းကို ပယ်ပါ၏’လို့ မိန့်တော်မူဖူးတဲ့အတွက် ဝတ်လောက်ဆိုတဲ့ စကားအရ သင်းပိုင်ပမာဏ မရှိရတော့ဘူးပေါ့ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ နှစ်သက်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒီကိစ္စမှာ နဘူးကျောင်းဆရာတော်ဘုရားကြီးက ‘တပည့်တော် နှစ်သက်တာကတော့ ရေချိုးတဲ့အခါမှာ ရေလဲသင်းပိုင်အဖြစ်လောက်တော့ သုံးနိုင်ရမယ်။ စဉ်းစားရမှာက ရေရှည်ကျင့်နိုင်ဖို့လိုတယ်။ မိမိက တိစီဝရိက်ဓူတင် ဥက္ကဋ္ဌ မရဦးတော့ ဓူတင်အကျင့်မြတ်ရဲ့ ကုသိုလ်ဇောတော့ ပါနေပါတယ်ဘုရား။ မလုပ်တဲ့သူထက်တော့ လုပ်တဲ့သူက ခြေတစ်လှမ်း သာတာပေါ့။ ဘာကြောင့်လဲဆိုရင် ကိုယ်က တတ်နိုင်သလောက် စွန့်နေတာလေ။ သင်္ကန်းတစ်စုံပဲ သုံးနေတယ်။ သင်္ကန်းနှစ်စုံထားပြီး မသုံးဘူးဆိုရင်ကကို ကိစ္စကတော်တော်ကြီးကို နည်းသွားပြီဘုရား။ အဲဒီရဟန်းက ကိုယ်ပေါ်မှာဝတ်ထားတဲ့ သင်္ကန်းနဲ့ပဲ လိုရာသွားနိုင်လောက်အောင် ပေ့ါပါးနေပါပြီဘုရား’ တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဓူတင်ကို ကိုယ်တိုင်နှစ်များစွာ ကျင့်တော်မူနေတဲ့ ဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကလည်း မှတ်သားထားလောက်ပါတယ်ဘုရား။ တပည့်တော် ဓူတင်ဆောင်တဲ့အခါ အခုလို အဆုံးအဖြတ်တွေကို သေသေချာချာ မသိထားရင် သံသယဖြစ်မှာစိုးရိမ်လို့ မေးလျှောက်ရခြင်း ဖြစ်ပါတယ်ဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက ဓူတင်ကို အမြတ်စားဥက္ကဋ္ဌအဆင့် ကျင့်တော်မူတာပါ။ အံသကိုဋ္ဋိကို ဆရာတော်ကြီးသုံးတာ မတွေ့ဖူးဘူး။ ဒါပေသိ သာသနာနောက်ပိုင်းကာလမှာ သဒ္ဓါတရားနည်းတဲ့ သံဃာတော်တွေ များလာတဲ့အတွက် ဓူတင်ကို ကျင့်သူမရှိတော့မှာကို စိုးရိမ်တော်မူတာပါတယ်။ ဒါကြောင့် ‘ဓူတင်ကို မကျင့်တဲ့သူထက် နည်းနည်းဖြစ်ဖြစ် ကျင့်တဲ့သူက ခြေတစ်လှမ်းသာတာပေါ့’

---

၁။ နဘူးကျောင်းဆရာတော်ကြီး၏ ဓုတင်္ဂဝိနိစ္ဆယခေါ် ဓူတင်အဆုံးအဖြတ်ကျမ်း

လို့ တပည့်များကို အားပေးတော်မူပါသော်လည်း ဆရာတော်ကြီးကိုယ်တိုင်က ထိပ်တန်းဥက္ကဋ္ဌမှတင် ဆောင်တော်မူတာကို အနီးကပ် အကဲခတ်ပြီး ကြည်ညို ခဲ့ရပါတယ်ဘုရား။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးကို ကြည်ညို ဦးခိုက်ပါတယ်ဘုရား။

## ဝိနည်းတိစီဝရိက် နှင့် ဓူတင်တိစီဝရိက် အဆုံးအဖြတ်

MA ဦးဇင်း ။ ။ ဓူတင်နဲ့ ဝိနည်း ဆက်စပ်မှုကလည်း တော်တော်များတာ သတိပြုမိလာပါ တယ်ဘုရား။

ဆရာတော် ။ ။ ရှိတယ်လေ။ သင်္ကန်းဓူတင်မှာလည်း ဆက်စပ်မှုရှိတယ်။ ဆွမ်းဓူတင်မှာလည်း ဆက်စပ်မှုရှိပါတယ်။ နိသဇ္ဇဓူတင်ကလည်း ဆက်စပ်တယ်။ ခလုပစ္ဆာကလည်း ပဝါရိက်နဲ့ ဆက်စပ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဝိနည်းနဲ့ သင်္ကန်းဓူတင်အကြောင်း ဦးစွာ သိလိုပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဝိနည်းတိစီဝရိက်နဲ့ ဓူတင်တိစီဝရိက်ဆိုတာ နှစ်ပါးရှိတယ်။ ဝိနည်းတိစီဝရိက် အဓိဋ္ဌာန်တင်တဲ့အခါမှာ အနီးမှာရှိတဲ့ ဒုကုဋ်နှစ်ထပ်သင်္ကန်း အတွက် 'ဣမံ သံဃာဋိံ အဓိဋ္ဌာမိ' လို့ နှုတ်နဲ့ဆိုပြီး အဓိဋ္ဌာန်တင်ရမယ်။ မြန်မာလိုဆိုချင်ရင် 'ဤသင်္ကန်းကို ငါ၏ ကိုယ်ပိုင်ဒုကုဋ် နှစ်ထပ်သင်္ကန်းဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏' တဲ့ ဦးဇင်း။ ဒါမှမဟုတ် အဝေးမှာရှိတဲ့ ဒုကုဋ် နှစ်ထပ်သင်္ကန်း အတွက် 'ဧတံ သံဃာဋိံ အဓိဋ္ဌာမိ' လို့ အဓိဋ္ဌာန် တင်ရတယ်။ မြန်မာလိုဆိုချင်ရင် 'ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင် ဒုကုဋ် နှစ်ထပ်သင်္ကန်း ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏' လို့ ဆိုရပါမယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မှတ်သားထားပါမယ်ဘုရား။

ဆရာတော် ။ ။ အနီးမှာရှိတဲ့ အပေါ်ရုံ ကောသီသင်္ကန်းအတွက် ဆိုရင် 'ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ' မြန်မာလိုက 'ဤသင်္ကန်းကို ငါ၏ ကိုယ်ပိုင်ကောသီဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏' လို့ အဓိဋ္ဌာန်တင်ရမယ်။ အဝေးမှာရှိတဲ့ အပေါ်ရုံ ကောသီသင်္ကန်းအတွက် 'ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ' မြန်မာလိုက 'ထိုသင်္ကန်း ကို ငါ၏ ကိုယ်ပိုင်ကောသီဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏'လို့ အဓိဋ္ဌာန် တင်ရမှာပါဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ခါးဝတ်သင်္ကန်းဖြစ်တဲ့ သင်းပိုင်အတွက်ဆိုရင် 'ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ' မြန်မာလို 'ဤသင်္ကန်းကို ငါ၏ ကိုယ်ပိုင်သင်းပိုင်ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏' အဝေးဆိုရင် 'ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ' 'ထိုသင်္ကန်းကို

ငါ၏ ကိုယ်ပိုင်သင်းပိုင်ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏’ လို့ ဆိုပြီး ဝိနည်းတိစီဝရိက် အဓိဋ္ဌာန်တင်ရပါတယ်။ သင်္ကန်းက ကိုယ်နဲ့ ထိစပ်နေမယ်၊ ဒါမှမဟုတ် ကိုင်ထားမယ်ဆိုရင် စိတ်ထဲရွတ်ဆိုပြီး အဓိဋ္ဌာန်တင်လို့လည်း ရပါတယ်။[၁]

MA ဦးဇင်း ။ ။ သင်္ကန်းသုံးထည်လုံးကို နာမည်ဆိုပြီး တင်ရင် ဝိနည်းတိစီဝရိက်ဆိုတာ သိရပါပြီဘုရား။ ဝိနည်းဆိုတော့ အာပတ်သင့်မှာပါလားဘုရား။

ဆရာတော် ။ ။ သင့်တယ် ဦးဇင်း။ နိဿဂ္ဂိပါစိတ်အာပတ် သင့်တယ်။

MA ဦးဇင်း ။ ။ ဘယ်လိုဖြစ်ရင် သင့်တာပါလဲဘုရား။

ဆရာတော် ။ ။ အခုလို သင်္ကန်းသုံးထည်စလုံးကို နာမည်ဆိုပြီး ဝိနည်းတိစီဝရိက် အဓိဋ္ဌာန် တင်ထားရင် ဂရုတစိုက် အမြတ်တနိုး စောင့်ရှောက်ရပါတယ်။ နေ့စဉ် အရုဏ် တက်ချိန်မှာ အဲဒီသင်္ကန်းသုံးထည်ကို ခြုံထားဝတ်ဆင်ထားရမယ်။ ပခုံး အထက်ဖြစ်ဖြစ် တင်ထားရမယ် ဦးဇင်း။ အကယ်၍ မဝတ်မရုံထားဖြစ်ရင် မိမိရဲ့ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ရှိနေရမယ်။

MA ဦးဇင်း ။ ။ ဝါတွင်းအခါမှာပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ဘူး။ ဝါတွင်း၊ ဝါပ အမြဲ အရုဏ်တက်ချိန်မှာ သင်္ကန်းသုံးထည်နဲ့ မကင်းမကွာ ရှိနေရမယ်ဦးဇင်း။ အကယ်၍ အရုဏ်တက်ချိန်မှာ နှစ်တောင့်ထွာ ဟတ္ထပါသ်ရဲ့အပြင်ကို ရောက်နေရင် သင်္ကန်းနဲ့ တစ်ညဉ့် ကင်းကွာတဲ့ အတွက် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါတယ်။[၁]

MA ဦးဇင်း ။ ။ မှန်ပါ။ ဒေသနာကြားရမှာပါလားဘုရား။

ဆရာတော် ။ ။ ဒေသနာကြားရုံနှင့် မရတော့ဘူး။ နိဿဂ္ဂိပါစိတ် အာပတ်ဖြစ်တဲ့အတွက် အဲဒီသင်္ကန်းတွေကို သီတင်းသုံးဖော် ရဟန်းတစ်ပါးပါးကို ပေးစွန့်ရမယ်။ ပြီးမှ ပါစိတ်အာပတ်ကို ဒေသနာကြားပြီး ကုစားရပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ အာပတ်မသင့်အောင် သင်္ကန်းစောင့်ရှောက်တဲ့နည်းရှိရင် သိပါရစေဘုရား။

ဆရာတော် ။ ။ နိဿဂ္ဂိပါစိတ်အာပတ်မသင့်အောင် သေချာတဲ့ စောင့်ရှောက်နည်းကတော့ အရုဏ်တက်ချိန်မှာ သင်္ကန်းနဲ့ နှစ်တောင့်တစ်ထွာမှာ အနီးကပ်နေရုံပါပဲ ဦးဇင်း။ ဓူတင် တိစီဝရိက်ဆောင်တဲ့ရဟန်းက သင်္ကန်းသုံးထည်ကို ခုနကလို အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြုလို့ ဖြစ်စေ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လို့ဖြစ်စေ ဆောင်ထားလို့ရတယ်။

MA ဦးဇင်း ။ ။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်နည်းကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်တဲ့နည်းဆိုတာ သင်္ကန်းတစ်ထည်ထည်ကို ‘ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ’ ဆိုပြီးတော့ အဓိဋ္ဌာန်တင်ရတယ် ဦးဇင်း။

၁။ (၄၉၆)၊ ပထမကထိနသိက္ခာပဒဝဏ္ဏနာ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ-၂ (နှာ-၂၂၆)

သက်န်းသုံးထည်ကို တင်ချင်ရင် 'ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ' လို့ ဆိုရပါတယ်။

MA ဦးဇင်း ။ ။ ခုတင်တိစီဝရိက်ဆောင်တဲ့ ရဟန်းအတွက် ဘယ်လိုအကျိုး ရပါသလဲဘုရား။

ဆရာတော် ။ ။ ပရိက္ခာရစောဠာ အဓိဋ္ဌာန်တင်ပြီးတော့ ခုတင်တိစီဝရိက် ဆောင်ထားတဲ့ ရဟန်းက အရုဏ်တက်ချိန်မှာ သက်န်းနဲ့ နှစ်တောင့်တစ်ထွာမှာနေပြီး စောင့်ရှောက်ရတာကနေ လွတ်လပ်သွားတဲ့အကျိုး ရပါတယ် ဦးဇင်း။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု နှင့် ခုတင်သုံးမျိုး

MA ဦးဇင်း ။ ။ တိစီဝရိက်ခုတင်မှာလည်း အမြတ်စား၊ အလတ်စားတို့ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်။ ပံ့သကူခုတင်မှာလိုပဲ ဥက္ကဋ္ဌ၊ မဇ္ဈိမနဲ့ မုဒုဆိုပြီး သုံးပါးရှိပါတယ်။

MA ဦးဇင်း ။ ။ အဲသလို ကွဲပြားရခြင်းအကြောင်းကို သိပါရစေဘုရား။

ဆရာတော် ။ ။ သက်န်းက သုံးထည်ပဲရှိတယ် ဦးဇင်း။ ဒီတော့ သက်န်းလျှော်ဖွပ်တဲ့ အခါဖြစ်စေ၊ သက်န်းဆေးဆိုးတဲ့ အခါမှာဖြစ်စေ ဘယ်လိုလုပ်ရမလဲဆိုတာ လုပ်နည်း လုပ်ဟန် ရှိလာပြီလေ။

MA ဦးဇင်း ။ ။ ဒါဆိုရင် ရေချိုးတဲ့အခါမှာ ဘယ်လိုများ လုပ်ရပါသလဲဘုရား။ သက်န်းဆေးဆိုးတဲ့အခါ ဘယ်လိုလုပ်ရမလဲဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ တိစီဝရိက်ခုတင်ကို အမြတ်စားဆောင်ထားတဲ့ ဥက္ကဋ္ဌရဟန်းက သက်န်းဆေးဆိုးတဲ့အခါဖြစ်စေ၊ လျှော်ဖွပ်တဲ့ခါမှာဖြစ်စေ ပထမဦးဆုံး သင်းပိုင်ကို ဆိုးရမယ်။ ဒါမှမဟုတ် ဧကသီကို ဆိုးရမယ်။ ပြီးမှ ဆိုးပြီးတဲ့သက်န်းကို ဝတ်ပြီး ကျန်တာကို ဆိုးရမယ်တဲ့။

MA ဦးဇင်း ။ ။ ဆိုးတဲ့အခါမှာ ဒုကုဋ်ကို ခါးဝတ်သင်းပိုင် နေရာဝတ်ပြီး ဆိုးရမှာပါလားဘုရား။

ဆရာတော် ။ ။ လျှော်ဖွပ်တဲ့အခိုက်ဖြစ်စေ ဆေးဆိုးနေသခိုက်ဖြစ်စေ ဧကသီကို သင်းပိုင်နေရာ သုံးလို့ရပါတယ်။ သို့သော် နှစ်ထပ်သက်န်းဖြစ်တဲ့ ဒုကုဋ်ကိုတော့ သင်းပိုင်နေရာ မဝတ်ရဘူးလို့ ဆိုထားပါတယ်။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သို့သော် တိစီဝရိက်ခုတင်ကို ဥက္ကဋ္ဌ အမြတ်စားဆောင်ထားတဲ့ ရဟန်းက တောကျောင်းမှာ သက်န်းသုံးထည်လုံးကို တစ်ပြိုင်နက် လျှော်ဖွပ်လို့ရတယ်တဲ့။ လျှော်ဖွပ်နေတုန်း၊ နေပူလှန်းထားတုန်းမှာ သက်န်းနားမှာပဲ နေနေရမယ်တဲ့။ ဘာ့ကြောင့်လဲဆိုရင် ရုတ်တရက် တစ်စုံတစ်ယောက်ယောက် လာတာကို မြင်ရရင် သက်န်းကို ချက်ခြင်းဆွဲယူပြီး ကိုယ်လုံးကို ဖုံးလွှမ်းရမယ်လို့ သေသေချာချာ ဖွင့်ဆိုထားပါတယ် ဦးဇင်း။

---

၁။ (၂၅)၊ တေစီဝရိကင်္ဂကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၁။ (နှာ-၆၂)

MA ဦးဇင်း ။ ။ အမြတ်စား တိစီဝရိက်ဓူတင်ဆောင် ရဟန်းတော်က သင်္ကန်းသုံးထည်ပဲ ဆောင်ရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ တိစီဝရိက်ဓူတင်ကို ဥက္ကဋ္ဌဆောက်တည်ထားသူအဖို့ သင်္ကန်း သုံးထည်ကိုသာ သုံးရပါတယ်။

MA ဦးဇင်း ။ ။ အလတ်စားဓူတင်ဆောင်ထားတဲ့ ရဟန်းက သင်္ကန်းဆေးဆိုးသခိုက်၊ လျှော် ဖွပ်သခိုက် ဘယ်လို ကျင့်သုံးရပါသလဲဘုရား။

ဆရာတော် ။ ။ တိစီဝရိက်ဓူတင်ကို မဇ္ဈိမ အလတ်စားဆောင်ထားတဲ့ရဟန်းက သင်္ကန်းဆိုးရာ ဇရပ်မှာထားလေ့ရှိတဲ့ 'ရဇနကာသာဝ' လို့ ခေါ်တဲ့ သင်္ကန်းကိုသုံးပြီး ဆိုးနိုင် တယ်၊ လျှော်ဖွပ်နိုင်ပါတယ်။[၁]

MA ဦးဇင်း ။ ။ 'ရဇနကာသာဝ' လို့ ခေါ်တဲ့ သင်္ကန်းမရှိရင် ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ အဲဒီသင်္ကန်း မရှိရင်တော့ အံသကိုဋ်ကို သုံးနိုင်ပါတယ်။ ဒါမှမဟုတ်ရင်တော့ အမြတ်စားဥက္ကဋ္ဌ ဓူတင်ဆောင်ရဟန်းလိုပဲ ဆောင်ရွက်နိုင်ပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား၊ အညံ့စား မုဒုဓူတင်ဆောင် ရဟန်းတော်များ ဆောင်ရွက်ရပုံလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဓူတင်ကို မုဒုအဖြစ် ကျင့်တဲ့ရဟန်းက သဘာဂဖြစ်တဲ့ ရဟန်းတို့ထံပါးက သင်္ကန်းတောင်းဝတ်ပြီးတော့လည်း ဆိုးနိုင်တယ်၊ အဲသလိုမှ အဆင်မပြေရင် အိပ်ရာအခင်းကို ဝတ်ပြီးတော့လည်း သင်္ကန်းကို ဆေးဆိုးနိုင်ပါတယ်။

MA ဦးဇင်း ။ ။ သင်္ကန်းဆိုးသခိုက် ဝတ်တဲ့အိပ်ရာခင်းကို သွားလေရာ ယူခွင့်ရှိပါသလား။

ဆရာတော် ။ ။ မုဒုရဟန်းက အိပ်ရာအခင်းကို သင်္ကန်းဆေးဆိုးသခိုက် သုံးနိုင်ပါသော်လည်း သွားလေရာရာ ယူတာတော့ မအပ်ပါဘူး။

MA ဦးဇင်း ။ ။ သဘာဂဖြစ်တဲ့ ရဟန်းတော်များထံပါးက သင်္ကန်းကို မကြာခဏ တောင်း သုံးခွင့် ရှိပါသလားဘုရား။

ဆရာတော် ။ ။ သဘာဂဖြစ်တဲ့မိတ်ဆွေ ရဟန်းဆီက သင်္ကန်းကိုလည်း ခဏခဏတော့ ယူသုံးခွင့် မရှိဘူး ဦးဇင်း။[၂]

MA ဦးဇင်း ။ ။ တပည့်တော် မနေ့ညက တွေးမိတာလေး မေးလျှောက်ပါရစေဘုရား။

ဆရာတော် ။ ။ မေးလျှောက်ပါ ဦးဇင်း။ မေးပါ။

MA ဦးဇင်း ။ ။ အမြတ်စားဓူတင်ဆောင်ထားတဲ့ ရဟန်းက သုသာန်ကနေ အဝတ်စတွေ ယူလာပြီး ဖွပ်လျှော်တော်မူတယ်ဘုရား။ သင်္ကန်းတစ်ထည်စာ မလောက်တတ် သေးဘူး။ လက်ဝယ်ရှိတဲ့ပိတ်စတွေကလည်း အဓိဋ္ဌာန်တင်လောက်တဲ့ အတိုင်းအတာ ပမာဏဖြစ်နေတယ်။ နောက်ထပ် သုသာန်မှာ၊ အမှိုက်ပုံ

---

၁။ ၂။ (၂၅)၊ တေစီဝရိကင်္ကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၁။ (နှာ-၆၂)

တွေမှာ ပိတ်စကလည်း ရှားရ၊ ဖွေရ ကောက်ရဦးမယ်ဘုရား။ အခုလို သင်္ကန်း မချုပ်ခင်မှာ ထေရ်ရှင်က နေမကောင်းဖြစ်ရင် ဘာလုပ်ရမလဲဘုရား။

ဆရာတော် ။ ။ တိစီဝရိက်ဓူတင်ကို အမြတ်စားဆောင်တော်မူတဲ့ ရဟန်းတစ်ပါးက သင်္ကန်းအတွက် အဝတ်စတွေ စုဆောင်းနေတုန်းမှာ မကျန်းမမာဖြစ်ရင်သော်လည်းကောင်း၊ သင်္ကန်းချုပ်လုပ်ဖို့ရာ အကြောင်းကြောင်းကြောင့် အဆင်မပြေသေးသမျှကာလပတ်လုံး လက်ဝယ် သိုမှီး သိမ်းဆည်းထားကောင်းပါတယ်။ အပြစ်မရှိပါဘူး။ သို့သော် သင်္ကန်းဆိုးပြီးတဲ့နောက်တော့ မထားကောင်းတော့ပါဘူး။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အကယ်၍ ပိတ်စလေးက သန့်နေလို့ နောင်လိုရင်သုံးရအောင် ထားခဲ့မိရင် ဘယ်လိုအပြစ်များ ရှိပါသလဲဘုရား။

ဆရာတော် ။ ။ စာထဲပါတဲ့အတိုင်း ဖြေရရင်တော့ ဓူတင်ဆောင်တယ်ဆိုပြီး အဲသလိုထားတာကို 'ဓူတင်ခိုးတယ်' လို့ ခေါ်တယ် ဦးဇင်း။[၁]

## တိစီဝရိက်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၇ ပါး

MA ဦးဇင်း ။ ။ သံဃာတော်များက တိစီဝရိက်ဓူတင်ကိုခက်ခဲစွာ ဆောင်ကြရတာကို သိရပါပြီဘုရား။ တိစီဝရိက် ဓူတင်ဆောင်ရတဲ့အကျိုးကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ တိစီဝရိက် ဓူတင်ဆောင်ခြင်းကြောင့် ရနိုင်တဲ့ အကျိုးက ၇ ပါး ရှိပါတယ်။

MA ဦးဇင်း ။ ။ အကျိုး ၇ ပါးစလုံးကို သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ တိစီဝရိက်ဓူတင်ဆောင်ထားတဲ့ ရဟန်းက (၁) ငှက်တွေ ကောင်းကင်ပေါ်မှာလိုရာ ပျံသန်းသွားနိုင်သလို မိမိရဲ့ပရိက္ခရာကို ယူဆောင်ပြီး သွားလိုရာကို သွားနိုင်တဲ့အကျိုးကတစ်ပါး (၂) ကိစ္စဝိစ္စနည်းပါးတဲ့ အကျိုးကတစ်ပါး (၃) သင်္ကန်းအဝတ်အထည် သိုမှီးတာကို ရှောင်နိုင်တဲ့ အကျိုးကတစ်ပါး (၄) ပေါ့ပါးတဲ့ အသက်မွေးမှုရှိတဲ့ အကျိုးကတစ်ပါး (၅) သုံးထည်ထက် ပိုတဲ့သင်္ကန်းပေါ်ကို မက်မောတွယ်တာတဲ့ လောလုပ္ပတဏှာကို ပယ်နိုင်တဲ့ အကျိုးကတစ်ပါး (၆) အပ်စပ်တဲ့အရာမှာတောင် သင်္ကန်း သုံးထည်မျှကိုသာ သုံးဆောင်တော်မူတဲ့အတွက် ခေါင်းပါးတဲ့ အသက်မွေးမှုရှိတဲ့ အကျိုးကတစ်ပါးနှင့် နောက်ဆုံးအကျိုးက (၇) တိစီဝရိက် ဓူတင်ဆောင်ရဟန်းတော်အဖို့ အလိုလောဘနည်းတဲ့ ဂုဏ်ကျေးဇူးတို့နဲ့ ပြည့်စုံပါတယ် ဦးဇင်း။

---

၁။ (၂၅)၊ တေစီဝရိကင်္ဂကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၁။ (နှာ-၆၂)

* (၄၆၉)၊ ပဉ္စမကထိနသိက္ခာပဒဝဏ္ဏနာ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ဝိမတိဝိနောဒနီဋီကာ-၁။ (နှာ-၃၁၃)

MA ဦးဇင်း ။ ။ ရိုသေစွာ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ တိစီဝရိက်ဓုတင်ကို ဆောင်တော်မူတဲ့ ရဟန်းတော်မြတ်များက ကိုယ်ကို ဆောင်နိုင်ရုံမျှ၊ တစ်နည်းပြောရရင် ခန္ဓာကိုယ်ကို စောင့်ရှောက်နိုင်ရုံမျှသာ ရှိတဲ့ သင်္ကန်းတို့နဲ့ ရောင့်ရဲတော်မူကြပါတယ်ဗျာ။ ရောင့်ရဲခြင်းရဲ့ ချမ်းသာကို သိတော်မူကြပါတယ်ဗျာ။

MA ဦးဇင်း ။ ။ သာဓု၊ သာဓု၊ သာဓု ပါဘုရား။

အတိရေကဝတ္ထတဏှံ၊ ပဟာယ သန္နိဓိဝိဝဇ္ဇိတော ဓီရော။
သန္တောသသုခရသညူ၊ တိစီဝရဓရော ဘဝတိ ယောဂီ။
တသ္မာ သပတ္တစရဏော၊ ပက္ခီဝ သစီဝရောဝ ယောဂိဝရော။
သုခမနုဝိစရိတုကာမော၊ စီဝရနိယမေ ရတိံ ကယိရာတိ။[၁]

သင်္ကန်းသုံးထည်ကိုဆောင်သော ပညာရှိသော ယောဂီသည် သုံးထည်ထက် ပိုလွန်သော အဝတ်၌ တပ်မက်သော တဏှာကိုပယ်ပြီးလျှင် သိုမှီးသိမ်းဆည်းခြင်းကို ကြဉ်သည်ဖြစ်၍ ရောင့်ရဲခြင်း၌ ချမ်းသာဟူသော အရသာကို သိပေ၏။ ထိုသို့သိသောကြောင့် မိမိအတောင်နှင့်တကွ သွားလိုရာ သွားနိုင်သော၊ ငှက်ကဲ့သို့ ကိုယ်၌ ရုံထားသော သင်္ကန်းနှင့်တကွ ဖြစ်လျက်သာလျှင် ချမ်းသာစွာ လိုရာရာ သွားခြင်းငှာ အလိုရှိသော ယောဂီသူမြတ်သည် သင်္ကန်းကို သုံးထည်မျှ ကန့်သတ်၍ ဆောင်ရာ၌ မွေ့လျော်ပျော်ပိုက်ခြင်းကို ပြုရာ၏။[၂]

---

၁။ တေစီဝရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၃)
၂။ မဟာစည်ဆရာတော်ကြီး၏ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၁၀)

# ၃။ ပိဏ္ဍပါတ်ဓုတင်

## Piṇḍapâta dhutaṅga



ပိဏ္ဍပါတ်ဓုတင်ကို ဆောင်သောရဟန်းသည် ဆွမ်းခံရသောဆွမ်းမှ
အပိုအလွန်ဖြစ်သော သံဃဘတ် စသော လာဘ်ကိုပယ်ပြီး ဆွမ်းစသော အာမိသအလို့ငှာ
ဒါယကာတို့၏အိမ်သို့ ဆွမ်းခံကြွတော်မူလေ့ ရှိပါသည်။

The bhikkhu who is used to search for his food in this manner is called a piṇḍapâtika.

### ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ပုံ

ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"အတိရေကလာဘံ ပဋိက္ခိပါမိ"
"ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ" [၁]
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"ဆွမ်းခံသွား၍ ရသောဆွမ်းမှ၊ အပိုအလွန်ဖြစ်သော၊ သံဃဘတ်အစရှိသော လာဘ်ကို ပယ်ပါ၏"
"ဆွမ်းခံကြွခြင်း အလေ့ရှိသူ၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"atirekalâbhaṃ paṭikkhipâmi, piṇḍapâtikaṅgaṃ samâdiyâmi."
"I renounce to any food coming from another source than the food obtained by means of the bowl,
I will train into eating only food obtained through collect by means of the bowl."

၁။ (၃) ပိဏ္ဍပါတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၃)

## ဝေါဟာရအနက်ဖွင့်

အတိရေကလာဘံ = ဆွမ်းခံသွား၍ရသောဆွမ်းမှ၊ အပိုအလွန်ဖြစ်သော၊ သံဃာဘတ်အစရှိသော လာဘ်ကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
ပိဏ္ဍပါတိကင်္ဂ = ဆွမ်းခံကြွခြင်း အလေ့ရှိသူ၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
ပိဏ္ဍပါတ = ဆွမ်းခံသူ၏သပိတ်၌ကျသော ဆွမ်းစသော အာမိသများ။
ပိဏ္ဍပါတိက = ဒါယကာတို့၏အိမ်သို့ ဆွမ်းခံကြွလျက် အာမိသရှာဖွေလေ့ရှိသောရဟန်း၊
ပိဏ္ဍပါတိကင်္ဂ = ဆွမ်းစသော အာမိသအလို့ငှာ ဒါယကာတို့၏အိမ်သို့ ရှာဖွေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကပင် ပိဏ္ဍပါတ်ဓူတင် မည်၏။

## ပိဏ္ဍပါတ်ဓူတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ပိဏ္ဍပါတ်ဓူတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ပိဏ္ဍပါတ်ဓူတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ပိဏ္ဍပါတ်ဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို ချီးမြှောက်၏။ သူတစ်ပါးကို ရှုတ်ချ၏။
ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ပိဏ္ဍပါတ်ဓူတင်ဆောင် သူတော်ကောင်းရဟန်း

ပိဏ္ဍပါတ်ဓူတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ပိဏ္ဍပါတ်ဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို မချီးမြှောက်။ သူတစ်ပါးကို မရှုတ်ချ။
ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

---

၁။ (၁၀၇) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

# မြတ်စွာဘုရား ဆွမ်းခံရင်း ကပိလဝတ်ပြည်ကြွတော်မူ

MA ဦးဇင်း ॥ ॥ ပိဏ္ဍပါတနဲ့ ပိဏ္ဍပါတိကအဓိပ္ပာယ် မတူဘူးလားဘုရား။

ဆရာတော် ॥ ॥ ဆွမ်းခံရဟန်းရဲ့ သပိတ်ထဲကျတဲ့ ဆွမ်းတို့၊ ဆွမ်းဟင်းတို့၊ ဘောဇဉ်တို့ စတဲ့ အာမိသတို့က 'ပိဏ္ဍပါတ' ဖြစ်ပါတယ်။ ဒါယကာ၊ ဒါယိကာမတို့ရဲ့ အိမ်ရှေ့တွေကို ဆွမ်းခံကြွပြီး ဆွမ်းစတဲ့ အာမိသရှာဖွေလေ့ရှိတဲ့ ပုဂ္ဂိုလ်ကို 'ပိဏ္ဍပါတိက' ရဟန်းလို့ ခေါ်ပါတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘုရားရှင် ကပိလဝတ်ကို ကြွပြီး ဆွမ်းခံခဲ့ပါသလားဘုရား။

ဆရာတော် ॥ ॥ ဘုရားဖြစ်တော်မူပြီးနောက် ကာဠုဒါယီအမတ်ရဲ့ လျှောက်ထားချက်အရ ဖွားမြင်တော်မူရာ ကပိလဝတ်ပြည်ကို ကြွတော်မူတဲ့အခါမှာ 'ရှေးရှေး နောင်တော်ဘုရားရှင်တို့ရဲ့ ကျင့်စဉ်အတိုင်း ငါဘုရားသည်လည်း အိမ်စဉ် မပြတ် ဆွမ်းရပ်မှ သင့်လျော်ပေမည်' လို့ နှလုံးသွင်းတော်မူပြီး သံဃာတော် နှစ်သောင်းခြံရံပြီး အိမ်စဉ် ဆွမ်းခံကြွတော်မူခဲ့ပါတယ်။

MA ဦးဇင်း ॥ ॥ ကပိလဝတ်ပြည်သူပြည်သားတွေ သူတို့ရဲ့ဘုရင်ကြီးကို သက်နံ့ဝတ်နဲ့ ဖူးမြင်ရလို့ ဝမ်းမြောက်ကြမှာပါဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ပြည်သူပြည်သားတွေ ဝမ်းမြောက်ဝမ်းသာ ဆွမ်းလောင်းကြပါတယ်။ ဒါပေမဲ့ ဝမ်းမမြောက်နိုင်တဲ့ တစ်ယောက်က ကပိလဝတ်ပြည် နန်းတွင်းသူ ရာဟုလာမယ်တော် ယသော်ဓရာမင်းသမီးပါပဲ။

MA ဦးဇင်း ॥ ॥ အံ့သြစရာပါပဲဘုရား။ ဘုရားရှင်ကြွတော်မူလာတာကို ဘာ့ကြောင့်များ မယ်တော်ယသော်က ဝမ်းမမြောက်ဘဲ ဖြစ်နေရတာပါလဲဘုရား။

ဆရာတော် ॥ ॥ ဘုံမြင့်ပြာသာဒ်ထိပ်ကနေ ယသော်ဓရာမင်းသမီးက ဘုရားရှင်နဲ့ သံဃာတော် နှစ်သောင်း အိမ်စဉ်ဆွမ်းခံတာကို မြင်လိုက်တာနဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရှာတယ်။ ပြီးတော့ သူက ချက်ချင်း သုဒ္ဓေါဒနမင်းကြီးထံပါး အခစားဝင်ပြီး တိုင်ချက်ဖွင့်ပါတော့တယ်။

MA ဦးဇင်း ॥ ॥ မယ်တော်ယသော်က ဘယ်လိုတိုင်ချက်များ ဖွင့်တာပါလဲဘုရား။

ဆရာတော် ॥ ॥ 'ခမည်းတော်မင်းကြီး . . အရှင်မင်းကြီး၏သားတော်သည် မျိုးရိုးအနွယ်ဂုဏ်ကို မထိန်းသိမ်း၊ မိဘနဲ့ သားမယားကိုမှ အားမနာလေယောင်တကား။ ဝမ်းစာအတွက် အိမ်တကာ၌ ရပ်၍ ရပ်၍ စားစရာ လိုက်တောင်းနေလေရဲ့။ ကောင်းကြသေးရဲ့လား' လို့ သံတော်ဦး တင်လိုက်တယ်။

MA ဦးဇင်း ॥ ॥ ဆွမ်းခံကြွတာ အပြစ်ဖြစ်သွားတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဆွမ်းခံကြွမိတာ သူတို့ရဲ့အမြင်မှာ အပြစ်ကြီးကျူးလွန်လိုက်သလို ဖြစ်သွားတယ်။ ဒါကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ယသော်ဓရာ မင်းသမီးရဲ့ သံတော်ဦးတင် လျှောက်ထားလာတဲ့စကားကို ကြားလိုက်ရလို့

ထိတ်လန့်တုန်လှုပ်ပြီး ရုတ်ခြည်း အမြန်ထပါတယ်။ ပြီးတော့ ပုဆိုးကို လက်တစ်ဖက်နဲ့ ကိုင်မပြီး အဆောတလျင် ရွှေနန်းတော်ထက်ကနေ ဆင်းသွားပြီး သားတော်ဘုရား အနီးအနားမှာ ရပ်ပါတယ်။ 'သားတော်ဘုရား တပည့်တော်တို့ကို ဘာ့ကြောင့် အခုလို အရှက်ခွဲရတာလဲ။ ဘာ့ကြောင့် တစ်အိမ်တစ်လုတ် ဝမ်းစာရှာရတာလဲ။ သားတော်ဘုရားရဲ့ နောက်ပါအခြံအရံ ရဟန်းတော်နှစ်သောင်းအတွက် ခမည်းတော်မှာ ဆွမ်းဟင်းလျာ ဘောဇဉ် ပြည့်ပြည့် စုံစုံမရဘူးလို့များ မှတ်ထင်တော်မူသလား' လို့ တစ်ခါတည်း စိတ်လိုက်မာန်ပါကြီးကို လျှောက်လိုက်တော့တယ်။

MA ဦးဇင်း ။ ။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ ယသော်ဓရာမင်းသမီးတို့က ဘုရားရှင် ဆွမ်းခံကြွတော်မူတာကို ဂုဏ်သိက္ခာကျတယ်လို့ ယူဆထားဟန် တူပါတယ်ဘုရား။

ဆရာတော် ။ ။ ခတ္တိယမင်းမျိုးရဲ့အမြင်မှာ အဲသလိုမြင်တာ ဖြစ်ပါလိမ့်မယ်။ မြတ်စွာဘုရားရှင်က ကပိလဝတ်မြို့တွင်းက ဆွမ်းခံလမ်းပေါ်မှာပဲ 'ခမည်းတော်မင်းကြီး ဤအိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်ခြင်း ကျင့်ဝတ်သည် ငါဘုရားတို့၏ အနွယ် စဉ်ဆက်ဆင်းသက်လာသော အကျင့်ဖြစ်ပေသည်'လို့ မိန့်တော်မူလိုက်ပါတယ်။

MA ဦးဇင်း ။ ။ ဘုရားရှင်မိန့်ကြားတော်မူတဲ့ စကားကို ခမည်းတော်မင်းကြီးက ကျေနပ်နှစ်သက်ပါသလားဘုရား။

ဆရာတော် ။ ။ ဘယ်ကျေနပ်မလဲ 'အကျွန်ုပ်တို့ သကျသာကီဝင် မင်းမျိုးမင်းနွယ်သည်ကား တစ်ပါးသူ အိမ်ရှေ့မှာရပ်ပြီး တောင်းရမ်း စားသောက်တဲ့အမျိုးအနွယ် မဟုတ်ပါ' လို့ ခပ်တင်းတင်း ပြန်ပြောတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ လောကမှာ ပွင့်ထွန်းတော်မူခဲ့တဲ့ ဘုရားရှင်တို့ရဲ့ ဂုဏ်ရည်ကို မသိသေးလို့ ဘုရင်ကြီးပြောတာနေမှာပါဘုရား။

ဆရာတော် ။ ။ ဟုတ်တာပေါ့။ ဘုရားရှင်က "အသင်မင်းကြီးတို့၏ မျိုးနွယ်သည်ကား ဒကာတော်မင်းကြီး လျှောက်ထားသည့်နှယ် ဟုတ်ပါပေတယ်။ သို့သော် ဘုရားမျိုးနွယ်တော်ကား ဒီပင်္ကရာမြတ်စွာဘုရား၊ ကောဏ္ဍညမြတ်စွာဘုရား၊ မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ သိဒ္ဓတ္ထမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသံမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရားရှင်

တို့၏ အဆက်အမျိုးအနွယ် ဖြစ်ပေသည်။ ထိုထိုမြတ်စွာဘုရားတို့သည် ဖိတ်ကြားသော ဒါယကာမရှိမူ အိမ်စဉ်မပြတ် ဆွမ်းရပ် လှည့်လည်တော်မူကြမြဲ ဖြစ်ပါတယ် ခမည်းတော်မင်းကြီး”လို့ အကျယ်တဝင့် ပြည့်ပြည့်စုံစုံ မိန့်ကြားတော်မူပါတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ပွင့်တော်မူပြီးဘုရားရှင်တို့က မြတ်သောဆွမ်းခံအကျင့်ကို ကျင့်တော်မူမြဲဓမ္မတာဆိုတာ နားလည်ရလို့ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ ဘုရားရှင်က ဆွမ်းခံတော်မူရာ ခရီးလမ်းမအလယ် ရပ်တော်မူလျက်ကပင် ခမည်းတော်မင်းကြီးကို “ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။ ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ” နဲ့ အစပြုတဲ့ဂါထာကို ဟောတော်မူလို့ ဆွမ်းခံလမ်းပေါ်မှာပဲ ခမည်းတော်ကြီး သောတာပန်တည်ပါတယ်။

MA ဦးဇင်း ။ ။ သာဓုပါဘုရား။ ဒီပါဠိဂါထာရဲ့ အဓိပ္ပာယ်ကို သိပါရစေဘုရား။

ဆရာတော် ။ ။ မြန်မာလိုပြောပြမယ်နော် “ဆွမ်းခံဝတ်၌ မမေ့လျော့ရာ၊ ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏။ တရားကိုကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာနေရ၏” တဲ့ နောက်တစ်ပိုဒ်က “သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာနေရ၏” လို့ အဓိပ္ပာယ်ရပါတယ်ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မြန်မာလို ရပါပြီဘုရား။ အင်္ဂလိပ်လိုများ ရှိသေးရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရှိတယ် ဦးဇင်း။ ရှိတယ်။ သိချင်ရင်ပြောပြမယ်နော် “One should be attentive in standing for alms, follow Dhamma, which is good conduct. One, who lives with Dhamma, has joy in this world and in the next. One should follow Dhamma which is good conduct, not which is poor conduct. One who lives with Dhamma has joy in this world and in the next.”လို့ ဘာသာပြန်တာ တွေ့ရပါတယ်။ ဒါကြောင့် ဒီသာသနာမှာ ဆွမ်းခံကျင့်ဝတ်ကို စတင်ခဲ့တာ ချောချောမောမော မဟုတ်ဘူးနော်။ ဒါကြောင့် နေ့စဉ်ဆွမ်းခံတာကို တန်ဖိုးထားတော်မူပါဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ဘုရားတပည့်တော် ရဟန်းဘဝတစ်လျှောက်လုံး အလေးအနက်ဂရုပြုပြီး ဆွမ်းခံပါ့မယ်ဘုရား။ ဆွမ်းခူတင်တွေကိုလည်း ကျင့်ပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဆွမ်းခံကျင့်ဝတ်ပြည့်တဲ့ ရဟန်းအတွက် ဆွမ်းခူတင်က အထူးကျင့်ရတယ်ကို မရှိပါဘူး ဦးဇင်း။

---

၁။ (၁၀၅) ရာဟုလဝတ္ထုကထာ၊ ဝိနယမဟာဝဂ္ဂအဋ္ဌကထာ (နှာ-၂၈၆)

MA ဦးဇင်း ။ ။ တပည့်တော် နားမလည်ပါဘုရား။ အကျယ် အမိန့်ရှိပေးတော်မူပါ။

ဆရာတော် ။ ။ မာန်ကင်းတောင်ဆရာတော် မိန့်တော်မူတာ သတိရလို့ ပြောပြဦးမယ်နော်။ ဆရာတော်ကြီးက ဘုန်းကြီးကို သပိတ်နဲ့ ဆွမ်းဘုဉ်းပေးနေတာကြည့်ပြီး "ဆွမ်းခံကျင့်ဝတ် ပုံမှန်ရှိသလား"လို့ မေးတော်မူတယ်။ "ရှိပါတယ်ဘုရား"လို့ လျှောက်လိုက်တယ်။ ဆရာတော်ကြီးကာ "ဆွမ်းဓူတင်ရသလား"လို့ မေးတော်မူပြန်တယ်။ ဘုန်းကြီး ဘာမှမဖြေဘဲ ဆရာတော်ကြီးထံပါးက စကားကို စိတ်ဝင်စားပြီး စောင့်မျှော်နေလိုက်ပါတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးက ဘာများမိန့်တော်မူပါသလဲဘုရား။

ဆရာတော် ။ ။ "ဆွမ်းခံကျင့်ဝတ် နေ့စဉ်ပုံမှန် ရှိနေမှတော့ ဆွမ်းဓူတင်ငါးပါး ဖြည့်ကျင့်ဖို့ ဘာမှ တာဝန်မလေးတော့ဘူး ဦးဇင်း။ ဆွမ်းဓူတင်ကို ယူဖြစ်အောင်ယူနော်" လို့ မိန့်ကြားတော်မူပါတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးကိုယ်တိုင် ဓူတင်ဆောင်တော်မူတယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မသိဘူး။ ဆရာတော်ကြီးရှေ့ မမေးဝံ့ဘူးဦးဇင်း။

MA ဦးဇင်း ။ ။ မမေးကောင်းတာပါလားဘုရား။

ဆရာတော် ။ ။ မမေးလျှောက်ခဲ့ရပါသော်လည်း အခုလို အဆုံးအမပေးတော်မူနေတဲ့ ဆရာတော်က တောရကျောင်းမှာ သီတင်းသုံးတော်မူနေတာ မျက်မြင် ဖူးတွေ့နေရတယ်။ ဆရာတော်မှာ ဆွမ်းဓူတင်ငါးပါးမက သက်န်းဓူတင်၊ သုသာန်ဓူတင် စတာတွေလည်း ကျင့်တော်မူနေမှာ သေချာပါတယ်။

MA ဦးဇင်း ။ ။ အခုလိုကြားနာမှတ်သားရတာကြည်ညိုမဆုံးပါဘုရား။

## ဘုရားရှင် ဓူတင်ကို အထူးချီးမွမ်းတော်မူပါသည်

ဆရာတော် ။ ။ ဓူတင်နဲ့ စပ်လျဉ်းပြီး မြတ်စွာဘုရားရှင်ရဲ့ ဆန္ဒတော်ကို ထင်ရှားစေတဲ့ ဩဝါဒစကား သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဘုရားရှင်က "နောင်အနာဂတ်ကာလ၌လည်း ငါ၏တပည့် သားရဟန်းတို့သည် ငါဘုရားကဲ့သို့ အတူလိုက်ကာ ဆွမ်းခံမှုကျင့်ဝတ်ကို ဖြည့်ကျင့်ကြပေလိမ့်မည်ဟု နှလုံးသွင်းတော်မူတယ်" ဒါကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ဆွမ်းခံကြွတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တောမှာနေပြီး ဆွမ်းဓူတင်ဆောင် ရဟန်းတော်များကိုသာ ဘုရားရှင် ဖူးခွင့်ပြုတော်မူတယ်လို့လည်း တပည့်တော် ဖတ်ဖူးတယ်ဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားက "တောကျောင်းနေရဟန်း၊ ပိဏ္ဍပါတ်ဓူတင်ဆောင်ရဟန်း၊ ပံ့သကူဓူတင်ဆောင်ရဟန်းတို့သာ ငါဘုရားကို ဖူးမြော်ဖို့ အလိုရှိတိုင်း ချဉ်းကပ်

ကြပါစေ”လို့ မိန့်တော်မူဖူးတယ်။ ဒါကြောင့် ဘုရားဖူးမြင်ခွင့်ရဖို့အတွက် ရဟန်းတော်တွေ ဓုတင်ဆောက်တည်ကြတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ဒီကနေ့ မြန်မာပြည်မှာလည်း ဓုတင်တွေ ဆောက်တည်တော်မူကြတဲ့ အရှင်ကောင်း၊ အရှင်မြတ် အများကြီး ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ် ဦးဇင်း။ ရှိပါတယ်။ သို့သော် လူမသိ၊ သူမသိ ကျင့်သုံးတော်မူကြတာများတယ်။ ဒါကြောင့် ပျံလွန်းတော်မူပြီးနောက်မှ မှတ်တမ်းတွေအရ သိကြရ၊ ကြည်ညိုကြရတာပါ။

MA ဦးဇင်း ॥ ॥ တပည့်တော်လည်း ကြည်ညိုပါရစေဘုရား။

ဆရာတော် ॥ ॥ ကြည်ညိုပါရစေဆိုတော့ သတိရတာလေးတစ်ခု ပြောပြမယ်နော်။ ဆွမ်းခံဝတ်မပျက်တဲ့ သာသနာပိုင်ဆရာတော်အကြောင်း ဦးဆုံးပြောပြမယ်။ ဘုရင်မင်းရဲ့ ဆရာ ရာဇဂုရုဖြစ်တော်မူပါသော်လည်း ဆရာတော်ကြီးက သက်တော် ၇၀ ကျော်တိုင်အောင် ပိဏ္ဍပါတ်ဓုတင်ကို ဝတ်မပျက် ဆောင်တော်မူခဲ့ပါတယ်။ နေပူ မိုးရွာ ဖိနပ်မစီး၊ ထီးမဆောင်း၊ သပိတ်တစ်လုံး၊ သက်န်းသုံးထည် တို့ကိုသာ အမြဲ ဆောင်တော်မူတယ်။

MA ဦးဇင်း ॥ ॥ သပိတ်တစ်လုံး၊ သက်န်းသုံးထည်နဲ့ နေတော်မူတာဆိုတော့ တိစီဝရိတ်ဓုတင်၊ ပံ့သကူဓုတင်တွေလည်း ဆောင်တော်မူတာပါလားဘုရား။

ဆရာတော် ॥ ॥ ဒါကို ဆုံးဖြတ်ဖို့ တော်တော်ခက်ခဲတယ်ဦးဇင်း။ အမြင်နဲ့ ဝေဖန်လို့ မရဘူး။ အခုလို ဖူးမြင်ရတာမို့လို့ ဆွမ်းဓုတင်၊ သက်န်းဓုတင်တွေ ဆောင်တော်မူတယ်လို့ပဲ မှန်းဆပြီး ကြည်ညိုရတာပါ။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ॥ ॥ စစ်ကိုင်းတောင်ရိုး အနောက်ပရက္ကမချောင်ဆရာတော်ကြီး အရှင်ဝဏ္ဏာစာရထေရ်ရှင်မြတ်ကလည်း ပိဏ္ဍပါတ်ဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်တော်မူပါတယ်။ ဘယ်အရပ်ကြွသည်ဖြစ်စေ သပိတ်လွယ်ပြီး ကြွတော်မူတယ်။ ရောက်ရာအရပ်မှာ ဆွမ်းခံပြီး ဘုဉ်းပေးတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မျက်စိထဲ ဖူးမြင်ပြီး ကြည်ညိုလျက်ပါဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီးရဲ့တူ ကုန်းသာကျောင်းဘုန်းကြီး ဦးသီရိဓမ္မက သပိတ်ကြီးလွယ်ပြီး ပရက္ကမဆရာတော်ကြီးဆီ ရောက်လာတယ်။ ဆရာတော်ကြီးက “သီရိဓမ္မ ရောက်တဲ့နေရာမှာ ဆွမ်းခံစားခဲ့သလား။ အခု စစ်ကိုင်းမှာ ဆွမ်းခံခဲ့သလားကွယ်”လို့ မေးတော်မူတယ်။

MA ဦးဇင်း ॥ ॥ ဦးသီရိဓမ္မက ဘယ်လို ဖြေတော်မူပါသလဲဘုရား။

ဆရာတော် ॥ ॥ “ဆွမ်းမခံခဲ့ပါဘုရား”လို့ ဖြေတယ်။ ဆရာတော်ကြီးက “ဒီလိုဆိုရင် ကိုယ်တော့်ဟာကကွယ် သပိတ်ကို တကယ်အားမကိုးသေးပါဘူး။ ကပ်မှဲ့သူ

---

၁။ (၅) နိသီဒနသန္ထတသိက္ခာပဒ၊ ကောသိယဝဂ်၊ ပါရာဇိကပါဠိ (နှာ-၃၃၆)

မရှိမှ အားကိုးမှာပါကွယ်။ သပိတ်ဆောင်မှတော့ တစ်ခါတလေမဟုတ်ဘဲ နေ့စဉ် ဆွမ်းခံနိုင်အောင် ကြိုးစားကွယ်။ သပိတ်ကြီးလွယ်ပြီး ကပ်တဲ့ဆွမ်း စားနေရင် သပိတ်ကြီး အားနာစရာကွယ်”တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် အခုလည်း ဆွမ်းခံနေပါတယ်။ နောင်လည်း ရာသက်ပန် ဆွမ်းခံနိုင်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓုပါဗျာ။ ဆွမ်းခံတဲ့ပုဂ္ဂိုလ်ဆိုတာ အကျင့်သီလ ပြည့်စုံရမယ်တဲ့။ သီလ မရှိဘဲ ဆွမ်းခံရင် ရှက်သလိုလို ကြောက်သလိုလို ဖြစ်တတ်တယ်တဲ့ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဆွမ်းခံသွားရင် ထီးဆောင်းခွင့် ရှိပါသလားဘုရား။

ဆရာတော် ။ ။ ဓူတင်ဆောင်ဆရာတော်များက နေပူမိုးရွာ ထီးဆောင်းတော် မမူကြပါဘူး။ ကျန်းမာရေး မကောင်းလွန်းရင်တော့ ထီးဆောင်းပြီး ဆွမ်းခံကြွတာ အပြစ် မရှိဘူးလို့ ဆရာတော်ကြီးတစ်ပါး ဆုံးဖြတ်ပေးတော်မူဖူးတယ်။

MA ဦးဇင်း ။ ။ တပည့်တော် အကျင့်သီလ ပြည့်စုံအောင်ဖြည့်ကျင့်ပြီး ဆွမ်းခံပါ့မယ်ဘုရား။ သို့သော် ဘုရားတပည့်တော် တွေးနေမိတာတစ်ခုက အာရညကင်ဓူတင် ဆောင်ပြီး တောမှာနေရင် အစားဆင်းရဲမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ တောသဘာဝ အစားအစာတွေက ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော်တွေးမိတာက မြို့မှာလို ဒံပေါက်ဆွမ်း၊ နတ်သုဒ္ဓါဆွမ်း၊ အုန်းနို့ ခေါက်ဆွဲဆွမ်း မဘုဉ်းရဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အဲသလို အဆီအစိမ့်များတဲ့ ဆွမ်းစားတဲ့နေ့က အစာမကြေ ရင်ပြည့်ရင်ကယ် ဖြစ်တဲ့နေ့၊ အစာကြေလျက်ဆား လျက်ရတဲ့နေ့၊ ခေါင်းမကြည်မလင်ဖြစ်ပြီး ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်တဲ့နေ့ပါပဲ ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

## အရိပ်အယောင်ပြပြီး ရလာသည့်ဆွမ်းကို ခံယူတော်မမူပါ

MA ဦးဇင်း ။ ။ နဘူးကျောင်းဆရာတော်ကြီးက တစ်ရွာတည်းကိုပဲ ဆွမ်းခံတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက အကြောင်းမညီညွတ်မှု တစ်စုံတစ်ရာ မပေါ်ပေါက်ရင် နွေလေးလလုံးဖြစ်စေ၊ မိုးလေးလလုံးဖြစ်စေ၊ ဆောင်းလေးလလုံးဖြစ်စေ အစဉ်အမြဲ တစ်ရွာတည်းကိုပဲ ဆွမ်းခံကြွတော်မူလေ့ရှိတယ်။

MA ဦးဇင်း ။ ။ အကြောင်း မညီညွတ်မှုဆိုတာ ဘာကိုဆိုလိုတာပါလဲဘုရား။

ဆရာတော် ။ ။ ဒါဆိုရင် ဖြစ်စဉ်တစ်ခုကို ပြောပြမှပဲ နားလည်မယ်ထင်တယ်။

MA ဦးဇင်း ။ ။ တင်ပါ။ ဖြစ်စဉ်နဲ့ဆိုရင် ပိုလို့ မှတ်မိလွယ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက တစ်ခုသောဝါပကာလမှာ ကျွန်းတက်ပဲ့ရွာကို မနက်တိုင်း ဆွမ်းခံကြွတော်မူခဲ့တယ်။

MA ဦးဇင်း ။ ။ မဟာမြိုင်တောရရဲ့ အနောက်တောင်ဘက်က ရွာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ နေ့တိုင်း ဆွမ်းခံလာခဲ့တာ အဲဒီတစ်ရက်က အိမ်စဉ်ရပ်သော်လည်း ဆွမ်းထွက်လောင်းမဲ့သူ မရှိဘူးတဲ့။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ လွန်ခဲ့တဲ့ညက ရွာမှာ ရုံဝင်ခမယူဘဲ ညလုံးပေါက် ဗီဒီယိုပြသတဲ့။ ပွဲကြိုက်တဲ့ ဆွမ်းဒကာ၊ ဒကာမတွေက မိုးအလင်းရုပ်ရှင်ကြည့်ပြီး အိပ်မောကျသွားတာ ဆွမ်းမချက်ဖြစ်တော့ဘူး ဦးဇင်း။ ဆွမ်းမပါတဲ့သပိတ်နဲ့ ရွာကထွက်လာတော့မှ ရွာအစွန်အဖျားအိမ်က ဒါကာမတစ်ယောက်က ဆွမ်းလောင်းဖို့ ထွက်လာသတဲ့။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက "ဆွမ်းက ပန်းကန်လုံးလေးတစ်လုံးတော့ လာလောင်းနေပြီ၊ ဒါပေမဲ့ ရှေ့ဆက်ရဖို့ရာလည်း အိမ်မရှိတော့ဘူး။ တောထဲကို ဝင်ရတော့မှာမို့ သပိတ်ဖွင့်မပေးခဲ့ဘူး" လို့ မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ကျောင်းကနေ ရေကျင်းပြီး ယူသွားတဲ့ သပိတ်နဲ့ပဲ ကျောင်းပြန်ကြွလာတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်ကြီး ရေပဲဘုဉ်းပေးတော်မူတာကို သပိတ်ဆေးဖို့ ရောက်လာတဲ့ကပ္ပိယ ဦးသန်းမောင်က သိသွားတယ်။ ဒါနဲ့ နောက်နေ့မနက် လဲဘူးဆရာတော်ကြီးကို "အရှင်ဘုရား ဘယ်ရွာကို ဆွမ်းခံကြွပါသလဲ" လို့မေးတော်မူတယ်။ လဲဘူးဆရာတော်က "တပည့်တော်ကြာပင်ရွာကို ကြွပါတယ်ဘုရား" လို့ လျှောက်တယ်။ နဘူးကျင်းဆရာတော်ကြီးက "ဒါဆိုရင် တပည့်တော် ကြာပင်ရွာကို ဆွမ်းခံလိုက်ဦးမယ်ဘုရား"လို့ မိန့်တော်မူတယ်။

MA ဦးဇင်း ။ ။ ကျွန်းတက်ပဲ့ရွာက ဆွမ်းမရလို့ ကြာပင်ရွာကို ကြွတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ နဘူးကျင်းဆရာတော်ကြီးက ဒီရွာဆွမ်းမရလို့တော့ တခြားတစ်ရွာကို ဘယ်သောအခါမှာမှ ကြွမှာမဟုတ်ပါဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဘာကြောင့် ဆွမ်းခံရွာ ပြောင်းတာပါလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်မိန့်တော်မူတာက "ဘုန်းကြီး ဆွမ်းမရတာကို ကပ္ပိယက သိသွားတယ်။ ဒါကြောင့် သူ့ရွာမှာပြောလိမ့်မယ်ဘုရား။ ဒီကနေ့မနက် ဒကာ ဒကာမတွေက မွန်မွန်မြတ်မြတ် ပြင်ဆင်ချက်ပြုတ်ပြီး လောင်းလိမ့်မယ်" လို့ မိန့်တော်မူပြီး ကြွမြဲရွာကို မကြွဘဲ ဆွမ်းခံရွာ ပြောင်းတော်မူတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အရိပ်အယောင်ပြပြီး ရလာမဲ့ဆွမ်းကို မခံယူလိုတဲ့အတွက် ကြာပင်ရွာကို ကြွတော်မူတာသိရလို့ နဘူးကျင်းဆရာတော်ကြီး ခြေတော်အစုံကို ရှိခိုးဦးတင်ပါတယ်ဘုရား။

## သူဆင်းရဲတို့၏ အံ့ဖွယ်သဒ္ဓါတရား

MA ဦးဇင်း ။ ။ တပည့်တော်လည်း တစ်နေ့နေ့ ဓူတင်ကျင့်ပါမယ်ဘုရား။ ဒါကြောင့် တောရ အတွေ့အကြုံတွေကို များများသိချင်နေတာပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပြောပြမယ်နော်။ တောဆိုပြီးတော့ အစစအရာရာ ရှားပါးမယ်တော့ မထင်ပါနဲ့ ဦးဇင်း။ မိမိရဲ့ သီလကို ဖြူစင်နေအောင်သာ ဖြည့်ကျင့်ပါလေ၊ သူ့အလိုလိုပြောရလောက်အောင် ပြည့်စုံလာတတ်ပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သတိရတာလေး ပြောပြဦးမယ်။ တစ်ခါက ဆွမ်းခံပြီး အပြန်လမ်း တစ်ဝက်လောက်က ကုက္ကိုလ်ပင်ကြီးအောက်မှာ ဒကာမကြီးတစ်ယောက် စျေးတောင်းဘေးနားချပြီး စောင့်နေတယ်။ သူစျေးအပြန်မှာ ဝယ်လာတဲ့ မလိုင်မုန့်ကို ဘုန်းကြီးသပိတ်ထဲ လောင်းတယ်။ ပြီးတော့ "တပည့်တော် အိမ်ရောက်လို့ ကလေးတွေ ဒီမုန့်တွေ့သွားရင် ဦးဇင်းကို မလှူလိုက်ရဘဲ ဖြစ်တော့မှာ၊ တပည့်တော် လက်ထဲရှိတဲ့ ပိုက်ဆံကလည်း ဒီမုန့်တစ်ထုပ်ပဲ ဝယ်နိုင်လို့ပါဘုရား"လို့ လျှောက်တယ်။ မွန်မွန်မြတ်မြတ်လှူလိုက်ရလို့ သူမျက်နှာ ပြုံးရွှင်နေရှာသော်လည်း လယ်သူမကြီးရဲ့ ညိုကွက်နေတဲ့ပါးပြင်မှာ ချွေးတွေ စီးကျနေတယ်။

MA ဦးဇင်း ။ ။ သားသမီးမြေးတွေကိုတောင် မကျွေးဘဲလှူဒါန်းရက်တာ အံ့သြစရာပါဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ရဟန်းသီလ စင်ကြယ်ရုံတင်မကဘူး ဘာဝနာကမ္မဋ္ဌာန်းလက်ကိုင်ပြုပြီး စင်ကြယ်တဲ့စိတ်နဲ့ တောသူတောင်သားတို့ရဲ့ မွန်မြတ်တဲ့အလှူကို ခံယူပေးခြင်းအားဖြင့် သူတို့ကို ချီးမြှောက်ရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ သီလမစင်ကြယ်ဘဲ ဆင်းရဲတဲ့ တောသူတောင်သားတို့ရဲ့ ရှားပါးတဲ့ အလှူကို မခံဝံ့အောင်ပါပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ ဒါကြောင့် တောမှာ သီလပြည့်စုံအောင်ကျင့်ပါ၊ စိတ်စင်ကြယ်အောင်ကျင့်ပါ လိုတာအားလုံး ပြည့်စုံနိုင်ပါတယ်ဘုရား။

## ပိဏ္ဍပါတ်ဓူတင် ပျက်နိုင်သည့်အကြောင်း

MA ဦးဇင်း ။ ။ ပိဏ္ဍပါတ်ဓူတင် ဆောင်ထားတဲ့ရဟန်းအတွက် ဘယ်လိုအခြေအနေမှာ ဓူတင်ပျက်ပါသလဲဘုရား။ တပည့်တော် လျှောက်ထားလိုတာက အာရညကင်ဓူတင်ဆောင်ရဟန်းက တောရအင်္ဂါနဲ့ မပြည့်စုံတဲ့နေရာမှာ အရုဏ်တက်ချိန်အထိနေမိရင် အာရညကင်ဓူတင် ပျက်တယ်ဆိုတာမျိုး ဒီမှာလည်း ဘယ်လို အခြေအနေဆိုရင် ပိဏ္ဍပါတ်ဓူတင် ပျက်တတ်သလဲဆိုတာကို မေးလျှောက်လိုတာပါဘုရား။

ဆရာတော် ။ ။ ဓူတင်ကို စိတ်ဝင်စားတဲ့ အရှင်ဘုရားတို့လို ပုဂ္ဂိုလ်အနေနဲ့ ဒါသိဖို့လိုပါတယ်။ ပိဏ္ဍပါတ်ဓူတင် ပျက်နိုင်တဲ့အကြောင်းက အတော်များတယ်။

MA ဦးဇင်း ။ ။ များသလောက် အားလုံးကို သိပါရစေဘုရား။

ဆရာတော် ။ ။ သံဃဘတ် အစရှိတဲ့ ၁၄ ပါးသော ဘတ်တို့က ပိဏ္ဍပါတ်ဓူတင်ကို ပျက်စေနိုင်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ သံဃဘတ်ရဲ့ အဓိပ္ပာယ် မသိပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ပါဠိစကားမှာ ထမင်းကို ဘတ္တလို့ခေါ်တယ်။ ပါဠိကို မြန်မာမှုပြုလိုက်တော့ 'ဘတ်' ဖြစ်သွားတယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ ဒါဆိုရင် 'ဘတ်'ဆိုတာ ထမင်းလို့ နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ပိဏ္ဍပါတ်ဓူတင် ပျက်နိုင်တဲ့ကိစ္စ ဆက်ကြရအောင်။ပိဏ္ဍပါတ်ဓူတင်ဆောင်တဲ့ ရဟန်းက အခုပြောမဲ့ ၁၄ ပါးသော 'ဘတ်'တို့ကို မသာယာရဘူး။ တစ်နည်းပြောရရင် လက်မခံရဘူး။

MA ဦးဇင်း ။ ။ ၁၄ ပါးက ဘာတွေပါလဲဘုရား။

ဆရာတော် ။ ။ စာလိုပဲ ပြောပြမယ်နော်။ (၁) သံဃာအားလုံးအား လှူသော သံဃဘတ်၊ (၂) သံဃာ့ထံမှ ညွှန်ကြားစေ၍ လှူသော ဥဒ္ဒေသဘတ် (၃) ပင့်ဖိတ်၍ လှူအပ်သော နိမန္တနဘတ် (၄) စာရေးတံ မဲချ၍ လှူသော သလာကဘတ်၊ (၅) လဆန်းလဆုတ် တပက္ခ၌ တစ်ကြိမ်လှူသော ပက္ခိကဘတ်၊ (၆) လပြည့် လကွယ် ဥပုသ်နေ့၌လှူသော ဥပေါသထိကဘတ်၊ (၇) လဆန်းတစ်ရက် လဆုတ်တစ်ရက်နေ့၌ လှူသော ပါဋိပဒိကဘတ်၊ (၈) အာဂန္တု ရဟန်းတို့ကို ရည်၍လှူသော အာဂန္တုကဘတ်၊ (၉) ခရီးသွားရဟန်းတို့ကို ရည်၍လှူသော ဂမိကဘတ်၊ (၁၀) သူနာရဟန်းတို့ကို ရည်၍ လှူသော ဂိလာနဘတ်၊ (၁၁) သူနာပြုသူကို ရည်၍လှူသော ဂိလာနုပဋ္ဌာကဘတ်၊ (၁၂) ကျောင်းကို ရည်၍ လှူသော ဝိဟာရဘတ်၊ (၁၃) ဆွမ်းခံဝင်ရာ အဦးအစ အိမ်၌ပင်လျှင် တည်ထား၍လှူသော ဓုရဘတ်နဲ့ (၁၄) အလှည့်ကျဖြင့် လှူဒါန်းသော ဝါရကဘတ်တို့ကို ခံယူမိရင် ဓူတင်ပျက်ပါတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ ဘယ်လိုအကြောင်းတွေကြောင့် ဓူတင်ပျက်တတ်ပါသလဲဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာက အသုံးအနှုန်းကြောင့်ပါ ဦးဇင်း။ မဇ္ဈိမဒေသ ယဉ်ကျေးမှုအရ ဘတ္တဆိုတဲ့ အသုံးအနှုန်းက ဗန်းစကား slang usage လို ဖြစ်နေတယ်။ ဒါကြောင့် ယဉ်ကျေးတဲ့ ပညာရှိ အဝန်းအဝိုင်းမှာ အခုလို မသုံးနှုန်းကြဘူး။ ဒါကြောင့် ဒီလို အသုံးအနှုန်းမျိုးနဲ့ ရဟန်းသံဃာတော်များကို မပင့်ဖိတ်ရဘူး။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဘယ်လို အသုံးအနှုန်းဆိုရင် ယဉ်ကျေးပြီး အပ်စပ်ပါသလဲဘုရား။

---

၁။ (၃) ပိဏ္ဍပါတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၆၃)

* (၃၂၅)၊ သံဃဘတ္တာဒိအနုဇာနနကထာ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂအဋ္ဌကထာ (နှာ-၈၈)

ဆရာတော် ။ ။ ဘတ္တ = 'ဘတ်'ဆိုတဲ့ အသုံးထက် ဘိက္ခဆိုတဲ့အသုံးက ပိုပြီး ဆီလျော်ပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပိဏ္ဍပါတ်ဓုတင်ဆောင်တဲ့ ရဟန်းအနေနဲ့ 'သံဃဘတ်ကို ခံယူတော်မူပါဘုရား' တစ်နည်းပြောရရင် 'ထမင်း အလှူခံတော်မူပါဘုရား' ဆိုရင် မအပ်ဘူးနော် 'ဆွမ်းအလှူခံတော်မူပါဘုရား' ဆိုရင် အပ်စပ်ပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလို လျှောက်ထားလို့ ဆွမ်းအလှူခံရင် ဓုတင်အတွက် အနှောင့်အယှက် မရှိတော့ဘူးလားဘုရား။

ဆရာတော် ။ ။ 'ဆွမ်းခံကြွတော်မူပါ'၊ 'ဆွမ်းအလှူခံတော်မူပါ' စတဲ့ ဆွမ်းဆိုတဲ့ ဝေါဟာရ အသုံးက အပ်စပ်ပါတယ်။

MA ဦးဇင်း ။ ။ ကျောင်းဝင်းထဲမှာပဲ ဆွမ်း၊ ဆွမ်းဟင်းတွေ ချက်လောင်းရင်လည်း အပ်စပ်ပါသလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး ချက်ကပ်တာ မဟုတ်ဘူးလေ။ ဒါယကာ၊ ဒါယိကာမတွေက ကျောင်းဝင်းထဲမှာချက်ပြီး အပ်စပ်အောင် လျှောက်ထားမယ်ဆိုရင် ကပ်လို့ရပါတယ်။ ဆွမ်းဓုတင် ၅ ပါးကို ဆောင်တော်မူတဲ့ ဆရာတော်ကြီးများက ကျောင်းဝင်းထဲမှာ ဆွမ်းကိုမခံယူတော့ဘဲ ကျောင်းဝင်းရဲ့ အပြင်ဘက်ထွက်ပြီး သပိတ်နဲ့ အလှူခံတော်မူလေ့ ရှိပါတယ်။

MA ဦးဇင်း ။ ။ ကျောင်းဝင်းအပြင်ထွက်ပြီး သပိတ်နဲ့ ဆွမ်းခံမှသာ ဆွမ်းဓုတင် မပျက်တာပါလားဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ အာစရိယဝါဒကို ပြောရမယ် ထင်ပါတယ်။

MA ဦးဇင်း ။ ။ အာစရိယဝါဒလည်း ဘုရားတပည့်တော် မှတ်သားထားချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ "ပိဏ္ဍပါတ်ဓုတင်ကိုဆောင်ပြီး ဆွမ်းခံစားမဲ့ရဟန်းက ကျောင်းဝိုင်းထဲမှာ သပိတ်ဖွင့်ပြီး ဆွမ်းခံနေမဲ့အစား ကျောင်းဝင်းအပြင်ဘက်လေးထွက်ပြီးတော့ ဆွမ်းခံလိုက်တာပေါ့ဘုရား' လို့ ကျေးဇူးရှင် နဘူးကျင်းဆရာတော်ကြီး မိန့်တော်မူဖူးတယ်။ ဆရာတော်ကြီးကိုယ်တိုင်လည်း အခုလိုပဲ ကျင့်သုံးတော်မူသွားပါတယ်။

MA ဦးဇင်း ။ ။ ကျောင်းဝင်းထဲ ဆွမ်းခံရင် ဆွမ်းဓုတင် ပျက်ပါသလားဘုရား။

ဆရာတော် ။ ။ မပျက်ပါဘူး။ ဒီမှာနားထောင်ကြည့်လေ။ ပိဏ္ဍပါတ်ဓုတင်ကို ဥက္ကဋ္ဌ ဆောင်တော်မူတဲ့ ရဟန်းကို "ဒီတစ်နေ့ တပည့်တော် ကျောင်းကို ဆွမ်း လာပို့ပါမယ်" လို့ လျှောက်ထားပြီးတော့ ရောက်လာတဲ့ဆွမ်း လုံးဝ လက်မခံရပါဘူး။ မဇ္ဈိမပုဂ္ဂိုလ်က တစ်ရက်ပို့တဲ့ဆွမ်းကို လက်ခံနိုင်တယ်။ မုဒုပုဂ္ဂိုလ်က နှစ်ရက်အထိ ပို့လာတဲ့ဆွမ်းကို လက်ခံခွင့် ရှိပါတယ်။[၁]

---

၁။ (၂၆) ပိဏ္ဍပါတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၆၃)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မှတ်သားစရာ ကောင်းလှပါတယ်။

ဆရာတော် ။ ။ ပြီးတော့ ဆွမ်းဓုတင်တစ်ပါးဖြစ်တဲ့ သပဒါနစာရိကဓုတင် ဥက္ကဋ္ဌပုဂ္ဂိုလ်က ကျောင်းကို ပို့လာတဲ့ဆွမ်းကို လုံးဝလက်မခံရဘူး ဦးဇင်း။ မဇ္ဈိမပုဂ္ဂိုလ်ကလည်း ကျောင်းကိုပို့လာတဲ့ ဆွမ်းကို လက်မခံရပါဘုရား။

MA ဦးဇင်း ။ ။ မုဒုပုဂ္ဂိုလ်အတွက်တော့ ရပါသလားဘုရား။

ဆရာတော် ။ ။ မုဒုပုဂ္ဂိုလ်အတွက် တစ်ရက်ပို့တဲ့ဆွမ်းကို လက်ခံခွင့် ရှိပါတယ်။[၁]

MA ဦးဇင်း ။ ။ အိမ်က ချက်လာတာဖြစ်စေ၊ ကျောင်းဝင်းထဲမှာပဲ ချက်တာဖြစ်စေ၊ ဆိုင်ကနေကပ်လာတာဖြစ်စေ ရပါသလားဘုရား။

ဆရာတော် ။ ။ အပြစ်မရှိပါဘူး ဦးဇင်း။ ဘာ့ကြောင့်လဲဆိုရင် ဒီနေ့ခေတ်မှာ သပိတ်ထဲထမင်းလောင်းမယ်လို့ မပြောဆိုကြပါဘူး။ ဆွမ်းလောင်းမယ်၊ ဆွမ်းခံကြွတော်မူပါ။ ဆွမ်းခံတယ်လို့ပဲ သုံးနှုန်းတဲ့အတွက် ဓုတင်အတွက် အထူးအနှောင့်အယှက်ဖြစ်စရာ မရှိပါဘူး။

MA ဦးဇင်း ။ ။ တပည့်တော် တစ်ခုတွေးမိတာက ပိဏ္ဍပါတ်ဓုတင်ဆောင်ထားတဲ့ ရဟန်းတစ်ပါးက ခရီးသွားစရာရှိနေလို့ အိမ်စဉ်ဆွမ်းမခံတော့ဘဲ မိဘဆွေမျိုးအိမ်မှာဝင်ပြီး သပိတ်နဲ့ ဆွမ်းအကပ်ခံပြီး ဘုဉ်းပေးလို့ရှိရင် ဓုတင်ပျက်ပါသလားဘုရား။

ဆရာတော် ။ ။ ပိဏ္ဍပါတ်ဓုတင် မပျက်ပါဘူး။ သို့သော် ဆွမ်းကောင်း ဟင်းကောင်း ဘုဉ်းပေးရအောင်လို့ မိဘဆွေမျိုးအိမ် ဝင်တာဆိုရင်တော့ သပဒါနစာရိကဓုတင် ပျက်တယ်။ မနက် ခရီးမထွက်ခင် ဆွမ်းတစ်ထပ်စားခဲ့ပြီး ဖြစ်ပေမဲ့ လမ်းမှာ မိဘဆွေမျိုးအိမ်ဝင်ပြီး ဒုတိယအကြိမ် စားမယ်ဆိုရင်တော့ ဧကာသနိက်ဓုတင် ပျက်တယ်ဦးဇင်း။

## ဝိနည်းနှင့် တွဲကျင့်ရသည်

MA ဦးဇင်း ။ ။ ရဟန်းတစ်ပါးပါး ဆွမ်းလောင်းရင် ဘယ်လိုများ ဖြစ်တတ်လို့ပါလဲဘုရား။

ဆရာတော် ။ ။ ဇရပ်မှာ လာလောင်းတဲ့ရဟန်းက သူကိုယ်တိုင်အကပ်မခံဘဲ ယူလာခဲ့တဲ့ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ ဖြစ်ခဲ့မယ်ဆိုရင်၊ ဒါမှမဟုတ် ဆွေမျိုးလည်းမတော်၊ ပစ္စည်းလေးပါးလည်း ဖိတ်ကြားမထားတဲ့သူဆီက တောင်းရမ်းပြီး လာလှူတဲ့ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ ဖြစ်ခဲ့မယ်ဆိုရင်တော့ အာပတ်သင့်နိုင်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မှတ်သားထားပါ့မယ်ဘုရား။ ဖြစ်ခဲ့ဖူးတဲ့သာဓကများ ရှိရင် သိပါရစေဘုရား။

---

၁။ (၂၇) သပဒါနစာရိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၆၅)

ဆရာတော် ॥ ॥ သာဓကဆိုလို့ နဘူးကျင်းဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်က ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တစ်ခုတော့ သတိရတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ နည်းယူနိုင်ဖို့အတွက် ဖြစ်စဉ်အသေးစိတ်ကို သိပါရစေဘုရား။

ဆရာတော် ॥ ॥ ဝါတွင်းကာလတစ်ရက်မှာ ထန်းတပင်တောရကျောင်းရှေ့မှာရှိတဲ့ သရက်ပင်ကြီးအောက်က ဇရပ်မှာ ဒကာ ဒကာမတွေက ဆွမ်းလောင်းဖို့ ပြင်ဆင်နေကြတယ်။ အဲဒီအချိန်မှာ ဒကာတစ်ယောက်က ဆရာတော်ကြီးရဲ့ သပိတ်ကို ယူပြီးတော့မှ သပိတ်ထဲ ဆွမ်း၊ ဆွမ်းဟင်းတွေ လောင်းထည့်ပြီး ဆရာတော်ကြီး လက်ထဲကို ကပ်ဖို့ပါပဲ။ အဲဒီ အချိန်အခိုက်ကလေးမှာ အခြေအနေတစ်ခု ရုတ်တရက် အပြောင်းအလဲ ဖြစ်သွားတယ်။

MA ဦးဇင်း ॥ ॥ ဘယ်လိုမျိုး အပြောင်းအလဲ ဖြစ်တာပါလဲဘုရား။

ဆရာတော် ॥ ॥ ကင်ဆာရောဂါဖြစ်နေရှာတဲ့ ဓမ္မာစရိယအောင် ဂိလာနရဟန်းတစ်ပါးက ဆရာတော်ကြီးကို ဖူးမြင်ချင်လို့ဆိုပြီး ဆွမ်းလောင်းမဲ့ ပရိသတ်ထဲမှာ ပါလာတယ်။ သူက ဆရာတော်ကြီးကို ကြည်ညိုရှာလို့ ဆွမ်းတွေနဲ့ပြည့်နေတဲ့သပိတ်ကို ဆွမ်းလောင်းစင်ကနေယူပြီး ဆရာတော်ကြီးလက်ထဲ ရိုရို သေသေ သွားကပ်လိုက်ပါတယ်။

MA ဦးဇင်း ॥ ॥ အဲဒီရဟန်းလက်ထဲကို ဘယ်သူက သပိတ်ကပ်လိုက်သလဲဘုရား။

ဆရာတော် ॥ ॥ အာဂန္တုရဟန်းလက်ထဲကို ဘယ်သူမှ သပိတ်မကပ်ရသေးဘူး။ ဒကာ၊ ဒကာမတွေက ဆွမ်းသပိတ် ပြင်ပြီးခါလေးပဲရှိသေးတယ်။ အဲဒီအချိန်မှာ သူက သပိတ်ယူပြီး ဆရာတော်ကြီးလက်ထဲ သွားကပ်လိုက်တာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မကပ်ကောင်းဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒကာ ဒကာမတွေက ရဟန်းလက်ထဲ မကပ်ရသေးတဲ့ အာမိသဆွမ်းကို ရဟန်းက လက်နဲ့တောင် မထိကောင်းပါဘူး။

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော် အဲဒါစဉ်းစားနေတာပါဘုရား။

ဆရာတော် ॥ ॥ အကယ်၍ ရဟန်းတစ်ပါးပါးက ထိမိရင် အဲဒီရဟန်းက မဘုဉ်းပေးရဘူး။ ထိရုံမကလို့ နေရာပါရွှေ့သွားပြီဆိုရင် ဘယ်သံဃာမှ မဘုဉ်းပေးကောင်းတော့ဘူးနော်။[၁] ဒါကဝိနည်းနော်ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဂိလာနဦးဇင်းက သပိတ်ကိုမပြီးတော့မှ ဆရာတော်ကြီးလက်ထဲကို လှူလိုက်တာဆိုတော့ ဆွမ်းသပိတ်နေရာ ရွှေ့သွားပါပြီဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ရွှေ့သွားပြီ။ ဒါကြောင့် ဆရာတော်ကြီးက "ဦးဇင်း ဒီသပိတ် အကပ်ခံပြီးပြီလား"လို့ မေးတော်မူတယ်။ ပရိသတ်အားလုံးက ဘာဖြေရမယ်မှန်း မသိတော့ဘဲ မှင်တက်မိနေတုန်းမှာ နားလည်တဲ့ ဒကာတစ်ယောက်က "မကပ်ရသေးပါဘုရား" လို့ ဖြေလိုက်တယ်။

---

၁။ (၂၆၇)၊ ဒန္တပေါဏသိက္ခာပုဒ်၊ ဘောဇနဝဂ်၊ ပါစိတ္တိယပါဠိ။ (နှာ-၁၂၁)

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီးက ဘာများ ဆက်မိန့်တော်မူသလဲဘုရား။

ဆရာတော် ॥ ॥ ဒီဆွမ်းတွေက ဘုရားဥပဒေအရ မအပ်စပ်တော့ဘူးလေ။ ဒါကြောင့် ဆရာတော်ကြီးက သပိတ်ကို မယူပြီးတော့ နှုတ်ခမ်းကကိုင်ပြီး ပရိသတ်ရှေ့မှာပဲ မြေကြီးပေါ် သွန်ချတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ မြင်ရ ကြားရသူအားလုံး စိတ်မကောင်းစရာပါပဲဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ နောက်ကာလ အတော်ကြီးကြာမှ ဆရာတော်ကြီးက "အကပ်မခံထားတဲ့ ဆွမ်းသပိတ်ကို ယူလာပြီး ဒီဘုန်းကြီးလက်ထဲကို ထည့်တဲ့ ကိုယ်တော်က ဝိနည်းစာတွေ သင်ထားပြီးသား၊ ဓမ္မာစရိယအောင်ထားပြီးသားလို့ သိရတယ်။ ဒါကြောင့် နောက်နောင် အားလုံး မှတ်မှတ်သားသား ဖြစ်စေဖို့ အားလုံးရှေ့မှာ သပိတ်နှုတ်ခမ်းကိုကိုင်ပြီး ဆွမ်းကို သွန်လိုက်တာပါ" လို့ မိန့်တော်မူတာ မှတ်မိနေသေးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ အဲဒီနေ့ ဆရာတော်ကြီး ဘာများ ဘုဉ်းပေးတော်မူပါသလဲဘုရား။

ဆရာတော် ॥ ॥ နေ့စဉ်ဆွမ်းခံပြီး တစ်ထပ်ပဲ ဘုန်းပေးတော်မူလေ့ရှိတာမို့လို့ အဲဒီတစ်နေ့ ရေ ဘုဉ်းပေးတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ ဆွမ်းဓုတင်ငါးပါး ဆောင်တော်မူပါသလားဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီးက ဘယ်ဓုတင်တွေ ဆောင်ပါတယ်လို့တော့ တစ်ခါမှ မိန့်တော်မမူခဲ့ဖူးဘူး ဦးဇင်း။ သို့သော် ဓုတင်များစွာကို အမြတ်ဆုံးဥက္ကဋ္ဌအဖြစ် ဆောင်တော်မူနေတယ်ဆိုတာ ဆရာတော်ကြီးကို တပည့်များက အနီး၊ အဝေး အကဲခတ်ခြင်းဖြင့်လည်း သိရတယ်။ ဓုတင်ဆိုင်ရာ ခဲရာ၊ ခဲဆစ်များကို မေးမြန်းလျှောက်ထားတိုင်း မေးခွန်းရှင်ကျေနပ်သည့်အထိ ဖြေကြားပေးတော်မူနေခြင်းကြောင့်လည်း ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ သာသနာတော်မှာ ဓုတင်ကို ကြောင်လက်သည်းဝှက်သလို ကျင့်တော်မူတဲ့ သံဃာတော်များအကြောင်း အခုလိုသိခွင့်ရလို့ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

## တရားဟောရာ၌ အချိန်အခါကို ကြည့်ရမည်

MA ဦးဇင်း ॥ ॥ တောရဆောက်တည်နေတဲ့ ရဟန်းတော်များ တရားဟောတော်မူလေ့ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရဟန်းက တရားဟောပေးဖို့ကြုံရင် ဟောပေးရပါတယ်။ အပြစ်မရှိပါဘူး။ သို့သော် အချိန်အခါတော့ ကြည့်တတ်ရပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘယ်လိုအချိန်အခါများပါလဲဘုရား။

ဆရာတော် ॥ ॥ ဘယ်လိုအချိန်အခါလဲဆိုတာကို ဖြေဖို့ရာ အဖြစ်အပျက်တစ်ခုကို သာဓကပြုပြီး ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးတို့ရဲ့သီတင်းသုံးဖော် ဆရာတော်တစ်ပါးက စကားပြောတာ ဝါသနာပါတယ်။ သမဏဝေါဟာရနဲ့ပြောရင် တရားဟောရတာကို ဝါသနာပါတယ်။ လူတွေ့ရင် တရားဟောတယ်။ ဘုန်းကြီးတွေ့ရင်လည်း တရားဟောတာပဲ။ တစ်စုံတစ်ယောက်ယောက်မတွေ့ရင် ကျောင်းထဲအထိ ကြွလာပြီးတော့ တရားဟောလေ့ရှိတယ်။

MA ဦးဇင်း ။ ။ တောရဆောက်တည်ပြီး အခုလိုဟောနေတာ အပြစ်ရှိလို့လားဘုရား။

ဆရာတော် ။ ။ အပြစ်တော့မရှိပါဘူး။ ဒါပေမဲ့ အပြစ်ဖြစ်သွားတယ်။

MA ဦးဇင်း ။ ။ အပြစ်မရှိဘဲ ဘယ်လိုကြောင့်များ အပြစ်ဖြစ်သွားတာပါလဲဘုရား။

ဆရာတော် ။ ။ ဖြစ်ပုံက ဒီလိုပါ ဦးဇင်း။ တစ်နေ့ ရွာထဲ ဆွမ်းခံကြွတော်မူတယ်။ အကြော်သည် ဒကာမကြီးတစ်ယာက်က တောရဆောက်တည်တော်မူတဲ့ ဆရာတော်ကို ကြည်ညိုလို့ အကြော်တဲထဲကနေ ထွက်လာပြီး အကြော်ဆွမ်းလောင်းတယ်။ ပြီးတော့ ဦးချပြီး ပြန်မယ်လုပ်တော့ ဆရာတော်က တရားဟောတော်မူ နေတာနဲ့ မီးဖိုပေါ်ကအကြော်တွေ မီးတူးကုန်ပါရောဗျာ။

MA ဦးဇင်း ။ ။ မှန်ပါ။ အချိန်အခါကိုကြည့်ပြီး တရားဟောရမယ်ဆိုတာကို သဘောပေါက်ပါပြီဘုရား။

ဆရာတော် ။ ။ အချိန်အခါမကြည့်မိရင် ဒကာ၊ ဒကာမတို့ရဲ့ သဒ္ဓါတရားတွေ ပျက်သွားတတ်ပါတယ်။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

## အရှင်ဒေဝဒတ်၏ အပြစ်မကင်းသည့် တောင်းဆု

MA ဦးဇင်း ။ ။ သာသနာတော်မှာ အရှင်မဟာကဿပက ဓူတင်အရာ ထိပ်တန်းလို့ ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အရှင်ဒေဝဒတ်လည်း ဓူတင်ဆိုင်ရာ ဘုရားရှင်ထံပါး တောင်းဆုပြုတာ ရှိတယ်လို့ ဖတ်ဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ အရှင်မဟာကဿပက ဓူတင်ကို အမြတ်တနိုးဖြင့် ရာသက်ပန် ဆောင်တော်မူခဲ့တာ ဦးဇင်း။ အရှင်ဒေဝဒတ်ကျတော့ အကြံဆိုးကြီးနဲ့ ဘုရားရှင်ထံတော်ပါး တောင်းဆုပန်တာပါ။

MA ဦးဇင်း ။ ။ ဘယ်လိုအကြံဆိုးနဲ့ ဘယ်လိုဆုများကို ပန်ဆင်ခဲ့တာပါလဲဆိုတာ အသေးစိတ် သိပါရစေဘုရား။

ဆရာတော် ။ ။ အသေးစိတ်ကြီး မဟုတ်သော်လည်း သိသင့်သလောက်ထဲက လိုအပ်သလောက် ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ သိသင့်သလောက်ကိုလည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဘုရားဖြစ်တော်မူပြီး နောက်နှစ်မှာ သာကီဝင်မင်းသား ၆ ပါး ဘုရားရှင်နောက်လိုက်လာပြီး ရဟန်းပြုကြတယ်။ ဘယ်သူတွေလဲဆိုရင် ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဗဂု၊ ကိမိလ နဲ့ ဒေဝဒတ္တ တို့ ဖြစ်ကြတယ်။ သူတို့နဲ့အတူ ဆတ္တာသည် ဥပါလိလည်း ပါသေးတယ်။ ရဟန်းဖြစ်ပြီးနောက် အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဗဂုနဲ့ အရှင်ကိမိလတို့ ၄ ပါး ရဟန္တာ ဖြစ်တော်မူကြတယ်။ အရှင်အာနန္ဒာက သောတာပန်မှာပဲတင်နေပြီး အရှင်ဒေဝဒတ်ကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုမရဘဲ အဘိညာဉ်တစ်မျိုးပဲရတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ အရှင်ဒေဝဒတ်က ဘာတရားထူးမှ မရတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သာသနာတော်မှာ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ကို ဘုရားရှင်က အဂ္ဂသာဝကအရာ အပ်နှင်းတော်မူတော့ မင်းမျိုးကိုမခန့်ဘဲ၊ ပုဏ္ဏားမျိုးကို ခန့်လို့ဆိုပြီး အရှင်ဒေဝဒတ် ပြဿနာရှာဖူးတယ်။ နောက်ပိုင်းကျတော့ ဘုရားထံပါးက သံဃာထုကို သူ့ဆီအပ်ထားပြီး အေးအေးဆေးဆေး သမာပတ်ဝင်စားပြီးနေတော်မူဖို့ သူကလျှောက်သေးတယ်။

MA ဦးဇင်း ။ ။ ဘုရားပင်ပန်းမှာစိုးရိမ်လို့ လျှောက်တာပါလားဘုရား။

ဆရာတော် ။ ။ အခုလိုစိတ်ကောင်းနဲ့ လျှောက်ထားတာမဟုတ်ပါဘူး။ သူက ဘုရားလုပ်ချင်နေတာမို့ သဘောဆိုးနဲ့ လျှောက်တာပါ။ ဘုရားရှင် လက်ခံတော်မမူပါဘူး။ ဒါကြောင့် သူက ဓုတင်အကြောင်းအရာပါတဲ့တောင်းဆု ၅ ပါးကို တောင်းပြန်တယ်။

MA ဦးဇင်း ။ ။ ဓုတင်အကြောင်းအရာပါနေလို့ အဲဒီ ၅ ပါးကို သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပြီ။ စာထဲကအတိုင်း ပြောပြမယ်နော်။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ် တောင်းပန်ပါ၏။

(၁) ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်းနေကြပါစေ။ ရွာနီးကျောင်းသို့ တက်ရောက်နေထိုင်သော ရဟန်းအား အပြစ်ရောက်ပါစေ။

(၂) ရဟန်းအားလုံး အသက်ထက်ဆုံး ပိဏ္ဍပါတ်ဓုတင်ဆောင်ချည်း ဖြစ်ကြပါစေ (ဆွမ်းခံ၍ချည်း စားကြပါစေ)။ ဒါယကာတို့ ပင့်ဖိတ်၍ ကျွေးသော ဆွမ်းကို စားဖို့ရန် လက်ခံသောရဟန်းအား အပြစ်ရောက်ပါစေ။

(၃) ရဟန်းအားလုံး အသက်ထက်ဆုံး ပံသုကူဓုတင်ဆောင်ချည်း ဖြစ်ကြပါစေ (ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံကြပါစေ)။ လူဒါယကာတို့လှူသော သင်္ကန်းကို လက်ခံသာယာသော ရဟန်းအား အပြစ်ရောက်ပါစေ။

---

၁။ (၇) သံဃဘေဒကက္ခန္ဓက၊ ပဥ္စမဘာဏဝါရ၊ စူဠဝဂ္ဂပါဠိ (နှာ-၃၃၉)

(၄) ရဟန်းအားလုံး အသက်ထက်ဆုံး ရုက္ခမူဓုတင်ဆောင်ချည်း ဖြစ်ကြပါစေ (သစ်ပင်ရင်း၌သာ နေကြပါစေ)။ အမိုးရှိသောကျောင်းသို့ ချဉ်းကပ်သော ရဟန်းအား အပြစ်ရောက်ပါစေ။

(၅) ရဟန်းအားလုံး အသက်ထက်ဆုံး ငါး၊ အမဲကို မစားကြပါစေလင့် (သက်သတ်လွတ်သာ စားကြပါစေ)။ ငါး၊ အမဲကို စားသော ရဟန်းအား အပြစ်ရောက်ပါစေ"တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ တောင်းဆုတွေက တော်တော်ကြီး ကောင်းလွန်းပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ခြိုးခြံချွေတာစွာနဲ့ ရဟန်းဘဝကို ဖြတ်သန်းဖို့လို့ ထင်ရတဲ့ တောင်းဆုတွေပါပဲ ဦးဇင်း။ သို့သော် အရှင်ဒေဝဒတ်ရဲ့ အကြံက ကောက်ကျစ်တယ်။ မဖြောင့်မှန်ဘူး။ မရိုးသားဘူး။

MA ဦးဇင်း ॥ ॥ ဘယ်လို မရိုးသားတာပါလဲဘုရား။

ဆရာတော် ॥ ॥ အကယ်၍ ဘုရားရှင်က သူလျှောက်တာကို လက်ခံတော်မူရင် သူ့လောက် ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်က မစူးရှဘူး။ သူက ပိုသိတယ်ဆိုပြီး သဗ္ဗညုတဉာဏ်တော်ကို ပျက်ရယ်ပြုတော့မှာ။

MA ဦးဇင်း ॥ ॥ ဘုရားရှင်က တောင်းဆုကို ပယ်ချတော်မူရင် သူဘယ်လိုလုပ်မှာလဲဘုရား။

ဆရာတော် ॥ ॥ ပယ်ချတော်မူရင်၊ ဒီလောက်မြင့်မြတ်တဲ့၊ ဒီလောက်ကောင်းမွန်တဲ့၊ ဒီလောက် ခြိုးခြံမှု၊ ရောင့်ရဲမှုကို ဦးတည်တဲ့ သူ့ရဲ့ဆန္ဒတော်ကို ဘုရားမဖြည့်ဆည်း နိုင်တာသာကြည့်ကြ။ ငါသာဘုရားထက်သာအောင် ကျင့်တော့မှာမို့ ငါ့ဝါဒ ကြိုက်နှစ်သက်တဲ့ ရဟန်းတွေ လိုက်ခဲ့ကြပါဆိုပြီး သံဃာသင်းခွဲမှာပါ။

MA ဦးဇင်း ॥ ॥ အတော်ပက်စက်တဲ့ အကြံဆိုးကြီးပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဒါကြောင့် ဘုရားရှင်က ပယ်ချတော်မူလိုက်တယ်။ ဘုရားရှင် မိန့်တော်မူတာက "မသင့်လျော်ဘူး ဒေဝဒတ် -

(၁) အလိုရှိသော ရဟန်းသည် တောကျောင်း၌ နေပါစေ။ အလိုရှိသော ရဟန်းသည် ရွာနီးကျောင်း၌ နေပါစေ။

(၂) အလိုရှိသော ရဟန်းသည် ပိဏ္ဍပါတ်ဓုတင်ဆောင် ဖြစ်ပါစေ။ (ဆွမ်းခံ၍ စားပါစေ။)။ အလိုရှိသောရဟန်းသည် ဒါယကာတို့ ပင့်ဖိတ်၍ ကျွေးသော ဆွမ်းကို လက်ခံသာယာပါစေ။။

(၃) အလိုရှိသော ရဟန်းသည် ပံသုကူဓုတင်ဆောင် ဖြစ်ပါစေ။ (ပံသုကူ သင်္ကန်းကို ဝတ်ရုံပါစေ။)။ အလိုရှိသော ရဟန်းသည် ဒါယကာတို့ လှူဒါန်းသောသင်္ကန်းကို လက်ခံသာယာပါစေ။

(၄) ဒေဝဒတ် ငါဘုရားသည် ရှစ်လပတ်လုံး သစ်ပင်ရင်း အိပ်ရာနေရာကို ခွင့်ပြုအပ်ပြီး ဖြစ်လေသည်။

---

၁။ (၃၃၄) ပဥ္စဝတ္ထုယာစနကထာ၊ စူဠဝဂ္ဂပါဠိ (နှာ-၃၅၉)

(၅) (မြင်ခြင်း၊ ကြားခြင်း၊ ရွံရှာယုံမှားခြင်း) ဤအစွန်းသုံးပါးမှ ကင်းလွတ်ပြီး စင်ကြယ်သည့် မမြင်အပ်၊ မကြားအပ်၊ မရွံရှာ မယုံမှားအပ်သည့် ငါး၊ အမဲကို (စားသုံးဖို့ရန်) ငါဘုရား ခွင့်ပြုအပ်ပြီး ဖြစ်လေသည်"လို့ မိန့်တော်မူလိုက်ပါတယ်။

MA ဦးဇင်း ။ ။ အရှင်ဒေဝဒတ်က ဓုတင်ဆောင်တော်မူလိုဟန်ပဲ ပြတာပါလားဆိုတာ နားလည်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## ဓုတင်မဆောင်သည့်ရဟန်းကို မရှုတ်ချရပါ

ဆရာတော် ။ ။ ဓုတင်ဆောက်တည်တဲ့ရဟန်းဆိုတာ ရိုးသားရတယ်။ ခြိုးခြံရတယ်။ ရောင့်ရဲရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင်က တောရဆောက်တည်ပြီး အာရညကင်ဓုတင်ဆောင် ရဟန်းတစ်ပါးအနေနဲ့ "ငါသည် အာရညကင်ဓုတင်ကို ဆောက်တည်တယ်၊ တခြားရဟန်းတွေက အာရညကင်ဓုတင်ကို မဆောက်တည်ကြဘူး" လို့ တွေးတောဆင်ခြင်တယ်။ ပြီးတော့ အာရညကင်ဓုတင်ကို ဆောက်တည်သူအဖြစ် မိမိကို ချီးမြှောက်ပြီး သူတစ်ပါးကို ရှုတ်ချတယ်ဆိုရင် ဘုရားရှင်က "ရဟန်းတို့ ဒါက သူယုတ်မာတို့၏ တရား"လို့ မိန့်ကြားတော်မူတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ ဘုရားတပည့်တော် အထူး ဆင်ခြင်ပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဘုရားရှင်က "အာရညကင်ဓုတင်ကို မဆောက်တည်သော်လည်း လောကုတ္တရာတရား အားလျော်သောတရားကို ကျင့်လေ့ရှိတယ်။ ရိုသေထိုက်အောင် ကျင့်လေ့ရှိတယ်။ တရားနဲ့လျော်စွာ ကျင့်လေ့ရှိတယ်ဆိုရင် အခုလို အကျင့်ကောင်းတဲ့ ရဟန်းကို ပူဇော်ထိုက်တယ်။ ချီးမွမ်းထိုက်တယ်"တဲ့။[၁]

MA ဦးဇင်း ။ ။ အာရညကင်ဓုတင်နဲ့ စပ်လျဉ်းပြီး ဘုရားရှင်ရဲ့ ဆန္ဒတော်ကို သိရပါပြီဘုရား။ ကျန်တဲ့ဓုတင်အပေါ်မှာ ဘုရားရှင်မိန့်ကြားချက်များ ရှိရင်လည်း သိပါရစေ။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင်က ပံ့သကူဓုတင်ဆောင် ရဟန်းတစ်ပါးအနေနဲ့ "ငါသည် ပံ့သကူဓုတင်ကို ဆောင်တယ်၊ တခြားရဟန်းတွေက ပံ့သကူဓုတင်ကို မဆောင်ကြဘူး" လို့တွေးတော ဆင်ခြင်တယ်။ ပြီးတော့ ပံ့သကူဓုတင် ဆောင်သူအဖြစ် မိမိကို ချီးမြှောက်ပြီး သူတစ်ပါးကို ရှုတ်ချတယ်ဆိုရင် ဘုရားရှင်က "ရဟန်းတို့ ဒါက သူယုတ်မာတို့၏တရား" လို့ မိန့်ကြားတော်မူတယ်။ "ပံ့သကူဓုတင်ကို မဆောင်သော်လည်း လောကုတ္တရာတရား အားလျော်သော တရားကို

၁။ (၁၀၇) သပ္ပုရိသသုတ္တံ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

ကျင့်လေ့ရှိတယ်။ ရှိသေထိုက်အောင် ကျင့်လေ့ရှိတယ်၊ တရားနဲ့လျော်စွာ ကျင့်လေ့ရှိတယ်ဆိုရင် အခုလိုအကျင့်ကောင်းတဲ့ ရဟန်းကို ပူဇော်ထိုက်တယ်၊ ချီးမွမ်းထိုက်တယ်" တဲ့ ဦးဇင်း။ နောက်ထပ် ပိဏ္ဍပါတ်ဓုတင်၊ ရုက္ခမူဓုတင်၊ ဧကာသနိက်ဓုတင်၊ သုသာန်ဓုတင်တွေမှာလည်း အလားတူ မိန့်ကြားတော်မူတယ်လို့ နားလည်ပါလေ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။ ဘုရားရှင် ချီးမွမ်းထိုက်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ချီးမွမ်းထိုက်တဲ့ ဓုတင်ဆောင်ရဟန်းဖြစ်ဖို့ ဘုရားရှင်မိန့်တော်မူတာက "ဓုတင်ဆောင်တဲ့ရဟန်းက စိတ်မပျံ့လွင့်သူ ဖြစ်ရမယ်တဲ့။ ကျူပင်လို မထောင်လွှားသူ ဖြစ်ရမယ်တဲ့။ မလျှပ်ပေါ်သူ နှုတ်မကြမ်းသူ ဖြစ်ရမယ်တဲ့။ ဖရိုဖရဲ စကားမရှိသူ ဖြစ်ရမယ်တဲ့။ သတိရှိသူ ဖြစ်ရမယ်တဲ့၊ ဆင်ခြင်ဉာဏ်ရှိသူ ဖြစ်ရမယ်တဲ့။ တည်ကြည်သူ ဖြစ်ရမယ်တဲ့၊ စောင့်စည်းအပ်သော ဣန္ဒြေရှိသူ ဖြစ်ရမယ်တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ဒီအင်္ဂါနဲ့ညီရင် ချီးမွမ်းထိုက်ပြီလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဒီအင်္ဂါအချက်တွေရဲ့ ဆန့်ကျင်ဘက်ဆိုရင်တော့ ကဲ့ရဲ့ထိုက်တဲ့ ရဟန်းဖြစ်ပြီ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘုရားရှင် ချီးမွမ်းထိုက်တဲ့ ရဟန်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ သာဓု၊ သာဓု၊ သာဓုပါဘုရား။ ဆွမ်းခံချိန်ရောက်ပြီ၊ ဒီနေ့တော်ကြစို့ ဦးဇင်း။

## အနာဂတ်သာသနာဘေး

ဆရာတော် ॥ ॥ သာသနာတော်ရဲ့ အနာဂတ်မှာ ကြုံလာလတ္တံ့သော ဘေးရန်အန္တရာယ်ကိုလည်း ဘုရားရှင်ဟောတော်မူတာ ရှိသေးတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ အနာဂတ်သာသနာတော်ရဲ့ ဘေးရန်ကိုလည်း အသေးစိတ် သိပါရစေဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင်က "အနာဂတ်ကာလမှာ ရဟန်းတွေက သင်္ကန်းကောင်းကောင်းကို အလိုရှိကြလိမ့်မယ်။ ဒါကြောင့် သူတို့ ပံ့သကူဓုတင်ဆောင်တဲ့ ကျင့်စဉ်ကောင်းကို စွန့်လွှတ်ကြလိမ့်မယ်" တဲ့။

MA ဦးဇင်း ॥ ॥ ဒီကနေ့ခေတ်မှာ ဒါတွေ ဖြစ်လာနေပြီလားဘုရား။

ဆရာတော် ॥ ॥ ဖြစ်လာပြီ။ ဖြစ်လာတာတောင် ကြာပါပြီဦးဇင်း။ ဘုရားရှင် ဆက်ဟောတော်မူတာက "ရဟန်းတွေက အနာဂတ်ကာလမှာ အစွန်အဖျားကျတဲ့ တောကျောင်းတွေကို စွန့်လွှတ်ပြီးတော့ မြို့၊ ရွာ၊ နိဂုံး၊ မင်းနေပြည်တွေမှာ နေထိုင်

---

၁။ (၃၂) ဥဒ္ဒတသုတ္တံ၊ မေဃိယဝဂ္ဂ၊ ဥဒါနပါဠိ (နှာ-၁၂၁)

သီတင်းသုံးကြလိမ့်မယ်။ သက်န်းကောင်းကောင်း ရဖို့အတွက် ဘုရားရှင် ခွင့်ပြုတော်မမူတဲ့ မလျောက်ပတ်တဲ့ နည်းတွေသုံးပြီး မအပ်စပ်တဲ့ အဝတ်သက်န်းတွေကို ရှာမှီးကြလိမ့်မယ်”တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဒါတွေလည်း အခုဖြစ်လာနေပြီလားဘုရား။

ဆရာတော် ။ ။ ဖြစ်လာတာတောင် ကြာလှပါပြီ ဦးဇင်း။

MA ဦးဇင်း ။ ။ စိတ်မကောင်းစရာပါဘုရား။

ဆရာတော် ။ ။ ဘုရားရှင် ဆက်ဟောတော်မူပါတယ်။ “အနာဂတ်ကာလမှာ ရဟန်းတွေက ဆွမ်းကောင်းကောင်းကို အလိုရှိကြလိမ့်မယ်။ ဒါကြောင့် သူတို့ ပိဏ္ဍပါတ်ဓုတင်ဆောင်တဲ့ ကျင့်စဉ်ကောင်းကို စွန့်လွှတ်ကြလိမ့်မယ်”တဲ့။ ပြီးတော့ “ရဟန်းတွေက အနာဂတ်ကာလမှာ ဆွမ်းခံတဲ့အကျင့်ကို စွန့်လွှတ်ပြီးတော့ မြို့၊ ရွာ၊ နိဂုံး မင်းနေပြည်တွေမှာ နေထိုင် သီတင်းသုံးကြလိမ့်မယ်။ လျှာဖျားနဲ့ အရသာကောင်းကောင်း ခံစားရဖို့အတွက် ဘုရားရှင် ခွင့်ပြုတော်မမူတဲ့ မလျောက်ပတ်တဲ့ နည်းတွေသုံးပြီး၊ မအပ်စပ်တဲ့ စားသောက်ဖွယ်ရာတွေကို ရှာမှီးကြလိမ့်မယ်” တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဒါတွေလည်း အခုဖြစ်လာနေပြီလားဘုရား။

ဆရာတော် ။ ။ ဖြစ်လာတာတောင် ကြာလှပါပြီ ဦးဇင်း။

MA ဦးဇင်း ။ ။ လေးအသင်္ချေ ကမ္ဘာတစ်သိန်းကာလတိုင်တိုင် ဒုက္ခများစွာ ခံပြီးတော့မှ ပေါ်ပေါက်လာတဲ့ သာသနာတော်ကြီး ကာလမကြာမီမှာပဲ ဆုတ်ယုတ်သွားတာ စိတ်မကောင်းပါဘုရား။

ဆရာတော် ။ ။ ဘုရားရှင် ဟောတော်မူတာ ရှိပါသေးတယ်။ “နောင်အနာဂတ်ကာလမှာ ရဟန်းတွေက ကျောင်းကောင်းကောင်းကို အလိုရှိလာကြလိမ့်မယ်။ ဒါကြောင့် သူတို့ သစ်ပင်ရင်းမှာနေရတဲ့ ရုက္ခမူဓုတင်ဆောင်တဲ့ ကျင့်စဉ်ကောင်းကို စွန့်လွှတ်ကြလိမ့်မယ်” တဲ့။ ပြီးတော့ “ရဟန်းတွေက အနာဂတ်ကာလမှာ အစွန်အဖျားကျတဲ့ တောကျောင်းတွေကို စွန့်လွှတ်ပြီးတော့ မြို့၊ ရွာ၊ နိဂုံး၊ မင်းနေပြည်တွေမှာ နေထိုင် သီတင်းသုံးကြလိမ့်မယ်။ ကျောင်းကောင်းကောင်း ရဖို့အတွက် ဘုရားရှင် ခွင့်ပြုတော်မမူတဲ့ မလျောက်ပတ်တဲ့ နည်းတွေသုံးပြီး မအပ်စပ်တဲ့ ပစ္စည်းတွေကို ရှာမှီးကြလိမ့်မယ်” တဲ့ ဦးဇင်း။

---

၁။ (၈၀) စတုတ္ထအနာဂတဘယသုတ္တ၊ ကောဓာဇီဝဂ္ဂ၊ အင်္ဂုတ္တရပါဠိ၊ (ဒုတိယတွဲ) (နှာ-၉၆)

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ॥ ॥ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများအတွက် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု အဖြစ်ကိုလည်းသိပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ပိဏ္ဍပါတ်ဓုတင်ဆောင် ဥက္ကဋ္ဌပုဂ္ဂိုလ်က ရှေ့မှကြိုပြီး လောင်းလှူတဲ့ဆွမ်းကိုလည်း ခံယူကောင်းတယ်။ နောက်ကနေ လိုက်လာပြီး လောင်းလှူတဲ့ဆွမ်းကိုလည်း ခံယူကောင်းပါတယ်။

MA ဦးဇင်း ॥ ॥ ဆွမ်းဘုဉ်းပေးဖို့ ထိုင်နေတုန်းမှာ လာလှူတဲ့ဆွမ်းကိုလည်း ယူလို့ ရပါသေးသလားဘုရား။

ဆရာတော် ॥ ॥ ရတယ်၊ ရတယ်။ ဆွမ်းခံရာကနေ ပြန်လာပြီး ဆွမ်းဘုဉ်းပေးတဲ့နေရာ ထိုင်နေတုန်းမှာ ဒါယကာတို့ လာလှူဒါန်းတဲ့ ဆွမ်းကိုလည်း ယူလို့ရတယ်ဦးဇင်း။ ပြီးတော့ အိမ်တစ်အိမ် ရှေ့မှာ ဆွမ်းရပ်နေတုန်း အိမ်ရှင်က သပိတ်ယူသွားပြီးတော့ ဆွမ်းထည့်ကပ်လာရင်လည်း ပိဏ္ဍပါတ်ဓုတင်ဆောင် ဥက္ကဋ္ဌပုဂ္ဂိုလ်က ခံယူလို့ ရသေးတယ်။[၁] ကျန်တဲ့ ဆွမ်းဓုတင်တွေရဲ့ ကျင့်စဉ်နဲ့ ရောထွေးပြီး မစဉ်းစားရဘူးနော်။

MA ဦးဇင်း ॥ ॥ ပိဏ္ဍပါတ်ဓုတင်ဆောင် ဥက္ကဋ္ဌပုဂ္ဂိုလ်အတွက် ဘယ်အနေအထားဆိုရင် မရတော့မှာလဲဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပြီ။ အခုပြောပြမယ်နော်။ "ဒီနေ့တစ်ရက် ဆွမ်းခံမကြွပါနဲ့ဘုရား၊ တပည့်တော်တို့ ဆွမ်းလာပို့ပါမယ်" လို့ ဖိတ်ကြားလာရင် ပိဏ္ဍပါတ်ဓုတင် ဥက္ကဋ္ဌပုဂ္ဂိုလ်က လက်မခံရဘူး။

MA ဦးဇင်း ॥ ॥ မှန်ပါ၊ တစ်ရက်ကလေး ဆွမ်းခံမကြွပါနဲ့ဘုရား။ တပည့်တော် ဆွမ်းလာပို့မယ်ဆိုရင် ဥက္ကဋ္ဌပုဂ္ဂိုလ်က လက်မခံရတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဒါက ပိဏ္ဍပါတ်ဓုတင် ဥက္ကဋ္ဌပုဂ္ဂိုလ်ရဲ့ ထူးခြားချက်ပါပဲ။

MA ဦးဇင်း ॥ ॥ မဇ္ဈိမရဲ့ ထူးခြားချက် ဘာများရှိပါသလဲဘုရား။

ဆရာတော် ॥ ॥ ပိဏ္ဍပါတ်ဓုတင် မဇ္ဈိမပုဂ္ဂိုလ်က "ဒီနေ့တစ်ရက် ဆွမ်းခံမကြွပါနဲ့ဘုရား။ တပည့်တော်တို့ ဆွမ်းလာပို့ပါမယ်"လို့ တစ်ရက်အတွက် ဖိတ်ကြားလာတာကို လက်ခံခွင့်ရှိတယ်။

MA ဦးဇင်း ॥ ॥ နောက်ရက်တွေအတွက်လည်း ဆွမ်းခံမကြွဘဲ လက်ခံခွင့် ရှိပါသေးသလားဘုရား။

ဆရာတော် ॥ ॥ မရှိတော့ဘူး။ ဒီနေ့တစ်ရက်အတွက်ပဲ ရတယ်ဘုရား။

MA ဦးဇင်း ॥ ॥ ဥက္ကဋ္ဌလည်း သိရပါပြီဘုရား။ မဇ္ဈိမလည်းသိရပါပြီ မုဒုရဲ့အခြေအနေကို သိပါရစေဘုရား။

---

၁။ (၃) ပိဏ္ဍပါတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၃)

ဆရာတော် ॥ ॥ မုဒုပုဂ္ဂိုလ်ကျတော့ မနက်ဖြန်အတွက် ဖိတ်ကြားလာရင်လည်းရတယ်။ သန်ဘက်ခါအတွက် ဖိတ်ကြားရင်လည်း လက်ခံလို့ရပါတယ်။ နှစ်ရက်အထိ လက်ခံခွင့်ရှိတယ်လို့လည်း တချို့ဆရာတော်များက ဆုံးဖြတ်ကြတယ်။ တချို့ဆရာသမားများက မုဒုပုဂ္ဂိုလ်အတွက် ရက်အကန့်အသတ်မရှိ ဖိတ်ကြားတာကို လက်ခံခွင့်ရှိတယ်လို့လည်း ဆုံးဖြတ်တာ ကြုံဖူးတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ဆွမ်းခူတင်ငါးပါး ယူတော်မူကြတဲ့ ပုဂ္ဂိုလ်အတွက် ခူတင်ဆိုင်ရာဆုံးဖြတ်တာမှာ ဘက်ပေါင်း စုံအောင်ကြည့်ပြီး သုံးသပ် ဆုံးဖြတ်ကြရပါတယ်။ ဝိနည်းမှာ "ဂရုက လဟုကေသု ဂရုကေ ဌာတဗ္ဗံ" လို့ဆိုထားသလို ခူတင်အရာမှာလည်း ခူတင်ကို မြတ်နိုးတော်မူကြတဲ့ ဆရာသခင်များက အလေးဂရုဘက်ကို မြတ်နိုးတော်မူကြပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဆွမ်းခံကြွရာမှာ ကျောင်းဝင်းအပြင်မှာ လောင်းတာကို လက်ခံတော်မူတာရှိသလို အချို့သော ထေရ်ရှင်များက ရွာကနေ ဆွမ်းခံကြွလာပြီး ကျောင်းအနီးရောက်မှ လောင်းမဲ့ဆွမ်းကို ခံယူတော် မမူလိုကြဘူး။

MA ဦးဇင်း ॥ ॥ ဘယ်နေရာက စောင့်ပြီး လောင်းတာကို လိုလားတော်မူကြပါသလဲဘုရား။

ဆရာတော် ॥ ॥ ဘုန်းကြီးတို့ရဲ့ ဆရာသမားတစ်ပါးက ရွာထဲ၊ ရွာအပြင်၊ ရွာအနီးအနားဆိုရင် သပိတ်ဖုံးဖွင့်ပြီး ချီးမြှောက်တော်မူတယ်။ ကျောင်းဝင်းအနီးမှာ လာလောင်းရင်တော့ သပိတ်ဖုံး ဖွင့်ပေးလေ့ မရှိကြဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှတ်သားပါ့မယ်ဘုရား။ သိသင့်တာတွေ သိပါရစေဘုရား။

ဆရာတော် ॥ ॥ မဇ္ဈိမနဲ့ မုဒု ပုဂ္ဂိုလ်တို့က ဆွမ်းပို့လာမဲ့ ဒါယကာကို စောင့်မျှော်ရတယ်။ ဥက္ကဋ္ဌပုဂ္ဂိုလ်က ဘယ်သူမှ စောင့်နေ၊ မျှော်နေစရာ မရှိလို့ကို လွတ်လပ်တာပါ။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ သူတစ်ပါးနဲ့ မစပ်ဘဲ လွတ်လပ်ချမ်းသာစွာနေရတဲ့ သုခကိုလည်း ဥက္ကဋ္ဌပုဂ္ဂိုလ်က ရတယ် ဦးဇင်း။ ဘာ့ကြောင့်ရတာလဲဆိုရင် ဘယ်တစ်စုံတစ်ဦးသော ဒါယကာ၊ ဒါယိကာမကကိုမှ ဆွမ်းကိစ္စအတွက် စောင့်ဆိုင်းစရာ မလိုတော့ဘူး။ ဆွမ်းခံပြီး ဆွမ်းဘုဉ်းလိုက်ရုံပဲဦးဇင်း။ သို့သော် မဇ္ဈိမရဟန်းနဲ့ မုဒုရဟန်းတို့က "တပည့်တော်ကို ဒါယကာတစ်ယောက်က ဆွမ်းလောင်းလှူဖို့ လျှောက်ထားတဲ့အတွက် စောင့်နေပါရစေဘုရား" ဆိုတော့ လွတ်လပ်သေးရဲ့လားဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် နားလည်ပြီဘုရား။ အနှောင်အဖွဲ့လွတ်တဲ့အရသာကို ပိဏ္ဍပါတ်ဓူတင် ဥက္ကဋ္ဌပုဂ္ဂိုလ်က ရသော်လည်း ကျန်တဲ့ပုဂ္ဂိုလ်များက မရဘူးဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆက်ကြည့်ရအောင် မုဒုပုဂ္ဂိုလ်ဆိုရင် "တပည့်တော်က ဒီနေ့ရော မနက်ဖြန် အတွက်ပါ ဒါယကာရဲ့ ဆွမ်းကို လက်ခံထားပါတယ်ဘုရား" တဲ့။ ဥက္ကဋ္ဌပုဂ္ဂိုလ်လို လွတ်လပ်ချမ်းသာစွာ သွားနိုင်တဲ့အရသာမရှိတာကို ဆိုလိုတာပါ။

MA ဦးဇင်း ။ ။ မှန်ပါ။ တပည့်တော် မှတ်သား လိုက်နာပါမယ်ဘုရား။

## ပိဏ္ဍပါတ်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၁၅ ပါး

(၁) ဆွမ်းခံ၍ရသော တစ်လုတ်တစ်ခဲ ဆွမ်းဘောဇဉ်ကို မှီ၍ ရဟန်းဘဝမျှတကာ တည်နေရ၏ဟူသော မြတ်စွာဘုရားရှင်၏ စကားတော်ကြောင့် ရဟန်းဖြစ်စက သိမ်ထဲ၌ ဝန်ခံခဲ့သော ပဋမနိဿယနဲ့ လျော်သော အကျင့်ရှိခြင်း။

(၂) ဒုတိယ အရိယဝံသတရား၌ တည်ခြင်း၊

(၃) သူတစ်ပါးနဲ့ မစပ်သော အသက်မွေးမှုရှိခြင်း၊

(၄) အဖိုးလည်း နည်းကုန်၏။ ရလည်း ရလွယ်ကုန်၏။ "ထိုအဖိုးနည်း၍ ရလွယ်သော ပစ္စည်းတို့သည် အပြစ်လည်းမရှိကုန်"ဟု မြတ်စွာဘုရား ချီးမွမ်းအပ်သော ပစ္စည်း ရှိသည်၏အဖြစ်၊

(၅) ဆွမ်းခံရန် ပျင်းရိခြင်းကို နှိမ်နင်းနိုင်သည်၏အဖြစ်၊

(၆) စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊

(၇) သေခိယကျင့်ဝတ်၏ ပြည့်ခြင်း၊

(၈) သူတစ်ပါးတို့ မမွေးမြူရသည်အဖြစ်၊

(၉) ဆွမ်းလောင်းလှူသော သူတစ်ပါးတို့အား ချီးမြှောက်ခြင်းကို ပြုခြင်း၊

(၁၀) အောက်ဆုံးဖြစ်သော အသက်မွေးမှု၌ တည်သဖြင့် မာန်မာနကို ပယ်ရခြင်း၊

(၁၁) များတာကို တားမြစ်ပယ်ရှားနိုင်ခြင်း၊

(၁၂) ဂဏဘောဇနသိက္ခာပုဒ်၊ ပရမ္ပရဘောဇနသိက္ခာပုဒ်၊ စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း၊

(၁၃) အပ္ပိစ္ဆတာ စသည်တို့ အားလျော်သော အသက်မွေးခြင်း ရှိသည်၏အဖြစ်၊

(၁၄) ကောင်းမြတ်သော အကျင့်ပဋိပတ်ကို ပွားစေခြင်းနှင့်

(၁၅) နောင်လာနောက်သား အမျိုးသားအပေါင်းကို ဒိဋ္ဌာနုဂတိသို့ ရောက်စေခြင်းဖြင့် ချီးမြှင့်ရခြင်းတို့ ဖြစ်သည်။[၁]

---

၁။ (၃) ပိဏ္ဍပါတိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပဌမတွဲ (နှာ-၆၃)

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ အပရာယတ္တဇီဝိကော၊
ပဟီနာဟာရလောလုပ္ပေါ၊ ဟောတိ စာတုဒ္ဒိသော ယတိ။
ဝိနောဒယတိ ကောသဇ္ဇံ၊ အာဇီဝဿ ဝိသုဇ္ဈတိ၊
တသ္မာ ဟိ နာတိမညေယျ၊ ဘိက္ခာစရိယာယ သုမေဓသော။
ဧဝရူပဿ ဟိ -
“ပိဏ္ဍပါတိကဿ ဘိက္ခုနော၊ အတ္တဘရဿ အနညပေါသိနော၊
ဒေဝါပိ ပိဟယန္တိ တာဒိနော၊ နော စေ လာဘသိလောကနိဿိတော”တိ။[၁]

ဆွမ်းခံ၍ရသော တစ်လုပ်တစ်ခဲသောဆွမ်းဖြင့် ရောင့်ရဲသော သူတစ်ပါးနှင့် မစပ်သော
အသက်မွေးခြင်းရှိသော အစာအာဟာရ၌ မက်မောသော လောလုပ္ပတဏှာကို ပယ်ပြီးသော
ရဟန်းသည် အရပ်လေးမျက်နှာတို့၌ အပိတ်အပင်ကင်း၍ အလိုရှိရာသို့ သွားနိုင်ပေ၏။
ပျင်းရိခြင်းကိုလည်း ပယ်ဖျောက်နိုင်၏။ ထိုပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်း၏ အသက်မွေးမှုသည်
စင်ကြယ်ပေ၏။ ထို (၃-ပါးသောအကြောင်း) ကြောင့် ကောင်းသောပညာနှင့် ပြည့်စုံသော
ရဟန်းသည် ဆွမ်းခံသောအကျင့်ကို မထီမဲ့မြင် မအောက်မေ့ရာ။
မှန်ပေ၏။ ဤသို့သဘောရှိသော ကိုယ့်ကိုယ်ကိုသာ မွေးမြူသည်ဖြစ်၍ သူတစ်ပါးတို့
မမွေးမြူသော (ဣဋ္ဌာရုံ အနိဋ္ဌာရုံကို အတူပြု၍ ရှုနိုင်သဖြင့်) တာဒိဂုဏ်နှင့် ပြည့်စုံသော
ဆွမ်းခံလေ့ရှိသော ရဟန်းအား အကယ်၍ လာဘ် အကျော်အစောကို မမှီပါမူ
(သိကြားစေသော) နတ်တို့သော်လည်း ချစ်မြတ်နိုးကုန်သေး၏။[၂]

၁။ (၂၆) ပိဏ္ဍပါတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-ပထမတွဲ (နှာ-၆၄)
၂။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန်-ပထမတွဲ (နှာ-၂၁၅)

# ၄။ သပဒါနစာရိကဓုတင်

## Sapadânacârika dhutaṅga



သပဒါနစာရိကဓုတင်ကို ဆောင်သောရဟန်းသည် လျှပ်ပေါ်လော်လည်သော
ဆွမ်းခံခြင်းကို ပယ်ပြီး အိမ်စဉ်မဖျက်ဘဲ ဆွမ်းခံ ကြွတော်မူလေ့ရှိသည်။

The bhikkhu who cultivates the habit of collecting his food while stopping in front of every house, without skipping any, is therefore called sapadanacarika.

### သပဒါနစာရိကဓုတင် ဆောက်တည်ပုံ

သပဒါနစာရိကဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"လောလုပ္ပစာရံ ပဋိက္ခိပါမိ"
"သပဒါနစာရိကင်္ဂံ သမာဒိယာမိ"[၁]
ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"လျှပ်ပေါ်လော်လည်သော ဆွမ်းခံခြင်းကို ပယ်ပါ၏။"
"အိမ်စဉ်မဖျက်ခြင်းနှင့်တကွ ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ
သမာဒါနစေတနာကို ဆောက်တည်ပါ၏။"

"loluppacâraṃ paṭikkhipâmi" "sapadânacârikaṅgaṃ samâdiâmi."
"I renounce to collect my food out of attachment, I will train into collecting my food while stopping in front of each house without skipping any."

၁။ (၂၇) သပဒါနစာရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၅)

## ဝေါဟာရအဓိပ္ပာယ်

လောလုပ္ပစာရံ = လျှပ်ပေါ်လော်လည်သော ဆွမ်းခံခြင်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
သပဒါနစာရိကင်္ဂ = အိမ်စဉ်မဖျက်ခြင်းနှင့်တကွ ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
သပဒါန = အိမ်စဉ်မဖျက်ခြင်းနှင့်တကွ ဆွမ်းခံသွားခြင်း။
သပဒါနစာရီ = အိမ်စဉ်မဖျက်ခြင်းနှင့်တကွ ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်။
သပဒါနစာရိကင် = အိမ်စဉ်မဖျက်ခြင်းနှင့်တကွ ဆွမ်းခံသွားလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာသည်ပင် သပဒါနစာရိကဓုတင် မည်၏။

## သပဒါနစာရိကဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် သပဒါနစာရိကဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် သပဒါနစာရိကဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုသပဒါနစာရိကဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို ချီးမြှောက်၏။ သူတစ်ပါးကို ရှုတ်ချ၏။
ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## သပဒါနစာရိကဓုတင်ဆောင် သူတော်ကောင်းရဟန်း

သပဒါနစာရိကဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
သပဒါနစာရိကဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့်
မိမိကို မချီးမြှောက်။ သူတစ်ပါးကို မရှုတ်ချ။
ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

---

၁။ (၁၀၇) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

# ဆွမ်းခံရွာ ပြောင်းခွင့်ရှိပါသည်

MA ဦးဇင်း ॥ ॥ အိမ်စဉ်မဖျက်ဘဲ အစဉ်အတိုင်း ဆွမ်းခံသွားရတဲ့ ဓုတင်ကို တပည့်တော် အစမ်းကျင့်ကြည့်တာ ဆွမ်းမပြည့်စုံတဲ့ အခက်အခဲတစ်ခုနဲ့ ကိုက်တတ်တဲ့ ခွေးရဲ့ ရန်ပြုခံရတဲ့အန္တရာယ်တစ်ခု ကြုံခဲ့ရပါတယ်ဘုရား။

ဆရာတော် ॥ ॥ အခုလို အခက်အခဲတွေ့ရင် ဆွမ်းခံရွာ ပြောင်းခွင့်ရှိပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ပြောင်းလို့ရရင် ပြောင်းချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒီဓုတင်ဆောင်မဲ့ရဟန်းက ရွာတံခါးမှာရပ်ပြီး ဆင်ဆိုး၊ မြင်းဆိုး၊ နွားဆိုး၊ ခွေးဆိုးတွေရဲ့ အန္တရာယ် ရှိမရှိ ကြည့်ရတယ်ဦးဇင်း။ ဘာကြောင့် အခုလို လေ့လာကြည့်ရှုရတာလဲဆိုတော့ သူက အိမ်စဉ်ရပ်ရမှာမို့လို့ပါ။

MA ဦးဇင်း ॥ ॥ တပည့်တော် မေးလျှောက်စရာတစ်ခု စဉ်းစားမိပါတယ်ဘုရား။

ဆရာတော် ॥ ॥ လျှောက်ပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ အိမ်စဉ်ဆွမ်းခံရမယ်ဆိုတာမှာ အိမ်က အစဉ်အတိုင်းဆောက်ထားတာ မဟုတ်ဘဲ ဒီနားတစ်လုံးနှစ်လုံး၊ ဟိုးနားမှာ သုံးလေးလုံးဆိုရင် အိမ်စဉ် ဘယ်လိုကြွရမှာပါလဲဘုရား။

ဆရာတော် ॥ ॥ သူတို့အိမ်ကိုသွားတဲ့ ခြေသွားလမ်းအတိုင်းကို အိမ်စဉ်သတ်မှတ်ရပါတယ် ဦးဇင်း။ သို့သော် ခြေသွားလမ်း နှစ်မွှာကွဲသွားတယ်ဆိုပါစို့၊ ညာဘက်လမ်း သေးက သက်ငယ်တဲရှိတယ်။ သူတို့က မှိုတို့၊ မျှစ်တို့၊ ဂုံမင်းရိုးတွေ လောင်းတယ်။ ဘယ်ဘက်လမ်းသေးမှာ သွပ်မိုးထားတဲ့အိမ်က အမဲသား၊ ငါး လောင်းတယ်။ ဓုတင်ဆောင်ရဟန်းက ဟင်းကောင်းမလောင်းတဲ့ ညာဘက်လမ်းက တဲကိုရှောင်ပြီး ဘယ်ဘက်ကသွပ်မိုးအိမ်ကို ဟင်းကောင်းရချင်လို့ ကြွရင် "လောလုပ္ပစာရံ ပဇ္ဇဟိတ္ဝါပါမိ" "လျှပ်ပေါ်လော်လည်သော ဆွမ်းခံခြင်းကို ပယ်ပါ၏"လို့ ဆိုထားတဲ့ စကားနဲ့ မညီညွတ်တော့ဘူးနော်။

MA ဦးဇင်း ॥ ॥ တဲအိမ်ကလောင်းမဲ့ မှိုတို့၊ မျှစ်တို့ကိုရှောင်ပြီး သွပ်မိုးအိမ်က အမဲသား၊ ငါး ဆွမ်းလိုချင်တဲ့ တဏှာကြောင့်ပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ် ဦးဇင်း။ ဒါကြောင့် မိမိအဓိဋ္ဌာန်ထားတဲ့ "သပဒါနစာရိကင်္ဂ သမာဒိယာမိ" နဲ့ အညီ အိမ်စဉ် ကြွရပါမယ်။

MA ဦးဇင်း ॥ ॥ တင်ပါဘုရား။ တပည့်တော် အဲသလိုအိမ်စဉ်ရပ်ခဲ့ရလို့ အခက်အခဲ တွေ့ရတာပါဘုရား။ အိမ်စဉ် ကျော်သွားမယ်ဆိုရင် အခက်အခဲ သိပ်မရှိနိုင်ပါဘုရား။

ဆရာတော် ॥ ॥ ဒါဆိုရင် ဦးဇင်းက လောလုပ္ပတဏှာကြောင့်မဟုတ်ဘဲ ဒီရွာက ဘေးရန် မကင်းဘူးဆိုရင် တခြားရွာကိုပြောင်းပြီး သွားလို့ရပါတယ်ဘုရား။

၁။ (၂၇) သပဒါနစာရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပဌမတွဲ၊ နှာ-၆၅)

MA ဦးဇင်း ॥ ॥ အခုလို ပြောင်းခွင့်ရှိတာ မသိလို့ပါဘုရား။

ဆရာတော် ॥ ॥ ပြောင်းတယ်ဆိုတာမှာ အချက်နှစ်ချက်ရှိတယ် ဦးဇင်း။ ဘာလဲဆိုရင် အခုလို ဘေးရန် အန္တရာယ်များရင်ဖြစ်စေ၊ တစ်အိမ်မှ ဆွမ်းထွက်မလောင်းတဲ့အတွက် ဆွမ်းမရလို့ဖြစ်စေ ဆွမ်းခံရွာကို ပြောင်းလို့ရပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော် အခုဆွမ်းခံရွာကို ပြောင်းဖို့ ဆုံးဖြတ်လိုက်ပါပြီဘုရား။

ဆရာတော် ॥ ॥ နေဦးနော်။ နေပါဦးဇင်း။ တစ်အိမ်အိမ်က၊ တစ်ခုခုလောက် လောင်းနေသေး တယ်ဆိုရင်တော့ ရွာကိုစွန့်ပြီး သွားလို့မအပ်သေးဘူး ဦးဇင်း။ ပြီးတော့ ဟိုဘက်ရွာက ဆွမ်းဟင်း ပိုကောင်းတယ်။ ဒီဘက်ရွာက ဆွမ်းပိုနူးညံ့တယ် ဆိုတဲ့ လျှပ်ပေါ်လော်လည်တဲ့ စိတ်နဲ့လည်း ဆွမ်းခံရွာ မပြောင်းရပါဘုရား။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါ။ အလေးထား လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ နောက်တစ်ခု သတိပြုစရာ ရှိသေးတာက ဒီသပဒါနစာရိက ဓုတင်ဆောင် ရဟန်းက ရွာကို မနက်ခပ်စောစော ဆွမ်းခံဝင်သင့်ပါတယ်။

MA ဦးဇင်း ॥ ॥ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ॥ ॥ အကယ်၍ စောစောကပြောခဲ့တဲ့ ဘေးရန်ကြုံလာလို့ ဖြစ်စေ၊ ဒါမှမဟုတ် ဆွမ်းမရလို့ဖြစ်စေ တခြားရွာကို ကြွရမယ်ဆိုရင် အချိန်ပိုရအောင်လို့ပါ။

MA ဦးဇင်း ॥ ॥ ဒီဓုတင်က လိုက်နာစရာတွေများသလို သိမ်မွေ့တယ်လို့ ခံစားရပါတယ် ဘုရား။ ခရီးသွားရင် ဆွမ်းခံဖို့ ပြဋ္ဌာန်းထားတာများ သီးခြားရှိသေးရင် သိပါရစေဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ် ဦးဇင်း။ ရှိတယ်။ ခရီးသွားတဲ့အခါ ဆွမ်းခံချိန်ရောက်လို့ရှိရင် ရောက်တဲ့ရွာကို ကျော်မသွားဘဲ ဆွမ်းခံဝင်ရမယ်။ အဲဒီမှာ ဆွမ်းမရရင်ဖြစ်စေ၊ မလောက်မငှ နည်းနည်းလေးပဲရရင်ဖြစ်စေ ရွာစဉ်လှည့်ပြီးတော့ ဆွမ်းခံရပါ မယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တပည့်တော်သိချင်တာက ခရီးသွားရင်း ဆွမ်းချိန်ရောက်လာ ပါတယ်။ လမ်းခုလတ် ခရီးလမ်းမှာဆုံတဲ့ ဒါယကာတွေက ဆွမ်းလောင်း လှူမယ်ဆိုရင် သူတို့ရဲ့ဆွမ်းကို ခံယူခွင့် ရှိပါသလားဘုရား။ ရွာထဲမဟုတ် ပါဘုရား။ အိမ်လည်းမရှိပါဘုရား။ လမ်းခုလတ် လမ်းဘေးမှာပါဘုရား။

ဆရာတော် ॥ ॥ ရှိတယ်ဦးဇင်း။ ခံယူခွင့်ရှိပါတယ်။ ဒီမှာ သိစရာတစ်ခု ရှိပေဦးမယ်။ အိမ်ရှေ့ အိမ်ရှေ့ကို ဆွမ်းခံရင်းသွားနေတာ တစ်နေရာရောက်တော့ အလှူရှင်တွေက ဆွမ်းသပိတ်ကို တောင်းပြီး ဆွမ်းထည့်လောင်းလှူမယ်ဆိုရင်လည်း ခံယူခွင့်ရှိ ပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။

---

၁။ (၂၇) သပဒါနစာရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၅)

ဆရာတော် ။ ။ သတိရတာလေးတစ်ခု ပြောပြဦးမယ်နော်။ တစ်ခါတုန်းက ဘုန်းကြီးတို့ရဲ့ သီတင်းသုံးဖော်တစ်ပါး ပြည်နယ်တစ်ခုကို ခရီးကြွသွားတယ်။ နောက်နေ့မနက် အိမ်စဉ်မကျော်ဘဲ ဆွမ်းခံလာလိုက်တာ အိမ်တွေအများကြီး ကျော်ရုံမကဘူး၊ ရပ်ကွက်တွေ ကျော်တာတောင် ဆွမ်းက မရဘူးဖြစ်နေတယ်တဲ့။ နေလည်း မြင့်နေပြီ အဲဒီအချိန်မှာ စက်ဘီးစီးလာတဲ့ ဒကာတစ်ယောက်က 'ဆွမ်းရ သလားကိုယ်တော်' လို့ မေးပြီး သပိတ်ဖုံး လှပ်ကြည့်သတဲ့။ ပြီးတော့ 'ဆွမ်းခံ အိမ်ရှေ့တွေကိုလည်း ကြည့်ဦးလေ။ လက်ဝါးကပ်တိုင်တွေ မတွေ့ဘူးလား'လို့ မေးသတဲ့။ ပြီးတော့ 'ဒါ ဘာသာခြားရပ်ကွက်တွေ ကိုယ်တော့်ကို ဆွမ်း လောင်းကြမှာ မဟုတ်ဘူး' လို့ပြောပြီး 'တပည့်တော်ကို သပိတ်ပေးပါ'လို့ တောင်းယူပြီး ဘာသာခြားဈေးဆိုင်ကနေ သူဝယ်ခြမ်းပြီးလှူလို့ ဆွမ်းစား ရခဲ့တယ်။ 'တပည့်တော်က လက်ဝါးကပ်တိုင် ထောင်ထားတဲ့အိမ်က ဆွမ်း မလောင်းမှန်း မသိဘူးဘုရား'လို့ မိန့်ဖူးတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဓူတင်ဆောင်ရဟန်းမှာ ထိုက်သင့်တဲ့ ဒေသန္တရဗဟုသုတလည်း ရှိရဦးမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရှိရင် မမှားဘူးပေါ့ဘုရား။

## ဆွမ်းအမြဲမခံသင့်သည့်အိမ်

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော်တို့ ဝိနည်းစာအုပ်ထဲမှာ ပြည့်တန်ဆာမအိမ်တို့၊ မုဆိုးမအိမ်တို့၊ အပျိုဟိုင်းကြီးအိမ်တို့၊ ပဏ္ဍုက်အိမ်တို့၊ ရဟန်းမတို့ရဲ့ကျောင်းနဲ့ သေရည်သေရက် ရောင်းတဲ့ဆိုင်တွေကို ဆွမ်းမခံရဘူးလို့ ပညတ်ချက်ရှိပါ တယ်ဘုရား။[၁] အခု ဒီသပဒါနစာရိက ဓူတင်ဆောင်ရဟန်းရဲ့ ကျင့်စဉ်က အိမ်မကျော်ရဘူးဆိုတော့ ဝိနည်းအရ တားမြစ်ထားတဲ့အိမ်တွေမှာလည်း ဆွမ်းခံရမှာပါလားဘုရား။

ဆရာတော် ။ ။ အခုလို ပိဋကတ်တော်မှာလာတဲ့ စာတွေကို ရှုထောင့်စုံက စဉ်းစားတတ် လာတာ အလွန်ကောင်းပါတယ်ဘုရား။ အားပေးပါတယ်။ အခုနစာက ဝိနယ ပိဋကတ်တော်မှာလည်း လာသလို၊ အဘိဓမ္မာပိဋကတ်မှာလည်းပါတယ်။ အဲဒီခြောက်ဌာနက အမြဲ ဆွမ်းမရပ်သင့်ပါဘူး။ အခု သပဒါနစာရိကဓူတင် ဆောင်တဲ့ရဟန်းက အဲဒီခြောက်ဌာနမှာပါတဲ့ အိမ်မှန်းမသိဘဲနဲ့ ဆွမ်းရပ်ရင် အပြစ်မရှိပါဘူး။ အကယ်၍ အပြစ်ရှိခဲ့မယ်ဆိုရင်လည်း အစိတ္တကသာ ဖြစ်ပါမယ်ဘုရား။

၁။ (၂၅) အညတိတ္ထိယပုဗ္ဗကထာ၊ ဝိနယမဟာဝဂ္ဂပါဠိ (နှာ-၉၈)

MA ဦးဇင်း ॥ ॥ အဲဒီအိမ်တွေကို သိလျက်နဲ့ ဆွမ်းခံရင်တော့ အပြစ်ရှိမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဘုန်းကြီးတို့ သီတင်းသုံးဖော်တစ်ပါး မိန့်တော်မူဖူးတာကတော့ "ပြည့်တန်ဆာမ၊ မုဆိုးမ၊ အပျိုဟိုင်းကြီး၊ ပဏ္ဍုက်အိမ်အပါအဝင်၊ ရဟန်းမတို့ရဲ့ ကျောင်းနဲ့ သေရည်သေရက် ရောင်းတဲ့ဆိုင်တွေမှာ ရဟန်းက အမြဲဝင်ထွက်ပြီး မရင်းနှီးဖို့ အဓိကပါ ဦးခေမာ။ ရင်းနှီးမှုသံယောဇဉ် မဖွဲ့လွယ်တဲ့ ဓုတင်ဆောင်ရဟန်းတစ်ပါးအတွက် အိမ်စဉ်ဆွမ်းခံရင်း ရောက်တာတော့ အပြစ်မရှိဘူးလို့ တပည့်တော်ယူဆပါတယ်" လို့ မိန့်ဖူးတယ် ဦးဇင်း။ သို့သော် အခုလို အိမ်မှန်းသိနေပါလျက် အမြဲကြွပြီး ဆွမ်းခံရင်တော့ အပြစ်ရှိပါတယ်။ ရှောင်ကွင်းသွားရင် ဓုတင်မပျက်ဘူးဆိုတဲ့ ဝိနိစ္ဆယဆုံးဖြတ်ချက် တစ်ခုလည်း ရှိပါသေးတယ်။

MA ဦးဇင်း ॥ ॥ အဲသလိုအိမ်တွေက ဆွမ်းကောင်း၊ ဟင်းကောင်းလောင်းလို့ ကြွတာဆိုရင်တော့ မသင့်လောက်ဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ လောလုပ္ပတဏှာကြောင့် လျှပ်ပေါ်လော်လည်ပြီး အိမ်ရွေး ဆွမ်းခံနေမယ်ဆိုရင်တော့ အဲဒီရဟန်းရဲ့ သန္တာန်မှာ ဓုတင်ရဲ့ဂုဏ်ရည် ဘယ်ရှိတော့မလဲ ဦးဇင်း။

MA ဦးဇင်း ॥ ॥ တပည့်တော် နားမလည်လို့ မေးပါရစေဘုရား။ အဲဒီပြည့်တန်ဆာမအိမ်တို့၊ မုဆိုးမအိမ်တို့၊ အပျိုဟိုင်းကြီးအိမ်တို့၊ ပဏ္ဍုက်အိမ်တို့ကို အမြဲဆွမ်းမခံရတဲ့အကြောင်းရင်းက ဘယ်လိုရှိပါသလဲဘုရား။

ဆရာတော် ॥ ॥ ယေဘုယျအားဖြင့် သူတို့က ကိလေသာထူထဲ ကြမ်းတမ်းလွန်းတဲ့အတွက် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ရဲ့သီလကို ဖျက်ဆီးနိုင်တဲ့အထိ အန္တရာယ်ရှိလာနိုင်လို့ပါဘုရား။

## ထိုင်ဆွမ်းကြောင့် အရိုက်ခံခဲ့ရသည့် ရဟန္တာတစ်ပါး

MA ဦးဇင်း ॥ ॥ ဘုရားရှင်ဟောတော်မူထားတဲ့ ဓုတင်ရဲ့အကျိုးကျေးဇူးကလည်း များလှပါတယ်ဘုရား။ အခု ဆွမ်းခံစားရတဲ့ သပဒါနစာရိကဓုတင်ကိုလည်း ဘုရားရှင်အလိုကျ တပည့်တော် ကျင့်ပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ သာဓုပါ ဦးဇင်း။ ဆွမ်းခံကျင့်ဝတ်မှာ အိမ်စဉ်ကြွပြီး အိမ်ရှေ့အိမ်ရှေ့တွေမှာ ဆွမ်းရပ်ရတာလည်းရှိသလို အိမ်ထဲကိုကြွပြီး ထိုင်ဆွမ်းအဖြစ် အလှူခံတော်မူကြတဲ့ ရဟန်းတော်များလည်း ရှိပါတယ်။

MA ဦးဇင်း ॥ ॥ အခုလို အိမ်ထဲဝင်ထိုင်ရင် ဆွမ်းဓုတင် မရတော့ဘူးထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မဟုတ်ဘူးလေ။ ဆွမ်းဓုတင် ၅ ပါး ရှိတယ် ဦးဇင်း။ အဲဒီထဲက သပဒါနစာရိကဓုတင်တော့ မရနိုင်သော်လည်း ကျန်တဲ့ဓုတင်တွေ ရနိုင်ပါတယ်ဦးဇင်း။

သို့ပါသော်လည်း ဒါယကာရဲ့ နေအိမ်ထဲကို အမြဲ ထိုင်ဆွမ်းကြွခြင်းကြောင့် အထင်အမြင်လွဲပြီး အရိုက်ခံခဲ့ရတဲ့ သာဓကတစ်ခု သာသနာ့မှတ်တမ်းမှာ ရှိခဲ့ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါ ဖြစ်စဉ်အသေးစိတ်ကို သိပါရစေဘုရား။

ဆရာတော် ။ ။ ဘုရားရှင်လက်ထက်တော်ကာလ သာဝတ္ထိမြို့မှာ ကျောက်ထွင်းသမား တစ်ယောက် ရှိဖူးတယ်။ သူက တိဿမထေရ်မြတ်ကို ထိုင်ဆွမ်းအဖြစ် အမြဲ ပင့်ထားတယ် ဦးဇင်း။ တစ်မနက် အိမ်ထဲခေတ္တသီတင်းသုံးနေတုန်း ကောသလ မင်းကြီးရဲ့ နန်းတော်ကနေ တန်ဖိုးကြီးတဲ့ပတ္တမြားတစ်ပွင့် လာအပ်တယ်။ ကျောက်ထွင်းသမားဒကာကြီးက အသားဟင်း စီမံနေရာကနေ သွေးတွေ ပေကျံနေတဲ့လက်နဲ့ ပတ္တမြားကို စစ်ဆေးလက်ခံပြီး မထေရ်မြတ်အနားမှာ ရှိတဲ့ စားပွဲခုံပေါ် တင်ထားခဲ့ပြီး မီးဖိုထဲဝင်သွားတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အဲဒီချိန်မှာ ကျောက်ထွင်းသမားရဲ့ အိမ်ထဲမှာမွေးထားတဲ့ ကြိုးကြာရောက် လာပြီး နီရဲပြီး သွေးညှီနံ့ရတဲ့ ပတ္တမြားကို မျိုချလိုက်တယ်။ ကျောက်ထွင်း သမားက ပတ္တမြားပျောက်သွားလို့ ထိုင်ဆွမ်း ထိုင်တော်မူနေတဲ့ရဟန္တာ မထေရ်မြတ်ကို ပတ္တမြားသူခိုးလို့ စွပ်စွဲပြီး "ငါ့ပတ္တမြားပေး"လို့တောင်းတယ်။ မထေရ်မြတ်က "ငါမယူဘူး"လို့ မိန့်တော်မူတယ်။ ဒါနဲ့ ကျောက်ထွင်းသမားက ဆွမ်းခံရဟန်းရဲ့ခေါင်းကို ကြိုးနဲ့တုပ်ပြီး ပတ္တမြားမရမချင်း ရိုက်တော့တယ်။

MA ဦးဇင်း ။ ။ မထေရ်မြတ်ကြီးက "ငါမယူဘူး၊ ကြိုးကြာမျိုသွားတယ်"လို့ အမှန်အတိုင်း မိန့်တော်မူလိုက်ရင် အရိုက်ခံရတဲ့အထိ မရောက်လောက်ဘူး ထင်ပါတယ် ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဦးဇင်းက လူလိုစဉ်းစားတာကိုး။ ရဟန်းကမိမိရဲ့ ဝစီကြောင့် သတ္တဝါတစ်ကောင် သေကြေပျက်စီးမှာကို လိုလားတော် မမူကြဘူး။ မိမိ အသက်ကိုပဲ အသေခံကြမှာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော်တွေးတာ နည်းနည်း လွဲသွားပါတယ်ဘုရား။ ပြောလိုက်ရင် ကြိုးကြာကို သူကသတ်တော့မှာ သေချာတယ်။

ဆရာတော် ။ ။ ဒါနဲ့ သူရိုက်နှက်တဲ့ဒဏ်ကြောင့် မထေရ်မြတ်ကြီးလဲကျပြီး ပါးစပ်ကနေ သွေးတွေ ယိုစီးကျလာပါတယ်။ ကြိုးကြာက သွေးသောက်ဖို့ ရောက်လာ တယ်။ ကျောက်သွေးသမားရဲ့ ဒေါသက သူအလှမွေးထားတဲ့ ကြိုးကြာ ဘက်ကိုရောက်သွားပြီး ကန်ပစ်လိုက်တာ ကြိုးကြာ နေရာမှာတင် သေသွားပါ တော့တယ်။ ရဟန္တာမထေရ်မြတ်ကြီးက သေနေတဲ့ ကြိုးကြာဗိုက်ထဲမှာ ပတ္တမြားရှိတယ်လို့ မိန့်တော်မူလို့ ဗိုက်ခွဲပြီး ပတ္တမြားပြန်ရတယ်။

MA ဦးဇင်း ။ ။ ကြိုးကြာသာမသေခဲ့ရင် မထေရ်မြတ်ကြီး အသေခံမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ပရိနိဗ္ဗာန်စံတဲ့အထိ မိန့်ကြားတော်မှာမဟုတ်ဘူး ဦးဇင်း။ ပတ္တမြားပြန်ရတဲ့ ကျောက်ထွင်းသမားက မပျော်နိုင်ပါဘူး။ သူ နောင်တရဲ့ သားကောင် ဖြစ်သွားပါတယ်။ ဒါကြောင့် သွေးအိုင်ထဲ လဲကျနေတဲ့ မထေရ် မြတ်ကြီးကို ပွေ့ချီထူမပြီး မျက်ရည်စက်လက်နဲ့ ပြုစုပါတယ်။ ပြီးတော့ "ခမထ ဘန္တေ"လို့ အထပ်ထပ် တောင်းပန်ပါတယ်။ တပည့်တော်အိမ်ကို ထိုင်ဆွမ်း ကြွမြဲကြွတော်မူဖို့လည်း လျှောက်ပါတယ်။ မထေရ်မြတ်ကြီးက အိမ်ထဲ အထိဝင်ပြီး ထိုင်ဆွမ်း ခံရခြင်းရဲ့အပြစ်ကို ဆင်ခြင်တော်မူပြီး ခြေသလုံးကို အရင်းအနှီးပြုပြီး အိမ်ရှေ့၊ အိမ်ရှေ့တံခါးဝမှာ ရပ်ပြီး ဆွမ်းခံပါတော့မယ် ဒကာကြီးလို့ မိန့်ကြားတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ မှတ်သားစရာကောင်းပြီး ကြည်ညိုသဒ္ဓါပွားရပါတယ်ဘုရား။ ကျေးဇူး တင်ပါတယ်ဘုရား။

## လျှာအလိုလိုက်မိပြီး ဒုက္ခရောက်ရှာသည့်ရဟန်း

MA ဦးဇင်း ။ ။ အခုလို ဆွမ်းခံခြင်းကြောင့် အပြစ်သင့်ခဲ့တဲ့သာဓကများ နောက်ထပ်ရှိပါ သေးသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ ရဟန်းတစ်ပါးအကြောင်း သတိရလာတယ်။ သူရဲ့ဘွဲ့ အမည်က သုန္ဒရလို့ ခေါ်တယ်။ သူ့နာမည် အပြည့်အစုံကတော့ သုန္ဒရသုဒ္ဒ လို့ ခေါ်ပါတယ်။ သုန္ဒရဆိုတော့ မောင်လှပေါ့၊ ဦးဇင်းလှလို့ခေါ်ရင်လည်း ရပါတယ်။

MA ဦးဇင်း ။ ။ ဦးဇင်းလှလို့တော့ သိရပါပြီဘုရား။ သုဒ္ဒက ဘယ်လိုအဓိပ္ပာယ် ရတာ ပါလဲဘုရား။

ဆရာတော် ။ ။ သူ့ရဲ့မျိုးနွယ်ကို ဖော်ပြတာပါ။ ဇာတ်နိမ့် သုဒ္ဒမျိုးလို့ ခေါ်တာပါ။ အင်္ဂလိပ်လို ပြောရင် Lower caste ကို ပြောတာပါ။ သူက ဘုရားကြည်ညိုပြီး ရဟန်း ဝတ်လာတဲ့ အမျိုးကောင်းသားလေးပါ။ ရဟန်းဖြစ်သွားတဲ့ သားလေးကို သတိရတိုင်း ငိုနေကြတဲ့ မိဘတွေကို ကချေသည် မိန်းကလေးတစ်ယောက် က မြင်လို့ ဘာကြောင့်ငိုနေကြတာလဲလို့ မေးတယ်။ မိဘတွေကလည်း သား ရဟန်းပြုသွားတာကြောင့် သားကိုသတိရတိုင်း လွမ်းလို့ ငိုနေတာလို့ ပြောပြတယ်။

MA ဦးဇင်း ။ ။ ကချေသည်မက မေးတာပါလား။ သူဘာလုပ်ပေးမှာပါလဲဘုရား။

ဆရာတော် ။ ။ သူပြောနေတာက သုန္ဒရကို လူထွက်အောင်လုပ်ပြီး အိမ်ခေါ်လာပေးရင် သူ့ကို ဘာဆုပေးမလဲလို့ မေးတယ်။ မိဘတွေကလည်း "နင်သာငါတို့ရဲ့

---

၁။ ဓမ္မပဒအဋ္ဌကထာ အတွဲ-၂၊ မဏိကာရကုလုပက တိဿထေရ်ဝတ္ထု (နှာ-၂၂)

သားကို လူထွက်အောင် လုပ်ပေးနိုင်ရင် နင်နဲ့ လက်ထပ်ပေးမယ်"လို့ ကတိကဝတ် လုပ်လိုက်ကြတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ရဟန်းဘဝရောက်သွားတာ တော်တော်ကြီး အန္တရာယ်တွေ့တော့မှာပါလား ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါနဲ့ ကချေသည်မက အလုပ်လက်ခံလိုက်တယ်။ ပြီးတော့ ဦးဇင်းလှ အခုဘယ်မှာလဲ။ သူ ဘာစားစရာတွေကို ကြိုက်တတ်သလဲ။ ဘယ်လို အရသာကို ပိုလို့ နှစ်သက်သလဲ စသည်အားဖြင့် အသေးစိတ် မေးမြန်းစုံ စမ်းပြီးတော့ လမ်းစရိတ်၊ ရိက္ခာဖိုးငွေတွေတောင်းပြီး အပေါင်းအဖော်တွေ ခေါ်ပြီးတော့ ချွေးမလောင်းက သာဝတ္ထိကနေ ဦးဇင်းလှရှိရာ ရာဇဂြိုဟ်ကို ခရီးထွက်ကြတယ်။

MA ဦးဇင်း ။ ။ သူက ဦးဇင်းကို မျှားတော့မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သူတို့ ရာဇဂြိုဟ်ကိုရောက်ပြီးတော့ ဦးဇင်းလှနေတဲ့ကျောင်း၊ သူ့ရဲ့ ဆွမ်းခံရာလမ်းတွေကို ပထမစုံစမ်းကြတယ်။ ပြီးမှ ဦးဇင်းနေ့စဉ် ဆွမ်းခံကြွရာလမ်းက ဘုံခုနစ်ဆင့်ရှိတဲ့ အိမ်ကောင်းကောင်းတစ်လုံးကို ငှားတယ်။ နောက်ရက်ကစပြီး ဦးဇင်းလေး ဆွမ်းခံကြွလာတဲ့အခါမှာ အလွန် ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာနဲ့ ဦးဇင်းကြိုက်တတ်တဲ့ အစားအစာတွေကို လေးလေးစားစား ရိုရိုသေသေနဲ့ သပိတ်ထဲလောင်းလှူပြီး ရင်းနှီးမှုကို အရင် ရအောင်ယူတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သူ့အကြံက ကြီးလွန်းပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သူက သူ့ချွေးမဖြစ်ရေးအထိ မျှော်မှန်းထားတာကိုး။ ဦးဇင်း ကလည်း တစ်အိမ်တည်းကနေ သူကြိုက်တတ်တဲ့ ဆွမ်းဘောဇဉ်တွေကို ပြည့်ပြည့် စုံစုံရနေတယ်။ ဒီတော့ သူလည်း တခြားအဝေးကြီးကို ဆွမ်းခံသွား စရာ မလိုတော့ဘူးပေါ့ ဦးဇင်း။ ဒီလိုနဲ့ရင်းနှီးလာတော့ "တပည့်တော်ဆွမ်းဟင်း မကျက်သေးလို့ အိမ်ထဲဝင်ပြီး ခဏ စောင့်တော်မူပါဘုရား"လို့လျှောက်တယ်။

MA ဦးဇင်း ။ ။ ဦးဇင်းလှက ဆွမ်းခံလမ်းပေါ်ကနေ ကချေသည်မရဲ့ အိမ်ထဲရောက်ပြီး ထိုင် ဆွမ်း ဖြစ်လာတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒီလိုနဲ့ပဲ ကချေသည်မကလေးက တစ်နေ့ပြီးတစ်နေ့ စားသောက် ဖွယ်ရာအမျိုးမျိုးနဲ့ မြူဆွယ်ပြီး ခေါ်လာလိုက်တာ အိမ်အပေါ်ထပ် ဘုံခုနစ်ဆင့် ပေါ်အထိ ဦးဇင်းလှ ရောက်လာတော့တယ်။

MA ဦးဇင်း ။ ။ ဦးဇင်းလှက အန္တရာယ်ကို မရိပ်မိသေးဘူးလားဘုရား။

ဆရာတော် ။ ။ သူက အစားအစာပေါ်မှာ ခုံမင်မိပြီး ကျန်တာကို အမှတ်မထားမိဘူးနဲ့ တူပါတယ်။ ဘုံခုနစ်ဆင့်ပေါ်ကို ဦးဇင်းရောက်ပြီဆိုတာနဲ့ ကချေသည်မ ကလေးက မိန်းမတို့ရဲ့ မာယာတွေကို အပြည့်အဝထုတ်သုံးပြီး အမျိုးမျိုး

ဖြားယောင်းတာကို ခံရတော့မှ” ကြည့်စမ်း ရသတဏှာရဲ့ ဆွဲဆောင်မှုကြောင့် ဆွမ်းခံဝတ်ကို ပယ်ခွာလိုက်မိတာ ငါ့အမှားကြီးမှားပါပကော”လို့ ဦးဇင်းလှ သတိတရားဝင်လာပြီး ထိတ်လန့် တုန်လှုပ်နေပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဦးဇင်းလှ လူထွက်ပြီး ကချေသည်မနဲ့ အိမ်ထောင်ကျသွားသလားဘုရား။

ဆရာတော် ။ ။ မကျပါဘူး။ ဦးဇင်းလှ ထိတ်လန့်တုန်လှုပ်နေတာကို ဘုရားရှင်သိတော်မူလို့ ဇေတဝန်ကျောင်းကနေ တန်ခိုးတော်နဲ့ တရားဟောပေးတော်မူပါတယ်။ ဒေသနာအဆုံးမှာတော့ ဦးဇင်းလှ ရဟန္တာဖြစ်တော်မူပြီး အဘိညာဉ်တန်ခိုးနဲ့ ခေါင်မိုးကနေ ထွက်ပြေး လွတ်မြောက်တော်မူခဲ့ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အိမ်စဉ် ဆွမ်းခံတဲ့ကျင့်ဝတ် ပျက်ပြီးတော့ လောလုပ္ပတဏှာရဲ့ အပြစ်ကို နားလည်ပါပြီဘုရား။

## ဆွမ်းကို လှူလောင်းသည့် သိကြားမင်း

MA ဦးဇင်း ။ ။ အရှင်မဟာကဿပမထေရ်က ဓူတင်အရာ ထိပ်တန်းဖြစ်တော်မူတဲ့အတွက် ဒီသပဒါနစာရိကဓူတင်ကိုလည်း အမြဲ ဆောင်တော်မူတယ် ထင်ပါတယ် ဘုရား။

ဆရာတော် ။ ။ ဓူတင် ၁၃ ပါးလုံးကို ဆောင်တော်မူပါတယ် ဦးဇင်း။ အရှင်မဟာကဿပမထေရ်မြတ်ကြီးအကြောင်း သတိရလို့ ပြောပြဦးမယ်။ အရှင်မြတ်ကြီး နိရောဓသမာပတ်မှ ထတော်မူပြီး ဆင်းရဲသားတွေကို ချီးမြှောက်လိုတဲ့ဆန္ဒနဲ့ မြို့အစွန်က ဆင်းရဲသားရပ်ကွက်ထဲကို ဆွမ်းခံဖို့ ကြွလာတော်မူပါတယ်။

MA ဦးဇင်း ။ ။ ဆင်းရဲသားတွေကို ချီးမြှောက်ပေးလိုတဲ့အတွက် ဆွမ်းခံကြွတော်မူတာကို ကြည်ညိုပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ မိမိအိမ်ရှေ့ကို သံဃာတော်များ ဆွမ်းခံ ကြွတော်မူတယ်ဆိုတာ ကိုယ့်ကို ချီးမြှောက်တာနော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒီအခွင့်အရေးအထူးကို စောင့်မျှော်နေတဲ့သူ တစ်ယောက်ရှိနေတယ်။ ဘယ်သူလဲဆိုတော့ သိကြားမင်းနဲ့ မိဖုရားသုဇာတာတို့ပါပဲ။ သူတို့က အရှင်မြတ်ကြီး ကြွလာရာလမ်းမှာ အလွန်ကို ဆင်းရဲမွဲတေနေတဲ့ လူအို လင်မယားနေတဲ့ တဲငယ်တစ်လုံးကို ဖန်ဆင်းလိုက်တယ်။ ပြီးတော့ အိုကြီးအိုမ ရက်ကန်းသည် လင်မယားပုံဟန်နဲ့ အရှင်မြတ်ကြီးကို ကြိုလင့်နေကြတယ်။

MA ဦးဇင်း ။ ။ အရှင်မြတ် ဆွမ်းရပ်တော်မူပါသလားဘုရား။

---

၁။ သုန္ဒရသုဒ္ဒတ္ထေရဂါထာဝဏ္ဏနာ၊ သတ္တကနိပါတ်၊ ထေရဂါထာအဋ္ဌကထာ (နှာ-၁၂၃)

ဆရာတော် ။ ။ အရှင်မဟာကဿပမထေရ်မြတ်က အိမ်စဉ်ကြွမှာဖြစ်ပါတယ်။ မထေရ်မြတ် ရှေ့မှာ ဦးဆုံးတဲအိမ် တွေ့တော်မူတာကတစ်ကြောင်း၊ အလွန်နုံချာဆင်းရဲတဲ့ အဘိုးအို၊ အဘွားအိုတို့ကို မြင်တော်မူတာက တစ်ကြောင်းကြောင့် သူတို့ရဲ့ တဲရှေ့မှာ ဆွမ်းရပ်တော်မူပါတယ်။ အဘိုး၊ အဘွား လင်မယားကလည်း အရှင်မြတ်ရဲ့ သပိတ်ကို တဲထဲယူပြီး ဆွမ်းလောင်းထည့်လိုက်တာနဲ့ ဆွမ်း အနံ့က ပျံ့နှံ့ ကြိုင်လှိုင်သွားပါတော့တယ်။

MA ဦးဇင်း ။ ။ အရှင်မြတ်ကြီးက သူဆင်းရဲဟန်ဆောင်ထားတဲ့ သိကြားမင်းမှန်း သိတော်မူပြီ လားဘုရား။

ဆရာတော် ။ ။ ဒီလိုဆင်းရဲသားက ဒီလောက်ကြီး ဆွမ်းတွေကောင်းနေတာကို အရှင်မြတ်ကြီး အံ့အားသင့်ပြီး ဆင်ခြင်တော်မူလိုက်တော့ သိကြားမင်းအဖြစ်ကို သိတော် မူပါတယ်။ ဒါနဲ့ 'အသင်သိကြားမင်း သင်သည် ဆင်းရဲသားအား ချီးမြှောက်မဲ့ ကောင်းကျိုး စည်းစိမ်ကို လုယူဘိ၏'လို့ အပြစ်တင်စကား မိန့်တော်မူ လိုက်ပါတယ်။ ဒါကို သိကြားမင်းက 'အရှင်ဘုရား တပည့်တော်သည်လည်း ဆင်းရဲလှပါ၏' လို့ ပြန်လျှောက်တယ်။

MA ဦးဇင်း ။ ။ သိကြားမင်းက နတ်တို့ရဲ့ဘုရင်ဖြစ်ပါလျက် ဘာကြောင့် ဆင်းရဲတယ်လို့ လျှောက်တာပါလဲဘုရား။

ဆရာတော် ။ ။ သူက 'တပည့်တော်သည် ဘုရားမပွင့်မီ သာသနာပအခါက ပြုခဲ့သော ကောင်းမှုကြောင့် သိကြားမင်း ဖြစ်လာခဲ့ပါ၏။ သို့ဖြစ်လင့်ကစား ယခု ဘုရား သာသနာတော်တွင်းမှာ ပြုခဲ့ကြသောကောင်းမှုကြောင့် ဖြစ်လာသော နတ်များ လောက် တန်ခိုးက္ကဒ္ဓိပါဒ်မရှိပါ။ ထိုနတ်များနဲ့ယှဉ်လျှင် တပည့်တော်၏ တန်ခိုး အရှိန်အရောင်သည် အလွန်ပင် နိမ့်ကျပါသည်ဘုရား'လို့ လျှောက်ပါတယ်။[၁]

MA ဦးဇင်း ။ ။ အရှင်မဟာကဿပမထေရ်မြတ်ကြီး နိရောဓသမာပတ်မှ ထတော်မူတာကို သိကြားမင်းက ဘယ်လိုသိတာပါလဲဘုရား။

ဆရာတော် ။ ။ ဒီမေးခွန်းကို သံဃာတော်များက မေးလျှောက်ကြလို့ ဘုရားရှင် ဖြေကြား တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ မှန်ပါ၊ အဖြေကို သိပါရစေဘုရား။

ဆရာတော် ။ ။ ဘုရားရှင်က 'အရှင်မဟာကဿပ၏ ဖြူစင်သော အကျင့်သီလအနံ့သည် အထက်နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် ပျံ့နှံ့ မွှေးကြိုင်သဖြင့် သိကြားမင်း ကိုယ်တိုင် ဆွမ်းလောင်းလှူရတယ်' လို့ မိန့်ကြားတော်မူပါတယ်။[၁]

၁။ (၁၀) မဟာကဿပတ္ထေရပိဏ္ဍပါတဒိန္နဝတ္ထု၊ ပုပ္ဖဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၇၀)

## မဘူဦးပေးဘဲ စွန့်ပစ်လျှင် ဓုတင်မပျက်ပါ

MA ဦးဇင်း ॥ ॥ တပည့်တော် စဉ်းစားနေတာ တစ်ခုရှိတယ်ဘုရား။ အသက်အရွယ်ကြီးရင့်တော်မူတဲ့ ဓုတင်ဆောင်ရဟန်းအတွက် ကျန်းမာရေးနဲ့ မညီညွတ်တဲ့ ဆွမ်းဟင်းကို မခံယူဘဲနဲ့ ကျော်သွားမယ်ဆိုရင် ဓုတင်ပျက်ပါသလားဘုရား။

ဆရာတော် ॥ ॥ ဒါနဲ့ စပ်မိလို့ ပြောပြဦးမယ်နော်။ နွေအခါမှာ သိုးပြီးအနံ့ထွက်နေတဲ့ ဟင်းတွေကို သပိတ်ထဲလောင်းတာ ဘုန်းကြီးကိုယ်တိုင် ကြုံဖူးတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ အဲဒါမျိုးကို မခံယူရင် ရပါသလားဘုရား။

ဆရာတော် ॥ ॥ သပဒါနစာရိကဓုတင်ကို ဆောင်တော်မူတဲ့ရဟန်းအနေနဲ့ အိမ်ရှေ့ရပ်လို့လောင်းတာကို တားမြစ်ရင်ဖြစ်စေ၊ မကောင်းတဲ့ ဆွမ်းဘောဇဉ်လောင်းတဲ့အိမ်တို့ နည်းနည်းပါးပါးလောက်ပဲ လောင်းတဲ့အိမ်ကို ကျော်သွားမယ်ဆိုရင် ဓုတင်ပျက်ပါတယ်။

MA ဦးဇင်း ॥ ॥ မကောင်းတာကို ရှောင်ပြီး ကောင်းတာခံယူဖို့ ဆွမ်းခံအိမ်ရှာသလို ဖြစ်နေတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ မကောင်းတာကို ရှောင်၊ နည်းတာကိုရှောင်ပြီး များတာကိုခံယူဖို့ ဆွမ်းခံအိမ် ရှာမယ်ဆိုရင်တော့ ဓုတင်ပျက်တယ်လို့ ဝိနိစ္ဆယကျမ်းတွေက ဆိုထားပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် မတည့်တာကိုရော၊ သိုးနေတာကိုပါ ခံယူရတော့မှာပါလားဘုရား။

ဆရာတော် ॥ ॥ စောစောကပြောခဲ့သလို ထန်းတပင်ရွာထဲ ဆွမ်းခံတာက ဘုန်းကြီးတစ်ပါးတည်း မဟုတ်ဘူး။ နဘူးကျောင်း ဆရာတော်ကြီးလည်း ကြွတော်မူတယ်။ မဟာမြိုင်ဆရာတော် ဦးဇောတိကလည်း ကြွတော်မူပါသေးတယ်။

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီးများက သပဒါနစာရိကဓုတင် ဆောင်တော်မူတာပါလားဘုရား။

ဆရာတော် ॥ ॥ ဘယ်သိမလဲ ဦးဇင်းရယ်။ ဘုန်းကြီးမသိဘူး။ အဲဒီနေ့က ရွာထဲဆွမ်းခံရောက်တာ ဘုန်းကြီးက ဦးဆုံးဖြစ်နေပါတယ်။ ဆွမ်းလောင်းမဲ့ ဒကာမကြီးလက်ထဲ ဆွမ်းဇလုံတစ်လုံးနဲ့ ဆွမ်း ဟင်းခွက် သုံးခွက် တင်ထားတယ်။ ဘုန်းကြီးကို တစ်ခွက်လောင်းလိုက်တော့ သိုးနေတဲ့ဟင်းနှစ်ခွက် သူ့လင်ပန်းထဲကျန်ခဲ့တယ်။

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီးများ ဆွမ်းခံကြွတာ အချိန်မတူဘူးလားဘုရား။

ဆရာတော် ॥ ॥ အရုဏ်တက်ပြီးတာနဲ့ ရှေ့နောက် ကိုယ်စီ၊ ကိုယ်စီ ထွက်တော်မူကြတာပါ။ ရွာထဲကိုလည်း ၅ မိနစ်၊ ၁၀ မိနစ်လောက်ပဲခြားပြီး ဝင်ရပါတယ်။

MA ဦးဇင်း ॥ ॥ ဆွမ်းလောင်းတဲ့ ဒကာမကြီးက သူလောင်းမဲ့ဟင်း သိုးနေမှန်း မသိဘူးလားဘုရား။

ဆရာတော် ။ ။ အသက်ကြီးလို့နဲ့ တူတယ်၊ သိပ်ဟန်မတူဘူး။ မှတ်မှတ်ရရ ဘုန်းကြီး ဆွမ်းမဘုဉ်းနိုင်ခဲ့တဲ့ နေ့တစ်နေ့ပါပဲဘုရား။

MA ဦးဇင်း ။ ။ ဟင်းနဲ့ကြောင့်လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သပိတ်ဖွင့်တာနဲ့ အနံ့က နှာခေါင်းထဲ တန်းဝင်လာတော့ ဘယ်လိုမှ ဆွမ်းစားမဝင်တော့ဘူး။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးများလည်း အခက်အခဲ ရှိမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အဲဒါပြောမလို့ပါဘုရား။ ညနေပိုင်းဆရာတော်ကြီးကို ဘုန်းကြီးကြုံခဲ့တဲ့ အခက်အခဲကို လျှောက်လိုက်တော့ ဆရာတော်ကြီးက စဉ်းစားပြီး နားထောင်တော်မူတယ်။ ပြီးတော့ 'ဒီမနက် ထန်းတပင်ရွာက လောင်းလိုက်တဲ့ဆွမ်းဟင်းသိုးတာ သတိမထားမိလိုက်ဘူး'လို့ မိန့်တော်မူလိုက်တော့ ဘုန်းကြီး ရှက်လိုက်တာ။ ဒီကနေ့အထိ တွေးမိရင် ရှက်နေတုန်းပါ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးများရဲ့ ကျင့်စဉ်က အံ့ဩစရာပါပဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး မိန့်တော်မူတာက အခုလိုအခက်အခဲဖြစ်ရင် ဆွမ်းခံအကျင့်မဖျက်ရဘူးတဲ့။ ဆွမ်းခံပျက်ရင် ဓူတင်ပျက်တတ်တယ်။ ခံလို့ရလာတဲ့ဆွမ်းက ကျန်းမာရေးအရ အဆင်မပြေရင်တော့ စွန့်ပစ်ရင် အပြစ်မရှိဘူးလို့ သင်ကြားပေးတော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ဆွမ်း၊ ဆွမ်းဟင်းကို စွန့်ပစ်ခြင်းကြောင့် ဓူတင်မပျက်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ မပျက်ပါဘူး။ နောက်တစ်ရက်မနက် ဆွမ်းခံဝင်တော့ နောက်တစ်အိမ်က ဆွမ်းဟင်းသိုးနေတာနဲ့ ကြုံပြန်ရော။ ဒါနဲ့ ဘုန်းကြီးလည်း မတတ်နိုင်ဘူး။ သပိတ်ဖုံး ပိတ်ထားလိုက်တယ်။

MA ဦးဇင်း ။ ။ အဲဒီလို ဆွမ်းဟင်းကို မခံယူရင် ဓူတင်မပျက်ပါလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး ဓူတင်မဆောင်ထားဘူးလေ ဦးဇင်း။ ဓူတင်မဆောင်ထားမှတော့ ဓူတင်ပျက်စရာ ဘယ်ရှိတော့မလဲဘုရား။ အမြတ်စားဥက္ကဋ္ဌ သပဒါနစာရိကဓူတင် ဆောင်တော်မူတဲ့ ထေရ်ရှင်များက မကြိုက်တဲ့ဆွမ်းကို အကြောင်းပြုပြီး သပိတ်ဖုံးကို ဘယ်ပိတ်မလဲ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ သာဓကတစ်ခု သတိရလာတယ်။ အရှင်မဟာကဿပမထေရ်မြတ်ကြီး အိမ်စဉ်ဆွမ်းရပ်တော်မူရင်း ကုဋ္ဌနူနာသည်ရဲ့ အိမ်ရှေ့ကို ရောက်တော်မူတယ်။

MA ဦးဇင်း ။ ။ အနူသည်က ဆွမ်းလောင်းပါသလားဘုရား။

ဆရာတော် ။ ။ ဆွမ်းထွက်လောင်းတယ်။ ဆွမ်းလောင်းနေတုန်းမှာပဲ သွေးပြည်တွေယိုစီးပြီး ပုပ်ပွဆွေးရိနေတဲ့ လက်ချောင်းတစ်ချောင်းက သပိတ်ထဲ ပြုတ်ကျကျန်ရစ်ခဲ့တယ်။

MA ဦးဇင်း ။ ။ အံ့ဩစရာပါပဲဘုရား။

ဆရာတော် ။ ။ မထေရ်မြတ်ကြီးက အနူသည်ကြီးကို ချီးမြှောက်တော်မူတဲ့အနေနဲ့ သူ့အိမ်ရှေ့မှာပဲ ဆွမ်းဘုဉ်းပေးတော်မူပါတယ်။

MA ဦးဇင်း ။ ။ အနူသည်ရဲ့ သပိတ်ထဲက လက်ချောင်းက ဘယ်ရောက်သွားသလဲဘုရား။

ဆရာတော် ။ ။ မထေရ်မြတ်ကြီး သပိတ်ထဲပါလာတဲ့ လက်ချောင်းအပြတ်ကလေးကို ဘေးနားဖယ်ထားပြီး မရွံမရှာ မြိန်မြိန်ရှက်ရှက် ဆွမ်းဘုဉ်းတော်မူပါတယ် ဦးဇင်း။ သိုးတဲ့ဟင်း လောင်းမှာစိုးရိမ်လို့ သပိတ်ဖုံးကို ဘယ်ပိတ်မလဲ ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ တော်ရုံဖြစ်ခဲတဲ့ ဖြစ်စဉ်ကြီးပါဘုရား။

ဆရာတော် ။ ။ ဘုရားရှင် အဆုံးအမတရားတွေ ကမ္ဘာမြေပေါ်မှာ ရှိနေသရွေ့ အဖဘုရား အလိုတော်ကျ ကျင့်တော်မူကြတဲ့ ရဟန်းတော်များ ရှိပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဒီကနေ့ခေတ်မှာလည်း ရှိတာပါလားဘုရား။

ဆရာတော် ။ ။ မြန်မာနိုင်ငံ သာသနာတော်မှာကို ရှိပါတယ်။

MA ဦးဇင်း ။ ။ ဖြစ်စဉ်ကို ကြည်ညိုပါရစေဘုရား။

ဆရာတော် ။ ။ ဘုန်းတော်ကြီးဦးသီလ ပဲခူးနယ်မှာ သီတင်းသုံးတော်မူစဉ်ကာလက ဖြစ်စဉ်ပြောပြမယ်နော်။ ဆရာတော်ကြီးအနားမှာ ကုဋ္ဌနူနာဝေဒနာရှင်တစ်ယောက် ကပ္ပိယအဖြစ် နေပါတယ် ဦးဇင်း။ ဆရာတော်ကြီး ပိဏ္ဍပါတ်ခရီးတင် ကြွတော်မူပြီး ပြန်ရောက်လာရင် ဆွမ်းသပိတ်ကို ကပ္ပိယကြီးလက်ထဲ ပေးတော်မူတယ်။

MA ဦးဇင်း ။ ။ ဘာကြောင့် နူနာရောဂါသည်ကို သပိတ်ပေးတော်မူတာပါလဲဘုရား။

ဆရာတော် ။ ။ ကပ္ပိယကြီးက ဆွမ်းသပိတ်ထဲ ရေလောင်းထည့်ပြီးတော့ ဆွမ်းကို ခပ်သွက်သွက်ဖြစ်လာအောင် လက်နဲ့ နယ်ဖတ် ပြင်ဆင်ပေးရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ပြီးမှ နူနာရောဂါသည်က ဆရာတော်ကြီးထံပါး ဆွမ်းကပ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ တစ်နေ့ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ "ဟဲ့ကပ္ပိယကြီး နင့်လက်ချောင်း အစေ့ရှိသေးရဲ့လား" လို့ မေးတော်မူတယ်။ ကပ္ပိယက "တပည့်တော်လက်သန်းကလေး ပြုတ်ပြီး ဆွမ်းထဲပါသွားတယ် ထင်ပါတယ်ဘုရား"လို့ လျှောက်တယ်။ သူ့လက်ချောင်းတွေက နူနာရောဂါကြောင့် သွေးတွေပြည်တွေနဲ့ ဆွေးနေတာမို့ ဆွမ်းနယ်တုန်း ပြတ်ပြီးပါသွားတာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးများရဲ့ စိတ်ဓာတ်တော်က အံ့သြကြည်ညိုမဆုံးပါဘုရား။ တပည့်တော် တော်တော်ကြီးကို ကြိုးစားရမှာပါဘုရား။

---

၁။ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများနှင့်

* စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ရေးသားတော်မူသည့် ပထမထွဋ်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း (နှာ-၃၄) ၁၉၇၈ ခုနှစ်၊ တတိယအကြိမ်တို့ကို မှီငြမ်းပါသည်။

၂။ ဗိုလ်ကလေး အရှင်ပဏ္ဍိတ (ဓမ္မာရိယ၊ M.A, Dip in Eng. သီရိလင်္ကာ)၏ အရှင်မဟာကဿပထေရ်အသွင် ဆရာတော်ဦးသီလ ထေရ်အရှင် ရွှေကျင်နိကာယ တောရဘုန်းကြီးဦးသီလ၏ ခန္ဓာဝန်ချ ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း (နှာ-၉၃)

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ॥ ॥ သပဒါနစာရိကဓုတင်ဆောင် ရဟန်းတော်များမှာထဲက ဥက္ကဋ္ဌ၊ မဇ္ဈိမနဲ့ မုဒု တို့ရဲ့ ဂုဏ်ရည်ကိုလည်း သိပါရစေဘုရား။

ဆရာတော် ॥ ॥ အမြတ်စား ဥက္ကဋ္ဌဓုတင်ဆောင်တော်မူတဲ့ရဟန်းက မရောက်မီ ရှေ့အိမ်က ကြိုပြီး လာလောင်းတဲ့ ဆွမ်းကိုလည်း မခံယူရဘူး။ ကျော်သွားပြီးဖြစ်တဲ့ နောက်အိမ်ကနေ လိုက်လာပြီး လောင်းတဲ့ ဆွမ်းကိုလည်း မခံယူရဘူးဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ဒါဆိုရင် ဆွမ်းစားဇရပ်မှာ လှူတဲ့ဆွမ်းကို ခံယူခွင့် ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှေ့အိမ်က ကြိုလောင်းတာလည်း မရဘူး။ နောက်အိမ်က လိုက်လောင်းတာ လည်းမရဘူး။ ဆွမ်းစားဇရပ်ကို လိုက်လောင်းတာလည်း မရဘူးဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တော်တော်ခက်ခဲတဲ့ ဓုတင်ပါပဲဘုရား။

ဆရာတော် ॥ ॥ ရောက်ဆဲ အိမ်တံခါးရှေ့က သပိတ်တောင်းယူပြီး ဆွမ်း၊ ဆွမ်းဟင်းတွေ လောင်းလှူရင်တော့ ခံယူခွင့် ရှိပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ နောက်အိမ်၊ ရှေ့အိမ်တွေက ဆွမ်းလောင်းမမီလို့ ဆွမ်းစားဇရပ်မှာ လာလောင်းရင်လည်း မရဘူးဆိုတော့ နားမလည်တဲ့ ဒကာ ဒကာမနဲ့ဆိုရင် တော်တော်သဒ္ဓါပျက်လောက်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါ သာဓကေ တစ်ခု၊ နှစ်ခုရှိတယ်။ ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ သာဓကေနဲ့ဆိုရင် ပိုပြီး မှတ်မိလွယ်တာမို့ နာကြားပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ နဘူးကျင်းဆရာတော်ကြီးက ဓုတင်အကျင့်မြတ်ကို ကျင့်တော်မူရာမှာ ယနေ့ခေတ် တုနှိုင်းဖွယ်မရှိလောက်အောင် ဖြူစင်သန့်စင်တော်မူခဲ့တဲ့ အတွက် တပည့်အပေါင်းက သံဃပိတုအရာ ထားကြပါတယ်ဦးဇင်း။ ဆရာ တော်ကြီးက ဓုတင်ဘယ်နှစ်ပါးကို ဥက္ကဋ္ဌဆောင်တော်မူတယ်ဆိုတာ အနီးနေတပည့်များကတောင် မသိကြဘူး။ အလွန် သိုသိပ်တော်မူတယ်။

MA ဦးဇင်း ॥ ॥ ဆွမ်းက ဘယ်အချိန် ဘုဉ်းပေးတော်မူပါသလဲဘုရား။

ဆရာတော် ॥ ॥ ဆွမ်းခံပြန်ကြွလာပြီး ခြေဆေးပြီး ခေတ္တကလေးနားပြီးရင် ကျောင်းထဲဝင်ပြီး တံခါးမင်းတုပ်ချပြီး ဆွမ်းဘုဉ်းပေးတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘာ့ကြောင့်များ တံခါးမင်းတုပ်ချပြီး ဆွမ်းဘုဉ်းပေးရတာပါလဲဘုရား။

ဆရာတော် ॥ ॥ ရွာမှာ ဆွမ်းခံတုန်းက မမီလိုက်လို့ ကျောင်းကိုလာလောင်းရင် ဆရာတော်ကြီး ဓုတင်အကျင့်အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်လို့နဲ့တူပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ တံခါးပိတ်မထားရင် အနှောင့်အယှက် ရှိတတ်ပါသလားဘုရား။

၁။ (၂၇)၊ သပဒါနစာရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၅)

ဆရာတော် ॥ ॥ ရှိတတ်တယ် ဦးဇင်း॥ ရှိဖူးတယ်။ ဆရာတော်ကြီး လွန်တော်မမူခင် လေးလလောက်အလို တစ်မနက်က ဆွမ်းဘုဉ်းခါနီး တံခါးမင်းတုပ်ထိုးမယ်ဆိုတော့ "တံခါးစေ့ထားရင် ရပါပြီဘုရား။ တပည့်တော် အပြင်ဘက်က စောင့်ပါ့မယ်'လို့ ကပ္ပိယက လျှောက်တယ်။ ဒါနဲ့ကပ္ပိယက တံခါးနှစ်ချပ်စေ့ထားပြီး ကျောမှီပြီး စောင့်ရင်း စောင့်ရင်း အိပ်ပျော်သွားသတဲ့။ ဘယ်လောက်ကြာ အိပ်ပျော်သွားမှန်း မသိဘူး။ အခန်းထဲက ဆရာတော်ကြီး အသံကြားတော့မှ သူက လန့်နိုးလာတာတဲ့" ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီးက ကပ္ပိယကို ခေါ်လိုက်တာပါလားဘုရား။

ဆရာတော် ॥ ॥ မဟုတ်ဘူး ဦးဇင်း။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးတော်မူနေတဲ့ အခန်းထဲကို လူတစ်ယောက် ရောက်သွားတယ်။

ဆရာတော် ॥ ॥ ဖြစ်ပုံက ဒီလိုဦးဇင်း၊ ကပ္ပိယကတံခါးရွက်ကိုကျောမှီပြီထိုင်ရင်း ထိုင်ရင်း အိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ ကျောမမှီထားမိတဲ့ တံခါးတစ်ချပ်ကို အဲဒီလူက အသာလေးဖွင့်ပြီးတော့ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးတဲ့နေရာကို ဝင်သွားတာ။

MA ဦးဇင်း ॥ ॥ ဒီလူက ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးတဲ့နေရာကို ဘာလုပ်ဖို့များ ဝင်တာပါလဲဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီးကို မနက်က ဆွမ်းလောင်းချင်တာ မမီတော့လို့ ဆွမ်းဘုဉ်းအမီ ပြေးတက်လာတာတဲ့၊ အပေါ်ရောက်တော့ ကပ္ပိယအိပ်ပျော်နေတာ တွေ့တယ်တဲ့။ ဒါနဲ့သူပြောပြတာက 'ခင်ဗျား အိပ်ပျော်နေတာကို မနှိုးတော့ဘဲ၊ စေ့ထားတဲ့ တံခါးတစ်ချပ် အသာလှပ်ပြီး သပိတ်ထဲကို ထမနဲခဲ တစ်တုံးလောင်းလိုက်တာ လေဗျာ' တဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဒုက္ခပါပဲ။ ဆရာတော်ကြီး ဓူတင်ကျင့်စဉ်အတွက် အဆင်မပြေဖြစ်သွားမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဖြစ်တာပေါ့ ဦးဇင်း။ ဒါကြောင့် ဆရာတော်ကြီး 'ဟေ့ မောင်ညွန့်လှိုင် မင်းလာပါဦး။ ဘယ်လိုလုပ်တာတုံး' လို့ မိန့်တော်မူပြီးတော့ ဆွမ်းကို ဆက်မဘုဉ်းပေးတော့ဘဲ သပိတ်ကနေ လက်ကို ရုပ်သိမ်းတော်မူပါတယ်။ အသည်းရောဂါကြောင့် မမာမကျန်းဖြစ်တော်မူတဲ့ ဆရာတော်အဖို့ အဲဒီနေ့ မနက်ပိုင်း ဘုဉ်းပေးပြီးသမျှဆွမ်းနဲ့ပဲ တစ်နေကုန် ရောင့်ရဲတော်မူခဲ့ရပါတယ်။

MA ဦးဇင်း ॥ ॥ စိတ်မကောင်းစရာပါဘုရား။ ဆရာတော်ကြီးရဲ့ အကျင့်စရဏပိုင်းမှာ ဘယ်လောက် ထိခိုက်သွားသလဲဆိုတာ အဲဒီဒကာကြီး သိမယ်မထင်ပါဘူးဘုရား။

ဆရာတော် ။ ။ သူဘယ်သိမလဲ ဦးဇင်း။ အဲဒီကာလမှာ ဆရာတော်ကြီးက သပဒါနစာရိက ဓူတင် အမြတ်စားဆောင်တော်မူခဲ့မယ်ဆိုရင် အိမ်စဉ်ဆွမ်းခံတော်မူခဲ့ပါ လိမ့်မယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ အိမ်စဉ်ဆွမ်းခံတာပျက်ရင် ဓူတင်အတွက် အနှောင့်အယှက်ဖြစ်တာ ပါလားဘုရား။

ဆရာတော် ။ ။ ဦးဇင်းမေ့သွားပြီလား။ ရှေ့အိမ်က ကြိုပြီးလောင်းတာလည်း မရဘူး။ နောက် အိမ်က လိုက်လောင်းတာလည်း မရဘူး။ ဆွမ်းစားဇရပ်ကို လိုက်လောင်း တာလည်း မရဘူးလေ။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဆွမ်းလောင်းဇရပ်လိုမျိုး ရွာကသတ်မှတ်ထားတဲ့နေရာမှာ လူတွေ တန်းစီပြီး လောင်းတာကို ခံယူခွင့် ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ နဘူးကျောင်းဆရာတော်ကြီးက သပဒါနစာရိကဓူတင် အမြတ်စား ဆောင်တဲ့ ရဟန်းအနေနဲ့ ရွာစဉ်မကျော်ရဘူး။ အိမ်စဉ်မကျော်ရဘူး။ လူစဉ် မကျော်ရဘူးလို့ ဆုံးမတော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ရောက်ဆဲနေရာမှာ လူတွေကသပိတ်တောင်းယူပြီး ဆွမ်း၊ ဆွမ်းဟင်းတွေ လောင်းလှူရင် ရပါသလားဘုရား။

ဆရာတော် ။ ။ ရတယ်။ ခံယူခွင့် ရှိပါတယ်ဦးဇင်း။ စောစောက ဆရာတော်ကြီး ကြုံခဲ့ရတဲ့ ဖြစ်စဉ်ကိုကြည့်ရင် ထမနဲတစ်တုံးကို ဒကာက ဘာပြောပြီးလောင်းမှန်းမသိဘူး။ ဒါကို ပယ်မြစ်တော်မူမယ်၊ ပြီးတော့ ပဝါရိတ်အင်္ဂါလည်း ပြည့်စုံရင် ဝိနည်း အာပတ်ရှိတယ်။ လက်ခံရင် ဆရာတော်ကြီး မြတ်မြတ်နိုးနိုး ဆောင်တော်မူ ထားတဲ့ ဆွမ်းဓူတင်တစ်ပါးပါးမှာ သွားပြီး အနှောင့်အယှက် ဖြစ်ပါလိမ့်မယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် အကောင်းဆုံး ဘာလုပ်သင့်ပါသလဲဘုရား။

ဆရာတော် ။ ။ ဒါက အခြေအနေ အရပ်ရပ်ပေါ် မူတည်ပါလိမ့်မယ်။ ဆရာတော်ကြီးက ဆွမ်း မဘုဉ်းတော့ဘဲ သပိတ်ကနေ လက်ကို ရုပ်သိမ်းတော်မူပါတယ်။ ဒါက ဆရာတော်ကြီးအနေနဲ့ အသင့်တော်ဆုံးအဖြစ် ဆုံးဖြတ်တော်မူတာလို့ ထင်ပါတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးကို မေးလျှောက်ကြည့်တဲ့အခါ ဘယ်လိုမိန့်တော်မူပါသလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးထံပါး ဒီမေးခွန်းကို မေးလျှောက်ခွင့် မရလိုက်ပါဘူး။

MA ဦးဇင်း ။ ။ ဘာ့ကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ အသည်းရောဂါကို အကြောင်းပြုပြီး သေမင်းက ကျေးဇူးရှင်ဆရာတော်ကြီးကို တရွတ်တိုက် ဆွဲသွားလို့ပါ ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလို ပညာရှိဆရာတော်ကြီးတစ်ပါး ကွယ်ပျောက်သွားတာက ဓူတင် သာသနာတော်အတွက် အလွန်ပင် အားငယ်စရာ ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ လွန်ဆန်လို့မရတဲ့ ဓမ္မတာတရားပေါ့ ဦးဇင်း။ ဒီနေရာမှာ မှတ်သား ဖွယ်ရာ သင်ခန်းစာတစ်ခုက သဒ္ဓါလွန်ကဲ ပညာမဲ့တဲ့သူတစ်ယောက်ရဲ့ လုပ်ရပ် ကြောင့် ကြီးစွာသော ဓမ္မန္တရာယ် ကြုံရပါသော်လည်း သူတော်ကောင်းကြီး များက ခန္တီကိုသာ လက်ကိုင်ထားပြီး သည်းခံကြရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သပဒါနစာရိကစူတင်ကို ဥက္ကဋ္ဌအဖြစ် ဆောင်တော်မူတဲ့ ရဟန်းတစ်ပါး အကြောင်း သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ ဘယ်မှာ စူတင်ဆောင်တော်မူနေတဲ့ ရဟန်းတော်ပါလဲဘုရား။

ဆရာတော် ။ ။ ထန်းတပင်တောရမှာပါပဲ။ ဆွမ်းခံတာလည်း ထန်းတပင်ရွာမှာပါပဲ။

MA ဦးဇင်း ။ ။ ဘယ်တုန်းက အဖြစ်အပျက်ပါလဲဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီး သက်ရှိထင်ရှား ရှိစဉ်ကာလကဆိုတော့ ကာလ အားဖြင့် ကြာခဲ့ပါပြီ။ ဆရာတော်ဘွဲ့က မှတ်မိနေသေးတယ်။ ဦးတိက္ခတဲ့။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး ဦးတိက္ခက အိမ်ရှေ့ကိုရောက်လို့ လောင်းတဲ့ဆွမ်းကိုပဲ ခံယူတော်မူ လေ့ရှိတယ်။ နောက်က လာလောင်းရင် သပိတ်အဖုံး ပိတ်လိုက်တယ်။ မရောက်သေးတဲ့ အိမ်ကလာလောင်းရင်လည်း သပိတ်အဖုံး ပိတ်လိုက် ပါတယ်။ ဒါနဲ့ အဲဒီနေ့မနက်က ဖြစ်ချင်တော့ ထန်းတပင်ရွာက မောင်ကြွက်က ဆွမ်းထွက်လောင်းတယ်။

MA ဦးဇင်း ။ ။ မောင်ကြွက်ဆိုတော့ ကလေးလားဘုရား။

ဆရာတော် ။ ။ ကလေးမဟုတ်ပါဘူး။ သူက ဆိုက္ကားနင်းတာထင်တယ်။ သူ့ဒကာမက ဆွမ်း မလောင်းအားလို့ သူထွက်လောင်းတာ။ ဘုန်းကြီးက သူ့အိမ်ရှေ့မှာ ရပ်တော် မူပြီးပြီ။ ဆွမ်းထွက်မလောင်းလို့ နောက်တစ်အိမ်ရှေ့ကို ကြွသွားပြီ။

MA ဦးဇင်း ။ ။ ဒကာမောင်ကြွက်က နောက်က လိုက်လောင်းတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဘုန်းကြီးက သပိတ်အဖုံး ဖွင့်ပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ ဘုန်းကြီးရပ်တဲ့အိမ်ရှေ့က လောင်းတာကို ဖွင့်ပေးတော်မူပါတယ်။ သို့သော် နောက်က လိုက်လာတဲ့ မောင်ကြွက် ဆွမ်းလောင်းမယ်လုပ်ခါရှိသေးတယ် သပိတ်အဖုံးကို ပိတ်လိုက်ပါတယ်။

MA ဦးဇင်း ။ ။ ဒကာကြွက် အိမ်ပြန်သွားသလားဘုရား။

ဆရာတော် ။ ။ မပြန်ဘူး။ ' ဒီဘုန်းကြီးက ဟိုကောင့်အိမ်က ဆွမ်းလောင်းတော့ သပိတ်အဖုံး ဖွင့်ပေးတယ်။ ငါလောင်းမဲ့ဆွမ်းကို အလောင်းမခံဘဲ သပိတ်ဖုံးပိတ်တာ နှစ်ခါရှိပြီ။ ဘာသဘောလဲ၊ ငါ့အိမ်ကဒကာမကြီး မအားလို့ ဆွမ်းလောင်းတာ နည်းနည်းလေး နောက်ကျတာကို စိတ်ဆိုးနေတာလား။ ဘုန်းကြီးဖြစ်ပြီး

ဒီလောက်ကလေးတောင်မှ စိတ်မရှည်ဘူးလား။ ငါ ဆိုက္ကားသမားအိမ်က ဆွမ်းမို့လို့ နှိမ်တာလား'လို့ လားပေါင်းများစွာနဲ့ တွေးပြီး ဒေါသထွက်နေသတဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဘုန်းကြီးဦးတိက္ခရဲ့ ဓူတင်အကျင့်ကို သူမသိလို့ နေမှာပါဘုရား။

ဆရာတော် ။ ။ ဦးဇင်းရယ်။ ဒီဓူတင်ဆိုတာမျိုးက အိမ်ရာထူထောင်ပြီးနေတဲ့ ဒီမောင်ကြွက်ခမျာ ဘယ်သိရှာမလဲ။ ဒါနဲ့ သူက ဘုန်းကြီးနောက်ကို မလိုက်တော့ဘူး။ ရွာထဲက ခနော်ခနဲ့ ခြံစည်းရိုးတွေ ကျော်ခွပြီး ဘုန်းကြီးရှေ့ရောက်အောင် ပြေးသွားပြီး လောင်းပြန်တယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးက သပိတ်အဖုံး ဖွင့်ပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ အမြတ်စားဓူတင်အရ သူ့ကိုသပိတ်ဖုံး ဖွင့်ပေးလို့ မရဘူးလေ။

MA ဦးဇင်း ။ ။ ဒကာကြွက် လက်လျှော့ပြီလားဘုရား။

ဆရာတော် ။ ။ မောင်ကြွက် ဘယ်လက်လျှော့မလဲ။ ဘုန်းကြီးရှေ့ ရွာလယ်လမ်းပေါ်မှာ သူ့လက်ထဲက ဆွမ်းပန်းကန်ကို အားကုန် ရိုက်ခွဲပစ်လိုက်ပြီး ပါးစပ်ကလည်း တွေ့ကရာ ပြောနေတော့တယ်။

MA ဦးဇင်း ။ ။ စိတ်ဆိုးနေတဲ့ ဒီဒကာကြွက်တော့ ခက်ပါပြီ။

ဆရာတော် ။ ။ ဒီသတင်းက ညနေစောင်းတော့ နဘူးကျောင်းဆရာတော်ကြီးထံပါး ရောက်သွားတယ်။ ဆရာတော်ကြီးက 'ဒီသပဒါနစာရိကဓူတင်ကို အမြတ်စားဥက္ကဋ္ဌ အဖြစ်ဆောင်ရတာ လူမုန်းများသား'လို့ မှတ်ချက် ပေးတော်မူဖူးတယ်။ ပြီးတော့ ဆက်မိန့်တော်မူတာကလည်း မှတ်သားစရာ ကောင်းတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ အမိန့်ရှိပေးတော်မူပါဘုရား။ မှတ်သားပါ့မယ်။

ဆရာတော် ။ ။ 'သပဒါနစာရိက ဓူတင်အမြတ်စားဆောင်တာကို ဒကာတွေ နားလည်ဖို့ ခက်ခဲလို့ သူတို့မှာ အကုသိုလ်ဖြစ်တတ်တယ်တဲ့။ သူတို့နားလည်ဖို့လည်း မဖြစ်နိုင်လောက်ဘူးတဲ့။ ဆိုပါစို့။ အိမ်စဉ်ကြွနေတာမှာ ပထမအိမ်က ဆွမ်းထွက်လောင်းတယ်။ ဒုတိယအိမ်ရှေ့ကိုကြွတယ်။ ဒုတိယလောင်းတယ်။ တတိယအိမ်ရှေ့ကို ကြွတော့မလောင်းဘူး။ ဒါနဲ့ စတုတ္ထအိမ်က ထွက်လာပြီး တတိယအိမ်ရှေ့ကို လာလောင်းတာကို ပြောပြလို့ ရနိုင်သေးတယ်တဲ့။ သူတို့နားလည်နိုင်တယ်။ သို့သော် စတုတ္ထအိမ်ရှေ့ ဆွမ်းခံနေတုန်း ကျန်ရစ်ခဲ့တဲ့ တတိယအိမ်က လာလောင်းတဲ့ဆွမ်းကို ပယ်ရတာက တော်တော်ခက်တယ်။ သူတို့နားလည်မှာ မဟုတ်လောက်ဘူး။ ဒါကြောင့် ခုနမောင်ကြွက်လို ဒေါသနဲ့ တုံ့ပြန်ရင် သူတို့ အကုသိုလ်ဖြစ်တာပေါ့လို့' အရှည်ကြီး ရှင်းပြပေးတော်မူဖူးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ လိုက်နာမှတ်သားစရာ ကောင်းလိုက်တာဘုရား။ အခုလို သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ သူတော်ကောင်းကျင့်စဉ်ကြောင့် လူလိမ္မာမှာ ကုသိုလ်တိုးပါသော်လည်း လူမိုက်အတွက်တော့ အကုသိုလ် ကြီးလှပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ် ဦးဇင်း။ အခု အလတ်စား မဇ္ဈိမဓုတင်ဆောင်ရဟန်းရဲ့ ကျင့်စဉ်ဆက်ပြောမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ မဇ္ဈိမရဟန်းက ရှေ့အိမ်က ကြိုလောင်းလာရင်လည်း ယူလို့ရတယ်၊ နောက်အိမ်က လိုက်လောင်းရင်လည်း ယူခွင့်ရှိတယ်။ ဆွမ်းစားဇရပ်ကို လိုက်လောင်းရင်လည်း ယူလို့ရပါတယ်။ အိမ်တံခါးရှေ့ရပ်သခိုက် သပိတ်ကိုယူပြီး ဆွမ်းထည့်လှူရင်လည်း ခံယူခွင့်ရှိပါတယ်။[၁]

MA ဦးဇင်း ॥ ॥ မဇ္ဈိမရဟန်းအတွက် ခွင့်ပြုတာက အများကြီးပဲ။ ကန့်သတ်ချက်က ဘာများရှိပါလဲဘုရား။

ဆရာတော် ॥ ॥ ခံယူခွင့်မရှိတာက 'အရှင်ဘုရား ဘယ်ရက်တော့ဖြင့် ဆွမ်းခံမသွားဘဲ ကျောင်းမှာပဲ ချမ်းချမ်းသာသာ နေတော်မူပါ။ တပည့်တော်တို့ ဆွမ်းလာ လှူပါမယ်ဘုရား'လို့ လျှောက်ထားတာကိုတော့ စောင့်ဆိုင်းငံ့မျှော်ပြီး ခံယူခွင့်မရှိပါဘူးဘုရား။

MA ဦးဇင်း ॥ ॥ တင်ပါ၊ နားလည်ပါပြီဘုရား။ မုဒုအတွက်လည်း သိပါရစေဘုရား။

ဆရာတော် ॥ ॥ အညံ့စား မုဒုဓုတင်ဆောင် ရဟန်းအနေနဲ့ ဒကာ၊ ဒကာမတွေလျှောက်ထားတဲ့နေ့အတွက် ဆွမ်းကို မျှော်လင့်စောင့်ဆိုင်းပြီး ခံယူလို့ရတယ်။[၂]

MA ဦးဇင်း ॥ ॥ ရှေ့အိမ်က လောင်းတာ၊ နောက်ကျော်သွားတဲ့ အိမ်က လာလောင်းတာတွေလည်း ခံယူခွင့် ရှိမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ရှိတယ် ဦးဇင်း။ ဥက္ကဋ္ဌရဟန်းနှင့် မဇ္ဈိမရဟန်းတို့အတွက် အပ်တာမှန်သမျှ အားလုံး မုဒုအတွက် အလိုအလျောက် အပ်ပြီးဖြစ်ပါတယ်ဘုရား။ အခု ဆက်ပြီးတော့ ဥက္ကဋ္ဌရဟန်း၊ မဇ္ဈိမရဟန်းနဲ့ မုဒုရဟန်း သုံးပါးလုံးအနေနဲ့ ဓုတင်ပျက်တာကို ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော် ဓုတင်ပျက်တဲ့အင်္ဂါတွေကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ သပဒါနစာရိကဓုတင်ဆောင် ရဟန်းသုံးပါးလုံးက ဒီရွာ၊ ဒီရပ်ကွက်၊ ဒီအိမ်က ဆွမ်းကောင်း၊ ဟင်းကောင်းတွေ ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အိမ်စဉ်ကို ကျော်ပြီးသွားတာနဲ့ ဓုတင်ပျက်ပါတယ်ဘုရား။

---

၁။ ၂။ (၂၇)၊ သပဒါနစာရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၅)

MA ဦးဇင်း ။ ။ ဒါဆိုရင် ဆွမ်းက မလောင်းတဲ့အိမ်ရှေ့ကိုလည်း နေ့စဉ်ရပ်ရမှာပါလားဘုရား။

ဆရာတော် ။ ။ သဒ္ဓါတရားမရှိတဲ့သူတွေရဲ့ အိမ်ရှေ့ကို နေ့စဉ်ရပ်ခြင်းကြောင့် သူတို့ရဲ့ ကဲ့ရဲ့ ရှုတ်ချတဲ့ စကားတွေ လာတတ်တယ်။ ဒါကြောင့် အဲဒီအိမ်စဉ်ကို ကျော်ပြီး ဆွမ်းခံရင် အပြစ်မရှိဘူးလို့ စူဠသွဋ္ဌိကာမှာ ပြထားပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ နေ့စဉ် ဆွမ်းမလောင်းတဲ့အိမ် ကျော်လိုက်တာနဲ့ ဆွမ်းကောင်းဟင်းကောင်း တွေလောင်းလေ့ရှိတဲ့ အိမ်ရှေ့ကို ရောက်မယ်ဆိုရင် ရပ်မလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဒီအိမ်ကလောင်းတဲ့ ဆွမ်းကောင်း၊ ဟင်းကောင်းတွေရမှာပဲဆိုတဲ့ စိတ်မျိုးနဲ့ မဟုတ်ဘဲ သဒ္ဓါတရားရှိတဲ့ ဒါယကာများကို ချီးမြှောက်မယ် ဆိုတဲ့စိတ်နဲ့ ဆွမ်းခံရင် အပြစ်လွတ်ပါတယ်လို့ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးပါတယ်။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ထန်းတပင်တောရမှာ သီတင်းသုံးတုန်းက အဖြစ်အပျက်တစ်ခု သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ ကိုယ်တွေ့အဖြစ်အပျက်ဆိုရင် ပိုလို့မှတ်မိပါတယ်ဘုရား။

ဆရာတော် ။ ။ ထန်းတပင်တောရကျောင်းရဲ့ ဂေါစရဂါမ်ရွာက ထန်းတပင်ရွာ၊ ကြာပင်ရွာ၊ မဲဒီးရွာ၊ ကျွန်းတက်ပဲ့ရွာနဲ့ ညောင်ကုန်းရွာတို့ပါပဲ။

MA ဦးဇင်း ။ ။ ကြာပင်ရွာဆိုတာ အခုနေပြည်တော် ဖြစ်လာတဲ့အခါ ရွှေကြာပင်ရပ်ကွက် ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ နေပြည်တော်ဖြစ်လာတဲ့အခါမှာ ကြာပင်ရွာကနေ ရွှေကြာပင်ရပ်ကွက် ဖြစ်လာတာပါ။ အခုနအကြောင်းအရာဆက်ရရင် နဘူးကျောင်းဆရာတော်ကြီးက ထန်းတပင်ရွာကို ဆွမ်းခံကြွတော်မူလေ့ရှိတယ်။ ထန်းတပင်ရွာက ဒါယကာမြင့်စိုးနဲ့ ဒကာမမိတိုးတို့က ဆွမ်းဟင်းကို ဖွယ်ဖွယ် ရာရာ လောင်းလေ့ရှိတယ်။ ပြီးတော့ သူလောင်းတဲ့ဆွမ်းနဲ့ သူလောင်းတဲ့ ဆွမ်းဟင်းကိုမှ ဘုဉ်းပေးဖြစ်ဖို့ သူတော်တော်ကြောင့်ကြစိုက်လေ့ရှိတယ်။

MA ဦးဇင်း ။ ။ ဘယ်လိုများ ကြောင့်ကြစိုက်တာပါလဲဘုရား။

ဆရာတော် ။ ။ သူ့သာန်နားက ညောင်ပင်ကြီးအောက်က သူ့အမြဲဆွမ်းလောင်းတဲ့နေရာပါ။ သူ့အိမ်နဲ့လည်း သိပ်မဝေးဘူး။

MA ဦးဇင်း ။ ။ သူက နောက်ဆုံးပိတ်ကျမှ လောင်းမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ သူရဲ့နောက်ဆုံးဆွမ်းနဲ့ ဆွမ်းဟင်းတွေက ဘုန်းကြီး သပိတ်ရဲ့ အပေါ်ဆုံးမှာရှိတော့ သူများတွေ လောင်းထားတဲ့ ဆွမ်း၊ ဆွမ်းဟင်း တွေအားလုံးကို ဖုံးအုပ်ပြီး လောင်းလိုက်တာပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် သပိတ်ဖွင့်လိုက်တာနဲ့ ဒါယကာမြင့်စိုးရဲ့ ဆွမ်းနဲ့ ဆွမ်းဟင်း ဘုဉ်းပေးဖြစ်တော့မှာပါဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သူ့ရဲ့ မွန်မွန်မြတ်မြတ်၊ ဖွယ်ဖွယ်ရာရာဆွမ်းကို နဘူးကျောင်းဆရာတော်ကြီး၊ မဟာမြိုင်ဆရာတော်ဦးဇောတိကတို့နဲ့အတူ ဘုန်းကြီးတို့လည်း မကြာမကြာ ဘုဉ်းပေးခဲ့ဖူးပါတယ်။

MA ဦးဇင်း ။ ။ အခုလို ဒါယကာရဲ့ မွန်မြတ်တဲ့ဆွမ်းကို ခံယူခြင်းကြောင့် ဘယ်ဓုတင်အတွက် အနှောင့်အယှက် ရှိမလဲဘုရား။

ဆရာတော် ။ ။ အနှောင့်အယှက်မရှိပါဘူး ဦးဇင်း။ ဘုန်းကြီးက ကြောင့်ကြစိုက်ပြီး ဓုတင်အရ ခွင့်ပြုချက် မရှိတဲ့နည်းတွေနဲ့ လောလုပ္ပတဏှာကြောင့် ရှာဖွေတာ မဟုတ်ဘူးလေ။ သူ့အိမ်နားလောင်းလှူနေကျ နေရာကနေ သူလှူတာဖြစ်လို့ အပြစ်မရှိပါဘူး။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် ရွာစဉ်၊ အိမ်စဉ်ဆုံးလို့ ရွာကနေကျောင်းကို ထွက်ကြွလာပြီ။ ကျောင်းရှေ့က ဇရပ်ရောက်မှ လိုက်လောင်းတာကို ခံယူရင် သပဒါနစာရိကဓုတင်အတွက် ဘယ်လို စဉ်းစား ဆုံးဖြတ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဒါမေးသင့်တယ်။ အဲသလိုလောင်းခဲ့တဲ့ သာဓကလည်း ထန်းတပင်တောရမှာ ကြုံဖူးတယ်ဦးဇင်း။ နဘူးကျောင်းဆရာတော်ကြီးက ရွာစဉ်ပြတ်ပြီမို့ သူတို့လှူတဲ့ဆွမ်းကို မခံယူတော့ဘူး။

MA ဦးဇင်း ။ ။ ဒါဆိုရင် လူတွေတန်းဆီလောင်းကြတာ အတန်းကရှည်ပြီး ကျောင်းရှေ့ဇရပ်အထိ ရောက်လာရင် ခံယူခွင့်ရှိပါသလားဘုရား။

ဆရာတော် ။ ။ ဒါက စောစောက နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးသလို ရွာစဉ်၊ အိမ်စဉ်၊ လူစဉ်နဲ့ စဉ်းစားပြီး ဆုံးဖြတ်ပါလေ။ သို့သော် သူ့ဆွမ်းဟင်းခွက်ထဲက ဟင်းမကောင်းလို့ နောက်တစ်ယောက်ကျော်ပြီး ခံယူရင်တော့ မရဘူးနော်ဦးဇင်း။ ဒီကနေ့ ဥပုသ်နေ့ညနေ စောင်းနေပြီ။ ဥပုသ်ပြုကြစို့နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သာဓုပါဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။ ထန်းတပင်ရွာက သဒ္ဓါပညာရှိတဲ့ ဒါယကာများရဲ့ ဆွမ်းလောင်းလှူနည်းကလည်း အတုယူဖို့ ကောင်းလှပါတယ်ဘုရား။

## သပဒါနစာရိကဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၈ ပါး

၁။ ဒကာ၊ ဒကာမတို့နဲ့ ကျွမ်းဝင်ချစ်ခင်ခြင်း အလျှင်းမရှိခြင်း၊
၂။ လနဲ့ ပမာတူခြင်း၊
၃။ ကုလမစ္ဆေရကို ပယ်နိုင်ခြင်း၊
၄။ ဒကာ၊ ဒကာမတို့အပေါ် မခွဲခြားဘဲ အညီအမျှ သနားခြင်း၊
၅။ ဒါယကာတို့သို့ ချဉ်းကပ်ရာ၌ အပြစ်တစ်စုံတစ်ရာ မဖြစ်နိုင်ခြင်း၊
၆။ ဖိတ်မန်သောအားဖြင့် ပင့်ခေါ်ခြင်းကို လက်မခံခြင်း၊
၇။ ပို့လာသော ဆွမ်းပွဲဖြင့် အလိုမရှိသူဖြစ်ခြင်းနဲ့
၈။ အပ္ပိစ္ဆတာ စသော ဂုဏ်အားလျော်သော အသက်မွေးမှုရှိခြင်းတို့ဖြစ်ပါသည်။[၁]

စန္ဒူပမော နိစ္စနဝေါ ကုလေသု၊ အမစ္ဆရီ သဗ္ဗသမာနုကမ္ပော၊
ကုလူပကာဒီနဝဝိပ္ပမုတ္တော၊ ဟောတီဓ ဘိက္ခု သပဒါနစာရီ။
လောလုပ္ပစာရဉ္စ ပဟာယ တသ္မာ၊ ဩက္ခိတ္တစက္ခု ယုဂမတ္တဒဿီ၊
အာကင်္ခမာနော ဘုဝိ သေရိစာရံ၊ စရေယျ ဓီရော သပဒါနစာရိကံ။[၂]

ဤသာသနာတော်၌ အိမ်စဉ်မပြတ် ဆွမ်းရပ်လေ့ရှိသော ရဟန်းသည်
ခပ်သိမ်းသော အရပ်၌ မကပ်ငြိသော စိတ်ရှိသည်၏အဖြစ်၊
ဖြူစင်အေးချမ်းသော စိတ်ရှိသည်၏ အဖြစ်ဖြင့် လနှင့်လည်း တူပေ၏။
အမြဲတမ်း လူသစ်သည်လည်း ဖြစ်ပေ၏၊ (ဒါယကာတို့၌ ဝန်တိုခြင်းဟူသော)
ကုလမစ္ဆရိယလည်း ကင်းပေ၏။ ခပ်သိမ်းသော ဒါယကာတို့၌
အညီအမျှ သနားခြင်းလည်း ရှိပေ၏။ ဒါယကာတို့အိမ်၌
ထိုင်၍ ဆွမ်းဘုဉ်းပေးသော ကုလူပကရဟန်းတို့အား ရောက်တတ်သော
အပြစ်မှလည်း လွတ်ပေ၏။ ထို့ကြောင့် မြေအပြင်၌ မိမိအလိုအတိုင်း သွားနိုင်ခြင်းကို
အလိုရှိသော ပညာရှိသည် လောလုပ္ပတဏှာဖြင့် အိမ်စဉ်ကျော်သွားခြင်းကို
ပယ်၍ ချအပ်သော မျက်လွှာရှိလျက် ၄ တောင်ခန့်သာ ကြည့်လေ့ရှိသည် ဖြစ်၍
အိမ်စဉ်မပြတ် ဆွမ်းရပ်သော ကျင့်ဝတ်ကို ကျင့်ရာ၏။[၃]

---

၁။ ၂။ (၂၇)၊ သပဒါနစာရိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပဌမတွဲ၊ နှာ-၆၅)
၃။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပဌမတွဲ၊ နှာ-၂၁၈)

# ၅။ ဧကာသနိက်ဓူတင်

# Ekâsanika dhutaṅga



ဧကာသနိက်ဓုတင်ကို ဆောင်သောရဟန်းသည် နေရာအများ၌ ဘုဉ်းပေးခြင်းကိုပယ်ပြီး
တစ်ထိုင်တည်း၌သာ ဘုဉ်းပေးတော်မူလေ့ ရှိပါသည်။

The bhikkhu who has the habit to eat at only one sitting spot, Is called a ekâsanika.

### ဧကာသနိက်ဓူတင် ဆောက်တည်ပုံ

ဧကာသနိက်ဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"နာနာသနဘောဇနံ ပဋိက္ခိပါမိ"
"ဧကာသနိကင်္ဂံ သမာဒိယာမိ"[၁]
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"နေရာအများ၌ ဘုဉ်းပေးခြင်းကို ပယ်ပါ၏။"
"တစ်ထိုင်တည်း၌သာ ဘုဉ်းပေးလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ
သမာဒါနစေတနာကို ဆောက်တည်ပါ၏။"

"nânâsanabhojanaṃ paṭikkhipâmi." "ekâsanikaṅgaṃ samâdiâmi."
" I renounce to take several consecutive places for eating."
" I will train into taking a seat only once (per day) for eating."

၁။ (၅) ဧကာသနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၆)

## ဝေါဟာရအဓိပ္ပာယ်

နာနာသနဘောဇနံ = နေရာအများ၌ ဘုဉ်းပေးခြင်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
ကောသနိကင်္ဂ = တစ်ထိုင်တည်း၌သာ ဘုဉ်းပေးလေ့ရှိသောရဟန်း၏အကြောင်းအင်္ဂါ စေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
ကောသန = တစ်ထိုင်တည်းသော ဣရိယာပုတ်ဖြင့် ဘုဉ်းပေးခြင်း။
ကောသနိက = တစ်ထိုင်တည်းသော ဣရိယာပုတ်ဖြင့် ဘုဉ်းပေးခြင်း အလေ့ရှိသောရဟန်း။
ကောသနိကင်္ဂ = တစ်ထိုင်တည်းသော ဣရိယာပုတ်ဖြင့် ဘုဉ်းပေးခြင်း အလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာသည်ပင် ကောသနိက်ဓူတင် မည်၏။

## ကောသနိက်ဓူတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ကောသနိက်ဓူတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ကောသနိက်ဓူတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုကောသနိက်ဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ကောသနိက်ဓူတင်ဆောင် သူတော်ကောင်းရဟန်း

ကောသနိက်ဓူတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရှိသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ကောသနိက်ဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

၁။ (၁၀၇) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိတော် (နှာ - ၈၆)

## ဆွမ်းဘုဉ်းနေစဉ် ထပါက စူတင်ပျက်သည်

MA ဦးဇင်း ။ ။ ဧကာသနိက်ဓူတင်ဆောင်ရဟန်းက သပိတ်ပြင်ပြုပြီးနောက် မဘုဉ်းပေးခင် နေရာကထရင် ဓူတင်ပျက်ပါသလားဘုရား။

ဆရာတော် ။ ။ ဆွမ်းဘုဉ်းပေးနေသခိုက် အကြောင်းတစ်ခုခုကြောင့်ထပြီး ပြန်ဘုဉ်းရင်တော့ ဓူတင်ပျက်တယ်ဦးဇင်း။ သပိတ်ပြင်ပြီး ဘုဉ်းမပေးသေးခင် ထလို့ကတော့ ဓူတင်မပျက်ပါဘူး။

MA ဦးဇင်း ။ ။ ဆွမ်းဘုဉ်းနေတုန်း ဆရာဉပဇ္ဈာယ်ကြွလာရင် ခရီးဦးကြိုခွင့်၊ ဝေယျာဝစ္စ လုပ်ခွင့်တောင် မရှိတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဆွမ်းဘုဉ်းနေတုန်းတန်းလန်း ထခွင့်မရှိဘူးလို့တော့ မဟုတ်ပါဘူး။ ရပါတယ် ဦးဇင်း။ သို့သော် ပြန်ပြီး ထိုင်ဘုဉ်းခွင့် မရှိတာပါ။[၁]

MA ဦးဇင်း ။ ။ ဆွမ်းဘုဉ်းရာကနေ ထပြီဆိုရင် အပြီးထရမယ်။ ပြန်ပြီးထိုင်ဘုဉ်းမယ်ဆိုရင် ဓူတင်ပျက်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တာပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော်က ဆွမ်းစားကျောင်းကိုကြွလာမဲ့ ဆရာဉပဇ္ဈာယ်အတွက် ဝေယျာဝစ္စလည်း လုပ်ပေးချင်တယ်။ ဓူတင်လည်း မပျက်ချင်ပါဘူး။

ဆရာတော် ။ ။ ဟုတ်ပြီလေ။ ဒီတော့ ဝေယျာဝစ္စလည်း လုပ်ပေးနိုင်မယ်။ မိမိရဲ့ ဓူတင် အကျင့်လည်း မပျက်ဖို့ နည်းလမ်းက ဉပဇ္ဈာယ်ဆရာတော် ဆွမ်းစားရာ နေရာကို မကြွလာမချင်း ဆွမ်းမဘုဉ်းဘဲ စောင့်ဆိုင်းနေတာ အကောင်းဆုံးပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါ၊ တင်ပါဘုရား။ ဒါဆိုရင် ဆရာ့ဝေယျာဝစ္စလည်း လုပ်ပေးနိုင်မယ်။ ဓူတင်လည်း မပျက်တော့ဘူးလို့ နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ သို့သော် ဒီနေရာမှာ သတိပြုရမှာက ဉပဇ္ဈာယ်ဆရာတော် ထိုင်ပြီး ဆွမ်း မဘုဉ်းမချင်း စောင့်နေရမယ်။ အရင်ဦးအောင် မဘုဉ်းရဘူးနော်။ ရှေးမဟာ ဋီကာဆရာတော်တို့က မိမိဆွမ်း ဘုဉ်းပေးနေခိုက် ဆရာဉပဇ္ဈာယ် ကြွလာ တယ်ဆိုရင်တော့ ထိုင်လျက်နဲ့ပဲ ဦးချတာ၊ ရှိခိုးတာ၊ အရိုအသေပြုတာ ရတယ်လို့ ဆိုပါတယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ပါးစပ်ထဲ ဆွမ်းဘုဉ်းပေးနေရင်း ထိုင်လျက် အရိုအသေ ပြုရမှာပါလားဘုရား။ အသေးစိတ် မှတ်သားထားချင်လို့ လျှောက်တာပါ ဘုရား။

ဆရာတော် ။ ။ ဆွမ်းသပိတ်ရှေ့ ထိုင်ပြီး ဆွမ်းဘုဉ်းပေးနေချိန်မှာ ဆရာသမားများကို အရိုအသေပြုတာဆိုရင်တော့ ဘုဉ်းပေးနေတာကို ခေတ္တခဏ ရပ်တန့်ထား ရမှာပေါ့ဘုရား။

---

၁။ (၂၈) ဧကာသနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၆)

MA ဦးဇင်း ။ ။ နားလည်ပါပြီဘုရား။
ဆရာတော် ။ ။ ထူးခြားတာလေး တစ်ခုရှိတယ် ဦးဇင်း။ ဂဏ္ဌိဆရာရဲ့ ကောသနိက်ဓူတင် အဖွင့်မှာကျတော့ ဆရာဥပဇ္ဈာယ်ကို ရိုသေသောအားဖြင့် ထိုင်ခြင်း ဣရိယာပုတ်ကိုလည်း မပျက်စေဘဲ ဆောင့်ကြောင့်လောက်ကလေးကြွပြီးတော့ ဂါရဝပြုပြီးနောက် ဘုဉ်းပေးလက်စ ဆွမ်းကို ဆက်ဘုဉ်းပေးရမယ်လို့ ဆိုထားပါတယ်။
MA ဦးဇင်း ။ ။ အခုလို စေ့စေ့စပ်စပ် သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။
ဆရာတော် ။ ။ ဓူတင်အဆုံးအဖြတ်တွေက အခုလို အတိဂမ္ဘီရဖြစ်တယ် ဦးဇင်း။ ဒါကြောင့် ဆရာကောင်းရှာပြီး ဓူတင်ကျင့်သင့်ပါတယ်။
MA ဦးဇင်း ။ ။ ဦးထိပ်ပန်ဆင် မှတ်သားလိုက်နာပါမယ်ဘုရား။

## ကွမ်း၊ ဆေးလိပ်၊ ဝိနည်း၊ ဓူတင်

MA ဦးဇင်း ။ ။ ကောသနိက်ဓူတင်ဆောင်ရဟန်းက ညနေပိုင်းမှာ ဆာလောင်တဲ့အတွက် ဖျော်ရည်ဘုဉ်းပေးရင် ဓူတင်ပျက်နိုင်သလားဘုရား။
ဆရာတော် ။ ။ ဒီမေးခွန်းကို နဘူးကျောင်းဆရာတော်ကြီး ဖြေကြားတော်မူဖူးတယ် ဦးဇင်း။
MA ဦးဇင်း ။ ။ မှန်ပါ။ ဆရာတော်ကြီးအဖြေကို သိပါရစေဘုရား။
ဆရာတော် ။ ။ ဆရာတော်ကြီးက ကောသနိက်ဓူတင် ဆုံးဖြတ်တဲ့နေရာမှာ ယာဝကာလိကဖြစ်တဲ့ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တွေနဲ့သာ ဆုံးဖြတ်ရမယ်လို့ တိတိကျကျ မိန့်ကြားတော်မူဖူးပါတယ်။
MA ဦးဇင်း ။ ။ ယာဝကာလိကထဲမှာပါတဲ့ ဆွမ်း၊ ဘောဇဉ်၊ မုန့်၊ ခဲဖွယ်တွေကို တစ်နေရာတည်း တစ်ထိုင်တည်းပဲ ဘုဉ်းပေးရမယ်လို့ ဆိုလိုတာပါလားဘုရား။
ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်ပါတယ် ဦးဇင်း။ ယာဝကာလိကဘောဇဉ်ကို တစ်နေရာမှာ ဘုဉ်းပေးပြီး နောက်တစ်နေရာ ရွှေ့ပြီးတော့ဘုဉ်းရင် ဓူတင်ပျက်တာပေါ့။ သို့သော် ဖျော်ရည်ကို ဆာလောင်မှုကြောင့် မွန်းလွဲညနေ သုံးခွင့်ရှိပါတယ်။ ဒီနေရာမှာ စတုမဓုကိုတော့ ဆာလောင်တဲ့ ပိပါသကြောင့် ဘုဉ်းခွင့်မရှိဘူး။ အနာရောဂါကို အကြောင်းပြုရင်တော့ ဝိနည်းအရ ဘုဉ်းခွင့်ရပါတယ်။ ဝိနည်းအပြစ်လွတ်မှတော့ ဓူတင်မပျက်ပါဘူးဘုရား။
MA ဦးဇင်း ။ ။ ဓူတင်ဆောင်ထားတဲ့ ရဟန်းတစ်ပါးအနေနဲ့ ဆေးလိပ်တို့၊ ကွမ်းတို့ ဘုဉ်းပေးကြပါသလားဘုရား။
ဆရာတော် ။ ။ ဒီမေးခွန်းမှာ စဉ်းစားရမှာက ဆေးလိပ်တို့၊ ကွမ်းတို့၊ ရေနွေးကြမ်းတို့ကို ဆေးအဖြစ် ဘုဉ်းပေးမှာလား။ အာဟာရအဖြစ် ဘုဉ်းမှာလားကနေစပြီး စဉ်းစားရပါလိမ့်မယ် ဦးဇင်း။ အာဟာရဆိုရင် ဝိနည်းဘက်ကလည်း သုံးသပ်ရမယ်။ ဓူတင်ဘက်ကလည်း ဆင်ခြင်ရတော့မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ ဆွမ်းခံတုန်း သပိတ်ထဲ လောင်းထည့်လာရင်တော့ ရမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကွမ်းယာထုပ်ကို သပိတ်ထဲ လောင်းထည့်လာတာလို့ ဆိုလိုတာလား။ ဆွမ်းခံတာမှာ ရသေးတယ် ဦးဇင်း။ ဆွမ်းဘုဉ်းတဲ့အခါမှာ ကွမ်းယာအထုပ်ကို ဖြည်ပြီး ဆွမ်းထဲရောထည့်မလား။ ဒါမှမဟုတ် သူ့သပ်သပ်ထားရင် မိမိ ဆောက်တည်ထားတဲ့ ဓုတင်ရဲ့ခွင့်ပြုချက် ဘယ်လိုရှိသလဲ ဒါတွေ ထည့် တွက်မှရမယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ နဘူးကျောင်းဆရာတော်ကြီးအနေနဲ့ ဘယ်လိုများ မိန့်ကြားတော်မူတာ ရှိဖူးပါသလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးတို့ရဲ့ တပည့်ပရိသတ်အဝန်းအဝိုင်းမှာ ဆေးလိပ်၊ ကွမ်း၊ ရေနွေးကြမ်းတို့ကို သုံးလေ့ကို မရှိကြတာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော်လည်း မသုံးဘဲနေတာ ပိုပြီးစိတ်ရှင်းမယ် ထင်ပါ တယ်ဘုရား။

ဆရာတော် ။ ။ ဒါက မိမိရဲ့ဆန္ဒပါ ဦးဇင်း။ ဘုန်းကြီး သတိထားမိတာလေးတစ်ခုက ဆေးလိပ် သောက်၊ ကွမ်းစားတဲ့ ပုဂ္ဂိုလ်တွေမှာ လိုအပ်ချက်က သိပ်ပြီးများတတ်တယ်။ မီးခြစ် လိုပြန်ပြီ။ ဆေးလိပ် လိုပြန်ပြီ။ ကွမ်းရွက် လိုပြန်ပြီ။ ကွမ်းသီးလိုပြန်ပြီ။ ထုံးလိုပြန်ပြီ။ ဒီတော့ ဆေးလိပ်ဆိုင်၊ ကွမ်းယာဆိုင် သွားရမယ်။ ဆိုင်ကို သွားဖို့ရာ ငွေကြေးလိုလာ ပြန်တယ်။ ငွေကြေးကိုင်ရင် ဝိနည်းအာပတ် ရှိလာ တယ်။ ဝိနည်းပျက်မှတော့ ဓုတင်က ဘယ်နေမှန်း မသိတော့ဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ ဒီလောက်ကြီးလိုအပ်ချက်တွေများနေရင် ရဟန်းဘဝ မချမ်းသာတော့ပါဘုရား။

ဆရာတော် ။ ။ ဟုတ်တာပေါ့ ဦးဇင်း။

## သူတော်ကောင်း ဆည်းကပ်နည်း မမှားသင့်ပါ

MA ဦးဇင်း ။ ။ တပည့်တော်တစ်ခုတွေးမိတာက ဧကာသနိက်ဓုတင်ဆောင် ရဟန်းတော်များ ဆွမ်းမဘုဉ်းလိုက်ရတဲ့ သာဓကတွေလည်း ရှိကောင်းရှိနိုင်မယ်လို့ ထင်ပါတယ် ဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ ရှိတယ်။ ဆရာတော်ကြီး ဦးသီလ ကြုံတွေ့တော်မူခဲ့တဲ့ ဖြစ်စဉ် ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ ဘုန်းတော်ကြီး ဦးသီလပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ တစ်နေ့မနက်မှာ ဒကာတစ်ယောက်က အုန်းသီးအစိမ်း တစ်လုံး ကိုင်ပြီး ကျောင်းဝင်းထဲလာတယ်။ ပြီးတော့ ဆရာတော်ကြီးအနား သွားဦးချ

တယ်။ အဲဒီနောက် သူပါလာတဲ့ ဓားနဲ့ အုန်းစိမ်းကို ဖောက်လိုက်ပါတယ်။ “ဘုရားတပည့်တော် ခြံထွက် အုန်းစိမ်းပါဘုရား” ဆိုပြီး ဆရာတော့်လက်ထဲ ကပ်တယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး ဓူတင်ဆောင်ထားရင် အနှောင့်အယှက်ဖြစ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဖြစ်နိုင်တယ် ဦးဇင်း။ ဒါကြောင့် ဒကာကို “ဟိုနားမှာ ခဏချထားဦး”လို့ မိန့်တော်မူပါတယ်။ အုန်းစိမ်းဒကာကလည်း “ကြာသွားရင် အရသာပေ့ါသွားမယ်၊ အခု ဘုဉ်းပေးပါဘုရား”လို့ ဇွတ်တရွတ် လျှောက်နေပြန်တယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး ဘုဉ်းပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ ဘုဉ်းပေးတော်မူတယ်။ ဆရာတော်ကြီး သူ့ခြံထွက် အုန်းစိမ်းရည် ဘုဉ်းပေးတော်မူတာကို မြင်ရလို့ ဒကာက ဝမ်းမြောက်ဝမ်းသာ ဦးချပြန်သွားတယ်။ သို့သော် ဆွမ်းခံချိန်မှာ ဆရာတော်ကြီး ရွာထဲ ဆွမ်းခံမကြွတော့ဘူး။ အုန်းရည်လေးနဲ့ တစ်နေ့တာဆွမ်းကိစ္စ ပြီးရတော့တယ်။[၁]

MA ဦးဇင်း ။ ။ တပည့်တော်တို့ ဝိနည်းအရ အရည်ဖြစ်တဲ့ အုန်းရည်က အပ်စပ်တဲ့ဖျော်ရည် မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ဦးဇင်း စာတွေ မေ့နေပြီထင်တယ်။ ဘုရားရှင်က ရဟန်းတွေအတွက် ဖျော်ရည် ၈ မျိုးကို ခွင့်ပြုတော်မူထားပါတယ်။ သရက်သီး ဖျော်ရည်၊ သပြေသီး ဖျော်ရည်၊ တောငှက်ပျောသီး ဖျော်ရည်၊ အိမ်ငှက်ပျောသီး ဖျော်ရည်၊ သစ်မည်စည်သီး (မယ်ဇယ်သီး) ဖျော်ရည်၊ သပျက်သီး (စပျစ်သီး) ဖျော်ရည်၊ ကြာစွယ် ဖျော်ရည်နှင့် (တရော်သီး) ဖျော်ရည်တို့ပါ ဦးဇင်း။[၂]

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ မှတ်မိပါပြီဘုရား။ ရဟန်းတစ်ပါးက ညနေပိုင်းမှာ ဖျော်ရည် လုပ်စရာရှိလို့ ဘုရားဥပဒေအရ ခွင့်ပြုတဲ့အသီးတွေကို မွန်းမတည့်ခင် အကပ်ခံထားရင် ရပါသလားဘုရား။

ဆရာတော် ။ ။ ဒါက ဝိနည်းပိုင်းဖြစ်ပါတယ်။ မေဒိနီဆရာတော်ကြီးရဲ့ အဆုံးအဖြတ်မှာတော့ အသီးတွေကို ကိုယ်တိုင်အကပ်ခံပြီး ဖျော်ရည်မလုပ်ကောင်းဘူးလို့ ဆုံးဖြတ်တော်မူတယ်။ ဘယ်လောက်အထိ သတိထားရမလဲဆိုရင် လူသာမဏေတွေ လုပ်ပြီးသားဖျော်ရည်မှာ အဖတ်ပါရင်တောင်မှ ကိုယ်တိုင်မစစ်ကောင်းဘူး ဦးဇင်း။ အဖတ်မပါတဲ့ ဖျော်ရည်သည်သာ ယာမကာလိက ဖြစ်ပါတယ်။[၃]

---

၁။ အရှင်ဇောတိပါလ ပြုစုတော်မူသော ဦးသီလထေရုပ္ပတ္တိဝိဘာဝနီကျမ်း (နှာ - ၁၃)

✳ မွှာစရိယဦးဌေးလှိုင် ရေးသားသော ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများကျမ်း (နှာ - ၂၃၈)

၂။ (၁၈၂) ကေဏိယဇဋိလဝတ္ထု၊ ဝိနယမဟာဝဂ္ဂပါဠိ (နှာ - ၃၄၄)

၃။ ပါတိမောက္ခမေဒိနီ (နှာ - ၃၄၈)

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒကာ မလိမ္မာတဲ့အတွက် သူတော်ကောင်းမှာ ဆွမ်းတစ်ရက် လွတ်သွားတယ် ဦးဇင်း။ ဒါကြောင့် သူတော်ကောင်းများရဲ့ အနီးအနားမှာ ချဉ်းကပ်ခွင့်ရကြတဲ့ ဒါယကာ၊ ဒါယိကာမများအနေနဲ့ သာသနာတော်ဆိုင်ရာ ပညာဗဟုသုတ မပြည့်စုံရင် သူတော်ကောင်းကို ဒုက္ခပေးမိသလိုမျိုး ဖြစ်မှန်းမသိဖြစ်တတ်တဲ့ သာဓကတွေ ဒီနေ့လည်း အများကြီးရှိတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မှတ်သားထားချင်လို့ သိပါရစေဘုရား။

ဆရာတော် ။ ။ သူတော်ကောင်းအနီးအနားမှာ ဆည်းကပ်ခွင့်ရကြတဲ့သူတွေမှာ ဖြစ်လေ့ဖြစ်ထရှိ တာကတော့ "ဘုန်းကြီးကို သူငယ်ချင်းပေါင်းပေါင်းမိပြီး မပြောသင့်တာတွေ ပြောမိတတ်တယ်။ မလုပ်သင့်တာတွေ လုပ်မိတတ်တယ်" ဦးဇင်း။

MA ဦးဇင်း ။ ။ မပြောသင့်တာ၊ မလုပ်သင့်တာ ပြောမိလုပ်မိခြင်းကြောင့် ဘယ်လို ဆိုးကျိုးများ ကြုံတတ်ပါသလဲဘုရား။

ဆရာတော် ။ ။ ကာယကံရှင်ရဲ့ မလုပ်သင့်တာကို လုပ်ခဲ့တဲ့အတိုင်းအတာ၊ မပြောသင့်တာကို ပြောခဲ့တဲ့ အတိုင်းအတာပေါ် မူတည်ပါလိမ့်မယ်ဦးဇင်း။ ဘုန်းကြီးအတွေ့အကြုံအရ စီးပွားဥစ္စာပျက်စီးတာ၊ ဆေးကုလို့မရအောင် ရူးသွပ်သွားတာတွေကို တွေ့ဖူးတယ်။ အဆိုးဆုံးနဲ့ တူညီနေတာတစ်ခုကတော့ သူတို့ဘဝမှာ တရားအားထုတ်ရင် ဉာဏ်လုံးလုံးပိတ်ဖုံးသွားတာကို ထူးထူးခြားခြား သတိထားမိဖူးတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သူတော်ကောင်းအနားမှာနေပြီး သူငယ်ချင်းပေါင်းပေါင်းတဲ့အတွက် အများဆုံးမှားတတ်တာတွေကို သိခွင့်ရရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရင်းနှီးတဲ့အတွက် ဖြစ်ခွင့်ရှိနိုင်တဲ့ အပြစ်ကြီးတွေကတော့ ဒါယကာများက ရဟန်းကြည်ညိုလို့ လှူဒါန်းလာတဲ့ ပစ္စည်းတွေကို ကိုယ့်အကျိုး၊ ကိုယ့်မိသားစုအကျိုးအတွက် သုံးမိတတ်တာ။ လောကကို ကျောခိုင်းထားတဲ့ အနာဂါမိရိကပုဂ္ဂိုလ်ကို လောကဆိုင်ရာ၊ သမီး၊ ခင်ပွန်းဆိုင်ရာ၊ မေထုန်ကာမဂုဏ်ဆိုင်ရာတွေကို လူယောက်ျား၊ မိန်းမ အချင်းချင်း ပြောသလိုပြောမိပြီး စိတ်အနှောင့်အယှက် ဖြစ်စေတာတွေလည်း ပါတယ်လေ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အနာမာသဝတ္ထုငွေကြေး မထိမကိုင်တဲ့ရဟန်းအတွက် ဒါယကာများက ကျောင်းဆောက်ဖို့၊ ဆေးကုဖို့၊ လိုအပ်ရာရာလှူဒါန်းဖို့ အပ်နှံထားတဲ့ငွေကြေးကို ကိုယ်ကျိုးအတွက် သုံးမိလိုက်တာ။ စာရင်း လိမ်ပြတာတွေလည်း ပါမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ပါနိုင်တာပေါ့ ဦးဇင်း။ ဒါကြောင့် သူတော်ကောင်းများကို ခပ်ခွာခွာလေး ကြည်ညိုတာ အကောင်းဆုံးပါဘုရား။ ဆရာတော်ကြီးတစ်ပါး မိန့်တော်

မူဖူးတာက "ရုပ်သေးပွဲကြည့်သလိုမျိုး သိပ်နီးပြန်ရင်လည်း ကြိုးရှုပ်တာ ကြောင့် ပွဲအရသာမပေါ်ဘူး၊ သိပ်ဝေးပြန်တော့လည်း မမြင်ရဘူး"တဲ့ ဦးဇင်း။ ဒါကြောင့် မနီးမဝေးက ဆည်းကပ်တာ အကောင်းဆုံးပါ။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပ့ါမယ်ဘုရား။ တပည့်တော် မရှင်းတာလေး မေးလျှောက်ပါရစေဘုရား။ ခုနအုန်းရည်က မနက်ခင်းပိုင်း ဘုဉ်းတာဖြစ်လို့ အပ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်းက ဓုတင်နဲ့ ဝိနည်းရောနေပြန်ပြီ။ ဝိနည်းအရ အပြစ်မရှိပါဘူး။ ဧကာသနိက်ဓုတင်အပိုင်းကို စဉ်းစားရမှာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မစဉ်းစားတတ်တော့ပါဘုရား။

ဆရာတော် ။ ။ အုန်းရည်အကြောင်း ပြောပြဦးမယ်နော်။ နေ့လွဲ၊ ညနေမအပ်တဲ့အထဲမှာ ခုနစ်မျိုးသော စပါးသီးရဲ့အရည်တွေပါတယ်။ ပြီးတော့ ထန်းသီး၊ အုန်းသီး၊ ပိန္နဲသီး၊ တောင်ပိန္နဲသီး၊ ဘူးသီး၊ ရွှေဖရုံသီး၊ သခွားငဆစ်၊ သခွားပြေပ်၊ သခွားကြောင်သီးရဲ့ အရည်က မအပ်ဘူး။[၁]

MA ဦးဇင်း ။ ။ တပည့်တော် သဘောပေါက်ပြီဘုရား။ "တစ်ထိုင်တည်းမှာပဲ ကြိယာပုတ် မဖျက်ဘဲ ဘုဉ်းပေးပါမယ်"လို့ အဓိဋ္ဌာန်ထားပြီး ဧကာသနိက်ဓုတင် ဆောင်တော်မူခဲ့တဲ့ ရဟန်းအတွက် အုန်းရည်ဘုဉ်းပေးပြီးနောက် ဆွမ်းခံကြွပြီး ဆွမ်းဘုဉ်းခွင့် မရှိတော့ဘူးဆိုတာ ပေါ်လာပြီဘုရား။

ဆရာတော် ။ ။ သာမန်ဖျော်ရည်က ဆာလောင်မွတ်သိပ်မှုရှိရင် ဘုဉ်းခွင့်ရှိပါတယ်။ ယာဝကာလိကလည်း မဟုတ်ဘူးလေ။ သို့သော် ဒီမှာက အုန်းသီးအရည်က နေ့လွဲ မအပ်တာကို အဓိကထား စဉ်းစားဖို့လိုတယ်။ ပြီးတော့ ဓုတင်အရ ဒုတိယ ခွက်ကိုပယ်တာ သတိထားဖို့လိုပြန်တယ် ဦးဇင်း။[၂]

MA ဦးဇင်း ။ ။ ဝိနည်းနဲ့ ဒီဆွမ်းဓုတင်က သိမ်သိမ်မွေ့မွေ့ ဆက်စပ်နေတာကို စဉ်းစားဖို့ နည်းလမ်းရလာလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ စောစောကဖျော်ရည်အကြောင်း သိစရာတစ်ခု ကျန်သေးတာက ဖျော်ရည်ကို ရေအေးနဲ့ပဲ လုပ်ရမယ်နော်။ မီးနဲ့ချက်တာပါလာရင် မအပ်တော့ဘူးနော်။[၃]

MA ဦးဇင်း ။ ။ တင်ပါဘုရား။ လိုက်နာပ့ါမယ်ဘုရား။

---

၁။ (၁၈၅) စတုမဟာပဒေသကထာ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၃၈၄)
(၁၀) ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၂၃၁)

၂။ စတုပ္ပစ္စဝိနယကထာဝဏ္ဏနာ၊ ဝဇီရဗုဒ္ဓိဋီကာ (နှာ - ၈၈)

၃။ (၁၈၂) ကေဏိယဇဋိလဝတ္ထုကထာ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ - ၃၈၃)

# ပျံလွန်သည့်တိုင် ဓူတင်ကို မြတ်နိုးတော်မူသည့်ရဟန်း

ဆရာတော် ॥ ॥ ဒီနေရာမှာ တစ်ခုသတိရတာလေး ပြောပြဦးမယ်။ ထန်းတပင်တောရမှာ သီတင်းသုံးတုန်းက ဘုန်းကြီးတို့ရဲ့ သီတင်းသုံးဖော် ပုဏ္ဏားမျိုးနွယ် ရဟန်း တစ်ပါး ရှိခဲ့ဖူးတယ်။ သူက ကျန်းမာရေးကြောင့် နေ့စဉ်အုန်းရည် ဘုဉ်းပေး ရပါတယ်။

MA ဦးဇင်း ॥ ॥ ဓူတင်လည်း ဆောင်တော်မူပါသလားဘုရား။

ဆရာတော် ॥ ॥ ဆောင်တယ်။ ဓူတင်ဆောင်တယ်။ ကျန်းမာရေး တော်တော်ကြီး မပြည့်စုံ သော်လည်း ဓူတင်ကို အပျက်မခံဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် အုန်းရည်ကလည်း ဆေးအဖြစ်ဘုဉ်းပေးရမယ်။ ဓူတင်လည်း အပျက်မခံဘူးဆိုတော့ မထေရ်ကြီးက ဘယ်လိုများ ဘုဉ်းပေးတော်မူခဲ့ပါ သလဲ။ နည်းယူပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ နေမကောင်းလည်း ဆွမ်းခံကြွတော်မူတယ်။ ပြီးတော့ ဆွမ်းကို ပြည့်စုံအောင် ဘုဉ်းပေးတော်မူပါတယ်။ အထိုင်မပြင်သေးဘဲ တစ်ထိုင်တည်းမှာ သပိတ်ကိုစင်ကြယ်အောင် ဆေးလိုက်တယ်ဦးဇင်း။ ပြီးမှ ဒုတိယခွက် မဖြစ်ရ လေအောင် သပိတ်ထဲကို ကပ္ပိယက အုန်းရည်လောင်း လှူလိုက်ပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ မျက်စိထဲ မြင်ယောင်ပါပြီဘုရား။ သပိတ်ထဲက အုန်းရည်ကို ဘယ်လိုများ ဘုဉ်းပေးတော်မူပါသလဲဘုရား။

ဆရာတော် ॥ ॥ သပိတ်ကိုင်ပြီး မော့ပြီးတော့ ဘုဉ်းပေးလိုက်တာပေါ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဂိလာနဖြစ်နေတဲ့ထဲက ဝိနည်းကိုလည်း စောင့်ရှောက်၊ ဓူတင်ကိုလည်း ဆောင်တဲ့ရဟန်းတော်ရဲ့ ခြေတော်အစုံ ဦးညွှတ် ကန်တော့ပါတယ်ဘုရား။ ဂိလာနရဟန်းတော်မြတ်ထံပါး ခမည်းတော်နဲ့တိုင်ပင်ပြီး လိုအပ်တဲ့ ဆေးဝါး များကို အပ်အပ်စပ်စပ်စီမံပြီး တပည့်တော် လှူဒါန်းချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဦးဇင်း နောက်ကျသွားပြီ။

MA ဦးဇင်း ॥ ॥ ဘာကြောင့် နောက်ကျတာပါလဲဘုရား။ နေကောင်းကျန်းမာသွားပြီလား။

ဆရာတော် ॥ ॥ ဂိလာနရဟန်းတော် ပျံလွန်တော်မူတာ အခုဆိုရင် ဆယ်စုနှစ်တစ်စု ကျော် လောက်ပြီ။

MA ဦးဇင်း ॥ ॥ စိတ်မကောင်းလိုက်တာဘုရား။ နောက်ဆုံးအချိန်အထိ ဓူတင်ဆောင် သွားပါသလားဘုရား။

ဆရာတော် ॥ ॥ ပျံလွန်တော်မူရာ သေရာညောင်စောင်းတိုင်အောင် ဝိနည်းနဲ့ ဓူတင်ကို ဦးထိပ်ပန်ဆင် မပျက်မကွက် စောင့်ရှောက်တော်မူခဲ့ပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ ဦးညွှတ်ကန်တော့ပါတယ်ဘုရား။

## ဓူတင်အရာ သိုသိပ်တော်မူကြသည်

MA ဦးဇင်း ။ ။ ဓူတင်ဆောင်တာကို အနားက ရဟန်းတောင် မသိကြဘူးဆိုတော့ အလွန်ကို သိုသိပ်တော်မူကြတာပါလားဘုရား။

ဆရာတော် ။ ။ မသိဘူးဆိုတာမှာ နှစ်ပိုင်းရှိပါတယ်။ လေ့လာတဲ့သူကိုယ်တိုင်က ဓူတင်ဆောင်နေတယ်ဆိုရင် အကဲခတ်လို့ ရတတ်ပါတယ်။ အနီးနေတဲ့သူမှာ ဓူတင်ဆိုင်ရာ ဗဟုသုတ မရှိဘူးဆိုရင်တော့ သူသိဖို့ ခက်ခဲပါတယ်။

MA ဦးဇင်း ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ ပမာပြရရင် စေတိယတောင်ပေါ်မှာ ညီအစ်ကိုရဟန်းနှစ်ပါးက တရားဘာဝနာအားထုတ်ပြီး နေကြတယ်။ တစ်နေ့မှာ ညီဖြစ်တဲ့ရဟန်းက ဆွမ်းခံကြွတာမှာ ကြံအပိုင်းတစ်ခုကို ရခဲ့တယ်။ သူကလည်း မြတ်မြတ်နိုးနိုးနဲ့ ကြံပိုင်းကို ယူလာပြီး အစ်ကိုမထေရ်ဆီကို သွားပေးတယ်။ 'ဒီကြံပိုင်းကို ဘုဉ်းပေးပါဘုရား' လို့လည်း လျှောက်တယ်။

MA ဦးဇင်း ။ ။ ဘုဉ်းပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ အဲဒီအချိန်မှာ နောင်တော်မထေရ်က ဆွမ်းဘုဉ်းပြီးတော့ ပါးစပ်ဆေးနေလို့မို့ 'မဘုဉ်းပေးတော့ပါ' လို့ ပြောလိုက်တယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒါနဲ့ ညီတော်က 'အရှင်ဘုရား ဧကာသနိက်ဓူတင် ဆောင်တော်မူပါသလား' လို့ လျှောက်မိတယ်။ နောင်တော်ရဟန်းက 'ငါ့ရှင် ညီငယ်ရဟန်း ကြံပိုင်း ယူခဲ့ပါ'လို့ ပြောပြီး အနှစ်ငါးဆယ်ကာလပတ်လုံး ဧကာသနိက်ဓူတင် ဆောင်ထားတာကို ညီရဟန်းကိုတောင် မသိအောင် လျှို့ဝှက်လိုတဲ့အတွက် ကြံပိုင်းကို ဘုဉ်းပေးတော်မူပြီးနောက် ပါးစပ်ဆေးကြောပြီး ဧကာသနိက်ဓူတင်ကို အစကနေ ပြန်ဆောက်တည်တော်မူခဲ့တယ် ဦးဇင်း။ [၁]

MA ဦးဇင်း ။ ။ အံ့သြစရာကောင်းအောင် သိုသိပ်တော်မူတာ ကြားရလို့ ဝမ်းမြောက်မဆုံးပါဘုရား။ အခုလို ဓူတင်ကို မြတ်မြတ်နိုးနိုးဆောင်တော်မူကြတာ ရှေးရှေးဆုတောင်းကြောင့်လည်း ပါပါသလားဘုရား။

ဆရာတော် ။ ။ ပါတာပေါ့ ဦးဇင်း။ အရှင်မဟာကဿပမထေရ်မြတ်ဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းအထက်က ဓူတင်အရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာနိသဘမထေရ်ကို ကြည်ညိုအားကျပြီး ပဒုမုတ္တရမြတ်စွာဘုရားရှင်ရဲ့ ထံတော်ပါးမှာ ဆုထူးပန်ဆင်ခဲ့ပါတယ်။ ပြီးတော့ ပါရမီတော်တွေကို ထူးချွန်ပြောင်မြောက်စွာ

---

၁။ ဝိရိယာရမ္ဘာဒိဝဂ္ဂဝဏ္ဏနာ၊ အင်္ဂုတ္တရဋ္ဌကထာ (ပထမတွဲ၊ နှာ-၅၉)

ဖြည့်ဆည်းတော်မူခဲ့တာကြောင့် ဂေါတမဘုရားရှင် သာသနာတော်မှာ ဓုတင်အရာ ဧတဒဂ်ရတဲ့ တတိယမဟာသာဝကကြီးတစ်ပါး ဖြစ်တော်မူတာပါဦးဇင်း။[၁] ဒါကြောင့် ဆုတောင်းရှိကြပါတယ်။ ဆုတောင်းနဲ့ လျော်တဲ့ ပါရမီဖြည့်ကျင့်တဲ့ အလုပ်လည်း ပါပါတယ်။

MA ဦးဇင်း ။ ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒီကနေ့ သာသနာတော်မှာလည်း နဘူးကျောင်းဆရာတော်ကြီးက ဓုတင်အရာမှာ ထိပ်တန်း အတုယူအားကျစရာ စံနမူနာကောင်း ဖြစ်တော်မူပါတယ်။ ဆရာတော်ကြီးက ဘယ်ဘုရားရှင်လက်ထက်တော်ကာလမှာ ဘယ်လိုဆုပန်ဆင်တော်မူခဲ့တယ်ဆိုတာကိုတော့ သိခွင့်မရခဲ့ပါဘူး ဦးဇင်း။ သို့သော် အကြောင်းတရားကင်းပြီး အကျိုးတရားဆိုတာ ပေါ်ပေါက်ရိုးဓမ္မတာ မရှိတဲ့အတွက် ဆရာတော်ကြီး ပါရမီများ ဖြည့်ကျင့်တော်မူနေတာ သေချာပါတယ်။ ဘုရားဆုပန်တော်မူထားတယ်လို့လည်း တစ်ဆင့်စကား ကြားဖူးတယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ ဆရာတော်ကြီး သက်ရှိထင်ရှား မဖူးမြင်ခဲ့ရပေမဲ့ အခုလိုသိခွင့်ရလို့ ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးအကြောင်းပြောရင်း ငယ်စဉ်က ရန်ကုန်ဘုရားဖြူတိုက်မှာ စာချနေတုန်းကတည်းက ဓုတင်တချို့ကို ကျင့်တော်မူခဲ့တာကို သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ ဧကာသနိက်ဓုတင်လည်း ပါသလားဘုရား။

ဆရာတော် ။ ။ ပါလိမ့်မယ်ဦးဇင်း။ ဘာကြောင့်လဲဆိုရင် ဘုရားဖြူဆရာတော်ကြီး အမှူးပြုတဲ့ သံဃာတော် ၅ ပါး ရန်ကုန်မြို့ထဲ ဆွမ်းစားကြွတဲ့အခါ နဘူးကျောင်းဆရာတော်လောင်းလျာ စာချဆရာတော် ဦးတိသရလည်းပါခဲ့တယ်။ သို့သော် ဆွမ်းဒါယကာရဲ့အိမ်ကို ရောက်တဲ့အခါမှာ ဘုရားဖြူဆရာတော်ကြီးနဲ့ သံဃာ ၄ ပါးသာ ဆွမ်းဘုဉ်းကြတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒါနဲ့ ဘုရားဖြူဆရာတော်က "ဘာကြောင့် ဆွမ်းမဘုဉ်းတာလဲ" လို့ အကြိမ်ကြိမ်မေးပါသော်လည်း မဖြေခဲ့ဘူး။ ကျောင်းရောက်တော့ "ဦးတိသရ ကြည့်ရတာ ဓုတင်ဆောင်နေတယ်နဲ့ တူတယ်" လို့ မိန့်ပြီး ရပ်ထဲရွာထဲ ဆွမ်းစား၊ ကွမ်းစားကြွရောက်ရခြင်းကနေ ထာဝရကင်းလွတ်ခွင့်ပြုပြီး တပည့်ရဲ့ဓုတင်အကျင့်မြတ်ကို စောင့်ရှောက်ပေးတော်မူခဲ့တာကို နောက်ပိုင်းကျမှ သိရတယ် ဦးဇင်း။[၂]

၁။ (၃-၃) မဟာကဿပတ္ထေရအပဒါနဝဏ္ဏနာ၊ အပဒါနအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၈၂)
၂။ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၇၈)

MA ဦးဇင်း ။ ။ ဓုတင်ဆောင်တာမှာ သိုသိပ်တော်မူကြတာက ရှေးရှေးသူတော်ကောင်းကြီးများရဲ့ အလေ့အကျင့်ပါလားဘုရား။

ဆရာတော် ။ ။ ကိလေသာပါးဖို့အတွက် ဓုတင်ဆောင်တာပါ။ ဒီတော့ မိမိဓုတင်ဆောင်သူဖြစ်ကြောင်း အများသိအောင် လူတွေ့တိုင်း ပြောပြနေရင် ဓုတင်မှာ အလိုလောဘနည်းတဲ့ ဓုတင်္ဂအပ္ပိစ္ဆတာဂုဏ်ရည် ပျောက်မှာပေါ့ ဦးဇင်း။ ဒါကြောင့် ဓုတင်အရာမှာ သိုသိပ်တော်မူကြတာက ရှေးရှေးသူတော်ကောင်းကြီးများရဲ့ အလေ့အကျင့်ဖြစ်သလို ဒီကနေ့ သူတော်ကောင်းများရဲ့ အလေ့အကျင့်လည်း ဖြစ်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ အခုလိုသိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ ဧကာသနိက်ဓုတင်မှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု လို့ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ် ဦးဇင်း။ ဥက္ကဋ္ဌ "The noble practitioner of the ekâsanika dhutaṅga." မဇ္ဈိမ "The intermediate practitioner of the ekâsanika dhutaṅga." မုဒု "The ordinary practitioner of the ekâsanika dhutaṅga." လို့ ရှိပါတယ်။

MA ဦးဇင်း ။ ။ The noble practitioner ဖြစ်တဲ့ ဥက္ကဋ္ဌရဲ့ ကျင့်စဉ်ပိုင်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဥက္ကဋ္ဌရဟန်းက ဆွမ်းဘုဉ်းပေးဖို့ သပိတ်မှာ လက်ကို ချလိုက်ပြီးနောက် တခြားဆွမ်း၊ ဘောဇဉ်တွေကို ယူခွင့်မရှိတော့ဘူး။[1]

MA ဦးဇင်း ။ ။ ယူထားမိတဲ့ ဆွမ်းကနည်းနေရင်လည်း ယူခွင့်မရှိတော့တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ မရှိတော့ဘူး။ သို့သော် ဒါယကာတို့က မထေရ်ကြီး ဘာမှမဘုဉ်းပေးရသေးပါလားဆိုပြီး ထောပတ်စတဲ့ အစာအာဟာရကို ကပ်လှူရင်တော့ ခံယူခွင့်ရှိတယ်။ ဒီမှာလည်း ကန့်သတ်ချက်တစ်ခု ရှိသေးတယ်။ ဥက္ကဋ္ဌရဟန်းက အာဟာရအလို့ငှာ ခံယူဖို့ မအပ်ဘူး။ ဆေးအလို့ငှာ ဘေသဇ္ဇပရိဘောဂ အဖြစ်သာလျှင် အပ်တာပါဘုရား။

MA ဦးဇင်း ။ ။ အလွန်တိကျတဲ့ ဓုတင်ကျင့်စဉ်ပါဘုရား။ The intermediate practitioner မဇ္ဈိမရဟန်းရဲ့ ကျင့်စဉ်ကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ အလတ်စား မဇ္ဈိမဓုတင်ဆောင်ရဟန်းက သပိတ်ထဲမှာ ဆွမ်းမကုန်သေးသမျှ တခြားဆွမ်းဘောဇဉ်တွေကို ခံယူကောင်းတယ်။[1] အစောက ပြောခဲ့တဲ့ ဥက္ကဋ္ဌဓုတင်ဆောင်ရဟန်းက ဆေးအဖြစ် ခံယူခွင့်ရှိတဲ့ ထောပတ်စတာကိုလည်း မဇ္ဈိမနဲ့ မုဒုရဟန်းတို့က အာဟာရအလို့ငှာ အပ်တယ်လို့ နဘူးကျင်းဆရာတော်ကြီးက မိန့်ကြားတော်မူဖူးတယ်။

---

၁။ (၂၈) ဧကာသနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ - ၆၆)

MA ဦးဇင်း ။ ။ မဇ္ဈိမခူတင်ဆောင်ရဟန်းက သပိတ်ထဲမှာ ဆွမ်းမကုန်သေးသမျှတော့ ယူခွင့်ရှိတယ်ဆိုရာမှာ ကုန်ရင် ယူခွင့်မရှိတော့ဘူးလို့ နားလည်ရမလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ သပိတ်ထဲ ဆွမ်းကုန်ပြီးတော့ နေရာကနေ မထသေးဘဲ တခြားဆွမ်းဘောဇဉ်တွေကို မုဒုရဟန်းကတော့ ခံယူခွင့် ရှိပါသေးတယ်။ ဘယ်အထိ ယူခွင့်ရှိသလဲဆိုရင် သပိတ်ဆေးဖို့ရေ မယူမချင်းအထိ ယူခွင့်ရှိပါတယ်။ သို့သော် ပထမဆွမ်းဘုဉ်းနေတဲ့ ဣရိယာပုတ်ကို ဖျက်ပြီးနောက် ဆွမ်းဘောဇဉ်အာဟာရကို ဘုဉ်းပေးရင်တော့ ခူတင်ပျက်ပါတယ်ဘုရား။ ၁

MA ဦးဇင်း ။ ။ မှန်ပါ။ The ordinary practitioner ဖြစ်တဲ့ မုဒုရဟန်းတော်ရဲ့ ကျင့်စဉ်ကိုလည်း သိရပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## ကောသနိက်ခူတင်ဆောင် ရဟန်းရသည့်အကျိုး ၈ ပါး

(၁) ကျန်းမာခြင်း၊
(၂) ဆင်းရဲပင်ပန်းမှု မရှိခြင်း၊
(၃) လျင်မြန်ပေါ့ပါးစွာ ကြွလာနိုင်ခြင်း၊
(၄) ကာယခွန်အား ပြည့်ဝခြင်း၊
(၅) ချမ်းသာစွာ နေရခြင်း၊
(၆) အတိရိတ်မပြုသော ဘောဇဉ်ကို စားခြင်းကြောင့် သင့်နိုင်သောအာပတ် မသင့်ခြင်း၊
(၇) ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း။
(၈) အပ္ပိစ္ဆတာစသော ဂုဏ်တို့အားလျော်သော အကျင့်ရှိခြင်းဟူသော အကျိုးများကို ရနိုင်သည်။[၂]

ကောသနဘောဇနေ ရတာ၊ န ယတိ ဘောဇနပစ္စယာ ရုဇာ၊
ဝိသဟတ္ထိ ရသေ အလောလုပေါ၊ ပရိဟာပေတိ န ကမ္မမတ္တနော။
ဣတိ ဖာသုဝိဟာရကာရဏေ၊ သုစိသလ္လေခရတူပသေဝိတေ၊
ဇနယေထ ဝိသုဒ္ဓမာနသော။
ရတိ မေကာသန ယေဇနေ ယတီတိ။[၃]

---

၁။၂။၃။ (၂၈) ကောသနိကင်္ကထာ၊ ခုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ - ၆၆)

တစ်နေရာတည်း စားခြင်း၌ မွေ့လျော်သောရဟန်းကို
(အကြိမ်ကြိမ်) စားခြင်းကြောင့် ဖြစ်တတ်ကုန်သော
အနာရောဂါတို့သည် မနှိပ်စက်နိုင်ကုန်။
အရသာ၌ မမက်မောသည်ဖြစ်၍ မိမိ၏ပြုသင့်သော
ရဟန်းကိစ္စကို မယုတ်စေဘဲ ပြည့်စုံစေနိုင်ပေ၏။
ထို့ကြောင့် ချမ်းသာစွာနေရခြင်း၏ အကြောင်းဖြစ်သော တဏှာကို
ခေါင်းပါးစေတတ်သော စင်ကြယ်သော အကျင့်၌ မွေ့လျော်သော
သူမြတ်တို့ မှီဝဲအပ်သော တစ်ထိုင်တည်းစားခြင်း၌ မွေ့လျော်ပျော်ပိုက်ခြင်းကို
အထူးသဖြင့် စင်ကြယ်သော စိတ်နှလုံးရှိသောရဟန်းသည် ဖြစ်စေရာ၏။[၁]

၁။ မဟာစည်ဆရာတော်ကြီး၏ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၂၁)

# ၆။ ပတ္တပိုဏ်ဍုတင်

# Pattapiṇḍika dhutaṅga



ပတ္တပိုဏ်ဍုတင်ကို ဆောင်သောရဟန်းသည် နှစ်ခုမြောက်ခွက်ကို ပယ်ပြီး
တစ်ခွက်တည်း၌ ဆွမ်း၊ ခဲဖွယ်တို့ကို ယူ၍ ဘုဉ်းပေးတော်မူသည်။

The bhikkhu who takes the habit to eat while utilising only one recipient is called a pattapiṇḍika .

## ပတ္တပိုဏ်ဍုတင် ဆောက်တည်ပုံ

ပတ္တပိုဏ်ဍုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"ဒုတိယကဘာဇနံ ပဋိက္ခိပါမိ"
"ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ"[၁]
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"နှစ်ခုမြောက်သော စားခွက်ကို ပယ်ပါ၏။"
"တစ်ခွက်တည်း၌သာ စားဖွယ်ကိုယူ၍ စားလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ
သမာဒါနစေတနာကို ဆောက်တည်ပါ၏။"

"dutiyakabhâjanaṃ pamikkhipâmi." " pattapiṇḍikaṅgaṃ samâdiyâmi."
" I renounce to eat with means of second recipient, I will train into eating by means of a sole recipient."

၁။ (၆) ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၈)

## ဝေါဟာရအစိပ္ပာယ်

ဒုတိယကဘာဇနံ = အာဟာရထည့်သော နှစ်ခုမြောက်ခွက်ကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
ပတ္တပိဏ္ဍိကင်္ဂ = တစ်ခွက်တည်း၌ စားဖွယ်ကိုသာယူ၍ စားလေ့ရှိသော ရဟန်း၏အကြောင်း အင်္ဂါစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
ပတ္တပိဏ္ဍာ = သပိတ် (ခွက်) တစ်လုံးတည်း၌ရှိသော ဆွမ်းဘောဇဉ်။
ပတ္တပိဏ္ဍိက = သပိတ် (ခွက်) တစ်လုံးတည်း၌ ဆွမ်းဟူသော အမှတ်သညာကိုပြု၍ ဘုဉ်း ပေးလေ့ရှိသောရဟန်း။
ပတ္တပိဏ္ဍိကင်္ဂ = သပိတ် (ခွက်) တစ်လုံးတည်း၌ ဆွမ်းဟူသော အမှတ်သညာကိုပြု၍ ဘုဉ်း ပေးလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကပင် ပတ္တပိဏ် ဓုတင်မည်၏။

## ပတ္တပိဏ်ဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ပတ္တပိဏ်ဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ပတ္တပိဏ်ဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုပတ္တပိဏ်ဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ပတ္တပိဏ်ဓုတင်ဆောင် သူတော်ကောင်းရဟန်း

ပတ္တပိဏ်ဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ပတ္တပိဏ်ဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

၁။ (၁၀၇) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၆)

# နှစ်ခုမြောက်ခွက်ကို ပယ်သည်

MA ဦးဇင်း ॥ ॥ ဘုရားတပည့်တော် လပြည့်နေ့ ဥပုသ်ပြုပြီး နောက်ရက်ကစပြီး ပတ္တပိုဏ် ဓုတင်ကို အဓိဋ္ဌာန်မတင်ထားဘဲ စမ်းပြီး ကျင့်ကြည့်နေပါတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါတယ်။ ပွဲမဝင်ခင် အစမ်းကျင့်သလိုပေါ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ "နှစ်ခုမြောက်ခွက်ကို ပယ်ပါ၏"လို့ ဆိုထားတဲ့အတွက် ခွက်မဟုတ်တဲ့ သစ်ရွက် ခပ်ကြီးကြီးထဲကို ဆွမ်းဘောဇဉ်တွေ ထည့်ဘုဉ်းရင် ရနိုင်ပါသလားဘုရား။

ဆရာတော် ॥ ॥ အာဟာရဆွမ်းစတာတွေကို ထည့်ဖို့ ရည်ရွယ်တာဆိုရင်တော့ မအပ်ဘူး ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တချို့ဒကာမကြီးတွေက ဆွမ်းချက်တာမမီလို့ သပိတ်ထဲ ကော်ဖီထုပ်၊ မုန့်ထုပ်တွေ လောင်းကြတယ်ဘုရား။ အထုပ်ဆိုတော့ နှစ်ခွက် မြောက်များ ဖြစ်သွားလေသလားဆိုတာ သိချင်ပါတယ်။

ဆရာတော် ॥ ॥ လောင်းတာကို လက်ခံရုံနဲ့တော့ ဓုတင်မပျက်သေးပါဘူး။ ဆွမ်းဘုဉ်းတဲ့ အခါမှာ နှစ်ခွက်မဖြစ်ရဘူး။ ဒါကြောင့် ဆွမ်းမဘုဉ်းခင် အထုပ်တွေကို ဖြည်ပြီး သပိတ်ထဲလောင်းထည့်ထားရင် ရပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ကော်ဖီအထုပ်ကိုလည်း ဖြည်ပြီးတော့ သပိတ်ထဲ ထည့်ရမှာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ အထုပ်လိုက် သပိတ်ထဲထားရင် နှစ်ခွက်မြောက် သာယာသလို ဖြစ်မယ်။ သပိတ်အပြင်မှာ ထားပြီးတော့ ဖျော်သောက်ရင်လည်း "နှစ်ခုမြောက် ခွက်ကို ပယ်ပါ၏" လို့ ဆိုထားတာနဲ့ ဆန့်ကျင်တော့မယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် ကော်ဖီအထုပ်ကို ဖြည်ပြီးတော့ သပိတ်ထဲဘေးနားမှာ သပ်သပ် ကလေး ထည့်ထားမယ်ဘုရား။ ဆွမ်းဘုဉ်းပြီးတဲ့အချိန်မှာ သပိတ်ထဲကို ရေနွေးနည်းနည်း လေးလောင်းထည့်ပြီး သပိတ်နှုတ်ခမ်းကိုင်ပြီးတော့ မော့သောက်ရင် ရတန်ကောင်းပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဦးဇင်း ဓုတင်ဆောင်နေတဲ့ ရဟန်းတစ်ပါးအနေနဲ့ "ဒါတော့ ရတန်ကောင်းပါရဲ့"၊ "ဒီလိုတော့ ရနိုင်လောက်ပါရဲ့"၊ "ဒါဆိုရင် အပြစ်လွတ်လောက်ပါရဲ့' ဆိုပြီး အစားအသောက်အပေါ် သာယာနေရင် ရေရှည်မှာ ဓုတင်ဆောင်ရဟန်းရဲ့ သူတော်ကောင်းဂုဏ်ရည် ပျက်တတ်တယ်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ဆင်ခြင်ပါ့မယ်ဘုရား။ နောက်ထပ် သိသင့်ရာရာတွေ ရှိသေးရင် သိပါရစေဘုရား။

ဆရာတော် ॥ ॥ တော်တော်လေးတော့ ပြည့်စုံပါပြီ။ သိချင်တာရှိသေးရင် လျှောက်ပါလေ။

---

၁။ (၂၉) ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၈)

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် နှစ်ခု မေးလျှောက်ပါဦးမယ်ဘုရား။ ပထမတစ်ခုက ငှက်ပျောသီးကို သပိတ်ထဲ လောင်းခဲ့ရင် ဘယ်လိုလုပ်ပြီး ဘုဉ်းပေးသင့်သလဲ ဆိုတာနဲ့ ကော်ဖီမဟုတ်ရင်လည်း ဟင်းအရည်သောက် တစ်ခုခုကို ဓုတင် အနှောင့်အယှက်မဖြစ်စေဘဲ ဘုဉ်းပေးလို့ရတဲ့နည်းရှိရင် သိပါရစေဘုရား။

ဆရာတော် ။ ။ ဆွမ်းမဘုဉ်းသေးခင် ငှက်ပျောသီးကို အခွံခွာပြီး သပိတ်ထဲထည့်ထားရင် ရပြီလေ ဦးဇင်း။ အစောက မုန့်ထုပ်လိုပေါ့။ ပလပ်စတစ်အိတ်ထဲက ထုတ် ထားပြီးတော့ သပိတ်ထဲထည့်ထားပြီး ဘုဉ်းပေးနိုင်ပါတယ်။ နောက်တစ်ခု ဟင်းရည်တို့ ကော်ဖီရည်တို့ပေါ်ကို မသာယာတာ ကောင်းမယ်ထင်ပါတယ်။ ဓုတင်ဆောင်ရဟန်းက ရေနွေးလောက်နဲ့ပဲ ရောင့်ရဲရင် ပိုလို့သင့်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ ဆွမ်းခံတုန်းက အကောင်းစားအနံ့သင်းပျံ့တဲ့ ကော်ဖီအထုပ်ရထားတယ် ဘုရား။ ဓုတင်ပြဋ္ဌာန်းချက်ကိုလည်း သေသေချာချာမသိဘူး။ ပျက်မှာစိုးရိမ် မိလို့သာ ကော်ဖီထုပ် အပြင်ကိုထုတ်ပြီး စွန့်ပယ်ထားတာပါဘုရား။ သို့သော် စိတ်ထဲကနေ ဆွမ်းဘုဉ်းပြီးရင် မိုးအေးအေးနဲ့ ကော်ဖီဘုဉ်းပေးရရင်တော့ ကောင်းမှာပဲလို့ တွေးမိရင် ဓုတင်ပျက်ပါသလားဘုရား။

ဆရာတော် ။ ။ ဦးဇင်း တကယ်လက်တွေ့ ဘုဉ်းပေးတာလည်း မဟုတ်ဘူး။ ဓုတင်ကျင့်စဉ် ကိုလည်း သေသေချာချာသိသေးတာ မဟုတ်ဘူးဆိုတော့ ဓုတင်မပျက်ပါဘူး။ ဝိနည်းမှာ "အနာပတ္တိ ဘိက္ခု အသဉ္စိစ္စ"ဆိုတာ ရှိတယ်။ ပြီးတော့ "အနာပတ္တိ ဘိက္ခု အဇာနန္တဿ" လို့ ပြဋ္ဌာန်းချက်ရှိတယ်။ စေတနာအလျောက် လွန် ကျူးတာမဟုတ်ရင် အာပတ်မသင့်ဘူး။ မသိလို့ လွန်ကျူးမိတာဆိုရင်လည်း အာပတ်မသင့်ပါဘူး ဦးဇင်း။[၁] သိအောင်တော့ ကြိုးစားရမယ်နော်။

MA ဦးဇင်း ။ ။ အခုလို အသေးစိတ်သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အခုမေးခွန်းက ဝိနည်းမေးခွန်းမဟုတ်ဘဲ ဓုတင်မေးခွန်းဖြစ်နေတဲ့အတွက် စဉ်းစားစရာတစ်ခု ရှိလာတယ်။ သပိတ်အပြင် အာလယပြတ်စွန့်ပယ်ထား ပြီးဖြစ်တဲ့ ကော်ဖီကို စိတ်နဲ့သောက်ရုံနဲ့ ဓုတင်မပျက်သော်လည်း သပိတ်ထဲ ပြန်ထည့်ဖို့ လက်ကလှမ်းယူတာမျိုးဆိုရင် ဓုတင်ကို အနှောင့်အယှက်ဖြစ်စေ တော့မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ ဓုတင်မှာ ရေနွေးအဖြူဆိုရင် ရပါသလားဘုရား။

ဆရာတော် ။ ။ ရပါတယ် ဦးဇင်း။ ဒီဆွမ်းဓုတင် ငါးပါးရှိတဲ့ထဲက ပတ္တပိဏ်ဓုတင်ကို ယာဝ ကာလိကဖြစ်တဲ့ ထမင်း၊ ငါး၊ အမဲ၊ မုန့်တွေကို ဘုဉ်းပေးရာမှာသာ သုံးသပ် ဆုံးဖြတ်ရတာပါ ဦးဇင်း။

---

၁။ ပါရာဇိကပါဠိ (နှာ-၁၀၂)

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ရေနွေးအဖြူ ဖျော်ရည်၊ စတုမဓူနဲ့ ဆေး စတာတွေက ဆွမ်းခူတင်နဲ့ မဆိုင်ဘူးလို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ သူက ဝိနည်းပညတ်ချက်အတိုင်း လိုက်နာရင် လုံလောက်ပါပြီဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တောထဲသီတင်းသုံးတဲ့ ခူတင်ဆောင်ရဟန်းတစ်ပါးရဲ့ သပိတ် ကွဲသွား၊ ပေါက်သွားခဲ့ရင် သစ်ရွက်တစ်ရွက်ထဲမှာ ထည့်ဘုဉ်းပေးလို့ ရပါ မလားလို့ တပည့်တော် စဉ်းစားနေတာပါဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပြီ။ သပိတ်ပျောက်တာတို့၊ ပေါက်တာတို့၊ ကွဲတာတို့ဆိုရင် သစ်ရွက် တစ်ရွက်မဟုတ်ဘူး။ နှစ်ရွက်သုံးရွက် စပ်ပြီးတော့လည်း သုံးခွင့်ရှိပါတယ် ဘုရား။ ဘုဉ်းပေးရင်လည်း အပ်ပါတယ်။[၁]

MA ဦးဇင်း ॥ ॥ နားလည်ပါပြီဘုရား။ တစ်ခုသိချင်သေးတာက သပိတ်အဖုံးကို နှစ်ခုမြောက်ခွက် ယူရတာပါလားဘုရား။

ဆရာတော် ॥ ॥ ဆွမ်းဘုဉ်းတဲ့အခါမှသာ သပိတ်ဖုံးက နှစ်ခုမြောက်ခွက် ဖြစ်မဖြစ် စဉ်းစား ရပါတယ်။ ရှေးရှေးဘုရားလက်ထက်တော် အခါကာလက သပိတ်တွေမှာ အဖုံးမရှိသေးဘူး ဦးဇင်း။ ဒါကြောင့် အဖုံးကို ဆန်းစစ်မယ်ဆိုရင် သပိတ်ကို ဖုံးရုံသာဖုံးထားမယ်။ ဆွမ်းဘောဇဉ်တွေ မထည့်ဘူးဆိုရင်တော့ နှစ်ခု မြောက်ခွက် မဖြစ်နိုင်ပါဘူး။

MA ဦးဇင်း ॥ ॥ မှတ်သားထားပါ့မယ်ဘုရား။ ဒါဆိုရင် သပိတ်ဖုံးပေါ်ကို ငှက်ပျောသီး၊ ပန်းသီး၊ မုန့်ထုပ်တွေ လောင်းလှူတာကို ခံယူရင် ရပါသလားဘုရား။

ဆရာတော် ॥ ॥ တချို့ဆရာသခင်များက သပိတ်ဖုံးနဲ့ တစ်စုံတစ်ခု စားသောက်ဖွယ်တွေကို မခံယူသင့်ဘူး၊ မထည့်သင့်ဘူး။ ခံယူမိရင်၊ ထည့်မိရင် ဒုတိယဘာဇနသံသယ ဖြစ်တတ်တယ်လို့လည်း မိန့်တော်မူကြတယ်။ တကယ်တမ်းတော့ ပတ္တပိုဏ် ခူတင်က ဆွမ်းဘုဉ်းပေးရာမှာသာ ဒုတိယခွက်ကိစ္စ ပါလာတဲ့အတွက်ကြောင့် ခူတင်ပျက်တာပါ။

MA ဦးဇင်း ॥ ॥ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ "ဒုတိယကဘာဇနံ ပဋိက္ခိပါမိ" တဲ့ "နှစ်ခုမြောက်သော စားခွက်ကို ပယ်ပါ၏" လို့ ဆိုထားတာမို့လို့ မစားခင် ဒုတိယမြောက်ကို မဆုံးဖြတ်သေးဘဲ စားတဲ့ နေရာမှာသာ ဒုတိယခွက်ကိစ္စ ဆုံးဖြတ်တာက နည်းလမ်းကျလိမ့်မယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဆွမ်းခံတဲ့အခါမှာ ခွက်နှစ်ခုဖြစ်ရင်လည်း ရတာပါလားဘုရား။

---

၁။ အရှင်တိဿရထေရ်၏ ဓုတင်္ဂဝိနိစ္ဆယ (ခေါ်) ခူတင်အဆုံးအဖြတ်ကျမ်း (နှာ - ၅၂)

ဆရာတော် ။ ။ တစ်ခုသတိရတာလေး ပြောပြဦးမယ်။ ထန်းတပင်ရွာမှာ နဘူးကျောင်းဆရာတော်ကြီးနောက်နားက ဆွမ်းခံဖူးတယ်။ သပိတ်အဖုံးပေါ်ကို စားဖွယ်ဘောဇဉ်တွေ တင်လှူတာကို ဆရာတော်ကြီးက ပယ်ချတော်မူတာလည်း ကြုံဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးက သပိတ်ဖုံးကို နှစ်ခွက်မြောက်ဖြစ်မှာစိုးလို့ ပယ်ချတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးထံပါး မေးလျှောက်ကြည့်တဲ့အခါမှာ "အဖုံးပေါ်တင်လာရင် အောက်ကိုမကျသွားအောင် စောင့်ရှောက်ရတာ တာဝန်တစ်ခုပိုတယ်" လို့ မိန့်တော်မူဖူးတယ်။ "ဓူတင်ဥက္ကဋ္ဌဆောင်ထားလို့ သပိတ်အဖုံးပေါ်ကို မခံယူတာပါ" လို့တော့ မိန့်တော်မမူဖူးပါဘုရား။

MA ဦးဇင်း ။ ။ ခံယူတဲ့အခါမှာ သပိတ်အဖုံးအပေါ်မှာ တင်လာခဲ့ဦးတော့၊ လက်ထဲအထုပ်ကို ဆွဲလာဦးတော့ ရသေးတယ်။ စားတဲ့အခါမှာ တစ်ခွက်တည်းဖြစ်ရမှာ မဟုတ်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါပြီ။ ဓူတင်မပျက်ပါဘူး။ ထားပါဦးဇင်း။ သို့သော် လည်ပင်းမှာ သပိတ်ဆွဲ၊ လက်ထဲချိုင့်ဆွဲပြီး မဟိစ္ဆာပုဂ္ဂိုလ်တို့ပမာ သာရုပ္ပမရှိတဲ့ အမူအရာက သကျပုတ္တ ဘုရားသားတော် ဓူတင်ဆောင်ရဟန်းတော်အတွက် ဘယ့်နှယ်မှကို မတင့်တယ်ပါဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် အဓိဋ္ဌာန်တင်ပြီး ဓူတင်ဆောင်တဲ့အခါမှာ သို့လော သို့လော ဖြစ်မှာစိုးရိမ်လို့ အခုလို အသေးစိတ် မေးလျှောက်မိတာပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ သပိတ်ကိုအဖုံး ဖုံးထားခြင်းရဲ့အဓိက ရည်ရွယ်ချက်က သပိတ်ထဲရှိတဲ့ဆွမ်းပေါ်ကို မြူမှုန်တွေမကျအောင် အကာအကွယ်ပေးရတာပါ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သပိတ်ထဲ မြူမှုန်ကျလာတယ်လို့ သံသယဖြစ်တဲ့ဆွမ်းကို သပိတ်ဖုံးထဲ စွန့်ပစ်ရင်တော့ ရတန်ကောင်းပါရဲ့ဘုရား။

ဆရာတော် ။ ။ စားခွက်အဖြစ်မသုံးဘဲ စွန့်ခွက်အဖြစ် သုံးရင်ရတယ်။ သို့သော် ပတ္တပိဏ် ဓူတင် ဥက္ကဋ္ဌအဖြစ်ဆောင်တဲ့ ပုဂ္ဂိုလ်အဖြစ်ကနေ လျှောကျမယ်နော်။[၁]

MA ဦးဇင်း ။ ။ ဓူတင်ပျက်တာပါလားဘုရား။

ဆရာတော် ။ ။ ဓူတင်မပျက်ဘူး။ သို့သော် ဥက္ကဋ္ဌအဖြစ် ဓူတင်ဆောင်တဲ့ရဟန်း မဟုတ်တော့ဘဲ မဇ္ဈိမ သို့မဟုတ် မုဒုအဖြစ် တည်ရှိနိုင်ပါသေးတယ်။ ဒါကြောင့် ဓူတင်ပျက်တယ် ပြောလို့တော့မရပါဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါဘုရား။

၁။ (၂၉) ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ - ၆၈)

## ပဋ္ဌာပိုဏ်စူတင်ဆိုင်ရာ အဆုံးအဖြတ်များ

ဆရာတော် ။ ။ ဒီနေရာမှာ ပိုရှင်းသွားအောင် ညောင်လေးပင်တောရ ဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကို ပြောပြဦးမယ်လေနော်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကို သိပါရစေဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက "အချို့ကား ခံတွင်းသို့ ရောက်သမျှ အရိုး စသည်တို့ကို တဖြည်းဖြည်း ဝါး၍ မျိုရမည်။ မမျိုမူ၍ ထွေးလျှင်ပျက်သည်ဟု အတ္တကိလမထနည်းဖြင့် အယူသီးကုန်၏။ အချို့ကား ခွက်၌ ရှိသမျှအားလုံး ရောနယ်မွှေမှ မြတ်သည်ဟု ပညာမဲ့ သဒ္ဓါလွန် စကားကျုံကုန်၏" တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါ။ အလွန်မှတ်သားထိုက်တဲ့ အဆုံးအဖြတ်ပါဘုရား။

ဆရာတော် ။ ။ ကျန်သေးတယ်။ ဆက်ပြောပြဦးမယ်နော်။ "ခွက်၌ရှိသော အရိုး၊ စပါးလုံး စသည်ကို လက်ဖြင့်ယူ၍ ထွေးခံ၌သော်လည်း မစွန့်အပ်၊ ခံတွင်းသို့ ရောက်သော အရိုး စသည်ကိုကား ပါးစောင်တစ်ဖက်ဖြင့် ထွေးစွန့်ကောင်း၏။ ရောမွှေရသည်ဟူသော စကားလွန် တွင်ကျယ်သောကြောင့် စက်ဆုပ်၍ ဤစူတင်ကို ကျင့်လိုသူ နည်းပါးချေပြီ။ ငါတို့ ဘုရားသခင်သည် သန့်သန့်ရှင်းရှင်း စားခြင်းကိုသာ နှစ်သက်သော မြို့ကြီးသားဖြစ်သောကြောင့် သေခိယ၌ ရွံ့ဖွယ်ပြုခြင်းတို့ကို များစွာ ကဲ့ရဲ့တော်မူ၏" တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ကျေးဇူးတင်ပါတယ်ဘုရား။ နောက်ထပ်စူတင်ဆိုင်ရာ သိသင့်တာတွေ ရှိသေးရင်လည်း မှတ်သားချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ မဟာစည်ဆရာတော်ကြီးရဲ့ ဝိသုဒ္ဓိမဂ်မှာ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ ကိုးကား ပြတော်မူတာ ရှိသေးတယ်။ မူရင်းအတိုင်းပြောပြမယ်နော်။ "စားခွက်သာ မဟုတ်၊ အမှိုက်ထည့်ရန်ခွက်လည်း အပိုမရှိစေရဟု ဆိုလို၏။ ထိုသို့ဖြစ်လျှင် ထွေးခံကိုလည်း ဆွမ်းစားရာ၌ မထားအပ်သကဲ့သို့ ရှိ၏။ အဋ္ဌကထာ၌ ဆိုလိုသည်မှာ ဤသို့သော်လည်း ဖြစ်ရာ၏။ ကြံစုတ်သောအခါ၌ မစုတ်မီ ကြံအခွံများကို ခွာ၍ စွန့်ပစ်ကောင်း၏။ ထိုမှတစ်ပါးဆိုလျှင် သပိတ်ထဲမှ အမှိုက်ကိုလည်း စောစောက ကောက်မပစ်အပ်။ ပါးစပ်ထဲရောက်မှ ထုတ်ပစ်ရမည်ဟု ဆိုလိုဟန်ရှိ၏။ ဤသို့ မရွေးချယ်ပဲစားလျှင် ထိုထိုကောင်းနိုးရာရာ၌ဖြစ်သော ရသတဏှာကို ပယ်နိုင်ခြင်း အကျိုးရှိ၏။ ထိုအကျိုးအတွက် ပြဆိုဟန်ရှိပေသည်" တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဥက္ကဋ္ဌပုဂ္ဂိုလ်အတွက်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဦးဇင်း။ ဆက်ပြီးတော့ မဟာစည်ဆရာတော်ကြီးက "ထိုသို့ဖြစ်လျှင် ကြီးမားသော ထမင်းခဲ အသားတုံးစသည်ကိုလည်း မဖဲ့ဘဲ တစ်ခါတည်း စားရမည်ကဲ့သို့ ရှိ၏။ ဤ၌လည်း အဋ္ဌကထာဆရာ ဆိုလိုသည်မှာ ထမင်းခဲ ငါး

အမဲ မုန့်တို့ကို အသီးသီးခွဲထား၍ အသီးအသီးတစ်ခုစီ ခွဲထုတ်ကာ အရသာခံ၍ မစားအပ်။ အကုန်လုံး ရောမွှေ၍ မခွဲခြားဘဲ စားရမည်ဟု ဆိုလိုဟန် ရှိပေသည်" တဲ့ဦးဇင်း။ ဒါဆိုရင်တော့ ရှင်းလောက်ပြီ ထင်ပါတယ်နော်။[၁]

MA ဦးဇင်း ။ ။ မှန်ပါ။ အဆုံးအဖြတ်အစုံကို သိခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် တနင်္ဂနွေနေ့က ဆွမ်းခံသွားတာ ရပ်ကွက်ဆွမ်းလောင်းအသင်းက ဆွမ်းမလောင်းဘဲ ခေါက်ဆွဲတွေ သပိတ်တစ်ဝက်လောက် လောင်းလိုက်တယ်ဘုရား။

ဆရာတော် ။ ။ ခေါက်ဆွဲဆွမ်း ရလာတာပေါ့ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ ခေါက်ဆွဲဆွမ်းကို အခါတိုင်းလို လက်နဲ့ဘုဉ်းပေးရတာ အခက်အခဲရှိလာလို့ ဟင်းရည်သောက်ဇွန်းနဲ့ ဘုဉ်းပေးရပါတယ်။ ဇွန်းက နှစ်ခွက်မြောက်ဖြစ်တတ်သလားလို့ သိချင်တာပါဘုရား။

ဆရာတော် ။ ။ ဇွန်းက ခံယူလို့ ရလောက်တဲ့ပမာဏ မရှိလို့ ဒုတိယခွက်အဖြစ် မမြောက်ဘူးဆိုတဲ့ အဆုံးအဖြတ်ရှိတယ်။ အချို့သောမထေရ်ကြီးတို့ကတော့ ဇွန်းသုံးတာကိုနှစ်သက်တော် မမူကြပါဘူး။ နဘူးကျောင်းဆရာတော်ကြီးက ဇွန်းသုံးပါတယ်။ ဆရာတော်ကြီး မိန့်တော်မူဖူးတာ တစ်ခုရှိခဲ့ဖူးတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ "ဇွန်းနဲ့ ဘုဉ်းပေးနေတဲ့ ရဟန်းတစ်ပါးက သူ့သပိတ်ထဲက ဟင်းတုံးကို ဇွန်းထဲမှာ ခပ်ယူထားမယ်။ ပြီးတော့မှ အဲဒီဟင်းကို ဇွန်းနဲ့မဘုဉ်းတော့ဘဲ လက်နဲ့ယူဘုဉ်းပေးမယ်ဆိုရင်တော့ ဒုတိယဘာဇန ဖြစ်သွားမယ်" လို့ ဆုံးဖြတ်ပေးတော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ဒါမျိုးလည်း ဖြစ်ခဲပေမဲ့ ဖြစ်နိုင်မယ် ထင်ပါတယ်ဘုရား။ ဇွန်းမသုံးရင် ခေါက်ဆွဲဟင်းအရည်ကို ဘယ်လိုဘုဉ်းပေးရပါမလဲဘုရား။

ဆရာတော် ။ ။ သပိတ်ကို လက်နှစ်ဖက်နဲ့ကိုင်၊ နှုတ်ခမ်းနဲ့တေ့ပြီး ဘုဉ်းပေးရင်လည်း ရတယ်လေ ဦးဇင်း။ သူများဇွန်းသုံးတာကိုလည်း အပြစ်မတင်ပါနဲ့လေ။ မိမိအနေနဲ့မသုံးလိုရင်လည်း မသုံးနဲ့ပေါ့ဦးဇင်း။

MA ဦးဇင်း ။ ။ နားလည်ပါပြီ။ နည်းလည်းရပါပြီဘုရား။ သောက်ရေဘုဉ်းပေးဖို့ ရေအိုးပေါ်က ခွက်ကလည်း နှစ်ခွက်မြောက် ဖြစ်ပါသလားဘုရား။

ဆရာတော် ။ ။ ရေအိုးက သောက်ရေခွက်နဲ့ ရေယူတာမှာ ဓူတင်မပျက်ပါဘူး။ စူဠဋီကာဆရာရဲ့အလိုက "သောက်ရေခွက်သည် ဓူတင်ကို မပျက်စေတတ်။ ထိုခွက်သည် ဆွမ်းထည့်စရာခွက် မဟုတ်မူ၍ ရေသောက်ရန်အတွက် ခွက်ကိုစွဲ၍ လျော်စွာလုံ့လ ပြုရသောကြောင့်တည်း"လို့ ဖွင့်ဆိုထားပါတယ်။[၂]

---

၁။ ပြည်မူဝိသုဒ္ဓိမဂ်နိဿယ

၂။ နဘူးကျောင်းဆရာတော်ကြီး၏ ဓုတင်္ဂဝိနိစ္ဆယ ခေါ် ဓူတင်အဆုံးအဖြတ်ကျမ်း (နှာ-၅၄)

MA ဦးဇင်း ။ ။ အချို့မထေရ်ကြီးများက သပိတ်ထဲ ရေထည့်ပြီး ဘုဉ်းပေးတော်မူတယ်လို့ ဘုရားတပည့်တော် စာထဲမှာ ဖတ်ဖူးတယ်ဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ သတိရလို့ နှစ်ခွက်ဖြစ်တယ်။ မဖြစ်ဘူးဆိုတဲ့ ဓူတင်ဆိုင်ရာ အဆုံးအဖြတ်တစ်ခုကို ညောင်လေးပင်တောရ ဆရာတော်ကြီးရဲ့ ဝိသုဒ္ဓိမဂ် အရသာစာအုပ်မှာ ပြထားတာကို ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ ရှေးရှေးဆရာတော်ကြီးများရဲ့ အဆုံးအဖြတ်ကို ဘုရားတပည့်တော် ဦးထိပ်ပန်ဆင် မှတ်သား လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ညောင်လေးပင်တောရ ဆရာတော်ကြီးက အလွန် ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးတော်မူတာက "အချို့ကား ခွက်အများ အကပ်ခံလျှင် ပျက်သည်။ ကိုယ်တိုင်ပင်ထည့်လျှင် ပျက်သည်ဟု မစားမီက ပျက်ခြင်းကို အဆိုဦးကုန်၏။ အချို့ကား ထိုခွက်တစ်ခုတည်းဖြင့်သော်လည်း နှစ်ကြိမ်စားလျှင် နှစ်ခုမြောက်ခွက်ဖြစ်၍ နှစ်ကြိမ်နှင့် နှစ်ခွက် မကွဲမပြား အယူအဆ ရှုပ်ထွေးကုန်၏" တဲ့ ဦးဇင်း။ ဒါဆရာတော်ကြီးစာ မူရင်းအတိုင်းပါပဲ။

MA ဦးဇင်း ။ ။ အဆုံးအဖြတ် ရဲရင့်ပြတ်သားပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဆက်ပြီးမိန့်တာက "ဆရာမြတ်တို့ကား ခံသောအခါ ခွက်များလည်း အပြစ်မရှိ။ စားသောအခါ တစ်ခွက်တည်းသာ စားရသည်။ ဝမ်းပမာဏသင့်ရုံယူအပ်သောကြောင့် ကိုယ်တိုင် ပြင်ထည့်ခြင်းကို အပြစ်မဆိုသင့်။ နေရာရွှေ့ပြောင်း၍ အထပ်ထပ်စားလျှင် အပြစ်မရှိ။ ခွက်ကား မပြောင်းရ" တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ နေရာရွှေ့ပြီးဘုဉ်းရင် ဧကာသနိက်ဓူတင် ပျက်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဧကာသနိက်ဓူတင် ပျက်မယ်ဦးဇင်း။ အခုပြောနေတဲ့ ပတ္တပိဏ္ဍိကဓူတင်က မပျက်ဘူးလေ။

MA ဦးဇင်း ။ ။ မှန်ပါ။ သိစရာမှတ်စရာ များပါသော်လည်း တပည့်တော် သတိပြုမိပါပြီဘုရား။ အခုသိချင်တာတစ်ခုက တောရကျောင်းမှာ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ ချက်လောင်းရင် ဓူတင်ပျက်ပါသလားဘုရား။

ဆရာတော် ။ ။ ဘယ်သူချက်မှာလဲ။ ဘုန်းကြီးတွေ ချက်မှာလား။

MA ဦးဇင်း ။ ။ ဘုန်းကြီးမချက်ပါ။ ဒကာ၊ ဒကာမတွေကချက်ပြီး ဆွမ်းလောင်းမှာပါ ဘုရား။

ဆရာတော် ။ ။ ဒါက အပြစ်တော့မရှိဘူး။ သို့သော် ကျောင်းထဲမှာချက်ပြီး ကျောင်းထဲမှာပဲ လောင်းတာကတော့ မသင့်ပါဘူး။ နဘူးကျောင်းဆရာတော်ကြီးက ကျောင်းဝင်း ပြင်ဘက်ကိုထွက်ပြီး ဆွမ်းခံကြွရတာကို လိုလားတော်မူပါတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ကျောင်းဝင်းအပြင်မှာချက်ပြီး၊ အပြင်မှာ လောင်းရတာပါလား။

---

၁။ ညောင်လေးပင်တောရဆရာတော်၏ ဝိသုဒ္ဓိမဂ်အရသာ (နှာ-၉၆)

ဆရာတော် ။ ။ သံဃာများပြီး တောရကျောင်းဝင်း ကျဉ်းနေရင် ဒကာ၊ ဒကာမပရိသတ်နဲ့ သံဃပရိသတ် ရောနှောပြီး အနေနီးတာမျိုး မသင့်တော်ပါဘူး။ ဒါကြောင့် နဘူးကျင်းတောရကျောင်းမှာ ရန်ကုန်ဆရာတော်ကြီးက ကျောင်းဝင်းအပြင် ဘက်ခပ်ဝေးဝေးမှာ ဆွမ်းချက်တာကို ခွင့်ပြုတော်မူပြီး ဆွမ်းကိုလည်း ကျောင်းဝင်းအပြင်မှာပဲ လောင်းတာကို နှစ်သက်တော်မူပါတယ်။ ဒါကြောင့် နဘူးကျင်းတောရမှာ သီတင်းသုံးခဲ့ဖူးတုန်းက ကျောင်းဝင်းအပြင်ထွက်ပြီး ဆွမ်းခံဖူးတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက်တစ်ခု သတိရတာက ရွှေဒါးတောရမှာလည်း ကျောင်းအပြင်မှာပဲ ဆွမ်းခံဖို့ စီစဉ်ထားတာ တွေ့ရပါတယ်။

MA ဦးဇင်း ။ ။ ရွှေဒါးတောရမှာလည်း ဆွမ်းကို ကျောင်းဝင်းအပြင်ဘက်မှာ ချက်တာပါ လားဘုရား။

ဆရာတော် ။ ။ ဆွမ်းခံတုန်းက ကျောင်းဝင်းအပြင်မှာ ချက်တာမတွေ့ဘူး။ ရွာကချက်ပြီး လာလောင်းတာကို သတိထားလိုက်မိတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ ဓူတင်ကျင့်စဉ်ဆိုင်ရာ မှတ်သားဖွယ်တွေက အလွန်စိတ်ဝင်စားစရာကောင်း ပါတယ်ဘုရား။ ဘုရားတပည့်တော် ကျင့်တဲ့အခါမှာ ဓူတင်ကို အမြတ်စား ဥက္ကဋ္ဌအဖြစ် ဆောင်ပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓုပါဗျာ။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ ပတ္တပိဏ်ဓူတင်ဆောင် ရဟန်းတော်များထဲက ဥက္ကဋ္ဌ၊ မဇ္ဈိမနှင့် မုဒုတို့ရဲ့ ကျင့်စဉ်ကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပတ္တပိဏ်ဓူတင်ကို ဥက္ကဋ္ဌဆောင်တဲ့ "Noble practitioner" ရဟန်းအတွက် အရင်ဦးဆုံး ပြောပြမယ်နော်။ ဆွမ်းဘုဉ်းတဲ့အခါ ကြက်ရိုး၊ ငါးရိုး၊ ကျန်းမာရေးအရ အဆင်မပြေလို့ စားမဖြစ်တဲ့ ငရုတ်သီးတောင့် စတဲ့ စွန့်ပစ်ရမဲ့ အမှိုက်ကိုသော်မှ သပိတ်ထဲကယူပြီးတော့ ဒုတိယခွက်မှာမစွန့်ရဘူး။[၁]

MA ဦးဇင်း ။ ။ မှန်ပါ။ နားလည်ပြီဘုရား။ သပိတ်အဖုံးထဲကိုတောင် မစွန့်ရဘူးဆိုတာ သတိရပြီ ဘုရား။ ဒါဆိုရင် ပါးစပ်ထဲရောက်ပြီးမှ ဝါးမရတော့တဲ့ ကြက်ရိုး၊ ငါးရိုး တွေကိုလည်း ထွေးပြီး သပိတ်ထဲ ထည့်ထားရမလားဘုရား။

၁။ (၂၉) ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ - ၆၈)

ဆရာတော် ။ ။ မရဘူးဘုရား။ သပိတ်ဆိုတာ အမှိုက်ထည့်တဲ့ခွက် မဟုတ်သလို ထွေးခံလည်း မဟုတ်ဘူး။ ဒါကြောင့် ပါးစပ်ထဲက ထွေးထုတ်တာကို ထည့်ခွင့်မရှိပါဘူး။ မြေကြီးပေါ် ထွေးထုတ်တာကို အပြစ်မရှိဘူးလို့ ဆုံးဖြတ်ကြပါတယ်။

MA ဦးဇင်း ။ ။ ဆွမ်းဘုဉ်းပြီးတဲ့အခါ သပိတ်ထဲ လက်ဆေးလို့ ရပါသလားဘုရား။

MA ဦးဇင်း ။ ။ သပိတ်က လက်ဆေးခွက် မဟုတ်တဲ့အတွက် လက်ဆေးရည်ထည့်ပြီး လက်ဆေးခွင့် မရှိဘူး။

MA ဦးဇင်း ။ ။ သပိတ်ဆေးရင်း ရေလောင်းတဲ့အခါ လက်ကိုလည်းဆေးပြီးဖြစ်တာမျိုး ရပါသလားဘုရား။

ဆရာတော် ။ ။ ဒါက လက်ဆေးတာ မဟုတ်ဘူး။ သပိတ်ဆေးမယ်ဆိုတဲ့ ရည်ရွယ်ချက်လေ။ စိတ်စေတနာမတူဘူး ဦးဇင်း။ ဒီနေရာမှာ ဝိသုဒ္ဓိမဂ်က ပြထားတာရှိသေးတယ်။ ဆွမ်းခံတဲ့အထဲမှာ အခွံခွာထားတဲ့ ကြံဆစ်ပိုင်းလေးတွေ ပါလာတယ်ဆိုပါစို့။ ဒီကြံကို စုပ်ပြီးတော့ ထွက်လာတဲ့ ကြံဖတ်ကိုတော့ သပိတ်ဖုံးစတဲ့ အကပ်ခံထားတဲ့ ဒုတိယခွက်ထဲ ထည့်ခွင့် ရှိပါတယ်တဲ့ဘုရား။[၁]

MA ဦးဇင်း ။ ။ ကြံမှအပ တခြားအရာတွေဆိုရင် ဥက္ကဋ္ဌဓုတင်ဆောင်ရဟန်းက မရဘူးဆိုတော့ မဇ္ဈိမနဲ့ မုဒုတို့တော့ ရလောက်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မဇ္ဈိမ "Intermediate practitioner"နဲ့ မုဒု "Ordinary practitioner"တို့အတွက် စွန့်စရာတွေကို သပိတ်ထဲကယူပြီး စွန့်ပစ်လို့ရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် ပါးစပ်ထဲ မခွံ့ခင် အရိုးထွင်ပြီး သပိတ်ထဲ ချထားခဲ့မယ်ဆိုရင် မရဘူးလားဘုရား။

ဆရာတော် ။ ။ မဇ္ဈိမရဟန်းက အသားငါးတို့ကို လက်တစ်ဖက်နဲ့ ခွဲဖဲ့ပြီး ဘုဉ်းပေးလို့ ရပါတယ်ဘုရား။ ဒါကြောင့် သူ့ကို ဟတ္ထယောဂီလို့လည်း ခေါ်တယ်။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ "ဟတ္ထယောဂီ"အကြောင်း သိရပါပြီဘုရား။ မုဒုအတွက်လည်း ပြည့်ပြည့်စုံစုံ သိပါရစေဘုရား။

ဆရာတော် ။ ။ မုဒုရဟန်းအနေနဲ့ ဘုဉ်းပေးစရာ အစာအာဟာရကို သပိတ်ထဲထည့်ပြီး ဘုဉ်းပေးလို့ ရပါတယ်။ သပိတ်ထဲက ထမင်းခဲ၊ ငါး၊ အသား၊ မုန့်တို့ကို လက်နဲ့လည်း ဖဲ့လို့ရတယ်။ သွားနဲ့လည်း ကိုက်ဖဲ့လို့ရတယ်။ ဒါကြောင့် မုဒုရဟန်းကိုတော့ "ပတ္တယောဂီ"လို့ ခေါ်တယ် ဦးဇင်း။[၁] သွားနဲ့ကိုက်တာမှာ ဝိနည်းဥပဒေဘောင်ကို ကျော်လွန်လို့တော့ မရဘူးနော်။

MA ဦးဇင်း ။ ။ မှန်ပါ။ တပည့်တော် တွေးမိနေတာလေးတစ်ခု ရှိတယ်ဘုရား။ ဥက္ကဋ္ဌရဟန်းက ထမင်းခဲ၊ ငါး၊ အသား၊ မုန့်တို့ကို လုံးဝ ဖဲ့ခွင့်မရှိဘူးလို့ မှတ်သားမိတာ မှန်ပါသလားဘုရား။

---

၁။ (၂၉)၊ ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၇)

၂။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၂၄)

ဆရာတော် ။ ။ ခပ်စောစောက မဟာစည်ဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကို ပြောလိုက်မိတယ်ထင်တယ်။ အခု ပြန်ပြောပြမယ်နော် "ထမင်းခဲ၊ ငါး၊ အမဲ၊ မုန့် တို့ကို အသီးသီးခွဲထား၍ တစ်ခုစီ၊ တစ်ခုစီ ခွဲထုတ်ကာ အရသာခံ၍ မစားအပ်။ အကုန်လုံး ရောမွှေ၍ မခွဲခြားဘဲ စားရမည်ဟု ဆိုလိုဟန် ရှိပေသည်" တဲ့ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ပတ္တယောဂီကိုလည်း မှတ်သားထားပါ့မယ်ဘုရား။ ပတ္တပိဏ်ဓူတင် ဆောင်ရဟန်းက ဘယ်လိုအခြေအနေမှာ ဓူတင်ပျက်ပါသလဲဘုရား။

ဆရာတော် ။ ။ ဥက္ကဋ္ဌ၊ မဇ္ဈိမနဲ့ မုဒုသုံးပါးလုံးအတွက် နှစ်ခုမြောက်ခွက်ကို သာယာတာနဲ့ ဓူတင်ပျက်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သပိတ်ထဲ ဆွမ်းဘုဉ်းပေးပြီးနောက် မယ်တော်ကြီးကို သပိတ် ပေးလိုက်ပါတယ်။ မယ်တော်ကြီးက သပိတ်ဆေးပြီးနောက် အဲဒီသပိတ်နဲ့ပဲ ခေါက်ဆွဲဆွမ်းတွေကို ကပ်တယ်။ ဒါကို အကပ်ခံပြီး ဘုဉ်းပေးရင် ဘယ်ဓူတင် ပျက်နိုင်ပါသလဲဘုရား။ ဓူတင်ဆောင်ဖို့ အစမ်းကျင့်နေပါပြီဘုရား။ ဒါကြောင့် လက်တွေ့ကျင့်ဖို့ သိလိုရင်းနဲ့ မေးလျှောက်ခြင်း ဖြစ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဆန်းစစ်ကြည့်ကြရအောင် ဦးဇင်း။ ဒုတိယခွက် မဟုတ်တဲ့အတွက် ပတ္တပိဏ် ဓူတင် မပျက်ပါဘုရား။ နေရာများစွာမှာ ရွှေ့ပြောင်းပြီး ဘုဉ်းပေးတာကို ပယ်ပြီး တစ်နေရာတည်း ဘုဉ်းပေးနေတဲ့အတွက် ဧကာသနိက်ဓူတင်လည်း မပျက်ပါဘုရား။ သို့သော် "ဓူတင်မပျက်သော်လည်း ကိစ္စများတဲ့အတွက် မနှစ်သက်ထိုက်ပါဘူး" လို့ နဘူးကျောင်းဆရာတော်ကြီးက မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားပါ့မယ်ဘုရား။ တပည့်တော် သိချင်သေးတာက ပတ္တပိဏ် ဓူတင်ဆောင်ရဟန်းက ဖျော်ရည်တို့၊ စတုမဓူတို့ကိုလည်း မနက်ပိုင်းမှာပဲ တစ်ပါတည်း ရောမွှေပြီး ဘုဉ်းပေးရတာပါလားဘုရား။

ဆရာတော် ။ ။ ပတ္တပိဏ်ဓူတင်က ဧကာသနိက်ဓူတင်လိုပါပဲ။ ယာဝကာလိကကိုသာ တားမြစ် တာပါ။ ယာမကာလိကဖြစ်တဲ့ ဖျော်ရည်ကို ဆာလောင်မှု ပယ်ဖျောက်နိုင်ဖို့ သုံးကောင်းပါတယ်။ ပြီးတော့ သတ္တာဟကာလိကဖြစ်တဲ့ စတုမဓူကိုလည်း နာမကျန်းဖြစ်တဲ့အခါ ဘုဉ်းပေးကောင်းပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ ကျေးဇူးတင်ပါတယ်ဘုရား။

## ပတ္တပိဏ်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး

၁။ အထူးထူးသော ရသတဏှာကို ပယ်နိုင်ခြင်း၊

၂။ ဆွမ်းဟင်းအစရှိသော ခွက်များစွာ၌ လိုလားတပ်မက်သူ မဖြစ်ခြင်း၊

၃။ အာဟာရ၌ ဝေဒနာဟောင်းသစ် မဖြစ်စေဘဲမျှတခြင်း စသော အကျိုးကိုသာ မြင်နိုင်ခြင်း၊

၄။ ခွက်များစွာ ဆောင်ရခြင်း၏ဒုက္ခ မရှိခြင်း၊
၅။ အခြားခွက်တို့၌ ပျံ့လွင့်ခြင်းမရှိဘဲ စားလေ့ရှိသည်ဖြစ်ခြင်း နှင့်
၆။ အလိုနည်းခြင်း စသည်အားလျော်သော အကျင့်ရှိခြင်းဟူသော အကျိုးတရားတို့ ဖြစ်ထွန်းလာကုန်၏။[၁]

နာနာဘာဇနဝိက္ခေပံ၊ ဟိတွာ ဩက္ခိတ္တလောစနော၊
ခဏန္တော ဝိယ မူလာနိ၊ ရသတဏှာယ သုဗ္ဗတော။
သရူပံ ဝိယ သန္တုဋ္ဌိံ၊ ဓာရယန္တော သုမာနသော၊
ပရိဘုဉ္ဇေယျ အာဟာရံ၊ ကော အညော ပတ္တပိဏ္ဍိကောတိ။[၂]

ကောင်းသောကျင့်ဝတ်ရှိသော၊ ကောင်းသောစိတ်နှလုံးရှိသော
ပတ္တပိုဏ်ဓုတင်ဆောင်ပုဂ္ဂိုလ်သည် အထူးထူးသော စားခွက်တို့၌ ကပ်ငြိခြင်းကို ပယ်၍၊
ရသတဏှာ၏ အခြေအမြစ်တို့ကို တူးဖြို ဖျက်ဆီးနေဘိသကဲ့သို့
သပိတ်တစ်လုံးတည်း၌သာ စူးစိုက်ချထားသော မျက်လွှာရှိသည်ဖြစ်၍၊
မိမိအတ္တဘောဟူသောရုပ်ကို ဆောင်သကဲ့သို့ ရောင့်ရဲခြင်းကို ဆောင်လျက်
(သပိတ်တစ်လုံးတည်း၌) အာဟာရကို ဘုန်းပေးသုံးဆောင်နိုင်ရာ၏။
သူမှတစ်ပါး အခြားသော အဘယ်သူသည် ဘုဉ်းပေးသုံးဆောင်နိုင်အံ့နည်း။[၃]

---

၁။ (၂၉) ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ - ၆၇-၆၈)
၂။ (၂၉) ပတ္တပိဏ္ဍိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ - ၆၇-၆၈)
၃။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် - ပထမတွဲ (နှာ-၂၂၅)

# ၇။ ခလုပစ္ဆာဘတ္တဓုတင်
# Khalupacchâbhattika dhutaṅga



ခလုပစ္ဆာဘတ္တဓုတင်ကို ဆောင်သောရဟန်းသည် ပဝါရိတ်သင့်ပြီးနောက်မှ ရအပ်သောဆွမ်း အတိရိတ်ဝိနည်းကံပြု၍ စားခြင်းကိုပယ်ပြီး 'တော်ပြီ' ဟု တားမြစ်ပြီးနောက် ရအပ်သောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ ဘုဉ်းပေးခြင်းအလေ့မရှိသော ရဟန်းဖြစ်၏။

The bhikkhu who has the habit to consume this type of food, according to the vinaya, is called pacchabhattika.

## ခလုပစ္ဆာဘတ္တဓုတင် ဆောက်တည်ပုံ

ခလုပစ္ဆာဘတ္တဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ"
"ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ" ၁
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"ပဝါရိတ်သင့်ပြီးနောက်မှ ရအပ်သောဆွမ်း အတိရိတ်ဝိနည်းကံပြု၍ စားခြင်းကို ပယ်ပါ၏"
"တားမြစ်ပြီးနောက် ရအပ်သောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ စားခြင်းအလေ့မရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"atirittabhojanaṃ paṭikkhipâmi." " khalupacchâbhattikaṅgaṃ samâdiyâmi."

"I renounce to atirita food. I will train into no more eating extra food after having refused some food a first time."

၁။ (၇) ခလုပစ္ဆာဘတ္တိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပဌမတွဲ (နှာ-၆၈)

## ဝေါဟာရအစိပ္ပာယ်

အတိရိတ္တဘောဇနံ = ပဝါရိတ်သင့်ပြီးနောက်မှ ရအပ်သောဆွမ်းကို၊ အတိရိတ်ဝိနည်းကံပြု၍ စားခြင်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
ခလုပစ္ဆာဘတ္တိကင်္ဂံ = တားမြစ်ပြီးနောက် ရအပ်သောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ စားခြင်း အလေ့မရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
ပစ္ဆာဘတ္တ = ဆွမ်းစားနေစဉ် ‘တော်ပြီ’ ဟု တားမြစ်ပြီးနောက် ရအပ်သောဆွမ်း၊
ပစ္ဆာဘတ္တဘောဇန = ထိုပစ္ဆာဘတ္တဆွမ်းကို ဘုဉ်းပေးခြင်း၊
ပစ္ဆာဘတ္တိက = ထိုဆွမ်းကို စားခြင်းအလေ့ရှိသည့်ရဟန်း၊
ခလုပစ္ဆာဘတ္တိက = ‘တော်ပြီ’ ဟု တားမြစ်ပြီးမှ ရအပ်သောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ စားခြင်းအလေ့မရှိသော ပုဂ္ဂိုလ်၊
ခလုပစ္ဆာဘတ္တိကင် = ‘တော်ပြီ’ ဟု တားမြစ်ပြီးမှရအပ်သော ဆွမ်းကို အတိရိတ်ဝိနည်းကံ ပြု၍ ဘုဉ်းပေးခြင်းအလေ့မရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာ သည်ပင် ခလုပစ္ဆာဘတ္တဓုတင် မည်၏။

## ခလုပစ္ဆာဘတ္တဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ခလုပစ္ဆာဘတ္တဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ခလုပစ္ဆာဘတ္တဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုခလုပစ္ဆာဘတ္တဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ခလုပစ္ဆာဘတ္တဓုတင်ဆောင် သူတော်ကောင်းရဟန်း

ခလုပစ္ဆာဘတ္တဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ခလုပစ္ဆာဘတ္တဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

## ပဝါရိတ်မသင့်တာ အကောင်းဆုံးပါ

MA ဦးဇင်း ॥ ॥ ရဟန်းတော်များ စားစရာတွေ သိုမှီးသိမ်းဆည်းတာကို ဒီခလုပစ္ဆာဘတ္တဓူတင်ကလည်း တားမြစ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မြတ်စွာဘုရားရှင်က ရဟန်းတော်များ အစားအစာ သိုမှီးသိမ်းဆည်းတာကို လိုလားတော်မမူပါဘူး။ ဒီဓူတင်ကတော့ အစားကြူးပြီး လျှာရဲ့အလို မလိုက်မိဖို့ စောင့်ရှောက်ပေးပါတယ် ဦးဇင်း။ ဓူတင်ဆောင် ဆရာတော်ကြီးတစ်ပါးက "သတိကြီးကြီးထားဖို့နဲ့ စကားမများဘဲ ဣန္ဒြေရရ ဆွမ်းဘုဉ်းပေးဖို့ကိုလည်း ဒီဓူတင်က ထောက်ကူပြုတယ် ဦးခေမာ"လို့ မိန့်ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ခလုနဲ့ ပစ္ဆာဘတ္တတို့ရဲ့အဓိပ္ပာယ်က တူတူပဲလားဘုရား။

ဆရာတော် ॥ ॥ မတူပါဘူး။ ခလုကတားမြစ်တဲ့ prohibition အဓိပ္ပာယ်ရပါတယ်။ ခလုဆိုတဲ့ ငှက်က နှုတ်သီးကနေ အစာကျပြီးတဲ့နောက် ပြန်ကောက်ပြီးတော့ စားလေ့ မရှိဘူးလို့ ဝိသုဒ္ဓိမဂ်မှာ ပြပါတယ်။ ခလုပစ္ဆာဘတ္တိကဓူတင်ကို ဆောင်တော်မူတဲ့ ရဟန်းကလည်း 'တော်ပြီ'လို့ တားမြစ်ပြီးနောက် ရလာတဲ့ ဆွမ်းကို ဘုဉ်းပေးတော်မူလေ့ မရှိပါဘူး ဦးဇင်း။ အဲသလို တားမြစ်ပြီးနောက် ရတဲ့ ဆွမ်းကို ပစ္ဆာဘတ္တဆွမ်းလို့ ခေါ်နိုင်ပါတယ်။

MA ဦးဇင်း ॥ ॥ 'တော်ပြီ' လို့ တားပြီးနောက်မှ ရလာတဲ့ဆွမ်းကို အတိရိတ်ဝိနည်းကံ ပြုပြီးမှ ဘုဉ်းပေးရမယ်လို့ တပည့်တော် ဝိနည်းစာဝါလိုက်တုန်းက မှတ်သားထားဖူးပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ကပ္ပိယဒါယကာတွေ မလိမ္မာရင်တော့ ဆွမ်းဝိုင်းမှာ ပဝါရိတ်သင့်ဖို့ အခွင့်ပိုသာတာပေါ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ကပ္ပိယဒကာက ဘယ်လိုများ လိမ္မာရမှာပါလဲဘုရား။

ဆရာတော် ॥ ॥ ကပ္ပိယဒကာက ဘယ်လိုလိမ္မာရမလဲဆိုတာ မဖြေသေးခင် ပဝါရိတ်သင့်တာကို အရင်ပြောပြမှ ရတော့မယ်ထင်တယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော်လည်း ပဝါရိတ်လို့သာ သိထားတာ သူ့ရဲ့အင်္ဂါအချက်အလက်တွေကို မသိသေးပါဘူးရား။

---

၁။ (၃) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

ဆရာတော် ။ ။ ဟုတ်ပြီ၊ တစ်ခုစီ ပြောပြမယ်လေနော်။ ရှေးရှေးဘုရားရှင်များ လက်ထက်တော် အခါက သံဃာတော်များကို အိမ်ပင့်ပြီး ဆွမ်းဆက်ကပ်တဲ့အခါမှာ တစ်ပါးစီ အတန်းလိုက်ထိုင်ပြီး သပိတ်နဲ့ ဆွမ်းဘုဉ်းပေးတော်မူလေ့ ရှိတယ်။

MA ဦးဇင်း ။ ။ စားပွဲနဲ့ မဟုတ်ဘူးလားဘုရား။

ဆရာတော် ။ ။ ခက်ပါဘိ ဦးဇင်း။ စားပွဲ၊ ကုလားထိုင် ယဉ်ကျေးမှု အခုလို ဖောဖောသီသီကြီး ရောက်လာတာ ကိုလိုနီခေတ်နှောင်းပိုင်းလောက်မှ စတာလေ။ ဟိုရှေးက လူတွေကလည်း ဖျာပေါ်ထိုင်ပြီးစားကြသလို ရဟန်းတော်များလည်း အခင်း ပေါ် တင်ပလ္လင်ခွေထိုင်ပြီး သပိတ်ရှေ့ချ ဘုဉ်းကြရတာလေ။

MA ဦးဇင်း ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ အခုန ပဝါရိတ်ဆက်ကြရအောင်နော်။ မဇ္ဈိမဒေသရဲ့ ယဉ်ကျေးမှုအရ ဆွမ်း ဟင်း စတာတွေကို လိုက်တဲ့သူက အစကနေအဆုံးအထိ တစ်ပါးပြီးတစ်ပါး ရှေ့သွားပြီး လိုက်လောင်းထည့်ကြရတယ်။

MA ဦးဇင်း ။ ။ မကပ်ဘူးလားဘုရား။

ဆရာတော် ။ ။ သပိတ်ထဲ လောင်းထည့်လိုက်တာလေ။ ဒီကနေ့ ဆွမ်းလောင်းသလိုမျိုးပေါ့ ဦးဇင်း။ ရဟန်းက ထိုင်လျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ သပိတ်ကို လက်နဲ့ ထိကိုင်ထားပြီး အလှူခံရတာပါ။

MA ဦးဇင်း ။ ။ မျက်စိထဲ မြင်ယောင်ပါပြီဘုရား။

ဆရာတော် ။ ။ ကိုယ်ဆွမ်းဘုဉ်းပေးနေတဲ့ရှေ့ နှစ်တောင့်တစ်ထွာ အကွာလောက်မှာ ဆွမ်း ဟင်း စသည် လောင်းမဲ့ဒါယကာက ရောက်လာပြီ။ သူကလည်း ကိုယ့် သပိတ်ထဲကို ခပ်ထည့်တော့မယ်။ ကိုယ်ကလည်း မလိုဘူးဆိုရင် ငြင်းပယ် မိတော့မယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မလိုတော့ဘူးဆိုတော့ သွန်ပစ်ရမဲ့တူတူ အလေအလွင့် မဖြစ် အောင် ငြင်းပယ်မိမှာပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ပါဠိလို 'အလံ၊ အလံ' တားမိရင် ဖြစ်စေ၊ မြန်မာလို 'တော်ပြီ၊ တော်ပြီ၊ ရပြီ' လို့ တားမိရင်ဖြစ်စေ၊ လက်ကာပြပြီး တားမိရင်ဖြစ်စေ၊ ပဝါရိတ် သင့်ပါတယ် ဦးဇင်း။ ပဝါရိတ်အင်္ဂါတွေနဲ့တော့ ညီရမှာပေါ့နော်။

MA ဦးဇင်း ။ ။ ပဝါရိတ်အင်္ဂါကိုလည်း သိချင်ပါတယ်ဘုရား။ ပဝါရိတ်သင့်ရင် ဘာအာပတ် သင့်တာပါလဲဘုရား။

ဆရာတော် ။ ။ သူ့ရဲ့အင်္ဂါ ၅ ပါးနဲ့ ညီညွတ်ရင် ပဝါရိတ်သင့်တယ်။ သို့သော် ပဝါရိတ် သင့်ရုံနဲ့ ဘယ်အာပတ်မှ မသင့်သေးပါဘူး။ ဓူတင်ကို ပြီးမှပြောတော့မယ်။ အခုဝိနည်းအပိုင်း အရင်ပြောပြမယ်နော်။ ဘာ့ကြောင့်လဲဆိုရင် ဒီပဝါရိတ်က ဓူတင်နဲ့ ဝိနည်း နှစ်ခု ဆက်စပ်နေတယ်။ ဒါကြောင့် ဝိနည်းကို အရင် ကွဲကွဲပြားပြား နားလည်ထားမှဖြစ်မယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ဘုရားတပည့်တော် ဝိနည်းဆိုင်ရာလည်း လေ့လာဆည်းပူးနေဆဲ ဖြစ်တာမို့ အလွန်ကို သိချင်နေပါတယ်။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ထိုင်လျက် ပဝါရိတ်သင့်ရင် အဲဒီထိုင်တဲ့ ဣရိယာပုတ်ကို မဖျက်သေးဘဲ ဆက်ပြီးဘုဉ်းပေးနိုင်တယ်။ လမ်းသွားရင်းစားနေခိုက် ပဝါရိတ်သင့်ခဲ့သော် သွားခြင်းဣရိယာပုတ်ကို မဖျက်ဘဲ မဝမချင်း ဘုဉ်းပေးနိုင်သေးတယ်။ အရေးကြီးဆုံးက ပဝါရိတ်သင့်ပြီးလို့ ဣရိယာပုတ် ပြောင်းပြီးရင်တော့ အတိရိတ်ဝိနည်းကံ မပြုဘဲ ခဲဖွယ်ဘောဇဉ်တွေကို မစားကောင်းတော့ဘူးဘုရား။ ဒါကြောင့် ပဝါရိတ်မသင့်အောင်ကျင့်တာ အကောင်းဆုံးလို့ ဆရာမြတ်များက ဆုံးမတော်မူကြပါတယ်။

MA ဦးဇင်း ॥ ॥ ပဝါရိတ်မသင့်အောင် ဘယ်လိုများ ကျင့်ရတာပါလဲဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ပဝါရိတ်သင့်တဲ့ အကြောင်းအင်္ဂါ ၅ ပါးကို အရင် လေ့လာထားသင့်တယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ သိချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ လင်္ကာကို အရင်ပြောပြမယ်နော်။ "စားဆဲ၊ ဘောဇဉ်၊ ဆောင်ငင်၊ နီးကပ်၊ ပယ်မြစ်ထပ်၊ ငါးရပ်ပဝါရိတ် သင့်ကြောင်းတည်း"တဲ့ ဦးဇင်း။[၁] အကျယ်ပြောပြဦးမယ်လေ။ ၁။ ဘုဉ်းပေးနေဆဲဖြစ်ရမယ်၊ ၂။ ဘောဇဉ် ၅ ပါးအနက် တစ်ပါးပါးကို ဘုဉ်းပေးနေတာ ဖြစ်ရမယ်၊ ၃။ ကပ်တဲ့သူက နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်အတွင်းကို ရောက်နေရမယ်။ (ဟတ္ထပါသ်ပြင်ဘက်က မေးတာကို ပယ်သော်လည်း ပဝါရိတ်မသင့်ပါဘူး) ၄။ ဆောင်ယူခိုက် ဖြစ်ရမယ်။ ဥပမာ လက်မြှောက်ပြီး ဆောင်ယူထားခိုက်ကို ပယ်မှ ပဝါရိတ်သင့်တာပါ။ "ယူဦးမလားဘုရား"လို့ နှုတ်ကမေးတာကို ပယ်တာမှာ ပဝါရိတ်မသင့်ပါဘူး။ ၅။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ပယ်ရင် ပဝါရိတ်သင့်ပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ အသေးစိတ်ရေးပြီး မှတ်သားနေပါတယ်ဘုရား။ ပဝါရိတ်မသင့်အောင် ကျင့်နည်းကိုလည်း သိပါရစေဘုရား။

ဆရာတော် ॥ ॥ ဆွမ်းဘုဉ်းပေးနေတုန်း ဒကာ၊ ဒကာမတွေက လောင်းလှူဖို့ဖြစ်စေ၊ ဆက်ကပ် လှူဒါန်းဖို့ဖြစ်စေ လာရင် "အေး . . အေး . . လိုတော့ တောင်းမယ်နော်" လို့လည်း ပြောရင်လည်း ရတယ်။ နောက်တစ်နည်းကတော့ "ကပ်ထားလိုက်ပါ" လို့ ပြောပြီး အကပ်ခံထားမယ်။ ပြီးတော့ ဘေးနားချထားရင်လည်း ပဝါရိတ်သင့်ဖို့အကြောင်း မရှိတော့ဘူးပေါ့ဘုရား။

MA ဦးဇင်း ॥ ॥ ဒီလောက် ခက်ခဲ သိမ်မွေ့တဲ့ဓူတင်ဆောင်ရဟန်းများ ရှိပါသလားဘုရား။

၁။ (၅) ပထမပဝါရဏာသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၁)

ဆရာတော် ॥ ॥ အများကြီး ရှိခဲ့ပါတယ် ဦးဇင်း။ မြန်မာနိုင်ငံရဲ့ ထေရဝါဒ သာသနာသမိုင်း တစ်လျှောက်မှာ ဓုတင်ကို တစ်သက်တာဖြစ်စေ၊ ကာလအခိုက်အတန့် တစ်ခုအထိဖြစ်စေ မြတ်မြတ်နိုးနိုး ဆောက်တည်တော်မူခဲ့ကြတဲ့ ထေရ်ရှင် များစွာ ရှိခဲ့ကြပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ အခုကာလမှာလည်း ရှိကြပါသလားဘုရား။

ဆရာတော် ॥ ॥ အခုလည်းရှိပါတယ်။ သို့သော် အရေအတွက်တော့ နည်းမှာပါလေ။ မြန်မာ့ မြေပေါ်မှာ ဗုဒ္ဓသာသနာတော်ရှိနေသေးသရွေ့ သူတော်ကောင်းအကျင့်များ တိမ်ကော ပပျောက်မှာ မဟုတ်ပါဘူးဘုရား။ ဘာ့ကြောင့်လဲဆိုရင် ဓုတင်ကို မကျင့်ဘဲ ကိလေသာရန်သူကို တွန်းလှန်ဖို့ ခက်လို့ပါ။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ကိလေသာရန်သူကို ဓုတင်နဲ့လည်း တိုက်ထုတ်ရတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်လေ။ ဓုတင်ဆိုတာ ကိလေသာအနှောင်အဖွဲ့ကနေ ခါထွက်တာပါ။ ခါထွက်တယ် ဆိုတာမှာ လုံ့လဝီရိယနဲ့ ဆောင့်ခါရုန်းထွက်တဲ့သဘော၊ သာယာမှုမှန်သမျှကို တွန်းလှန် ဖယ်ရှားတဲ့သဘောကို ဆိုလိုတာပါဦးဇင်း။

MA ဦးဇင်း ॥ ॥ ဓုတင်ကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကျင့်ရတာကို နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ခက်ခဲပါတယ်။ တော်ရုံသဒ္ဓါ၊ ဝီရိယနဲ့ မကျင့်နိုင်ဘူး။ ဗဟုသုတအဖြစ် သိဖို့ လိုတာက တရားအားထုတ်တဲ့ ရဟန်း ရှင် လူ ယောဂီတို့က မာရ်နတ်မင်းရဲ့ တပ်မကြီး ၁၀ တပ်နဲ့ ရင်ဆိုင်ကြရတယ်။

MA ဦးဇင်း ॥ ॥ အဲသလို ရန်သူနဲ့ရင်ဆိုင်ပြီး ကျဆုံးတာများ ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှိတယ်။ ရှိပါတယ်ဦးဇင်း။ သာသနာတော်မှာ မာရ်နတ်မင်းရဲ့ တပ်မတွေနဲ့ ထိပ်တိုက်တွေ့ပြီး ကျဆုံးသွားကြသူတွေ များလှပါတယ်။ အဲသလို မာရ်နတ် မင်းရဲ့ တပ်မထဲမှာ တစ်ပါးအဖြစ် ကိလေသာတွေလည်းပါတယ်။ ဒီကိလေသာ တရားဆိုးကို ရင်ဆိုင်ကာကွယ်နိုင်ဖို့ ကိလေသာဆိုးကို ခါတွက်ဖျက်ဆီးနိုင်ဖို့ ဓုတင် ၁၃ ပါးကို ဘုရားရှင် ခွင့်ပြုတော်မူခဲ့တာပါ။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ကြည်ညိုမဆုံးပါဘုရား။ ဘုရားတပည့်တော်လည်း တစ်နေ့နေ့ ဓုတင်ကျင့်ပါမယ်ဘုရား။

## အတိရိတ် ဝိနည်းကံ

MA ဦးဇင်း ॥ ॥ ပဝါရိတ်နဲ့ ဓုတင်ဆက်စပ်နေတာကို နားလည်ပါပြီဘုရား။ တပည့်တော် အတိရိတ် ဝိနည်းကံပြုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ သူကလည်း အင်္ဂါတွေရှိသေးတယ်။ ဆရာမထေရ်များက "ပဝါရိတ် မသင့်အောင်နေ။ မနေတတ်လို့ သင့်ပြီဆိုရင် ဂိလာနစားကြွင်း စားကျန်လုပ်ရတာ လွယ်ကူတယ်"လို့ မိန့်တော်မူကြပါတယ်။

MA ဦးဇင်း ॥ ॥ တပည့်တော်စိတ်ထဲ မရှင်းသေးဘူးဘုရား။

ဆရာတော် ॥ ॥ ရှင်းပြပါဦးမယ်နော်။ အတိရိတ် ဝိနည်းကံပြုရတာမှာ ခက်ခဲတယ်။ ဒါကြောင့် နေမကောင်းတဲ့ ဂိလာနရဟန်း ကျောင်းတိုက်မှာရှိရင် မိမိဘုဉ်းပေးချင်တဲ့ ဘောဇဉ်ကို ဂိလာနရဟန်းရှေ့ကိုယူသွား ပြီးတော့ "ဘုဉ်းပေးပါဘုရား" လို့ လျှောက်ရတယ်။ ဂိလာနရဟန်းဆိုတော့ ဘုဉ်းပေးချင်မှ ဘုဉ်းပေးမှာပါ၊ "မဘုဉ်းချင်ဘူး၊ မဘုဉ်းနိုင်ဘူး၊ တော်ပြီ" လို့ တစ်ခုခုပြောရင် ဒါက ဂိလာန အတိရိတ် ဖြစ်ပါပြီဦးဇင်း။

MA ဦးဇင်း ॥ ॥ နားလည်ပါပြီဘုရား။ အခုအင်္ဂါတွေကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ အတိရိတ် ဝိနည်းကံပြုရာမှာ အင်္ဂါ ၇ ပါး ရှိတယ်ဦးဇင်း။

၁။ ဝိနည်းကံပြုမဲ့ဝတ္ထုက ကပ္ပိသင့်တဲ့ဝတ္ထုဖြစ်ရင် ကပ္ပိပြီးသား ဖြစ်နေရမယ်။ မအပ်တဲ့ဘောဇဉ် (ဥပမာ အသားကြီး ၁၀ ပါး၊ ကုလဒူသက အနေသနမှု ကြောင့်ရတဲ့ ဘောဇဉ်တွေ၊ ဆေးကုမှုကြောင့် ရတဲ့ဘောဇဉ်တွေ) မဖြစ်ရဘူး။

၂။ အကပ်ခံထားတဲ့ ဘောဇဉ် ဖြစ်ရမယ်။

၃။ အတိရိတ် ဝိနည်းကံပြုပေးဖို့အတွက် ဝိနည်းခိုရ်ရှိရာဘက်ကို မချီထားရမယ်။

၄။ ဝိနည်းကံပြုလိုတဲ့ရဟန်းက ဘောဇဉ်ပါတဲ့ သပိတ်တို့၊ ခွက်တို့ကို ကိုင်ပြီး ဝိနည်းခိုရ်ရဟန်းရဲ့ ဟတ္ထပါသ်အတွင်းကို ရောက်နေရမယ်။

၅။ ဝိနည်းခိုရ်ရဟန်းက အဲဒီနေ့အဖို့ ဘောဇဉ်တစ်ပါးပါးကို အနည်းငယ်ဖြစ်စေ ဘုဉ်းပေးပြီး ဖြစ်ရမယ်။

၆။ ဝိနည်းခိုရ်ကိုယ်တိုင် ပဝါရိတ်သင့်နေသူ ဖြစ်နေရင်တော့ အဲဒီနေရာကနေ မထသေးတဲ့ရဟန်း ဖြစ်ရမယ်။ (ပဝါရိတ်မသင့်ရင်တော့ နေရာမှ ထသော်လည်းပဲ အင်္ဂါမပျက်ပါဘူး)

၇။ ဝိနည်းခိုရ်ရဟန်းက အနည်းငယ် ဘုဉ်းပေးသည်ဖြစ်စေ၊ မဘုဉ်းပေးသည် ဖြစ်စေ "အလမေတံ သဗ္ဗံ"လို့ ဆိုပေးရမယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ အတိရိတ်ဝိနည်းကံ ပြုပုံကတော့ "အတိရိတ္တံ ကရောထ ဘန္တေ" "အလမေတံ သဗ္ဗံ" ဆိုပြီး ပြုရတယ်။

MA ဦးဇင်း ॥ ॥ ဒါကြောင့် ဂိလာနအကြွင်းအကျန်အဖြစ်ပြုပြီး ဝိနည်းကံဆောင်တာကို လွယ်တယ်လို့ အစောကမိန့်တာကို တပည့်တော် အခု နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဆောင်ပုဒ်နဲ့ မှတ်ရင်တော့ မှတ်မိလွယ်တယ် ဦးဇင်း။ "၁။ အပ်စပ်ပြီး မှန်၊ ၂။ အကပ်ခံ၊ ၃။ ချီပြန်၊ ၄။ ဟတ္ထပါသ်၊ ၅။ စားပြီးရာက၊ ၆။ နေရာမှ မထ၊ ၇- မေတံရွတ်အင်္ဂါ ခုနစ်တန်' တဲ့ ဦးဇင်း။

---

၁။ (၅) ပထမပဝါရဏာသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၁)

MA ဦးဇင်း ။ ။ ရေးမှတ်ထားပြီးပါပြီဘုရား။ ဒီလို ခက်ခဲတဲ့ဝိနည်းကံကို ကပ္ပိယတွေ နားလည်အောင် ဘယ်လိုမျိုး သင်ပေးရကောင်းမလဲဘုရား။

ဆရာတော် ။ ။ သံဃာတော်များ ဆွမ်းဘုဉ်းပေးနေကြတဲ့အခါမှာ ဆွမ်းလိုက်တာ၊ ဟင်းလိုက်တာ၊ ဟင်းရည် ထပ်ဖြည့်တာတွေ ရှိတတ်တယ်နော်။ ဒါကို ဒကာ၊ ကပ္ပိယတွေက ဦးဆုံး နှစ်ထောင့်ထွာ ဟတ္ထပါသ် အပြင်ဘက်ကနေပြီးတော့ ဆွမ်း၊ ဆွမ်းဟင်း စသည်ကို အလိုရှိပါသလားဘုရားလို့ နှုတ်နဲ့ မေးပြီးမှ အလိုရှိရင် သင့်တော်ရုံထည့်လှူပေးကြရင် သံဃာတော်တို့ ပဝါရိတ်အပြစ်ကင်းစင်ပြီး ချမ်းသာတာပေါ့ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ ကပ္ပိယဒါယကာတွေ မှတ်ထားဖို့ကောင်းတာက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တွေကို လက်ထဲကိုင်မထားဘဲ အောက်ကိုချထားပြီးတော့ "အလိုရှိရာ မိန့်တော်မူပါဘုရား" လို့ လျှောက်ရင် ပိုသင့်မြတ်ပါတယ်။

MA ဦးဇင်း ။ ။ အခုလို အောက်ချထားတဲ့အတွက် ဘုန်းကြီးက "တော်ပြီ၊ တန်ပြီ" လို့တားမိရင် ပဝါရိတ် မသင့်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ပဝါရိတ်အင်္ဂါ လွတ်သွားပြီ ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလိုဖြစ်မှာစိုးလို့ တချို့ဆရာတော်ကြီးများ တံခါးပိတ်ပြီး ဆွမ်းဘုဉ်းပေးတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဆွမ်းခူတင်ငါးပါးက ကျယ်ပြန့်တယ်။ ဒါကြောင့် အမြတ်စားဥက္ကဋ္ဌအဖြစ်ခူတင်ဆောင်တော်မူတဲ့ ဆရာတော်ကြီး တံခါးပိတ်ပြီး ဘုဉ်းပေးတော့ ဒါယကာများကြောင့် အပြစ်သင့်စရာ ကင်းသလို ဆွမ်းဘုဉ်းပေးရတာလည်း လွတ်လပ်တာပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

## နဘူးကျောင်းဆရာတော်ကြီး

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတာတစ်ခု သတိရလာတယ်။ ဆရာတော်ကြီးက တံခါးကို ပိတ်ထားရုံမကဘူး အတွင်းကနေ တံခါးချက်ထိုးထားပြီး ဆွမ်းဘုဉ်းပေးတော်မူတာကို ထန်းတပင်တောရကျောင်းမှာ ဘုန်းကြီး မကြာမကြာ ကြုံဖူးတယ်။

MA ဦးဇင်း ။ ။ ဘယ်လိုအကြောင်းကြောင့် တံခါးချက်ထိုးပြီး ဆွမ်းဘုဉ်းပေးတော်မူတာပါလဲဘုရား။

ဆရာတော် ။ ။ စောစောကပြောခဲ့သလို မလိမ္မာတဲ့ ဒကာတစ်ယောက်ယောက်က မပြောမဆို ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ် တစ်ခုခု သပိတ်ထဲလာလောင်း ထည့်လိုက်

တာကို ရဟန်းက တားမြစ်မိရင် ခလုပစ္ဆာဘတ္တိကဓုတင်နဲ့ သပဒါနစာရိက ဓုတင်တွေအတွက် အနှောက်အယှက် ဖြစ်နိုင်သလို အကြောင်းအင်္ဂါပြည့်စုံရင် ပဝါရိတ်လည်း သင့်ခွင့်ရှိတယ်။

MA ဦးဇင်း ။ ။ တံခါးချက်ထိုးထားလိုက်တဲ့အတွက် စောင့်ရှောက်ပြီးသား ဖြစ်သွားတာကို နားလည်ပါပြီဘုရား။ တပည့်တော် အခုလိုရဟန်းဘဝမှာ ဝါနုနေတုန်းမှာ သူတော်ကောင်းများရဲ့ ကျင့်စဉ်အသေးစိတ်ကို သိခွင့်ရတဲ့အတွက် သဒ္ဓါတရား တိုးရပါတယ်ဘုရား။ ဒါကြောင့် အတိုင်းအဆမရှိ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ နဘူးကျင်းဆရာတော်ကြီးအကြောင်း နည်းယူစရာလေးတွေ သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ သိချင်လှပါပြီဘုရား။

ဆရာတော် ။ ။ နဘူးကျင်းဆရာတော်ကြီးက ကျောင်းဝိုင်းထဲမှာ ဆွမ်းအလှူခံတော်မူလေ့ မရှိဘူးဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ဆရာတော်ကြီး ခရီးကြွတဲ့အခါ လမ်းခရီးက အိမ်တစ်အိမ်အိမ်မှာ ဆွမ်းဘုဉ်းဖို့ အကြောင်းဆုံရင် ဘယ်လိုများ ဆောင်ရွက်တော်မူပါသလဲ။

ဆရာတော် ။ ။ ကျောင်းဝိုင်းထဲမှာတောင် ဆွမ်းအလှူမခံမှတော့၊ အိမ်ထဲမှာ ဆွမ်းကပ်တာ ဆရာတော်ကြီး ဘယ်လက်ခံမလဲ ဦးဇင်း။

MA ဦးဇင်း ။ ။ ဘယ်ဓုတင်ကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ စာထဲမှာတော့ ကျောင်းဝိုင်းထဲ ဆွမ်းအလှူခံခြင်းကြောင့် ဓုတင် လုံးလုံး ပျက်သွားတယ်ရယ်လို့တော့ မရှိပါဘူး။ ဆရာတော်ကြီး မိန့်တော်မူတာက "ပိဏ္ဍပါတ်ဓုတင်အရ ဆွမ်းခံစားပါ့မယ်လို့ပြောပြီးမှ ကျောင်းဝိုင်း၊ အိမ်ဝိုင်း ထဲမှာ ဆွမ်းကိုလက်ခံတာထက် စည်းရိုးအပြင်လေးထွက်ပြီး သပိတ်နဲ့ ဆွမ်းခံမှ အပြောနဲ့အလုပ် ညီတော့မှာပေါ့ဘုရား" တဲ့။

MA ဦးဇင်း ။ ။ မှန်လှပါ။ မှတ်သားလောက်ပါတယ်ဘုရား။ ဓုတင်ဆောင်ပြီး တောရ ဆောက်တည်နေတဲ့ ရဟန်းတစ်ပါး နေမကောင်းဖြစ်ပြီး ဆွမ်းခံမထွက်နိုင်ရင် ဘယ်လိုများ လုပ်ရပါမလဲလို့ တပည့်တော် အခုတွေးနေတာပါဘုရား။

ဆရာတော် ။ ။ အာရညကင်ဓုတင်ဆောင်ပြီး တောထဲသီတင်းသုံးနေတဲ့ ရဟန်းတစ်ပါးက ဆွမ်းခံဖို့ လမ်းမလျှောက်နိုင်လောက်အောင် ဂိလာနဖြစ်နေရင် သီတင်းသုံးဖော် ရဟန်းတစ်ပါးပါးကဖြစ်စေ၊ ကိုရင်တစ်ပါးပါးကဖြစ်စေ ဂိလာနရဟန်းရဲ့ သပိတ်ကိုယူပြီး ဆွမ်းခံပေးလို့ ရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ကပ္ပိယတစ်ယောက်ယောက်ကို သပိတ်ပေးပြီး ဆွမ်းခံခိုင်းရင်လည်း ရပ့ါ မလားဘုရား။

ဆရာတော် ။ ။ နဘူးကျင်းဆရာတော်ကြီးထံပါး ဆွမ်းလာလောင်းတဲ့ သာဓကကို ယူကြည့် ရအောင်လေ။ ညောင်ကုန်းက ကပ္ပိယဦးကြက်တောက ဆွမ်း၊ ဆွမ်းဟင်း

တွေကို ချိုင့်နဲ့ထည့်လာပြီး ထန်းတပင်တောရရဲ့အပြင် လမ်းဘေးသရက်ပင်ကြီး အောက်မှာ စောင့်နေတယ်။ ဆရာတော်ကြီးက အရုဏ်တက်ပြီးတဲ့နောက် ကျောင်းဝင်း အပြင်ကို ကြွလာတယ်။ ဦးကြက်တောက ဆရာတော့် သပိတ်ကို ယူပြီး ဆွမ်းပြင်ပြီးတော့ ဆရာတော်လက်ထဲ ကပ်လိုက်တယ်လေ။

MA ဦးဇင်း ။ ။ တပည့်တော်မေးလျှောက်လိုတာက ဂိလာနရဟန်းက အခုလို ကျောင်းဝင်း အပြင်ထိကို မထွက်နိုင်ရင် ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဒါဆိုရင် ရဟန်းတစ်ပါးပါး ကျောင်းဝင်းအပြင်ထွက်ပြီး ကပ္ပိယလက်ထဲက ဆွမ်းထည့်လာတဲ့သပိတ်ကို အလှူခံပေးလိုက်ရင် ရပါပြီဘုရား။

MA ဦးဇင်း ။ ။ နေမကောင်းတဲ့ရဟန်းအတွက် ဆိုပြီး မွန်မွန်မြတ်မြတ် ဖွယ်ဖွယ်ရာရာတွေကို ခွက်တွေ၊ ချိုင့်တွေနဲ့ လောင်းခဲ့ရင် ရပါမလားဘုရား။

ဆရာတော် ။ ။ ခွက်တွေ၊ ချိုင့်တွေ ဆွမ်းခံတုန်းက နှစ်ခွက်ဖြစ်တာနော်။ ဘုဉ်းပေးတဲ့အခါမှာ တစ်ခွက်တည်းဖြစ်အောင် သပိတ်ထဲထည့်ပြီး ဘုဉ်းရင်ရပြီလေ ဦးဇင်း။ မွန်မွန် မြတ်မြတ်၊ ဖွယ်ဖွယ်ရာရာတွေကို ဒါယကာတို့ရဲ့ စေတနာအားလျော်စွာ လောင်းတာက ရဟန်းအတွက် အပြစ်မရှိပါဘူး။

MA ဦးဇင်း ။ ။ မှန်ပါ။ ဆွမ်းခံပေးတဲ့ရဟန်းက ဂိလာနအတွက် ဘာဟင်း၊ ဘယ်လို ဆွမ်းတွေ လုပ်ပေးပါလို့ ပြောရင်ရပါမလားဘုရား။

ဆရာတော် ။ ။ ဒါက ဓုတင်ဘက်ကတင်မက ဝိနည်းလမ်းကြောင်းအရလည်း စဉ်းစားရတော့မယ်။ ဆွေမျိုးလည်း မတော်စပ်ဘူး၊ ပစ္စည်းလေးပါးလည်း ဖိတ်ကြားတာလည်း မရှိဘူး။ ဉာတိပဝါရိတ မဟုတ်တဲ့သူဆီက အလှူခံလာရင်တော့ ဘယ်ရတော့မလဲဘုရား။ ဓုတင်ဆောင်နေတဲ့ ရဟန်းကောင်းတစ်ပါး မလုပ်သင့်တဲ့အမှုပါဘုရား။ ဝိနည်းကို စောင့်စည်းရပါမယ်။ လျှာအလို မလိုက်ရပါဘူး။ ဒါမဖြစ်သင့်ပါဘူး။ ဒါမရပါဘူးဘုရား။

MA ဦးဇင်း ။ ။ လျှာအလိုမလိုက်မိအောင် ကြိုးစားပါ့မယ်ဘုရား။ ဝိနည်းကိုလည်း ဦးထိပ်ပန်ဆင် ကြိုးစား လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဒါဆိုရင်တော့ နောက်တစ်ခု ပြောပြဦးမယ်နော်။ နွေရာသီလိုမျိုးမှာ ဆွမ်းခံပြန်ရောက်ရင် နဘူးကျင်းဆရာတော်ကြီးသက်န်းက ချွေးတွေ စိုနေပြီလေ။ ဆရာတော်ကြီး ဆွမ်းဘုဉ်းတော့မယ်ဆိုရင် အပေါ်ကောသီ သင်္ကန်းကို ခုတင်အပုလေးပေါ်ကို အသာလေးတင်ထားပြီး သင်းပိုင်လောက်လည်း မကြီးတဲ့ သင်္ကန်းအပိုင်းကလေးကို ကိုယ်ပေါ်တင်ပြီးတော့ ဆွမ်းဘုဉ်းပေးတော်မူတယ်။ ပူအိုက်တဲ့ရာသီရဲ့ညနေပိုင်း ကျောင်းပြင်ထွက်ထိုင်တဲ့အခါမှာလည်း ရုံခါ ကောသီမပါတတ်ဘူး။ ဆရာတော်ကြီးက ဓုတင်ကို အမြတ်စား ကျင့်တော် မူသွားတာဘုရား။ ဆရာတော်ကြီး သပိတ်ဆေးတာလည်း စံနမူနာ ယူစရာကောင်းတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သပိတ်ဆေးနည်းကိုလည်း နည်းယူနိုင်အောင် အသေးစိတ် သိပါရစေဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက ရေချိုးတဲ့ စတီးဖလားခွက် တစ်ခွက်နဲ့ သပိတ်၊ သပိတ်ဖုံးနဲ့ ထွေးခံတို့ကို ပြောင်အောင် ဆေးတော်မူပါတယ်။

MA ဦးဇင်း ။ ။ တောရကျောင်းမှာ ရေရှားပါးလို့ပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး။ ဆရာတော်ကြီး မိန့်တော်မူတာက "ရေပေါတယ်ဆိုပြီး ဖောဖော သီသီ မသုံးရဘူး။ ရေရှားသလိုပဲ ချွေတာပြီးသုံးရတယ်" လို့ မကြာခဏ သတိ ပေးတော်မူဖူးတယ်။ ဘာကြောင့်လဲဆိုရင် ရဟန်းဘဝဆိုတာ အစစအရာရာ သန္တုဋ္ဌိ သလ္လေခအရ ခြိုးခြံချွေတာရတယ်။ သည်းခံရောင့်ရဲပြီး နေထိုင်ရတာ ကောင်းပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထိုက်ပါတယ်ဘုရား။ သပိတ်ဆေးတာကို သိပါရစေဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပြီးရင် သပိတ်ထဲကျန်တဲ့ဆွမ်းအဖြူကို သပ်သပ်၊ ဆွမ်းဟင်းကိုသပ်သပ်စီယူပြီး ဘေးမှာရှိတဲ့ ဆွမ်းကျန်ထည့်တဲ့ ဇလုံထဲကို ထည့်ပါတယ်။ ပြီးတော့ သပိတ်အတွင်းမှာ ပေနေတဲ့ ဆီတွေကို ပြောင်အောင် လက်ညှိုးကိုကွေးပြီး အကြိမ်ကြိမ် ပွတ်သပ်ယူပါတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးကိုယ်တိုင် ဆောင်ရွက်တော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးကိုယ်တိုင် ဆောင်ရွက်တော်မူပါတယ်။ နောက်ပိုင်း မှာတော့ ဆရာတော် ဦးကေဝလကို သပိတ်ဆေးနည်း သေသေချာချာ သင်ပေးတော် မူတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး ထန်းတပင်တောရကျောင်းမှာ သီတင်းသုံးတော်မူတဲ့ ကာလ တစ်လျှောက်လုံး ဆရာတော်ဦးကေဝလက ချက်ထိုးတဲ့ ကျောင်းတံခါးရဲ့ အပြင်ဘက်မှာ ဆရာတော်ကြီး ဆွမ်းဘုဉ်းပြီးချိန်ကို နေ့စဉ်ဝတ်မပျက် စောင့်ဆိုင်းတော်မူတာကို မကြာခဏ တွေ့ရဖူးတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပြီးရင် တံခါးဖွင့်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ တံခါးဖွင့်တာနဲ့ ကျောင်းထဲဝင်ပြီးတော့ ဆရာတော်ကြီး သပိတ်ကိုယူရတယ်။ ပြီးမှ သင်ပေးထားတဲ့အတိုင်း ဆီပြောင်အောင် လက်ညှိုးအကွေးနဲ့ပွတ်သပ်ယူပြီး နောက်ဘာလုပ်ရသလဲဆိုရင် ခုနက ဇလုံ ထဲဖယ်ထားတဲ့ ဆွမ်းအဖြူနည်းနည်းယူပြီး သပိတ်ထဲ ထည့်ရတယ်။

MA ဦးဇင်း ။ ။ ခွေးကျွေးဖို့လားဘုရား။

ဆရာတော် ။ ။ မဟုတ်သေးဘူး။ ဆွမ်းအဖြူနဲ့ သပိတ်ထဲ ကပ်သပ်ကျန်နေတဲ့ ဆီတွေကို အကြိမ်ကြိမ် သုတ်ယူရတာပါ။ ဆီပြောင်လောက်ပြီဆိုမှ ဆွမ်းကို သပိတ်ထဲက ထုတ်ယူပြီး ဇလုံထဲထည့်ရတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ ဒါဆိုရင် ဆပ်ပြာနဲ့ဆေးရင် ရပြီလားဘုရား။

ဆရာတော် ॥ ॥ ဆပ်ပြာနဲ့ဆေးတဲ့အဆင့်ကို မရောက်လာသေးဘူး ဦးဇင်း။ အခုချိန်မှာ ရေဖလားထဲက ရေနည်းနည်းယူပြီး သပိတ်ထဲလောင်းထည့်ရပါတယ်။ ပြီးရင် သပိတ်ကို လက်တစ်ဖက်နဲ့ကိုင်ပြီး စောစောကလိုပဲ လက်ညှိုးကို ကွေးပြီး အနှံ့ပွတ်သပ်ပြီး ဆေးရပါတယ်။ ဆရာတော်ကြီးမိန့်တာက "ရေကို ဘယ်လို လောင်းထည့်၊ လောင်းထည့် သပိတ်အောက်ကို ရောက်တယ်။ ဒါပေမဲ့ သပိတ်အတွင်းဘက် အပေါ်ပိုင်းကို ရေမရောက်တတ်ဘူး။ ဒါကြောင့် သပိတ်ကိုစောင်းထားပြီး လက်တစ်ဖက်က လှည့်လှည့်ပေးရမယ်။ တစ်ချိန် ထဲမှာ နောက်လက်တစ်ဖက်ရဲ့ လက်ညှိုးကိုကွေးပြီး ပွတ်သပ်ပေးရတယ်" တဲ့။ စိတ်တိုင်းကျလောက်ပြီဆိုမှ ရေကို သီးခြားသွန်ရတယ်။

MA ဦးဇင်း ॥ ॥ ဒါဆိုရင်တော့ ဆပ်ပြာနဲ့ဆေးတဲ့အလှည့် ရောက်လောက်ပြီ ထင်ပါတယ်။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ရောက်ပြီ ဦးဇင်း။ ဆပ်ပြာနည်းနည်းလေးယူပြီးတော့ သပိတ် အထဲကို နှံ့အောင် လှည့်လည်ပြီး တိုက်ပေးရတယ်။

MA ဦးဇင်း ॥ ॥ သပိတ်ဆေးတာ ပြီးပြီဆိုတာ ဘယ်လိုစစ်ဆေးရပါသလဲဘုရား။

ဆရာတော် ॥ ॥ ဒါလည်း မေးသင့်တဲ့မေးခွန်းပဲ။ သပိတ်ရဲ့အတွင်းအခြေကို လက်နဲ့ ပွတ် ဆွဲ ကြည့်တဲ့အခါ 'ကြရိ၊ ကြရိ'လို့ မြည်ရင်ရပြီ။ ဆီပြောင်ပြီ။ 'ကြရိ'လို့ အသံ မမြည်ဘဲ ချော်နေသေးရင် ဆီမပြောင်သေးဘူး။ အခုလိုဆေးလို့ စိတ်ကြိုက် ဖြစ်ရင်အဝတ်ပိုင်းစနဲ့ သပိတ်ကိုသုတ်ပြီးမှ နေပြရတာပေါ့ဘုရား။

MA ဦးဇင်း ॥ ॥ သပိတ်ဆေးတာ သိရပါပြီဘုရား။ သပိတ်ဖုံးဆေးတာ သိပါရစေဘုရား။

ဆရာတော် ॥ ॥ စောစောက ဆပ်ပြာရေကို အပြင်မသွန်ပစ်ရဘူး။ သပိတ်ဖုံးထဲ ထည့်ပြီး ဆေးရတယ်။

MA ဦးဇင်း ॥ ॥ သပိတ်ဖုံးဆေးပြီးရင် သွန်လို့ရပြီလားဘုရား။

ဆရာတော် ॥ ॥ မရသေးဘူး။ သပိတ်ဖုံးစိတ်တိုင်းကျပြီဆိုရင် ဆပ်ပြာရေကျန်တာကို ထွေးခံထဲ ထည့်ပြီး ထွေးခံဆေးရတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ အံ့သြစရာပါဘုရား။ မှတ်သား လိုက်နာပါ့မယ်ဘုရား။ နောက်ထပ် သိသင့် ရာရာများရှိသေးရင်လည်း နည်းယူရအောင် သိပါရစေဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီးက ဆပ်ပြာသုံးရင် လက်သဲခွံလောက်ပါးတဲ့အထိ သုံးပါတယ်။ ပြီးတော့မှ ဆပ်ပြာခဲအသစ်မှာ အဲဒီဆပ်ပြာပါးပါးကို ကပ်ပြီးတော့ သုံးပါတယ်။

MA ဦးဇင်း ॥ ॥ ဘယ်လိုဆပ်ပြာအမျိုးအစားကို သုံးတော်မူပါသလဲဘုရား။

ဆရာတော် ॥ ॥ အစောပိုင်းတုန်းက ဆန်းလိုက်ဆပ်ပြာကို သုံးပါတယ်။ နောက်ပိုင်းကျတော့ ကာဘော်လစ် ဆပ်ပြာကိုသုံးတာ တွေ့ရပါတယ်။ ဒီနောက်ပိုင်းတော့ သံပုရာ ခြမ်း ဆေးဆပ်ပြာကိုသုံးတာ သတိပြုမိတယ်။ ဆရာတော်ကြီး မိန့်တော်မူ တာက "ဒီသံပုရာခြမ်းဆပ်ပြာက ခန္ဓာကိုယ်မှာယားယံတာပျောက်တယ်" တဲ့။ တံဆိပ်အမျိုးမျိုးနဲ့ ဆပ်ပြာတွေကိုတော့ ဆရာတော်ကြီး မသုံးဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ ဘယ်လိုမျိုး သွားတိုက်ဆေးကို သုံးတော်မူခဲ့ပါသလဲဘုရား။

ဆရာတော် ။ ။ ဒါကလည်း ဓူတင်နဲ့မဆိုင်ဘူးဆိုသော်လည်း စိတ်ဝင်စားစရာ ကောင်းတယ်။ ဆရာတော်ကြီး သွားတိုက်ဖို့အတွက် ရုံခါဒန်ပူ၊ ရုံခါဆားနဲ့ ရုံခါမီးသွေးခဲ တို့ကို သုံးတာတွေ့ရတယ်။ သွားတိုက်ဆေးအပေါ်မှာ ဆရာတော်ကြီး သံသယရှိဟန် တူတယ်။ ဘာကြောင့်လဲဆိုရင် "အခုခေတ် သွားတိုက်ဆေး တွေ အမျိုးမျိုးပေါ်လာမှပဲ သွားပိုးစားတဲ့ရောဂါ များလာတယ်"လို့ မိန့်ဖူး တယ်။ သတိရလို့ ပြောပြရဦးမယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး အကြောင်းပါလားဘုရား။ မှတ်သားထားပါမယ်ဘုရား။

ဆရာတော် ။ ။ ခေါင်းရိတ်တဲ့အခါ ဘယ်တော့မှ နောက်စေ့ဘက်ကစပြီး မရိတ်ခိုင်းဘူး။

MA ဦးဇင်း ။ ။ ဘယ်ကနေ စရိတ်ရတာပါလဲဘုရား။

ဆရာတော် ။ ။ ရှေ့ကနေရိတ်ဖို့ မိန့်တယ်။ ဘာကြောင့်လဲလို့ မေးလျှောက်တော့ "ခေါင်းရိတ်ရင်း ဘာလိပ်ခြား တုံးသွားခဲ့သော် ရှေ့ပိုင်းဆံပင်တွေ မရိတ်မိဘဲ ကျန်နေတတ် တယ်။ ဓားတုံးလို့ ကျန်မဲ့ကျန်ရင် နောက်ဖက်က ဆံပင်တွေ ကျန်ပါစေ" တဲ့။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးထံပါးက နည်းယူစရာများ ပြည့်စုံပြီလားဘုရား။

ဆရာတော် ။ ။ ဘယ်ပြည့်စုံဦးမလဲ ဦးဇင်း။ မှတ်မိတာလေးတွေ ပြောနေရတာ။ မှတ်မိတာက နည်းပြီး မေ့တာက များနေတယ်ဘုရား။ ဆရာတော်ကြီး မိန့်တော်မူတာ တစ်ခုက "ဒီကနေ့ သာသနာတော်မှာ စာချပေးမဲ့ စာတတ်ပေတတ် ထေရ်ရှင် တွေ ရှိပါတယ်။ ကမ္မဋ္ဌာန်းပြပေးမဲ့ ဆရာများလည်း မရှားပါဘူး။ ဓူတင်ကို ကျကျနန ပြည့်ပြည့်စုံစုံ သင်ပြပေးမယ့် ဆရာတော်က အလွန်ကို ရှားပါးနေပြီ" တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဟုတ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ဆရာတော်ကြီးက "တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လိုကွယ်မှာလဲလို့ မေးကြတယ်၊ အခု အကျင့်ပဋိပတ်ထဲက ဓူတင် အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ၊ ရဟန်းတွေ ဓူတင်ကို မကျင့် တော့ရင် ဓူတင်သာသနာ ကွယ်သွားပြီ" လို့ ပွင့်ပွင့်လင်းလင်းကြီးကို မိန့် တော်မူဖူးတယ် ဦးဇင်း။ ဆရာတော်ကြီးက သဒ္ဓါတရားရှိတဲ့ ရဟန်းများကို ဓူတင်ဆောင်တတ်အောင် လေ့ကျင့် သင်ပြပေးတာကို အလွန် လိုလားတော် မူပါတယ်။ ဆရာတော်ကြီး ကိုယ်တိုင်လည်း သင်ပြပေးတော်မူတယ်။ မေးမြန်း လာတဲ့ ဓူတင်ကျင့်စဉ်ဆိုင်ရာ အဆုံးအဖြတ်ကို ကျမ်းကိုးအထောက်အထားနဲ့ ဖြေကြားပေးတော်မူပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ စာဖတ်ပြီး ဓူတင်ဆောင်ရင် ရနိုင်ပါသလားဘုရား။

ဆရာတော် ။ ။ အခက်အခဲ ရှိနိုင်တယ်။ ဓူတင်ကို ကိုယ်တိုင်ကျင့်နေတဲ့ အာစရိယဆရာသခင် ထံပါးမှာ ကျင့်ရင် ပိုပြီးကောင်းပါတယ်။ နို့မဟုတ်ရင် ဂန္ဓာရီလိုလို၊ ဝိဇ္ဇာလိုလို

ဖြစ်သွားတတ်တယ်။ ဒါကြောင့် နည်းစနစ်ကျကျ ဓုတင်ဆောင်ဖြစ်ဖို့ စိတ်တူကိုယ်တူ ကလျာဏမိတ္တရှိဖို့လည်း အရေးကြီးပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် ဆွမ်းဓုတင်ကို ဘယ်လိုကနေ စကျင့်ရပါမလဲဘုရား။

ဆရာတော် ။ ။ ဆွမ်းခံမယ်ပေ့ါဘုရား။ ပိဏ္ဍပါတ်ဓုတင်ရပြီ။ အိမ်စဉ်ဆွမ်းခံမယ်ဆိုရင် သပဒါနစာရိကဓုတင်ရပြီ။ တစ်ထိုင်တည်းဘုဉ်းပေးမယ်ဆိုရင် ဧကာသနိက် ဓုတင်ရပြန်ပြီ။ သပိတ်နဲ့ပဲ ဆွမ်းဘုဉ်းမယ်ဘုရား၊ ပတ္တပိဏ်ဓုတင်ရပြီ။ နောက်စောစောကပြောပြခဲ့သလို ဆွမ်းဘုဉ်းပေးနေတဲ့အခိုက်မှာ နောက်ကလာလောင်းတဲ့ ဆွမ်းဖြစ်စေ၊ ဘောဇဉ်ငါးပါး တစ်ပါးပါးကိုဖြစ်စေ မခံယူတော့ရင် ခလုပစ္ဆာဘတ္တိကဓုတင် ရပြန်ပြီလေ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ဓုတင်ရတော့ရပါတယ်ဘုရား။ သို့သော် အမြတ်စားရပ့ါမလားလို့ တွေးနေတာပါဘုရား။

ဆရာတော် ။ ။ ဒီမှာ စဉ်းစားဖို့လိုတာက ဓုတင်ကျင့်တဲ့အခါမှာ မုဒုကနေစကျင့်တာ အကောင်းဆုံးပါဘုရား။

MA ဦးဇင်း ။ ။ မုဒုဆိုတာ အညံ့ကနေ ဘာကြောင့် ကျင့်ရမှာပါလဲဘုရား။

ဆရာတော် ။ ။ အခုချက်ခြင်းကြီး အမြတ်စား ဥက္ကဋ္ဌကနေ စကျင့်ရင် ကြပ်တည်းမယ်။ ပင်ပန်းမယ်။ ခက်ခဲမယ်။ ကြာရင် စိတ်ဓာတ်ကျပြီး ဆက်မကျင့်ဖြစ်ဘဲ ဓုတင်ကို ပစ်ထားမိတတ်တယ်။ ဒါကြောင့် မုဒုကနေ စကျင့်ပါဘုရား။ တဖြည်းဖြည်းကျင့်ရင်းကျင့်ရင်း ရံခါ အလယ်အလတ်မဇ္ဈိမရမယ်။ ရံခါလည်း အမြတ်စား ဓုတင် ဥက္ကဋ္ဌရတာလည်းရှိမယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါကြောင့် ဆရာတော်ကြီးက မုဒုကနေ စကျင့်ခိုင်းတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဦးဇင်း။ ဟုတ်ပါတယ်။ တချို့ကလည်း အရှင်ဘုရားစဉ်းစားသလိုပဲ မုဒုက အညံ့စားဖြစ်တယ်။ ပျော့တယ်ဆိုပြီး မကျင့်ချင်ကြဘူး။ လွယ်ရာကနေ တဖြည်းဖြည်းခက်ရာသို့ တိုးတိုးပြီးကျင့်တာက ရေရှည် ခိုင်မြဲနိုင်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ နားလည် သဘောပေါက်ပါပြီဘုရား။

ဆရာတော် ။ ။ ဆွမ်းဓုတင်မှာ ဖြစ်တတ်တာတစ်ခုရှိတယ်။ မိမိဓုတင်ဆောင်ပြီး သီတင်းသုံးတဲ့ကျောင်းမှာ ရံခါ ဒကာ၊ ဒကာမတွေ ဆွမ်းလာလောင်းတတ်တာတွေ ရှိတတ်တယ်။ “မနက်ဖန် တပည့်တော်တို့ မိသားစုဆွမ်း လာလောင်းပါမယ်ဘုရား” လို့လည်း ကြိုတင် လျှောက်ထားတတ်တယ်။

MA ဦးဇင်း ။ ။ အခုလိုလျှောက်ထားရင် ဆွမ်းဓုတင်မှာ အနှောင့်အယှက် ဖြစ်တတ်ပါသလားဘုရား။

ဆရာတော် ။ ။ ဦးဇင်းကို လျှောက်တာမဟုတ်ဘူးလေ။ သက်ဆိုင်ရာ ကျောင်းရဲ့အကြီးအကဲ ပဓာနနာယကဆရာတော်ကို လျှောက်တာပါ။ ဒါကြောင့် မိမိကြွမြဲအတိုင်း ကြွပြီး ဆွမ်းခံရင် ရပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဆွမ်းကို ဘယ်လိုခံရမလဲဘုရား။

ဆရာတော် ။ ။ ရွာစဉ်၊ အိမ်စဉ်၊ လူစဉ် မကျော်ဘဲ ခံရမှာပါ ဦးဇင်း။ ဒီနေရာမှာ သက်ဆိုင်ရာ ကျောင်းတိုက်က ပဓာနနာယကဆရာတော်ရဲ့ ဓုတင်သာသနာပေါ်မှာ အမြော်အမြင်ကြီးမားမှုနဲ့ မိမိကိုယ်တိုင် ဓုတင်အကျင့်ပိုင်းမှာ ကျွမ်းကျင် နှံ့စပ်မှုပေါ်မှာ အများကြီး မူတည်ပါလိမ့်မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဓုတင်သာသနာတော်အပေါ် တန်ဖိုးထားတဲ့ ကျောင်းကို ရှာပြီး နေပါ့မယ်။ အကယ်၍မရခဲ့ရင် တစ်ပါးတည်း တောမှာ သွားနေပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်း ဘုရားဥပဒေတော်က ငါးဝါပြည့်ပြီးမှ တစ်ပါးတည်း နေခွင့်ရှိတာနော်။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်မိပါတယ်ဘုရား။ လိုက်နာပါ့မယ်ဘုရား။ တပည့်တော် တစ်ခု မေးလျှောက်ချင်တာက တစ်နေ့က ဆွမ်းခံသွားတဲ့အခါ တချို့ဒကာမကြီး တွေက ဆွမ်းဟင်းတွေ၊ မုန့်တွေကို ကြွပ်ကြွပ်အိပ်နဲ့ထည့်ပြီး သပိတ်ထဲ လှူကြ တယ်။ သူတို့ကို ပြောပြတာလည်း နှစ်ခါရှိပြီ နားလည်းမထောင်ကြဘူး။

ဆရာတော် ။ ။ ပြောမရရင်လည်း မပြောနဲ့တော့ ဦးဇင်း။ ကျောင်းမှာ ဆွမ်းဘုဉ်းပေးခါနီးမှ အထုပ်တွေကို ဖောက်ပြီးတော့ သပိတ်ထဲ လောင်းထည့်ပေါ့။

MA ဦးဇင်း ။ ။ အရည်တွေကိုလည်း ရောလောင်းပြီး ဇွန်းနဲ့ ဘုဉ်းပေးရမှာပါလားဘုရား။

ဆရာတော် ။ ။ ရောလောင်းရတာတော့ ဟုတ်တယ်။ ဇွန်းကိစ္စကို ဖားအောက်ဆရာတော်ကြီး မိန့်တော်မူဖူးတာလေး သတိရလို့ ပြောပြဦးမယ် "ဆွမ်းပြုတ်တို့၊ မုန့်ဟင်းခါး တို့ကို ရလာရင် အဖတ်ကို လက်နဲ့ယူဘုဉ်းပြီး အရည်ကိုတော့ သပိတ်နဲ့ပဲ မော့သောက်လို့ရတယ်" တဲ့။ ဆိုလိုတာက ဇွန်းမရှိလည်း ဘုဉ်းပေးလို့ ရနိုင် တာကို ပြောလိုရင်းပါ ဦးဇင်း။ ဘုန်းကြီးတို့ရဲ့ သီတင်းသုံးဖော် ဆရာတော်များ ဆိုရင် ဖလားခွက်တောင် အပိုမထားကြဘူး။

MA ဦးဇင်း ။ ။ ဖလားမရှိဘဲ မျက်နှာသစ်ရင်၊ ရေချိုးရင် ဘယ်လိုများ လုပ်ရမလဲဘုရား။

ဆရာတော် ။ ။ သပိတ်ဖုံးထဲကို ရေထည့်ပြီး မျက်နှာသစ်လို့ရတယ်။ သပိတ်ဖုံးကို ရေဖလား လုပ်ပြီး ရေချိုးလို့ရတယ်လေ။ဓုတင်ဆိုတာ ကိလေသာကို ခါထုတ်ဖို့ ခေါင်းခေါင်းပါးပါး ကျင့်ရတာပါဘုရား။ ဒါကြောင့် ဓုတင်ကျင့်ရင် ပါရမီတချို့ လည်း ကျင့်ပြီးဖြစ်တယ်လို့ နဘူးကျင်းဆရာတော်ကြီး မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ဘယ်ပါရမီတွေကို ကျင့်ပြီးဖြစ်တာပါလဲဘုရား။

ဆရာတော် ။ ။ နိသဇ္ဇိဓုတင်ကတော့ ဝီရိယပါရမီ ထင်ရှားတာပေါ့ ဦးဇင်း။ ဒီဓုတင်ကို ဘယ် လောက်ကြီး အခက်အခဲကြုံကြုံ မပျက်တမ်း ကျင့်ကိုကျင့်မယ်လို့ ဆုံးဖြတ် ချက်ခိုင်မြဲတာက အဓိဋ္ဌာန် ပါရမီ၊ ကာမဂုဏ်အာရုံတွေကို ပယ်ခွာပြီး တောရပ် အာရညမှာနေမှတော့ နိက္ခမပါရမီကလည်း ဖြည့်ပြီးဖြစ်တာပေါ့ ဦးဇင်း။ ဓုတင်ဆောင် ရဟန်းကောင်းဖြစ်တဲ့အတွက် သီလပါရမီက ဖြည့်ကျင့် နေတာပါပဲလေ။ ဖြစ်ပေါ်လာနေတဲ့ ရာသီဥတုရဲ့ ကြမ်းတမ်းမှု၊ အစာအာဟာရ

တွေရဲ့ ကြမ်းတမ်းမှု၊ သီတင်းသုံးခွင့်ရထားတဲ့ ကျောင်းအိပ်ရာနေရာရဲ့ ချို့တဲ့မှု အားလုံးကို မငြီးမငြူ လက်ခံနိုင်တာက သည်းခံခြင်း ခန္တီပါရမီ ထင်ရှား ပါတယ်နော်။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ ခလုပစ္ဆာဘတ္တိက ဓုတင်ကျင့်စဉ်ရဲ့ Noble practitioner. Intermediate practitioner. Ordinary practitioner အဆင့်ဆင့် ကွဲပြားပုံကိုလည်း သိချင်ပါ သေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဒီမှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု Noble, Intermediate နဲ့ Ordinary ဆိုပြီး သုံးစားရှိပါတယ်။ အမြတ်စား ဥက္ကဋ္ဌဓုတင်ဆောင်တော်မူတဲ့ ရဟန်းက တားမြစ်ပြီးတဲ့နောက် ရတဲ့ဆွမ်းကို မဘုဉ်းပေးရတော့ဘူး။ ခံတွင်းထဲရှိသမျှ ကိုပဲ ဘုဉ်းပေးရပါတယ်။[၁]

MA ဦးဇင်း ။ ။ ဒါဆိုရင် ဆွမ်းမဝတာမျိုးလည်း ဖြစ်တတ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဖြစ်တတ်တယ် ဦးဇင်း။ ဖြစ်တတ်တယ်။ ဒါကြောင့် ဒီဓုတင်ရဲ့အကျိုး ၄ ပါး ထဲမှာ "ဝမ်းအလိုလိုက်လျက် အစားမကြူးခြင်း"၊ တစ်နည်းပြောရရင် "ဝမ်းပြည့်အောင် ဘုဉ်းပေးမှု မရှိခြင်း" ဆိုပြီး တစ်ပါးပါနေတယ်။

MA ဦးဇင်း ။ ။ ဆွမ်းကို ဝအောင်မဘုဉ်းပေးဘဲ ကျင့်တဲ့ကျင့်စဉ်က တော်ရုံသဒ္ဓါတရားနဲ့တော့ မရပါဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ မဇ္ဈိမရဟန်းက တားမြစ်လိုက်တဲ့အချိန်မှာ သပိတ်ထဲရှိသမျှ ဆွမ်းကိုတော့ ဘုဉ်းပေးခွင့်ရှိတယ်။ သို့သော် နောက်ထပ်ယူခွင့် မရှိတော့ဘူး။ မုဒုပုဂ္ဂိုလ်က တားမြစ်မိပြီး နေရာကနေ မထမချင်း နောက်ထပ် ဆွမ်းကိုယူပြီး ဘုဉ်းပေးနိုင်ပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဓုတင်ပျက်တာကိုလည်း သိပါရစေ။

ဆရာတော် ။ ။ ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံအရ အပ်စပ်အောင်ပြုပြီးတော့ ဘုဉ်းပေး တာနဲ့ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုသုံးပါးလုံးရဲ့ ခလုပစ္ဆာဘတ္တိကဓုတင် ပျက်ပါတော့တယ်။

MA ဦးဇင်း ။ ။ ပဝါရိတ်သင့်တာကို ဝိနည်းကံမပြုမိရင် အာပတ်သင့်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဝိနည်းကံမပြုဘဲ နောက်ထပ် နေရာပြောင်း ဘုဉ်းပေးမယ်ဆိုရင်တော့ ဝိနည်း အာပတ်လည်း သင့်ပါတယ် ဦးဇင်း။ ဓုတင်ဆိုတာ ဝိနည်းသီလကို အထွဋ်မြှ တပ်တာဆိုတော့ ရဟန်းသီလမှမရှိဘဲ ဓုတင်ဆောင်ပြီး ဘယ်လိုအထွဋ်မြှ တပ်မလဲဘုရား။

---

၁။ (၇) ခလုပစ္ဆာဘတ္တိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၆၈)

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ တပည့်တော် ဓုတင်အရာ၊ ဝိနည်းအရာ နှစ်ဖက်စွယ်စုံ ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓုပါ ဘုရား။ သာဓု သာဓု။

## ခလုပစ္ဆာဘတ္တဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၅ ပါး

၁။ အတိရိတ် ဝိနည်းကံမပြုဘဲ ဘုဉ်းပေးခြင်းကြောင့် သင့်သောအာပတ်မှ ဝေးကွာခြင်း၊

၂။ ဝမ်းအလိုလိုက်လျက် အစားမကြူးခြင်း၊

၃။ အာမိသဥ္စ သိုမှီးမှု ကင်းသူဖြစ်ခြင်း၊

၄။ တစ်ဖန် ရှာမှီးမှု မရှိခြင်းနှင့်

၅။ အပ္ပိစ္ဆတာ စသော ဂုဏ်အားလျော်သော အသက်မွေးမှုရှိခြင်းတို့ ဖြစ်ပါသည်။[၁]

ပရိယေသနာယ ခေဒံယ၊ န ယာတိ န ကရောတိ သန္နိဓိံ ဓီရော၊
ဩဒရိကတ္တံ ပဇဟတိ၊ ခလုပစ္ဆာဘတ္တိကော ယောဂီ။
တသ္မာ သုဂတပသတ္ထံ၊ သန္တောသဂုဏာဒိဝုမ္မိသဥ္ဇနနံ၊
ဒေါသေ ဝိဓုနိတုကာမော၊ ဘဇေယျ ယောဂီ ဓုတင်္ဂမိဒန္တိ။[၂]

ခလုပစ္ဆာဘတ်ဓုတင်ဆောင်သော ပညာရှိယောဂီသည်
တစ်ဖန် ဝမ်းစာရှာမှီးခြင်းကြောင့်
ပင်ပန်းခြင်းသို့ မရောက်၊ သိုမှီးသိမ်းထားခြင်းကိုလည်းမပြု၊
ဝမ်းအလိုလိုက်လျက် အစားကြူးသူအဖြစ်ကိုလည်း ပယ်၏။
ထို့ကြောင့် အလိုကြီးခြင်းစသော အပြစ်တို့ကို ခါထုတ်လိုသောယောဂီသည်
မြတ်စွာဘုရား ချီးမွမ်းအပ်သော ရောင့်ရဲလွယ်ခြင်း စသည်တို့၏
ပွားခြင်းကို ဖြစ်စေတတ်သော ဤခလုပစ္ဆာဘတ်ဓုတင်ကို ချဉ်းကပ် မှီဝဲရာ၏။[၃]

---

၁။ (၇) ခလုပစ္ဆာဘတ္တိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၆၈)
၂။ (၇) ခလုပစ္ဆာဘတ္တိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ-၆၈)
၃။ မဟာစည်ဆရာတော်ကြီး၏ဝိသုဒ္ဓိမဂ်မြန်မာပြန်-ပထမတွဲ (နှာ-၂၂၈)

## ၈။ အာရညကင်ဓုတင်
## âraññika dhutaṅga



အာရညကင်ဓုတင်ကို ဆောင်သောရဟန်းသည် ဥပစာရနှင့်တကွသော ရွာနီးကျောင်းကို ပယ်ပြီး ရွာမှအပြင်ဖြစ်သော တော၌အရဟ်တက်သည့်တိုင် ရွာ၏အပြင်ဖြစ်သော တော၌ သီတင်းသုံးတော်မူသည်။

The monk who has the habit to dwell in a country side lodging remote from villages, that is to say the one who lives remote from inhabited areas is called araññika .

### အာရညကင်ဓုတင် ဆောက်တည်ပုံ

အာရညကင်ဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"ဂါမန္တသေနာသနံ ပဋိက္ခိပါမိ"
"အာရညိကင်္ဂံ သမာဒိယာမိ" ၁
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"ဥပစာရနှင့်တကွသော ရွာနီးကျောင်းကို ပယ်ပါ၏"
"ထိုဂါမန္တမှ အပြင်ဖြစ်သော တော၌ အရဟ်တက်စေခြင်းဟူသောအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏။"

"gâmantasenâsanaṃ paṭikkhipâmi, âraññikaṅgaṃ samâdiyâmi."
"I renounce to dwell into a monastery situated close to a village (within or close to an inhabited area), I will train into dwelling in a forest monastery."

၁။ (၃၁) အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ - ပထမတွဲ (နှာ - ၆၉)

## ဝေါဟာရအဓိပ္ပာယ်

ဂါမန္တသေနာသနံ = ဥပစာရနှင့် တကွသော ရွာနီးကျောင်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
အာရညိကင်္ဂံ = ထိုဂါမန္တမှ အပြင်ဖြစ်သော တော၌ အရုဏ်တက်စေခြင်းဟူသောအင်္ဂါကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
အာရညိက = တော၌နေခြင်းဟူသော အလေ့အကျင့်ရှိသည့် ရဟန်း။
အာရညိကင်္ဂ = တော၌နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကပင် အာရညကင်ဓူတင်မည်၏။

## အာရညကင်ဓူတင်ဆောင် သူယုတ်မာရဟန်း

ငါသည် အာရညကင်ဓူတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် အာရညကင်ဓူတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုအာရညကင်ဓူတင်ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## အာရညကင်ဓူတင်ဆောင် သူတော်ကောင်းရဟန်း

အာရညကင်ဓူတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သောတရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
အာရညကင်ဓူတင်ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

---

၁။ (၁၀၅) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ - ၈၆)

MA ဦးဇင်း ။ ။ ရဟန်းတော်များ တောထဲမှာနေပြီး ဆောက်တည်ရတဲ့ ဓူတင်ရဲ့နာမည်က အရညိဓူတင်ပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး။ ပါဠိလို 'အာရညိကင်္ဂဓုတင်'လို့ ရေးရတယ်။ မြန်မာလိုတော့ မြန်မာတို့အသံနဲ့ အာရညကင်ဓူတင်လို့ သုံးနှုန်းကြပါတယ်။

MA ဦးဇင်း ။ ။ မြန်မာလို အာရညကင်ဓုတင် ခေါ်တာပါလားဘုရား။

ဆရာတော် ။ ။ ဒီနေရာမှာ ဓူတင်နဲ့ဓုတင် အသုံးအနှုန်းကို ကွဲပြားဖို့လိုပါတယ်။ ဓုတင်္ဂဝိနိစ္ဆယ ကျမ်းပြု နဘူးကျောင်းဆရာတော်က ပါဠိလိုရေးရင် ပါဠိအသံထွက်အတိုင်း 'ဓုတင်'လို့ ရေးသင့်ကြောင်းနဲ့ မြန်မာလိုရေးရင် မြန်မာအသံထွက်အတိုင်း 'ဓူတင်'လို့ ရေးသင့်ကြောင်း မိန့်တော်မူဖူးတယ်။ ဆရာတော်ကြီးရဲ့ ကျမ်းကို လည်း ဒီမူနဲ့ပဲ ရေးသားတော်မူခဲ့တာ တွေ့ရတယ်။

## ဝိနည်း၊ သုတ္တန်နှင့် အဘိဓမ္မာ ဒေသနာတော်နည်းအရ တောရအဓိဆုံးအဖြတ်

MA ဦးဇင်း ။ ။ ရဟန်းတော်များ တောထဲမှာနေပြီး ဆောက်တည်ရတဲ့ ဓူတင်ရဲ့နာမည်က အရညိဓူတင်ပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး။ ပါဠိလို 'အာရညိကင်္ဂဓုတင်'လို့ ရေးရတယ်။ မြန်မာလိုတော့ မြန်မာတို့အသံနဲ့ အာရညကင်ဓူတင်လို့ သုံးနှုန်းကြပါတယ်။

MA ဦးဇင်း ။ ။ မြန်မာလို အာရညကင်ဓူတင်လို့ ရှေးအခါကတည်းက သုံးခဲ့တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ရှေးရှေးစာပေတွေကို လေ့လာတဲ့အခါမှာ သျှင်မဟာရဋ္ဌသာရ ပြုစုခဲ့တဲ့ သံဝရပျို့မှာတော့ "လူသူမယှဉ်၊ အာရညကင်၊ ကျင့်ဓူတင်ဖြင့်၊ ပျော်ချင်ရကား" လို့ တွေ့ရပါတယ် ဦးဇင်း။ ဒါကြောင့် ရှေးမြန်မာစာပေ ပညာရှင်တွေက 'အာရညကင်ဓူတင်'လို့ သုံးခဲ့ကြပါတယ်။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒီနေ့ခေတ် ကျမ်းပြုပညာရှင်တစ်ပါးဖြစ်တော်မူတဲ့ နဘူးကျောင်းဆရာတော်ကြီးက ပါဠိလိုရေးရင် ပါဠိအသံထွက်အတိုင်း 'ဓုတင်'လို့ ရေးသင့်ကြောင်းနဲ့ မြန်မာလိုရေးရင် မြန်မာအသံထွက်အတိုင်း 'ဓူတင်'လို့ ရေးသင့်ကြောင်း မိန့်တော်မူဖူးတယ်။ ဆရာတော်ကြီးရဲ့ ကျမ်းကိုလည်း ဒီမူနဲ့ပဲ 'ဓုတင်္ဂဝိနိစ္ဆယ ကျမ်း'လို့ ရေးသားတော်မူခဲ့တာ တွေ့ရပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် အာရညကင်ဓူတင်ဆောက်တဲ့ ရဟန်းက ဆင်တွေ ကျားတွေရှိတဲ့ တောထဲကိုသွားပြီး သီတင်းသုံးရတာမျိုးပါလားဘုရား။

ဆရာတော် ။ ။ ဆင်တွေ၊ ကျားတွေရှိမှ မဟုတ်ပါဘူး။ အာရညကင်ဓူတင်ဆောက်ဖို့အတွက် တောအင်္ဂါနဲ့ ညီညွတ်ရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တောအင်္ဂါဆိုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါက ဝိနည်းမှာလာတဲ့နည်း။ အဘိဓမ္မာမှာလာတဲ့နည်းနဲ့ သုတ္တန်မှာလာတဲ့ နည်းဆိုပြီး နည်းက သုံးမျိုးရှိတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော် သုံးမျိုးလုံးကို သိချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဒီနေရာမှာ ပထမဦးဆုံး ကျောင်းစည်းရိုးနဲ့ ရွာဥပစာတို့ရဲ့ အကွာအဝေးကို ကျမ်းဂန်နဲ့အညီ စဉ်းစားကြစို့နော်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ကျမ်းစာလာ စကားများကို တပည့်တော် မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ဝိနည်းဓိုရ်ဆရာတော်တို့က 'ရွာနဲ့ ရွာရဲ့ဥပစာကို ချန်ထားပြီး ကျန်တာ အားလုံးကို တောလို့ယူရမယ်'တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ဝိနည်းဓိုရ်ဆရာတော်များရဲ့ 'ဝါဒကို ဘုရားတပည့်တော် နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ စာမှာ ဥပမာပေးထားတာ ရှိသေးတယ်။ သီရိလင်္ကာနိုင်ငံက အနုရာဓမြို့မှာ မြို့ရိုး နှစ်ထပ်ရှိတယ် ဦးဇင်း။ လုလင်ပျိုတစ်ယောက်က အတွင်းမြို့ရိုးရဲ့ တံခါးခုံမှာရပ်ပြီးတော့ ခဲတစ်လုံး ပစ်လိုက်တယ် ဆိုပါစို့တဲ့။ သူပစ်တဲ့ ခဲကျရာ နေရာက ရွာရဲ့ဥပစာတဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ လုလင်ပျိုပစ်တဲ့ ခဲကျတဲ့နေရာရဲ့ အလွန်ကို တောလို့ ယူရတော့မှာ ပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဟုတ်ပါတယ်။ ဝိနည်းဓိုရ်ဆရာတော်တို့က အခုလို ယူကြပါတယ် ဘုရား။

MA ဦးဇင်း ॥ ॥ ဝိနည်းတော်အလို တောကို သိရပါပြီဘုရား။ သုတ္တန်နဲ့ အဘိဓမ္မာအလိုကို လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ လူတစ်ယောက်က ကျီးကန်းကို ခြောက်လှန့်တဲ့အနေနဲ့ ရွာအပြင် ဘက် ပစ်လိုက်တဲ့ခဲကျတဲ့နေရာကို ရွာရဲ့ဥပစာယူရမယ်လို့ သုတ္တန်ဆောင် ဆရာတော်တို့က ဆုံးဖြတ်တော်မူကြပါတယ် ဦးဇင်း။[၂]

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ဒါဆိုရင် ရွာစည်းရိုးမရှိရင် ဘယ်လိုများ ယူရမလဲဘုရား။

ဆရာတော် ॥ ॥ စည်းရိုးမရှိတဲ့ရွာဆိုရင် အစွန်ဆုံးအိမ်က အိမ်ရှင်မတစ်ယောက် မီးဖိုချောင် ထဲမှာ ချက်ပြုတ်နေရင်း ပန်းကန်ခွက်ဆေးတဲ့ရေ သွန်ပစ်လိုက်တယ် ဆိုပါစို့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ တင်ပါ။ ရေသွန်ပစ်တဲ့အထိကို နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပြီ။ အဲဒီ သွန်ပစ်လိုက်တဲ့ရေ ကျတဲ့နေရာက အိမ်ရဲ့ဥပစာလို့ မှတ်ရ မယ်တဲ့ဘုရား။

MA ဦးဇင်း ॥ ॥ အိမ်ဥပစာကိုလည်း တပည့်တော် နားလည်ပါပြီဘုရား။

---

၁။ ဒုတိယပါရာဇိကသိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၆၁)

၂။ ဒုတိယပါရာဇိကသိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၆၁)

ဆရာတော် ။ ။ ဒါဆိုရင် ရွာရဲ့ဥပစာတိုင်းနည်းကို ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ခုန အိမ်ရှင်မက သွန်ပစ်လိုက်တဲ့ ရေကျတဲ့နေရာမှာ အားအလယ်အလတ်ရှိတဲ့ လုလင်ပျိုတစ်ယောက် ရပ်ပြီးတော့ ခဲနဲ့လှမ်းပစ်ရင် အဲဒီ ခဲတစ်ကျက ရွာနယ်အဆုံးလို့ မှတ်ရပါမယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အဲဒီ ခဲတစ်ကျရဲ့အလွန်ကို တောယူလို့ ရပြီလားဘုရား။

ဆရာတော် ။ ။ မရသေးဘူးလေ။ ခဲတစ်ကျက ရွာနယ်အဆုံးပဲ ရှိသေးတယ်။

MA ဦးဇင်း ။ ။ မှန်ပါ၊ မှန်ပါဘုရား။ ဒါဆိုရင် တောကို ဘယ်လို သတ်မှတ်ရမလဲဘုရား။

ဆရာတော် ။ ။ ခုနခဲကျတဲ့နေရာမှာ အားအလယ်အလတ်ရှိတဲ့ လုလင်ပျိုတစ်ယောက်က မတ်တတ်ရပ်ပြီး နောက်ထပ်ခဲကို ပစ်ရဦးမယ်။

MA ဦးဇင်း ။ ။ နားလည်ပြီဘုရား။ အခု ဒုတိယခဲကျတဲ့နေရာရဲ့ ဟိုဘက်က တောလို့ ယူနိုင်ပါပြီဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ မှန်တယ်။ ဦးဇင်း နည်းနည်းမြင်တတ်လာပြီ။ ဒါက သုတ္တန်ဆောင်ဆရာတော်တို့ရဲ့ မိန့်ဆို ဆုံးဖြတ်ချက်ပါဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ အဘိဓမ္မာ ဆရာတော်တို့ရဲ့ မိန့်ဆို ဆုံးဖြတ်ချက်ကိုများလည်း သိလိုပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရွာတံခါးရဲ့ အပြင်ကိုရောက်တာနဲ့ အားလုံးကို တောလို့ပဲ ယူတော်မူကြပါဘုရားတဲ့။[၁]

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ တောရကျောင်းလို့ ခေါ်ကြတာ အခုလို တိုင်းတာပြီးမှ ခေါ်ရတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ သို့သော် အာရညကင်ဓုတင် ပဋိပတ်ကျင့်စဉ်အရာမှာ တောရတယ်၊ မရဘူးဆိုတာ တိုင်းတဲ့နည်း ရှိပါသေးတယ် ဦးဇင်း၊ ခုနက ဝိနည်းနည်း၊ သုတ္တန်နည်းနဲ့ အဘိဓမ္မာနည်းဆိုတာက အပဓာနလို့ဆိုပါတယ်၊ အခုလို တောတိုင်းတဲ့နည်းကိုသာ ဓုတင်ကျင့်စဉ်မှာ ပဓာနအားဖြင့် ယူတော်မူကြပါတယ်။

## ကုလလေးတာ အပြန်ငါးရာ

MA ဦးဇင်း ။ ။ တပည့်တော် တစ်နေ့ ဓုတင်ဆောင်ပါ့မယ်ဘုရား။ ဒါကြောင့် ဓုတင်ကျင့်စဉ်အရ တောတိုင်းတဲ့နည်းကိုလည်း ပြည့်ပြည့်စုံစုံ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ 'ကုလလေးတာ အပြန်ငါးရာ'အကွာအဝေးရှိတဲ့ ကျောင်းက အနီးဆုံးတောရကျောင်းလို့ မှတ်ပါလေ။[၂]

---

၁။ ၂။ ဒုတိယပါရာဇိကသိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၆၁)

MA ဦးဇင်း ॥ ॥ 'ကုလလေးတာ အပြန်ငါးရာ'ဆိုတာ ပါဠိစကားပါလား။ ဘာအဓိပ္ပာယ် ရပါလဲဘုရား။

ဆရာတော် ॥ ॥ ပါဠိစကားနဲ့ မြန်မာစကား ရောနေတယ်။ လေးအပြန် ၅၀၀ အကွာအဝေးကို 'ကုလလေးတာ အပြန်ငါးရာ' လို့ ယူရပါတယ်။

MA ဦးဇင်း ॥ ॥ တင်ပါ။ နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ရှေးရှေးမြန်မာတွေ သုံးကြတဲ့အတိုင်းအတာက ဟသ်ာတောင် (၁၈ လက်မ)၊ သံတောင် (၂၄ လက်မ) လို့ ယူရပါတယ်။ ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး ပြုစုတော်မူခဲ့တဲ့ ပရမတ္ထသရူပဘေဒနီကျမ်းမှာ လေးတောင် တာကို ကုလလေးတာလို့ ယူသင့်ကြောင်း ဆုံးဖြတ်ပေးတော်မူထားပါတယ်။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ လေးတစ်ပြန် ၄ တောင်ဆိုတော့ ၆ ပေ ရှိပါတယ်။ ဒါကြောင့် အပြန် (၅၀၀ × ၆ = ၃၀၀၀) ပေအားဖြင့် သုံးထောင် ကွာဝေးပါတယ်ဦးဇင်း။

MA ဦးဇင်း ॥ ॥ ပေသုံးထောင်ကို နားလည်ပါပြီဘုရား။ လေးတစ်ပြန်ဆိုတာကိုတော့ နားမလည် သေးပါဘုရား။

ဆရာတော် ॥ ॥ လေးကို အရင်ရှင်းပြမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်လှပါဘုရား။

ဆရာတော် ॥ ॥ လေးအတတ်ပညာ ကျွမ်းကျင်တဲ့ဆရာက သူကိုင်တဲ့လေးရဲ့ ညှို့ကြိုးကို မတင်သေးခင် ပကတိအားဖြင့် အရှည်ငါးတောင်ရှိတယ်။ ညှို့ကြိုး တင်လိုက် ရင်တော့ လေးတောင်ပဲ ရှိတော့တယ်တဲ့ ဦးဇင်း။ တချို့ကျမ်းဂန်မှာကျတော့ ရှစ်ထွာပမာဏလို့ ဆိုကြတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ လေးတစ်ပြန် ၄ တောင် ရှိတော့ ၆ ပေ ရပါပြီဘုရား။ ၈ ထွာလည်း ၄ တောင်ဖြစ်လို့ ၆ ပေ ရပါပြီဘုရား။ 'ကုလလေးတာ'ကို နားလည်တာပါဘုရား။

## လက်တွေ့တောရတိုင်းတာခြင်း

ဆရာတော် ॥ ॥ ကောင်းပါပြီ၊ ဒါဆိုရင် ဆက်ပြောပြမယ်နော်။ ရွာတံခါးမရှိရင် အစောက ပြောခဲ့တဲ့ သုတ္တန်နည်းအရ တိုင်းရမယ်။ အားအလယ်အလတ်ရှိတဲ့ လုလင်ပျို တစ်ယောက်က မတ်တတ်ရပ်ပြီး ပစ်လိုက်တဲ့ ခဲနှစ်ကျကနေ (ပေ-၃၀၀၀) အကွာအဝေးကို တိုင်းရမယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ 'အားအလယ်အလတ်ရှိတဲ့ လုလင်ပျိုတစ်ယောက်က မတ်တတ်ရပ်ပြီး ပစ်လိုက် တဲ့ခဲ' ဆိုတာကို မကြာခဏ ကြားဖူးပါတယ်ဘုရား။ လုလင်ပျိုဆိုတာကို

---

၁။ ပရမတ္ထသရူပဘေဒနီကျမ်း (ဒုတိယတွဲ၊ နှာ-၁၁၅)

နားလည်ပါသော်လည်း အားအလယ်အလတ်ရှိတာကို ဘယ်လိုတိုင်းတာသတ်မှတ်ရမှာပါလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ မေးသင့်တဲ့မေးခွန်းတစ်ခုပါပဲ။ နဘူးကျောင်းဆရာတော်ကြီးရဲ့ အဆုံးအဖြတ်ကို ပြောပြမယ်နော်။ ခဲပစ်သင့်တဲ့နေရာကို လုလင်ပျို ၃ ယောက်ကိုခေါ်ပြီး တစ်ယောက်တစ်လုံးစီ ခဲပစ်ခိုင်းပြီး ကျတဲ့နေရာတွေကို မှတ်ရမယ်တဲ့။ ဒီတော့ အဝေးဆုံးတစ်ခုရမယ်။ အနီးဆုံးတစ်ခုရမယ်။ အလယ်မှာတစ်ခုရမှာပေါ့ ဦးဇင်း။ မျက်စိထဲပေါ်ရဲ့လား။

MA ဦးဇင်း ။ ။ မှန်ပါ။ လူသုံးယောက် ခဲသုံးလုံးပစ်တာကို ကျတဲ့နေရာတွေ မှတ်သားရမှာဆိုလိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ ခဲသုံးလုံးထဲက အနီးဆုံးကျတဲ့နေရာကိုလည်း မယူနဲ့တဲ့။ အဝေးဆုံးကျတဲ့နေရာကိုလည်း မယူပါနဲ့တဲ့။ အလယ်မှာ ခဲကျတဲ့နေရာကိုယူပါတဲ့ဦးဇင်း။ လက်ရှိသေးတယ် 'နီးပယ်၊ ဝေးပယ်၊ လယ်ယူ'ပါတဲ့ဘုရား။

MA ဦးဇင်း ။ ။ နားလည်ပါပြီဘုရား။ အားအလယ်အလတ်ရှိတဲ့ လုလင်ပျိုကပစ်ရင် အလယ်အလတ်မှာကျမှာမို့ ယူဆပုံ သဘာဝကျပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ အားအလယ်အလတ်ရှိတဲ့ လုလင်ပျိုဆိုတာ ရပြီနော်ဦးဇင်း။

MA ဦးဇင်း ။ ။ ရပါပြီဘုရား။ တပည့်တော် စဉ်းစားနေတာက ရွာတံခါးများရှိရင် ရွာတံခါးအပြင်ကနေ စတိုင်းရမှာပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်သေးဘူး။ ရွာအပြင် ခဲတစ်ကျကနေ စတိုင်းမယ်လေ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ အနီးဆုံးတောရကျောင်းက 'ကုလလေးတာ အပြန်ငါးရာ'မှာရှိရမယ်ဆိုတော့ ရွာဥပစာရဲ့ ခဲတစ်ကျကနေ ပေ ၃၀၀၀ မှာ ရှိမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ မှန်ပြီ။ ဒါက ရွာဘက်က တိုင်းတာနော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တောရကျောင်းရဲ့ ဘယ်နေရာအထိကို ပေ ၃၀၀၀ ဝေးကွာရမလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ပြောပြမယ်။ ဘယ်အထိလဲဆိုရင် ကျောင်းရဲ့အကာအရံအထိ ပေ ၃၀၀၀ ရှိရပါမယ်။

MA ဦးဇင်း ။ ။ တောရကျောင်းမှာ အကာအရံမရှိရင် ဘယ်လို ဆုံးဖြတ်ရပါသလဲဘုရား။

ဆရာတော် ။ ။ အကယ်၍ တောရကျောင်းမှာ အကာအရံမရှိဘူးဆိုရင် ပထမဦးဆုံး တွေ့ရမဲ့ ဆွမ်းစားဇရပ်ကိုဖြစ်စေ၊ ဗောဓိပင်ကိုဖြစ်စေ၊ စေတီကိုဖြစ်စေ အပိုင်းအခြားပြုပြီး တိုင်းတာ ဆုံးဖြတ်ရပါမယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

---

၁။ (၆၅၃) သာသက်သိက္ခာပဒဝဏ္ဏနာ၊ ပတ္တဝဂ္ဂေ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၃၀၈)

ဆရာတော် ။ ။ ဒါက တစ်နည်းနော်။ နောက်ထပ်တစ်နည်းကတော့ ကျောင်းစည်းရိုးမရှိရင် စောစောကရွာရဲ့ ဥပစာကို ခဲပစ်ပြီးရှာခဲ့သလို၊ ကျောင်းရဲ့ဥပစာကိုလည်း ခဲတစ်ပစ်နဲ့ သတ်မှတ်ပြီးတော့ အကွာအဝေး တိုင်းတာရပါမယ်။

MA ဦးဇင်း ။ ။ ဘုရားရှင် ဥပဒေတော်က သိပ်ကို တိကျပြည့်စုံတာပဲဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်ဦးဇင်း။ တောရဲ့နယ်ကိုပိုင်းခြား သတ်မှတ်တဲ့နည်း ရပြီနော်။ အခုလက်တွေ့ တိုင်းပါတော့မယ်။ ပထမဦးဆုံး အတောင်အားဖြင့် ၁၀ တောင်၊ ပေအားဖြင့် ၁၅ ပေ အရှည်ရှိတဲ့ ဝါးလုံးတစ်လုံးကို တိုင်းတုတ်အဖြစ် လုပ်ရမယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မျက်စိထဲ မြင်ပါပြီဘုရား။

ဆရာတော် ။ ။ ၁၅ ပေရှည်တဲ့ ဝါးလုံးနဲ့ အပြန် ၂၀၀ တိုင်းရင် သတ်မှတ်ထားတဲ့ ပေ ၃၀၀၀ အကွာအဝေးကို ရမယ်လေ။

MA ဦးဇင်း ။ ။ တပည့်တော် အခုထိ နားလည်နေပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ နဘူးကျောင်းဆရာတော်ကြီးကိုယ်တိုင် တောတိုင်းတော်မူခဲ့တာကို နည်းရအောင်လို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ ဆရာတော်ကြီး တောတိုင်းတော်မူတဲ့နည်းကို အသေးစိတ် သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ပြောပြမယ်လေ။ ဒီနေရာဌာနကဖြင့် အာရညကင်တောရဓူတင် ဆောက်တည်ပြီး သီတင်းသုံးနေထိုင်ဖို့အတွက် ဆွမ်းခံရွာ စသည်ဖြင့် "ရေနီး၊ ရွာနီး၊ လမ်းကောင်းပြီး၊ တစ်သီးဆိတ်ငြိမ်ကျောင်း"ဆိုတဲ့အတိုင်း အစစအရာရာ သပ္ပာယပြည့်စုံပြီဆိုမှ တောအင်္ဂါ ပြည့်စုံ မပြည့်စုံကို တိုင်းတာရပါတယ်။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက တောမတိုင်းခင်ကတည်းက ကပ္ပိယတွေကို မန်ကျည်းစေ့၊ ဒါမှမဟုတ် တမာစေ့၊ ဒါမှမဟုတ် ကုက္ကိုစေ့ အလုံး ၂၂၀ လောက်ကို ကြို တင် ရှာဖွေစုဆောင်းပြီး ရေတွက်ခိုင်းထားပါတယ်။

MA ဦးဇင်း ။ ။ ဒီမျိုးစေ့တွေက ဘာလုပ်ဖို့များပါလဲဘုရား။

ဆရာတော် ။ ။ တောတိုင်းတဲ့အခါ တိုင်းတုတ်က ၁၅ ပေ ရှိတာမှတ်မိတယ်နော်။ တိုင်းရမှာက ပေ ၃၀၀၀ ဆိုတော့ အပြန်အားဖြင့် ၂၀၀ ရှိတယ်လေ။ တစ်ပြန်တိုင်းပြီးတိုင်း မျိုးစေ့တစ်စေ့စီ ချသွားရင် ဝါးအပြန် ဘယ်လောက်ရပြီလဲဆိုတာလည်း သိရမယ်။ ပြီးတော့ နှစ်ကာလအတန်ကြာတဲ့အခါမှာ တောရကျောင်းနဲ့ ရွာကြားက ဆွမ်းခံလမ်းမှာ မန်ကျည်းရိပ်၊ ကုက္ကိုရိပ်တွေ ဝေဝေဆာဆာ ဖြစ်လာမှာကို မြင်ယောင်ကြည့်ပါဦးလား ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ ဆရာတော်ကြီး သိပ်ပြီးတော့ အမြော်အမြင်ကြီးမားတော်မူတာကို ကြည်ညိုမဆုံး ဖြစ်ရပါတယ်ဘုရား။ တပည့်တော် မရှင်းတာက မျိုးစေ့က ၂၂၀ စုထားပြီးတိုင်းတော့ အပြန် ၂၀၀ ဆိုတော့ ဆရာတော်ကြီးက မျိုးစေ့အလုံး ၂၀ ကို အပိုစောင်း ယူခိုင်းတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ ပြောပြဖို့ ကျန်ခဲ့တဲ့အချက်တစ်ချက်က ရွာရဲ့စည်းရိုးနဲ့ ကျောင်းစည်းရိုးကြား အပြန် ၂၂၀ တိုင်းပါ့မယ် ဦးဇင်း။ ဘာကြောင့်လဲဆိုရင် အပြန် ၂၀၀ က ပေ ၃၀၀၀ ရပြီနော်။ ရွာဘက်ကို ၁၀ ပြန် ပေ ၁၅၀ နော်၊ တောရကျောင်းဘက်ကို ၁၀ ပြန်ဆိုတော့ ပေအားဖြင့် ၁၅၀ တိုင်းမှာပါ။

MA ဦးဇင်း ။ ။ ခဲတစ်ကျ၊ ရေတစ်ကျတွေကို ဝါး ၁၀ ပြန်၊ ပေ ၁၅၀ ယူမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်ပါတယ် ဦးဇင်း။ ခဲပစ်ဦးတော့ အတောင်တစ်ရာ၊ ပေ ၁၅၀ ကျော်အောင် မပစ်နိုင်ဘူးလေ။ ဒါကြောင့် ခဲတွေပစ်ပြီး မတိုင်းတော့ဘူး။ နဘူးကျင်းဆရာတော်ကြီးက ရွာဘက်ကို အတောင်တစ်ရာ၊ ကျောင်းဘက်ကို အတောင်တစ်ရာ ယူခိုင်းတာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ ဝါးအပြန် ၂၂၀ ဖြစ်တာကို နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ ပေအားဖြင့် ၃၃၀၀ ရပြီနော် ဦးဇင်း။ ဒါကြောင့် ကပ္ပိယက တောတိုင်းဖို့ မျှော့စေ့ ၂၂၀ ကို ကြိုတင် စုထားရတယ်ဆိုတာ ရှင်းပြီနော်။ ဒီနေ့ လပြည့်နေ့ ဥပုသ်ပြုရမယ်။ တော်ကြဦးစို့လေ။

## ရှုတင်သူ့ခိုး

MA ဦးဇင်း ။ ။ အိမ်ခြေ ဘယ်လောက်ရှိမှ ရွာလို့ခေါ်ပါသလဲဘုရား။

ဆရာတော် ။ ။ တစ်အိမ်တည်း ရှိချင်ရှိမယ်။ အိမ်အများကြီး ရှိချင်ရှိမယ်။ လူအမြဲနေချင်နေမယ်။ ခေတ္တနေပြီး ပြန်ချင်ပြန်မယ်။ ရွာစည်းရိုး ရှိချင်ရှိမယ်။ စည်းရိုးမရှိရင်လည်း မရှိဘူး။ ဒါကို ဂါမဖြစ်လို့ရွာလို့ပဲ ယူရပါတယ်။ ကာလအပိုင်းအခြားအားဖြင့် လေးလနဲ့ လေးလအလွန် စခန်းချပြီးနေတဲ့ လှေကုန်သည်၊ လှည်းကုန်သည်တွေနေတဲ့ အရပ်ကလည်း ရွာပါပဲ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဒါဆိုရင် ဆင်တွေ၊ ကျားတွေရှိတဲ့ တောကြီးကိုမှ တောရလို့ မခေါ်ဘူးပေါ့ဘုရား။

ဆရာတော် ။ ။ သစ်ပင်တစ်ပင်မှ မရှိဘဲ လွင်တီးခေါင်ဖြစ်နေပေစေဦးတော့ တောရအာရညအင်္ဂါနဲ့ ညီညွတ်ပြည့်စုံရင် တောရမည်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မြစ်ချောင်းခြားထားပြီး တစ်ဖက်ကမ်းက လူတွေလည်း မြင်နေရတယ်။ ကလေးငိုသံလည်း ကြားနေရတယ်ဆိုရင်တော့ တောရအင်္ဂါ မရနိုင်လောက်တော့ဘူး ထင်ပါတယ်။

ဆရာတော် ။ ။ ရွာက အနီးမှာရှိစေကာမူ ကျောင်းနဲ့ ရွာကနီးပြီး ရွာသူရွာသားတို့ရဲ့ အသံကိုကြားချင် ကြားနေပါစေ တောင်ခြားနေတာတို့၊ မြစ်တွေ ချောင်းတွေ ခြားနေပြီး

---

၁။ အဒိန္နာဒါနသိက္ခာပဒ၊ ပါရာဇိကပါဠိ (နှာ-၅၆)

အဖြောင့်သွားလို့ မရဘူး။ လှေတို့၊ ကူးတို့နဲ့ ကူးပြီးသွားနိုင်ပါသော်လည်း ရွာရဲ့သွားရိုးလမ်းနှင့်တိုင်းတာရင် 'ကုလလေးတာ အပြန်ငါးရာ' တစ်နည်း အားဖြင့် ပေ ၃၀၀၀ ရှိရင် တောရအင်္ဂါနဲ့ ညီညွတ်ပါပြီဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် တောလမ်းကို ကွေ့ကောက်ဖောက်ပြီး တာ ၅၀၀ ရရင်လည်း တောရပါသလားဘုရား။ တပည့်တော်လည်း ၅ ဝါပြည့်ရင် တောရဆောက်တည်ပြီး နေပါ့မယ်ဘုရား။

ဆရာတော် ။ ။ တောရဆောက်တည်မဲ့ရဟန်းက ပကတိသွားရိုးလမ်းကိုမယူဘဲ ရွာနဲ့နီးနေတဲ့ လမ်းကို တောရအင်္ဂါ တာငါးရာ ပြည့်စုံစေဖို့အတွက် လမ်းပိတ်ဆို့မယ်။ လမ်းရှည်အောင်လုပ်မယ်ဆိုရင် အဲဒီရဟန်းကို 'ဓုတင်္ဂစောရ ဓုတင်ခိုးတဲ့သူခိုး' လို့ ခေါ်ပါတယ်[၁] ဦးဇင်း။

## သီတင်းသုံးသင့်သည့် တောရကျောင်း

MA ဦးဇင်း ။ ။ ဓုတင်္ဂစောရလို့ခေါ်တဲ့ ဓုတင်သူခိုးကိုလည်း သိရပါပြီဘုရား။ တောရအင်္ဂါများအပြင် တောတိုင်းနည်းကိုလည်း တော်တော်ပြည့်ပြည့်စုံစုံ သိရပါပြီဘုရား၊ အခု တောရဆောက်တည်ပြီး နေသင့်တဲ့နေရာက ဘယ်လိုနေရာမျိုးလဲဆိုတာ သိချင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ နဘူးကျင်းဆရာတော်ကြီးက "ရေနီး၊ ရွာနီး၊ လမ်းကောင်းပြီး၊ တစ်သီးဆိတ်ငြိမ်ကျောင်း" ဆိုတဲ့ အင်္ဂါလေးပါးနဲ့ ညီညွတ်တဲ့နေရာမှာ တောရဆောက်တည်ပြီး သီတင်းသုံးနေထိုင်သင့်တယ်လို့ မိန့်တော်မူဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ "ရေနီး၊ ရွာနီး၊ လမ်းကောင်းပြီး၊ တစ်သီးဆိတ်ငြိမ်ကျောင်း" ရဲ့ အကျယ်ကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ပထမဆုံး "ရေနီး"ဆိုတာက မြစ်၊ ချောင်း၊ အင်း၊ အိုင်ကနေ ၁၂ ရာသီ ရေရနေတဲ့နေရာနဲ့ မလှမ်းမကမ်းမှာ တောရကျောင်းရှိမယ်ဆိုရင် ရေအတွက် မပင်ပန်းရဘူးပေါ့ ဦးဇင်း။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက သီတင်းသုံးခဲ့ဖူးတဲ့ မဟာမြိုင်တောရမှာ မြစ်၊ ချောင်း၊ အင်း၊ အိုင် မနီးဘူး။ သို့သော် အရှေ့တောင်ထောင့်က ချောက်ထဲကနေ နွေ၊ မိုး၊ ဆောင်း စိမ့်ရေထွက်နေလို့ ချမ်းချမ်းသာသာနေခဲ့ရတယ်။

MA ဦးဇင်း ။ ။ ကျောင်းဝင်းထဲက ရေသန့်ထွက်တာပါလားဘုရား။

၁။ (၆၅၃)၊ သာသက်သိက္ခာပဒဝဏ္ဏနာ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၃၀၉)
* (၃၁)၊ အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၉)

ဆရာတော် ॥ ॥ ဟုတ်တယ်။ ကျောင်းဝင်းထဲက ထွက်တဲ့ရေက ကြည်ပြီး၊ အေးပြီး၊ ချိုနေတော့ သောက်ရေ၊ ချိုးရေ ပြည့်ပြည့်စုံစုံ ရတယ်ဦးဇင်း။ ရှေးရှေးတုန်းက $PH_7$ တွေ ဘယ်ရှိမလဲ။ ဘုန်းကြီးငယ်ငယ်က မကြားဖူးဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ မြစ်၊ ချောင်း၊ အင်း၊ အိုင် မနီးရင် ရေတွင်း တူးရမှာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ရေတွင်းတူးရင်လည်း ၁၀ တောင်၊ ၁၅ တောင်လောက်နဲ့ ရေထွက်တယ်ဆိုရင် ရေပြည့်စုံတယ်လို့ ယူနိုင်ပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တပည့်တော် 'ရေနီး'ကို နားလည်ပါပြီဘုရား။ 'ရွာနီး'က ဆွမ်းခံ ရွာထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ဆွမ်းခံရွာကို ဆိုလိုတာပါ။ ရွာနဲ့ ခရီးမိုင်အားဖြင့် တစ်မိုင် လောက်ရှိမယ်။ အသွားအပြန် ဆွမ်းခံချိန်အပါအဝင် တစ်နာရီကျော်လောက် ရှိမယ်ဆိုရင် 'ရွာနီး' ဆိုတဲ့အင်္ဂါ ညီညွတ်ပါပြီ ဦးဇင်း။

MA ဦးဇင်း ॥ ॥ တပည့်တော်တို့ အခုသွားရတဲ့ ဆွမ်းခံရွာက တောင်မြောက်ဆိုတော့ နွေရာသီနေရဲ့အပူရှိန် သက်သာပါတယ်ဘုရား။

ဆရာတော် ॥ ॥ ကျောင်းနဲ့ ဆွမ်းခံရွာက တောင်မြောက်ဆိုတော့ မျက်နှာကို နေမထိုးဘူးပေါ့ ဦးဇင်း။ တောရကျောင်းနဲ့ ဆွမ်းခံရွာရဲ့ ခရီးတာအသွား ၃ နာရီ၊ အပြန် ၃ နာရီဝေးတာ ကြုံဖူးတယ်။

MA ဦးဇင်း ॥ ॥ အရုဏ်တက်ပြီး ဆွမ်းခံထွက်ရင် နေမွန်းတည့်လောက်မှ ပြန်ရောက်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ဆွမ်းသပိတ်နဲ့ ကျောင်းကို အချိန်မီ မရောက်နိုင်တော့လို့ လမ်းဘေးဇရပ်မှာ ဆွမ်းဘုဉ်းကြရတယ်။ ဒါက 'ရွာနီး' ဆိုတဲ့ အင်္ဂါတစ်ချက် ပျက်ယွင်းသွားပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါ၊ နားလည်ပါပြီဘုရား။ 'ရေနီး၊ ရွာနီး' ပြီးတော့ 'လမ်းကောင်းပြီး' ဆိုတာတော့ ဆွမ်းခံလမ်းကို ဆိုလိုတာဖြစ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ချောက်ကမ်းပါးပြတ်ကနေ ဆင်းရတဲ့လမ်းတို့၊ တောင်ကြီး ပေါ်ကို တက်သွားရတဲ့လမ်းမျိုးကို လမ်းကောင်းတယ် ပြောမရဘူးလို့ နဘူးကျောင်းဆရာတော်ကြီးက မိန့်တော်မူဖူးတယ် ဦးဇင်း။ အခုနောက်ဆုံး 'ဆိတ်ငြိမ်' ဆိုတာက အဝေးပြေးကား လမ်းလိုမျိုး အချိန်တိုင်းကားသံ ဆူညံနေတာမျိုး၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်လိုမျိုးကနေ နေ့နေ့ညည လေယာဉ်ဆင်းတက်သံ ဆူညံနေတာမျိုးက 'ဆိတ်ငြိမ်'ဆိုတဲ့ အင်္ဂါနဲ့ မညီ ညွတ်ဘူး ဦးဇင်း။ ပြီးတော့ ကျောင်းဝင်းထဲကနေ ရွာသူရွာသားတွေ ဥဒဟို ဖြတ်သန်းသွားလာနေရင်လည်း ဆိတ်ငြိမ်မှုကို ထိခိုက်ပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ နားလည်ပါပြီဘုရား။ တောကျောင်းကို ရွေးတတ်ပါပြီဘုရား။ ကျေးဇူး တင်ပါတယ်ဘုရား။

# အာရညကင်ဓုတင် ဆောက်တည်ခြင်း

MA ဦးဇင်း ॥ ॥ အာရညကင်ဓုတင် ဆောင်ဖို့ရာမှာ ဆောက်တည်နည်းကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ 'ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂံ သမာဒိယာမိ'လို့ ပါဠိလို ဆောက်တည်လို့ရတယ်။

MA ဦးဇင်း ॥ ॥ မြန်မာစကားနဲ့ ဆောက်တည်လို့လည်း ရပါသလားဘုရား။

ဆရာတော် ॥ ॥ ရတယ်။ ရတယ်။ 'ဥပစာရနဲ့တကွသော ရွာနီးကျောင်းကို ပယ်ပါ၏' လို့ဖြစ်စေ၊ 'ရွာရဲ့ အပြင်ဖြစ်တဲ့ တောမှာ အရုဏ်တက်စေခြင်း ဟူသော အင်္ဂါကို ဆောက်တည်ပါ၏' လို့ မြန်မာလို ဆောက်တည်လို့လည်း ရပါတယ်။

MA ဦးဇင်း ॥ ॥ မနက်အရုဏ်တက်ချိန်ကျမှ ဓုတင်ဆောင်ထားတဲ့ ရဟန်းက တောထဲ ရှိရမှာပါလားဘုရား။

ဆရာတော် ॥ ॥ တစ်နေကုန်၊ တစ်ညလုံးနဲ့ မပိုင်းဖြတ်ဘဲ၊ သာသနာတော်မှာ အရုဏ်တက်ချိန်နဲ့ ဆုံးဖြတ်ရတဲ့ အကြောင်းကိစ္စတွေ တော်တော်များများ ရှိတဲ့အထဲမှာ အခု အာရညကင်ဓုတင်မှာလည်း ဓုတင်ဆောင်ရဟန်းက အရုဏ်တက်ချိန်မှာ ဂါမလို့ခေါ်တဲ့ ရွာရဲ့အပြင် တောရတဲ့ကျောင်းမှာ ရှိရပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ တပည့်တော် နားလည်ပါပြီဘုရား။ တောဆိုလို့ သစ်ပင်ကြီးတွေ၊ တောင်တန်းကြီးတွေနဲ့ ဆင်တွေ၊ ကျားတွေ ရှိမှမဟုတ်ဘဲ ဘုရားဥပဒေတော်အရ တောရတဲ့နေရာဖြစ်ရင် ဓုတင်ဆောင်လို့ ရပြီပေါ့ဘုရား။

ဆရာတော် ॥ ॥ ရပြီ ဦးဇင်း။ ရပြီ။ အရှင်ဘုရားကို တောရအကြောင်း ပြောပြရင်း နဘူးကျင်းဆရာတော်ကြီးကို သတိရလာတယ်။ အသည်းကင်ဆာ ရောဂါဖြစ်ပြီး လွန်တော်မူဖို့ ရက်ပိုင်းလောက်အလိုမှာ ရန်ကုန်ကိုကြွပြီး ဆေးဝါးကုသမှု ခံယူတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ ဆေးကုရင်း ဆေးရုံမှာ သီတင်းသုံးတော်မူတာပါလားဘုရား။

ဆရာတော် ॥ ॥ မဟုတ်ဘူး။ ဗဟန်းမှာရှိတဲ့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ယောဆရာတော်ကြီးကျောင်းမှာ သီတင်းသုံးတော်မူတာပါ။

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီး အာရညကင်ဓုတင် ရာသက်ပန် ဆောင်တော်မူတယ်လို့ ဖတ်ဖူးပါတယ်ဘုရား။ ဒါဆိုရင် ရန်ကုန်မှာ သီတင်းသုံးတော်မူစဉ်ကာလက တောရဓုတင် ပျက်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါကို ပြောပြမလို့ပါဦးဇင်း။ ဆရာတော်ကြီးရဲ့ခန္ဓာကိုယ်က ကင်ဆာရောဂါကြောင့် သက်နှံးရုံတာက အစ၊ ကား အဆင်း အတက်ကို ဘေးက အစစ ကူပေးရတဲ့အခြေအနေ ရောက်နေပါသော်လည်း နေ့စဉ် မနက်အစော အရုဏ် မတက်ခင် သန်လျင်တံတားကြီး အလယ်တည့်တည့်ကို ကြွတော်မူပါတယ်။

---

၁။ (၃၁) အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၉)

MA ဦးဇင်း ॥ ॥ သန်လျင်တံတားပေါ် ကြွပြီး အရှေ့ဘက်ချိန် နေတော်မူတာက အာရညကင်ဓူတင် အတွက်ပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ် ဦးဇင်း။ တပည့်ကြီးများက ကြိုတင် တိုင်းတာထားကြလို့ တံတား ကြီးရဲ့ အလယ်တည့်တည့်က တောရအင်္ဂါနဲ့ ညီညွတ်တယ်။

MA ဦးဇင်း ॥ ॥ သဘောပေါက်ပြီဘုရား။ ဆရာတော်ကြီးက မကျန်းမမာဖြစ်တဲ့ကြားက ရန်ကုန်မြို့လိုနေရာမှာ တောရအင်္ဂါနဲ့ ညီညွတ်ပြည့်စုံတဲ့နေရာကို ရွေးချယ်ပြီး ဓူတင်ကျင့်တော်မူခဲ့တာ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ॥ ॥ နဘူးကျောင်းဆရာတော်ကြီးနဲ့ ပတ်သက်ပြီး ပျဉ်းမနား မဟာမြိုင်ဆရာတော် ဦးဇောတိက မိန့်တော်မူခဲ့ဖူးတာလေး သတိရလို့ ပြောပြဦးမယ်နော်။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ သာသနာတော်မှာ ထင်ရှားပြီး တပည့်တော်တို့ မဖူးမြင်ခဲ့ရတဲ့ ဆရာတော်ကြီးများအကြောင်းကို နာကြားမှတ်သား လိုပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဆရာတော် ဦးဇောတိက မိန့်တော်မူတာက "ဘုန်းကြီးရဲ့ ဆရာတော်တစ်ပါး ရှိတယ်။ အဲဒီဆရာတော်ဆီမှာ ပါဠိလည်း သင်ခဲ့တယ်။ ဝိနည်းလည်း သင်ခဲ့တယ်။ အခုအချိန်ထိ တောထဲမှာပဲ နေတယ်။ သက်တော် ၈၆ နှစ် ရှိသွားပါပြီ။ ကျန်းမာရေး အင်မတန်ကောင်းတယ်။ အခုအချိန်ထိ ဆွမ်းခံပြီး တစ်နေ့ တစ်ထပ်တည်းပဲ ဘုဉ်းပေးတော်မူတယ်။ သင်္ကန်း ၃ ထည်ပဲ ရှိတယ်။ အပိုမရှိဘူး။ သစ်တုံးလေးကို ခေါင်းအုံးလုပ်ပြီး ကျိန်းတယ်။ သစ်တုံးပေါ်မှာ တဘက်ငယ်ငယ်လေးကို ခေါက်ပြီး တင်ထားတယ်။ ခေါင်းကို ကြည့်လို့ရှိရင် နောက်ဘက်မှာ အသားမာတွေတောင် ထနေတယ်။ ဆရာတော်ရဲ့ ဖိနပ် ကလေးက ပါးပါးလေး။ ခရီးသွားမယ်ဆိုရင် အဲဒီဖိနပ်ကလေးကို ပလတ်စတစ် အိတ်ထဲ ထည့်ပြီးတော့ ခါးကြားထဲမှာ ထိုးလိုက်တယ်။ တစ်ခါတလေကြတော့ လည်း သူ့ခါးပန်းကြိုးမှာ ချည်လိုက်တယ်။ ခရီးသွားရင် ဖိနပ်မစီးဘူး။ ကျောင်းကိုရောက်တဲ့အချိန်ကျမှ ခြေထောက်ကို ရေဆေးပြီးတော့ ဖိနပ်စီး တယ်။ အခုလို ဆရာတော်မျိုး ဘုန်းကြီးတို့သာသနာတော်မှာ ရှိတယ်လို့ ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ရတဲ့၊ ဖူးခဲ့ရတဲ့ အခုလို ဆရာတော်အနားမှာ တပည့် အဖြစ်နဲ့ နေခဲ့ရတာကိုက ဘုန်းကြီးတော့ အင်မတန်ကံကောင်းပါတယ်" လို့ ဟောဖူးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ နဘူးကျောင်းဆရာတော်ကြီး ဓူတင်ကျင့်တဲ့အပိုင်းကိုလည်း မဟာမြိုင်ဆရာ တော်က ဟောပါသလားဘုရား။

ဆရာတော် ॥ ॥ ဦးဇင်း ဓူတင်လို့ ပါဠိစကားနဲ့ မပြောပါသော်လည်း နဘူးကျောင်းဆရာတော်ကြီး တောထဲ သီတင်းသုံးတော်မူတယ်ဆိုတာ အာရညကင်ဓူတင်ကို ပြောတာပါ။ ဆွမ်းခံကြွတော်မူတယ်ဆိုတာ ဆွမ်းဓူတင် ဆောင်တော်မူတယ်လို့ ပြောတာပါ။

သက်န်းသုံးထည်ပဲရှိတယ်ဆိုတာ တိစီဝရိတ်ဓူတင် ဆောင်တော်မူတယ်လို့ ပြောတာလေ။ သစ်တုံးလေးကို ခေါင်းအုံးလုပ်ပြီး ကျိန်းတယ်ဆိုတာ အအိပ် အနေနည်းတော်မူတာနဲ့စပ်ပြီး မိန့်တော်မူတာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်လှပါဘုရား။ သဘောပေါက်ပါပြီဘုရား။

ဆရာတော် ॥ ॥ မြန်မာနိုင်ငံသာသနာတော်မှာ အခုလို ဓူတင်ဂုဏ်ရည် ပြောင်မြောက်တော်မူကြတဲ့ ထေရ်ရှင်များစွာ ရှိခဲ့ဖူးပါတယ်။ အခုလည်း ရှိနေပါတယ်။ သာသနာတော် တည်သရွေ့ နောင်လည်း ရှိဦးမှာပါဘုရား။

MA ဦးဇင်း ॥ ॥ သာဓု၊သာဓု၊သာဓုပါဘုရား။

## အရညဝါသီနှင့် ဂါမဝါသီရဟန်း

MA ဦးဇင်း ॥ ॥ တပည့်တော် တစ်ခုမေးလျှောက်ပါရစေဘုရား။ ဘယ်လို အရည်အချင်းရှိတဲ့ ရဟန်းက အရညဝါသီအဖြစ် တောထဲသီတင်းသုံးရမယ်။ ဘယ်လို အရည်အချင်းရှိတဲ့ရဟန်းက ဂါမဝါသီအဖြစ် မြို့ထဲ၊ ရွာထဲ သီတင်းသုံးရမယ်ဆိုတဲ့ သတ်မှတ်ချက်များ သာသနာတော်မှာ ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ ရှိတယ် ဦးဇင်း။ ရှိပါတယ်။ တောရကျောင်းမှာနေပြီး ရဟန်းတရား ပွားများအားထုတ်မှ မင်္ဂဖိုလ်ရမဲ့ရဟန်းကို တောရကျောင်းမှာ အရညဝါသီအဖြစ်နေတာကို မြတ်စွာဘုရားရှင် လိုလားတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ တောကျောင်းက သူ့အဖို့ သင့်တင့်လျောက်ပတ်ပြီး သပ္ပာယမျှတလို့ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဦးဇင်း လျှောက်တာတစ်ချက် မှန်ပါတယ်။ တောက သူ့အတွက် သပ္ပာယမျှတလို့ဆိုတာ ဟုတ်ပါတယ်။ နောက်တစ်ချက် ရှိသေးတယ်။ တောမှာနေတဲ့ အာရညဝါသီရဟန်းရဲ့ တပည့်တွေကလည်း ဆရာကို အတုလိုက်ပြီးတော့ တောကျောင်းမှာ အာရညဝါသီအဖြစ် နေကြလိမ့်မယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘုရားရှင်က နောင်သာသနာတော် နောင်ရေးအတွက် အရညဝါသီ တောနေရဟန်း အဆက်မပြတ် ရှိနေစေချင်တာကို သိရပါပြီဘုရား။ တပည့်တော်လည်း တောရဆောက်တည်တဲ့ အရညဝါသီရဟန်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ဆက်ပြောပြမယ်နော်။ ရဟန်းတစ်ပါးက အာရညဝါသီအဖြစ် တောကျောင်းမှာနေရင်လည်း မင်္ဂဖိုလ်ရမယ်။ ဂါမဝါသီအဖြစ် ရွာကျောင်းမှာနေရင်လည်း မင်္ဂဖိုလ်ရမယ်ဆိုရင် တောရကျောင်းမှာ အရညဝါသီအဖြစ်နေပြီး ကမ္မဋ္ဌာန်းဘာဝနာပွားတာကို မြတ်စွာဘုရားရှင် လိုလားတော်မူပါတယ်။

MA ဦးဇင်း ॥ ॥ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ တောရောမြို့ပါ သူ့အတွက် သပ္ပာယမျှတတယ်။ သို့သော် ဘာ့ကြောင့် တောမှာပဲ အာရညဝါသီအဖြစ်နေတာကို ဘုရားရှင်လိုလားတော်မူတာလဲ ဆိုရင် တောမှာနေတဲ့ အာရညဝါသီရဟန်းရဲ့ တပည့်တွေကလည်း ဆရာကို အတုလိုက်ပြီးတော့ တောကျောင်းမှာ အာရညဝါသီအဖြစ် နေကြလိမ့်မယ် တဲ့ဘုရား။

MA ဦးဇင်း ။ ။ မြတ်စွာဘုရားရှင် ဆန္ဒတော်က တောကို သိပ်ပြီးတော့ ချီးမွမ်းတော်မူတာ သိရပါပြီဘုရား။ ဒါဆိုရင် အာရညမှာနေလည်း ဒီဘဝတရားမရဘူး။ မြို့ရွာ မှာနေရင်လည်း တရားမရနိုင်တဲ့ရဟန်းက ဘယ်မှာ နေရမှာပါလဲဘုရား။

ဆရာတော် ။ ။ ဒီဘဝ ကြိုးစားအားထုတ်ပါသော်လည်း တရားမရနိုင်တဲ့ ပုဂ္ဂိုလ်ကို 'ပဒပရမ' လို့ ခေါ်ပါတယ်။ အခုလို 'ပဒပရမ' ရဟန်းကိုလည်း တောကျောင်းမှာ အာရညဝါသီအဖြစ်နေတာကို မြတ်စွာဘုရားရှင် လိုလားတော်မူပါတယ်။

MA ဦးဇင်း ။ ။ ဘာ့ကြောင့်ပါလဲဘုရား။ ဒါကိုတော့ တပည့်တော် စဉ်းစားလို့မရတော့ပါဘုရား။

ဆရာတော် ။ ။ အခုလို တရားမရနိုင်တဲ့ 'ပဒပရမ' ရဟန်းက အာရညဝါသီအဖြစ် တော ကျောင်းမှာနေပြီး ဓုတင်တွေကိုလည်း ကျင့်မယ်။ ကမ္မဋ္ဌာန်းတရားကိုလည်း အားထုတ်မယ်ဆိုရင် နောက်နောက်ဘဝတွေမှာ မဂ်ဖိုလ်ရဖို့ ဥပနိဿယ အထောက်အပံ့ကောင်းဖြစ်နိုင်တယ်လို့ ဘုရားရှင်မိန့်တော်မူပါတယ်။ ဒါတင် မကသေးဘူး တောမှာနေတဲ့အာရညဝါသီရဟန်းရဲ့ တပည့်တွေကလည်း ဆရာကို အတုလိုက်ပြီးတော့ တောကျောင်းမှာ အာရညဝါသီအဖြစ် နေကြ ပါလိမ့်မယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် စဉ်းစားမိတာတစ်ခု ရှိတယ်ဘုရား။

ဆရာတော် ။ ။ ဘာများစဉ်းစားနေတာလဲ ဦးဇင်း။ လျှောက်ထားပါလေ။

MA ဦးဇင်း ။ ။ ရဟန်းငယ်ဘဝ တောကျောင်းမှာ အာရညဝါသီအဖြစ် နေမယ်ဘုရား။ အသက်အရွယ် အိုမင်းလာလို့ဖြစ်စေ၊ ရောဂါဘယ ဖိစီးလာလို့ဖြစ်စေ တော ကျောင်းမှာ နေရတာသပ္ပာယ မဖြစ်တော့ဘူးဆိုရင် ဘယ်လိုများလုပ်ရပါ သလဲဆိုတာကိုလည်း သိချင်တာပါဘုရား။

ဆရာတော် ။ ။ ဇရာ၊ ဗျာဓိ ဖိစီးလို့ ရွာနီးကျောင်းမှာနေပြီး ရဟန်းတရားအားထုတ်မှ သပ္ပာယမျှတပြီး မဂ်ဖိုလ်ရမည့်ရဟန်းက ဂါမမှာ နေခွင့်ရှိပါတယ်။ သို့သော် သူ့ရဲ့တပည့်များက အာရညဝါသီ ဖြစ်လာမှာမဟုတ်ဘဲ ဂါမဝါသီဖြစ်ဖို့ပဲများ နေပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ မြတ်စွာဘုရားရှင် ဆန္ဒတော်က တပည့်ရဟန်းများကို ဓုတင် ဆောင်ပြီး အာရညဝါသီတောမှီရဟန်း ဖြစ်စေတော်မူလိုတာ နားလည် ပါပြီဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ဒီနေရာမှာ အရှင်မဟာကဿပမထေရ်မြတ်ကြီးက သာရိပုတ္တာမထေရ်မြတ်ကြီးကို မိန့်တော်မူတဲ့စကားကို နားထောင်ကြည့်ပါဦးလေ “ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း အာရညကင်ဓူတင်ဆောင်၍ အာရညကင်ဓူတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း ပိဏ္ဍပါတ်ဓူတင်ဆောင်၍ ပိဏ္ဍပါတ်ဓူတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း ပံသုကူဓူတင်ဆောင်၍ ပံသုကူဓူတင်ဆောင်ခြင်း၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း တိစီဝရိတ်ဓူတင်ဆောင်၍ တိစီဝရိတ်ဓူတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ ငါ့ရှင်သာရိပုတြာ ဤကဲ့သို့သောရဟန်းဖြင့် ဂေါသိင်္ဂမည်သော ဤအင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏”တဲ့ ဦးဇင်း။[1]

MA ဦးဇင်း ॥ ॥ အခုလို နာကြားခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## ဓူတင်ဆောင်ရဟန်းနှင့် ကျန်းမာရေး

MA ဦးဇင်း ॥ ॥ တောရဆောက်တည်ပြီး သီတင်းသုံးတော်မူတဲ့ ရဟန်းတော်များ တောထဲမှာ မကျန်းမမာဖြစ်ရင် အခက်အခဲဖြစ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဖြစ်တာပေါ့ ဦးဇင်း။ အများကြီးဖြစ်တတ်တာပေါ့ဘုရား။

MA ဦးဇင်း ॥ ॥ ဘယ်လိုတွေ ဖြစ်တတ်တာများတာပါလဲဘုရား။

ဆရာတော် ॥ ॥ အိမ်များစွာကနေ ရလာတဲ့ဆွမ်းကို စားရတာဖြစ်တဲ့အတွက် ဝမ်းလျှောတတ်တယ်။ ဒါကြောင့် ဓာတ်ဆား၊ ဝမ်းပိတ်ဆေး အမြဲဆောင်ထားရတယ်။ ပြီးတော့ ဆွမ်းခံသွားရင် မိုးမိပြီး မကြာခဏနှာဆေး၊ ချောင်းဆိုး၊ ခေါင်းကိုက်၊ ဖျားနာတတ်တယ်။ ဒါကြောင့် အကိုက်အခဲပျောက်ဆေး ဆောင်ထားရတယ်ဘုရား။

MA ဦးဇင်း ॥ ॥ တောရဆောက်တည်တဲ့ ရဟန်းမှာ ဖြစ်ခွင့်ရှိတဲ့ရောဂါက ဒီမျှပါပဲလားဘုရား။

ဆရာတော် ॥ ॥ ဘယ်ကမလဲ၊ အစာအိမ်ရောဂါကလည်း ဖြစ်တတ်တယ်။ အစာမကြေ ရင်ပြည့်ရင်ကယ်လည်း ဖြစ်တတ်တယ်။ ဒါကြောင့် လေထိုး၊ လေအောင့်တဲ့အခါ သုံးရမဲ့ဆေးလည်း ရှိဖို့လိုပါတယ်။ အစာကြေလျက်ဆားလောက်ကတော့ ရှိရတာပေါ့ ဦးဇင်း။ မသန့်ရှင်းတဲ့ရေကြောင့် ယားနာ၊ ပွေးနာတွေလည်း ဖြစ်တတ်တာမို့လို့ ဆေးတွေ ဆောင်ထားဖို့ လိုပါသေးတယ် ဦးဇင်း။ ညမှာ ဖယောင်းတိုင်မီးနဲ့ စာကြည့်တာများရင် မျက်စိဒုက္ခပေးတတ်တာမို့လို့ မျက်စဉ်းဆေးလည်း ရှိဖို့လိုပါသေးတယ်။

---

၁။ (၁၁) အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၉)

MA ဦးဇင်း ။ ။ ဒါဆိုရင် ညညစာမကြည့်တာ ကောင်းမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဖြစ်နိုင်ရင် တောထဲ ညအချိန်မှာ စာအုပ်မဖတ်တာ ပိုကောင်းပါတယ်ဘုရား။ တစ်ခုကျန်သေးတယ်။ တောထဲတောင်ထဲနေတဲ့ရဟန်းမှာ ထိခိုက်ဒဏ်ရတာမျိုး၊ ပွန်းတာပဲ့တာမျိုးလည်း မကြာခဏဖြစ်တတ်တယ်။ ဒါကြောင့် အနာကပ်ပလာစတာလောက်တော့ ရှိထားသင့်တယ်။ ပြီးတော့ ခြေဗလာနဲ့ ဆွမ်းခံကြွရတာမို့လို့ ခြေဖဝါးမှာ ဆူးငြောင့်တွေလဲ မကြာခဏ စူးတတ်ပါသေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ အနာသေးသေးကို ဂရုမစိုက်မိဘဲ အနာကြီးကြီးဖြစ်လာရင် ဆေးရုံဆေးခန်း သွားရတာတဲ့အထိ ဖြစ်တတ်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ပြီးတော့ ဝမ်းချုပ်တာမျိုးလည်းဖြစ်တတ်လို့ ဆေးဆောင်ထားသင့်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တောက အစားအစာတွေကြောင့်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ တောရွာကလောင်းတဲ့ထဲမှာ ငရုပ်သီးအစပ်ပါတာများတယ်။ ဝမ်းချုပ်တာကို ဂရုမထားမိရင် ကြာလာတဲ့အခါမှာ လိပ်ခေါင်းထွက်တဲ့အထိလည်းဖြစ်တတ်သလို အတွင်းလိပ်ခေါင်းကနေ သွေးယိုကျတဲ့အထိလည်း ဖြစ်သွားတတ်တယ်။

MA ဦးဇင်း ။ ။ တပည့်တော် တောရဆောက်တည်တဲ့အခါမှာ အထူးဂရုပြုပြီး လိုက်နာကျင့်သုံးပါ့မယ်ဘုရား။

## ဓူတင်ချထားခြင်း

MA ဦးဇင်း ။ ။ ဒါဆိုရင် ဓူတင်ဆောင်ထားတဲ့ရဟန်းက မိမိဆောင်ထားတဲ့ ဓူတင်ကို ချထားခွင့်မရှိတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ရှိပါတယ်။ အာရညကင်ဓူတင် ဆောင်ထားတဲ့ရဟန်းရဲ့ ဥပဇ္ဈာယ်ဆရာတော်က တောမှာနေရတာ သပ္ပာယမမျှဘူး။ ရွာနီးကျောင်းမှာပဲ သပ္ပာယမျှတတယ်ဆိုရင် ရွာနီးကျောင်းမှာ ဆရာကိုပင့်ပြီး ပြုစုရတယ်။[၁]

MA ဦးဇင်း ။ ။ တပည့်ရဟန်းမှာ ဓူတင်ပျက်ပြီနော် အရှင်ဘုရား။

ဆရာတော် ။ ။ မပျက်သေးဘူး။ တပည့်ရဟန်းက ဆရာ့အနားက စောစောထပြီးတော့ တောအင်္ဂါရတဲ့ အာရညကိုကြွပြီး အရုဏ်ခံရတယ်။

MA ဦးဇင်း ။ ။ ဥပဇ္ဈာယ်ဆရာတော် အသည်းအသန်ဖြစ်နေရင်လည်း ထားခဲ့ရတာပါလားဘုရား။

---

* ဒီပါအေးတောရ ဘုန်းကြီးဦးခေမိန္ဒ၏ အာရညဝါသီအာဇာနည်တောရ လက်စွဲကျမ်းကိုမှီငြမ်းသည် (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ)

ဆရာတော် ॥ ॥ ဆရာဥပဇ္ဈာယ်မှာ ရောဂါသည်းထန်နေရင် ဆရာ့ကျန်းမာရေးအတွက်ကိုပဲ ကြောင့်ကြစိုက်ရပါတယ်။

MA ဦးဇင်း ॥ ॥ ဓူတင်ထက် ဆရာကို ဂရုစိုက်ရမယ်လို့ နားလည်ရမှာလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ စာမှာ 'ဓူတင်ကိုသာ သုတ်သင်လေ့ရှိသော ဓုတင်္ဂသုဒ္ဓိက ရဟန်းမျိုး မဖြစ်ရာ။ ဤသည်ကား အာရညကင်ဓူတင်ဆောင်ရဟန်း၏ ကျင့်ပုံ အစီအရင်ပေတည်း'လို့ တိတိကျကျ ပြဆိုထားပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ နောက်ဆုံး မေးလျှောက်ချင်တာက ဓူတင်ကိုချထားခြင်းကြောင့် အပြစ်တစ်စုံ တစ်ရာ ရှိပါသလားဘုရား။

ဆရာတော် ॥ ॥ အပြစ်မရှိပါဘူး ဦးဇင်း။ မိုးအခါ ဝါတွင်းကာလ ဝါဆိုနေတဲ့ရဟန်းတောင်မှ တစ္ဆေ၊ သားရဲ၊ ဘီလူး အပါအဝင် အဆိပ်ရှိတဲ့ သတ္တဝါတွေရဲ့ ဘေးရန် အန္တရာယ် ကြုံလာရင် ဝါဆိုတဲ့ကျောင်းကနေ ထွက်ခွာရမယ်လို့ ဝိနည်း မဟာဝါပါဠိတော်မှာ ပြထားပါတယ်။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါ။ ကျေးဇူးတင်ပါတယ်ဘုရား။

## တောနေရဟန်းများ သားရဲတိရစ္ဆာန်တွေရဲ့ အသားကို မစားသင့်

MA ဦးဇင်း ॥ ॥ လူသူဝေးတဲ့ တောရကျောင်းမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များ သက်သတ်လွတ် ဘုဉ်းပေးရတယ်ဆိုတာ ဟုတ်ပါသလားဘုရား။

ဆရာတော် ॥ ॥ တောထဲ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များက သားရဲတိရစ္ဆာန်တွေရဲ့ အသားကို မစားသင့်ဘူးလို့ ပြဋ္ဌာန်းထားပါသော်လည်း သက်သတ်လွတ် စားရမယ်လို့တော့ မပြဋ္ဌာန်းပါဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ သာဓကတစ်ခုတော့ရှိတယ်။ တစ်ခါတုန်းက တောလိုက်မုဆိုးတွေက ခြင်္သေ့ကို သတ်ပြီးစားကြတယ်။ တောထဲသီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များ ဆွမ်းခံကြွလာတာမြင်တော့ အဲဒီမုဆိုးတွေက သူတို့ချက်ထားတဲ့ ခြင်္သေ့သား ဆွမ်းဟင်းကို လောင်းလှူလိုက်ကြတယ်။

MA ဦးဇင်း ॥ ॥ ခြင်္သေ့သားစားတာ ဝိနည်းအပြစ် မဖြစ်ဘူးလားဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင် ဝိနည်းပညတ်တော်မမူခင် ဖြစ်ခဲ့တာမို့ အပြစ်မရှိပါဘူး။ ခုန ခြင်္သေ့သား ဘုဉ်းပေးထားတဲ့ ရဟန်းတွေကို ခြင်္သေ့တွေက အနံ့ရတဲ့အတွက် လိုက်ပြီး ရန်ပြုတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က ရဟန်းတို့ကို ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသား စတဲ့ တောကောင်ကြီးတွေရဲ့

၁။ (၃၃)၊ သုဒ္ဓိန္တဘာဏဝါရဝဏ္ဏနာ၊ ပဉ္စမပါရာဇိက၊ သာရတ္ထဒီပနီဋီကာ (ဒုတိယတွဲ၊ နှာ-၉)

အသားကို မဘုဉ်းပေးဖို့ ပညတ်တော်မူပါတယ်။ တစ်ဆက်တည်း မင်းအသုံး အဆောင်ရတနာဖြစ်တဲ့ ဆင်သား၊ မြင်းသားကို မဘုဉ်းပေးကြဖို့၊ ရွံရှာဖွယ် ဖြစ်တဲ့ ခွေးသား၊ မြွေသားကို မဘုဉ်းပေးကြဖို့နဲ့ ဇာတ်တူသားဖြစ်တဲ့ လူသား ကိုလည်း မဘုဉ်းပေးကြဖို့ ပညတ်တော်မူပါတယ်။[၁]

MA ဦးဇင်း ။ ။ ဘုရားရှင် ဝိနည်းပညတ်တော်မူတာ ကြည်ညိုစရာ ကောင်းလိုက်တာ။ အခြေ အနေ အချိန်အခါအလိုက် ဖြစ်တဲ့ပြဿနာပေါ်မူတည်ပြီး ပညတ်တော် မူတာသိရလို့ ကြည်ညိုမဆုံးပါဘုရား။ တပည့်တော် မနေ့ကတည်းက စဉ်းစားမိတာလေးတစ်ခု ရှိပါတယ်ဘုရား။ တောရဆောက်တည်ပြီးရင်တော့ သက်သတ်လွတ်ဘုဉ်းပေးတာ ပိုလို့ သင့်မြတ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒါက တော်တော်ခက်တယ် ဦးဇင်း။ သက်သတ်လွတ်ကျင့်မယ်၊ ခြေလေး ချောင်း ရှောင်မယ်။ ကုန်းသတ္တဝါမစားဘူး၊ မီးလွတ်တာကို စားမယ်ဆိုရင် တောထဲမှာ အခက်အခဲကြုံတော့မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အဲဒီအခက်အခဲကို ဘယ်လိုများ ကျော်လွှားရပါမလဲဘုရား။

ဆရာတော် ။ ။ တောရဆောက်တည်မယ်။ ဓုတင်တွေလည်း ကျင့်မယ်ဆိုရင် သပိတ်ထဲ ရတာ ဘုဉ်းပေးတာ အကောင်းဆုံးပါဘုရား။ အစပ်မကြိုက်ဘူး၊ အချဉ် ကြိုက်တယ်၊ အခါးမကြိုက်ဘူး၊ အချိုကြိုက်တယ်၊ ရေသတ္တဝါရှောင်တယ်၊ ကုန်းသတ္တဝါမစားဘူးဆိုရင် အဲဒီပုဂ္ဂိုလ် တောထဲမှာ စိတ်ဆင်းရဲဖို့အကြောင်း ဖန်လာပြီ ဦးဇင်း။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ သူ့ရဲ့ကျင့်စဉ်ကြောင့်ပါပဲ။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ တောရဆောက်တည်တော်မူကြတဲ့ ရဟန်းတော်များက တောပြောင်းပြီး သီတင်းသုံးတော်မူကြတယ်လို့လည်း မကြာခဏ ဖတ်ဖူးတယ်ဘုရား။ ဘာကြောင့်များ တောပြောင်းပြီး သီတင်း သုံးတော်မူရတာလဲဆိုတာကို သိချင်လို့ပါဘုရား။

ဆရာတော် ။ ။ လူသူမနီးတဲ့ တောရဂုံထဲမှာ တောရဆောက်တည်ပြီး သီတင်းသုံးတော်မူကြတဲ့ အရှင်မြတ်တို့က ကမ္မဋ္ဌာန်း တိုးတက်ကြီးပွားဖို့အတွက်ဖြစ်စေ၊ ခန္ဓာကိုယ် ကျန်းမာရေး မျှတဖို့ရာအတွက်ဖြစ်စေ၊ ဝိနည်းသီလကို အကြောင်းပြုလို့ ဖြစ်စေ၊ သပ္ပာယမျှတတဲ့ဥတု၊ သပ္ပာမျှတတဲ့လိုဏ်ဂူ စသည် အကြောင်းတို့ ကြောင့် တောပြောင်းပြီး သီတင်းသုံးတော်မူခြင်း ဖြစ်ပါတယ်။ သို့သော် မထေရ်မြတ်အချို့ကလည်း ရာသက်ပန် တောတစ်ခုတည်းမှာပဲ သီတင်းသုံး တော်မူခဲ့တဲ့ သာဓကများလည်း သာသနာတော်မှာ အများကြီး ရှိပါသေးတယ် ဦးဇင်း။

---

၁။ (၁၆၉) ဟတ္ထိမံသာဒိပဋိက္ခေပကထာ၊ ဝိနယမဟာဝဂ္ဂပါဠိ (နှာ - ၃၁၄)

## ရွာကျောင်းဘုန်းကြီးများနှင့် အဆင်ပြေအောင်နေထိုင်တတ်ရမည်

MA ဦးဇင်း ॥ ॥ တောထဲသီတင်းသုံးပြီး အာရညဓူတင်ဆောင်တဲ့ရဟန်းက သံဃနာယက ဘုန်းကြီးဆီကို သတင်းပို့ဖို့ လိုပါသလားဘုရား။

ဆရာတော် ॥ ॥ ပို့ရမယ်လို့ ဘုရားဥပဒေမရှိပါသော်လည်း သူ့နယ်မြေမှာနေချင်ရင် သွားပြီး ဂရုဂါရဝပြုရပါမယ်။

MA ဦးဇင်း ॥ ॥ ရွာထဲက သံဃနာယဆရာတော်ကြီးကခေါ်ရင် သွားရမှာပါလားဘုရား။

ဆရာတော် ॥ ॥ မိမိကို ဆင့်ခေါ်တဲ့အဆင့်မရောက်ခင် ကြိုတင်သွားကန်တော့ပြီး အကြောင်း အကျိုးလျှောက်ထားတာ ပိုကောင်းတယ်။ သီတင်းသုံးနေထိုင်ခွင့်လည်း တောင်းထားသင့်တယ်။ မနေစေချင်ရင်လည်း ကြိုတင် ပြင်ဆင်နိုင်တာပေါ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ သံဃာများရဲ့ နာယကမထေရ်ကြီးတွေကလည်း တောထဲဓူတင်ဆောင်တာကို မနေစေချင်တာ ရှိတတ်ပါသလားဘုရား။

ဆရာတော် ॥ ॥ ဘယ့်နှယ်ပြောပါလိမ့် ဦးဇင်း။ တောရဆောက်တည်တဲ့ ကိုယ်တော်တွေကို မနေနိုင်အောင်နှိပ်စက်လို့ ပြေးရတာ မနည်းပါဘူးဘုရား။

MA ဦးဇင်း ॥ ॥ ဘာကြောင့်များပါလဲဘုရား။

ဆရာတော် ॥ ॥ အကြောင်းတွေကတော့ အများကြီးရှိနိုင်ပါတယ်။ သို့သော် ကြုံဖူး ဆုံဖူး ကြားဖူး နာဖူးတာတွေထဲက အများစုကတော့ ဣဿာ၊ မစ္ဆရိယကို အကြောင်း ခံတာများပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ သတိပြုပါမယ်ဘုရား။ ခုနက ရွာကျောင်းသံဃနာယက ဆရာတော် ဆီကို ရောက်ရင် ဘာတွေမေးမြန်းတတ်ပါသလဲဘုရား။

ဆရာတော် ॥ ॥ ဝါဘယ်လောက်ရှိပြီလဲ။ ဘယ်ကနေလာတာလဲ။ ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ။ သာသနာမှတ်တမ်းရှိသလားလို့ မေးခံရဖူးပါတယ်။ တစ်ခါတုန်း ကတော့ “ဒီမှာမနေနဲ့ သွား၊ နောက်နောင်လည်း မလာနဲ့”ဆိုပြီး မောင်းချတာကို ကြုံဖူးတယ်လို့ ဝိနယဂရုက တောရဆရာတော်တစ်ပါး လျှောက်ဖူးတယ်။

MA ဦးဇင်း ॥ ॥ ဘာကြောင့်များ ဘုန်းကြီးအချင်းချင်း ဒီလောက်ကြီး ခါးခါးသီးသီး ဖြစ်ရ တာပါလဲဘုရား။

ဆရာတော် ॥ ॥ ဆွမ်းခံရွာက နာယကဆရာတော်ကြီးတွေကို ကြိုတင်ခွင့်မပန်ဘဲ တောထဲ တဲကျောင်းဆောက်ပြီး သီတင်းသုံးမိလို့တဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ နာယကဆရာတော်ဆီကိုရောက်ရင် ဘာတွေ လျှောက်ထား ရမလဲဘုရား။

ဆရာတော် ॥ ॥ သာသနာမှတ်တမ်း အစိမ်းရောင်ကတ်ပြားပြပါဆိုရင် ပြနိုင်ရတယ်။ မနှစ် တုန်းက မိမိဝါဆိုခဲ့တဲ့ကျောင်းက ဆရာတော်ရဲ့ မေတ္တာရပ်ခံစာသဘောမျိုး စာတိုကလေးပါလာရင် ပိုကောင်းတယ်။

MA ဦးဇင်း ။ ။ ဘယ်လိုစာများပါလဲဘုရား။

ဆရာတော် ။ ။ တောထဲကို အခုမှရောက်လာတာမို့လို့ ယုံကြည်မှုရှိအောင်ပါ။ ဝါဆိုခဲ့တဲ့ ကျောင်းက ဆရာတော်က ဒီကျောင်းမှာဝါဆိုခဲ့တာ မှန်ကန်ပါတယ်ဆိုပြီး လက်မှတ်ရေးထိုးထားတဲ့စာပါရင် ပိုကောင်းတာပေါ့ဘုရား။ ဘာကြောင့်လဲ ဆိုရင် မိမိဘယ်သူဘယ်ဝါဖြစ်ကြောင်း ကျေးရွာသံဃနာယက ဆရာတော် များက သိထားရင် သံသယကင်းတာပေါ့ဘုရား။

MA ဦးဇင်း ။ ။ သံဃနာယကဆရာတော်များက တောရဆောက်တည်မဲ့ ရဟန်းအပေါ် သံသယဖြစ်ရင် ဘယ်လိုဆိုးကျိုးများ ကြုံတတ်လို့ပါလဲဘုရား။

ဆရာတော် ။ ။ ဦးဇင်း သံဃနာယကဆရာတော်မပြောနဲ့ ရွာကျောင်းဆရာတော်တစ်ပါးက မိမိအပေါ် မကြည်ဖြူရင်ကို မိုးမီးလောင်တတ်တယ်။ မပြီးဆုံးနိုင်တဲ့ ပြဿနာ တွေ တောက်လျှောက်ကြုံရတော့မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တကယ်ကို မနေနိုင်အောင် မောင်းထုတ်တဲ့အထိ လုပ်တတ်သလားဘုရား။

ဆရာတော် ။ ။ ဘယ်ကလိမ့်မလဲ။ တောထဲက လေးပင်တိုင်ကျောင်း မီးရှို့ပစ်တဲ့အထိ လုပ်ခဲ့တဲ့ သာဓကရှိဖူးတယ်။

MA ဦးဇင်း ။ ။ နေရာတိုင်းမှာ ကြုံရတတ်တာပါလားဘုရား။

ဆရာတော် ။ ။ နေရာတိုင်း မဟုတ်ပါဘူး။ တချို့ရွာခံဆရာတော်တွေက ဆွေမျိုးမေ့လောက် အောင် ကောင်းခဲ့တဲ့သာဓကလည်း ရှိဖူးတယ်။ တစ်ချို့နေရာမှာကျတော့ တစ်သက် မမေ့နိုင်လောက်အောင်အထိ ဒုက္ခပေးတာလည်း ကြုံတတ်တယ်။ ဒါကြောင့် အကဲခတ်ပြီး အစမ်းနေကြည့်ရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် အခုလို ရွာဆရာတော်များက မိမိကို လိုလိုလားလား ရှိ မရှိ ကြိုတင် အကဲခတ်တဲ့အခါ ရဟန်းသီလပြည့်စုံတာကို ကြည့်ရတာ လား၊ ပရိယတ္တိပညာအရည်အချင်းကို ကြည့်ရတာပါလားဘုရား။

ဆရာတော် ။ ။ အဲဒါတွေမကြည့်နဲ့ ဦးဇင်း။ ဒါကို ဘယ်တော့မှ မကြည့်နဲ့။ သူတို့ရဲ့ သီလ၊ သမာဓိ၊ ပညာတွေကို တိုင်းတာဖို့ ဝေဖန်ဆန်းစစ်ဖို့ မိမိအလုပ်မဟုတ်ဘူး။

MA ဦးဇင်း ။ ။ ဒါဆိုရင် တပည့်တော်ရဲ့အလုပ်က ဘာပါလဲဘုရား။

ဆရာတော် ။ ။ ရွာထဲဆွမ်းခံပြီး တောထဲမှာ သီတင်းသုံးခွင့်ကို ကြည်ကြည်ဖြူဖြူ လိုလို လားလားရှိရင်ကို အထပ်ထပ် ကျေးဇူးတင်ပေတော့ဘုရား။

MA ဦးဇင်း ။ ။ အခုလိုကြည်ဖြူရာကနေ မကြည်မဖြူတော့တာလည်း ကြုံတတ်ပါသလား ဘုရား။

ဆရာတော် ။ ။ ကြုံတတ်တယ်။ ကြုံဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဘာလုပ်မိလို့ပါလဲဘုရား။

ဆရာတော် ။ ။ လိုရင်းပြောရရင်တော့၊ တရားမဟောနဲ့၊ တရားလည်းမပြနဲ့၊ ပရိသတ်မစုနဲ့၊ သာရေးနာရေး ပဋ္ဌာန်းပွဲတွေကို ကိုယ်လည်းမလုပ်နဲ့၊ သူများပင့်ရင်လည်း မလိုက်နဲ့၊ ဒကာ ဒကာမတွေကို "ငါတို့မှ ဘုရားစကားနားထောင်ပြီး

ဓုတင်ဆောင်တဲ့ ဝိနည်းဆောင်ရဟန်းကောင်းဖြစ်တယ်။ ရဟန်းက ငွေကိုင်ရင် အပြစ်ရှိတယ်”လို့ ဘယ်တော့မှ နှုတ်ကမထွက်မိစေနဲ့နော်။

MA ဦးဇင်း ။ ။ ဝိနည်းဆောင်ပြီး ဓုတင်ကိုလည်း အမှန်တကယ်ကျင့်နေတာကို ပြောမိရင် အန္တရာယ်ဖြစ်တော့တာပါလားဘုရား။

ဆရာတော် ။ ။ ဖြစ်ပြီပေါ့ ဦးဇင်း။ သာဓကတွေပြောရင် အများကြီးရှိတယ်။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ ကောင်းတာကျင့်တာကိုတောင် ပြောခွင့်မရှိတာကို မှတ်သား ထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ရွာက ဆရာတော်တွေ မကြည်ဖြူတာကို ရိုးတိုးရိပ်တိပ်ပြရုံမကတော့ဘဲ ထင်သာမြင်သာအောင် ပြလာပြီ၊ ပြောလာပြီဆိုရင် အချိန်မဆိုင်းဘဲ ဒီနေရာ ကနေ တခြားကြွဖို့ ဆုံးဖြတ်တာ အကောင်းဆုံးဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တခြားမကြွဘဲ ပေကပ်နေရင် ဘာလုပ်တတ်သလဲဘုရား။

ဆရာတော် ။ ။ ဆရာတော်တစ်ပါးကြုံဖူးတာတော့ မြို့နယ်ကောင်စီအုပ်ချုပ်ရေးရုံးက စာနဲ့ ဆင့်ခေါ်ပြီး ရဲဌာနက ရဲအရာရှိတွေ၊ သာသနာရေးဌာနက အရာရှိတွေနဲ့ မြို့နယ် သံဃနာယက ဆရာတော်ကြီးတွေရှေ့မှာ “ကိုယ်တော်သက်န်းချွတ်ပြီး တရားစွဲခံမလား၊ ဒီနေရာကနေ ထွက်မလား”မေးပြီး လက်မှတ်ထိုးခိုင်းတယ်။ ဒါနဲ့ အဲဒီဆရာတော်ကြီး လူကြီးစုံရာရှေ့ လက်မှတ်ထိုးပြီး ထွက်ခဲ့ရတယ်ဘုရား။

MA ဦးဇင်း ။ ။ ကျောင်းကိုထားခဲ့ရမလားဘုရား။

ဆရာတော် ။ ။ တောထဲဝင်ခါစမှာ ကျောင်းကောင်းကောင်း ဘယ်တော့မှ မဆောက်သင့်ဘူး။ ကနဦးမှာ လေးပင်တိုင်သက်ငယ်တဲ၊ ဝါးကြမ်းခင်းနဲ့ပဲ နေသင့်တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ တစ်ဝါလောက် နေကြည့်သင့်တယ်။ ဒါမှ မိမိအတွက် ဆွမ်းစသည် သပ္ပာယ မျှတရဲ့လား၊ ဆွမ်းခံရွာက ဆရာတော်များက ကြည်ဖြူနိုင်ကြရဲ့လား၊ ဒကာ ဒကာမများကရော ဝိနည်းလေးစားတဲ့ ရဟန်းသီတင်းသုံးနေတဲ့ တောရကို စောင့်ရှောက်ပေးလိုတဲ့ အာသီသဆန္ဒရှိကြရဲ့လားဆိုတာကို လေ့လာရ သေးတယ် ဦးဇင်း။

## တောနေရဟန်းတို့၏ တောလမ်းခရီး

MA ဦးဇင်း ။ ။ တောတောင်လျှိုမြောင်တွေကြား ခရီးသွားရတာ အန္တရာယ် တော်တော်များ မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ များတယ် ဦးဇင်း။ များတယ်။ ဒါကြောင့် တောရဆောက်တည်ပြီး သီတင်း သုံးတော်မူကြတဲ့ အရှင်မြတ်တို့က မစားသင့်တဲ့အသားကို မစားရဘူး။ တောရိုင်း တိရစ္ဆာန်တွေနဲ့ ညအခါ ပက်ပင်းတိုးတတ်လို့ အစစအရာရာ ဂရုပြုပြီး သွားလာရတယ်။ တောလမ်းခရီးအကွာကို မှန်းဆပြီး ဆွမ်းခံရွာကို မနက် ဆွမ်းခံချိန်ရောက်အောင်လည်း သွားတတ်ရတယ်။

MA ဦးဇင်း ။ ။ ဘာကြောင့် တောရဆောက်တည်တော်မူကြတဲ့ မထေရ်မြတ်များက နေ့မှာ တောလမ်းခရီးမကြွဘဲ ညမှ ခရီးကြွရတာပါလဲဘုရား။

ဆရာတော် ။ ။ ညခရီးသွားရတဲ့အကြောင်းရင်းက တခြားမဟုတ်ပါဘူး နေပူလို့ပါ ဦးဇင်း။ ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ကြီးက တောရဆောက်တည်ဖို့ ပါရမီပါတဲ့ တပည့်ရဟန်းတွေကို သွန်သင်ဆုံးမပေးတော်မူတာလေးတွေကို ပြောပြမယ် လေနော်။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက 'ညခရီးကြွရင် ကြယ်ကို ကြည့်တတ်ရတယ်၊ တောင် မြောက် ခွဲတတ်ဖို့ ခူဝံကြယ်ကို သိဖို့လိုတယ်၊ ခုနှစ်စဉ်ကြယ်နဲ့ ဗျိုင်းကိုလည်း သိထား ရမယ်။ တောင်ဘက်ကောင်းကင်က တံငါကွန်ကိုလည်း သိထားရင် တောင် မြောက် မလွဲတော့ဘူးပေါ့ဘုရား။ ခူဝံကို မျက်နှာမူပြီး ရပ်လိုက်ရင် ညာဘက်က အရှေ့အရပ်ပါဘုရား။ ဘယ်ဘက်က အနောက်အရပ်ပါဘုရား။ ဘာကြောင့်လဲ ဆိုရင် တောလမ်းခရီးဆိုတာ မြွေလိမ်မြွေကောက်သွားရတဲ့ ခြေသွားလမ်း ဖြစ်နေတာမို့ မိုးကောင်းကင်ပေါ်က ကြယ်တွေကို ကြည့်ပြီးမှပဲ ရှေ့နောက် တောင်မြောက် ခွဲခြားရသလို ကိုယ်သွားနေတဲ့ခရီး ရှေ့ရောက်တယ်၊ မရောက် ဘူးဆိုတာကိုလည်း ကြယ်တွေကြည့်ပြီး မှန်းဆတတ်ဖို့ လိုသေးတယ်ဘုရား' လို့ မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် အာရညကင်တောရဓူတင်နဲ့ ကောင်းကင်ကြယ်ကြည့်နည်းပညာက အများကြီး အရေးပါနေတာကို ဘုရားတပည့်တော် နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ တောနေရဟန်းတွေ ကောင်းကင်ကြယ်ကြည့်တတ်ဖို့ သိပ်အရေးကြီးတယ်။ ဒါကြောင့် 'လူပြိန်း နားလည်နိုင်လောက်တဲ့ ကောင်းကင် ကြယ် ကြည့်နည်းစာအုပ် ဦးခေမာ ရေးနိုင်မယ်ထင်ပါတယ်' လို့ နဘူးကျောင်း ဆရာတော်ကြီး တာဝန်ပေးတော်မူလို့ စာအုပ်တစ်အုပ်ပြုစုတာ ခက်ခဲနက်နဲတာ ကြောင့် ဆယ်စုနှစ် နှစ်စုလောက် ကြာသွားခဲ့ဖူးတယ်။ နောက်ဆုံးတာဝန် ပေးတော်မူခဲ့တဲ့ ဆရာတော်ကြီး လွန်တော်မူသွားတဲ့နောက်တော့ စိတ်တိုင်း မကျ၊ တကျနဲ့ပဲ စာအုပ်ကို လက်စသတ်လိုက်ရပါတော့တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ 'တောရဂုံမြိုင်တွင်းမှာ မွေ့လျော်တော်မူကြသည့် ထေရ်ဘုန်းမော်တို့ အတွက် ကောင်းကင်ကြယ် ကြည့်နည်းပညာ' စာအုပ်ကို ဖတ်ဖူးပါတယ် ဘုရား။ လူပြိန်း နားလည်လောက်အောင်တော့ မလွယ်ကူပါဘုရား။

ဆရာတော် ။ ။ ဘာကြောင့်လဲ ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် နားမလည်လို့ပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ အခုထက် နားလည်လွယ်တဲ့စာအုပ် ရေးရရင် ကောင်းမှာပဲ လို့တော့ တလောက တွေးနေမိသေးတယ်ဘုရား။ အကြောင်းညီညွတ် ရင်တော့ ရေးဖြစ်မယ် ထင်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ အာရညကင်ဓူတင်ဆောင်တောနေရဟန်းက ကောင်းကင်ကြယ် ကြည့်တတ်ရမယ်ဆိုတဲ့ ဝိနည်းပညတ်ချက်ကိုလည်း တပည့်တော် ဖတ်ဖူးတယ်ဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင်က တောနေရဟန်းတို့ ကျင့်ရန် ကျင့်ဝတ်တွေကို အသေးစိတ်သတ်မှတ် ပေးတော်မူထားပါတယ်။ ကောင်းကင်ကြယ် ကြည့်တတ်ရမယ်ဆိုတာမှာ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတာက 'အများကြီးမတတ်ရင်တောင် ဓူဝံကြယ်တစ်လုံးနဲ့ ခုနှစ်စဉ်ကြယ်တို့ကို ပိုင်ပိုင်သိထားရင် တောထဲ အရပ်မျက်နှာ မပျောက်တော့ဘူးပေ့ါဘုရား" တဲ့။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် တစ်နေ့နေ့ တောထဲနေမှာပါဘုရား။ ကျင့်ဝတ်တွေကိုလည်း ပြည့်ပြည့်စုံစုံ သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ 'ရဟန်းတို့ တောနေရဟန်းသည် သောက်ရေကို တည်ထားရမည်။ သုံးရေကို တည်ထားရမည်။ မီးကို တည်ထားရမည်။ မီးပွတ်ခုံ ပွတ်ကျည်ကို တည်ထားရမည်။ တောင်ဝှေးကို အနီး၌ ထားရမည်။ နက္ခတ်အကြောင်းအားလုံးတို့ကိုသော်လည်းကောင်း၊ နက္ခတ်အကြောင်းအရာ အချို့တို့ကို သော်လည်းကောင်း သင်ယူရမည်။ အရပ်မျက်နှာ၌ လိမ္မာရမည်။ ရဟန်းတို့ ဤကားတောနေရဟန်းတို့၏ ကျင့်ဝတ်တည်း'တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ ညအချိန် တောလမ်းခရီးကို ကြွရတဲ့အခါ တောကောင်တွေရဲ့ အန္တရာယ်ကြုံလာရင် ဘယ်လိုများ ရင်ဆိုင်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ တောရဆောက်တည်မယ့် ရဟန်းတစ်ပါးအနေနဲ့ ဒါကိုကြိုတင်ပြီး သိထားသင့်တယ်။ ဘုန်းကြီးလည်း သိချင်လို့ လဲဘူးဆရာတော်ကြီးထံပါး မေးလျှောက်ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ပြည့်ပြည့်စုံစုံလေး သိပါရစေဘုရား။

ဆရာတော် ။ ။ လဲဘူးဆရာတော်ငယ်စဉ်က နဘူးကျောင်းဆရာတော်ထံပါးကို ချဉ်းကပ်ပြီး တောရဆောက်တည်ပြီး ဆရာတော့်ထံပါးမှာ နေလိုပါကြောင်း လျှောက်ထားဖူးတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး ဘယ်လိုများ မိန့်တော်မူခဲ့ပါသလဲဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက 'ကိုယ်တော် တောထွက်လို့ရှိရင် စာကျက်ရမယ်'လို့ မိန့်တော်မူပါတယ်။ ဒါနဲ့ လဲဘူးဆရာတော်ကလည်း 'ရန်ကုန်ဘုရားဖြူတိုက်မှာ စာလိုက်တုန်းကလည်း ဆရာတော်ဆီမှာ စာဝါတက်ခဲ့ဖူးပြီးပြီဘုရား။ အခု တပည့်တော် အသက်လည်းရလာပြီ တောထွက်ချင်တာပါဘုရား။ စာလိုက်ချင်နေတာ မဟုတ်ပါဘုရား'လို့ ပြည့်ပြည့်စုံစုံ လျှောက်တော်မူသတဲ့ ဦးဇင်း။

၁။ (၇) အာရညိကဝတ္တကထာ၊ ဝတ္တက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ (နှာ-၃၈၆)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ တောထွက်မှာမို့လို့ကို စာကျက်ရမယ်ပြောတာ။ တောထဲတစ်ပါးတည်း သွားလာတဲ့အခါမှာ အလွတ်အာဂုံရထားတဲ့ စာတွေကို အော်ဆိုပြီးသွား ရတယ်။ ဒါမှ သားရဲ တောရိုင်း အကောင်တွေက လူတွေအများကြီး လာပြီလို့ ထင်ပြီး ရှောင်ရှား သွားကြလိမ့်မယ်တဲ့။ တိုးတိုးတိတ်တိတ်ကလေး သွားပြီး သူတို့နဲ့ ရုတ်တရက် ရင်ဆိုင်တိုးမိရင် ရန်မူပြီး ကုတ်ဖဲ့ ခံရတတ်တယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါ။ တောထဲသီတင်းသုံးမဲ့အရှင်မြတ်များအတွက် အလွန်မှတ်သား စရာ ကောင်းပါတယ်ဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက တောတောင်လျှိုမြောင်တွေအပါအဝင် သုသာန် တွေမှာ နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့ပါတယ် ဦးဇင်း။ ဒါကြောင့် နည်းခံယူလိုတဲ့ တပည့် ရဟန်းတွေကို တောမှာတွေ့ကြုံရတတ်တဲ့ အခက်အခဲ တွေကို ရင်ဆိုင်တတ်ဖို့ အခါအားလျော်စွာ သင်ကြားပြသ ဆိုဆုံးမ ပေးတော် မူလေ့ ရှိတတ်တယ်။ အခု သတိရတာလေးတစ်ခု ပြောပြဦးမယ်နော်။ ‘တော လမ်းခရီး သွားတယ်ဆိုတာ ညပိုင်း ကြယ်ရောင် လရောင်တွေနဲ့ သွားရတာပဲ များပါတယ်။ ရုံဖန်ရုံခါ မထင်မှတ်ဘဲ တောရိုင်းသတ္တဝါတွေနဲ့ ပက်ပင်း ကြုံရတတ်တယ်။ အဲသည်အချိန်မှာ သူကလည်း ကြောက်လန့်ပြီး ရန်မူ တတ်တယ်။ ကလေးငယ်တွေပါတဲ့ သားသည်အမေဆိုရင် သူ့ကလေးဇောနဲ့ ပိုပြီး ရန်မူတတ်သေးတယ်။ ဒါကြောင့် ညမှာ တောလမ်းခရီးကြွရင် စာတွေ အသံထွက်အော်ဆိုပြီး သွားရတယ်ဘုရား။ စာဆိုတဲ့အသံကို ကြားတဲ့အခါ တောကောင်တွေက လူတွေ အများကြီးလာတယ်ထင်ပြီး ကိုယ်သွားနေတဲ့ လမ်းကနေ ကြိုတင် ဖယ်ခွာသွားကြတယ်။ တောလမ်း ခရီးသွားရင် တောင်ဝှေးတစ်ချောင်း၊ သားရေနယ်နဲ့ ဓာတ်မီးတော့ ပါရမယ်ဘုရား’လို့ မိန့်ကြားတော်မူဖူးသေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ မိုးလင်းရင် ဆွမ်းခံရွာကို ရောက်တာပါလား ဘုရား။

ဆရာတော် ။ ။ ဒီရွာကနေထွက် ဟိုတောကိုရောက်ပြီး ဘယ်လောက်ကြာကြာလျှောက်ရင် ဘယ်ရွာကို ရောက်မယ်ဆိုတာကိုတော့ ကြိုတင် သိထားရမယ် ဦးဇင်း။ ဒါမှ အရုဏ်တက်ချိန်မှာ ဆွမ်းခံရွာကို ဝင်နိုင်ဖို့ မှန်းပြီး လျှောက်နိုင်မှာပါ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ မိုးလည်းအလင်း၊ ဆွမ်းခံချိန်လည်းရောက်၊ ဆွမ်းခံရွာလည်း အဝင်ဖြစ်ဖို့ အချိန်ကိုက် သွားတတ်ရမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ ဟုတ်တယ်။ ရွာထဲကိုဝင် ဆွမ်းခံပြီးရင် ချောင်း၊ မြောင်း၊ ရေတွင်းတွေမှာ ခြေလက်ဆေးပြီး မနီးမဝေးမှာ ဆွမ်းဘုဉ်းရတယ်။ ပြီးရင် ချောက်ကောင်းကောင်းရှာပြီး အဲဒီထဲ ဝင်နားရတယ်ဘုရား။

MA ဦးဇင်း ။ ။ ဘယ့်နှယ် ချောက်ထဲ နားရတာပါလဲဘုရား။

ဆရာတော် ။ ။ သစ်ပင်အောက်တို့ ဇရပ်တို့မှာနားရင် ရွာသားတွေလာမယ်။ န္တားကျောင်းသားတွေ လာမယ်။ ဒါဆိုရင် အနှောင့်အယှက် ဖြစ်တတ်တယ်။ လွတ်လွတ်လပ်လပ် မနေရတော့ဘူး။ ဒါကြောင့် သူတို့မမြင်ကွယ်ရာကို ရှာပြီး နေ့ပိုင်းနားမယ်။ ပြီးတော့ ညဦးပိုင်း ခရီးဆက်ရတာတဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလို ပရိသတ်ကင်းကင်းရှင်းရှင်းနဲ့ လွတ်လပ်ပေါ့ပါးတဲ့ တောရသံဃာတော်များရဲ့ဘဝကို ဘုရားတပည့်တော် ကြည်ညိုပါတယ်ဘုရား။ အားကျပါတယ်ဘုရား။

## ရဂုံမြင်သည် အာရညဝါသီတို့၏ဌာန

MA ဦးဇင်း ။ ။ မြတ်စွာဘုရားရှင်လည်း တောထဲမှာ သီတင်းသုံးတော်မူခဲ့ပါသလားဘုရား။

ဆရာတော် ။ ။ လုမ္ဗိနီအင်ကြင်းတောရဲ့ အလယ်မှာ ဗုဒ္ဓအလောင်းအလျာ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပါတယ်။ ထီးနန်းစည်းစိမ်ကိုစွန့်ပြီး ခြောက်နှစ်တာ ကာလပတ်လုံး ဥရုဝေလတောကိုမှီကာ တရားရှာမှီးတော်မူခဲ့ပါတယ်။ ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားဦးကို မိဂဒါဝုန်တောမှာ ဟောကြားတော်မူတယ် နော်။ ပြီးတော့ ခန္ဓာဇာတ်သိမ်း အနုပါဒိသေသနိဗ္ဗာန် စံဝင်တော်မူဖို့ နောက်ဆုံး ဦးခေါင်းချတော်မူရာ အရပ်ကလည်း ကုသိနာရုံ အင်ကြင်းတောမှာပါဘုရား။[၁]

MA ဦးဇင်း ။ ။ ဘုရားရှင်က တပည့်ရဟန်းတို့ကိုလည်း တောထဲသီတင်းသုံးတာကို လိုလားတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ အလွန်ပင် လိုလားတော်မူပါတယ် ဦးဇင်း။ တပည့်ရဟန်းတို့ကို ကိစ္စဝိစ္စနည်းပါးတာ လိုလားတော်မူတယ်။ အအိပ်၊ အစား နည်းပါးတာကို လိုလားတော်မူတယ်။ အစွန်အဖျားကျတဲ့ တောရကျောင်းမှာ သီတင်းသုံးနေထိုင်တာကို အထူးပင် လိုလားတော်မူပါတယ် ဦးဇင်း။[၂]

MA ဦးဇင်း ။ ။ မှန်ပါ။ ဘုရားရှင်အလိုတော်ကျ နေနိုင်အောင် ကြိုးစားပါ့မယ်ဘုရား။ ဓူတင်နဲ့စပ်လျဉ်းပြီး ဧတဒဂ်ဘွဲ့ကို အရှင်မဟာကဿပမထေရ်မြတ်အား ပေးအပ်တော်မူတယ်လို့ ဖတ်ဖူးတာ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ သို့သော် မြတ်စွာဘုရားရှင်က အာရညကင်ဓူတင်ဆောင်တဲ့နေရာမှာ ဧတဒဂ်အရာထားတော်မူတဲ့ ထေရ်ရှင်တစ်ပါး ရှိသေးတယ် ဦးဇင်း။

---

၁။ (၃) မဟာပရိနိဗ္ဗာနသုတ္တံ၊ သုတ္တန္တမဟာဝဂ္ဂပါဠိ (နှာ-၁၂၈)

၂။ အာရညကသုတ္တ၊ ကကုဓဝဂ်၊ ပဥ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော် (နှာ-၉၆)

MA ဦးဇင်း ॥ ॥ အာရညကင်ခုတင် ဧတဒဂ်မထေရ်အကြောင်း တပည့်တော် မကြားဘူးပါဘုရား။

ဆရာတော် ॥ ॥ အာရညကင်ခုတင်ဆောင်တဲ့နေရာမှာ ဧတဒဂ်အရာ အရှင်ခဒိရဝနိယရေဝတမထေရ်မြတ်ကို ထားတော်မူပါတယ်။ ပြီးတော့ "လူခစီဝရ" လို့ ခေါ်တဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့သင်္ကန်းအရာမှာ ခေါင်းခေါင်းပါးပါးကျင့်တဲ့ နေရာမှာ ဧတဒဂ်အရာ ထားတော်မူတာက အရှင်မောဃရာဇမထေရ်မြတ် ဖြစ်ပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါ။ ကျေးဇူးတင်ပါတယ်ဘုရား။ အခုလို အာရညဝါသီအဖြစ် ရာသက်ပန်တောထဲနေပြီး နွေ၊ မိုး၊ ဆောင်း ခုတင်ကျင့်ရတာ ခက်ခဲ ပင်ပန်းမယ်လို့ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မည်မျှပင် ခက်ခဲပင်ပန်းစေကာမူ အဖဘုရားရှင် အလိုတော်က တပည့်ရဟန်းများကို အရညဝါသီရဟန်း၊ ပိဏ္ဍပါတိက ရဟန်းအဖြစ်ကို အလွန်ပင်လိုလားတော်မူပါတယ် ဦးဇင်း။ ဒါကြောင့် တစ်ဝမ်းကွဲညီတော် အရှင်နန္ဒကိုကြည့်ပြီး "အာရညကင်ခုတင်၊ ပံသုကူခုတင် ဆောက်တည်ပြီး မထင်မရှားဆွမ်းခံ၍ရသော ဆွမ်းဖြင့် မျှတရောင့်ရဲသော၊ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းမရှိသောနန္ဒကို အဘယ်အခါ၌ ငါဘုရား မြင်ရပါအံ့နည်း"လို့ မိန့်တော်မူဖူးတယ် ဦးဇင်း။[၂]

MA ဦးဇင်း ॥ ॥ သာဓုပါဘုရား။ ကြိုးစားပါ့မယ်ဘုရား။ သဒ္ဓါတရားတိုးစရာ အကြောင်းများရှိသေးရင်လည်း တပည့်တော် နာကြားချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါဆိုရင် တောအကြောင်း တောင်အကြောင်းဆိုင်ရာ သတိရတာလေးဆက်ပြောပြဦးမယ်နော်။ ဝင်းရော်ဆိပ်ကြီးတောရ ဆရာတော်ကြီးအား မြို့က ဒကာဒကာမတွေက မြို့မှာကျောင်းကြီး တည်ထားပြီးဖြစ်လို့ ကြွရောက်သီတင်းသုံးတော်မူဖို့ လျှောက်ထား တောင်းပန်ကြပါတယ်။

MA ဦးဇင်း ॥ ॥ ဆရာတော်ကြီး တောကိုစွန့်ပြီး မြို့ကျောင်း ကြွတော်မူပါသလားဘုရား။

ဆရာတော် ॥ ॥ ဆရာတော်ကြီး မိန့်တော်မူတာ သိပ်ကြည်ညိုစရာကောင်းတယ် ဦးဇင်း။ 'အေး ဒကာတို့ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ်၊ ကြောင်၊ ယုန်ကောင် စတဲ့ တောကောင် သတ္တဝါတို့ဟာ သူတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ တောတောင်မှာသာလျှင် အစဉ်ပျော်မွေ့လေ့ ရှိကြပါတယ်။ တောမှာမွေးပြီး တောမှာနေကာ တောဝလေ့ ပျော်မွေ့တဲ့ သဘာဝသတ္တဝါ ဖြစ်တဲ့အလျောက် သူတို့ရဲ့ မွေးရပ်ဌာနီ ကျက်စားရာခရီးမဟုတ်တဲ့ လူတို့ရဲ့နေရာမြို့ရွာများမှာ ဘယ်လောက်ပင် အဆောက်အအုံ အစားအစာတွေ ပေါများ

---

၁။ ဧတဒဂ္ဂဝဂ်၊ ဧကကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော် (နှာ-၂၃)

၂။ (၂၄၂) နန္ဒသုတ်၊ သံယုတ္တနိကာယ် (နှာ-၂၁)

ပြည့်စုံ ကောင်းမွန်စေကာမူ ပျော်မွေ့ခြင်း မရှိကြဘူး။ တောတောင်ကိုသာ အမြဲထာဝရ အောက်မေ့တသကြသလို တို့လည်း ထို့အတူပါပဲ’ ဟု မိန့်တော်မူပြီး ဒကာ၊ ဒကာမတို့ ပင့်ဖိတ် လျှောက်ထားတဲ့ကျောင်းကို လက်မခံဘဲ တောရကျောင်းကို ပြန်ကြွသွားတော်မူပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တောရဆရာတော်ကြီး ခြေတော်ကို ရည်မှန်းပြီး လက်အုပ်ချီမိုး ကန်တော့ပါတယ်ဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးရဲ့ တပည့်များစွာထဲမှာ ဆရာတော်ကြီးထက် သက်တော် ဝါတော်ကြီးတဲ့ ဆရာတော် တစ်ပါးလည်း ပါဖူးတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ နဘူးကျောင်းဆရာတော်ထက် သက်တော် ဝါတော်ကြီးပြီး တပည့်ဖြစ်တဲ့ ဆရာတော်အကြောင်းကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ရွှေဒါးဆရာတော်ကြီးက ရွာကျောင်းကို စွန့်လွှတ်ဖို့ ဆုံးဖြတ်တော်မူတဲ့ အချိန်မှာ သက်တော်က ၈၄ နှစ်၊ ဝါတော် ၆၄ ဝါ ရှိနေပါပြီ။ နဘူးကျောင်း ဆရာတော်ထံပါး ချဉ်းကပ်ပြီး ဩဝါဒပေးရန် လျှောက်ထားတဲ့အခါမှာ ဆရာတော်ကြီးက ‘တပည့်တော်ထက် သက်တော်ဝါတော် ကြီးနေတဲ့အတွက် ဩဝါဒပေးဖို့ လိုသေးလို့လား’ လို့ မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ရွှေဒါးဆရာတော်ကြီး တောထွက်ဖြစ်ခဲ့သလားဘုရား။

ဆရာတော် ။ ။ အစစပြီးပြည့်စုံတဲ့ ရွှေဒါးရွာကျောင်းကြီးကို စွန့်လွှတ်တော်မူပြီး ရွာအပြင်က တောရတဲ့ လွင်တီးခေါင်လယ်ကွင်းအလယ်မှာ အရညဝါသီ ဓုတင်ဆောင် ဆရာတော်အဖြစ် ရာသက်ပန် သီတင်းသုံးတော်မူခဲ့ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သက်တော် ဘယ်လောက်မှာ လွန်တော်မူပါသလဲဘုရား။

ဆရာတော် ။ ။ သက်တော် ၉၂ နှစ်မှာ လွန်တော်မူသွားပါတယ်။ ဆရာတော်ကြီးက တောရ ကျောင်းမှာနေပြီး ဝိနည်းသိက္ခာပုဒ်ကို အထူးဂရုပြု ကျင့်တော်မူရုံမကဘူး ဆွမ်းဓုတင်၊ သင်္ကန်းဓုတင် စတဲ့ ဓုတင်ကျင့်ဝတ် ပဋိပတ်တွေကိုလည်း စွမ်းနိုင်သမျှ ကျင့်သုံးတော်မူတာကို ဖူးတွေ့ခဲ့ရပါတယ်။ သိုသို သိပ်သိပ် ကျင့်တော်မူတဲ့ အတွက် နောက်ထပ် ဘယ်ဓုတင်တွေ ကျင့်သုံးတော်မူခဲ့သေးတဲ့ဆိုတာကို အနီးနေ တပည့်တွေတောင် သိခွင့် မရခဲ့ကြပါဘူး။

MA ဦးဇင်း ။ ။ မြန်မာနိုင်ငံ သာသနာ့သမိုင်းမှာ ဓုတင်ဆောင်ထေရ်ရှင်များစွာ ရှိနိုင်ဦးမှာပဲလို့ တွေးမိပါတယ်ဘုရား။

ဆရာတော် ။ ။ ရှိပါတယ် ဦးဇင်း။ ရှိပါတယ်။ သို့သော် ဓုတင်္ဂအပိစ္ဆဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ထေရ်ရှင်များက ‘ငါဘယ်ဓုတင်တွေ ဆောင်ထားတယ်’ ဆိုတာကို အနီးနေ တပည့်ကြီး များကိုတောင် အသိပေး ပြောကြားလေ့ မရှိကြပါဘူး။ ဒါကြောင့် မှတ်တမ်းကောင်းကောင်း မကျန်ရစ်ခဲ့တာများတယ်။

MA ဦးဇင်း ॥ ॥ တချို့သက်ရှိထင်ရှား ဆရာတော်ကြီးတွေ ဓူတင်ဘယ်နှစ်ပါး ဆောင်တယ် ဆိုပြီး သတင်းစာ၊ ဂျာနယ်တွေမှာ ဖတ်ရဖူးတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါမျိုးက နှစ်ပိုင်းရှိပါတယ်။ ဓူတင်ဆောင်မထေရ်မြတ်ကြီးတို့ မသိလိုက်ရဘဲ အသိဉာဏ်နည်းတဲ့ တပည့်ဒကာတွေက ကိုယ့်ဆရာရဲ့ ဂုဏ်ကို မြင့်တင်ချင်လို့ ထင်ကြေးနဲ့ ရေးတာတွေလည်း ရှိနိုင်ပါတယ်။ နောက်တစ်ခုက ကာယကံရှင် ကိုယ်တိုင် ထင်ပေါ်ကျော်ကြား လာဘ်လာဘပေါချင်လို့ ဝါကြွား ညာဖြန်းပြီး ပြောတာမျိုးလည်း ရှိနိုင်ပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ တောထဲနေတယ်။ ဓူတင်ဆောင်တယ်ဆိုရင် လူတွေက အထင်ကြီးကြတယ်။ မွန်မွန်မြတ်မြတ်တွေ လျှုဒါန်းတတ်ကြပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဒါကြောင့် မွန်မွန်မြတ်မြတ်တွေကို များများစားစား အလိုရှိကြတဲ့ ပုဂ္ဂိုလ် တချို့ကလည်း မိမိမှာ မရှိတဲ့ဂုဏ်ကို ဖော်ကြတာဓမ္မတာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ တပည့်တော် နားလည်ပါပြီဘုရား။

## ရောင့်ရဲတင်းတိမ်မှုသည် တောနေရဟန်း၏ အားထားရာ

MA ဦးဇင်း ॥ ॥ တောနေရဟန်းတစ်ပါးအတွက် စားချင်တာ မစားရတာမျိုးကို ဇောက်မုချ ကြုံမယ်လို့ တပည့်တော် နားလည်ပါတယ်ဘုရား။ ဒ့ါအပြင် သွားချင်တိုင်း မသွားရတာလည်း ကြုံမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဦးဇင်း ဆွမ်းခံစားရတဲ့ဘဝမှာ ဘယ်စားချင်တာ စားရမလဲ။ သို့သော် လျှာအလိုမလိုက်တာပဲ ကောင်းပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ ဘာမှ မရှိတဲ့တောထဲမှာ ဘယ်လိုများ လျှာအလိုကို မလိုက်ရမှာပါလဲဘုရား။

ဆရာတော် ॥ ॥ ကြုံတတ်တယ် ဦးဇင်း။ မထင်မှတ်တာတွေ ကြုံရတတ်တယ်။ ရံခါ ကိုယ်က ဘာစားချင်တယ်ဆိုတဲ့ စိတ်ကလေးပေါ်တယ်။ ဆွမ်းခံထွက်တာ ကျောင်း အပြင်ရောက်ခါရှိသေးတယ် အဲဒီအစားအစာမျိုး အငွေ့တထောင်းထောင်းနဲ့ လောင်းဖို့ လာစောင့်နေတာနဲ့ တိုးပါရောဗျာ။

MA ဦးဇင်း ॥ ॥ အလွန်နေရာကျပါတယ်ဘုရား။ သိပ်ကောင်းတာပါဘုရား။

ဆရာတော် ॥ ॥ ဘယ်ကောင်းမလဲ၊ မကောင်းဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘာကြောင့်များပါလဲဘုရား။

ဆရာတော် ॥ ॥ ငါဟုတ်ပြီဆိုပြီးတော့ စားရဲရင်စားကြည့် မာရ်နတ်လက်ထဲ ကျဆုံးပြီသာ မှတ်ပေတော့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဒါဆိုရင် ဘယ်လိုများလုပ်ရပါမလဲဘုရား။

ဆရာတော် ॥ ॥ အဲဒီစားစရာကို ကိုယ့်ရှေ့ထားပြီး မစားဘဲကို နေနိုင်တဲ့အကျင့် ကျင့်ရတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘာမှမဘုဉ်းရတော့ ဘူးလားဘုရား။

ဆရာတော် ॥ ॥ တခြားဟာတွေကို ဘုဉ်းပေးပေ့ါဘုရား။ အဲဒီလောက် အာသာပြင်းပြင်း ကြိုက်နေတာကြီးကိုသာ မဘုဉ်းပေးဘဲကျင့်ဖို့ ပြောတာပါ။ ဆရာတော်ကြီး တစ်ပါးက “ဒီလောက်ကောင်းတာကို စားမိရင် နောက်နေ့တွေမှာလည်း စားချင်စိတ် ပေါ်နေဦးမယ်၊ ဒါကြောင့် မဘုဉ်းဘူးကွာ”လို့ မိန့်တော်မူဖူးတာ သတိရပြီး လိုက်နာကြည့်တယ်။ တော်တော်တော့ခက်တယ်။ ရှုံးတာများတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှတ်သားထားပါ့မယ်ဘုရား။ အခုလို အစာအာဟာရကို မျိုသိပ်ရသလို သွားချင်၊ လာချင်တာကိုလည်း ဆင်ခြင်ရတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ တောနေရဟန်းဆိုတာ သွားချင်တိုင်း သွားဖို့မလွယ်ဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ ပိုင်ဆိုင်ပစ္စည်းဆိုလို့ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ပဲ ရှိနေတာကို ဘာကြောင့်များ သွားချင်တိုင်း သွားမရတာပါလဲဘုရား။

ဆရာတော် ॥ ॥ ရှေးရှေးကာလတုန်းက ရပါတယ်။ ဒီကနေ့လို အရာရာ ငွေနဲ့ စီမံခန့်ခွဲနေရတဲ့ ခေတ်မှာ ကပ္ပိယနဲ့ အပ်စပ်ဝတ္ထု အစစအရာရာအဆင်ပြေမှ ခရီးခပ်ဝေးဝေး သွားနိုင်ပါတယ် ဦးဇင်း။ ဒါကြောင့် ငွေကိုမကိုင်တဲ့ တောနေရဟန်းဆိုတာ ခရီးသွားလာချင်စိတ်ကိုလည်း မျိုသိပ်ထားရတယ်။ ချုပ်တည်းထားရတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်လှပါ။ တောရဆောက်တည်ထားတဲ့ ရဟန်းဘဝဆို အခက်အခဲ တော်တော် များပါတယ်ဘုရား။

ဆရာတော် ॥ ॥ ကျန်သေးတယ် ဦးဇင်း။ ခရီးသွားလာဖို့ဆိုတာ ခေတ်ခါကာလကိုလည်း ကြည့်ရသေးတယ်။

MA ဦးဇင်း ॥ ॥ ဘယ်လိုခေတ်အခါကာလမျိုးကို ကြည့်ပြီး ခရီးသွားရတာပါလဲဘုရား။

ဆရာတော် ॥ ॥ သာဓကတစ်ခု ပြောပြမယ်လေနော်။ မနှစ်ကဝါကျွတ်တော့ ဝိနည်းလေးစားတဲ့ ရဟန်းတစ်ပါးကြွလာတယ်။ ရှေးရှေးကလည်း ရံခါကြွဖူးတယ်။ ဝိနည်း ဆိုင်ရာ မေးမြန်းလျှောက်ထားတယ်။ ပြီးတော့ ရက်သတ္တနှစ်ပတ်လောက် နေပြီး ပြန်ကြွသွားတယ်။ ခရီးမပင်ပန်းအောင် အပ်အပ်စပ်စပ် ကားလက်မှတ် လှူလိုက်တယ်။ သို့သော် သူဘယ်လိုကြောင့်လဲမသိဘူး ပထမသွားမဲ့ခရီး စဉ်ကို ပြင်လိုက်တယ်။

MA ဦးဇင်း ॥ ॥ ထပ်ပြီး ကားလက်မှတ် အလှူခံသေးသလားဘုရား။

ဆရာတော် ॥ ॥ သူက သဒ္ဓါတရားအားကောင်းတယ်။ သို့သော် ဆင်ခြင်ဉာဏ်တော့ နည်းရှာ ဟန်တူတယ်။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ ဘာကြောင့်လဲဆိုရင် ညသန်းခေါင်ကျော်မှာ ရဲတွေကမီးတန်းကားနဲ့ ကျောင်းကို ရောက်လာကြတယ်။ "ဒီဘုန်းကြီးက အရှင်ဘုရားတို့ကျောင်းကပါလား"လို့ မေးတယ်။ ရဲကားပေါ်က ဘုန်းကြီးကိုကြည့်ပြီး "ဟုတ်ပါတယ်"လို့ သက်သေ ခံပေးရတယ်။ ဘုန်းကြီးခမျာ မျက်နှာလေးငယ်နေရှာတယ်။

MA ဦးဇင်း ။ ။ ရဲစခန်းမှာ သက်သေခံရတာမျိုး ဖြစ်သွားတာပါလားဘုရား။ အဲဒီဘုန်းကြီးက ဘာပြစ်မှုများ ကျူးလွန်မိလို့ပါလဲဘုရား။

ဆရာတော် ။ ။ ဘာမှတော့ မကျူးလွန်ပါဘူး။ သို့သော် ခရီးသွားလာဖို့ ခေတ်အခါကာလ ကိုလည်း ကြည့်တတ်ရတယ် ဦးဇင်း။ နိုင်ငံရေးမတည်ငြိမ်ဘူး။ ညသန်းခေါင် လောက်မှာ ကားလမ်းမပေါ် ဘုန်းကြီးတစ်ပါး လမ်းလျှောက်နေတာတွေ့လို့ လုံခြုံရေးတာဝန်ရှိတဲ့သူတွေက မသင်္ကာလို့ မေးစစ်ရင်း ပြဿနာဖြစ်လာတာ။

MA ဦးဇင်း ။ ။ ဒါကြောင့် ကျောင်းကိုခေါ်လာတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ အဲဒီဦးဇင်း ရဲတွေကိုပြောတာက "ဘုရားလက်ထက်ကလည်း ဘုန်းကြီးတွေ အခုလိုပဲလမ်းလျှောက်ကြတာမို့လို့ သူလည်း နေပြည်တော် ကနေ မုံရွာမြို့ကို လမ်းလျှောက်တာပါ"တဲ့။

MA ဦးဇင်း ။ ။ ရဲတွေက လက်ခံသဘောတူကြသလားဘုရား။

ဆရာတော် ။ ။ လက်မခံလို့ ရဲကားနဲ့ သန်းခေါင်ကျော်ရောက်လာပြီး မှန်မမှန် စစ်မေးကြ တာလေ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားလိုက်နာပါ့မယ်ဘုရား။ သိစရာ၊ သတိပြုစရာတွေကလည်း များလှပါတယ်ဘုရား။ တောနေရဟန်းဘဝက တော်တော်ကြီး သည်းခံရတဲ့ ဘဝပါလားဘုရား။

ဆရာတော် ။ ။ ရောင့်ရဲသည်းခံမှ မိမိရဲ့ကိုယ်ကျင့်သီလကျင့်စဉ်တွေ ပြည့်စုံမယ်လေနော်။ သတိရတာလေး ပြောပြဦးမယ်။ ဖိနပ်ပြတ်သွားတာ စီးစရာမရှိဘဲနေရတာ လည်း ရှိဖူးတယ် ဦးဇင်း။ တစ်လက်တည်းရှိတဲ့ထီး လေလန်သွားလို့ ထီးမရှိဘဲ လည်း မိုးရာသီ ဖြတ်သန်းရပါတယ်ဘုရား။ ခြတ်မီးထဲထည့်တဲ့ခြတ်ခဲ အားကုန်သွားလို့ အမှောင်ထဲနေရတာလည်း ကြုံရဖူးတယ်။ သွားတိုက်ဆေး မရှိတော့လို့ လက်ညှိုးနဲ့ပဲ သွားတိုက်ရတာလည်း ရှိခဲ့တာပဲ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆားနဲ့သွားတိုက်ရင် မရပါလားဘုရား။

ဆရာတော် ။ ။ ရပါတယ်။ တပည့်တော်လက်ထဲမှာ ဆားအလှူခံထားတာ မရှိဘူးလေ။

MA ဦးဇင်း ။ ။ တောရနေ ဓုတင်ဆောင်ဆရာတော်များရဲ့ဘဝက ဒီလောက်ကို အခက်ခဲတွေ ကြုံတတ်မှန်း တပည့်တော် တစ်ခါမှ မတွေးမိခဲ့ဘူးဘုရား။ ကြည်ညိုမဆုံးပါ ဘုရား။

## တော၏မာယာနှင့် အမနုဿတို့၏ အနှောင့်အယှက်

MA ဦးဇင်း ။ ။ တောမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များ မကြောက်ကြဘူးလားဘုရား။

ဆရာတော် ။ ။ ပုထုဇဉ်မို့ ကြောက်တော့ ကြောက်ကြမှာပေါ့ ဦးဇင်း။ သို့သော် တောရဲ့မာယာက လူတွေလောက် ကြောက်စရာ မကောင်းပါဘူး။

MA ဦးဇင်း ။ ။ သက်မဲ့တောကြီးက မာယာများတတ်လို့ပါလားဘုရား။

ဆရာတော် ။ ။ များတယ် ဦးဇင်း။ တောတောင်တွေက လှည့်စားတတ်တယ်။ ကြက်သီးမွေးညင်းထတဲ့အထိကို ခြောက်လှန့်တတ်ပါတယ်။ စိတ်ကလည်း လှည့်စားတတ်တယ်။ မာရ်နတ်ရဲ့တပည့် နတ်ဆိုးတွေကလည်း အနှောင့်အယှက်ပေးတတ်ပါသေးတယ်။

MA ဦးဇင်း ။ ။ တပည့်တော်လည်း တစ်နေ့ တောရဆောက်တည်ချင်ပါတယ်။ ဒါကြောင့် တောရဲ့မာယာ အပါအဝင် နတ်ဆိုးတွေကလည်း အနှောင့်အယှက်တွေကို နည်းနည်းဖြစ်ဖြစ် သိပါရစေဘုရား။

ဆရာတော် ။ ။ ပကတိ မှောင်မည်းနေတဲ့ ညအခါကာလမှာ ပိုးစုန်းကြူးတွေရဲ့အရောင်က ဓာတ်မီးထိုးလိုက်သလောက် တောက်ပနေတတ်တယ်။ ရံခါလည်း ဓာတ်မီးထိုးပြီး လူတွေအများကြီး လာကြတယ်လို့ကို ထင်ရတတ်တယ်။ အချိန်ကြာသည့်တိုင် လူလည်းမရောက် အလင်းရောင်လည်း ပျောက်ပါလေရော။ ရံခါလည်း အသားစား သတ္တဝါကြီးတွေက ကျောင်းနံရံ ခေါင်မိုးပေါ်မှာထိုင်ပြီး သူတို့ဖမ်းလာတဲ့ သားကောင်ကို ရိုက်ပုတ်သတ်ဖြတ်နေလို့ ငယ်သံပါအောင်အော်ညည်းနေတဲ့အသံက ညဉ့်နက်သန်းခေါင်မှာ ကြောက်စရာကောင်းသလို စိတ်ညစ်ညျူးစရာလည်း ကောင်းပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် သတ္တိတော်တော်ကောင်းမှ တောထဲမှာ နေနိုင်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ သတ္တိကောင်းရုံနဲ့မရဘူး။ တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုသလို စိတ်လိုက်မာန်ပါ မလုပ်တတ်ဖို့ ဉာဏ်လည်း ရှိရတယ်။ မေတ္တာပွား၊ သစ္စာစကားလည်း လက်ကိုင် ရှိရသေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါ တပည့်တော်က နည်းနည်းကြောက်တတ်လို့ပါဘုရား။

ဆရာတော် ။ ။ ကြောက်တတ်ရင် ဆက်နားထောင်ဦးနော်။ တောထဲနေတဲ့ တောက်တဲ့ကြီးတွေက အကောင်တွေကို ဖမ်းပြီး ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက် သတ်ဖြတ်နေကြတာ ဘာနဲ့တူသလဲဆိုရင် ဗလကောင်းတဲ့ ယောကျ်ားကြီးတစ်ယောက်ရဲ့ လက်ဝါးခပ်ကြီးကြီးနဲ့ ကျောင်းနံရံကို အားရပါးရပုတ်ပြီးအထဲက ဘုန်းကြီးကိုနှိုးနေသလို ထင်ရတတ်တယ်။ ရံခါလည်း ညဉ့်နက်သန်းခေါင်ကျော်အချိန်မှာ ကျောင်းခေါင်မိုးပေါ်မှာ ညဉ့်ထွက်တဲ့ သားကောင်တွေ လိုက်တမ်းပြေးတမ်း ကစားကြတာ ကျိန်းလို့မရလောက်အောင်ကို ပွက်လောညံနေတတ်တယ်။

MA ဦးဇင်း ။ ။ ကြောက်စရာပါလား အရှင်ဘုရား။

ဆရာတော် ။ ။ ပုထုဇဉ်မို့ ကြောက်သွေးရှိတာကြောင့် ကြောက်စိတ်ဝင်ပြီး ကြောက်တတ်ပါသော်လည်း သူတော်ကောင်းများက တောကို ချစ်မြတ်နိုးတော်မူကြတဲ့အတွက် တောတောင်ကို စွန့်ခွာတော်မမူကြတာပါ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တောတောင်ထဲမှာနေရင် သိသင့်ရာရာတွေ ရှိသေးရင်လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ မာရ်နတ်ရဲ့တပည့် အမနုဿတွေရဲ့ ခြောက်လှန့်မှုလည်း ရံခါမှာ ကြုံရတတ်သေးတယ်နော်။ ဘုန်းကြီးတို့ရဲ့ သီတင်းသုံးဖော်တစ်ပါး ရှိတယ်။ သူကခြောက်ရင်လည်း မကြောက်တတ်ဘူး။

MA ဦးဇင်း ။ ။ တစ္ဆေတွေက မကြောက်တတ်တဲ့ဘုန်းကြီးကို မခြောက်ဘူးတော့ဘူးလားဘုရား။

ဆရာတော် ။ ။ နားထောင်ကြည့်ဦးလေ။ အဲဒီဆရာတော် မိန့်တာက 'ခရီးသွားရင် သစ်ပင်အောက်မှာ အိပ်ရတာလည်းရှိတယ် ကိုယ်တော်' လို့ မိန့်ဖူးတာနဲ့ 'အရှင်ဘုရား တောထဲတောင်ထဲက သစ်ပင်ကြီးကြီးမှာ အစောင့်အရှောက်တွေ ရှိတယ်လို့လည်း ပြောကြတယ်။ သစ်ပင်အောက်မှာ မအိပ်ခင် ပရိကံအနေနဲ့ဘာများ ကြိုတင် ပြုရပါသလဲဘုရား'လို့ မေးတော့ "တပည့်တော်က သစ်ပင်ရဲ့ ပင်စည်ကြီးကိုမှီပြီး အိပ်တော့မယ်ဆိုရင် 'ငါ့ကို မင်တို့စားချင်လည်းစား၊ ကိုက်ချင်လည်းကိုက် အအိပ်ပျက်အောင်တော့ ခြောက်မနေနဲ့နော်' လို့ ပြောပြီး အိပ်တာပဲ ဦးခေမာ"လို့ မိန့်ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တော်တော်သတ္တိကောင်းတဲ့ ဆရာတော်ပါဘုရား။ သိသင့်ရာရာတွေ ရှိသေးရင်လည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဒါဆိုရင် သတိရတာလေးတစ်ခု ပြောပြဦးမယ်နော်။ ဘုန်းကြီး နှစ်ဝါလောက်ဆိုခဲ့တဲ့ တောထဲက ကမ္ဘဋ္ဌာန်းကျောင်းရဲ့ ခေါင်းရင်းနားမှာ စမ်းချောင်းလေး ရှိတယ်။ ဆယ့်နှစ်ရာသီ ရေစီးနေတတ်တယ်။ ဆောင်းတွင်း ရေကျချိန်မှာအဲဒီ လျှိုမြောင် ချိုင့်ဝှမ်းထဲကို ခွေးအတွေ အုပ်စုလိုက် ရောက်လာတတ်တယ်။ သူတို့က ညဦးနက် သန်းခေါင်အချိန်ကျမှ ကျောင်းအနားကိုလာပြီး အူတဲ့အသံက အလွန်ကို စိတ်ညစ်ညူးစရာကောင်းတယ် ဦးဇင်း။ ပြီးတော့ ခန္ဓာကိုယ် အလေးချိန်ကြီးလေးလှတဲ့ သားသည်မိခင် တောကောင်တွေက စမ်းရေရှိတဲ့ လျှိုထဲဆင်းသွားတဲ့အခါ တစ်ပါးနေ လေးပင်တိုင်ကျောင်းထဲမှာ သီတင်းသုံးနေတဲ့ရဟန်းရှိမှန်း သူတို့မသိလို့ထင်တယ်။ သူတို့ကိုယ်နဲ့ ကျောင်းနံရံကို ပွတ်တိုက်သွားတာ ငလျင်လှုပ်သွားသလို ကျောင်းက ယိုင်ထိုးကျန်ခဲ့တဲ့ အတွေ့အကြုံကလည်း ရင်ထိတ်စရာ ကောင်းပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ တရားတိုးတက်ရင် ပိုလို့ကြုံတတ်တာပါလားဘုရား။ အခုလိုကြုံရင် ဘာလုပ်ရသလဲဘုရား။

ဆရာတော် ။ ။ ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ကြီးက “တောထဲ တစ်ပါးတည်း သီတင်းသုံး နေတဲ့ အရှင်မြတ်ကြီးတို့အဖို့ လူကိုကြောက်လို့ တောထဲလာနေပါတယ်ဆိုမှ တောကိုကြောက်ရင် ဘယ်သွားနေတော့မလဲ။ မေတ္တာပွား၊ သစ္စာဆိုရမှာပါ ဦးခေမာ”လို့ သင်ကြားပေးတော်မူဖူးတယ်။ ဆင်ခြင်တုံတရားလည်း ရှိရ သေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ မှတ်သားပါ့မယ်ဘုရား။ နောက်ထပ် သိစရာတွေများ ရှိသေးရင်လည်း သိပါရစေ။

ဆရာတော် ။ ။ ဒါက ဘုန်းကြီးအတွေ့အကြုံတော့မဟုတ်ဘူး။ ရွှေဥမင်ဆရာတော်ကြီး မိန့်တော်မူတဲ့ တရားထဲပါတာကို ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ကမ္ပတီမြို့နားက တောတန်းရှည်ကြီးထဲက တောရဆရာတော်ထံပါးမှာနည်းခံပြီး အားထုတ်နေတဲ့ ရဟန်းယောဂီတစ်ပါးက တရားတိုးတက်မှု တော်တော်လေး ကောင်းနေတယ်။ အဲဒီအချိန်မှာ သူသီတင်းသုံးနေတဲ့ သက်န်းကျောင်း ပတ်ချာတောထဲမှာ လေမုန်တိုင်းကြီး ကျလာတယ်။ တောကြီးတောင်ကြီးထဲ ဝုန်းဝုန်းရှိုးရှိုးနဲ့ တစ်ခါတည်း သစ်ပင်တွေက ပြောင်းပြောင်းနဲ့ ကျိုးကျသွားတယ်။ သူနေတဲ့ အဝတ်သက်န်းကျောင်းက အမိုးတွေဘာတွေ လေထဲ လွင့်ပါသွား တာ ဘာမှမရှိတော့ဘူး။ သူကလည်း တရားလက်လွတ်ဖြစ်နေပြီး နှလုံးတုန် ရင်ခုန်မြန်သွားပြီး ကြောက်လိုက်တာလည်း အလွန်ပါပဲတဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးဆီကို မကြွသွားဘူးလားဘုရား။

ဆရာတော် ။ ။ ဆရာတော်သီတင်းသုံးတဲ့ကျောင်းက သူနေတဲ့ကျောင်းနဲ့ တစ်လံလောက်ပဲ ဝေးတယ်။ ကြောက်လွန်းလို့ ဆရာတော်ဆီကို နောက်ဆုတ် နောက်ဆုတ်နဲ့ သွားတာ တော်တော်ကြီးကြာမှ ရောက်တော့တယ်။ သူ့ဆရာနဲ့ သွားထိပြီးနေ တာတောင် အကြောက်က မပြေသေးဘူးတဲ့။ အဲဒီမှာ ဆရာတော်က “သီလ၊ သမာဓိပျက်အောင် မလုပ်နဲ့လေ”လို့ မိန့်တဲ့စကားသံကြားတော့မှ အကြောက် ပြေသွားတယ်တဲ့။ ကြောက်လွန်းလို့ ချက်ချင်း မျက်စိဖွင့်မကြည့်ရဲသေးဘူးတဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မျက်စိဖွင့်ကြည့်တော့ ဘာတွေတွေ့သွားသလဲဘုရား။

ဆရာတော် ။ ။ မျက်စိလည်း ဖွင့်ကြည့်ရော ပတ်ဝန်းကျင်က ဘာမှမဖြစ်ဘူး။ အမိုးကလည်း အမိုးကြီးအတိုင်းပဲ။ သစ်ပင်၊ တောတွေ၊ တောင်တွေကလည်း ဒီတိုင်းပဲတဲ့။ သူ့စိတ်ထဲမှာတော့ တောတွေ၊ တောင်တွေအကုန် ဝရုန်းသုန်းကား ဖြစ်နေ တာလေ။

MA ဦးဇင်း ။ ။ ဒါက သမာဓိစမ်းပြီး ခြောက်တာလားဘုရား။

၁။ ရွှေဥမင်ဆရာတော်ဘုရားကြီး (၂၃. ၃. ၀၁) ရက်နေ့ ဩဝါဒတရား

ဆရာတော် ။ ။ ဒါက မာရ်နတ်ရဲ့ ဘက်တော်သား နတ်ဆိုးတွေရဲ့ အခြောက်အလန့်လည်း ရှိတတ်တယ်ဘုရား။ ကိလေသာ မကင်းသေးတဲ့ ပုထုဇဉ်အဖို့ စိတ်က ခြောက်လန့်တာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် တောထဲတောင်ထဲ တရားအားထုတ်ရင် အထူးအားဖြင့် အတွေ့အကြုံရင့်ကျက်တဲ့ ဆရာလိုတယ် ဦးဇင်း။ါ

MA ဦးဇင်း ။ ။ အာရညကင်ဓုတင်မဆောင်ခင် သိသင့်ရာရာတွေ လေ့လာထားဖို့ အများကြီး လိုမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ လိုတယ်ဦးဇင်း။ လိုအပ်တယ်။ အခုဆက်ပြောပြမယ်နော်။ နဘူးကျောင်း ဆရာတော်ကြီးတပည့် တောရဆရာတော်တစ်ပါးက တောနက်ကြီးထဲနေချင်လို့ ကြွသွားတယ်။ ရွာထဲက ကပ္ပိယဒကာကြီးတွေက သစ်ပင်ကြီးကြီးရဲ့ သစ်မြစ်ကိုခွပြီး ဝါးတိုင်ထူ ဝါးရွက်မိုးပြီး လေးပင်တိုင် ကျောင်းကလေးကို နေ့ချင်းပြီး ဆောက်ပြီးလှူဒါန်းကြသတဲ့။

MA ဦးဇင်း ။ ။ ဘာကြောင့် သစ်မြစ်ကို ခွဆောက်တာလဲဘုရား။

ဆရာတော် ။ ။ တောထဲ ဆင်ဆိုးတစ်ကောင် သောင်းကျန်းနေလို့တဲ့။ ညဥ့်နက်သန်းခေါင် ဆင်လာခဲ့ရင် သစ်ပင်ပေါ် တက်ပြေးရအောင်ဆိုပြီး လုပ်ပေးခဲ့တာပါ။ ညဦးပိုင်းပဲရှိသေးတယ် မထေရ်မြတ် သီတင်းသုံးတော်မူတဲ့ လေးပင်တိုင် ကျောင်းသင်္ခမ်းဆီကို ဦးတည်ပြီး ဆင်က တည့်တည့်ကြီးလာနေတာကို လရောင်မှေးမှေးနဲ့ မြင်နေရသတဲ့။ ဒါနဲ့ သစ်ပင်ပေါ်တက်ပြေးတာ ဆရာတော်က လက်ခုပ်တစ်ဖောင်လောက်ပဲ ရောက်သေးတယ် ဆင်သုံးစီးက သစ်ပင်အောက်ရောက်လာကြတယ်တဲ့။ လေးပင်တိုင် ကျောင်းသင်္ခမ်းကိုလည်း ဆင်ရဲ့ ကိုယ်လုံးနဲ့ တွန်းလှဲပစ်လိုက်တဲ့အခါ သပိတ်ကအောက်ကျပြီး သပိတ်တခြား အဖုံးတခြားစီ လွင့်စဉ်သွားသတဲ့။ ဆင်က သူ့ဗိုက်အောက်ကို ရောက်လာတဲ့ သပိတ်ကို အားနဲ့နင်းချလိုက်တာ သပိတ်လုံးက လည်ထွက်သွားရောတဲ့။ ဒါနဲ့ နောက် ဆင်တစ်စီးကလာပြီး သပိတ်ဖုံးကို နင်းချေလိုက်တယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တောရအတွေ့အကြုံတွေကလည်း အန္တရာယ်တွေ များလိုက်တာ။ ကြောက်စရာ ကောင်းလိုက်တာဘုရား။ နားထောင်ရတာနဲ့ကို တပည့်တော် ရင်တုန်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်း ကြောက်လွန်းနေရင်တော့ စလေဦးပုညရဲ့ ဒွေးချိုးတစ်ပုဒ် ရွတ်ပြမှ ဖြစ်တော့မယ်။

*"စိပ်ပုတီးရယ်နဲ့၊ ရိပ်ကြီးခိုမယ်လို့၊*
*သားရေနယ်ကွယ့်ရှာတုန်း*
*ချောင်အနီးမှာလ၊*
*မောင်ကြီးကို တဈွေကိုက်လိမ့်မယ်*
*မင်းလိုက်ခဲ့ဦး"* တဲ့ဗျာ။

## မာတုဂါမ၏မာယာကိုလည်း သတိပြုရသေးသည်

MA ဦးဇင်း ॥ ॥ တောရကျောင်းက တောထဲမှာရှိတဲ့အတွက် အခြားဘေးရန်တွေ ပေါများပါသော်လည်း မာတုဂါမတွေရဲ့ အန္တရာယ်ကို ကြုံဖို့မရှိဘူးလို့ တပည့်တော်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ တောတောင် ချိုင့်ဝှမ်းထဲနေပါသော်လည်း ဆွမ်းခံဖို့ ရွာထဲဝင်ရတယ် ဦးဇင်း။ တစ်နည်းပြောရရင် ဂေါစရဂါမ်ရွာနဲ့ ကင်းလို့မရဘူးလေ။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ရွာထဲမှာ မာတုဂါမတွေက နှောင့်ယှက်မှာပါလားဘုရား။

ဆရာတော် ॥ ॥ ဦးဇင်းနှယ် ခက်ပါဘိ။ ရွာထဲမှာ မာတုဂါမတွေက မနှောင့်ယှက်ပါဘူး။ ဆိတ်ကွယ်ရာမှာဆိုရင်တော့ သူတို့ရဲ့အမူအရာ မူမမှန်တတ်ဘူး။ သူတို့က ဒီတောထဲမှာ ရဟန်းတစ်ပါးတည်းပဲ သီတင်းသုံးတယ်ဆိုတာ ဟုတ် မဟုတ် အရင်သေချာအောင် မိတ်ဆွေအဖော်တွေနဲ့လာပြီး ဦးချပြုပြီး အကဲခတ်တတ်ကြတယ်။ ဟုတ်ပြီလားဆိုရင် မယောင်မလည်နဲ့ တစ်ယောက်တည်းလည်း လာတတ်ကြတယ်။

MA ဦးဇင်း ॥ ॥ တင်ပါဘုရား။ တပည့်တော် မကြုံဘူးသေးပါဘုရား။

ဆရာတော် ॥ ॥ ဘယ်ကြုံဖူးဦးမလဲ။ တောထဲမှာမှ မရောက်သေးတာနော်။ ဘုန်းကြီးငယ်တုန်းကတစ်ခါ တောထဲမှာ ထွက်ပြေးခဲ့ရဖူးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဘုန်းကြီးတစ်ပါး ထွက်ပြေးရလောက်အောင် မာတုဂါမက ဘာများလုပ်လိုက်တာပါလဲဘုရား။

ဆရာတော် ॥ ॥ ပြောပြမယ်လေနော်။ ညနေစောင်း စင်္ကြံလျှောက်နေတုန်း အရှေ့ဘက်တောစပ်မှာ ထင်းခုတ်သံလိုလို ကြားနေတာ တော်တော်ကြာနေပြီ၊ ဒါနဲ့အသံလာရာကို တောင်ဝှေးတစ်ချောင်းကိုင်သွားပြီး "သစ်ပင်ခုတ်နေတာ ဘယ်သူလဲ"လို့ အသံခပ်ကျယ်ကျယ်လေးနဲ့ မေးလိုက်တယ်။ တောချုံအကွယ်ကနေ မာတုဂါမတစ်ယောက်က "တပည့်တော်မပါဘုရား"လို့ ပြောပြောဆိုဆို ဘုန်းကြီးဆီကို ခပ်သွက်သွက်ကြီး အပြေးတစ်ပိုင်းနဲ့လာတယ်။ ဘုန်းကြီးလည်း ခြေလှမ်းကျဲကျဲ ခပ်သွက်သွက် နောက်ပြန်ဆုတ်ရတယ်။ သူက "တပည့်တော်မ အရှင်ဘုရားကို ဖူးချင်နေတာ ကြာလှပါပြီဘုရား"ဆိုပြီး ရှေ့တိုးလာတယ်။ သူက ရှေ့တိုးလေ၊ ဘုန်းကြီးကဝေးရာကို ပြေးလေနဲ့ ကျောင်းထဲ ကမန်းကတန်း ဝင်ပြီး သစ်သားတံခါးကို ချက်ထိုးရဖူးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မာတုဂါမက ဘုန်းကြီးကို ဘာလုပ်ဖို့များ အပြေးတစ်ပိုင်း လိုက်တာပါလဲဘုရား။

ဆရာတော် ॥ ॥ အခုလိုတောထဲမှာ သူက ဘာမှမလုပ်နဲ့ဦး ရွာထဲရောက်တဲ့အခါမှာ "တောရဆောက်တည်နေတဲ့ဘုန်းကြီးက ကျွန်မကို ဘာတွေပြောပါတယ်၊ ဘာတွေလုပ်ပါတယ်"လို့ပြောရင် ဘယ့်နှယ်လုပ်ကြမလဲ ဦးဇင်း။ ဒါကြောင့် ဝိနည်း

လေးစားတဲ့ တောနေရဟန်းဘဝဆိုတာ ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက် တယ်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်ပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ တပည့်တော် နားလည်ပြီ၊ ရှင်းရခက်သွားမယ်ဘုရား။ တပည့်တော် မာတုဂါမ အထူးဂရုပြုပြီး သတိထားပါ့မယ်ဘုရား။

ဆရာတော် ॥ ॥ ဒီမှာ မှတ်သားစရာ အဆုံးအမစကားတစ်ခု ရှိပါတယ်ဘုရား။ "မာတုဂါမ တိုင်းက ရဟန်းကို ဒုက္ခပေးတာ မဟုတ်ပါဘူး၊ ဘဝအဆက်ဆက်မှာ လင်မယားလုပ်တမ်း ကစားခဲ့ဖူးတဲ့သူနဲ့ တွေ့ပြီဆိုရင်တော့ သတိကြီးကြီး ထားပြီး ဝေးဝေးကို ရှောင်ပေဦးတော့"လို့ ရွှေကျောင်းကုန်း ဆရာတော်ကြီးက ဆုံးမတော်မူဖူးတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ မှတ်သားစရာ ကောင်းလှပါတယ်ဘုရား။ တောရဆောက်တည်တဲ့ ရဟန်းတစ်ပါးရဲ့ အခက်အခဲကိုလည်း တော်တော်သဘောပေါက်ပါပြီဘုရား။

ဆရာတော် ॥ ॥ ကျန်သေးတယ် ဦးဇင်း။ ကျန်ပါသေးတယ်။ ရွာက အိမ်ခြေများပြီး၊ စီးပွားရေး ပြည့်စုံတယ်ဆိုရင် သာရေးနာရေးတွေ မပြတ်တတ်ဘူး၊ ကာရာအိုကေတွေ ရှိတတ်တယ်၊ အဲဒီကနေလာတဲ့ အသံချဲ့စက်ရဲ့ဒဏ်ကို နေ့စဉ်ခံရမယ်၊ ခံနိုင်မလား။ စဉ်းစားဖို့လိုတယ်။ တောကျောင်းကို ပရိသတ်အဝင်အထွက် ဘယ်လောက်များသလဲ၊ နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ သိုးကျောင်း သားတွေရဲ့ အနှောင့်အယှက်၊ ဝါးခုတ်၊ ထင်းခုတ်၊ မျှစ်ချိုး၊ ဖက်ခူးတဲ့ ဒကာမ တွေရဲ့အနှောင့်အယှက် ဘယ်လောက်ကြီးသလဲဆိုတာလည်း ချိန်ဆကြည့်ရ သေးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ကျန်တဲ့အင်္ဂါတွေ ပြည့်စုံသော်လည်း ရေရှားတဲ့တောရကျောင်း လည်း ရှိဦးမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ သာမန်အားဖြင့် မိုးတွင်းကာလမှာတော့ ရေမရှားတတ်ပါဘူး။ ဘုန်းကြီး သီတင်းသုံးဖူးတဲ့ တောရကျောင်းနှစ်ကျောင်းမှာတော့ ရေကန်ကြီးတွေနဲ့ မိုးရေလှောင်ထားပြီး သုံးရတာကြုံဖူးတယ်။

MA ဦးဇင်း ॥ ॥ နှစ်ပတ်လည် ရေသုံးနိုင်ပါသလားဘုရား။

ဆရာတော် ॥ ॥ ချွေတာသုံးရတာပေါ့ ဦးဇင်း။ မှော်ဘီဝါးနက်ချောင်း ရွှေဥမင်တောရ ကနေလယ်ဝေး ရန်ကင်းတောရရောက်ခါစမှာ ရေသိပ်ရှားတယ်။

MA ဦးဇင်း ॥ ॥ ရေတွင်းမရှိဘူးလားဘုရား။

ဆရာတော် ॥ ॥ နွေမှာ ရေတွင်းတွေမှာ ရေခမ်းခြောက်သွားလို့ ရွာကနေ ရေလာလှူကြရတယ်။

MA ဦးဇင်း ॥ ॥ ရွာကနေ ရေကို ဘယ်လိုလာလှူတာလဲဘုရား။

ဆရာတော် ॥ ॥ မိန်းကလေးတွေ ခေါင်းရွက်ပြီး အိုးတွေနဲ့ လာလှူကြတာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ရန်ကင်းတောရက ရေတော်တော်ဆင်းရဲတာပဲဘုရား။

ဆရာတော် ။ ။ ရေဆင်းရဲတာထက် ညနေတိုင်း ရေအိုးကိုယ်စီနဲ့ မာတုဂါမတွေ စုဝေးလာပြီး ကျောင်းစည်နေတာက ပိုလို့ဆင်းရဲပါတယ် ဦးဇင်း။ ဒါနဲ့ လယ်ဝေးမြို့က ဒါယကာ ဦးသီအေးတို့က စက်ရေတွင်းတူးပြီးလှူဒါန်းတော့မှ ရေဆင်းရဲကနေ လွတ်မြောက်ပါတော့တယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တောရဆောက်တည်ပြီးနေရတဲ့ ရဟန်းဘဝရဲ့အခက်အခဲ အဖုံဖုံကို တပည့်တော် တောထဲမရောက်ခင် သိခွင့်ရလို့ ကျေးဇူးတင်ပါတယ် ဘုရား။

## တောနေရဟန်းတို့၏ ဝိဝေကသုခ

MA ဦးဇင်း ။ ။ တောနေရဟန်းဘဝက အငြိအချိတ်တွေကနေ ကောင်းကောင်းကြီး လွတ်မြောက်နေမယ်လို့ ဘုရားတပည့်တော် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ လွတ်မြောက်တာပေါ့ ဦးဇင်း။ လွတ်မြောက်တယ်။ ဓုတင်ဆိုတာကကို ကိလေသာအနှောင်အဖွဲ့ကို ခါထုတ်တဲ့အကျင့် ဖြစ်တယ်။ ဘယ်လိုခါထုတ်ရတာလဲဆိုရင် လုံ့လဝီရိယနဲ့ သာယာမှုမှန်သမျှကို တွန်းလှန် ဖယ်ရှား ခါထုတ်ပစ်တဲ့သဘောပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆိုကြပါစို့။ သင်္ကန်းသုံးထည်သာ သုံးဆောင်တဲ့ တိစီဝရိက်ဓုတင်နဲ့ ပံသုကူသင်္ကန်းဆောင်တဲ့ ဓုတင် ၂ မျိုးက သင်္ကန်းမှာ ဖြစ်ခွင့်ရှိတဲ့ လောဘတဏှာကို တွန်းလှန် ဖယ်ရှား ခါထုတ်ပစ်နိုင်ဖို့ ကျင့်ရတာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ သင်္ကန်းနဲ့ စပ်လျဉ်းပြီး နားလည်ပါပြီဘုရား။ ဆွမ်းနဲ့စပ်လျဉ်းပြီး ဖြစ်ခွင့်ရှိတဲ့ လောဘတဏှာ ခါထုတ်နည်းတွေကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ဆွမ်းနဲ့စပ်ပြီး ဖြစ်နိုင်တဲ့ တဏှာလောဘကို ဆွမ်းဓုတင် ၅ ပါးက စောင့်ရှောက်ပေးနိုင်ပါတယ်။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် ဉာဏ်နည်းပါတယ်ဘုရား။ အသေးစိတ် သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဆွမ်းဓုတင် ၅ ပါးက တဏှာလောဘ မဖြစ်အောင် စောင့်ရှောက်ပေးနိုင်ပုံ ပြောပြမယ်နော်။ ခံဆွမ်းကိုသာ ဘုဉ်းပေးရတဲ့ ပိဏ္ဍပါတ်ဓုတင်၊ အိမ်စဉ်ဆွမ်းခံကြွရတဲ့ သပဒါနစာရိကဓုတင်၊ တစ်ထိုင်တည်း ဣရိယာပုတ်တစ်ခုတည်းနဲ့ ဘုဉ်းပေးရတဲ့ ဧကာသနိက်ဓုတင်၊ ခွက်တွေ၊ ပန်းကန်တွေကို ပယ်ပြီး သပိတ်နဲ့ပဲ ဆွမ်းဘုဉ်းပေးရတဲ့ ပတ္တပိုဏ်ဓုတင်နဲ့ ဆွမ်းဘုဉ်းပေးနေဆဲ ကာလနောက်မှ ဆက်ကပ်လှူဒါန်းလာတဲ့ ထမင်း၊ မုန့်လုံး၊ မုယောမုန့်၊ ငါး၊ အမဲ စတဲ့ ကပ္ပိယဘောဇဉ်ကို 'အလံ=တန်ပြီ၊ တော်ပြီ'လို့ ကိုယ်နှုတ်နဲ့ မတားမြစ်ဘဲ ဘုဉ်းပေးရတဲ့ ခလုပစ္ဆာဘတ္တိကဓုတင်တို့က ဘုဉ်းပေးစရာ ဆွမ်း

စတဲ့ အစားအစာနဲ့ စပ်လျဉ်းပြီး ဖြစ်ခွင့်ရှိတဲ့ လောဘတဏှာကို တွန်းလှန် ဖယ်ရှား ထုတ်ပစ်နိုင်ဖို့ ကျင့်ရတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ နက်နဲလှပါတယ်ဘုရား။ ပြည့်စုံလှပါတယ်ဘုရား။ သိသင့်တာရှိသေးရင် သိပါရစေဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပြီ။ အာရညကင်ဓုတင် အစပြုတဲ့ဓုတင် ၅ မျိုးကို ကျင့်ရတာက ကျောင်း၊ အိပ်ရာနေရာနဲ့ စပ်လျဉ်းပြီး ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို တွန်းလှန် ဖယ်ရှား ခါထုတ်ပစ်နိုင်ဖို့ပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ အသေးစိတ် မှတ်သားပါရစေဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ ပြောပြမှာပေါ့နော်။ ကျောင်း၊ အိပ်ရာနေရာတွေနဲ့ စပ်လျဉ်းပြီး ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို တွန်းလှန်ဖယ်ရှား ခါထုတ်ပစ်နိုင်ဖို့ တောရ ဆောက်တည်ရတဲ့ အာရညကင်ဓုတင်၊ သစ်ပင်ရင်းကိုပဲ ကျောင်းအဖြစ်နေရတဲ့ ရုက္ခမူဓုတင်၊ မိုးကောင်းကင်ကိုပဲ အမိုးအဖြစ်ထားပြီး လွင်တီးခေါင်မှာနေရတဲ့ အဗ္ဘောကာသိကဓုတင်၊ ဒ့ါအပြင် သုသာန်မှာနေရတဲ့ သုသာန်ဓုတင်နဲ့ မိမိ အတွက် ရသမျှသော ကျောင်းအိပ်ရာနေရာမျှနဲ့ မျှတရောင့်ရဲရတဲ့ ယထာ သန္ထတိကဓုတင်တို့ ဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ အခုလို ဓုတင် ၁၃ ပါးကို သူ့နေရာနဲ့သူ သိခွင့်ရလို့ ကျေးဇူးတင်ပါတယ် ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ အခုနောက်ဆုံးကတော့ ပျင်းပျင်းရိရိဖြစ်နေတာကို ပယ်ဖျောက် ပေးနိုင်တဲ့ နိသဇ္ဇိဓုတင် ဖြစ်ပါတယ်။ သူက လဲလျောင်းတဲ့ ဣရိယာပုထ်ကို ပယ်ရှားပြီး ရပ်၊ ထိုင်၊ သွားတဲ့ ဣရိယာပုထ် ၃ ပါးကိုသာ ကျင့်သုံးရတဲ့ ဓုတင်ပါဘုရား။ အခုလို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းတွေအပေါ်၌ တွယ်တာကပ်ငြိတတ်တဲ့ လောဘတဏှာကို ဓုတင် ၁၃ ပါးနဲ့ ကာကွယ်ပြီး မိမိရဲ့ဘာဝနာ ကမ္မဋ္ဌာန်းလုပ်ငန်းကို အနှောင့်အယှက်မရှိ ဖြောင့်ဖြောင့် တန်းတန်း လုပ်နိုင်တော့တာပေ့ါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဒါကြောင့် တောနေရဟန်းဘဝက ချမ်းသာမှာပါဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ တောနေရဟန်းရဲ့ဘဝက ကိုယ်စိတ် ငြိမ်းအေးတယ်။ ရောနှောတဲ့ လူသူကင်းရှင်းတယ်လို့ မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူတယ်။ တောနေရဟန်း ခံစားရတဲ့ ဝိဝေကသုခကို နတ်သိကြားတို့သော်မှလည်း မခံစားရဘူးလို့ စာမှာ ဆိုထားပါတယ် ဦးဇင်း။ တောထဲမှာ နှစ်ပေါင်းများစွာကြာသည့်တိုင် တစ်ပါးတည်း လွတ်လွတ်လပ်လပ် သီတင်းသုံးတော်မူခဲ့တဲ့ နဘူးကျင်း ဆရာတော်ကြီး မိန့်တော်မူဖူးတာလေးကို ပြောပြဦးမယ်။ ဆရာတော်ကြီးက 'တောထဲ တစ်ပါးတည်း သီတင်းသုံးရတာဆိုတော့ ရေချိုးတာကအစ အလေး အပေ့ါသွားရတာအဆုံး လွတ်လပ်ပေ့ါပါးတယ်။ သူတစ်ပါးကို ငဲ့ကွက်နေစရာ မလိုဘူးပေ့ါဘုရား'တဲ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ သို့ပါသော်လည်း တောကျောင်းမှာ တစ်ပါးတည်း ဧကစာရီနေရတဲ့အတွက် ခြောက်သွေ့သွေ့ကြီး ဖြစ်နေမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မဖြစ်ပါဘူး ဦးဇင်း။ ကျောင်းသား၊ ကိုရင်တစ်ပါးရှိရင် တစ်ပါးအတွက် ဆွမ်းအဆင်ပြေရဲ့လား။ စာရရဲ့လား။ စာမေးပွဲအောင်ပါ့မလား။ ပျင်းနေရှာရော့မယ်။ ဒီညနေမှာ သူ့မျက်နှာသုန်သုန်မှုန်မှုန်နဲ့ နေကောင်းရဲ့လားမသိဘူးနဲ့ ပူပန်နေရတဲ့ဒုက္ခကနေ ကင်းလွတ်တာပေါ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ ကပ္ပိယမရှိတဲ့အတွက် ရံခါမှာ ကြောင့်ကြရှိမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ တောထဲတောင်ထဲမှာ ကြုံတဲ့လူက ကပ္ပိယပါပဲ။ ရံခါ အနီးအနားက ထယ်ထိုးတဲ့ လယ်သမားကလည်း ကပ္ပိယ ဖြစ်တတ်တယ်။ ရံခါ နွားကျောင်းသားကလည်း ကပ္ပိယဖြစ်တာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ အမြဲတမ်း ကပ္ပိယမရှိတာပါလားဘုရား။

ဆရာတော် ॥ ॥ တောမှာ အမြဲနေတဲ့ ကပ္ပိယတစ်ယောက်ရှိနေရင် သူ့အတွက် ကြောင့်ကြတစ်ခု ရှိနေတတ်တယ်။ တရားအားထုတ်ရတာတောင် တစ်ခါတစ်ရံ စိတ်မဖြောင့်ချင်ဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ ကပ္ပိယမရှိရင် အဆင်ပြေပါ့မလားဘုရား။

ဆရာတော် ॥ ॥ မရှိသလို နေတတ်လာတော့လည်း အဆင်ပြေသွားတာပါပဲ။ သို့သော် မိမိအတွက် ကိစ္စနည်းအောင်တော့ နေတတ်ရတာပေါ့ ဦးဇင်း။

MA ဦးဇင်း ॥ ॥ တောရဆောက်တည်တယ်ဆိုတာ ဘုရားတပည့်တော် တွေးထင်ထားတာထက် အများကြီး ခက်ခဲတာကို ရိပ်မိလာပါပြီဘုရား။ သိသင့်တာတွေ ရှိရင် ဆက်ပြီး သိပါရစေဘုရား။

ဆရာတော် ॥ ॥ ခုနကစာအကြောင်းပြောရင်း စာတစ်ခု သတိရလာတယ်။ နတ်သားတစ်ပါးက မြတ်စွာဘုရားထံတော်ပါး လျှောက်ထားဖူးတယ်။ "တောမှာနေပြီး၊ ဆွမ်းတစ်ထပ်သာ သုံးဆောင်ကြပါလျက် ဘယ်လိုအကြောင်းကြောင့် ကိုယ်အရေအဆင်းတွေ ကြည်လင်တာပါလဲဘုရား"တဲ့။

MA ဦးဇင်း ॥ ॥ ဘုရားတပည့်တော် သိပ်သိချင်နေတဲ့ မေးခွန်းပါဘုရား။ မေးပေးတဲ့နတ်သားကို ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မြတ်စွာဘုရားက 'တောမှီနေတော်မူတဲ့ အရှင်မြတ်တို့က မရတော့တဲ့ လာဘ်လာဘအပေါ်ကိုလည်း မစိုးရိမ်၊ မရောက်သေးတဲ့ လာဘ်လာဘအပေါ်မှာလည်း တောင့်တတော်မမူဘဲ ရသမျှဖြင့်သာ ရောင့်ရဲတော်မူကြတဲ့အတွက် ကိုယ်အရေအဆင်း ကြည်လင်နေခြင်း ဖြစ်ပါတယ်"တဲ့။

၁။ (၁၀) အရညသုတ္တံ၊ နဠဝဂ္ဂ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ (နှာ-၅)

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ မရောက်သေးတာကို တော့င်တပြီး၊ မရခဲ့တဲ့အပေါ် စိုးရိမ်ကြောင့်ကြတဲ့ သူမိုက်တွေက 'ရိတ်ဖြတ်ထားတဲ့ ကျူပင်ပမာ ခြောက်ကပ်ကုန်၏' လို့ ဘုရားရှင်မိန့်ကြားတော်မူပါတယ်ဘုရား။ ဒါကြောင့် အလိုဆိုးကို မပယ်ဘဲ လာဘ်လာဘကို ငဲ့ကွက်ပြီးတော့ အာရညကင် ဓုတင်ဆောင်နေရင်လည်း ကြည်ညိုဖွယ်လည်းမရှိတဲ့အပြင် အပါယ်တံခါး ပွင့်လျက်သား ရှိနေတော့မှာလို့ စာပေမှာလာရှိပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဒါဆိုရင် တောရဆောက်တည်တဲ့ ရဟန်းလက်ထဲကို အပ်အပ်စပ်စပ် လှူဒါန်းလို့ရလာတဲ့ အသုံးအဆောင် ပစ္စည်းပစ္စယ လာဘ်လာဘတွေ အသုံးမလိုဘူးဆိုရင် ဘယ်လိုလုပ်ရမလဲဘုရား။

ဆရာတော် ။ ။ အဲဒီပစ္စည်းတွေကို လှူဒါန်းတာ အကောင်းဆုံးပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ သင်္ကန်းတွေစုဆောင်းပြီး အများကြီးရရင် လှူရမှာပါလားဘုရား။

ဆရာတော် ။ ။ အများကြီးဖြစ်လာဖို့ စုဆောင်းနေတာတော့ မကောင်းဘူး ဦးဇင်း။ မိမိလက်ထဲရှိနေတဲ့ ပစ္စည်းတွေကို ရွာမှာ လုပ်လေ့လုပ်ထရှိတဲ့ ပဝါရဏာပွဲတို့၊ ပဋ္ဌာန်းပွဲတို့၊ တရားပွဲတွေမှာ သွားပြီး လှူလိုက်တာကောင်းတယ်။

MA ဦးဇင်း ။ ။ ရွာကဘုန်းကြီးတွေလက်ထဲကို လှူရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒကာတွေကို တစ်ဆင့်လှူရင်လည်း ရပါတယ်။ သူတို့ရဲ့ပွဲမှာ မိမိမတက်ရောက်သော်လည်း ပါဝင်တယ်။ အားပေးတဲ့သဘော ပေါ်လွင်ရင် ပိုသင့်ပါတယ်။ တောရကျောင်းမှာ ပစ္စည်းများလာရင် စိတ်ရှုပ်ရတယ်။ ခိုးသူ၊ ရန်သူတွေကိုလည်း လက်ယပ်ခေါ်သလို ဖြစ်တတ်တယ်။ မငြိမ်းချမ်းတော့ဘူး။

MA ဦးဇင်း ။ ။ ဒါဆိုရင် လိုအပ်ချက် အနည်းဆုံးနဲ့ နေတတ်အောင်ကျင့်ပြီး ပိုတာမှန်သမျှ လှူရမှာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ် ဦးဇင်း။ ဟုတ်ပါတယ်။

MA ဦးဇင်း ။ ။ ကျောင်းကိုလာတဲ့လူတွေပေးရင်တော့ မရဘူးထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဘယ်ရမလဲ ဦးဇင်း။ ဝိနည်းဘောင်ကိုကျော်ပြီး မစဉ်းစားရဘူးလေ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်။ လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဓုတင်အကျင့်ကို ကျင့်သုံး ဆောက်တည်တော်မူခဲ့ကြတဲ့ ဘုရားရှင်နဲ့ ဓုတင်ကို ဘဝတစ်သက်တာလုံး ဆောက်တည်တော်မူခဲ့ပြီး ဓုတင်အရာ ဧတဒဂ်ရတော်မူခဲ့တဲ့ အရှင်မဟာကဿပမထေရ်မြတ်ကြီးတို့ကို အတုယူပြီးတော့ အပ္ပိစ္ဆတာ အလိုနည်းခြင်းဂုဏ်၊ သန္တုဋ္ဌိတာ ရောင့်ရဲလွယ်ခြင်းဂုဏ်တို့နဲ့ ပြည့်စုံဖို့ ကျင့်သုံး ဆောက်တည်နိုင်ကြပါစေဘုရား။

MA ဦးဇင်း ။ ။ သာဓု၊ သာဓု၊ သာဓုပါဘုရား။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ အာရညကင်ဓူတင်မှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုလို့ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်။ ရှိပါတယ်။ ဓူတင် ၁၃ ပါးထဲက အာရညကင်ဓူတင်ရဲ့ ထူးခြားချက်က မဇ္ဈိမတို့၊ ဥက္ကဋ္ဌတို့ကို သိပ်ကြီးကြောင့်ကြမစိုက်ရဘဲ ရနိုင်တယ်ဆိုတာ အရင်ဦးဆုံး ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ ကြောင့်ကြမစိုက်ရဘဲ မဇ္ဈိမ၊ ဥက္ကဋ္ဌဓူတင်ရမယ်ဆိုတာကို အထူး စိတ်ဝင်စားပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ ပြောပြမယ်နော်။ နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး ဂါမနဲ့ ဂါမူပစာရကို ရှောင်ခွာပြီးတော့ တောရအာရညကျောင်းမှာ သီတင်းသုံးမယ်နော်။ ပြီးတော့ အာရညကင်ဓူတင်ကို ဥတုသုံးပါးလုံး မပျက်အောင် ဆောင်ထားရင် အမြတ်စား ဥက္ကဋ္ဌဓူတင်ဆောင်ပုဂ္ဂိုလ်ရဲ့ ဂုဏ်ရည်ကိုရပြီလေ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ ဘုရားတပည့်တော် မှတ်သားလိုက်နာပါ့မယ်။ ဒီနေရာမှာ ဥတုဆိုတာကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဒီအာရညကင် ဓူတင်ရဲ့ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုတို့ကို ဥတုနဲ့ ပိုင်းခြား ဆုံးဖြတ်ရတယ် ဦးဇင်း။ ဆိုကြပါစို့ ဝါဆိုလပြည့်ကျော် ၁ ရက်ကနေ တန်ဆောင်မုန်းလပြည့်အထိ ဝဿန္တ မိုးဥတုလို့ခေါ်တယ်။ မှတ်ထားပါနော်။

MA ဦးဇင်း ။ ။ ရေးပြီးမှတ်ပါ့မယ်ဘုရား။

ဆရာတော် ။ ။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်ကနေ တပေါင်းလပြည့်အထိ ဟေမန္တ ဆောင်းဥတုပါ။ တပေါင်းလပြည့်ကျော် ၁ ရက်ကနေ ဝါဆိုလပြည့်အထိ ဂိမှန္တ နွေဥတုဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တပည့်တော် ကြိုးစားပြီး မှတ်သားနေပါတယ်ဘုရား။

ဆရာတော် ။ ။ အာရညကင်ဓူတင်ဆောင်မဲ့ရဟန်းက ဥတုတစ်ခုခုရဲ့ အစကနေ ဆောက်တည်ရတယ်။ ဥပမာပြောရရင် ဝဿန္တမိုးတစ်ဥတုကို အာရညကင်ဓူတင်ဆောင်မယ်လို့ ဆုံးဖြတ်ထားရင် ဝါဆိုလပြည့်ကျော် ၁ ရက်ကနေ စရမယ်ဦးဇင်း။ စောနေရင်လည်းမရဘူး၊ နောက်ကျရင်လည်း မရတော့ဘူး။ ဥတုသတ်မှတ်ကာလကနေ စရပါတယ်။

MA ဦးဇင်း ။ ။ ဝါဆိုလပြည့်ကျော် ၁ ရက်ကနေ တန်ဆောင်မုန်းလပြည့်အထိ ဝဿန္တမိုးဥတုလို့ သတ်မှတ်တာဆိုတော့ ဝါတွင်းသုံးလထက် တစ်လ ပိုနေပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် အာရညကင်ဓူတင်ရဲ့ ဥတုယူဆပုံက ဝါဆိုတာနဲ့ မတူတော့ပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဝါဆိုလပြည့်ကျော် ၁ ရက်က စမယ်ဆိုတာတော့ တူတယ် ဦးဇင်း။ သီတင်းကျွတ်လပြည့်ရင် ဝါကျွတ်သော်လည်း အာရညကင်တော

ခူတင်ယူထားတဲ့ရဟန်းက တန်ဆောင်မုန်းလပြည့်အထိ ယူရတယ်။ ဒါမှ မိုးဥတုလေးလ အာရညကင်ခူတင်ရမယ်။

MA ဦးဇင်း ။ ။ ဒါကြောင့် သီတင်းကျွတ်သော်လည်း တောဝါမကျွတ်သေးဘူးလို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်တယ် ဦးဇင်း။ တောဝါက တန်ဆောင်မုန်းလပြည့်မှ ကျွတ်တာမို့ လေးလအပြည့်ယူရတယ်။ ဒါကြောင့် အာရညကင်ခူတင် ဥက္ကဋ္ဌ ဆောင်တော်မူထားတဲ့ သီတင်းသုံးဖော်မထေရ်များက တောမရတဲ့နေရာမှာ တစ်နေ့တစ်ရက်မှ သီတင်းမသုံးလိုကြပါဘူး။

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ မိမိဆောက်တည်ထားတဲ့ အာရညကင်ခူတင် တစ်ရက်၊ တစ်မနက်ပျက်ရင် ဥက္ကဋ္ဌမရတော့ဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါကိုလည်း တပည့်တော် မှတ်သားလိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒါကြောင့် မိုးတစ်ဥတုကို အာရညကင်ခူတင်ဆောင်မယ်ဆိုရင် ဝါဆိုလပြည့်ကျော် ၁ ရက်က စရမယ်။ ဆောင်းဥတုကို အာရညကင်ခူတင်ဆောင်မယ်ဆိုရင် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်က စရမယ်။ နွေတစ်ဥတုဆိုရင် တပေါင်းလပြည့်ကျော် ၁ ရက်ကနေ စရပါမယ်။ ကြားထဲမှ တစ်နေ့တစ်မနက်မှ မပျက်အောင် ကျင့်ရတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။

ဆရာတော် ။ ။ တစ်နည်း မှတ်ချင်သေးရင် ဥက္ကဋ္ဌပုဂ္ဂိုလ်က ဥတုသုံးပါးလုံး တောရအာရညမှာ သီတင်းသုံးရပါတယ်။[၁]

MA ဦးဇင်း ။ ။ မဇ္ဈိမနဲ့ မုဒုပုဂ္ဂိုလ်များအတွက် ဥတုကန့်သတ်ချက်များ ရှိသေးရင်လည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ရှိပါတယ်။ နွေလေးလ၊ ဆောင်းလေးလကို တောရကျောင်းမှာနေပြီး မိုးဥတုလေးလကို ဂါမနဲ့ ဂါမူပစာရလို့ခေါ်တဲ့ တောမရတဲ့ ရွာနီးကျောင်းမှာနေရင် မဇ္ဈိမပုဂ္ဂိုလ်ဖြစ်တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ အခုနောက်ဆုံး နွေလေးလကို တောရကျောင်းမှာနေပြီး မိုးလေးလနှင့် ဆောင်းလေးလတို့ကို ဂါမနဲ့ ဂါမူပစာရလို့ခေါ်တဲ့ တောမရတဲ့ရွာနီးကျောင်းမှာနေရင် မုဒုပုဂ္ဂိုလ်ဖြစ်ပါတယ်။[၂]

---

၁။ (၃၁)၊ အရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၀)

၂။ (၃၁)၊ အရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၀)

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ တပည့်တော် စဉ်းစားမိတာလေးတစ်ခု ရှိနေပါတယ်ဘုရား။ တောထဲမှာ ဓူတင်ဆောင်တော်မူတဲ့ အရညဝါသီရဟန်းတစ်ပါးက ရွာကျောင်းမှာ ဓမ္မကထိကဆရာတော်များရဲ့ တရားပွဲတွေရှိရင် တရားနာဖို့အတွက် ကြွခွင့်များ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိပါတယ်။ ရှိတယ် ဦးဇင်း။ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ဓူတင်ဆောင်ပုဂ္ဂိုလ်များက ရွာကျောင်းသွားပြီး တရားနာတယ် ဆိုပါစို့ ဦးဇင်း။ ဘုရားလက်ထက်ကဆိုရင် မိုးလင်းပေါက်ဟောတဲ့ တရားပွဲဖြစ်တဲ့အတွက် တရားနာရင်း အရုဏ်တက်သွားခဲ့ရင်တောင် ဓူတင်မပျက်ပါဘူး။ တရားနာတာမဟုတ်ဘဲ တခြားအကြောင်းကိစ္စတစ်ခုခုကြောင့် ရွာကျောင်းရောက်ပြီး အရုဏ်မတက်ခင် တောကို ပြန်ရောက်မယ်ဆိုရင်လည်း ဓူတင်မပျက်ပါဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ တရားနာပြီး အပြန်လမ်းခုလတ် တောမရသေးတဲ့နေရာအရောက်မှာ အရုဏ်တက်ခဲ့ရင် ဓူတင်ပျက်ပါသလားဘုရား။

ဆရာတော် ။ ။ မပျက်ဘူး။ တရားနာပြီးလို့ ပြန်ကြွရင်း လမ်းခုလတ်မှာ အရုဏ်တက်သော်လည်း ဓူတင်မပျက်ပါဘူး။ သို့သော် "စောလွန်းပါသေးတယ်၊ တစ်မှေးလောက်အိပ်ပြီးမှ တောထဲပြန်ကြွတာပေါ့ဆိုပြီး" အိပ်လိုက်တာ မနိုးခင် ဂါမန္တသေနာသနမှာ အရုဏ်တက်သွားရင်တော့ ဓူတင်ပျက်ပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ရွာနီးကျောင်းနဲ့ ရွာကျောင်းဆိုတာမှာ ရွာကျောင်းကို တပည့်တော် နားလည်ပါတယ်ဘုရား။ ရွာနီးကျောင်းဆိုတာ ဘယ်လိုကျောင်းပါလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ အာရညကင်ဓူတင်ဆောင်ပြီး တောမှာ သီတင်းသုံးတော်မူတဲ့ အရညဝါသီရဟန်းက ရွာနီးကျောင်းမှာဖြစ်စေ၊ ရွာကျောင်းမှာဖြစ်စေ မနက်အရုဏ်တက်တဲ့အထိ မနေရဘူး။ တောမှာပဲ အရုဏ်တက်တဲ့အထိ နေရမယ်လေ ဦးဇင်း။ ဒါက အာရညကင်ဓူတင် ဆောက်တည်တုန်းက 'ဂါမန္တသေနာသနံ ပဋိက္ခိပါမိ' 'အာရညိကင်္ဂံ သမာဒိယာမိ'လို့ အဓိဋ္ဌာန်တင်ခဲ့တာလေ။ မှတ်မိဦးမယ်ထင်ပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ သတိရပါပြီဘုရား။ 'ဥပစာရနဲ့တကွသော ရွာနီးကျောင်းကို ပယ်ပါ၏' 'ထိုဂါမန္တမှ အပြင်ဖြစ်သောတော၌ အရုဏ်တက်စေခြင်းဟူသော အင်္ဂါသမာဒါန စေတနာကို ဆောက်တည်ပါ၏' လို့ ဆိုရတာ မှတ်မိပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။အဲဒီတော့ အာရညကင်ဓူတင်မှာ ရွာရဲ့အင်္ဂါကို ဘယ်လို သတ်မှတ်ထားသလဲဆိုတာ ဒီမှာသိဖို့ လိုလာပြီနော်။

---

၁။ (၉၀)၊ ပဒဘာဇနီယ၊ ဒုတိယပါရာဇိက၊ ပါရာဇိကပါဠိ။ (နှာ-၅၆)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဓုတင်မှာ ရွာကို ဘယ်လိုသတ်မှတ်ထားသလဲဆိုတာ သိပါရစေဘုရား။

ဆရာတော် ။ ။ အိမ်တွေအများကြီး ရှိချင်လည်းရှိမယ်။ တစ်အိမ်တည်းပဲ ရှိချင်လည်းရှိမယ်။ လူရှိချင်လည်းရှိမယ် လူတွေနေတဲ့နေရာ ဒါမှမဟုတ်ရင် လူတွေနေခဲ့ဖူးတဲ့နေရာက ရွာပါပဲ။

MA ဦးဇင်း ။ ။ ဒါဆိုရင် အိမ်က တစ်လုံး၊ နှစ်လုံးရှိပြီး လူမနေတော့ဘူးဆိုရင် ရွာပျက်လို့ ယူနိုင်မလားဘုရား။

ဆရာတော် ။ ။ အဲဒီနေရာမှာ လူမနေဘူးဆိုတဲ့ကာလကို အယုတ်ဆုံး အပိုင်းအခြားအားဖြင့် လေးလလို့ ယူရပါတယ်။ ဆိုပါစို့။ လှည်းကုန်သည်တွေ၊ မြင်းကုန်သည်တွေ၊ လှေကုန်သည်တွေ စခန်းချပြီး လေးလလောက်နေခဲ့တယ်ဆိုရင် ဒါကိုလည်း ရွာလို့ ယူရပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် တပည့်တော် တစ်ခုမေးလျှောက်ပါရစေဘုရား။ တောရဲ့ ဥပစာအဝန်းအဝိုင်းအတွင်းမှာ သီလရှင်ကျောင်း ရှိမယ်ဆိုရင် ဓုတင်ပျက်နိုင်ပါသလားဘုရား။

ဆရာတော် ။ ။ တောရဲ့ဥပစာ ပရိဝုဏ်အတွင်းကို လင်စုံမယားဖက် မိုးလေးလဖြစ်စေ၊ နွေလေးလဖြစ်စေ၊ ဆောင်းလေးလဖြစ်စေ တစ်ဥတုအပြည့် လာပြီးနေမှသာ အာရညကင်ဓုတင်အတွက် အနှောင့်အယှက်ဖြစ်တာပါ။ သီလရှင်ကျောင်း ရှိခြင်းကြောင့်တော့ ဓုတင်ပျက်ဖို့ အကြောင်းမရှိဘူးလို့ ညောင်ရမ်းဆရာတော်ကြီးကလည်း ဆုံးဖြတ်ပေးတော်မူဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် လင်မယား သားသမီး မိသားစုလိုက် တောဥပစာအတွင်း လာနေကြတယ်။ သို့သော် သူတို့အကြောင်းတစ်ခုခုကြောင့် တစ်ဥတုမပြည့်ခင် တောထဲက ထွက်သွားမယ်ဆိုရင် ရပါသလားဘုရား။

ဆရာတော် ။ ။ ရတယ်။ ရတယ်။ သို့သော် တောထဲဓုတင်ဆောင်နေတဲ့ ရဟန်းတွေရဲ့ ပယောဂမပါဘဲ သူတို့သဘောနဲ့သူတို့ ထွက်သွားတာဆိုရင်တော့ ပိုကောင်းတာပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ မှတ်သားထားပါ့မယ်။ နောက်တစ်ခု တွေးမိတာက ဝါးခုတ်ရင်း၊ လယ်လုပ်ရင်း၊ ငါးဖမ်းရင်းနဲ့ တစ်ဥတုပြည့်ရုံမက ကျော်တဲ့အထိ နေခဲ့မယ်ဆိုရင် ရဟန်းတော်များရဲ့ အာရညကင်ဓုတင်ဆောင်တဲ့ တောရဲ့အင်္ဂါ လုံးဝပျက်သွားပြီလားဘုရား။

---

၁။ အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၉)

ဆရာတော် ॥ ॥ အခုလို ဥတုကျော်တဲ့အထိနေပြီးမှ ပြန်ထွက်သွားတာဆိုရင် ရွာပျက်တဲ့ သဘောလို့ ယူရတဲ့အကြောင်း နဘူးကျင်းဆရာတော်ကြီး မိန့်တော်မူဖူးတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ရွာပျက်တော့ အိမ်တွေလည်း ပျက်တာပါလားဘုရား။

ဆရာတော် ॥ ॥ တောရဖို့ဆိုရင် ရွာပျက်သွားလို့ရှိရင် အဆောက်အဦတွေပါ သူတို့ဖျက်သွားမှ ဖြစ်မယ်။ ဒါမှမဟုတ်ရင်လည်း အဆောက်အဦတွေ ပျက်သွားမှ အာရညကင် ဓူတင်အတွက် တောအင်္ဂါပြည့်စုံတယ်လို့ ဆရာသခင်များက ယူတော်မူကြတယ် ဘုရား။ သို့သော် ရဟန်းရဲ့ လှံ့လပယောဂကြောင့် အဆောက်အဦတွေ ဖျက်တာမျိုးတော့ မဖြစ်ကောင်းဘူးနော်။

MA ဦးဇင်း ॥ ॥ ကပ္ပိယ ဒကာတွေက လူမနေတဲ့တဲတွေကို ဖျက်တာဆိုရင် ရသလားဘုရား။

ဆရာတော် ॥ ॥ ဘုန်းကြီးခိုင်းတာ မဟုတ်ဘဲ လူတွေရဲ့ သဘောဆန္ဒအလျောက် လုပ်ကြတာ ဆိုရင် အပြစ်မရှိပါဘူး ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ကျေးဇူးတင်ပါတယ်ဘုရား။ သေသေချာချာ မှတ်သားထားပါ့မယ် ဘုရား။

## အာရညကင်ဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၇ ပါး

(၁) အမှတ်သညာကို နှလုံးသွင်းလျက် မရသေးသော သမာဓိကို ရနိုင်ခြင်း၊ ရပြီးသား သမာဓိကို စောင့်ရှောက်နိုင်ခြင်း၊

(၂) တောရကျောင်းနေရဟန်းကို ဘုရားရှင် နှစ်သက်အားရတော်မူခြင်း၊

(၃) မလျောက်ပတ်သော ရူပါရုံ စသည်တို့ကြောင့် စိတ်ပျံ့လွင့်မှု မရှိခြင်း၊

(၄) ထိတ်လန့်ခြင်းကင်းခြင်း၊

(၅) အသက်၌ ခင်မင်တွယ်တာမှုကို ပယ်စွန့်နိုင်ခြင်းနှင့်

(၆) ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်မှုဟူသော ဝိဝေကသုခ၏အရသာကို ခံစားရခြင်း

(၇) ပံ့သကူဓူတင်ဆောင် စသည်တို့၏အဖြစ်ဟူသော ကြွင်းသောဓူတင် တစ်ဆယ့်နှစ်ပါး သည်လည်း တောနေရဟန်းအား သင့်လျော်လျောက်ပတ်ခြင်းဟူသော အကျိုးတို့ကို ရနိုင်သည်။[၁]

---

၁။ အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၉)

ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော၊
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ။
ဧကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ၊
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဣန္ဒကာ။
ပံသုကူလ ဥ္စ ဧသော ဝ၊ ကဝစံ ဝိယ ဓာရယံ၊
အရညသင်္ဂါမဂတော၊ အဝသေသဓုတာယုဓော။
သမတ္ထော နစိရေနေဝ၊ ဇေတုံ မာရံ သဝါဟိနိံ၊
တသ္မာ အရညဝါသမှိ၊ ရတိံ ကယိရာထ ပဏ္ဍိတောတိ။[၁]

ဆိတ်ငြိမ်သော၊ ကိုယ်စိတ်ရှိသော၊ လူသူတို့နှင့် မရောနှောသော၊
အစွန်ကျသော၊ တောကျောင်း၌ ပျော်မွေ့သော၊ တောရနေခြင်းဖြင့်
မြတ်စွာဘုရား၏ စိတ်နှလုံးတော်ကို အားရ နှစ်သက်စေနိုင်သော။
ရဟန်းသည် တောကျောင်း၌ တစ်ပါးတည်း နေသည်ဖြစ်၍ အကြင် ဝိဝေကချမ်းသာကိုရ၏။
ထိုတောနေရဟန်း၏ ထိုသို့သော ဝိဝေက ချမ်းသာကို သိကြားမင်းနှင့်တကွ
နတ်တို့သည်သော်လည်း မရကြ မခံစားကြရကုန်။ ပံ့သကူသင်္ကန်းကိုလည်း
ချပ်ဝတ်တန်ဆာကဲ့သို့ ဝတ်ဆင်လျက် ကြွင်းသော ဓုတင်ဟူသော လက်နက်ရှိသည်ဖြစ်၍
တောအရပ်တည်းဟူသော စစ်မြေပြင်သို့ ဝင်ရောက်သော ဤရဟန်းသည်သာလျှင်
စစ်တပ်နှင့် တကွသော ကိလေသာမာရန်ကို မကြာမြင့်မီပင်လျှင် အောင်ခြင်းငှာ စွမ်းနိုင်ပေ၏။
ထို့ကြောင့် ပညာရှိသည် တောကျောင်းနေခြင်း၌ မွေ့လျော် ပျော်ပိုက်ခြင်းကို ပြုရာ၏။[၂]

၁။ အာရညိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၆၉)
၂။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၃၄)

# ၉။ ရုက္ခမူဓုတင်

## Rukkhamûla dhutaṅga



ရုက္ခမူဓုတင်ကို ဆောင်သောရဟန်းသည် "မိုးထားသော အမိုးအောက်ကို ပယ်ပြီး သစ်ပင်၏အရင်းအနီး၌ နေလေ့ရှိတော်မူသည်။"

The bhikkhu who takes the habit to remain beneath a tree is called a rukkha mulika.

### ရုက္ခမူဓုတင် ဆောက်တည်ပုံ

ရုက္ခမူဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"ဆန္နံ ပဋိက္ခိပါမိ"
"ရုက္ခမူလိကင်္ဂံ သမာဒိယာမိ" ၁
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"မိုးထားသော အမိုးအောက်ကိုပယ်ပါ၏"
"သစ်ပင်၏အရင်းအနီး၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ
သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"channaṃ pamikkhipâmi." " rukkhamûlikaṅgaṃ samâdiyâmi."
"I renounce to the spots sheltered by a roof" " I will train into dwelling beneath a tree."

---

၁။ (၃၂) ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပဌမတွဲ၊ နှာ-၇၁)

## ဝေါဟာရအဓိပ္ပာယ်

ဆန္နံ = မိုးထားသော အမိုးအောက်ကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏၊
ရုက္ခမူလိကင်္ဂ = သစ်ပင်ရင်း၏အရင်းအနီး၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
ရုက္ခမူလ = သစ်ပင်၏အရင်းအနီး၌ နေခြင်း၊
ရုက္ခမူလိက = သစ်ပင်၏အရင်းအနီး၌ နေလေ့ရှိသောရဟန်း၊
ရုက္ခမူလိကင် = သစ်ပင်၏အရင်းအနီး၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါန စေတနာသည်ပင် ရုက္ခမူဓုတင်မည်၏။

## ရုက္ခမူဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ရုက္ခမူဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ရုက္ခမူဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုရုက္ခမူဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ရုက္ခမူဓုတင်ဆောင် သူတော်ကောင်းရဟန်း

ရုက္ခမူဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ရုက္ခမူဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

---

၁။ (၁၀၅) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

# သစ်ပင်ရင်းဟူသည် ဘုရားရှင်ထားခဲ့သည့် အမွေတော်

MA ဦးဇင်း ။ ။ အရိပ်ကောင်းတဲ့ သစ်ပင်တိုင်းက ရုက္ခမူဓုတင် ဆောင်တော်မူလေ့ရှိတဲ့ ရဟန်းအတွက် သပ္ပာယ မျှတနိုင်သလားဘုရား။

ဆရာတော် ။ ။ ရုက္ခမူဓုတင်ဆောင်ပြီး သစ်ပင်အောက်မှာနေတဲ့ ရဟန်းတစ်ပါးအနေနဲ့ ရှောင်ရှားရမဲ့ သစ်ပင်အမျိုးအစားက ၇ မျိုးတောင်ရှိတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ရှောင်ရှားရမဲ့သစ်ပင်တွေရဲ့ နာမည်နဲ့အမျိုးအစားတွေကိုလည်း သိပါရစေ။

ဆရာတော် ။ ။ ရှောင်ရမဲ့အပင်အမျိုးအစားဆိုလို့ ကုက္ကိုပင်၊ တမာပင်တွေကို ဆိုလိုတာ မဟုတ်ဘူးဦးဇင်း။ ၁။ တိုင်းပြည်နှစ်ပြည်ကြားမှာရှိတဲ့ နယ်ခြားသစ်ပင်၊ ၂။ လူတို့ အမြဲမပြတ်ပူဇော်ကြပြီး နတ်အစိုးရတဲ့ သစ်ပင်၊ ၃။ အစေးရှိတဲ့ သစ်ပင်၊ ၄။ သရက်၊ ပိန္နဲစတဲ့ အသီးရှိတဲ့သစ်ပင်၊ ၅။ လင်းနို့ လင်းဆွဲတွေရှိတဲ့ သစ်ပင်၊ ၆။ အခေါင်းပေါက်ရှိတဲ့အတွက် မြွေခိုအောင်းနိုင်တဲ့ သစ်ပင်နဲ့ ၇။ အများတကာ သွားလာရာဖြစ်တဲ့ ကျောင်းဝင်းအလယ်မှာရှိတဲ့ သစ်ပင်တွေကို ရုက္ခမူဓုတင်ဆောင်မဲ့ရဟန်းက ရှောင်ရှားရမယ်တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ မှန်ပါ။ ဒါတွေကိုရှောင်ပြီး ဘယ်လိုအပင်မျိုးရဲ့ အောက်မှာ ဓုတင်ဆောင်ရပါ သလဲဘုရား။

ဆရာတော် ။ ။ သစ်ပင် ၇ မျိုးကို ရှောင်ပြီးတော့ ကျောင်းဝိုင်းရဲ့ အစွန်အဖျားမှာရှိတဲ့ သစ်ပင် အောက်မှာ ရုက္ခမူဓုတင်ကို ဆောင်ရပါတယ်ဘုရား။

MA ဦးဇင်း ။ ။ ဒီသစ်ပင် ၇ မျိုးရဲ့အောက်မှာ ဓုတင်ဆောင်ရင် ဓုတင်ပျက်လို့ပါလားဘုရား။

ဆရာတော် ။ ။ ဓုတင်တော့ မပျက်ပါဘူးဦးဇင်း။ ဒီသစ်ပင် ခုနစ်ပင်က ဘေးရန်မကင်းဘူး။ ဒါကြောင့် သမာဓိပျက်လွယ်လို့ ရှောင်ဖို့ ညွှန်ကြားတော်မူတာပါ။

MA ဦးဇင်း ။ ။ မှန်လှပါ။ နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ရှောင်ရှားရမယ်လို့ဆိုထားတဲ့ သစ်ပင်အောက်မှာမနေဘဲ သင့်တော်တဲ့ သစ်ပင် အောက်အနီးအပါးမှာ ရုက္ခမူဓုတင်ဆောင်ပြီး သီတင်းသုံးနေပါသော်လည်း မိမိသီတင်းသုံးရာသစ်ပင်ဆီကို လူတွေအများကြီး လာပြီးတော့ သစ်ပင်စောင့် နတ်တွေကို ပူဇော်ပသတာမျိုးလည်း ရံခါကြုံရတတ်သေးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလိုကြုံတွေ့လာရင် လူတွေရှေ့ထွက်ပြီး အဖူးခံရမလား။ တရားဟော ပေးရမလား။ ဘာလုပ်ရမလဲဘုရား။

---

၁။ (၃၁) ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၁)

ဆရာတော် ။ ။ ဦးဇင်းစဉ်းစားတာတွေ တစ်ခုမှ မလုပ်ကောင်းဘူး။ လူတွေ ကိုယ့်ဆီကို တည့်တည့် လာနေတာတွေ့ရင် သားသမင်များ မုဆိုးကိုတွေ့ရင် ကိုယ်လွတ်ရုန်းပြီး ခြေဦးတည့်ရာထွက်ပြေးသလို ဓုတင်ဆောင်ရဟန်းကလည်း မြန်မြန်ကြီးကို ရှောင်ထွက်သွားရတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ လူတွေကုသိုလ်တိုးအောင် အဖူးအတွေ့ခံသင့်ရက်နဲ့ ဘာကြောင့်များ ရှောင်သွားရတာပါလဲဘုရား။

ဆရာတော် ။ ။ ဘာကြောင့်လဲဆိုရင် ဓုတင်ဆောင်ရဟန်းဆိုတာ လူမြင်ခံပြီး မနေသင့်ဘူး။ ကြောင်လက်သည်း ဝှက်ထားသလို ဖုံးကွယ်သိုဝှက်ပြီး နေရတယ်ဦးဇင်း။ တောရဆရာတော်ကြီးတစ်ပါး မိန့်တော်မူတာက "တောထဲက သားသမင်တွေ မုဆိုးမမြင်အောင်နေကြသလို ဓုတင်ဆောင်ရဟန်းကလည်း အနေသိုသိပ်ရပါတယ်"တဲ့။ ဒါက ဓုတင်ရဲ့ ဂုဏ်ရည်ပါဘုရား။

MA ဦးဇင်း ။ ။ မှတ်သားလိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ရုက္ခမူဓုတင်ဆိုတာ အလွန်ပင် မြတ်နိုးစရာကောင်းတယ်ဦးဇင်း။ မြတ်စွာဘုရား အလောင်းတော်ကို သစ်ပင်ရင်းမှာ ဖွားမြင်ပါတယ်။ ဘုရားဖြစ်တော်မူတာလည်း သစ်ပင်ရင်းမှာပဲနော်။ ဓမ္မစကြာတရား ဟောတော်မူတာလည်း သစ်ပင်ရင်းမှာပါဘုရား။ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူတာလည်း သစ်ပင်ရင်းဖြစ်တဲ့အတွက် သစ်ပင်ရင်းဆိုတာ ဘုရားရှင်ထားတော်မူခဲ့တဲ့ အမွေတော်နော်။[၂]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သစ်ပင်ရင်းမှာ ဆောက်တည်ရတဲ့ ရုက္ခမူဓုတင်ရဲ့ လေးနက်မှုကို အခုမှ နက်နက်ရှိုင်းရှိုင်း နားလည်လာရတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား။

## သစ်ပင် နှင့် ဓုတင်

MA ဦးဇင်း ။ ။ ရုက္ခမူဓုတင်ဆောင်ထားတဲ့ရဟန်းက "မိုးထားသော အမိုးအောက်ကို ပယ်ပါ၏" လို့ အဓိဋ္ဌာန်တင်ထားရတဲ့အတွက် သံဃကံဆောင်ဖို့ကိစ္စ အထူးထူးကြောင့် သိမ်အမိုးအောက်ထဲ ဝင်ခွင့် မရှိတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ ရှိပါတယ်။ တရားနာဖို့ဖြစ်စေ၊ ဥပုသ်ပြုဖို့ဖြစ်စေ အမိုးအောက်ကို ဝင်လို့ရပါတယ်။ ဆောင်ရွက်ဖွယ်ကိစ္စတွေပြီးရင်တော့ ပြန်ထွက်ရမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဒါဆိုရင် သိမ်ထဲမှာ ဥပုသ်ပြုနေတုန်းမှာ မိုးရွာလာခဲ့လို့ရှိရင် သိမ်အမိုးအောက်မှာ ဆက်ပြီး နေခွင့်ရှိပါသေးသလားဘုရား။

၁။ (၃၂) ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၁)

၂။ (၃၂) ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၁)

ဆရာတော် ။ ။ သိမ်ထဲက်ဆောင်နေတုန်း မိုးရွာခဲ့ရင် မိုးစဲမှ အပြင်ထွက်လို့ ရပါတယ်။

MA ဦးဇင်း ။ ။ မြန်မာနိုင်ငံမှာ မိုးများတဲ့ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းတွေမှာ ဒီရုက္ခမူဓူတင်ကိုဆောင်ပြီး မိုးတွင်းလေးလလုံးလုံး သစ်ပင်အောက်မှာ နေရမယ်ဆိုရင် တော်တော်ဆင်းရဲမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဆင်းရဲမယ် ဦးဇင်း။ သို့သော် မိုးအခါ ဝါတွင်းကာလမှာ ရဟန်းတော်များ သီတင်းသုံးဖို့ ကျောင်းနဲ့ဆိုင်တဲ့ ဝိနည်းပြဋ္ဌာန်းချက်တွေ ရှိပါသေးတယ်။ ပြီးမှ ပြောပြမယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဝိနည်းနဲ့ ဓူတင်ယှဉ်လာရင် ဘယ်ဘက်ကို အလေးပေးပြီး လိုက်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဦးဇင်း ဝိနည်းကို အလေးပေးရမယ်။ ဝိနည်းပြဋ္ဌာန်းချက်နဲ့အညီ ဓူတင်ဆောင်ရမယ်ဘုရား။ ဝိနည်းကို အလေးမထား၊ ဝိနည်းကို ဂရုမစိုက်၊ ဝိနည်းကို ကျော်လွန်ပြီး ဓူတင်ကျင့်တာကို သူတော်ကောင်းကြီးများက ဘယ်သောအခါမှာမှ မချီးမွမ်းကြပါဘုရား။

MA ဦးဇင်း ။ ။ ဝိနည်းပညတ်ချက် ဘောင်ထဲကနေ ဓူတင်ဆောင်ရမယ်ဆိုတာ နားလည်ပါပြီဘုရား။ မှတ်သား လိုက်နာပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒါတင်မကသေးဘူး ဦးဇင်း။ စိတ်ထားကောင်းနဲ့ ယှဉ်ပြီးတော့လည်း ဓူတင်ဆောင်ရပါတယ် ဦးဇင်း။ ဒီနေရာမှာ သတိရလို့ ပြောပြဦးမယ်။ အရှင်ဒေဝဒတ်က မြတ်စွာဘုရားရှင် ထံတော်ပါးကနေ "သာသနာတော်၌ရှိသည့် သံဃာတော်များအားလုံး သစ်ပင်ရင်းတည်းဟူသော ကျောင်း၌သာ သီတင်းသုံးရန် ခွင့်ပြုတော်မူပါဘုရား" လို့တောင်းဆိုခဲ့ဖူးသေးတယ်။

MA ဦးဇင်း ။ ။ အရှင်ဒေဝဒတ်ကိုယ်တိုင်လည်း ရုက္ခမူဓူတင်ဆောင်ပြီး သံဃာတော်အများကိုလည်း ဓူတင်ဆောင်ဖို့ လျှောက်တာပါလားဘုရား။

ဆရာတော် ။ ။ အရှင်ဒေဝဒတ်ရဲ့ မူလစိတ်ဓာတ်က ဦးဇင်းတွေးထင်သလောက် မဖြူစင်ဘူး၊ မရိုးသားဘူး၊ အတွင်းကောက်နေတယ်။ သံဃာသင်းခွဲဖို့ကြံစည်ပြီး လျှောက်ထားလာတယ်ဆိုတာကို မြတ်စွာဘုရားရှင် သိတော်မူတယ်။

MA ဦးဇင်း ။ ။ အရှင်ဒေဝဒတ်ကို ဘုရားရှင် ဘယ်လိုများ မိန့်ကြားတော်မူခဲ့ပါလဲဘုရား။

ဆရာတော် ။ ။ "ဒေဝဒတ်၊ ရှစ်လပတ်လုံး သစ်ပင်ရင်းကျောင်း၌ နေခြင်းကို ငါဘုရားခွင့်ပြုထားပြီးပြီ" လို့ မိန့်တော်မူပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဘုရားရှင်က သံဃာတော်များ မလိုအပ်ဘဲ ပင်ပန်းမှာကို လိုလားတော်မမူဘူးဆိုတာကို နားလည်ပါပြီဘုရား။

---

၁။ (၁၀) သံဃဘေဒသိက္ခာပဒ၊ ပါရာဇိကပါဠိ (နှာ-၂၆၄)

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါကြောင့် မိုးလေးလပတ်လုံး "ဟင်းလင်းပြင်၌ ဝါမကပ်အပ်" "ကျောင်းမရှိဘဲ ဝါမကပ်အပ်" လို့ တားမြစ်တော်မူတာလည်း ရှိသေးတယ်။[၁]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဓူတင်ဆောင်ရဟန်းက မိုးသည်းနေတဲ့အချိန်မှာ အမိုးအောက် ထဲဝင်လို့ အပြစ်ဖြစ်ဖွယ် မရှိဘူးဆိုတာကို တပည့်တော် ကောင်းကောင်း နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ဝါဆိုတော်မူတဲ့ရဟန်းက "တံခါးနှင့်တကွ မိုးလုံသောကျောင်းရှိလျှင် ဝါကပ် ကောင်း၏" လို့ ဝိနည်းမှာ ပြဋ္ဌာန်းထားတဲ့အတွက် မဟာစည်ဆရာတော်ကြီး ပြုစုတော်မူခဲ့တဲ့ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းစာအုပ်ရဲ့အောက်က foot notes မှာ ဆရာတော်ကြီးက "ရုက္ခမူဓူတင်ဆောင်ရဟန်းက အမိုးအောက်ကို ဝင်ရင် ဓူတင်ပျက်ဖွယ် မရှိဘူး"လို့ ပြတော်မူပါတယ်ဘုရား။[၂]

MA ဦးဇင်း ။ ။ သေသေချာချာ မှတ်သားထားပါ့မယ်ဘုရား။

## ဓူတင်ဆောင်ရဟန်း အမိုးအောက် ဝင်ခွင့်ရှိသည့်အခြေအနေ

ဆရာတော် ။ ။ ပြီးတော့ ရုက္ခမူဓူတင်ကို မုဒုအဆင့်ဆောင်ထားတဲ့ ရဟန်းက ကပ္ပိယ ဒကာတွေကိုဖြစ်စေ၊ သာမဏေတွေကိုဖြစ်စေခေါ်ပြီး သစ်ပင်အောက်ကို သုတ်သင်ရှင်းလင်းစေပြီး သဲဖြူခင်း၊ စောင်ရန်းအကာအရံကို လုပ်ခိုင်းနိုင် တယ်။ တံခါးလည်း တပ်ခိုင်းနိုင်တယ်လို့ ဖွင့်ဆိုထားပါသေးတယ်ဘုရား။[၃]

MA ဦးဇင်း ။ ။ ဓူတင်ကျင့်စဉ်က အပေါ်ယံကြည့်လို့သာ လွယ်တယ်ထင်ရတာ။ အတော်ကြီး ကို သိမ်မွေ့နူးညံ့ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါကြောင့် အခုလို ဓူတင်ကျင့်စဉ်ကို ထဲထဲဝင်ဝင်သိရတော့မှ သာသနာတော်မှာ ဓူတင်ဆောင် မထေရ်မြတ်တို့ကို အလေးဂရုပြု လေးစား ကြည်ညိုမဆုံး ဖြစ်ကြရတာပေါ့ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် မေးလျှောက်ချင်တာက ကျောင်းရဲ့ အစွန်အဖျား မှာရှိတဲ့ သစ်ပင်ခြေရင်းအနီးအနားမှာ ဒီရုက္ခမူဓူတင်ဆောင်တော်မူတဲ့ ရဟန်းက စာသင်စာချဖို့ ကျောင်းအမိုးအောက် ဝင်ခွင့်ရှိပါ သလားဘုရား။

ဆရာတော် ။ ။ စာသင်ပေးဖို့ဖြစ်စေ၊ စာသင်ယူဖို့ဖြစ်စေ၊ ဆွမ်းစားကျောင်း တာဝန်အရ ဖြစ်စေ၊ ကျောင်းအပြင် မထားကောင်းတဲ့ ပစ္စည်းတွေကို အမိုးအကာအောက် ရောက်အောင် ပို့ဆောင်ရာမှာဖြစ်စေ ဝင့်ခွင့်ရှိပါတယ်ဘုရား။

---

၁။ (၁၁၆) ဝဿံ အနုပဂန္တဗ္ဗဋ္ဌာနာနိ၊ဝိနယမဟာဝဂ္ဂပါဠိ (နှာ-၂၁၂)

၂။ ဝိသုဒ္ဓိမဂ်မြန်မာပြန် (နှာ-၂၃၇)

၃။ (၃၂) ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၁)

## ဓူတင်ပျက်ခြင်း

MA ဦးဇင်း ॥ ॥ ဒါဆိုရင် တောလမ်းခရီးသွားနေရင်း မိုးရွာလို့ လယ်တဲမှာဖြစ်စေ၊ ဇရပ်မှာ ဖြစ်စေ နားခိုခွင့် ရှိလောက်ပါပြီဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ်ဦးဇင်း၊ ရှိပါတယ်။ သို့သော် မိုးက အဆက်မပြတ်ရွာလို့ လယ်တဲမှာ နေရင်း မိုးချုပ်သွားခဲ့ရင် နောက်တစ်နေ့မနက် အရုဏ်မတက်ခင် အမိုး အပြင်ကို ထွက်ရပါမယ်ဘုရား။

MA ဦးဇင်း ॥ ॥ အရုဏ်မတက်ခင် ဘာကြောင့် ထွက်ရတာပါလဲဘုရား။

ဆရာတော် ॥ ॥ ရုက္ခမူဓူတင်ဆောင်ရဟန်းက အမိုး ၅ မျိုးထဲက တစ်မျိုးမျိုးရဲ့အောက်မှာ နေလိုတဲ့ဆန္ဒဖြစ်ပြီး ဝင်နေလိုက်တာနဲ့ မိမိဆောက်တည်ထားတဲ့ဓူတင် ပျက်ပါ တယ်ဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ စောစောကပြောခဲ့သလို မိုးရွာလို့ ဇရပ်ထဲဝင်ပြီး မိုးခိုနေလိုက်တယ် ဆိုပါစို့။ ညမိုးချုပ်သွားတယ်။ မနက်ကျတော့ မိမိက အမိုးအောက်မှာရှိတယ်ဆိုတာကို သိနေပါလျက် အရုဏ်တက်တဲ့အထိ နေမိရင်လည်း ဓူတင်ပျက်တယ်လို့ အင်္ဂုတ္တိုရ်နိကာယ်ဆောင် ဆရာမြတ်တို့ရဲ့ အဆိုအမိန့် မှတ်တမ်းရှိပါတယ်။

MA ဦးဇင်း ॥ ॥ တပည့်တော် စဉ်းစားနေမိတာက ရုက္ခမူဓူတင်ပျက်တယ်ဆိုတာ မိုးဥတုမှာ ပျက်တာပါလားဘုရား။

ဆရာတော် ॥ ॥ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးရှိတဲ့ထဲက မိုးလေးလကို ကြဉ်ထားပြီး ဆောင်း ဥတု ၄ လ နဲ့ နွေဥတု ၄ လ စုစုပေါင်း ၈ လ မှာ အမိုးအောက်နေမိရင် ဓူတင်ပျက်တယ်လို့ ယူရပါမယ်။

MA ဦးဇင်း ॥ ॥ မိုးလေးလ ကြဉ်ဖယ်ထားတာကို မှတ်သားပါ့မယ်ဘုရား။ အခုန ဆရာတော် မိန့်တော်မူတဲ့ အမိုး ၅ မျိုးဆိုတာ ဘယ်လိုအမိုးတွေပါလဲဘုရား။

ဆရာတော် ॥ ॥ အမိုး ၅ မျိုးဆိုတာ ၁။ အုတ်ကြွပ်အမိုး၊ ၂။ ကျောက်ပြားအမိုး၊ ၃။ အင်္ဂတေ အမိုး၊ ၄။ သက်ငယ်၊ မြက်အမိုး၊ ၅။ ထန်းရွက်၊ အင်ဖက် စတဲ့ သစ်ရွက် အမိုးတွေ ဖြစ်ပါတယ်။[၁] အခုလို အမိုးတစ်မျိုးမျိုးရဲ့အောက်မှာ နေလိုတဲ့ဆန္ဒ ဖြစ်ပြီး ဝင်နေလိုက်တာနဲ့ မိမိဆောက်တည်ထားတဲ့ဓူတင် ပျက်တာပါ။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

---

၁။ (၃၀၃) အာရာမပရိက္ခေပအနုဇာနန်၊ စူဠဝဂ္ဂပါဠိ (နှာ-၃၀၁)

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ ရုက္ခမူဓုတင်မှာရှိတဲ့ ဥက္ကဋ္ဌ၊ မဇ္ဈိမနဲ့ မုဒုတို့ရဲ့ ကျင့်စဉ်ကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ရုက္ခမူဓုတင်မှာလည်း ကျန်တဲ့ဓုတင်လိုပဲ ဥက္ကဋ္ဌ The noble practitioner . မဇ္ဈိမ The intermediate practitioner မုဒု The ordinary practitioner. လို့ ရှိပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်မိပါပြီဘုရား။

ဆရာတော် ။ ။ ပထမဦးဆုံး ဥက္ကဋ္ဌရဟန်းရဲ့ ကျင့်စဉ်ကို ပြောပြမယ်နော်။ စောစောက ပြောပြခဲ့တဲ့ ရှောင်ရှားရမဲ့သစ်ပင် ၇ မျိုးကနေ လွတ်တဲ့သစ်ပင်ကိုယူပြီးတော့ နေရတယ်။ သုတ်သင်ရှင်းလင်းဖို့ မအပ်ဘူးလို့ ဆိုပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သစ်ရွက်ခြောက် အမှိုက်တွေကြားထဲ နေရတာပါလားဘုရား။

ဆရာတော် ။ ။ သစ်ရွက်ခြောက် စတဲ့ အမှိုက်သရိုက်တွေကို ခြေထောက်နဲ့ ယက်ထုတ်ပြီး နေရပါတယ်ဘုရား။ ဒါက ဥက္ကဋ္ဌရဟန်းရဲ့ ကျင့်စဉ်ပါ။ နောက် စုလ္လဋီကာ ကျမ်းမှာပြတာက သစ်ရွက်ခြောက်တွေကို လက်နဲ့ဖယ်ရှားလို့ရတယ်လို့တော့ ဖွင့်ဆိုထားပါသေးတယ်။[၁]

MA ဦးဇင်း ။ ။ တင်ပါဘုရား။

ဆရာတော် ။ ။ မဇ္ဈိမရဟန်းက သီတင်းသုံးရာ သစ်ပင်ရှိတဲ့ဆီ ရောက်လာတဲ့လူတွေကို သုတ်သင် ရှင်းလင်းခိုင်းလို့ ရတယ်လို့ ဆိုထားပါတယ်။

MA ဦးဇင်း ။ ။ တတိယ မုဒုရဟန်းအတွက် ညွှန်ကြားတာကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ မုဒုရဟန်းကတော့ သာမဏေတွေ၊ ကပ္ပိယတွေကို သုတ်သင်ရှင်းလင်း ခိုင်းရုံမကဘူး မြေကို ညီအောင်ညှိခိုင်းပြီး သဲဖြူးတံတိုင်း အကာအရံတွေကို လုပ်လို့ရပါတယ်။ လိုအပ်သေးရင် တံခါးတပ်ခိုင်းလို့ရတယ် ဦးဇင်း။[၂] ဘုန်းကြီးတို့ရဲ့သီတင်းသုံးဖော် တစ်ပါးကတော့ အလွန်ကိုကြီးတဲ့ သစ်ပင်ရဲ့ သစ်ခေါင်းထဲဝင်နေပြီး အဝင်အထွက် ပျဉ်တံခါး တပ်ထားတာ တွေ့ဖူးတယ်။

MA ဦးဇင်း ။ ။ သစ်ပင်ကြီးကြီးဆိုရင် ရုက္ခစိုးနတ်တွေ ပူဇော်တာမျိုး ရှိမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရှိနိုင်တယ်။ ဒါကြောင့် လူတွေလာရင် ဝေးရာရှောင်ထွက်ရတယ်လို့ စာမှာ ညွှန်ကြားထားတယ်လေ ဦးဇင်း။ ဘာကြောင့်လဲဆိုရင် မိမိက ရုက္ခမူလိကအဖြစ် သစ်ပင်ရင်းမှာ နေသူမှန်းမသိအောင် လျှို့ဝှက်ဖုံးလွှမ်းရတာက ဓုတင်ရဲ့ ထုံးတမ်းစဉ်လာ ဓလေ့ပါဘုရား။

---

၁။ (၇၂)၊ ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၂)

၂။ ၂။ မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၃၇)

MA ဦးဇင်း ။ ။ အခုလို ဓူတင်ကို ကျင့်တော်မူတဲ့ သူတော်ကောင်းရဟန်းတွေ မြန်မာနိုင်ငံမှာ အများကြီး ရှိပါသလားဘုရား။

ဆရာတော် ။ ။ အများကြီး မရှိလောက်တော့ဘူးထင်တယ်။ နဘူးကျင်းဆရာတော်ကြီးက "သာသနာကွယ်တယ်ဆိုတာ ဘယ်လိုပါလဲတဲ့၊ ဒကာတစ်ယောက်ကမေးတယ်။ အခုခေတ် ဓူတင်ကျင့်တဲ့ရဟန်းတွေ နည်းပါးလာပြီ၊ ဓူတင်ကျင့်သူ မရှိတော့ရင် ဓူတင်သာသနာ ကွယ်ပြီပေါ့" လို့ မိန့်ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားပါ့မယ်ဘုရား။

ဆရာတော် ။ ။ မြတ်စွာဘုရားရှင် မိန့်တော်မူတာ ရှိသေးတယ် "အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ကျောင်းကောင်းကောင်းကို အလိုရှိလာကြလိမ့်မယ်။ ကျောင်းကောင်းကို အလိုရှိကြတဲ့အတွက် ရုက္ခမူဓူတင်ဆောင်မှုကို စွန့်လွှတ်ကြလိမ့်မယ်။ တောရကျောင်းများကို စွန့်လွှတ်ကြလိမ့်မယ်။ မြို့ကြီး ရွာကြီး မင်းနေပြည်တို့ကို ဝင်နေထိုင်ကြလိမ့်မယ်။ ကျောင်းကောင်းရအောင် မအပ်စပ်တဲ့နည်းနဲ့ ရှာဖွေကြလိမ့်မယ်"တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဘုရားရှင်ဟောတော်မူတဲ့ခေတ်က အခုရောက်နေပြီ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရောက်နေပါပြီ၊ ရောက်တာတောင် တော်တော်ကြာလောက်ပြီ ဦးဇင်း။

## ရုက္ခမူဓူတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး

၁။ "သစ်ပင်ရင်းတည်းဟူသော ကျောင်းကို အမှီပြု၍ ရဟန်း၏အဖြစ်သည် (မှုတတည် နေရ၏)" ဟူသော မြတ်စွာဘုရား၏ စကားတော်ကြောင့် (တတိယ) နိဿယအား လျော်သောအကျင့် ရှိခြင်း၊

၂။ "အဖိုးလည်း နည်းကုန်၏၊ ရလည်း ရလွယ်ကုန်၏၊ ထိုအဖိုးနည်း၍ ရလွယ်သော ကျောင်းတို့သည် အပြစ်လည်း ကင်းကုန်၏"ဟု မြတ်စွာဘုရား ချီးမွမ်းအပ်သောပစ္စည်း ဖြစ်ခြင်း၊

၃။ သစ်ရွက်တို့၏ မပြတ်ပြောင်းလဲ ဖောက်ပြန်ခြင်းကို မြင်ရသဖြင့် အနိစ္စသညာကို ဖြစ်စေနိုင်ခြင်း၊

၄။ ကျောင်း၌ ဝန်တိုခြင်း၊ အမှုသစ် အလုပ်အကိုင်၌ မွေ့လျော်ခြင်းတို့၏ မရှိခြင်း၊

၅။ ရုက္ခစိုးနတ်တို့နှင့် အတူတကွ နေရခြင်း၊

၆။ အပ္ပိစ္ဆတာ စသည်တို့အားလျော်သော အကျင့်ရှိခြင်း၊[၂]

---

၁။ (၈၀) စတုတ္ထအနာဂတဘယသုတ္တံ၊ ယောဓာဇီဝဝဂ္ဂ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ (ဒုတိယတွဲ၊ နှာ-၉၆)

၂။ (၃၂) ရုက္ခမူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၁)

ဝဏ္ဏိတော ဗုဒ္ဓသေဋ္ဌေန၊ နိဿယောတိ စ ဘာသိတော၊
နိဝါသော ပဝိဝိတ္တဿ၊ ရုက္ခမူလသမော ကုတော။
အာဝါသမစ္ဆေရဟရေ၊ ဒေဝတာ ပရိပါလိတေ၊
ပဝိဝိတ္တေ ဝသန္တော ဟိ၊ ရုက္ခမူလမှိ သုဗ္ဗတော။
အဘိရတ္တာနိ နီလာနိ၊ ပဏ္ဍူနိ ပတိတာနိ စ၊
ပဿန္တော တရုပဏ္ဏာနိ၊ နိစ္စသညံ ပနူဒတိ။
တသ္မာ ဟိ ဗုဒ္ဓဒါယဇ္ဇံ ဘာဝနာဘိရတာလယံ၊
ဝိဝိတ္တံ နာတိမညေယျ၊ ရုက္ခမူလံ ဝိစက္ခဏောတိ။[၁]

ဘုရားမြတ်စွာသည် (အဖိုးလည်း နည်းကုန်၏ စသည်ဖြင့်) ချီးမွမ်းအပ်သော ရဟန်းအဖြစ်၏ မှီရာနိဿယဟူ၍လည်း ဟောတော်မူအပ်သော သစ်ပင်ရင်းနှင့်တူသော ဆိတ်ငြိမ်ခြင်းကို အလိုရှိသော ယောဂီ၏နေရာသည် အဘယ်မှာ ရှိအံ့နည်း။ ဤသို့ဆိုရခြင်းအကြောင်းကား အာဝါသမစ္ဆေရကို ပယ်ဖျောက်ရာဖြစ်သော ရုက္ခစိုးနတ်တို့သည် စောင့်ရှောက်အပ်သော လူသူကင်းဆိတ်သော သစ်ပင်ရင်း၌နေသော ကောင်းသောအကျင့်ရှိသော ယောဂီသည်[၃] (နုခါစ၌) စက်စက်နီကြ၍ (ရင့်သောအခါ) စိမ်းကြပြီးလျှင် (မှည့်သောအခါ) ဝါရော်ကုန်လျက် အညှာမှ ကြွေကျကုန်သော သစ်ရွက်တို့ကို တွေ့မြင်ရသည်ဖြစ်၍ မြဲသည်ဟု ထင်သော အမှတ်သညာကို ပယ်ဖျောက်နိုင်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အမွေတော်ဖြစ်သော ဘာဝနာ၌ မွေ့လျော်သောသူတို့၏ နေရာဖြစ်သော ဆိတ်ငြိမ်သော သစ်ပင်ရင်းကို အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ရဟန်းသည် မထီမဲ့မြင်မပြုဘဲ အလေးအမြတ်ပြုရာ၏။[၂]

၁။ (၃၂) ရုက္ခမူလိကင်္ဂကထာ၊ ခုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၁)
၂။ မဟာစည်ဆရာတော်ကြီး ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၃၈)

# ၁၀။ အဗ္ဘောကာသိကဓုတင်

## Abbhokâsika dhutaṅga



အဗ္ဘောကာသိကဓုတင်ကို ဆောင်သောရဟန်းသည် အမိုးကိုလည်းကောင်း၊ သစ်ပင်ရင်း သစ်ပင်ရိပ်ကိုလည်းကောင်း ပယ်ပြီး လွင်ပြင်ကောင်းကင်အောက်၌ နေတော်မူလေ့ရှိသည်။

The bhikkhu who has the habit to dwell on a bare and unsheltered spot is called an abbhokasika.

### အဗ္ဘောကာသိကဓုတင် ဆောက်တည်ပုံ

အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ"
"အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ"[၁]
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"အမိုးကိုလည်းကောင်း၊ သစ်ပင်ရင်း သစ်ပင်ရိပ်ကိုလည်းကောင်း ပယ်ပါ၏"
"လွင်ပြင်ကောင်းကင်အောက်၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"chandañca rukkhamûlañca paṭ ikkhipâmi,." "abbhokâsikaṅgaṃ samâdiyâmi."
"I renounce to roofs and trees, I will train into dwelling on spots situated outdoor and devoid of any shelter."

၁။ (၃၃) အဗ္ဘောကာသိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၂)

## ဝေါဟာရအစိပ်ပွားယ်

ဆန္ဒဥ = အမိုးကိုလည်းကောင်း၊
ရုက္ခမူလဥ = သစ်ပင်ရင်း သစ်ပင်ရိပ်ကိုလည်းကောင်း၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
အဗ္ဘောကာသိကင်္ဂ = လွင်ပြင်ကောင်းကင်အောက်၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
အဗ္ဘောကာသ = လွင်တီးခေါင်ဟင်းလင်းပြင်၌ နေခြင်း၊
အဗ္ဘောကာသိက = လွင်တီးခေါင်ဟင်းလင်းပြင်၌ နေလေ့ရှိသည့်ရဟန်း၊
အဗ္ဘောကာသိကင်္ဂ = လွင်တီးခေါင်ဟင်းလင်းပြင်၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာသည်ပင် အဗ္ဘောကာသိကဓုတင် မည်၏။

## အဗ္ဘောကာသိကဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် အဗ္ဘောကာသိကဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုအဗ္ဘောကာသိကဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## အဗ္ဘောကာသိကဓုတင်ဆောင် သူတော်ကောင်းရဟန်း

အဗ္ဘောကာသိကဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကိုကျင့်၏။ ရိုသေထိုက်အောင် ကျင့်၏။
တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
အဗ္ဘောကာသိကဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

---

၁။ (၁၀၅) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

# ဓုတင်ဆောင်ရဟန်း အမိုးအောက်ကို ဝင်ခွင့်ရသည့်အချိန်

MA ဦးဇင်း ॥ ॥ အဗ္ဘောကာသိကဓုတင်ဆောင်ရဟန်းက ဘယ်သောအခါမှာမှ အမိုးအောက်ကို ဝင်ခွင့်မရှိတာပါလားဘုရား။

ဆရာတော် ॥ ॥ မဟုတ်ပါဘူး။ တရားနာတဲ့အခါမှာ ဓမ္မာရုံ၊ မဏ္ဍပ်တွေရဲ့ အမိုးအောက်ဝင်ဖို့လိုရင် ဝင်နိုင်ပါတယ်ဘုရား။ ဥပုသ်ပြုဖို့အတွက် သိမ်ကျောင်းရဲ့ အမိုးအောက်ကိုလည်း ဝင်ခွင့်ရှိပါတယ်။[၁]

MA ဦးဇင်း ॥ ॥ သိမ်ရဲ့အမိုးအောက်မှာ ဥပုသ်ပြုနေတုန်း မိုးရွာလာတာ၊ ပြီးတဲ့အထိ မိုးမတိတ်ရင် အမိုးအောက်ကနေ မိုးရွာထဲကို ထွက်ရမလား။ အမိုးအောက်မှာ ဆက်နေရမလားဘုရား။

ဆရာတော် ॥ ॥ မိုးမတိတ်မချင်း အမိုးအောက်ကို နေခွင့်ရှိပါတယ်။ မိုးတိတ်ရင်တော့ အပြင်ထွက်ရမယ်နော် ဦးဇင်း။

MA ဦးဇင်း ॥ ॥ အမိုးရှိတဲ့ ကုဋီထဲကိုဝင်ရင် ဓုတင်ပျက်ပါသလားဘုရား။

ဆရာတော် ॥ ॥ မပျက်ပါဘူး။ ဝင်ခွင့်ရှိပါတယ်။

MA ဦးဇင်း ॥ ॥ ခရီးတစ်ခုခုကြွသွားတုန်း လမ်းခုလတ်မှာ မိုးရွာရင် ဓုတင်ဆောင်ရဟန်းက ဘယ်လိုများ ကျင့်ရပါသလဲဘုရား။

ဆရာတော် ॥ ॥ ခရီးသွားနေတုန်း လမ်းခရီးမှာ မိုးရွာလာလို့ရှိရင် လမ်းမှာတွေ့တဲ့ ဇရပ်တို့ လယ်တဲတွေထဲကို ဝင်နေခွင့် ရှိပါတယ်။ သို့သော် မိုးတိတ်ရင်တော့ အပြင်ထွက်ရမယ်နော် ဦးဇင်း။

MA ဦးဇင်း ॥ ॥ အဗ္ဘောကာသိကဓုတင်ဆောင်ရဟန်း အမိုးအောက် ဝင်ခွင့်ရှိတဲ့ အခြားအခြေအနေများရှိသေးရင်လည်း သိချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဆွမ်းစားကျောင်းတို့ မီးတင်းကုပ်တို့မှာ ဝင်ပြီးတော့ ဆိုင်ရာဝေယျာဝစ္စတွေကို လုပ်ခွင့်ရှိပါတယ်။ ပြီးတော့ သူတစ်ပါးတို့ကို စာသင်ပေးဖို့ဖြစ်စေ၊ မိမိက စာပေသင်ယူဖို့ဖြစ်စေ အမိုးအောက်ကို ဝင်လို့ရပါတယ် ဦးဇင်း။

MA ဦးဇင်း ॥ ॥ ဓုတင်မပျက်တဲ့ အမိုးများ ရှိပါသေးသလားဘုရား။

ဆရာတော် ॥ ॥ ရှိတယ်ဘုရား။ ရှိတယ်။ ရှေးရှေးက မဟာမြိုင်တောရက လှိုဏ်ထဲမှာ စစ်တောင်းဆရာတော်တို့ သင်္ကန်းကျောင်းနဲ့ဝါဆိုပြီး သီတင်းသုံးဖူးတာ မှတ်မိသေးတယ်။ အဝတ်သင်္ကန်းက အမိုးဖြစ်လို့မို့ ဓုတင်မပျက်ပါဘူးဘုရား။

MA ဦးဇင်း ॥ ॥ သင်္ကန်းအမိုးက ရတာပါလားဘုရား။

---

၁။ (၃၃) အဗ္ဘောကာသိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၂)

ဆရာတော် ။ ။ ရတယ်။ အဋ္ဌကထာကာသိကစူတင် အမြွတ်စားဥက္ကဋ္ဌ ဆောက်တည်ထားတဲ့ ရဟန်းအတွက် အဝတ်သက်န်းအမိုးက အပ်တယ်လို့ ဝိမတိဋီကာက ဆုံးဖြတ်ပေးထားပါတယ်။[၁]

MA ဦးဇင်း ။ ။ ဝိနည်းလေးစားတော်မူတဲ့ ရဟန်းတော်များ ကျောင်းဆောင်ပေါ် မတက်ဘဲ လွင်တီးခေါင်မှာ သီတင်းသုံးတော်မူရတဲ့ အခြားရည်ရွယ်ချက်များလည်း ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ ရှိတယ်။ ဘကြီးတော် မင်းတရားကြီးလက်ထက်က မှတ်တမ်းတစ်ခု ဖတ်ဖူးတယ်။

MA ဦးဇင်း ။ ။ သမိုင်းထဲက သာသနာ့မှတ်တမ်းကို သိပါရစေဘုရား။

ဆရာတော် ။ ။ အရှင်သဒ္ဓမ္မာလင်္ကာရမထေရ်မြတ်က လွန်တော်မူခါနီးအချိန်မှာ သီတင်းသုံးခဲ့တဲ့ ကျောင်းအပေါ်မှာ နိဿဂ္ဂိသံသယ ဖြစ်လို့လားမသိဘူး။ အဋ္ဌကထာကာသိကစူတင်အကျင့်နဲ့ လွင်တီးခေါင်မှာပဲ နောက်ဆုံးအချိန်အထိ သီတင်းသုံးတော်မူသွားပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နောက်တစ်ခု သတိရတာက နဘူးကျောင်းဆရာတော်ကြီးနဲ့ သိမ်သမုတ် အတူကြွဖူးတယ်။ ဆရာတော်ကြီးက အသည်းရောဂါကြောင့် ဗိုက်တွေ ယောင်ယမ်းနေတယ်။ ခြေဖမိုးတွေ မို့နေတယ်။ ခြေဖမိုးကို ကိုင်ကြည့်တော့ နွေးနေတယ် "ဆရာတော်ဘုရား၊ နေမကောင်းဘူးလား"လို့ မေးလျှောက်တော့ ဆရာတော်ကြီးက "ကိုယ်ကငွေ့ငွေ့၊ ငွေ့ငွေ့နဲ့ ဖျားနေတာကြာပြီ။ အဖျားကြီးတော့ မဟုတ်ပါဘူး။ မတ်တတ်ဖျားပဲ ဆိုပါတော့"လို့ မိန့်တော်မူပါတယ်။

MA ဦးဇင်း ။ ။ အခုလို နေမကောင်းလည်း သိမ်သမုတ် ကြွတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဘယ်လောက်ဝေးဝေး၊ ဘယ်လောက်ပင်ပန်း၊ ပင်ပန်း ကြွတော်မူပါတယ်။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးက သိမ်သမုတ်တဲ့ နေရာရောက်ရင် ကျောင်းပေါ်မှာ သီတင်းသုံးတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ဘူး။ မဟုတ်ဘူး။ ကျောင်းရှေ့ကွင်းပြင်မှာ အုန်းလက် မလုံ့တလုံ့ မိုးထားတဲ့ မဏ္ဍပ်အောက်က ခုတင်ပေါ်မှာ သီတင်းသုံးတော်မူနေတာပါ။

MA ဦးဇင်း ။ ။ နေမကောင်းရက်ကြီး ဘာ့ကြောင့် မိုးလုံလေလုံ ကျောင်းကြီးတွေပေါ်မှာ တက်ပြီး သီတင်းမသုံးတာပါလဲဘုရား။

၁။ (၁၁၀)၊ ပဉ္စမသေနာသနသိက္ခာပဒဝဏ္ဏနာ၊ ဘူတဂါမဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ဝိမတိဝိနောဒနီဋီကာ (ဒုတိယတွဲ၊ နှာ-၁၄)

ဆရာတော် ။ ။ ဆရာတော်ကြီးစိတ်ထဲ ဘယ်လိုရှိသလဲဆိုတာ ဘုန်းကြီးမသိပါဘူး။ သို့သော် အခုလို လွင်တီးခေါင်မှာ သီတင်းသုံးတော်မူတဲ့အကြောင်း တွေးမိသလောက်ကတော့ ကျောင်းကို နိဿဂ္ဂိသံသယရှိတော်မူလို့ ဆိုတာလည်းပါမယ်လို့ ထင်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ အသက်ခန္ဓာကျန်းမာရေးထက် ကိုယ်ကျင့်သီလကို ပဓာနပြုတော်မူတာ သိရလို့ အထူးပင် ကြည်ညိုရပါတယ်ဘုရား။ ဒီဓုတင်ဆောင်ရတာ တော်တော်ကြီး ပင်ပန်းကြမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ အချိန်အခါမဲ့ ရွာတတ်တဲ့မိုးရွာထဲမှာလည်း တရားကိုအဖော်လုပ်ပြီး ငုတ်တုတ်ကြီး နေနေရတယ်။ နေပူအောက်မှာလည်း တရားကိုအဖော်လုပ်ပြီး ငုတ်တုတ်နေရပါတယ်ဘုရား။ ကိလေသာကို ခါထုတ်ရတဲ့အလုပ်ဆိုတော့ ပင်ပန်းသင့်သလောက် ပင်ပန်းပါတယ် ဦးဇင်း။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ အဗ္ဘောကာသိကဓုတင်ဆောင် ရဟန်းတော်များမှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ရှိရင် ကျင့်စဉ်အဆင့်ဆင့်ကို သိပါရစေဘုရား။

ဆရာတော် ။ ။ အမြတ်စား ဥက္ကဋ္ဌ ဓုတင်ဆောင်ရဟန်းက သစ်ပင်၊ တောင်၊ အိမ်၊ ကျောင်းတို့ကို အမှီပြုပြီး နေခွင့်မရှိဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ ကွင်းပြင်မှာ သင်္ကန်းနဲ့ ကျောင်းလုပ်ပြီးနေရင် ရမှာပါဘုရား။[၁]

ဆရာတော် ။ ။ ဟုတ်ပါတယ်။ စီဝရကုဋီရတယ် ဦးဇင်း။ အလတ်စား မဇ္ဈိမဓုတင်ဆောင်ရဟန်းက သစ်ပင်၊ တောင်၊ အိမ်၊ ကျောင်းတို့ကို အမှီပြုပြီးတော့ အတွင်းထဲကို မဝင်ဘဲ နေခွင့်ရှိတယ်။ နောက်ဆုံး အညံ့စား မုဒုဓုတင်ဆောင် ရဟန်းက မိုးရေမဝင်အောင် အမိုးအသွင် ပြုလုပ်ထားတဲ့ အပိုင်းအခြားမရှိတဲ့ တောင်ချိုင့်ဝှမ်းတို့၊ သစ်ခက်တွေနဲ့ ကျဲကျဲမိုးထားတဲ့ သာခါမဏ္ဍပ်တို့၊ ကစီတင်ထားတဲ့ ဖယောင်းပုဆိုး အမိုးတို့၊ စွန့်ပစ်ထားတဲ့ လယ်စောင့်တဲတို့မှာ နေခွင့်ရှိပါတယ်။

MA ဦးဇင်း ။ ။ သူတို့သုံးပါးလုံး ဘယ်အခြေအနေဆိုရင် ဓုတင်ပျက်ပါသလဲဘုရား။

ဆရာတော် ။ ။ မိုးထားတဲ့ အရိပ်အာဝါသ အောက်ကိုဖြစ်စေ၊ သစ်ပင်ရင်း၊ သစ်ပင်အောက်ကို နေဖို့အတွက်ဆိုပြီး ဝင်တာနဲ့ ဓုတင်ပျက်ပါတယ် ဦးဇင်း။[၂]

---

၁။ (၃၃) အဗ္ဘောကာသိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-ပဌမတွဲ (နှာ-၇၂)
၂။ (၁၀၅) သပ္ပုရိသသုတ္တံ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ၊ နှာ-၈၉

# အဗ္ဘောကာသိကစုတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး

၁။ နေရာကြောင့်ဖြစ်သော ကြောင့်ကြမှု မရှိခြင်း၊
၂။ ထိနမိဒ္ဓကို ပယ်ဖျောက်နိုင်ခြင်း၊
၃။ "ရဟန်းတို့သည် သားသမင်တို့အလား မငြိမကပ်ဘဲ လှည့်လည် သွားနိုင် လာနိုင်ကြ၏၊ အမြဲနေရာ အိမ်မရှိကြ" ဟု ချီးမွမ်းခြင်းအားလျော်ခြင်း၊
၄။ အရိပ်အာဝါသ၌ ငြိကပ်တွယ်တာမှု မရှိခြင်း၊
၅။ သွားလိုရာ အရပ် လေးမျက်နှာတို့၌ အပိတ်အပင်မရှိ သွားလာနိုင်ခြင်း နှင့်
၆။ အပ္ပိစ္ဆတာ စသော ဂုဏ်အားလျော်သော အသက်မွေးမှုရှိခြင်းဟူသော အကျိုးများကို ရနိုင်၏။[၁]

အနဂါရိယဘာဝဿ၊ အနုရူပေ အဒုလ္လဘေ။
တာရာမဏိဝိတာနမှိ၊ စန္ဒဒီပပ္ပဘာသိတေ။
အဗ္ဘောကာသေ ဝသံ ဘိက္ခု၊ မိဂဘူတေန စေတသာ။
ထိနမိဒ္ဓံ ဝိနောဒေတွာ၊ ဘာဝနာရာမတံ သိတော။
ပဝိဝေကရသဿာဒံ၊ န စိရဿေဝ ဝိန္ဒတိ။
ယသ္မာ တသ္မာဟိ သပ္ပညော၊ အဗ္ဘောကာသရတော သိယာတိ။[၂]

အိမ်နေလူတို့၏ စီးပွားရေး အလုပ်အကိုင် မရှိသည့် ရဟန်းအဖြစ်အားလျော်သော ရလွယ်လှစွာသော ကြယ်တာရာတို့ဖြင့်ပြီးသည့် ပတ္တမြားမျက်နှာကြက်ရှိသော လတည်းဟူသော ဆီမီးခွက်ကြီးဖြင့် ထွန်းလင်းတောက်ပရာဖြစ်သော ဟင်းလင်းပြင်၌ ထိနမိဒ္ဓကို ပယ်ဖျောက်လျက် သမင်စိတ်သဖွယ်ဖြစ်သော စိတ်ဖြင့်နေသော ဘာဝနာ၌ မွေ့လျော်ပျော်ပိုက်ခြင်း ရှိသည်၏အဖြစ်ကိုမှီသော ရဟန်းသည် ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ဈာန်မဂ်ဖိုလ်ချမ်းသာဟူသော သာယာဖွယ်အရသာကို မကြာမီပင် ရနိုင်ပေ၏။ ထို့ကြောင့် ပညာရှိသောပုဂ္ဂိုလ်သည် ဟင်းလင်းပြင်အရပ်၌ မွေ့လျော် ပျော်ပိုက်သည် ဖြစ်ရာ၏။[၃]

---

၁။ (၃၃) အဗ္ဘောကာသိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၂)
၂။ (၃၃) အဗ္ဘောကာသိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၂)
၃။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၄၃)

# ၁၁။ သုသာန်ဓုတင်

## Susânika dhutaṅga



သုသာန်ဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည် သုသာန်လက္ခဏာမရှိသော တစ်ပါးသော အရပ်၌နေခြင်းကို ပယ်ပြီး သုသာန်လက္ခဏာရှိသောအရပ်၌ နေတော်မူလေ့ရှိသည်။

The bhikkhu who has the habit to dwell within charnels is called susanika .

### သုသာန်ဓုတင်ကို ဆောက်တည်ပုံ

သုသာန်ဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"န သုသာနံ ပဋိက္ခိပါမိ"
"သောသာနိကင်္ဂံ သမာဒိယာမိ" [၁]
ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"သုသာန်လက္ခဏာမရှိသော တစ်ပါးသောအရပ်၌ နေခြင်းကို ပယ်ပါ၏။"
"သုသာန်လက္ခဏာရှိသော အရပ်၌နေသော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏။"

"na susânaṃ paṭikkhipâmi, sosânikaṅgaṃ samâdiyâmi."

"I renounce to spots where there are no corpses," " I will train into dwelling among charnels."

---

၁။ (၁၁) သောသာနိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသ ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၄)

## ဝေါဟာရအဓိပ္ပာယ်

န သုသာနံ သုသာနတော အညံ = သုသာန်လက္ခဏာမရှိသော တစ်ပါးသောအရပ်၌နေခြင်းကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
သောသာနိကင်္ဂံ = သုသာန်လက္ခဏာရှိသော အရပ်၌နေသော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အင်္ဂါကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
သုသာန = သူသေကောင်ကို မီးဖုတ်၊ မြေမြှုပ်ရာ တစပြင်သုသာန်၊
သောသာနိက = သုသာန်၌ နေလေ့ရှိသည့် ရဟန်း၊
သောသာနိကင်္ဂ = သုသာန်၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာသည်ပင် သုသာန်ဓုတင်မည်၏။

## သုသာန်ဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် သုသာန်ဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် သုသာန်ဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုသုသာန်ဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## သုသာန်ဓုတင်ဆောင် သူတော်ကောင်းရဟန်း

သုသာန်ဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကိုကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏၊ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
သုသာန်ဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

၁။ (၁၀၅) သပ္ပုရိသသုတ္တံ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ - ၈၆)

## သုသာန်သင်္ချိုင်း၏အင်္ဂါ

MA ဦးဇင်း ။ ။ သုသာန်သင်္ချိုင်းမှာ နေရတဲ့ဓူတင်က ကြောက်စရာလည်းကောင်းပြီး ခက်ခဲမယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်း ကိလေသာခါထုတ်ရတဲ့ ဓူတင်အကျင့်ဆိုတာ ဘယ်ဟာမှ မလွယ်ပါဘူးဘုရား။ ခက်ခဲပါတယ်၊ တော်ရုံသဒ္ဓါ ဝီရိယနဲ့ မဆောက်တည်နိုင်ကြပါဘူး။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် သုသာန်ဓူတင်အကြောင်းကိုလည်း ဗဟုသုတအဖြစ် နည်းနည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ သုသာန်ဓူတင်က နည်းနည်းပြောလို့ မလုံလောက်ဘူး။ အလွန်ကျယ်ဝန်းတယ်။ အလွန်သိမ်မွေ့တယ်။ အလွန် ခက်ခဲပြီး အန္တရာယ်များတယ် ဦးဇင်း။ ဒါကြောင့် အကျယ်တဝင့်ကို သိမှရမယ်။ အခု ပထမဦးဆုံး သုသာန်သင်္ချိုင်းရဲ့ အင်္ဂါတွေကို ပြောပြမယ်လေနော်။

MA ဦးဇင်း ။ ။ သင်္ချိုင်းဆိုရင် မပြီးဘူးလားဘုရား။ သုသာန်သင်္ချိုင်းမှာလည်း အင်္ဂါတွေ၊ ဘာတွေ ရှိနေတာပါလားဘုရား။

ဆရာတော် ။ ။ ရှိဖို့လိုတယ် ဦးဇင်း။ လိုတယ်။ မြို့တွေ၊ ရွာတွေ စပြီးတည်ထောင်တဲ့အခါမှာ ဒီနေရာက သုသာန်လို့ သတ်မှတ်တာရှိတယ်။ သို့သော် လူသေကောင်ကို မသင်္ဂြိုဟ်ရသေးရင် သုသာန်အင်္ဂါ မမြောက်သေးဘူး။ တစ်နည်းပြောရင် သုသာန်ဓူတင် ဆောင်လို့မရသေးဘူး ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ သုသာန်အမည်ရရုံနဲ့ ဓူတင်ဆောင်လို့ မရသေးဘူးဆိုတာ နားလည်ပါပြီဘုရား။ ဒါဆိုရင် လူသေကောင် သင်္ဂြိုဟ်ပြီးနောက်ပိုင်း နှစ်ကာလများစွာ ကြာရှည်လာတဲ့အခါမှာ မြို့ရွာတွေ တိုးချဲ့လို့ သုသာန်ကို တခြားတစ်နေရာ ရွှေ့သွားရင်လည်း ဓူတင်ဆောင်လို့ မရတော့ဘူးလားဘုရား။

ဆရာတော် ။ ။ ဘုရားဥပဒေမှာက အဲသလိုမဟုတ်ဘူး။ လူသေကောင်သင်္ဂြိုဟ်ပြီးရင် ၁၂ နှစ်ကြာကာလတိုင်အောင် သုသာန်အဖြစ် တည်နေပါသေးတယ်။ တစ်နည်းပြောရရင် သုသာန်ဓူတင် ရထိုက်သေးတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ အလောင်း မြေမြှုပ်သင်္ဂြိုဟ်ထားတဲ့နေရာကို ၁၂ နှစ်တိုင်တိုင် သုသာန်အဖြစ် တည်ရှိနေတယ်ဆိုတာ အခုမှ ကြားဖူးတာပါဘုရား။

ဆရာတော် ။ ။ မြေမြှုပ်ပြီး သင်္ဂြိုဟ်မှမဟုတ်ဘူး ဦးဇင်း။ မီးဖုတ်ပြီး သင်္ဂြိုဟ်ခဲ့ဖူးရင်လည်း ၁၂ နှစ်တိုင်တိုင် သုသာန်အရာတည်တဲ့အတွက် ဓူတင်ဆောင်လို့ရတယ်။ ဒါကြောင့် ဓူတင်ကို မြတ်နိုးတော်မူကြတဲ့ မထေရ်မြတ်ကြီးများက တောရကျောင်းဝင်းထဲမှာ လူသေအလောင်းကောင်တွေကို မြေမြှုပ်၊ မီးဖုတ်တာကို ခွင့်ပြုတော်မူကြပါတယ်။

---

၁။ (၃၄) သောသာနိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ ၇၄)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ကျောင်းဝင်းထဲ လူသေကောင် သင်္ဂြိုဟ်ထားရင် တောရကျောင်း တစ်ခုလုံး သုသာန်အင်္ဂါရတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်ပါတယ်။ ဓုတင်ဆောင်ရဟန်းများ သုသာန်ကို သီးခြား မသွားရတော့ဘဲ မိမိသီတင်းသုံးရာ ကျောင်းဝင်းထဲမှာပဲ သုသာန်ဓုတင် အဓိဋ္ဌာန်ထားပြီး ဆောက်တည်နိုင်တာပေါ့ဘုရား။

MA ဦးဇင်း ။ ။ တပည့်တော် တွေးမိနေတာက ၁၂ နှစ် ကျော်သွားပြီဆိုရင်တော့ တောရ ကျောင်းဝင်းထဲ သုသာန်ဓုတင်ဆောင်လို့ မရတော့ဘူး ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တာပေါ့။ သို့သော် ၁၂ နှစ် မပြည့်ခင် နောက်အလောင်းကောင်တစ်ခု သင်္ဂြိုဟ်နိုင်မယ်ဆိုရင် ဆက်ပြီး သုသာန်အဖြစ် တည်နေမှာပေါ့ဘုရား။

MA ဦးဇင်း ။ ။ ကျောင်းဝင်းထဲမှာ လူသေကောင်သင်္ဂြိုဟ်ခဲ့ရတဲ့ လက်တွေ့သာဓကများရှိရင် သိပါရစေဘုရား။

ဆရာတော် ။ ။ ဘုန်းကြီး သပြေပင်ရန်ကင်းတောရကိုကြွလာတုန်းက ကပ္ပိယဦးတင်ထွန်းက လည်း ဘုန်းကြီးနဲ့ တစ်ပါတည်း ရန်ကုန်ကနေ ပါလာခဲ့တယ်။ သူက ဝိနည်းသာသနာတော်ကို စောင့်ရှောက်ပေးတဲ့နေရာမှာ စံထားလောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

MA ဦးဇင်း ။ ။ အခု ကပ္ပိယဒကာကြီး ဦးတင်ထွန်း ရှိသေးသလားဘုရား။

ဆရာတော် ။ ။ မရှိတော့ဘူး။ အသည်းကင်ဆာရောဂါဖြစ်တယ်။ ကင်ဆာရောဂါ ကုလို့ မရတဲ့ အဆင့်ရောက်ပြီဆိုတာကို သိတဲ့တစ်နေ့ကျတော့ သူဘာလျှောက် သလဲဆိုရင် 'တပည့်တော် အသက်ရှင်နေတုန်း သာသနာ့ဝန်ကို ဒီမျှလောက်ပဲ ထမ်းရွက်နိုင်ပါတော့တယ်ဘုရား။ တပည့်တော် သေပြီးနောက်လည်း တပည့် တော်ရဲ့ ကိုယ်ကောင်ကြီးကို သာသနာတော်အတွက် အကျိုးရှိစေချင်ပါ တယ်ဘုရား'လို့ မမာမကျန်းဖြစ်တဲ့ကြားက လေးလေးနက်နက်ကြီး လျှောက် ထားလာတယ်။

MA ဦးဇင်း ။ ။ ကပ္ပိယဒကာကြီး လျှောက်တာကို တပည့်တော် နားမလည်ပါဘုရား။

ဆရာတော် ။ ။ သူဆိုလိုတာက သူ့အလောင်းကို သုသာန်ပို့လိုက်မဲ့အစား ဓုတင်ကိုမြတ် နိုးတော်မူကြတဲ့ ရဟန်းတွေအတွက် သုသာန်ဓုတင်ကို ချမ်းချမ်းသာသာ ရအောင် ကျောင်းဝင်းတစ်နေရာမှာ သင်္ဂြိုဟ်ဖို့ လျှောက်တယ်လို့ပဲ နားလည် ရမှာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ ကပ္ပိယဒကာကြီးဆန္ဒ ပြည့်ပါသလားဘုရား။

ဆရာတော် ။ ။ ပြည့်ပါတယ်။ သူလျှောက်ထားတဲ့အတိုင်း ကျောင်းထောင့်တစ်နေရာမှာ မြေမြှုပ် သင်္ဂြိုဟ်ပေးလိုက်ပါတယ်။

MA ဦးဇင်း ။ ။ သံဃာတော်များ သုသာန်မကြွရဘဲ သုသာန်ဓုတင်ရနေတာဆိုတော့ ဒကာ ကြီးရဲ့ သာသနာတော်ဆိုင်ရာ ဗဟုသုတနဲ့ အမြော်အမြင်က အတော်

အံ့ဩစရာ ကောင်းပါတယ်ဘုရား။ တော်ရုံလူ မတွေးမိနိုင်တဲ့ ဆောင်ရွက်ချက်ပါဘုရား။ တခြားတောရကျောင်းတွေမှာလည်း အခုလို လူသေအလောင်းသင်္ဂြိုဟ်တာများ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်။ ရှိတယ် ဦးဇင်း။ လဲဘူးဆရာတော်ကြီးက 'ထန်းတပင်တောရကျောင်းမှာဆိုရင် ဘုန်းကြီးအလောင်းကောင်ကြီးကို ၃ လောင်းထင်တယ်။ ကပ္ပိယတွေရဲ့ အလောင်းပါပေါင်းရင် သင်္ဂြိုဟ်တဲ့အလောင်းကောင်ပေါင်း တစ်ဒါဇင်တောင် ကျော်လောက်ပြီထင်တာပဲ ဦးခေမာ' လို့ မိန့်ဖူးတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ လဲဘူးဆရာတော်ကြီးရဲ့လဲဘူးတောရကျောင်းမှာ သင်္ဂြိုဟ်ထားတဲ့အလောင်း ဘယ်လောက်များ ရှိပါသလဲဘုရား။

ဆရာတော် ။ ။ လဲဘူးဆရာတော်ကြီးကို ဘုန်းကြီးမေးလျှောက်ဖူးတယ်။ 'ဆရာတော်တောရကျောင်းမှာ အလောင်း ဘယ်နှစ်လောင်းလောက် မီးဖုတ်သင်္ဂြိုဟ် ထားပါသလဲဘုရား'လို့ မေးလျှောက်တော့ ဆရာတော်ကြီးက "တပည့်တော်က မြှုပ်ခိုင်းမလို့ပါပဲ၊ ဒါပေမဲ့ တော်ကြာ ရွာက သက်ဆိုင်ရာ ဒကာ၊ ဒကာမတွေက လာလာပြီး 'ငါ့သား ဘာညာ၊ ဘာညာ'နဲ့ ငိုနေရင် တပည့်တော်စိတ်က မထိန်းသိမ်းနိုင်ဘဲ ဖြစ်နေပြန်မှာ စိုးရိမ်တာနဲ့ပဲ တောရကျောင်းကအခုထိ သုသာန်မရသေးဘူး ကိုယ်တော်"လို့ မိန့်ဖူးတယ်။

## သုသာန်ဓူတင်ဆောင် ရဟန်းတစ်ပါး၏တာဝန် (ပထမပိုင်း)

MA ဦးဇင်း ။ ။ သုသာန်ဓူတင်ဆောင်ရဟန်းတစ်ပါး သုသာန်ထဲကိုရောက်ရင် ဦးစွာ ဘာတွေလုပ်ရသလဲဆိုတာကအစထားပြီး သိပါရစေဘုရား။

ဆရာတော် ။ ။ သုသာန်ဓူတင်ဆောင်တဲ့ ရဟန်းတစ်ပါး လိုက်နာကျင့်သုံးစရာတွေက သိပ်ကို သိမ်မွေ့တယ်၊ ကျယ်ဝန်းတယ် ဦးဇင်း။ ပထမဦးဆုံးသိရမှာက သုသာန်ဓူတင်ဆောင်ထားတဲ့ရဟန်းက သုသာန်မှာကျောင်းဆောက်ပြီး နေခွင့်မရှိဘူး။

MA ဦးဇင်း ။ ။ ဒါဆိုရင် သုသာန်မှာ ဓူတင်ဆောင်ရင်း တပည့်ရဟန်းတွေကို စာပေသင်ကြားပို့ချမယ်ဆိုရင် ရနိုင်ပါသလားဘုရား။

ဆရာတော် ။ ။ အယုတ်ဆုံး ခုတင်ညောင်စောင်း အင်းပျဉ်တို့ကိုခင်းပြီး သောက်ရေ သုံးရေတွေကို တည်ထားပြီးနေတာတောင်မှ ခွင့်မပြုပါဘူး ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဒါဆိုရင် သုသာန်ဓူတင်ဆောင် ရဟန်းတစ်ပါးက သုသာန်ထဲမှာ ဘာတွေလုပ်နေရမှာပါလဲဘုရား။

---

၁။ (၃၄) သောသာနိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၄)

ဆရာတော် ။ ။ သုသာန်မှာ ဘာတွေလုပ်ရမလဲဆိုတာကို မပြောခင် သုသာန်မသွားခင် ဘာတွေလုပ်ရမလဲဆိုတာကို အရင်ပြောပြမှ ပိုကောင်းမယ်နော်။ သုသာန်ဆိုတာ ဘေးရန် အန္တရာယ်များတဲ့နေရာ ဖြစ်တဲ့အတွက် ဒီညသုသာန်ကို ဝင်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ သံဃာ့မထေရ်ကြီးကို လျှောက်ထားပြီးမှ သုသာန်သွားရတယ်။ ပြီးတော့ သုသာန်ရှိတဲ့ရွာရဲ့ သူကြီးကိုလည်း ပြောပြထားရတယ်။ ကျမ်းစာအုပ်တစ်အုပ်မှာတော့ သုသာန်စောင့်ကိုလည်း ပြောကြားထားရမယ်လို့ ဖတ်ဖူးတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဘယ်လိုအကြောင်းကြောင့်များ အခုလို တင်ကြိုအကြောင်းတွေကြားပြီးမှ သုသာန်ထဲ ဝင်ရတာပါလဲဘုရား။

ဆရာတော် ။ ။ သုသာန်ဆိုတာက ဘီလူး၊ သရဲ၊ ပြိတ္တာတွေရဲ့ ကျက်စားရာ နေရာဖြစ်သလို၊ မကောင်းမှုလုပ်တဲ့လူတွေရဲ့ ဝင်ရောက် ပုန်းခိုရာနေရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူခိုးဓားပြတွေကလည်း သုသာန်ထဲလာနိုင်သလို ဥစ္စာရှင်နဲ့ ရပ်ရွာသူကြီးတွေကလည်း သူခိုးနောက်ကို လိုက်လာနိုင်တယ်။ သူခိုးက လူတွေ လိုက်လာလို့ သူမလွတ်နိုင်မှန်းသိရင် ခိုးထုပ်ခိုးထည်တွေကို သုသာန်အတွင်းမှာ ပစ်ချထားခဲ့ပြီး ကိုယ်လွတ်ရုန်းပြေးတတ်တယ်။ အခုလိုဖြစ်တဲ့ အခါမျိုးမှာ သုသာန်ထဲ ဓုတင်ဆောင်နေတဲ့ရဟန်းက နေရင်း၊ ထိုင်ရင်း သူခိုးလို့ စွပ်စွဲခံရနိုင်တယ်။ အဆင်မသင့်ရင် ရိုက်နှက်ထုထောင်းခံရတတ်တယ်။ မင်းပြစ်မင်းဒဏ်အထိ သင့်နိုင်ပါတယ်။ ဒါကြောင့် သုသာန်ဆိုတာ ဘေးရန်များလွန်းတယ် ဦးဇင်း။ အကယ်၍ ဘေးရန်အန္တရာယ် တစ်ခုခုကြုံလာခဲ့ရင် သံဃမထေရ်ကဖြစ်စေ၊ ရွာသူကြီးကဖြစ်စေ၊ သုသာန်စောင့်ကဖြစ်စေ ဓုတင်ဆောင် ရဟန်းဘက်ကနေ အသိသက်သေနေရာမှာ ရပ်တည်ပေးနိုင်အောင်လို့ ကြိုတင် အသိပေး အကြောင်းကြားရတာပါ။[၂]

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် နားလည် သဘောပေါက်ပါပြီဘုရား။

ဆရာတော် ။ ။ ဆက်ပြောမယ်နော်။ သုသာန်ကို ကြွသွားတဲ့အခါမှာ အများတကာ သွားရိုးလမ်းမကြီးကနေ မသွားဘဲ တခြားလမ်းသွယ်ကနေ သွားရတယ်။

MA ဦးဇင်း ။ ။ ဘာဖြစ်လို့ လူသွားလမ်းမကြီးက မသွားရတာပါလဲဘုရား။

ဆရာတော် ။ ။ မိမိ သုသာန်ဓုတင်ဆောင်နေတယ်ဆိုတာကို သူများတွေ မသိအောင်လို့ လျှို့ဝှက်ပြီး သွားရတာပါဘုရား။

MA ဦးဇင်း ။ ။ လမ်းမကြီးက မသွားသော်လည်း လူတွေက တွေ့မယ်ထင်ပါတယ်။

---

၁။ (၆) မဟာကာဠတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ (ပထမတွဲ၊ နှာ-၄၄)
၂။ (၆) မဟာကာဠတ္ထေရဝတ္ထု၊ ယမကဝဂ္ဂ၊ ဓမ္မပဒဋ္ဌကထာ (ပထမတွဲ၊ နှာ-၄၄)

ဆရာတော် ။ ။ လူတွေမမြင်ရအောင် ညမိုးချုပ် လူခြေတိတ်ချိန်ရောက်မှ သုသာန်ကို သွားရတာလေ။ ပြီးတော့ မနက်မိုးမလင်းသေးခင်၊ တစ်နည်းပြောရရင် အရုဏ်မတက်သေးတဲ့အချိန်မှာပဲ သုသာန်ကနေ ပြန်ထွက်ရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ဓုတင်အကျင့်ဆိုတာ သိုသိုသိပ်သိပ် သူတစ်ပါးမသိအောင် ကျင့်ရမယ်ဆိုတာ သုသာန်ဓုတင်မှာ ကွဲကွဲပြားပြား သိရပါတယ်ဘုရား။

ဆရာတော် ။ ။ ဓုတင်ဆောင်ရဟန်း သုသာန်ကြွတာကို လူတွေ မြင်ဖန်များလာလို့ရှိရင် 'သုသာန် ဓုတင်ဆောင်ကိုယ်တော်ကြီး'ဆိုပြီး အထင်တကြီး ကြည်ညိုလာတာလည်း ရှိလာနိုင်တယ်။

MA ဦးဇင်း ။ ။ လူတွေကြည်ညိုရင် လူတွေမှာ ကုသိုလ်တိုးပါတယ်ဘုရား။ ရဟန်းမှာ ဘာများ အပြစ်ဖြစ်လို့ပါလဲဘုရား။

ဆရာတော် ။ ။ လူတွေရဲ့ အကြည်ညိုခံရလို့ ရဟန်းမှာ ဘာအပြစ်မှ မရှိပါဘူး ဦးဇင်း။ သူတို့ကြည်ညိုတာက သူတို့အပိုင်း ဖြစ်ပါတယ်။ လာဘ်လာဘရဖို့၊ ဂုဏ်သတင်းကျော်ကြားဖို့၊ လူအထင်ကြီးခံရဖို့အတွက် မျှော်လင့်တောင့်တပြီးတော့ ရဟန်းတစ်ပါးပါးက သုသာန်ဓုတင် ဆောင်ပြတာတို့၊ ဂူတွေပေါ်ထိုင်ပြီး တရားဟောတာတို့၊ လူအရိုးခေါင်းနဲ့ ဆွမ်းခံစားတာတို့ အဲသလို အထူးအဆန်းတွေ တောင်လုပ်မြောက်လုပ် လုပ်ပြလာရင်တော့ အပြစ်တွေဖြစ်ပါပြီဘုရား။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ တပည့်တော် နားလည်ပါပြီဘုရား။

ဆရာတော် ။ ။ ဘုရားရှင်အလိုတော်က ကိလေသာခါထုတ်ဖို့၊ သန္တုဋ္ဌိသလ္လေခဖြစ်တဲ့ ရောင့်ရဲတဲ့ဂုဏ်၊ ခြိုးခြံတဲ့ဂုဏ်တွေကို ပေါ်လွင်စေဖို့ ဓုတင်ကို ခွင့်ပြုတော်မူတာပါ။ ဒါကြောင့် ဓုတင်ကို ကြောင်လက်သည်းဝှက်ထားသလို လူမသိ၊ သူမသိ ကျင့်ရတာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ လူမသိအောင် ဓုတင်ကျင့်ရတယ်ဆိုတာလည်း နားလည်လာပါပြီဘုရား။ ပြီးတော့ ဆရာ့ထံပါးနည်းခံပြီး ဓုတင်ကျင့်ရမယ်ဆိုတာလည်း မှတ်သားထားပါတယ်ဘုရား။ ဒီနေရာမှာ တပည့်တော် လျှောက်ထားချင်တာက ဓုတင်ကို လက်တွေ့ကျင့်နေတဲ့ဆရာကို ဘယ်နေရာကိုသွားပြီး၊ ဘယ်လိုများ တွေ့အောင်ရှာရမလဲဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ကိုယ်တစ်ပါးတည်းပဲ ဓုတင်ကျင့်တာကတော့ ဘယ်သူမှမသိလေကောင်းလေပါဘုရား။ သို့သော် တောရကျောင်းတွေမှာ ဓုတင်ကျင့်တယ်ဆိုတာကို အသိမပေးသော်လည်း သိနေတယ်လေ ဦးဇင်း။ ဆိုကြပါစို့၊ တချို့တောရကျောင်းရဲ့ စည်းကမ်းထဲမှာကို ဒီကျောင်းမှာနေရင် 'ဓုတင် ၁၃ ပါးကို အမြဲမဆောင်နိုင်ရင်လည်း အနည်းဆုံး ဆွမ်းဓုတင် ၅ ပါး၊ သင်္ကန်းဓုတင် ၂ ပါးကိုမူ မပျက်မကွက် ဆောင်နိုင်ရမယ်' လို့ သတ်မှတ်ချက်တွေရှိနေတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဘယ်ကျောင်းတွေက ဓုတင်ကျင့်တယ်ဆိုတာ သိနိုင်ပါပြီ ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ အရေးကြီးတာက ဝါကြွားလိုတဲ့ စိတ်ဓာတ်ဆိုးကြောင့်ဖြစ်စေ၊ လာဘ်လာဘကို ငဲ့ကွက်တဲ့ စိတ်ဓာတ်ဆိုးကြောင့်ဖြစ်စေ၊ ဂုဏ်ဖော်လိုတဲ့ အလိုဆိုးနဲ့ ဓုတင်ဆောင်တာမဟုတ်ဘဲ ကလျာဏဇ္ဈာသယာရှိပြီး သန္တုဋ္ဌိ၊ သလ္လေခအကျင့်ကောင်းတရားတွေနဲ့ ပြည့်ဝတဲ့ရဟန်းအတွက် အပြစ်မရှိပါဘူး။

MA ဦးဇင်း ။ ။ ကျေးဇူးတင်ပါတယ်ဘုရား။ သုသာန်ဓုတင်ဆိုင်ရာ သိသင့်တာတွေ ကျန်နေသေးရင်လည်း သိပါရစေဘုရား။ ဘုရားတပည့်တော် တစ်နေ့ဓုတင်ကျင့်တဲ့ အခါမှာ ကြောင်လက်သည်း ဖွက်ထားသလို ကျင့်ပါမယ်ဘုရား။

## သုသာန်ဓုတင်ဆောင် ရဟန်းတစ်ပါး၏တာဝန် (ဒုတိယပိုင်း)

ဆရာတော် ။ ။ ကောင်းပါပြီ။ ဆက်ပြောပြမယ်နော်။ သုသာန်ဓုတင်ဆောင်တဲ့ ရဟန်းဆိုတာ သုသာန်ကနေ ထွက်ထွက်ချင်း ရွာထဲဝင်ပြီး လူတွေရဲ့ အိမ်တံခါးရှေ့ကို ဆွမ်းခံမဝင်ရဘူး ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ ဘာကြောင့်ပါလဲဘုရား။

ဆရာတော် ။ ။ ညညသုသာန်ကြွတဲ့ကိုယ်တော်ကြီးဆိုပြီး လူတွေကြောက်တတ်ကြတယ်။ မိုးမလင်းတလင်းမှာ သုသာန်ထဲကနေ ထွက်ထွက်လာတဲ့ ကိုယ်တော်ကြီး ဆိုပြီးတော့လည်း လူတွေကြောက်တတ်ကြတယ်ဘုရား။ သာဓကတစ်ခု ရှိဖူးတယ်။ သုသာန်ဓုတင်ဆောင်တဲ့ ဘုန်းကြီးတို့ သီတင်းသုံးဖော်ရဟန်း တစ်ပါးရှိခဲ့ဖူးတယ်။ တစ်နေ့ကျတော့ သူက သုသာန်ကနေ မနက်အစော ဝေလီဝေလင်းကြီး ထွက်လာတယ်။ ဆွမ်းကို တစ်ပါတည်းခံပြီးမှ တောရ ကျောင်း ပြန်မယ်ဆိုတဲ့စိတ်ကူးနဲ့ ဆွမ်းခံဖို့ ရွာထဲဝင်လိုက်တယ်။ အိမ်တစ် အိမ်ရှေ့ရပ်လိုက်တာ လေးဘက်ထောက်သွားတဲ့ကလေးက ဘုန်းကြီးကိုမြင်ပြီး လန့်ပြီးတော့ အော်ငိုနေတာ နေထွက်တဲ့အထိကို အငိုမတိတ်တော့ဘူး၊ နောက် တစ်အိမ်ရှေ့ရပ်တော့ ခွေးအုပ်ကြီးက ဟောင်တဲ့ကောင်ကဟောင်၊ အူတဲ့ ကောင်ကအူနဲ့ တစ်ရွာလုံး ပွက်လောညံသွားတယ်။

MA ဦးဇင်း ။ ။ ဘယ်လို ဖြစ်သွားတာပါလဲဘုရား။

ဆရာတော် ။ ။ ဘယ်လိုဖြစ်တာလဲဆိုတော့ နေမွန်းတည့်ခါနီးလောက်ကျတော့ ရွာသားတွေ တောရကျောင်းကိုလာပြီး 'ကိုယ်တော် ဒီကနေ့မနက်အစောကြီး မိုးမလင်းခင် ချောင်းရိုးရွာ သင်္ချိုင်းကုန်းကနေ ထွက်လာပြီး တပည့်တော်တို့ ရွာထဲကို ဆွမ်းခံဝင်တာ မဟုတ်လား' လို့မေးတယ်၊ 'ဟုတ်တယ် ဒကာကြီး' လို့ ဘုန်းကြီး

---

၁။ (၁၁) သောသာနိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ ၇၄)

က ဖြေပါတယ်။ ရွာသားတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်။ ပြီးတော့ တစ်ဦးသော ဒကာက 'နောက်နောင် တပည့်တော်တို့ရွာကို သင်္ချိုင်းကုန်းကနေ ထွက်ထွက်မလာပါနဲ့ဘုရား' လို့ စကားအပြတ်ပြောပြီး ဘုန်းကြီးကို ဦးမချတော့ဘဲ ပြန်သွားကြတဲ့ သာဓကတစ်ခု ရှိခဲ့ဖူးတယ်။

MA ဦးဇင်း ။ ။ ဒါဆိုရင် သုသာန်မှာ တကယ့် သရဲ ပြိတ္တာအစစ်တွေ ရှိတတ်ပါသလား။ ပြီးတော့ သူတို့က ဘုန်းကြီးနောက်ကိုလည်း လိုက်လာတတ်ပါသလားဘုရား။

ဆရာတော် ။ ။ သုသာန်က သူတို့ရဲ့ နေစရာဖြစ်လို့မို့ ရှိတတ်ပါတယ် ဦးဇင်း။ ဘုန်းကြီးနောက်လိုက်တယ်ဆိုတာကို မမြင်ဘူးသော်လည်း အခုနဖြစ်စဉ်မျိုးကတော့ ထူးခြားတာပေ့ါဘုရား။ ဒါကြောင့် သုသာန်ဓူတင်ဆောင်ရဟန်းက သုသာန်ကနေ ရွာထဲကိုမဝင်ဖို့ မှာကြားထားတာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ မှတ်သားထားပါ့မယ်ဘုရား။ အကယ်၍ ဓူတင်ဆောင်ရဟန်းက အဲသလို မကောင်းဆိုးဝါးနဲ့ ပက်ပင်းကြုံရင် ဘာတွေ လုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ အကာလ ညအခါ ကြောက်စရာကောင်းတဲ့ အသံတွေနဲ့ အော်ဟစ်ပြီး ပြေးလွှား နေတတ်တဲ့ ဘီလူး၊ သရဲ၊ သဘက်တွေနဲ့လည်း ကြုံရတတ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သုသာန်ဓူတင်ဆောင်ဘုန်းကြီးကို ခြောက်လန့်နေတာပါလားဘုရား။

ဆရာတော် ။ ။ အဲသလို ဇကန်ပြောလို့တော့မရပါဘူး။ များသောအားဖြင့် ဖြစ်တတ်တာကတော့ သူတို့အကြောင်းတရားနဲ့သူတို့ ကြီးနိုင်ငယ်ညှဉ်း တစ်ကောင်နဲ့ တစ်ကောင် ရိုက်နှက်ပုတ်ခတ် ကိုက်ဖဲ့ကြပြီး ဒုက္ခတွေရောက်လို့ အော်ဟစ်ပြေးလွှား နေကြတာများပါတယ်။ ဒါကိုနားမလည်တဲ့ ဓူတင်ဆောင်ဘုန်းကြီးက အကြောက်ပိုပြီးတော့ဖြစ်စေ၊ ငါမကြောက်ဘူးကွဆိုပြီး အရဲရင့်လွန်ပြီးတော့ ဖြစ်စေ သူတို့ကို ခဲတွေ၊ တုတ်တွေနဲ့ ဘယ်တော့မှ မပစ်ခတ်ရဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ ဒါဆိုရင် သူတို့ရန်ကလွတ်အောင် ဘာများလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဓူတင်ဆောင်ဘုန်းကြီးကို သူတို့ ရန်မရှာသေးပါဘူး။ ဒါကြောင့် သုသာန်ဓူတင်ဆောင်တဲ့ရဟန်းက သုသာန်မြေပေါ်ကိုရောက်ရင် သုသာန်စောင့်ဘီလူး၊ သဘက်၊ ပြိတ္တာ အပါအဝင် အလုံးစုံသော သတ္တဝါတွေကို ရည်ရွယ်ပြီး 'အကျွန်ုပ် ဒီသုသာန်မှာလာပြီး ဓူတင်ဆောက်တည်ရတဲ့ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေပါတယ်။ အသင်တို့ သာဓုခေါ်ကြပါ။ အကျွန်ုပ်ကိုလည်း ဘေးရန်အန္တရာယ်ကင်းဝေးအောင် စောင့်ရှောက်ပေးကြပါ'လို့ မေတ္တာရှေ့ထားပြီး ပြောရမယ်တဲ့။ အခုလို အမျှအတန်းပေးဝေပြီးတော့ မေတ္တာရှေ့ထားရင် ဘီလူးတွေ၊ ပြိတ္တာတွေ သိပ်ပြီး နှစ်သက် ဝမ်းမြောက်ကြတယ်လို့ မောနေယျစံကျောင်းဆရာတော် ပြုစုတော်မူတဲ့ နိဗ္ဗာန်လမ်းပြကျမ်းမှာ ပြတော်မူထားတယ် ဦးဇင်း။[၁]

---

၁။ မောနေယျ စံကျောင်းဆရာတော်ပြုစုတော်မူသည့် နိဗ္ဗာန်လမ်းပြကျမ်း (နှာ - )

MA ဦးဇင်း ။ ။ တင်ပါ။ မှတ်သားလိုက်နာရမဲ့အကြောင်း တစ်ခုပါဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီးက ဒီနှစ်ဝါကျွတ်ပြီးနောက် လာမဲ့နှစ်ဆောင်းဦးမှာ ကြွတော်မူမဲ့ သုသာန်ထဲက အမနုဿသတ္တဝါတွေအားလုံးကို အခုနှစ်ကတည်းက ကြိုတင် မေတ္တာပို့သတော်မူလေ့ရှိကြောင်း လဲဘူးဆရာတော် မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ သုသာန်ဓုတင်ဆောက်တည်ရတာ တာဝန်လေးတယ်ဆိုတာ တပည့်တော် တဖြည်းဖြည်း ပိုပိုသိလာပါပြီဘုရား။

ဆရာတော် ။ ။ သိစရာတွေ ကျန်သေးတယ် ဦးဇင်း။ သုသာန်ဓုတင် ဆောင်မဲ့ရဟန်းက ညမှာသုသာန်ထဲ အထင်အမှတ်မှားပြီး ကြောက်လန့်သွားတတ်တယ်။ ဒါကြောင့် မရောက်ဖူးသေးတဲ့သုသာန်ဆိုရင် နေ့အခါ ကြိုတင်ပြီး သုသာန်ကို သွား ကြည့်ရှုမှတ်သားရမဲ့ တာဝန်တစ်ခုကလည်း ရှိသေး တယ်နော်။

MA ဦးဇင်း ။ ။ မှန်ပါ။ နေ့အခါမှာ ဘာတွေကို ဘယ်လိုကြည့်ရှုပြီး မှတ်သားရမှာပါလဲဘုရား။

ဆရာတော် ။ ။ နေ့အခါ သုသာန်ထဲဝင်ပြီး ဒီနေရာမှာ ချုံပုတ်ရှိတယ်။ ဒီနေရာမှာ လက်ဝါးကပ်တိုင်ရှိတယ်။ ဒီသစ်ပင်အောက်မှာ အုတ်ဂူအပျက်ရှိတယ်။ အလောင်းမြှုပ်ဖူးတဲ့ ကျင်းဟောင်းထဲမှာ ခွေးသားအမိရှိနေတယ်။ ဒီသစ်ပင်ရဲ့ တောင်ဖက်သစ်ကိုင်းက လေတိုက်တိုင်း အံ့ကြိတ်သံလို မြည်နေတယ်။ ဟောဒီ သုသာန်ဇရပ်က သွပ်ပြားကကွာနေလို့ လေတိုက်ရင် အသံမြည်တတ်တယ် စသည်အားဖြင့် ကြိုတင်ပြီး လေ့လာမထားခဲ့ရင် ညအခါ သုသာန်ထဲဝင်နေတဲ့အခါမှာ ကြောက်စိတ် ဝင်တတ်ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သုသာန်ဓုတင်ဆောင် ရဟန်းတော်များ သက်သတ်လွတ်ဘုဉ်းပေးရတယ်လို့လည်း ကြားဖူးတယ်။ မှန်ပါသလားဘုရား။

ဆရာတော် ။ ။ သက်သတ်လွတ်ရယ်လို့တော့ မဟုတ်သော်လည်း တဆွေ၊ ပြိတ္တာ၊ ဘီလူး၊ သဘက်တွေ မနှောင့်ယှက်ရအောင် သုသာန်ဓုတင်ဆောင်နေတဲ့ ရဟန်းတစ်ပါးအနေနဲ့ အမနုဿတွေ ကြိုက်နှစ်သက်တတ်တဲ့ ဆီထွေး၊ နှမ်းလှော်၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့ရည်၊ ဆီ၊ တင်လဲ စတဲ့ စားဖွယ်၊ ခဲဖွယ်တို့ကို ရှောင်ကြဉ်ရမယ်လို့ အဋ္ဌကထာ ဆရာတော်များက ပြဆိုထားပါတယ်။[၁] ပြီးတော့ သုသာန်ဓုတင်ဆောင်တဲ့ ရဟန်းအနေနဲ့ သုသာန်ထဲမှာ ဘီလူး၊ သရဲ၊ သဘက်၊ ပြိတ္တာတွေ အားလုံး အလွန်ကြောက်ရွံ့ရတဲ့ အာဋာနာဋိယပရိတ်တော်ကို မရွတ်ရဘူးတဲ့။ ရွတ်ဖတ်မိရင် ဘီလူး၊ ပြိတ္တာတွေနဲ့ ကမ္ဘာမကျေရန်သူ ဖြစ်တတ်ပါတယ်လို့ မောနေယျစံကျောင်းဆရာတော်ရဲ့ကျမ်းမှာ ပြထားပါတယ်။ တခြားဓုတင်ဆိုင်ရာ ကျမ်းတွေမှာတော့ ဒီအာဋာနာဋိယပရိတ် မရွတ်ရဘူးလို့ မတွေ့ဖူးဘူး။

---

၁။ (၃၄)၊ သောသာနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၄)

MA ဦးဇင်း ။ ။ မှန်ပါ၊ ဒါလည်း မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ နှစ်ကာလရှည်ကြာ သုသာန်ဓူတင်ဆောင်တော်မူခဲ့တဲ့ ဆရာတော်ကြီးတစ်ပါး မိန့်တော်မူဖူးတာက သုသာန်မြေပေါ် ကိုရောက်ရင် အဲဒီမှာရှိကြတဲ့ သုသာန်စောင့် ဘီလူး၊ သရဲ၊ ပြိတ္တာတွေကို နာရီဝက်လောက် သီးသန့် ဩဒိသမေတ္တာ ပွားပြီးမှ မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းကို အားထုတ်ရမယ်တဲ့။

MA ဦးဇင်း ။ ။ ကြောက်တတ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ သုသာန်မှာ ဘယ်ကမ္မဋ္ဌာန်းကို အားထုတ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ ပြောပြမယ်နော်။ ကြောက်တတ်တဲ့ပုဂ္ဂိုလ်လည်းဖြစ်ပြန်၊ သုသာန်မှာ နေတဲ့ အတွေ့အကြုံကလည်းနည်းပြီး နုနယ်ပြန်ဆိုရင်တော့ အာနာပါန ကမ္မဋ္ဌာန်းကို အားမထုတ်သင့်ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် သမာဓိအားနည်းပြီး မျှော်လင့်မထားတဲ့ ကြောက်စရာအာရုံတွေ ပေါ်လာလို့ရှိရင် သွေးလန့်ပြီး ရူးသွား တတ်တယ်တဲ့ ဦးဇင်း။ ဒါကြောင့် သုသာန်ဓူတင် အတွေ့အကြုံများတဲ့ ဆရာတော်ကြီးတစ်ပါး အကြံပြုတော်မူဖူးတာကတော့ သုသာန်မှာ ကြောက်အားပိုလာရင် ပြင်ပအာရုံကို လွှတ်ချထားပြီး အဇ္ဈတ္တိကကို များများ ရှုမှတ်ရမယ်တဲ့ဦးဇင်း။

MA ဦးဇင်း ။ ။ ညအခါ သုသာန်ထဲမှာနေနေတုန်း ထိန်းမရ သိမ်းမရအောင် ကြောက်စိတ်က ဝင်လာရင် ပဋ္ဌာန်း ၂၄ ပစ္စည်းနဲ့ သုသာန်ကို စည်းချပြီး နေလို့ရပါသလား ဘုရား။

ဆရာတော် ။ ။ ဓူတင်အတွေ့အကြုံများတဲ့ ဆရာတော်တစ်ပါးက "ဦးခေမာ စာပေကျမ်းဂန်မှာလာတဲ့နည်းထက် အညွှန့်တက်ပြီး မလုပ်သင့်ဘူး"လို့ မိန့်တော်မူဖူးတယ်။ သုသာန်စောင့် ဘီလူး၊ သရဲတွေက အကျင့်သီလအပိုင်းမှာ လျော့ရဲအားနည်းတဲ့ ရဟန်းကို ခြောက်လှန့်တတ်တဲ့အပြင် သုသာန်ကနေ ထွက်ပြေးသွားအောင်လည်း လုပ်တတ်တယ်လို့လည်း မိန့်ဖူးသေးတယ်။

MA ဦးဇင်း ။ ။ မှန်ပါ၊ ဒါဆိုရင် အကျင့်သီလ မပြည့်စုံဘဲ သုသာန်ဓူတင် မဆောက်တည်သင့်ဘူးလို့ နားလည်ရမှာပါလားဘုရား။

ဆရာတော် ။ ။ နေပါဦးလေ။ အခုလိုကြီးလည်း မဆုံးဖြတ်ပါနဲ့ဦးနော်။ စဉ်းစားဆင်ခြင်နိုင်ဖို့ရာ မှတ်သားစရာတစ်ခု ပြောပြဦးမယ်။ အကျင့်သီလပြည့်စုံပြီး ကမ္မဋ္ဌာန်း အရာမှာ အထွတ်အထိပ် ရောက်ခါနီးရင်လည်း ထိတ်လန့်တုန်လှုပ်သွားအောင် အမျိုးမျိုး ခြောက်လှန့် တတ်ကြသေးတယ်တဲ့ဘုရား။ ဒါကလည်း မာရ်နတ်ရဲ့ ဘက်တော်သား နတ်သေးနတ်မွှားတွေရဲ့ တာဝန်ဖြစ်မှာပါလေ။

MA ဦးဇင်း ။ ။ ဒါဆိုရင် အတွေ့အကြုံ နုနယ်သေးတဲ့ရဟန်းက ဘယ်လိုကနေ စအားထုတ်ရပါသလဲဘုရား။

ဆရာတော် ။ ။ သုသာန်မှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေရဘူး။ မေတ္တာကမ္မဋ္ဌာန်းကတော့ ပင်တိုင်ပေါ့ ဦးဇင်း။ စကြဲကမ္မဋ္ဌာန်းကို အထူးအားဖြင့် အားထုတ်နိုင်

ပါတယ်။ စင်္ကြံလျှောက်တဲ့အခါမှာ "ထက်ဝက်သောမျက်စိဖြင့် အလောင်းကောင်မီးရှို့ရာကို စောင်းငဲ့ကြည့်ကာ စင်္ကြံသွားရာ၏"လို့[၁] စာကပြထားပါတယ်ဘုရား။ ပြီးတော့ အင်္ဂုတ္တိုရ်ရနိကာယ်ဆောင် မထေရ်ကြီးတို့က "တစ်ရက်တစ်လေမျှ သုသာန်သို့မသွားဘဲ မနေရ။ သုသာန်၌ သန်းခေါင်မဖွဲ့မယာမ် ကုန်စေပြီးလျှင် မိုးသောက် ပစ္ဆိမယာမ်၌ ပြန်လာနိုင်၏"တဲ့။[၂] သုသာန်ဓုတင်ဆောင်ပြီး သုသာန်ထဲမှာညတိုင်းနေတဲ့ အကျင့်များလာရင်လည်း ကြောက်စိတ်တွေ ပါးသွားတတ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သုသာန်ဓုတင်ကို နည်းမှန်လမ်းမှန် ကျင့်ချင်ရင် လက်တွေ့ကျင့်သုံးနေတဲ့ ဆရာတော်များထံပါးမှာ နည်းခံပြီးကျင့်တာ အကောင်းဆုံးပါဘုရား။

## သုသာန်ဓုတင်နှင့် အာရညကင်ဓုတင် နှစ်ပါးရသည့်သုသာန်

MA ဦးဇင်း ။ ။ သုသာန်တွေထဲမှာ အာရညကင်ဓုတင် ရနိုင်ပါသလားဘုရား။

ဆရာတော် ။ ။ မလွယ်ဘူး ဦးဇင်း။ မလွယ်ပါဘူး။ ရှေးယခင် ရွာတည်စက သုသာန်ကို ရွာအပြင် ခပ်ဝေးဝေးမှာ တည်ထားလေ့ရှိကြပါသော်လည်း လူဦးရေ တိုးပွားလာလို့ ရွာကိုချဲ့ကြတဲ့အတွက် တောရအင်္ဂါပြည့်စုံတဲ့ အကွာအဝေးတွေမှာ သုသာန်မရှိကြတော့ဘူးပေါ့ဘုရား။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဒါကြောင့် သုသာန်မဟုတ်တဲ့နေရာကို ပယ်ပြီး သုသာန်မှာနေတဲ့ သုသာန်ဓုတင်နဲ့ ဂါမဝါသီရွာကျောင်း၊ မြို့ကျောင်းကိုပယ်ပြီး တောရကျောင်းမှာနေတဲ့ အာရညကင်ဓုတင် နှစ်ပါးစလုံးကို တစ်နေရာတည်းမှာ ဆောက်တည်ခွင့်ရဖို့ အလွန်ခဲယဉ်းသွားပါပြီဘုရား။

MA ဦးဇင်း ။ ။ တစ်ပြည်လုံးမှာ မြို့ရွာတွေ တိုးချဲ့ စည်ပင်လာတဲ့အတွက်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ နဘူးကျောင်းဆရာတော်ကြီး မိန့်ဖူးတာတစ်ခု သတိရတယ် "ရှားရှားပါးပါး သုသာန်တစ်ခုမှာတော့ သီတင်းသုံးခွင့် ရခဲ့ဖူးတယ်။ အဲဒါကတော့ ပျော်ဘွယ်မြို့နယ်ရဲ့ အနောက်ဘက်ရွာ နှစ်ရွာကြားက ညောင်ကုန်းရွာသုသာန်ပါ။ ဒါပေမဲ့ ကြာခဲ့ပါပြီ။ အဲဒီတုန်းက ရွာကငယ်သေးလို့ အာရညကင်ဓုတင်အင်္ဂါ ပြည့်စုံတာဖြစ်မယ်။ အခုတော့ ရွာတွေတိုးလာလို့ တောရအင်္ဂါ ပြည့်စုံမယ် မထင်တော့ပါဘူးဘုရား"လို့ ထန်းတပင်တောရမှာ သံဃာတော်များကို မိန့်ကြားတော်မူဖူးတယ်။

---

၁။ (၃၄)၊ သောသာနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၄)

၂။ (၃၄)၊ သောသာနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၄)

MA ဦးဇင်း ။ ။ နဘူးကျောင်းဆရာတော်ကြီးရဲ့ သုသာန်ဓူတင် အတွေ့အကြုံများကိုလည်း နာကြားချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ပြောပြမှာပေါ့နော်။ ဆရာတော်ကြီးက စောစောကပြောပြခဲ့တဲ့ ပျော်ဘွယ်နယ်က နှစ်ရွာကြားမှာ သုသာန်ရှိနေတော့ နှစ်ရွာကို တစ်လှည့်စီ ဆွမ်းခံကြွတော်မူတယ်။ တစ်နေ့ကျတော့ ဝမ်းလျှောပြီး မကျန်းမမာဖြစ်တာနဲ့ ဆွမ်းခံမကြွနိုင်တော့ဘူးတဲ့။

MA ဦးဇင်း ။ ။ ဆရာတော်ကြီး နေမကောင်းရက်ကြီး သုသာန်မှာ နေတော်မူတာလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဆရာတော်ကြီး နေမကောင်းတာကို နှစ်ရွာလုံးက မသိကြဘူး။ ဘာကြောင့်လဲဆိုရင် ဒီဘက်ရွာက ဆွမ်းဒကာ၊ ဒကာမတွေက ဆရာတော်ကြီး ဟိုဘက်ရွာ ကြွတယ်လို့ ထင်ကြဟန်တူတယ်။ ဟိုဘက်ရွာက ဆွမ်းဒကာ၊ ဒကာမတွေကလည်း ဆရာတော်ကြီး ဒီဘက်ရွာ ကြွတယ်လို့ ထင်နေကြ ဟန်တူတယ်။ ဆွမ်းမဘုဉ်းပေးရတာ သုံးရက်ရှိတဲ့နေ့ ညနေမှ သုသာန်ထဲ နွားကျောင်းသားတစ်ယောက် ရောက်လာတယ်တဲ့။

MA ဦးဇင်း ။ ။ မှန်ပါ။ နွားကျောင်းသားက ဆရာတော်ကြီးကို ဘာများကူညီပေးပါသလဲဘုရား။

ဆရာတော် ။ ။ နွားကျောင်းသားက "တပည့်တော်တို့ရွာကို ဆွမ်းခံမကြွတာ သုံးရက်ရှိသွားပြီ၊ ဆရာတော် ဟိုဘက်ရွာကိုပဲ ဆွမ်းခံကြွနေတာ ထင်တယ်ဘုရား"လို့ လျှောက်တယ်။ ဝမ်းတွေသွားပြီး ထကိုမထနိုင်အောင် အားနည်းပြီး သုသာန်ထဲမှာ လဲနေလို့ မလာနိုင်တာလို့ ပြောပြတော့မှ နွားကျောင်းသားက အခြေအနေကို သိသွားပါတယ်။ ဒါနဲ့ သူ့လက်ထဲ သံပုရာသီးတစ်လုံး ပါလာတာကို ဆေးအဖြစ်ကပ်တယ်။ "တပည့်တော် သံပုရာသီးအရည် ချဉ်ချဉ်ကို ဘုဉ်းပေးလိုက်တာ ဝမ်းပိတ်သွားတယ်။ ဒါနဲ့ နောက်ရက်မနက် ဆွမ်းခံ ပြန်ထွက်နိုင်ခဲ့တယ်လို့" မိန့်ဖူးတာ မှတ်မိသေးတယ်။

MA ဦးဇင်း ။ ။ အခုလို သက်တော်ကြီးသည့်တိုင် သုသာန်ဓူတင်ဆောင်တော်မူတဲ့ မထေရ်မြတ်များ တပည့်တော်တို့ရဲ့ သာသနာတော်မှာ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိတယ် ဦးဇင်း။ ရှိပါတယ်။ သတိရတာလေးပြောပြဦးမယ်နော်။ သက်တော်ရှည် မထေရ်မြတ်ကြီးတစ်ပါးဖြစ်တဲ့ ပုသိမ်မိဂဒါရုံဆရာတော်ကြီးက ပုဏ္ဏား မျိုးနွယ်ဖြစ်တော်မူပြီး ဆင်နေကျားအောင်းနိုင်တဲ့ ကန်သုံးဆင့်နားကတောမှာ တောရဆောက်တည်ပြီး တစ်ပါးတည်း သီတင်းသုံးတော်မူတယ်။ ညသန်း ခေါင်အချိန်မှာ သုသာန်ကို ပုံမှန်ကြွတော်မူပြီး အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်တော်မူပါတယ်။

MA ဦးဇင်း ။ ။ သုသာန်နဲ့ကျောင်း နီးပါသလားဘုရား။

ဆရာတော် ။ ။ သုသာန်နဲ့ ကျောင်းက နီးမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သက်တော် ၈၀ အထိ သုသာန်ကြွတော်မူတာ မှတ်တမ်းရှိနေလို့ပါ ဦးဇင်း။

MA ဦးဇင်း ။ ။ သုသာန်ဓူတင်တစ်ခုတည်းကို ဆောင်တော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဦးဇင်း အခုလိုခက်ခဲတဲ့ သုသာန်ဓုတင်ကို မြတ်မြတ်နိုးနိုး ဆောင်တော်မူမှတော့ သက်န်းဓုတင် ၂ ပါး၊ ဆွမ်းဓုတင် ၅ ပါး အပါအဝင် တခြားဓုတင်တွေလည်း ဆောင်တော်မူမှာပါ။ ဒီမှာ ပဓာနအားဖြင့် သုသာန်ဓုတင်ကို စာထဲရေးတာနေမှာပါ။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးက ဘယ်လိုကမ္မဋ္ဌာန်းကို အားထုတ်တော်မူခဲ့ပါသလဲဘုရား။

ဆရာတော် ။ ။ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကမ္မဋ္ဌာန်းကို ပွားများ အားထုတ်တော်မူခဲ့ပါတယ်။ မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ ထေရုပ္ပတ္တိ ကျမ်းပြုသူ ဦးသာသန ဝိသုဒ္ဓိက "ဆရာတော်ကြီးသည် ဗေဒင်ဆေးကျမ်း အစရှိသည်၌လည်း ကျွမ်းကျင် လိမ္မာတတ်မြောက်ခဲ့သော်လည်း ဝိနည်းအရ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း လုံးဝမပြုခဲ့ချေ။ ရဟန်းများ ဝါဆိုဝါကပ်ကိစ္စ အရေးကြီးသဖြင့် ရေးသားတော်မူခြင်းများရှိခဲ့၏။ မိမိတိုက်တွင်းရှိ ရဟန်းသံဃာတော်များအား သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပြည့်စုံစွာ ကျင့်သုံး နေထိုင်ရေးကိုလည်း အမြဲတမ်း ကြည့်ရှုဆုံးမတော်မူကာ သီလသိက္ခာကို လုံခြုံစွာ မလိုက်နာသော သူများအားလည်း ညှာတာတော်မူလေ့မရှိချေ။ ဤကဲ့သို့ ပုဏ္ဏားမျိုးလည်း ဖြစ်၍လည်းကောင်း၊ ရဟန္တာအရှင်မြတ်ကြီးလည်း ဖြစ်၍လည်းကောင်း၊ အလွန်ကျစ်လျစ်သိမ်မွေ့စွာ ဝိနည်းအရာ၊ ဓုတင်အရာ၌ ဘုရားဟောအတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံးနေနိုင်တော်မူခဲ့၏"လို့ မှတ်တမ်းတင်ထားပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ရည်မှန်းပြီး ခြေတော်ဦးခိုက်ကန်တော့ပါတယ်ဘုရား။

## သုသာန်ဓုတင်ဆောင်သူအဖို့ အခြားဓုတင်များ ရခွင့်ရှိနေသည်

MA ဦးဇင်း ။ ။ သုသာန်ထဲမှာ အသက်အရွယ်ကြီးသည့်တိုင်နေရတာ အန္တရာယ်ကြီးမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ တစ္ဆေ၊ သရဲ၊ ပြိတ္တာ၊ မြေဘုတ်ဘီလူးတွေရဲ့ အန္တရာယ်အပြင် လူဆိုးသူခိုးတွေရဲ့ ဘေးရန်ကလည်း ရှိနိုင်ပါသေးတယ်။ ပြီးတော့ မြွေဆိုးတွေ၊ ခွေးအတွေကလည်း အုပ်စုလိုက်လာပြီး သုသာန်မှာ နေတတ်တယ်။ သူတို့လည်း အဆင်မသင့်ရင် အုပ်စုလိုက်လာပြီး ရန်လုပ်တတ်သေးတယ်။ ဒါကြောင့် သုသာန်ဓုတင်ဆောင် သူတော်ကောင်းကြီးများက မေတ္တာ၊ သစ္စာနဲ့ပဲ ရန်စွယ်အသွယ်သွယ်ကို ရင်ဆိုင်ကြရပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ သုသာန်ဓုတင်ဆောင် ရဟန်းအတွက် ဆောင်ရန်၊ ရှောင်ရန် အများကြီး မှတ်သားခွင့်ရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ပြောပြစရာ နည်းနည်းကျန်နေသေးတယ်။

MA ဦးဇင်း ။ ။ ကျန်သေးရင်လည်း သိပါရစေဘုရား။

ဆရာတော် ။ ။ သုသာန်ထဲမှာ များသောအားဖြင့် သစ်ပင်ကြီးကြီးတွေ ရှိတတ်ကြတယ်။ ပြီးတော့ ရွာတွေနဲ့လည်းဝေးပြီး တောရအင်္ဂါရမယ်ဆိုရင်ပေါ့လေ သုသာန်ဓုတင်ဆောင်ရင် ဓုတင် ၆ ပါးကို တစ်ပါတည်း ရနိုင်သေးတယ်ဘုရား။

MA ဦးဇင်း ။ ။ ဓုတင်တစ်ပါးကို ကျင့်တာနဲ့ ဓုတင် ၆ ပါး ရနိုင်တာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဒါက စောစောကပြောခဲ့တဲ့ တောရအင်္ဂါတွေနဲ့ ညီမယ်ဆိုရင် တောရဆောက်တည်တဲ့ အာရညကင်ဓုတင် သုသာန်ထဲမှာရမယ်။ ဒုတိယအနေနဲ့ သစ်ပင်ရင်းမှာသာနေတဲ့ ရုက္ခမူဓုတင်လည်းရမယ်။ တတိယအနေနဲ့ လွင်တီးခေါင်မှာနေတဲ့ အဗ္ဘောကာသိကဓုတင်လည်း သုသာန်မှာ ရနိုင်သေးတယ်။ စတုတ္ထအနေနဲ့ ရသမျှနေရာမှာပဲ သီတင်းသုံးရတဲ့ ယထာသန္ထတိဓုတင်လည်း ရပါတယ်။ ပဉ္စမအနေနဲ့ လျောင်းတဲ့ဣရိယာပုတ်ကိုပယ်ပြီး ရပ်၊ ထိုင်၊ လျှောက်လို့သာ နေရတဲ့ နိသဇ္ဇိဓုတင်ကိုလည်း သုသာန်မှာ ရနိုင်ပါသေးတယ်။ နောက်ဆုံး ဆဋ္ဌမအနေနဲ့ သုသာန်မှာနေတဲ့ သောသာနိကဓုတင်ကတော့ ရပြီးသား ဖြစ်နေပါတယ်ဘုရား။

MA ဦးဇင်း ။ ။ အကျိုးကျေးဇူး များလိုက်တာဘုရား။ ဘုရားတပည့်တော် မမေ့မလျော့မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ သာဓုပါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ တပည့်တော် မေးလျှောက်ဖို့ တစ်ခုသတိရလာလို့ပါဘုရား။

ဆရာတော် ။ ။ မေးလျှောက်ပါလေ။

MA ဦးဇင်း ။ ။ ဓုတင်သာသနာကို အားပေးတတ်တဲ့ ဂါမဝါသီဆရာတော်များလည်းရှိတော့ရှိဦးမယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရှိတယ် ဦးဇင်း။ ဝိနည်းပိုင်းမှာ အားနည်းသော်လည်း တကယ့်ကို အရိယာသူတော်စင်ကြီးကဲ့သို့ စိတ်ဓာတ်ပြည့်ဝတဲ့ ဆရာတော်ကြီးများကို ကြုံဖူးတယ်။ ဒီနေ့ချိန်ထိ ကျေးဇူးတရားကို မမေ့နိုင်ဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ ဆိုးတဲ့ဘုန်းကြီးလည်း ရှိတာပါလားဘုရား။

ဆရာတော် ။ ။ ရှိတယ်။ ရှိတယ် ဦးဇင်း။ လောကသဘာဝပါ။ ဆိုးတာမှ ဘယ်လောက်ဆိုးသလဲဆိုရင် တာတေလန်နေအောင်ကို ဆိုးတာပါဘုရား။ သူတို့ကတောဘုန်းကြီးကို သူတို့လိုနေစေချင်တာနေမှာပါလေ။ မိမိကလည်း သူတို့နဲ့ဆက်ဆံရေး အဆင်ပြေပြေလေး ဖြစ်ချင်လို့ အထူးသတိထားပြီး ပေးကမ်းလှူဒါန်း ဆက်ဆံနေရင်းကနေ တစ်ကွေ့ကျတော့ အဆင်မပြေတာ ကြုံပါလေရောဗျာ။

MA ဦးဇင်း ။ ။ ဘယ်လိုကြုံတာပါလဲဘုရား။

ဆရာတော် ။ ။ ကြုံတာတွေအများကြီးထဲက သီတင်းသုံးဖော်တစ်ပါး ကြုံဖူးတာလေး ပြောပြမယ်နော်။ သူက ဓုတင်ဆောင်တယ်။ အနေအထိုင် သိပ်ကောင်းတယ်။ ရဟန်းအချင်းချင်းကို ကြည်ညိုစရာကောင်းတာပါ။ သူ့ကို ဂါမဝါသီဆရာတော်

တစ်ပါးက "ကိုယ်တော့်ကို သုသာန်နားမှာ ကျောင်းဆောက်ပေးမယ်၊ နေမလား"လို့ ပြောတာကို ဓုတင်ဆောင်ရဟန်းက ဆက်ဆံရေးထိခိုက်ပြီး ရန်ရှာမှာစိုးလို့ လက်ခံလိုက်မိတယ်။

MA ဦးဇင်း ။ ။ တိုက်ကျောင်းလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး။ လေးပင်တိုင် သက်ငယ်မိုး၊ ထရံတစ်ပိုင်းကာတဲ့ ကျောင်းလေးပါ။ သူက ဆွမ်းခံပြန်လာကတည်းက ကျောင်းအပြင်မထွက်တော့ဘူး။ ရွာဘုန်းကြီးက ဘာလုပ်ထားသလဲဆိုတော့ ဘုန်းကြီးတရားအားထုတ်တဲ့ ကျောင်းမရောက်ခင် ဝါးနှစ်ပြန်လောက်မှာ လွမ်းစေတီလေးရှိတယ်။ အဲဒီမှာ အလှူခံပုံးချထားပြီး ငွေကောက်စားတာ ဦးဇင်းရေ။

MA ဦးဇင်း ။ ။ ဂါမဝါသီဆရာတော်က မျောက်ပြ ဆန်တောင်းသလိုမျိုး လုပ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဟုတ်ပါတယ်။ သူက ရွာထဲက ကွမ်းယာဆိုင်မှာထိုင်ပြီး "တရားအားထုတ်တဲ့ တောဘုန်းကြီးဆီကိုသွားပြီး ချဲဂဏန်းအိပ်မက်ပေးပါလို့ စိတ်ထဲကနေ ဆုတောင်းကြည့်၊ ဆုတောင်းပြည့်တယ်။ အိပ်မက်မက်တယ်။ အနားကိုတော့ မသွားကြနဲ့ အဝေးက ကန်တော့ကြ၊ ဆုတောင်းပြည့်တာကို မယုံမရှိနဲ့။ အဲဒီတောရဘုန်းကြီးက ငွေမကိုင်ဘူးနော်၊ အလှူခံပုံးထဲ ငွေလှူခဲ့ကြ"ဆိုပြီး ရွာထဲက ဒကာ၊ ဒကာမတွေကို ပြောတာ ဦးဇင်း။

MA ဦးဇင်း ။ ။ တစ်နေ့ တစ်နေ့ တော်တော်ရမယ်ထင်တယ်။

ဆရာတော် ။ ။ ရလိမ့်မယ်။ အလှူခံသေတ္တာက နှစ်လုံးထားတာ။ တစ်လုံးက တောရဆရာတော်အတွက် ကျောင်းဆောက်ရန်တဲ့။ နောက်တစ်လုံးက တောရဆရာတော်အတွက် ဆွမ်းကွမ်းဝေယျာဝစ္စတဲ့။

MA ဦးဇင်း ။ ။ ဒီဂါမဝါသီဆရာတော်ရဲ့ စီးပွားရှာနည်းကလည်း တစ်မျိုးကြီးပါပဲဘုရား။

## သုသာန်ဓုတင် နှင့် အသုဘကမ္မဋ္ဌာန်း

MA ဦးဇင်း ။ ။ အခုလို အန္တရာယ်များတဲ့ သုသာန်ထဲကြွပြီးတော့ ဘယ်လိုကမ္မဋ္ဌာန်းများ အားထုတ်ရတာပါလဲဘုရား။

ဆရာတော် ။ ။ မိမိစရိုက်နဲ့ သင့်တဲ့ကမ္မဋ္ဌာန်းကို အားထုတ်ကြရပါတယ်။ သို့သော် သုသာန်ဓုတင် ဆောင်တော်မူတဲ့ ထေရ်ရှင်များအနေနဲ့က ပတ်ဝန်းကျင်မှာ လူသေအလောင်းတွေ မြှုပ်နှံသင်္ဂြိုဟ်ထားတာ အတိုင်းသား မြင်နေရတယ်။ ကိုယ်နဲ့ရွယ်တူ၊ ကိုယ့်အောက်လူ၊ ကြီးသူတွေရဲ့ အသက်ကို ရေးထားတဲ့ လက်ဝါးကပ်တိုင်တွေ၊ အုတ်ဂူတွေပေါ် ကစာတွေ မြင်နေရတယ်။ အလောင်းကောင်ကနေ ပုပ်နေတဲ့အနံ့တွေ၊ မီးသင်္ဂြိုဟ်ထားလို့ ညှီနံ့တွေ၊ လူသေမြှုပ်ထားတဲ့ မြေပုံပေါ်ကလွှမ်းသူပန်းခွေ လတ်လတ်ဆတ်ဆတ်တွေ၊ အလောင်းကောင် အသစ်မြှုပ်ဖို့ မြေတူးရင်းပေါ်လာတဲ့ ခြကိုက်ထားတဲ့ အခေါင်းပျဉ်ချပ်ကြီးတွေ၊

လူသေကောင်တွေရဲ့ ဆံပင်မရှိတော့တဲ့ ခေါင်းခွံအကြီးတွေ၊ ကလေးခေါင်းခွံ အသေး အစားစားတွေ၊ သွားတွေအပြည့်ရှိတဲ့ ခေါင်းခွံတွေ၊ သွားသုံးလေးချောင်းပဲ ရှိတော့တဲ့ ခေါင်းခွံတွေ၊ လက်ဖျံရိုးတွေ၊ ပေါင်ရိုးတွေ၊ တင်ပါးဆုံအရိုးပြားကြီးတွေက သုသာန်မြေပြင်ပေါ်မှာ ပြန့်ကျဲချင်တိုင်း ပြန့်ကျဲနေတာကို ကြယ်ရောင်၊ လရောင်အောက်မှာ ဖြူဖြူဖွေးဖွေး မြင်တွေ့နေရတတ်တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ကြက်သီးထစရာ ကောင်းလှပါတယ်ဘုရား။

ဆရာတော် ။ ။ သုသာန်မြေပြင်ဆိုတာ လူသေကောင်မြှုပ်ဖို့ တူးလိုက်၊ မြှုပ်လိုက်၊ မြေဖုံးလိုက်နဲ့မို့လို့ အမြဲတမ်း ညီညွတ် ပြေပြစ်နေတာမဟုတ်ဘူး ဦးဇင်း။ မိုးတွင်းအခါကာလ သုသာန်မြေပေါ်က အရိုးတွေက ရေစီးအတိုင်းပါသွားပြီး နိမ့်တဲ့နေရာမှာ ခေါင်းခွံတွေက အရိုးစုအပုံကြီး ဖြစ်နေတော့တယ်။ ယောကျ်ားမိန်းမဆိုတဲ့ အမှတ်သညာပျောက်နေတဲ့အရိုးစု၊ အရိုးပုံကြီးထက် ကောင်းတဲ့ ကမ္မဋ္ဌာန်းအာရုံ ဘယ်ရှိတော့မလဲဦးဇင်း။

MA ဦးဇင်း ။ ။ မြို့တိုင်းက သုသာန်တိုင်းမှာ အခုလို အရိုးတွေ ပုံနေတာပါလားဘုရား။

ဆရာတော် ။ ။ သက်တမ်းရှည်တဲ့ သုသာန်တွေရဲ့မြင်ကွင်းက ဒီအတိုင်းပါပဲဦးဇင်း။ သို့သော်လည်း အခုခေတ်ကာလမှာတော့ သုသာန်တော်တော်များများမှာ မီးသင်္ဂြိုဟ်စက်တွေ ရှိနေကြပြီထင်တယ်။

MA ဦးဇင်း ။ ။ လူသေကောင်နဲ့ သုသာန်အကြောင်းကို အခုလိုကြားရတာ ကြောက်စရာကောင်းလှပါပြီဘုရား။

ဆရာတော် ။ ။ ကိလေသာထူပြောတဲ့သူအတွက် ကြောက်စရာ၊ ရွံစရာဖြစ်ပေမဲ့ ဉာဏ်ပညာအားကြီးတဲ့သူအတွက် သံဝေဂဖြစ်စရာ၊ ဝိပဿနာဉာဏ် ပွင့်ထွန်းစရာတွေပါဘုရား။ မိမိတို့ရဲ့ အဇ္ဈတ္တသတ္တိ အားလျော်စွာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ သုသာန်ဓူတင်ဆောင် ရဟန်းတော်ရဲ့ အဇ္ဈတ္တသတ္တိအားလျော်စွာ ကမ္မဋ္ဌာန်းကို အားထုတ်ကြတာပါလားဘုရား။

ဆရာတော် ။ ။ စောစောက ပြောသလိုပါပဲ။ သုသာန်ဓူတင်ဆောင်မှတော့ မရဏာနုဿတိနဲ့ အသုဘကမ္မဋ္ဌာန်းကတော့ ပါပြီးသားပါဘုရား။

MA ဦးဇင်း ။ ။ ဘယ်လိုများ ပါဝင်ပြီး အားထုတ်ရတာပါလဲဘုရား။

ဆရာတော် ။ ။ သေခြင်းသဘောကို ဆင်ခြင်ဖို့ ဟောကြားထားတာ အများကြီးရှိတဲ့အထဲက မိုးကုတ်ဆရာတော်ကြီး ဟောတော်မူထားတာ လူတိုင်း နားလည်လွယ်တယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ မိုးကုတ်ဆရာတော်ကြီး ဟောတော်မူတာကို သိပါရစေဘုရား။

ဆရာတော် ။ ။ "ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်၊ အသေမဦးခင် ဉာဏ်ဦးရမည်၊ ဉာဏ်မဦးဘဲ အသေဦးလျှင် ငါသည်နစ်နာမည်"လို့ အဖန်တလဲလဲ ပွားများရမယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ နောက်ထပ် သိသင့်ရာရာ ဘာများရှိပါသေးသလဲဘုရား။

ဆရာတော် ။ ။ ပါဠိလို ပြောပြဦးမယ်နော်။

၁။ မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ = ငါ၏ သေခြင်းတရားသည် မြဲ၏၊ အသက်ရှင်ခြင်းသည် မမြဲ။

၂။ မရဏံ မေ ဘဝိဿတိ = ငါ၏ သေခြင်းတရားသည် မချွတ်ကေန် ဖြစ်လိမ့်မည်။

၃။ မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ၏ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးအပိုင်းအခြားရှိ၏တဲ့။

MA ဦးဇင်း ။ ။ ယက္ကန်းသည်မရဲ့သမီးကို ပေးတဲ့ကမ္မဋ္ဌာန်း ရှိတယ်။ ကြားဖူးပါတယ်ဘုရား။ သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ရှိပါတယ်။ ယက္ကန်းသည်မရဲ့သမီးကို ဘုရားရှင်ပေးတော်မူတဲ့ ကမ္မဋ္ဌာန်းက -

၁။ အဒ္ဓုဝံ မေ ဇီဝိတံ = ငါ၏ အသက်ရှင်ခြင်းသည် မမြဲ။

၂။ ဓုဝံ မေ မရဏံ = ငါ၏ သေခြင်းတရားသည် မြဲ၏။

၃။ အဝဿံ မယာ မရိတဗ္ဗမေဝ = ငါသည် မချွတ်ကေန် သေရလိမ့်မည်။

၄။ မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ၏ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးအပိုင်းအခြားရှိ၏။

၅။ ဇီဝိတမေဝ အနိယတံ = ငါ၏ အသက်ဇီဝိတိန္ဒြေသည်ကား မမြဲခြင်းသဘောတရားသာလျှင်ရှိ၏။

၆။ မရဏံ နိယတံ = ငါ၏ သေခြင်းတရားသည်ကား မြဲ၏တဲ့ အရှင်ဘုရား။ ဒါကို အထပ်ထပ်ပွားများရမယ်လို့ ဟောတော်မူပါတယ်။[၁]

MA ဦးဇင်း ။ ။ ပါဠိစကားနဲ့ဆိုမှ ရတာပါလားဘုရား။

ဆရာတော် ။ ။ မဟုတ်ပါဘူး။ ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ မိမိစိတ်နှလုံးထဲ စူးနစ်သွားစေနိုင်တဲ့ ဘာသာစကားတစ်ခုခုနဲ့ ပွားရင်ရပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော် နှစ်ဘာသာစလုံးနဲ့ ပွားနိုင်ဖို့ ကြိုးစားပါ့မယ်ဘုရား။ တစ်ဆက်တည်း အခုလိုပွားများရခြင်းရဲ့ အကျိုးကျေးဇူးကိုလည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ တစ်နေ့နေ့ သေခြင်းကို မုချရင်ဆိုင်ရမှာလေ။ မရဏာနုဿတိဘာဝနာကို မပွားများထားသူတို့အဖို့ ဒီဘဝရဲ့နောက်ဆုံး သေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ မသက်သာလှပါဘူး။ စာထဲက ဥပမာအတိုင်းပြောရရင် အဆိပ်ပြင်းထန်တဲ့ မြွေကြီးကို အိပ်ရာခုတင်ဘေးမှာ ပက်ပင်းတွေ့ရတဲ့သူက မိမိမြွေဆိုးကိုက်ပြီး သေရတော့မှာကို တွေးမိပြီး ကြောက်ရွံ့ တုန်လှုပ်နေသလိုပဲတဲ့။

၁။ (၇)၊ ပေသကာရဓိတာဝတ္ထု၊ လောကဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ၊ နှာ-၁၁၁)

မိမိလားရောက်ရမဲ့ ဂတိနိမိတ်တွေကို မြင်တွေ့နေရတဲ့အတွက်လည်း စိတ်မချမ်းသာဖြစ်ပြီး ကြောက်ရွံ့ တုန်လှုပ်နေတတ်တယ်တဲ့။ ဆုတ်နစ်တဲ့ဒေါသနဲ့ ယှဉ်တွဲနေတဲ့ အကုသိုလ်ဇောတို့က မရဏာသန္နဇောရဲ့နေရာကို အရယူထားပြီးဖြစ်လို့ မျက်ရည်စက်လက်နဲ့ ဒီဘဝ အဆုံးသတ်ရပါတော့မယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မရဏာဿတိဘာဝနာကို မပွားထားသူအတွက် နစ်နာလှပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒါကြောင့် ကျန်းမာနေတုန်း မရဏာဿတိဘာဝနာကို ထုံမွှမ်းနေအောင် ပွားများ အားထုတ်ထားသင့်ပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါ ကြိုးစားပါ့မယ်ဘုရား။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ သုသာန်ဓုတင်မှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုလို့ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်ဦးဇင်း။ ဓုတင်ကို ဥက္ကဋ္ဌဆောင်တော်မူတဲ့ရဟန်းက သူသေကောင်ကို မပြတ် ဖုတ်နေတဲ့ သုသာန်၊ အပုပ်နံ့တွေ မပြတ်နံနေတဲ့ သုသာန်၊ ငိုကြွေးသံ မပြတ်ရှိနေတဲ့ သုသာန်အရပ်မှာ ဓုတင်ဆောင်တော်မူကြတယ်။

MA ဦးဇင်း ။ ။ မှန်ပါ။ မဇ္ဈိမရဟန်းက ဘယ်လိုသုသာန်မှာ နေရတာပါလဲဘုရား။

ဆရာတော် ။ ။ မဇ္ဈိမရဟန်းက စောစောကပြောခဲ့တဲ့ သူသေကောင်ကို မပြတ်ဖုတ်နေတဲ့ သုသာန်၊ အပုပ်နံ့တွေ မပြတ်နံနေတဲ့ သုသာန်၊ ငိုကြွေးသံ မပြတ်ရှိနေတဲ့ သုသာန်လို့ အင်္ဂါသုံးရပ်ထဲက တစ်မျိုးရှိတဲ့ သုသာန်မှာ ဓုတင်ဆောင်တော်မူတဲ့ ရဟန်း ဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ နောက်ဆုံး မုဒုရဟန်းက ဘယ်လိုသုသာန်မှာ နေရတာပါလဲဘုရား။

ဆရာတော် ။ ။ နောက်ဆုံး မုဒုပုဂ္ဂိုလ်က သုသာန်လက္ခဏာ ရှိရုံမျှသာရှိတဲ့ သုသာန်မှာ ဓုတင်ဆောင်တော်မူတဲ့ရဟန်း ဖြစ်ပါတယ်ဦးဇင်း။

MA ဦးဇင်း ။ ။ သုသာန်ဓုတင်ဆောင် ရဟန်းအဖို့ ဓုတင်ပျက်တယ်ဆိုတာ ရှိတတ်ရင်လည်း မှတ်သားချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ဥက္ကဋ္ဌဓုတင်ဆောင်တော်မူတဲ့ ရဟန်းဖြစ်စေ၊ မဇ္ဈိမဓုတင်ဆောင်တော်မူတဲ့ ရဟန်းဖြစ်စေ၊ မုဒုဓုတင်ဆောင်တော်မူတဲ့ ရဟန်းဖြစ်စေ သုသာန်မဟုတ်တဲ့ အရပ်မှာနေတာနဲ့ ဓုတင်ပျက်ပါတယ် ဦးဇင်း။[၁]

---

၁။ (၃၄) သောသာနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၄)

## သုသာန်ဓုတင်ဆောင်ရသည့် အကျိုး ၁၀ ပါး

( ၁) သေခြင်း၌ဖြစ်သောသတိကို အဖန်ဖန်ရနိုင်ခြင်း
( ၂) မမေ့မလျော့ နေလေ့ရှိသူဖြစ်ခြင်း
( ၃) အသုဘနိမိတ်ကို ရခြင်း
( ၄) ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း
( ၅) အမြဲမပြတ် ခန္ဓာကိုယ်၏ အသုဘသဘောကိုမြင်ခြင်း
( ၆) သံဝေဂများစွာဖြစ်ခြင်း
( ၇) အာရောဂျမဒ (ကျန်းမာခြင်းကို စွဲ၍ မာန်ယစ်ခြင်း) စသည်ကို ပယ်ဖျောက်နိုင်ခြင်း
( ၈) ဘေးကြီး၊ ဘေးငယ်ကို သည်းခံနိုင်ခြင်း
( ၉) ဘီလူး၊ သရဲ၊ သဘက်တို့၏ လေးစားမှုကို ခံရခြင်း
(၁၀) အပ္ပိစ္ဆတာ စသော ဂုဏ်တို့အားလျော်သော အသက်မွေးမှုရှိခြင်း ဟူသောအကျိုးတို့ကို ရနိုင်သည်။[၁]

သောသာနိက ဉ္စမရဏာနုသတိပ္ပဘာဝါ၊ နိဒ္ဒါဂတမ္ပိ န ဖုသန္တိ ပမာဒဒေါသာ၊
သမ္ပဿတော စ ကုဏပါနိ ဗဟူနိ တဿ၊ ကာမာနုဘာဝဝသဂမ္ပိ န ဟောတိ စိတ္တံ။
သံဝေဂမေတိ ဝိပုလံ န မဒံ ဥပေတိ၊ သမ္မာ အထော ဃဋတိ နိဗ္ဗုတိမေသမာနော၊
သောသာနိကင်္ဂမိတိနေကဂုဏာဝဟတ္တာ၊ နိဗ္ဗာနနိန္နဟဒယေန နိသေဝိတဗ္ဗန္တိ။[၂]

သုသာန်၌ နေလေ့ရှိသော ရဟန်းကို အိပ်ပျော်နေစဉ်သော်လည်း မေ့လျော့ခြင်းဟူသော
အပြစ်တို့သည် သေခြင်းတရားကို အောက်မေ့မှုဘာဝနာ၏ အာနုဘော်ကြောင့်
(အိပ်မက်အလိုအားဖြင့်) မထိပါး မနှိပ်စက်နိုင်ကုန်။ များစွာသော သူသေကောင်တို့ကို
မျက်ဝါးထင်ထင် တွေ့မြင်ရသောကြောင့် ထိုသုသာန်၌ နေလေ့ရှိသော
ရဟန်း၏ စိတ်သည်လည်း ကာမဂုဏ်အာရုံ၌ အဖန်တလဲလဲတပ်စွဲသော
ရာဂ၏ အလိုသို့ လိုက်သည်သော်လည်း မဖြစ်ပေ။ အကြီးအကျယ်ထိတ်လန့်ခြင်းသို့
ရောက်သောကြောင့် မာန်ယစ်ခြင်းသို့ မရောက်တော့ပေ။
ထို့ပြင် ငြိမ်းအေးရာနိဗ္ဗာန်ကို လိုလားတောင့်တသည်ဖြစ်၍
ကောင်းစွာအားထုတ်၏။ ဤဆိုခဲ့သောနည်းဖြင့် များစွာသော ဂုဏ်ကျေးဇူးတို့ကို
ဆောင်တတ်၊ ဖြစ်စေတတ်သောကြောင့် နိဗ္ဗာန်သို့ ညွတ်သည့်
စိတ်နှလုံးရှိသော ယောဂီသည် သုသာန်ဓုတင်ကို မပြတ် မှီဝဲသင့်လှပေ၏။[၃]

---

၁။ ၂။ (၃၄) သောသာနိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပထမတွဲ၊ နှာ-၇၄)
၃။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၄၇)

# ၁၂။ ယထာသန္တတိဓုတင်

## Yathasantatika dhutaṅga



ယထာသန္တတိဓုတင်ကို ဆောင်သောရဟန်းသည် ကျောင်းအိပ်ရာနေရာ ကောင်း၊ မကောင်းကို စုံစမ်း ကြည့်ရှု ရွေးချယ်ခြင်းမပြုဘဲ ရှေးဦးစွာ ညွှန်ပြ၍ ချပေးအပ်သော ကျောင်း၌ နေတော်မူလေ့ရှိသည်။

" The bhikkhu who has the habit of only dwelling at a spot attributed is called a yathasantatika.

### ယထာသန္တတိဓုတင် ဆောက်တည်ပုံ

ယထာသန္တတိဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ"
"ယထာသန္တတိကင်္ဂ သမာဒိယာမိ" [၁]
ဟူသော နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"ကျောင်းအိပ်ရာနေရာကို ကောင်း၊ မကောင်းကို စုံစမ်း ကြည့်ရှုရွေးချယ်ခြင်း၊ နေရာကောင်းအတွက် တိုးဝှေ့၍နေခြင်း အစရှိသော လောလုပ္ပတဏှာကို ပယ်ပါ၏"
"ရှေးဦးစွာ ညွှန်ပြ၍ ချပေးအပ်သောကျောင်း၌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"senâsanaloluppaṃ paṭikkhipâmi," "yathâsantatikaṅgaṃ samâdiyâmi."
"I renounce to change of spot once such a sleeping spot has been attributed to me, I will train into being self-contented with the sleeping spot that will be attributed to me."

---

၁။ (၁၂)၊ ယထာသန္တတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

## ဝေါဟာရအဓိပ္ပာယ်

သေနာသနလောလုပ္ပံ = ကျောင်းအိပ်ရာနေရာကို ကောင်း၊ မကောင်းကို စုံစမ်းကြည့်ရှုရွေးချယ်ခြင်း၊ နေရာကောင်းအတွက် တိုးဝှေ့၍နေခြင်း အစရှိသော လောလုပ္ပတဏှာကို၊

ပဋိက္ခိပါမိ = ပယ်ပါ၏။

ယထာသန္ထတိကင်္ဂ = ရှေးဦးစွာညွှန်ပြ၍ ချပေးအပ်သောကျောင်း၌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊

သမာဒိယာမိ = ဆောက်တည်ပါ၏။

ယထာသန္ထတ = သံဃိကကျောင်းများတွင် ရဟန်းတစ်ပါး သီတင်းသုံးရန် နေရာချပေးသော ပုဂ္ဂိုလ်က ရှေးဦးစွာ ညွှန်ပြသောကျောင်း၊

ယထာသန္ထတိက = ရှေးဦးစွာ ညွှန်ပြသောကျောင်း၌ နေလေ့ရှိသောရဟန်း၊

ယထာသန္ထတိကင် = ရှေးဦးစွာညွှန်ပြ၍ ချပေးအပ်သောကျောင်း၌ နေခြင်းအလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါနစေတနာသည်ပင် ယထာသန္ထတိ ဓုတင်မည်၏။

## ယထာသန္ထတိဓုတင်ဆောင် သူယုတ်မာရဟန်း

ငါသည် ယထာသန္ထတိဓုတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် ယထာသန္ထတိဓုတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုယထာသန္ထတိဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏၊
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## ယထာသန္ထတိဓုတင်ဆောင် သူတော်ကောင်းရဟန်း

ယထာသန္ထတိဓုတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။ ရိုသေထိုက်အောင် ကျင့်၏။
တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

## သူတော်ကောင်းတို့၏တရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
ယထာသန္တတိဓုတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

## ဓုတင် နှင့် ဝိနည်း

MA ဦးဇင်း ॥ ॥ ဘုရားတပည့်တော် ဓုတင်အကြောင်း မေးမြန်းလျှောက်ထားခဲ့တာ အခုဆိုရင် နောက်ဆုံးနားကို ရောက်လာပါပြီဘုရား။ ခက်ခဲတဲ့ကျင့်စဉ်ဆိုတာလည်း ပေါ်လွင်ပါတယ်ဘုရား။ အထူးအားဖြင့် အခုလိုခေတ်ကြီးမှာ အပ်စပ်တဲ့ သပိတ်တစ်လုံး၊ အပ်စပ်တဲ့သင်္ကန်းသုံးထည် လက်ဝယ်ရဖို့တောင် ခက်ခဲလှမယ်လို့ ထင်မိပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဦးဇင်းက ဓုတင်ကို မကျင့်သေးဘဲ အတွေးနဲ့ပြောနေတဲ့စကား ဖြစ်နေလို့ပါ။ တကယ်ကျင့်ရင် သူ့အလိုလို ပြောရလောက်အောင် ပြည့်စုံပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ ဥပမာ မိုးတွင်းကာလမှာ ထီးတို့၊ ဖိနပ်တို့၊ ညအခါသုံးဖို့ ဓာတ်မီးတို့၊ နေမကောင်းတဲ့အခါမှာ ဆေးတို့ကို အပ်စပ်အောင် လှူဒါန်းမဲ့သူမရှိရင် ဘယ်လိုလုပ်ရမလဲဘုရား။

ဆရာတော် ॥ ॥ တကယ်အသုံးလိုတဲ့အခါမှာ မရတာ မရှိပါဘူးဘုရား။ အသုံးအဆောင် ပရိက္ခရာတွေ ပြတ်လပ်ရင် ခဏပါ။ နောက်ဆုံးလူတွေက မလှူဒါန်းရင်တောင် ရဟန်းအချင်းချင်း စောင့်ရှောက်ပေးကြပါတယ်။ ကူညီပေးကြပါတယ်ဘုရား။ ဓုတင်ကို သတ္တိရှိရှိ ရဲရဲသာ အဓိဋ္ဌာန်တင်ပြီး ကျင့်စမ်းတော်မူပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ ကြိုးစားပါ့မယ်ဘုရား။ ဥက္ကဋ္ဌကနေပဲ စကျင့်ရင်ကောင်းမလားလို့ စဉ်းစားနေပါတယ်ဘုရား။

ဆရာတော် ॥ ॥ ဓုတင်ကို သေသေချာချာ လေ့လာမိသလောက် ဘာတွေ့ရသလဲဆိုရင် အာရညကင်ဓုတင်က ဥက္ကဋ္ဌရဖို့ မခက်ခဲဘူးနော်။ တောရတဲ့ကျောင်းမှာ သီတင်းသုံးတာနဲ့ ရနိုင်တယ်။ ကျန်တဲ့ဓုတင်တွေက ကန့်သတ်ချက်တွေ များတဲ့အတွက် နည်းနည်းကြောင့်ကြစိုက်ရတာ ရှိတတ်လို့ စိတ်ဓာတ်ခွန်အားကျဆုံးပြီး ဓုတင်ကို စွန့်ခွာပြီးပြေးတဲ့ရဟန်းတွေ သာသနာမှာ အများကြီး ရှိခဲ့ဖူးတယ်။ ဒါကြောင့် မုဒုကနေ ကျင့်ပါလေ။ ရံခါလည်း မဇ္ဈိမရမယ်။ ရံခါလည်း မုဒုရမယ်။ ကျင့်ရင်း ကျင့်ရင်း ရံခါလည်း ဥက္ကဋ္ဌရမှာပေ့ါဘုရား။

---

၁။ (၃) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၉)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ကြိုးစားပါ့မယ်။ ဓူတင်နှင့် ဝိနည်းဆက်စပ်မှုကို ဘုရားတပည့်တော် လေ့လာနေပါတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါတယ်။ ဝိနည်းကို အလေးဂရုမထားဘဲ ဓူတင်ကျင့်တာကိုတော့ အားမပေးပါဘူး ဦးဇင်း။ ဝိနည်းနဲ့ ဓူတင်တွဲပြီး ကျင့်သွားရမယ်နော်။ တချို့ဓူတင်တွေက ဝိနည်းနဲ့ တိုက်ရိုက် ဆက်စပ်နေပါတယ်။ တောရဆောက်တည်ပြီးနေတဲ့ သီတင်းသုံးဖော် ရဟန်းတစ်ပါးမိန့်တာလေး သတိရလာတယ်။ "တောရဆိုလို့ သွားလိုက်တာ ဦးခေမာ၊ ကျောင်းဝင်းထဲမှာ မီးခိုးထွက်နေတာ တွေ့လိုက်တယ်။ ဘုန်းကြီးတွေ သပိတ်ဖုတ်နေကြတာလား။ သက်န်း သစ်ခေါက်ဆိုးနေကြတာလားမသိဘူးလို့ တွေးမိပြီး သပိတ်ဖုတ်နည်းလေး လည်းသိချင်နေတာ၊ သက်န်းကိုလည်း သစ်ခေါက်ဆိုးချင်နေတာမို့လို့ သွားကြည့်လိုက်တာ သစ်ပင်အောက်က တဲကျောင်းထဲမှာ ဘုန်းကြီးသုံးလေး ပါးစုပြီး အမဲသားဟင်းကို မဆလာထည့်ပြီး ချက်နေတာ ဦးခေမာရေ"တဲ့။

MA ဦးဇင်း ။ ။ အဲဒီတောရကျောင်းမှာ ဓူတင်ကွယ်သွားတာပါလားဘုရား။

ဆရာတော် ။ ။ ဓူတင်ထားဦး။ အခုတော့ ဝိနည်းပါကွယ်သလို ဖြစ်နေတာပေါ့လေ။ ရဟန်း အချင်းချင်းတောင် ဒီနေ့ခေတ်မှာ ဓူတင်လို့ပြောရင် တအံ့တဩ ဖြစ်ကြတာ ကြုံနေရပါတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ နဘူးကျင်းဆရာတော်ကြီးက "သာသနာကွယ်တယ်ဆိုတာ အခု ဓူတင်ကျင့်တဲ့ ရဟန်းမရှိတော့ရင် ဓူတင်သာသနာ ကွယ်ပြီပေါ့"လို့ မိန့်တော်မူတာကို အခုလောက် လေးနက်မှန်း မသိခဲ့ပါဘုရား။ တပည့်တော် သေသေ ချာချာလေ့လာမှတ်သားပြီး ကျင့်နိုင်အောင် ကြိုးစားပါ့မယ်ဘုရား။

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ။ ။ ယထာသန္ထတိဓူတင်ကလည်း ခက်ခဲပါတယ်ဘုရား။ ဒီဓူတင်မှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမ နဲ့ မုဒုတို့ရဲ့ကျင့်စဉ် ဂုဏ်ရည်ကို သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ အမြတ်စား ဥက္ကဋ္ဌဓူတင်ဆောင်တော်မူတဲ့ ရဟန်းက မိမိအတွက် နေရာချထားပေးလာတဲ့ ကျောင်းကို မငြင်းပယ်ရဘူး။

MA ဦးဇင်း ။ ။ ကျောင်းရဲ့အခြေအနေတွေကို မေးလို့တော့ ရပါသလားဘုရား။ ဥပမာ ဆွမ်းခံရွာ ဝေးနေမလား။ မြွေကင်းတွေ ပေါသလားလို့ ဆိုလိုတာပါဘုရား။

ဆရာတော် ။ ။ အမြတ်စား ဥက္ကဋ္ဌဓူတင်ဆောင်ရဟန်းက "တပည့်တော် နေရမဲ့ကျောင်းက ဝေးလွန်းသလား၊ နီးလွန်းနေသလား၊ ဘီလူး၊ သရဲ၊ မြွေ၊ ကင်း၊ ကြမ်းပိုး၊ ခြင် စတဲ့ဘေးရန် အန္တရာယ်၊ အနှောင့်အယှက်တွေ ရှိသလား" လို့ မေးဖို့အခွင့် မရှိပါဘူး ဦးဇင်း။[၁]

၁။ (၁၂) ယထာသန္ထတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပဌမတွဲ၊ နှာ-၇၆)

MA ဦးဇင်း ॥ ॥ ချထားပေးတဲ့ နေရာမှာပဲ နေရမှာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ ချထားပေးတဲ့နေရာမှာ မမေးမမြန်းဘဲ လက်ခံနေထိုင်ရမယ်။ မိမိအတွက်ပေးလာတဲ့ ကျောင်းနေရာကို မေးမြန်း စုံစမ်းနေတာကကို ဥက္ကဋ္ဌ ရဟန်းတော်အတွက် လောလုပ္ပတဏှာလို့ ခေါ်ပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ နားလည်ပါပြီဘုရား။ အလတ်စားကျင့်တဲ့ ရဟန်းတော်ရဲ့ ကျင့်စဉ်ကိုလည်း ပူဇော်ချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ အလတ်စား မဇ္ဈိမဓူတင်ဆောင် ရဟန်းအနေနဲ့ "တပည့်တော် နေရမဲ့ကျောင်း က ဝေးလွန်းသလား၊ နီးလွန်းနေသလား၊ ဘီလူး၊ သရဲ၊ မြွေ၊ ကင်း၊ ကြမ်းပိုး၊ ခြင် စတဲ့ဘေးရန် အန္တရာယ်၊ အနှောင့်အယှက်တွေ ရှိသလား" လို့ မေးဖို့ အခွင့်ရှိပါတယ်။ သို့သော် သွားပြီး ကြည့်ခွင့် မရှိပါဘူးဘုရား။

MA ဦးဇင်း ॥ ॥ ကြည့်ခဲ့မယ်ဆိုရင် ဓူတင်ပျက်ပါသလားဘုရား။

ဆရာတော် ॥ ॥ မပျက်ပါဘူး။ ကျောင်းနေရာကို သွားရောက် ကြည့်ရှုလေ့လာတာကကို မဇ္ဈိမ ရဟန်းတော်အတွက် လောလုပ္ပတဏှာပါဘုရား။

MA ဦးဇင်း ॥ ॥ သာသနာတော်မှာ အံ့သြစရာကောင်းတဲ့ ကျင့်စဉ်တွေပါပဲဘုရား။

ဆရာတော် ॥ ॥ အခုနောက်ဆုံး မုဒုဓူတင်ဆောင် ရဟန်းအနေနဲ့က "တပည့်တော် နေရမဲ့ ကျောင်းက ဝေးလွန်းသလား။ နီးလွန်းနေသလား။ ဘီလူး၊ သရဲ၊ မြွေ၊ ကင်း၊ ကြမ်းပိုး၊ ခြင် စတဲ့ဘေးရန် အန္တရာယ်၊ အနှောင့်အယှက်တွေ ရှိသလား" လို့ မေးခွင့်လည်း ရှိတယ်။ သွားပြီး ကြည့်ခွင့်လည်း ရှိတယ်။ မနှစ်သက်ခဲ့ရင် ပြောင်းပြီး ယူခွင့်လည်း ရှိပါတယ် ဦးဇင်း။ သို့သော် မုဒုဓူတင်ဆောင် ရဟန်း အနာရောဂါ မရှိပါဘဲ မိမိကိုပေးအပ်လာတဲ့ ကျောင်းကိုငြင်းပြီး ရဟန်းမနေတဲ့ တခြားကျောင်းကို ယူတာကကို မုဒုရဟန်းအတွက် လောလုပ္ပတဏှာပါဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ဥက္ကဋ္ဌ၊ မဇ္ဈိမနှင့် မုဒုတို့ရဲ့ ဓူတင်ပျက်တဲ့အကြောင်း သိပါရစေဘုရား။

ဆရာတော် ॥ ॥ ယထာသန္တတိဓူတင်ကိုဆောင်တဲ့ ရဟန်းက "ဤကျောင်းသည် အရှင်ဘုရား နေဖို့ရန် ဖြစ်၏" လို့ ကျောင်းနေရာချပေးတဲ့သူက ညွှန်ပြတာကို မငြင်း ရတော့ဘူး။ မိမိနေချင်တဲ့အတွက် အခြားတစ်ပါးပါးသော ရဟန်းကို ဖယ်ရှား ခိုင်းတာမျိုးလည်း မလုပ်ရဘူး။ အဲသလို လျှပ်ပေါ်လော်လည်တာနဲ့ ဓူတင် ပျက်ပါတယ်ဘုရား။[၁]

MA ဦးဇင်း ॥ ॥ တပည့်တော် ဖတ်ဖူးတာက သံဃိကကျောင်းဆိုတာ ထေရ်စဉ်ဝါစဉ်အရ နေရာချထားပေးရတယ်လို့ ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ မှန်ပါတယ်။ ထေရ်ကြီးရဟန်းက သီတင်းငယ်ရဲ့နေရာကို အလိုရှိရင် ဖယ် ပေးရပါတယ်။ သို့သော် ယထာသန္တတိဓူတင်ကို ဆောင်ထားတဲ့ရဟန်းက နေရာချထားပေးတဲ့ ပုဂ္ဂိုလ်က ချပေးတဲ့ နေရာမှာပဲ နေရတယ်။ အခြားရဟန်း

၁။ (၁၂) ယထာသန္တတိကင်္ကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

သီတင်းသုံးနေတဲ့ နေရာကိုလည်း မတောင်းယူရဘူး။ ကိုယ့်ထက် ဝါငယ်တဲ့ ရဟန်းကိုလည်း မရွှေ့ခိုင်းစေရပါဘူးဘုရား။ ဓုတင်ကြောင့်ပါ။ တချို့ကိစ္စရပ်တွေမှာ ဝိနည်းနဲ့ ဓုတင် မကျွမ်းကျင်ရင် ရောထွေးတတ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ဘုရားတပည့်တော် စုံစုံစေ့စေ့ လေ့လာပါ့မယ်ဘုရား။

## ယထာသန္တတိကဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၆ ပါး

၁။ ရသမျှဖြင့်သာ ရောင့်ရဲတင်းတိမ်ရမည် ဟူသော ဘုရားရှင်၏ ဩဝါဒကို လိုက်နာခြင်း၊

၂။ သီတင်းသုံးဖော်တို့၏ အစီးအပွားကို လိုလား ရှာမှီးသူဖြစ်ခြင်း၊

၃။ ညံ့၏ ကောင်း၏ဟု အထူးကြံမှုကို စွန့်ပယ်နိုင်ခြင်း၊

၄။ ချစ်ခြင်း မုန်းခြင်း နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းကို ပယ်နိုင်ခြင်း၊

၅။ အာရုံမျိုးစုံ၌ တပ်မက်ခင်မင်မှု တဏှာ၏ ဝင်ပေါက်တံခါးကို ပိတ်နိုင်ခြင်းနှင့်

၆။ အပ္ပိစ္ဆတာ စသော ဂုဏ်တို့အားလျော်သော အသက်မွေးမှုရှိခြင်း ဟူသော အကျိုးများကို ရနိုင်ပါသည်။[၁]

> ယံ လဒ္ဓံ တေန သန္တုဋ္ဌော၊ ယထာသန္တတိကော ယတိ၊
> နိဗ္ဗိကပ္ပေါ သုခံ သေတိ၊ တိဏသန္ထရကေသုပိ။
> န သော ရဇ္ဇတိ သေဋ္ဌမှိ၊ ဟီနံ လဒ္ဓါ န ကုပ္ပတိ၊
> သဗြဟ္မစာရိနဝကေ၊ ဟိတေန အနုကမ္ပတိ။
> တသ္မာ အရိယသတာစိဏ္ဏံ၊ မုနိပုင်္ဂဝဝဏ္ဏိတံ၊
> အနုယုဉ္ဇေထ မေဓာဝီ၊ ယထာသန္တတရာမတန္တိ။ [၂]
>
> ယထာသန္တတိကဓုတင်ဆောင် ရဟန်းသည် (ကျောင်းကောင်း မကောင်း) ကြံခြင်းမရှိဘဲ ရသည့်ကျောင်းဖြင့် ရောင့်ရဲသည်ဖြစ်၍ မြက်အခင်းတို့၌သော်လည်း ချမ်းသာစွာ နေထိုင်ရပေ၏။ ထိုယထာသန္တတိ ဓုတင်ဆောင်ရဟန်းသည် ကောင်းမြတ်သော ကျောင်းအိမ်ရာ နေရာ၌ မတပ်မက်ပေ၊ အယုတ်အညံ့ကို ရသော်လည်း စိတ်မပျက်ပေ၊ သီတင်းသုံးဖော်ငယ်တို့ကို အကျိုးစီးပွားဖြင့် သနားစောင့်ရှောက် ချီးမြှောက်ရာ ရောက်ပေ၏။ ထို့ကြောင့် အရိယာသူမြတ်တို့ မပြတ်လေ့ကျက်အပ်သော မုနိတကာတို့၏ ရှေ့သွားမြတ်ဘုရား ချီးမွမ်းတော်မူအပ်သော ညွှန်ချအပ်တိုင်းသောကျောင်း၌ မွေ့လျော်သည်၏အဖြစ် (ဟူသောအကျင့်)ကို ပညာရှိရဟန်းသည် အားထုတ်ကျင့်သုံးရာ၏။

---

၁။ မဟာစည်ဆရာတော်ကြီး၏ဝိသုဒ္ဓိမဂ်မြန်မာပြန်(ပထမတွဲ၊နှာ-၂၅၁)

၂။ ယထာသန္တတိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသော၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

# ၁၃။ နိသဇ္ဇိဓုတင်

## Nesajjika dhutaṅga



နိသဇ္ဇိဓုတင်ကို ဆောင်သောရဟန်းသည် လဲလျောင်း၍အိပ်ခြင်းဟူသော ဣရိယာပုတ်ကို ပယ်ပြီး ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံလျှောက်ခြင်းဟူသော ဣရိယာပုတ်တို့ဖြင့် နေလေ့ရှိတော်မူပါသည်။

The bhikkhu who takes up the habit to renounce to the lying posture, only adopting sitting, standing and walking postures, is called a nesajjika.

### နိသဇ္ဇိဓုတင်ဆောက်တည်ပုံ

နိသဇ္ဇိဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည်
"သေယျံ ပဋိက္ခိပါမိ"
"နေသဇ္ဇိကင်္ဂံ သမာဒိယာမိ"[၁]
ဟူသော နှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရာ၏။

"လဲလျောင်း၍ အိပ်ခြင်းဟူသော ဣရိယာပုတ်ကို ပယ်ပါ၏"
"ထိုင်ခြင်းဟူသော ဣရိယာပုတ်ဖြင့် နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါ
သမာဒါနစေတနာကို ဆောက်တည်ပါ၏"

"seyyaṃ paṭikkhipâmi" "nesajjikaṅgaṃ samâdiyâmi."
"I renounce to the lying posture." " I will train into always remaining seated (at time of taking rest)"

---

၁။ (၁၃) နေသဇ္ဇိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

## ဝေါဟာရအစီပွာယ်

သေယျံ = လဲလျောင်း၍အိပ်ခြင်းဟူသော ဣရိယာပုတ်ကို၊
ပဋိက္ခိပါမိ = ပယ်ပါ၏။
နေသဇ္ဇိကင်္ဂံ = ထိုင်ခြင်းဟူသော ဣရိယာပုတ်ဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊
သမာဒိယာမိ = ဆောက်တည်ပါ၏။
နေသဇ္ဇိက = အိပ်ရာ၊ ခေါင်းအုံး၌ ဦးခေါင်းချ၍ လဲလျောင်း၍အိပ်ခြင်းကို ပယ်ပြီး၊ ထိုင်ခြင်း ဣရိယာပုတ်ဖြင့် နေခြင်းအလေ့ရှိသော ရဟန်း၊
နေသဇ္ဇိကင်္ဂ = ထိုအိပ်ရာခေါင်းအုံး၌ လဲလျောင်းအိပ်စက်ခြင်းကို ပယ်ပြီး၊ ထိုင်ခြင်းဣရိယာ ပုတ်ဖြင့် နေခြင်းအလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ သမာဒါနစေတနာ ကပင် နိသဇ္ဇိဓူတင်မည်၏။

## နိသဇ္ဇိဓူတင်ဆောင် သူယုတ်မာရဟန်း

ငါသည် နိသဇ္ဇိဓူတင်ကို ဆောက်တည်၏။ ငါမှတစ်ပါးသော
ဤရဟန်းတို့သည် နိသဇ္ဇိဓူတင်ကို မဆောက်တည်ကြဟု ဆင်ခြင်၏။
ထိုရဟန်းသည် ထိုနိသဇ္ဇိဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို ချီးမြှောက်၏။
သူတစ်ပါးကို ရှုတ်ချ၏။ ဤသည်မှာ သူယုတ်မာရဟန်းတို့၏ တရားတည်း။

## နိသဇ္ဇိဓူတင်ဆောင် သူတော်ကောင်းရဟန်း

နိသဇ္ဇိဓူတင်ကို မဆောက်တည်သော်လည်း ထိုရဟန်းသည်
လောကုတ္တရာတရား အားလျော်သော တရားကို ကျင့်၏။
ရိုသေထိုက်အောင် ကျင့်၏။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ပူဇော်ထိုက်၏။
ထိုအကျင့်ကောင်းသော ရဟန်းကို ချီးမွမ်းထိုက်၏။

### သူတော်ကောင်းတရား

ထိုရဟန်းသည် အကျင့်ကိုသာလျှင် အကြောင်းပြု၍
နိသဇ္ဇိဓူတင် ဆောက်တည်သည်၏ အဖြစ်ဖြင့် မိမိကို မချီးမြှောက်။
သူတစ်ပါးကို မရှုတ်ချ။ ဤသည်မှာလည်း သူတော်ကောင်းတို့၏ တရားတည်း။[၁]

၁။ (၃) သပ္ပုရိသသုတ္တ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၆)

# လဲလျောင်းတာကို ပယ်ထားသည့် ဓူတင်

MA ဦးဇင်း ॥ ॥ နိသဇ္ဇိဓူတင် ဆောင်ထားတဲ့ရဟန်းက ခေါင်းအုံးပေါ်ကို ခေါင်းချရင် ဓူတင်ပျက်တာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါတယ်။ ကြမ်းပြင်ပေါ်ကို ကျောဆန့်ပြီးတော့ ခေါင်းအုံးပေါ်ကို ခေါင်းချတာနဲ့ နိသဇ္ဇိဓူတင်ပျက်ပါတယ်။ ရပ်၊ ထိုင်၊ လျောင်း၊ သွားဆိုတဲ့ ဣရိယာပုတ်လေးပါးထဲက လျောင်းတဲ့ ဣရိယာပုတ်တစ်ပါးကို ဒီဓူတင်က ပယ်ထားတာပါ။

MA ဦးဇင်း ॥ ॥ ထိုင်လျက် အိပ်ပျော်သွားရင် ရမယ်ထင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ ထိုင်လျက် အိပ်ပျော်ရင် ဓူတင်မပျက်ပါဘူး။ ဒီဓူတင်က ဝီရိယကိုအထူးပြုတာဆိုတော့ ဦးဇင်း စဉ်းစားကြည့်လေ ထိုင်လျက်ကြီးအိပ်တာ ဘယ်လောက်ကြာကြာများ အိပ်ပျော်မလဲ ခဏလေးနေရင်နိုးတယ်လေ။

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော်တရားထိုင်ရင်း တစ်ခါတလေ အိပ်ပျော်သွားတယ်ဘုရား။ စိတ်ချလက်ချအကြာကြီး ထိုင်လျက်တော့ အိပ်လို့မရပါဘုရား။

ဆရာတော် ॥ ॥ နိသဇ္ဇိဓူတင်ဆောင်ရဟန်းက ညဥ့်သုံးယာမ်ရှိတဲ့ထဲမှာ တစ်ယာမ်မှာ စင်္ကြံသွားရမယ်လို့ စာကပြပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ ညဥ့်သုံးယာမ်ဆိုတာ ဘယ်လိုပါလဲဘုရား။

ဆရာတော် ॥ ॥ ပုရိမယာမ်ဆိုတာက ညဥ့်ဦးပိုင်း၊ မဇ္ဈိမယာမ်ဆိုတာက ညဥ့်လယ်ပိုင်း၊ ပစ္ဆိမယာမ်ဆိုတာက မိုးသောက်ပိုင်း ဖြစ်ပါတယ်။

MA ဦးဇင်း ॥ ॥ မှန်ပါ။ ညဥ့်ဦး၊ ညဥ့်လယ်နဲ့ မိုးသောက်ယံဆိုပြီး သုံးပိုင်းရှိတဲ့ထဲက တစ်ယာမ်မှာ စင်္ကြံသွားရမယ်လို့ ဆိုလိုတာပါလားဘုရား။

ဆရာတော် ॥ ॥ ဟုတ်တယ်။ သုံးယာမ်လုံး ထိုင်နေမယ်။ ဒါမှမဟုတ် သုံးယာမ်လုံး စင်္ကြံလျှောက်နေမယ် ဆိုရင် ခန္ဓာကိုယ်က မခံနိုင်ဘူးလေ။

MA ဦးဇင်း ॥ ॥ ဣရိယာပုတ် မျှတအောင် နေရမယ်ဆိုတာကို နားလည်ပါပြီဘုရား။

ဆရာတော် ॥ ॥ ဒီဓူတင်မှာ ကျောဆန့်ပြီး ခေါင်းအုံးပေါ်၊ အိပ်ရာပေါ် အိပ်တာကိုသာ ပယ်ပါတယ် ဦးဇင်း။ ကျန်တဲ့ ဣရိယာပုတ်သုံးခုကို သင့်တော်သလို မျှတအောင် ကျင့်ခွင့်ရှိပါတယ်ဘုရား။

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ ဘုရားရှင်အလိုတော်က သေယျသုခလို့ခေါ်တဲ့ အိပ်ခြင်းသုခနဲ့ မိဒ္ဓသုခလို့ခေါ်တဲ့ ငိုက်မျဉ်းခြင်းသုခပယ်ပြီး ဝိပဿနာတရား အားထုတ်နိုင်ဖို့ ဓူတင်ကို ခွင့်ပြုတော်မူခဲ့တာ ဖြစ်ပါတယ်။

---

၁။ (၁၃) နေသဇ္ဇိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

MA ဦးဇင်း ။ ။ နေ့နေ့ညည ကျောချပြီး မအိပ်ရတဲ့အတွက် အိပ်ငိုက်လာရင် ကျောချမိလိမ့်မယ်။ ဒါဆို ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူဖူးတာလေးတစ်ခု သတိရလို့ပြောပြဦးမယ်နော်။ ဆရာတော်ကြီးက 'သုသာန်ဓုတင်နဲ့ နိသဇ္ဇိဓုတင်တွေကို ကျင့်နေတဲ့ရဟန်းက ကျောင်းအခန်းထဲမှာ ကြာကြာကြီး မနေရဘူး။ဘာကြောင့်လဲဆိုရင် အိပ်ငိုက်ပြီး ကျောချမိတတ်တယ်။ ဒါကြောင့် သိပ်ပြီးတော့ အိပ်ချင်လာပြီဆိုရင် ထီးတစ်ချောင်းကိုင်ပြီး တောထဲ လမ်းလျှောက်ထွက်ပေးရတယ်”တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ ဆရာတော်ကြီးက ထီးကို ဘာကြောင့် ယူတာပါလဲဘုရား။

ဆရာတော် ။ ။ လက်ထဲ ထီးပါနေတော့ မိုးရွာရွာ၊ နေပူပူ သုံးလို့ရသလို လိုအပ်လာရင် တောင်ဝှေးနေရာ သုံးနိုင်တယ်လေ။

MA ဦးဇင်း ။ ။ တပည့်တော်လည်း တောထဲမှာ ဓုတင်ဆောင်နိုင်တဲ့ ရဟန်းဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ သာဓုပါဗျာ။ သာဓု၊ သာဓု။

## ပက်လက်ကုလားထိုင်နှင့် နိသဇ္ဇိဓုတင်အဆုံးအဖြတ်

MA ဦးဇင်း ။ ။ ပက်လက်ကုလားထိုင်ပေါ် ထိုင်လက်အိပ်ရင် ဓုတင် ရနိုင်ပါသလားဘုရား။

ဆရာတော် ။ ။ ဓုတင်္ဂဝိနိစ္ဆယကျမ်းမှာ ပက်လက်ကုလားထိုင်ကို မပြထားဘူး။ သို့သော် ပဥ္စင်္ဂအင်းပျဉ်နဲ့ သတ္တင်္ဂအင်းပျဉ်လို့ခေါ်တဲ့ ကုလားထိုင်မှာ ထိုင်လျက်အိပ်တာကိုတော့ အပ်တယ်လို့ ဆိုထားပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ ပဥ္စင်္ဂအင်းပျဉ်တို့ သတ္တင်္ဂအင်းပျဉ်တို့ဆိုတာ ဘယ်လိုအရာမျိုးပါလဲဘုရား။

ဆရာတော် ။ ။ ပဥ္စင်္ဂအင်းပျဉ်ဆိုတာက ခြေထောက်လေးချောင်းရှိပြီးတော့ နောက်မှီတစ်ခုပါတဲ့ ထိုင်စရာကိုခေါ်တာပါ။

MA ဦးဇင်း ။ ။ ခြေထောက် လေးချောင်းလည်းပါတယ်။ နောက်မှီလည်း ပါတယ်ဆိုတော့ တပည့်တော်များ ဒီကနေ့သုံးနေတဲ့ ကုလားထိုင်နဲ့ တူနေပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒီကနေ့အခေါ် ကုလားထိုင်ပေ့ါ ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ သတ္တင်္ဂအင်းပျဉ်ဆိုတာကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ သတ္တင်္ဂအင်းပျဉ် ဆိုတာကျတော့ ခြေထောက်က လေးချောင်း၊ ဘေးနှစ်ဖက်မှာ လက်တန်းကနှစ်ခုဆိုတော့ ခြောက်ခုရှိပြီနော်။

MA ဦးဇင်း ။ ။ မှန်ပါ။ လက်တင်ပါ ကုလားထိုင်ကို မျက်စိထဲ မြင်နေပါပြီဘုရား။

ဆရာတော် ။ ။ ဒီမှာ သတ္တာဂ်ဆိုတော့ ခုနစ်ခုဖြစ်ရမယ်။ နောက်ထပ်တစ်ခု ဘာပါလာသလဲ ဆိုရင် နောက်မှီက တစ်ခု၊ ဒီတော့ အားလုံးပေါင်း ခုနစ်ခုဆိုတော့ သတ္တာဂ် အင်းပျဉ်ရပြီလား။

MA ဦးဇင်း ။ ။ မှန်ပါ။ ဒီမှာလည်း နောက်မှီပါတဲ့ လက်တင်ကုလားထိုင်နဲ့ တူနေပါပြီ ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။ ဒါတွေက နိသဇ္ဇိဓူတင်ကို မှုဒုဆောင်တဲ့ပုဂ္ဂိုလ် အတွက် အပ်ပါတယ်။

MA ဦးဇင်း ။ ။ တင်ပါ၊ ဘယ်လိုအိပ်မှ အပ်တယ်ဆိုတာကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ အိပ်တယ်ဆိုတာမှာ ခြေထောက်က မြေပြင်ကနေမလွတ်ရင် အိပ်တယ်မခေါ်ဘူးနော်။ ဒါကိုပါဠိလိုပြောရင် သေယျမဖြစ်ဘူးပေါ့ ဦးဇင်း။ တစ်နည်းပြောရရင် မြေပြင်ကနေ ခြေထောက်လွတ်ရင် အိပ်တယ်လို့ ခေါ်တယ်။ ဒါက သေယျဖြစ်ပြီပေါ့ ဦးဇင်း။

MA ဦးဇင်း ။ ။ နိသဇ္ဇိဓူတင်က ဝိနည်းနဲ့လည်း ဆက်စပ်တယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ သဟသေယျသိက္ခာပုဒ်နဲ့လည်း ဆက်စပ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ သဟသေယျသိက္ခာပုဒ်အရ အိပ်တဲ့အခြေအနေပေါ်မူတည်ပြီး ဝိနည်းမှာ ဒုက္ကဋ်အာပတ်ကနေ ပါစိတ်အာပတ်အထိ သင့်နိုင်တယ်လို့ မှတ်သားထားဖူးပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဒီနေရာမှာ "ဒိဝါသေယျ"နဲ့ "သဟသေယျ"မှာ "သေယျ"ဖြစ်ရင် အာပတ်သင့်တယ်နော်။ မဖြစ်ရင် အာပတ်မသင့်ဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပြီးတော့ နိသဇ္ဇိဓူတင်မှာ "သေယျ"ဖြစ်ရင် ဓူတင်ပျက်တယ်။ "သေယျ"မဖြစ်ရင် ဓူတင်မပျက်ဘူး ဦးဇင်း။ အခုလိုဝိနည်းနဲ့ ဓူတင်ကို သေသေချာချာ ကွဲကွဲပြားပြား မှတ်ထားဖို့ လိုသေးတယ်နော်။

MA ဦးဇင်း ။ ။ ဒါဆိုရင် ဓူတင်မပျက်အောင် အိပ်တတ်ရင် သဟသေယျ အာပတ်မသင့်ဘူး။ သဟသေယျအာပတ်မသင့်အောင် အိပ်တတ်ရင်လည်း ဓူတင်မပျက်ဘူးလို့ မှတ်ထားရင် ရပါသလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်ဦးဇင်း။ ဝိမတိဆရာတော်ကလည်း ဦးဇင်းတွေးမိသလိုပဲ ပြောထားပါတယ်။ ခြေထောက် မြေကြီးကနေ မလွတ်တဲ့အတွက် "သေယျ" မဖြစ်ဘူးတဲ့၊ အိပ်တယ်မခေါ်ဘူးပေါ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ အခုလိုစာနဲ့ ကိုက်ညီတယ်ဆိုတာ သိရလို့ ဝမ်းမြောက်ပါတယ်ဘုရား။

ဆရာတော် ။ ။ နောက်ထပ် ကျမ်းစာအထောက်အထားတစ်ခု ရှိသေးတယ်။ "သေယျ" "ဒိဝါသေယျ" နဲ့ "သဟသေယျ" ဆိုပြီး ၃ ပါး ပြပါသော်လည်း သေယျ

---

၁။ ဝိမတိဋီကာ (ပဌမတွဲ၊ နှာ-၁၆၂)

အချင်းချင်း တူနေတယ်။ ဒါကြောင့် အဋ္ဌကထာက ခုတင်ညောင်စောင်းပေါ်မှာ ထိုင်ပြီးအိပ်တဲ့ရဟန်းက ခြေထောက်က မြေကြီးကနေမလွတ်တဲ့အတွက် "သေယျ"မဖြစ်ဘူး။ ဒါကြောင့် "အနာပတ္တိ"တဲ့ ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရင်လည်း အာပတ်မသင့်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ မြေကြီးကနေ ခြေထောက်မလွတ်စေဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရင်လည်း အာပတ်မသင့်ဘူး။ နိသဇ္ဇိဓူတင်လည်း မပျက်ဘူးပေါ့ ဦးဇင်း။ နဘူးကျောင်းဆရာတော်ကြီးက အင်းပျဉ်ပေါ်မှာ ခြေထောက်ကို အောက်ချပြီး ထိုင်လျက်အိပ်တဲ့ရဟန်း "သေယျ" ဖြစ်မဖြစ်ကို ဆုံးဖြတ်နိုင်တဲ့ အင်္ဂါတွေ မိန့်ကြားတော်မူဖူးတယ်။

MA ဦးဇင်း ။ ။ ဆုံးဖြတ်နိုင်တဲ့ အင်္ဂါတွေကိုလည်း အသေးစိတ် သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဆရာတော်ကြီးက ပထမအင်္ဂါအဖြစ် "ခါးအထက် ကျောကုန်းကို ဆန့်တန်းထားခြင်း"တဲ့။ ဒုတိယအင်္ဂါအဖြစ် "ကျောကုန်းကို မြေအခင်းစသည်၌ ထိစေခြင်း"တဲ့ ။ နောက်ဆုံး တတိယအင်္ဂါက "ခြေထောက်တို့ကို မြေမှလွတ်စေခြင်း"ဆိုတဲ့ အင်္ဂါသုံးပါးနဲ့ညီရင် အိပ်ခြင်းကို ရောက်ပါတယ်တဲ့၊ "သေယျ" ဖြစ်တယ်တဲ့ ဦးဇင်း။

MA ဦးဇင်း ။ ။ "သေယျ" ဖြစ်တာကို သိရပါပြီဘုရား။ "သေယျ" မဖြစ်တဲ့အင်္ဂါကိုလည်း သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပထမအင်္ဂါအဖြစ် "ခါးအထက်ကျောကုန်းကို ဆန့်တန်းမထားခြင်း" တဲ့။ ဒုတိယအင်္ဂါအဖြစ် "ကျောကုန်းကို မြေ၊ အခင်းစသည်၌ မထိစေခြင်း" တဲ့။ အခုနောက်ဆုံး တတိယအင်္ဂါက "ခြေထောက်တို့ကို မြေ၌ ထိထားရာမှ မလွတ်စေခြင်း"ဆိုတဲ့ အင်္ဂါသုံးပါးညီရင် "အသေယျ" ဖြစ်တယ်တဲ့ ဦးဇင်း။ အိပ်ခြင်းကို မရောက်ဘူးပေါ့။ "သေယျ" မဖြစ်ဘူးပေါ့ဘုရား။

MA ဦးဇင်း ။ ။ "သေယျ" "အသေယျ"ကို အသေးစိတ်သိရလို့ ကျေးဇူးတင်ပါတယ်ဘုရား။ ပက်လက်ကုလားထိုင်ပေါ် အိပ်တဲ့အတွက် အဆုံးအဖြတ် မရသေးပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ပက်လက်ကုလားထိုင်မှာ ပုဒ်ကနှစ်ပုဒ်နော်ဦးဇင်း။ "ပက်လက်"က တစ်ပုဒ် "ကုလားထိုင်"က တစ်ပုဒ်နော်။ နဘူးကျောင်းဆရာတော်ကြီး မိန့်တော်မူတာက "ပက်လက်"ဆိုရင် ထိုင်တာမဟုတ်တော့ဘူး၊ လဲလျောင်းတာ ဖြစ်သွားပြီ။ "ကုလားထိုင်"ဆိုတာက လဲလျောင်းတာ မဟုတ်တော့ဘူး၊ ထိုင်တာ ဖြစ်သွားပြီနော်။ ဒါကြောင့် ဆရာတော်ကြီးက "ထိုနှစ်မျိုးတွင် ထိုင်ခြင်း အခိုက်အတန့်၌သာ နိသဇ္ဇိဓူတင်နဲ့ သင့်လျော်၏။ လဲလျောင်းခြင်း အခိုက်အတန့်၌ကား နိသဇ္ဇိဓူတင်နဲ့ မသင့်မလျော်ပေ"လို့ ဆုံးဖြတ်ပေးတော်မူပါတယ်။

---

၁။ ပါရာဇိက အဋ္ဌကထာ(ပထမတွဲ၊ နှာ-၂၄၅။)

MA ဦးဇင်း ။ ။ ဆရာတော်ကြီးအဆုံးအဖြတ်က သိပ်သဘာဝကျပါတယ်ဘုရား။ အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ခပ်စောစောကပြောပြခဲ့တဲ့“သေယျ” ဖြစ်ထိုက်တဲ့ အင်္ဂါတွေကို မှတ်မိသေးသလား။

MA ဦးဇင်း ။ ။ မှတ်မိပါတယ်ဘုရား။ “သေယျ” ဖြစ်ထိုက်တဲ့အင်္ဂါတွေထဲက ပထမ “ခါးအထက် ကျောကုန်းကို ဆန့်တန်းထားခြင်း”။ ဒုတိယ“ကျောကုန်းကို မြေအခင်း စသည်၌ ထိစေခြင်း”။ တတိယအင်္ဂါက “ခြေထောက်တို့ကို မြေမှ လွတ်စေခြင်း” ပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ။ စာက အခုလိုမှတ်မိနေမှ လက်တွေ့ကျင့်လို့ရမှာနော်။ အခုကြည့်ရအောင် ပက်လက်ကုလားထိုင်မှာနေရင် “ခါးအထက် ကျောကုန်းဆန့်တန်းခြင်း” ဆိုတဲ့ အင်္ဂါတစ်ပါး ညီညွတ်နေပြီ။ “ကျောကုန်းအခင်း၌ ထိခြင်း”ဆိုတဲ့ အင်္ဂါနှစ်ပါးက “သေယျ”နဲ့ ညီနေပြီနော်။ “ခြေထောက် မြေမှလွတ်ခြင်း” ဆိုတဲ့ အင်္ဂါ ၁-ပါးပဲ ကျန်တော့တယ်။

MA ဦးဇင်း ။ ။ နားလည်ပြီဘုရား။ ဒါဆိုရင်မြေကြီးကနေ ခြေထောက်လွတ်သွားရင် အင်္ဂါ ၃-ပါး ပြည့်ပြီဖြစ်လို့ “သေယျ”အဆင့် ရောက်ပြီပေါ့ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ် ဦးဇင်း။ ဒါဆိုရင် နိသဇ္ဇိဓူတင် ပျက်ပြီနော်။ အာပတ်သင့်စရာ အခြေအနေဆိုရင်လည်း အာပတ်သင့်ပြီနော်။

MA ဦးဇင်း ။ ။ သဘောပေါက်ပါပြီဘုရား။ နိသဇ္ဇိဓူတင်လည်းမပျက်ဘဲ၊ အာပတ်လည်း မသင့်နိုင်တဲ့နည်းရှိရင် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဘုန်းကြီးတို့ သီတင်းသုံးဖော်ထဲက တချို့ပုဂ္ဂိုလ်များကျင့်တာကတော့ ကျောင်းနံရံဖြစ်စေ၊ တိုင်ကိုဖြစ်စေ မှီပြီးတော့ ထိုင်လျက်အိပ်မယ် ဆိုရင်တော့ “သေယျ”အင်္ဂါလွတ်တယ်၊ “အသေယျ”လည်းဖြစ်ပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ၊ ဒါဆိုရင် ခြေထောက်ကို မြေကြီး၊ အခင်းတွေကနေ မလွတ်အောင် သတိပြုဖို့လည်း မလိုတော့သလို ခါးအထက်ပိုင်းကျောကုန်းကိုလည်း အခင်းနဲ့ မထိအောင်ဆိုပြီး အထူးကြောင့်ကြစိုက်စရာ မလိုတော့ပါဘူးဘုရား။

ဆရာတော် ။ ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ “သေယျ”ရဲ့ နောက်ဆုံးအင်္ဂါတစ်ခုက ခါးအထက်ကျောကုန်း ဆန့်တန်းမှသာ “သေယျ”ဖြစ်တာနော်။ အခု မှီပြီးထိုင်နေတာဆိုတော့ ကျောကုန်းက တစ်ဆစ်ချိုး ကွေးနေပါတယ် ဦးဇင်း။ အဋ္ဌကထာကလည်း ဒါကို အနာပတ္တိလို့ ပြပါတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ တပည့်တော် ဝိနည်းတစ်ခု စဉ်းစားနေပါတယ်ဘုရား။ ကျောင်းနံရံတို့၊ တိုင်တို့ကို သက်နဲ့နဲ့ ထိစပ်နေတာ သင့်ပါ့မလားဘုရား။

၁။ ပါရာဇိကကဏ်အဋ္ဌကထာ (ပထမတွဲ၊ နှာ-၂၄၅)

ဆရာတော် ။ ။ ဟုတ်ပြီ၊ နံရံကို တိုက်ရိုက်မထိရဘူး။ လူသေအခေါင်းအဖုံး စပ်ထားတဲ့ပျဉ်ချပ်ကြီးကြီးလိုမျိုးကို နောက်မှီထားရတယ်ဘုရား။ ပြီးတော့ ကျောင်းနံရံပြင်ကျယ်ကြီးမှာ မနေဘဲ ထောင့်ကွေးမှာဆိုရင် ပိုလို့ သင့်ပါတယ်။ ဒါတွေက လက်တွေ့ဓုတင်ကို ကျင့်ရင်း ဆရာသမားများထံပါး နည်းယူရင်းနဲ့မှ အသိတိုးတိုးလာတာမျိုးပါဘုရား။

MA ဦးဇင်း ။ ။ မှန်လှပါဘုရား။ အဝေးပြေးကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံစီးရင် "သဟသေယျ" အာပတ်မသင့်အောင် နေနည်းလည်း တစ်ဆက်တည်း သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ။ ။ စောစောကပြောပြခဲ့သလို အနည်းဆုံး ခြေထောက်တစ်ဖက်ကို ကား၊ ရထား၊ လေယာဉ်ရဲ့ကြမ်းပြင်ကနေ အပေါ်ကိုမကြွရဘူး။ တစ်နည်းပြောရရင် ကြမ်းပြင်ကို ခြေထောက်ထိလျက် အိပ်ရမယ်လို့ ပြောတာပါ ဦးဇင်း။

MA ဦးဇင်း ။ ။ သဘောပေါက်ပါပြီဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

## ရာသက်ပန် ဓုတင်ဆောင်တော်မူခဲ့သည်

MA ဦးဇင်း ။ ။ ဓုတင်အကျင့်တွေက လောဘ၊ ဒေါသတွေကို ပယ်သတ်တဲ့အလုပ်ဆိုတာကို တဖြည်းဖြည်း ပို၍၊ ပို၍ နားလည်လာပါပြီဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။ အထူးအားဖြင့် တဏှာလောဘကို ပယ်တဲ့ ကျင့်စဉ်တွေပါဘုရား။

MA ဦးဇင်း ။ ။ ဘယ်ဓုတင်တွေက ဘယ်လို တဏှာလောဘကို ပယ်တာပါလဲဘုရား။

ဆရာတော် ။ ။ သင်္ကန်းမှာဖြစ်ခွင့်ရှိတဲ့ တဏှာလောဘပယ်ဖို့ တိစီဝရိက်ဓုတင်နဲ့ ပံသုကူဓုတင်တို့က များစွာအထောက်အကူ ဖြစ်စေပါတယ်။ ဆွမ်းနဲ့စပ်ပြီး ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ပယ်ဖို့တော့ ပိဏ္ဍပါတ်ဓုတင်စတဲ့ ဆွမ်းဓုတင် ၅ ပါး က ကျေးဇူးပြုပါတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ မှန်ပါ။ အာရညကင်ဓုတင်နဲ့ နိသဇ္ဇိဓုတင်တို့က ဘယ်မှာဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ပယ်ဖို့ပါလဲဘုရား။

ဆရာတော် ။ ။ ကျောင်း၊ အိပ်ရာနေရာတွေနဲ့ စပ်လျဉ်းပြီး ဖြစ်ခွင့်ရှိတဲ့ တဏှာလောဘကို ပယ်ဖို့ရာ အာရညကင်ဓုတင်၊ သုသာန်ဓုတင်စတဲ့ ဓုတင် ၅ မျိုးက အထောက်အကူပေးနိုင်သလို ပျင်းရိတဲ့ ကိလေသာကို ပယ်သတ်ဖို့တော့ အခုနပြောခဲ့တဲ့ နိသဇ္ဇိဓုတင်က ကျေးဇူးများပါတယ်ဘုရား။[၁]

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။

---

၁။ (၃) သပ္ပုရိသသုတ္တာ၊ အနုပဒဝဂ္ဂ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၆)

ဆရာတော် ။ ။ ကျေးဇူးရှင် ဝေဘူဆရာတော်ကြီးက ယောဂီတွေ လှေကားပေါ်မှာ တရားထိုင်လို့ရှိရင် လိမ့်ကျမှာကြောက်လို့ မငိုက်တော့ဘူးလို့ မိန့်တော်မူဖူးတယ်။

MA ဦးဇင်း ။ ။ လှေကား ဓူတင်ပါလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက အိပ်မငိုက်အောင် လှေကားမှာ တရားထိုင်စေတာကို ဆရာတော်ကြီး ကပ္ပိယများက လှေကားဓူတင်လို့ တင်စားပြီးခေါ်တာ ဖတ်ဖူးတယ်။ စာထဲမှာတော့ လှေကားဓူတင်လို့ မရှိပါဘူး ဦးဇင်း။

MA ဦးဇင်း ။ ။ မှတ်သားထားပါ့မယ်ဘုရား။ အခုလိုဓူတင်ကို ရာသက်ပန် ဆောင်တော်မူကြတာပါလားဘုရား။

ဆရာတော် ။ ။ ရာသက်ပန် ဓူတင်ဆောင်တော်မူခဲ့တဲ့ ထေရ်ရှင်များက ဘုရားရှင်လက်ထက် ရှေးရှေးသာသနာမှသည် ယနေ့ထိတိုင် ရှိကြပါတယ် ဦးဇင်း။ ဘကြီးတော် မင်းတရားကြီး လက်ထက်ကာလမှာ အရှင်သဒ္ဓမ္မာလင်္ကာရ မထေရ်မြတ်က စာပေအရာ၊ ဝိနည်းအကျင့်သီလအရာမှာတင်မကဘူး ဓူတင်ကျင့်စဉ်အရာမှာလည်း အလွန် ထင်ရှားတော်မူပါတယ်။ ဆရာတော်ကြီး အသက်အရွယ်ကြီးရင့်တော်မူတဲ့အခါမှာ သေဝနီးပါး ကြောက်ဖို့ကောင်းတဲ့ ရောဂါကြီးတစ်မျိုး စွဲကပ် လာပါတယ်။

MA ဦးဇင်း ။ ။ ရောဂါရလာတဲ့အတွက် ဓူတင်ကို စွန့်တော်မူပါသလားဘုရား။

ဆရာတော် ။ ။ ဘယ်စွန့်မလဲ ဦးဇင်း။ ရောဂါဘယ်လောက်ကြီး ပြင်းထန်ပါစေ ကြိတ်မှိတ်သည်းခံတော်မူပြီး ဦးခေါင်းနဲ့ ကျောကုန်းက ခေါင်းအုံးနဲ့အိပ်ရာပေါ်ကို ဘယ်သောအခါကမျှ မချဘဲ ငုတ်တုတ် အားထုတ်မြဲ အားထုတ်တော်မူနေပါတယ်။ အခုလိုဖူးမြင်ရတဲ့ တပည့်တွေက မနေသာတဲ့အဆုံးမှာ “ဆရာတော်ဘုရား၊ ပင်ပန်းလှပါပြီ၊ ရောဂါလည်း သက်သာလာပါတော့မည်။ နိသဇ္ဇဓူတင်ကို ခဏချထားပြီး ကျန်းမာလာမှ ဆက်လက်အားထုတ်ဖို့ သင့်ပါမယ်ဘုရား” လို့ လျှောက်ထားကြတယ်။

MA ဦးဇင်း ။ ။ တင်ပါဘုရား။ ဂိလာနဖြစ်နေတဲ့ ဓူတင်ဆောင်ဆရာတော်ကြီးထံတော်ပါးကို အခုလိုမျိုးကြီး လျှောက်ထားတာ သင့်မြတ်ပါသလားဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီး မိန့်တော်မူတာ နားထောင်ကြည့်ပါလေ။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဆရာတော်ကြီးက အားယူတော်မူပြီး လေသံယဲ့ယဲ့နဲ့ မိန့်တော်မူတယ် “တပည့်တို့၊ နိသဇ္ဇဓူတင်ကို အဓိဋ္ဌာန်ကြောင့်သာ ဆောင်တာမဟုတ်ဘူး၊ ကမ္မဋ္ဌာန်းတရားဆိုတာ သေခါနီးလေ ဖိပြီး ကြိုးစားရလေ လုပ်ရတယ်။ ရောဂါမရှိတဲ့သူက ကိုယ့်ပေါင်ကိုကိုယ် ကျောက်တုံးနဲ့ထုပြီး အားထုတ်တော်မူဖူးတယ်။ ရောဂါကို ခုခံနိုင်တာ ကမ္မဋ္ဌာန်းတရား တစ်ခုပဲရှိတယ်။ တပည့်တို့ သေခြင်းတရားဆိုတာ အဆန်းမဟုတ်ဘူး။ ဘုရား ရဟန္တာများသော်မှ လွန်ဆန်

နိုင်ရိုးမရှိဘူး”လို့ မိန့်တော်မူတယ်။ အတန်ကြာ အမောဖြေပြီးနောက် မိန့်တော်မူတာက “တပည့်တို့ ငါ့ကိုမြတ်နိုးရင် သေအံ့ဆဲ ဖြစ်နေချိန်မှာ အားမထုတ်ရဖူးသေးတဲ့ တရားတွေ အားထုတ်ဖြစ်ဖို့ကိုသာ တိုက်တွန်းကြ။ အားထုတ်ဆဲတရားတွေကို ဆုတ်ယုတ် လျော့ပါးအောင် မတားမြစ်ချင်ကြပါနဲ့”လို့ နောက်ဆုံးစကားကို မိန့်တော်မူပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ သူတော်ကောင်းကြီးများရဲ့ စိတ်တော်က ကြည်လင်အေးချမ်းနေတဲ့အတွက် အခုလို သေတွင်းသေဝ ရောက်နေတဲ့အခြေအနေကို ကျေကျေနပ်နပ်ကြီး လက်ခံတော်မူနိုင်တာ ကြည်ညိုမဆုံးပါဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ဆရာတော်ကြီး ခုတင်ပေါ် ငုတ်တုတ်ထိုင်ပြီး ကမ္မဋ္ဌာန်း နှလုံးသွင်းလျက် တစ်ဘဝ ဇာတ်သိမ်းတော်မူခဲ့ပါတယ်ဘုရား။

MA ဦးဇင်း ။ ။ နာကြားရတာ တပည့်တော်တို့ သာသနာတော်အတွက် အားရပါတယ်ဘုရား။

ဆရာတော် ။ ။ တစ်ခု သတိရတာ ပြောပြဦးမယ်နော်။ ပခုက္ကူ သာသနာဝင်ကျမ်းမှာ ဆရာတော်ဦးကြည်ကို ဘုရားရှင်လက်ထက် အရှင်မဟာကဿပ မဟာထေရ် ကြီးအလား တေရသဓုတင်္ဂရေ၊ ဓုတဝါဒီပုဂ္ဂိုလ်ကြီးအဖြစ် ထူးထူးခြားခြား မှတ်တမ်းတင်ထားတာရှိတယ် ဦးဇင်း။

MA ဦးဇင်း ။ ။ တင်ပ့ါ၊ ကြည်ညိုပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ ဆရာတော်ကြီး ဆယ်ဝါရတဲ့အခါ တောထွက်တော်မူပြီး ဓုတင်ဆယ့်သုံးပါး လက်ကိုင်ထား ကျင့်သုံးတော်မူခဲ့ပါတယ်။ သက်တော် ၈၄ နှစ်တိုင်အောင် အသက်ထက်ဆုံး တီစီဝရိတ်ဓုတင် ဆောင်တော်မူခဲ့တယ်။ ပျံလွန်တော်မူရာ ညောင်စောင်းမှ နိသဇ္ဇိဓုတင် ဆောင်တော်မူလျက် လွန်တော်မူပါတယ်။ အနီးနေတပည့်ရင်းတွေရဲ့ ပြောပြချက်အရ ဆရာတော်ကြီးကို လျောင်းစက်တဲ့ ဣရိယာပုတ်နဲ့ တစ်ခါမျှ မတွေ့မမြင်ဖူးဘူးလို့ သိရပါတယ် ဦးဇင်း။[၂]

## ဒိဋ္ဌာနုဂတိလိုက်ပြီး ကျင့်နိုင်ရန်

MA ဦးဇင်း ။ ။ ဘုရားရှင်လက်ထက်တော်အခါကာလမှာ အရှင်မဟာကဿပ မထေရ်မြတ်ကြီးကဲ့သို့ နိသဇ္ဇိဓုတင်ကျင့်တော်မူတဲ့ ရဟန်းတော်များစွာ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိပါပကော ဦးဇင်း။ ရေတွက်လို့ မတတ်နိုင်အောင်ကို များစွာရှိခဲ့ပါတယ် ဘုရား။ နှောင်းလူတို့ခေတ်မှာ ပေါ်ပေါက်လာမဲ့ အမျိုးကောင်းသားများ

---

၁။ ဓမ္မာစရိယ ဦးငွေးလှိုင်ရေးသားပြုစုသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နှာ - ၁၂၈)

၂။ ပခုက္ကူသာသနာဝင်ကျမ်း

ဒိဋ္ဌာနုဂတိလိုက်ပြီး ကျင့်စေခြင်းအလို့ငှာ ရှေ့သွားအနေနဲ့ ကျင့်တော်မူသွား ကြတဲ့ ရဟန္တာအရှင်မြတ်များစွာထဲက စာပေအရ လက်လှမ်းမီရာလောက် ကိုပဲ ပြောရမယ်ဆိုရင် အနှစ်တစ်ရာ့နှစ်ဆယ်လုံးလုံး ကျောဆန့်ပြီး ကျိန်းစက် တော်မမူခဲ့တဲ့ အရှင်မဟာကဿပမထေရ်၊ အနှစ်ရှစ်ဆယ်တိုင်အောင် ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်ဗာကုလမထေရ်၊ ဆက်ပြီး အနှစ် ငါးဆယ်လုံးလုံး ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်အနုရုဒ္ဓါမထေရ်၊ အနှစ်သုံးဆယ်တိုင်အောင် ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်သာရိ ပုတ္တရာမထေရ်၊ အရှင်ဘဒ္ဒိယမထေရ်နဲ့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၊ ပြီးတော့ တစ်ဆယ့်ရှစ်နှစ်လုံးလုံး ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်သောဏမထေရ်၊ တစ်ဆယ့်နှစ်နှစ် ကြာသည့်တိုင် ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်ရဋ္ဌပါလမထေရ်နဲ့ အရှင်ရာဟုလာမထေရ်၊ တစ်ဆယ့်ငါးနှစ် ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်အာနန္ဒာ မထေရ်နဲ့ ပရိနိဗ္ဗာန်စံသည်တိုင်အောင် ကျောဆန့်ပြီး ကျိန်းစက်တော်မမူခဲ့တဲ့ အရှင်နာလကမထေရ်တို့ ဖြစ်ကြပါတယ်။[၁]

MA ဦးဇင်း ။ ။ ဒါဆိုရင် နိသဇ္ဇိဓူတင်က သူတော်ကောင်းကြီးများ မဖြစ်မနေ ကျင့်သုံးတော် မူလေ့ရှိတဲ့ ဓူတင်ပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ ရဟန္တာမထေရ်မြတ်ကြီးများက အာသဝေါမကုန်သေးလို့မို့ မအိပ်မနေ အဆင်းရဲခံပြီး နိသဇ္ဇိဓူတင်ကို ဆောက်တည်ကျင့်သုံးတော်မူ ကြတာ မဟုတ်ပါဘူး။ နောင်လာနောက်သားတို့ ကြားဖူး မြင်ဖူးပြီး အတုယူ တတ် အားကျတတ်ဖို့ ကျင့်တော်မူခြင်းသာဖြစ်ကြောင်း စာပေကဖွင့်ဆိုပါတယ်။

MA ဦးဇင်း ။ ။ နှောင်းလူတို့အကျိုးငှာ ပင်ပန်းခံ ကျင့်တော်မူကြတာလို့ သိရတဲ့အတွက် မထေရ်မြတ်ကြီးတို့ကို အထူး ကျေးဇူးတင်မဆုံး ဖြစ်ရပါတယ်ဘုရား။

ဆရာတော် ။ ။ ဒီနေ့လပြည့်နေ့မို့ ဥပုသ်ပြုကြရမယ်၊ တော်ကြဦးစို့နော်။

## သေယျသုခံ၊ ပဿသုခံ၊ မိဒ္ဓသုခံ

MA ဦးဇင်း ။ ။ တပည့်တော်တို့ ကျောင်းစာထဲမှာသင်ခဲ့ရတာက အိပ်ချိန်ပြည့်ပြည့်ဝဝအိပ်မှ ကျန်းမာမယ်တဲ့ဘုရား။ အခု သာသနာတော်အဆုံးအမတွေက မအိပ်ဘဲနဲ့ လည်း အသက်ရာကျော်တာ တွေ့နေရပါတယ်ဘုရား။ ဘယ်လိုများ ကွာခြား တာပါလဲဘုရား။

ဆရာတော် ။ ။ ကာမဘောဂီတို့အတွက် များများအိပ်ပေးမှ ကျန်းမာမယ်ဆိုတဲ့ စကား မမှားပါဘူး ဦးဇင်း။ မှန်ပါတယ်။ ကာမဂုဏ်ကို စွန့်ခွာတော်မူကြတဲ့ သူတော်

---

[၁] ဣန္ဒြိယသံဝရဝဏ္ဏနာ၊ သုတ္တန္တ မဟာဝဂ္ဂအဋ္ဌကထာ (နှာ - ၃၂၈)

ကောင်းတို့အတွက် အိပ်ခြင်းကြောင့် ဘာမှအကျိုး အမြတ်ရှိတာ မဟုတ်ပါဘူး။ တစ်နည်းပြောရရင် အိပ်တဲ့အတွက် တန်ဖိုးတက်မလာပါဘူး။ မြတ်စွာဘုရား လက်ထက်တော်က တောရဆောက်တည်နေတဲ့ ရဟန်းတစ်ပါးက တရားအား မထုတ်ဘဲ နေ့ရောညပါအိပ်နေလို့ ရုက္ခစိုးနတ်ကနိုးပြီး သတိပေးဖူးတယ်။

MA ဦးဇင်း ။ ။ နတ်က ဘယ်လိုများ သတိပေးတာပါလဲဘုရား။

ဆရာတော် ။ ။ "ဥဋ္ဌေဟိ ဘိက္ခု ကိံ သေသိ" စတဲ့ ဂါထာနဲ့ လျှောက်တာပါ။ မြန်မာလိုကတော့ "အရှင်ရဟန်း ထတော်မူပါ၊ အဘယ့်ကြောင့် တရားအားမထုတ်ဘဲ အိပ်နေဘိသနည်း။ အရှင်ဘုရားအား စားပြီးသောက်ကာ အိပ်နေပါသဖြင့် တောထွက်လာခဲ့ရသည့်အကျိုး ဘယ်မှာ ရှိပါတော့အံ့နည်း။ အရှင်ဘုရားအား အိပ်နေခြင်းသည် အဘယ်မှာလျှင် တောနေအကျိုး ရှိပါတော့အံ့နည်း။ တောရဆောက်တည်ရကျိုး မရှိတော့ပြီဘုရား"လို့ လျှောက်ထားဖူးတယ်။[၁]

MA ဦးဇင်း ။ ။ တောရဆောက်တည်ပြီး အိပ်နေတာကို နတ်များက မနှစ်သက်ဘူးလို့ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒီသာဓကကြည့်ခြင်းအားဖြင့် မနှစ်သက်ဘူးလို့ ယူဆစရာရှိတယ်။ သို့သော် ပုထုဇဉ်က "သေယျသုခံ၊ ပဿသုခံ၊ မိဒ္ဓသုခံ"လို့ ဟောတော်မူတဲ့ အတိုင်း အိပ်စက်ငိုက်မြည်းရတာကို ယစ်မူးတွေဝေပြီး အရသာလို့ ထင်ကြတယ်။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ တပည့်တော်တို့ အဘိုး၊ အဘွား၊ အဖေ၊ အမေ ဆရာသမား တို့က အခုလိုပဲ သင်ပေးခဲ့ပါတယ်ဘုရား။

ဆရာတော် ။ ။ ဦးဇင်း အခုလို သူတော်ကောင်းအကျင့်ကို ကျင့်တော့မယ်ဆိုတာနဲ့ ဒီအသိ များ၊ အမြင်များ၊ အလုပ်များကို ပြင်ရတော့မယ်နော်။ ဘာကြောင့်လဲဆိုရင် သက္ကပဥ္စသုတ်မှာ ထင်တယ်။ ကျောဆန့်ပြီး အိပ်တာကို ကာမဂုဏ်အာရုံ ငါးဖြာထဲက ဖောဋ္ဌဗ္ဗအာရုံတဲ့၊ ဒါကြောင့် သိမ်မွေ့တဲ့ ဖောဋ္ဌဗ္ဗအာရုံခံစား တာတဲ့။ တစ်နည်းပြောရရင် ဇိမ်ခံတာလို့ ဖွင့်ဆိုထားတာ ရှိသေးတယ်ဘုရား။

## ရဟန်းသီလက နတ်ပြည်ကို ပို့နိုင်ပါသည်

MA ဦးဇင်း ။ ။ တပည့်တော် ပုထုဇဉ်ဘဝက လွတ်ချင်ပါတယ်ဘုရား။ သူတော်ကောင်း ကြီးဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား။ ဓုတင်အကျင့်ပိုင်းဆိုင်ရာ၊ သီလ ဆိုင်ရာမှာ သိသင့်တာတွေ ရှိသေးရင် သိချင်ပါသေးတယ်ဘုရား။ သီလ ပြည့်စုံရင်လည်း နတ်ပြည်လောက်တော့ ရောက်မယ်ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ရောက်ပါတယ် ဦးဇင်း။ ရောက်ပါတယ်။ ဒီနေရာမှာ ပြောပြစရာဝတ္ထုသာဓကေ တစ်ပုဒ် သတိရလာတယ်။

---
၁။ (၁) ဝိဝေကသုတ္တံ၊ ဝနသံယုတ္တံ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ (နှာ - ၁၉၉)

MA ဦးဇင်း ။ ။ သီလကြောင့် နတ်ပြည်ရောက်တဲ့အကြောင်း ဝတ္ထုဆိုရင် သိပါရစေဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ။ မထေရ်ကြီးတစ်ပါးက အသည်းအသန် မမာမကျန်း ဖြစ်နေပါတယ်။ အာဟာရကို မိမိလက်နဲ့ ယူပြီး မဘုဉ်းပေးနိုင်တော့ဘူး။ ကျင်ကြီးကျင်ငယ်တွေနဲ့ ပေကျံပြီး တပြောင်းပြန်ပြန် လူးလိမ့်နေတော်မူတယ်။ ဒီလိုဖြစ်နေတာကို ရဟန်းငယ်တစ်ပါးက မြင်တော့ "အသက်ရှင်နေရတာ ဆင်းရဲလှပါတကား"လို့ ညည်းတွားပြီး ပြောဆိုလိုက်မိတယ်။

MA ဦးဇင်း ။ ။ မထေရ်ကြီး ကြားသွားသလားဘုရား။

ဆရာတော် ။ ။ ကြားသွားတယ်။ မထေရ်ကြီးက "တပည့်တော် ယခုနေများ ပျံလွန်ရင် နတ်စည်းစိမ်ရဖို့ရာ အလွန်သေချာပါတယ်။ ဘာမှ သံသယ မဖြစ်ပါဘုရား။ သို့သော် အခုလို မြင့်မြတ်တဲ့ ရဟန်းသီလကို ပစ်ပယ်ထားခဲ့ပြီး ရလာမဲ့ နတ်စည်းစိမ်ဟာ သိက္ခာချပြီး လူထွက်လိုက်တာနဲ့ အတူတူပဲ။ နတ်စည်းစိမ်လောက်နဲ့ တပည့်တော် မလဲနိုင်ပါဘုရား"လို့ မိန့်တော်မူလိုက်တယ်။[၁]

MA ဦးဇင်း ။ ။ ဒါဆို ဘုရားတပည့်တော် နတ်ပြည်ကို မျှော်မှန်းမိတာ ရှက်စရာကြီး။ ရဟန်းဘဝ သိက္ခာချသလို အဖြစ်မခံနိုင်ပါဘုရား။ ဓုတင်အကျင့်ကိုလည်း ကျင့်ပါ့မယ်ဘုရား။ သီလကိုလည်း ဖြည့်ကျင့်ပါမယ်ဘုရား။

ဆရာတော် ။ ။ ရဟန်းဘဝ ကျင့်ခွင့်ရတဲ့ ကုသိုလ်တွေကို တစ်ခုမကျန် ကျင့်သင့်တယ် ဦးဇင်း။

MA ဦးဇင်း ။ ။ အခုလို ဓုတင်ကို ကြိုးစားကျင့်ပါသော်လည်း အကြောင်းမပြည့်စုံလို့ ရည်မှန်းရာနိဗ္ဗာန်ကို မျက်မှောက်မပြုဘဲ နတ်ပြည်ရောက်တာများ ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ် ဦးဇင်း။ သမဏနတ်သားဆိုပြီး သာသနာမှာ မှတ်တမ်းရှိပါတယ်။

MA ဦးဇင်း ။ ။ သမဏနတ်သားကလည်း ဓုတင်ကျင့်တာပါလားဘုရား။

ဆရာတော် ။ ။ ဒီရဟန်းက တောထဲမှာနေပြီး နိသဇ္ဇိဓုတင်ကိုလည်း ကျင့်တော်မူတယ်။

MA ဦးဇင်း ။ ။ နိသဇ္ဇိဓုတင်တစ်ခုပဲ ကျင့်တာပါလားဘုရား။

ဆရာတော် ။ ။ ဓုတင်တစ်ပါးတည်း ကျင့်တာတော့ ဘယ်ဟုတ်မလဲ။ တောထဲနေမှတော့ အာရညကင်ဓုတင် ရမှာပဲလေ။ ဆွမ်းခံဘုဉ်းပေးတော်မူတာမို့ ဆွမ်းဓုတင် ၅ ပါးရမှာပါ။ ကျန်တဲ့ သုသာန်ဓုတင်၊ တိစီဝရိတ်ဓုတင်၊ ပံ့သကူဓုတင်တွေလည်း ဆောင်ထားမှာပါဘုရား။

MA ဦးဇင်း ။ ။ မှန်ပါ။ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုပါသလားဘုရား။

ဆရာတော် ။ ။ ပြင်းပြင်းထန်ထန် ကျင့်တော်မူပါတယ်။ စင်္ကြံလျှောက်ရင်း ပျံလွန်တော်မူသွားပြီး တာဝတိံသာနတ်ပြည်ကို ရောက်သွားပါတယ်။

---

၁။ ပထမ သီလပဋ္ဌကံ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ပထမတွဲ၊ နှာ-၄၆)

MA ဦးဇင်း ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ နတ်ပြည်ရောက်မှန်းသိတဲ့အချိန် သူရည်မှန်းရာပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို မပိုင်လိုက်ရလို့ ချက်ချင်း ဘုရားရှင်ထံတော်ပါးသွားပြီးတော့ ဒီမောဟအမိုက်တိုက်တွေဖုံးနေတဲ့ နတ်ပြည်ကနေ ဘယ်လိုထွက်ပြေးရမလဲလို့ ဂါထာနဲ့ လျှောက်ပါတော့တယ်။ ဘုရားရှင်ထံပါးက တရားကိုနာကြားရတော့မှ သောတာပန်နတ်သား ဖြစ်သွားတယ် ဦးဇင်း။[၁]

MA ဦးဇင်း ။ ။ နတ်ပြည်မမက်တဲ့ သူတော်ကောင်းအကြောင်း အခုမှ ကြားဖူးတာပါဘုရား။

ဆရာတော် ။ ။ နိသဒ္ဒိစုတင်ဆောင်တော်မူရင်း မျက်လုံးကွယ်ခဲ့တဲ့ အရှင်မြတ်တစ်ပါးလည်း ရှိဖူးသေးတယ်။

MA ဦးဇင်း ။ ။ အံ့သြစရာပါပဲ။ အသေးစိတ် သိပါရစေဘုရား။

ဆရာတော် ။ ။ ဘွဲ့အမည်က စက္ခုပါလဖြစ်ပါတယ်။ ဘုရားရှင်ထံတော်ပါးမှာ ရဟန်းဖြစ်တော်မူပြီးနောက် တောရဆောက်တည်တော်မူနေရင်း မျက်စိရောဂါရတယ်။

MA ဦးဇင်း ။ ။ တောရဆောက်တည်လို့ မျက်စိရောဂါ ရတာပါလားဘုရား။

ဆရာတော် ။ ။ အတိတ်က လွန်ကျူးခဲ့တဲ့ ဒုစရိုက်အကုသိုလ်ကံရဲ့ ဝိပါက်အကျိုးပေးလာတာပါ ဦးဇင်း။ တောရဆောက်တည်လို့ မျက်စိရောဂါရတာ မဟုတ်ပါဘူး။

MA ဦးဇင်း ။ ။ မှန်ပါဘုရား။ ရောဂါပျောက်ပါသလားဘုရား။

ဆရာတော် ။ ။ မျက်စိရောဂါ ကုပေးနိုင်တဲ့ဆရာဝန်က မျက်စဉ်းကို ကပ်လှူတယ်။ သူ့ကပ်တဲ့မျက်စဉ်းကို လဲလျောင်းပြီးမှ ခပ်ရမယ်လို့လည်း သေသေချာချာ လျှောက်ထားတယ်။

MA ဦးဇင်း ။ ။ လဲလျောင်းလိုက်ရင် ဓုတင်ပျက်မှာပေါ့ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်လေ။ ဒါကြောင့် မထေရ်ကြီးက ဆရာဝန်လျှောက်ထားသလို လဲလျောင်းပြီး မျက်စဉ်းမခပ်တဲ့အတွက် ရက်များမကြာခင်မှာပဲ မျက်လုံးနှစ်လုံးစလုံး ကွယ်ခဲ့တယ်။

MA ဦးဇင်း ။ ။ နိသဒ္ဒိဓုတင်ကို မျက်စိနှစ်ကွင်းနဲ့ လဲလှယ်လိုက်သလို ဖြစ်သွားပါပြီဘုရား။

ဆရာတော် ။ ။ ဟုတ်ပါတယ်။ မထေရ်မြတ်ကြီး ရဟန္တာဖြစ်တဲ့အထိ ဓုတင်ကို မဖျက်တော့ဘဲ မျက်စိပျက်တာကိုသာ လက်ခံတော်မူခဲ့ပါတယ်။[၂]

MA ဦးဇင်း ။ ။ သာဓုပါဘုရား။ ကြည်ညိုမဆုံးပါဘုရား။

---

၁။ (၆) အဋ္ဌရာသုတ္တဝဏ္ဏနာ၊ အာဒိတ္တဝဂ္ဂ ၊ သဂါထာဝဂ္ဂအဋ္ဌကထာ (နှာ - ၈)

၂။ (၁) စက္ခုပါလတ္ထေရဝတ္ထု ၊ ယမကဝဂ္ဂ ၊ ဓမ္မပဒဋ္ဌကထာ (ပထမတွဲ၊ နှာ-၈)

## ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု

MA ဦးဇင်း ॥ ॥ နိသဇ္ဇိဓုတင်မှာလည်း ဥက္ကဋ္ဌ၊ မဇ္ဈိမနှင့် မုဒု တို့ရှိရင် သိပါရစေဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ် ဦးဇင်း။ ဥက္ကဋ္ဌ "The noble practitioner of the nesajjika dhutaṅga" မဇ္ဈိမ "The intermediate practitioner of the nesajjika dhutaṅga" မုဒု "The ordinary practitioner of the nesajjika dhutaṅga" လို့ ရှိပါတယ်။

MA ဦးဇင်း ॥ ॥ ဥက္ကဋ္ဌ၊ မဇ္ဈိမနဲ့ မုဒုဓုတင်ဆောင် ရဟန်းတော်များရဲ့ ကျင့်စဉ်ဂုဏ်ရည်ကိုလည်း အသေးစိတ် သိရှိမှတ်သားချင်ပါတယ်ဘုရား။

ဆရာတော် ॥ ॥ အမြတ်စားဥက္ကဋ္ဌ ဓုတင်ပုဂ္ဂိုလ်အတွက် နောက်မှီတံကဲ မအပ်ဘူး။ အာယောဂပတ်လည်း မအပ်ဘူး။ အာယောဂပတ်ပြားလည်း မအပ်ဘူးလို့ ဝိသုဒ္ဓိမဂ်က ဆိုထားပါတယ် ဦးဇင်း။[၁]

MA ဦးဇင်း ॥ ॥ မှန်ပါ။ တပည့်တော်က ဓုတင်တွေကို လက်တွေ့ကျင့်ချင်ပါတယ်ဘုရား။ တံကဲတို့၊ အာယောဂပတ်တို့၊ အာယောဂပတ်ပြားတို့ဆိုတဲ့ စကားအဓိပ္ပာယ်ကို နားမလည်သေးပါဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ။ နောက်မှီတံကဲဆိုတာ ကျောကုန်းကို မှီလို့ရတဲ့ ပျဉ်ချပ်တွေကို ဆိုလိုတာပါ။ ပုဆိုးအာယောဂပတ်ဆိုတာက အဝတ်ပုဆိုးတို့ ပိတ်စတို့နဲ့ ဒူးနှစ်ဖက်ကို ရစ်ပတ်ပြီးတော့ ထိုင်တာကို ဆိုလိုတာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ တင်ပါဘုရား။ အာယောဂပတ်ပြားဆိုတာကို သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ဟုတ်ပါပြီ။ အာယောဂပတ်ပြားဆိုတာက ဒူးနှစ်ဖက်ကို ပတ်ပြီး ထိုင်စရာကြိုးပြားလို လုပ်ထားတာကို ဆိုလိုတာပါ။ ဒါတွေက ဥက္ကဋ္ဌပုဂ္ဂိုလ်အတွက် မအပ်တာပါ ဦးဇင်း။

MA ဦးဇင်း ॥ ॥ မှန်ပါ။ မဇ္ဈိမအဆင့် ကျင့်တော်မူတဲ့ ရဟန်းအတွက်လည်း သိပါရစေ။

ဆရာတော် ॥ ॥ နိသဇ္ဇိဓုတင်ကို မဇ္ဈိမအဆင့်ဆောင်တဲ့ ပုဂ္ဂိုလ်အတွက် အခုပြောပြီးခဲ့တဲ့ နောက်မှီတံကဲ၊ အာယောဂပတ်၊ အာယောဂပတ်ပြား သုံးမျိုးစလုံး အပ်တယ် ဦးဇင်း။[၂]

MA ဦးဇင်း ॥ ॥ မှန်ပါဘုရား။ ဒါဆိုရင် မဇ္ဈိမပုဂ္ဂိုလ်အတွက် နောက်မှီတံကဲလည်း အပ်တယ်။ အာယောဂပတ်လည်း အပ်တယ်။ ပြီးတော့ အာယောဂပတ်ပြားလည်း အပ်တယ်ဆိုတာ နားလည်ပါပြီဘုရား။ မုဒုအဆင့်ဓုတင်ဆောင် ပုဂ္ဂိုလ်အတွက် သိပါရစေဘုရား။

---

၁။ (၁၃) နေသဇ္ဇိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသော ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

၂။ (၃) သပ္ပုရိသသုတ် ၊ အနုပဒဝဂ္ဂ ၊ ဥပရိပဏ္ဏာသပါဠိ (နှာ-၈၆)

ဆရာတော် ။ ။ မုဒုပုဂ္ဂိုလ်အတွက် စောစောကပြောပြခဲ့တဲ့ သုံးမျိုးလုံး အပ်ပြီနော်။ ပြီးတော့ နောက်မှီခေါင်းအုံးလည်း အပ်ပါတယ်။ ပဉ္စင်္ဂအင်းပျဉ်တို့ သတ္တင်္ဂအင်းပျဉ်တို့လည်း အပ်ပါတယ်။[၁]

MA ဦးဇင်း ။ ။ တော်တော် ပြည့်စုံပါပြီဘုရား။ အခု နိသဇ္ဇိဓုတင်ပျက်တဲ့အကြောင်းကို သိလိုပါသေးတယ်။

ဆရာတော် ။ ။ အိပ်ချင်တဲ့စိတ်နဲ့ ခေါင်းအုံးပေါ် ကျောချပြီး လဲလျောင်းလိုက်တာနဲ့ သုံးပါးစလုံးအတွက် ဓုတင်ပျက်ပါတယ်။

MA ဦးဇင်း ။ ။ ကျောချမှပဲ ဓုတင်ပျက်တာပါလားဘုရား။

ဆရာတော် ။ ။ ပြည့်ပြည့်စုံစုံပြောရရင် ကျောချပြီး လဲလျောင်းရင်လည်း ဓုတင်ပျက်တယ်။ ဘေးတစောင်း လဲလျောင်းရင်လည်း ဓုတင်ပျက်တယ်။ အလျားမှောက်ခုံ လဲလျောင်းရင်လည်း ဓုတင်ပျက်တယ်။

MA ဦးဇင်း ။ ။ သဘောပေါက်ပြီဘုရား။ လဲလျောင်းတဲ့ ဣရိယာပုတ်တစ်ခုခု လုပ်လိုက်တာနဲ့ နိသဇ္ဇိဓုတင် ပျက်တယ်လို့ယူရင် ပြည့်စုံပြီ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ် ဦးဇင်း။ မှန်ပါတယ်။

## နိသဇ္ဇိဓုတင်ဆောင် ရဟန်းရသည့်အကျိုး ၅ ပါး

၁။ "လျောင်းအိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာကို၊ ဝဲယာနံစောင်းပြောင်း၍ အိပ်ခြင်းကြောင့် ချမ်းသာကို၊ တမှိန်းမှိန်း အိပ်နေခြင်းကြောင့်ဖြစ်သော ချမ်းသာကို အဖန်တလဲလဲ ယှဉ်လျက်နေ၏" ဟု ဟောတော်မူအပ်သော စိတ်အနှောင်အဖွဲ့ကို ဖြတ်ကြောင်း လက်နက်ကောင်းဖြစ်ခြင်း၊

၂။ ခပ်သိမ်းသော ကမ္မဋ္ဌာန်းကို (မည်သည့် ကမ္မဋ္ဌာန်းကိုမဆို) အားထုတ်သောသူအား လျော်သည်၏အဖြစ်၊

၃။ ကြည်ညိုဖွယ် ဣရိယာပုတ် ရှိသည်၏အဖြစ်၊

၄။ ကမ္မဋ္ဌာန်းဘာဝနာကို ပြင်းစွာ အားထုတ်ခြင်း အားလျော်သည်၏အဖြစ်၊

၅။ သီလစသော ကောင်းမြတ်သည့် အကျင့်ပဋိပတ်ကို ပွားစေခြင်းတို့ပေတည်း။

ဤသည်ကား နိသဇ္ဇိဓုတင်၏ အကျိုးအာနိသင်ပေတည်း။[၂]

---

၁။ (၁၃) နေသဇ္ဇိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသော ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

၂။ (၁၃) နေသဇ္ဇိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသော ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ-၇၆)

အာဘုဇိတ္ဝာန ပလ္လင်္ကံ၊ ပဏိဓာယ ဥဇုံ တနုံ၊
နိသီဒန္တော ဝိကမ္ပေတိ၊ မာရဿ ဟဒယံ ယတိ။
သေယျသုခံ  မိဒ္ဓသုခံ၊ ဟိတွာ အာရဒ္ဓဝီရိယော၊
နိသဇ္ဇာဘိရတော ဘိက္ခု၊ သောဘယန္တော တပေါဝနံ။
နိရာမိသံ ပီတိသုခံ၊ ယသ္မာ သမဓိဂစ္ဆတိ၊
တသ္မာ သမနုယုဉ္ဇေယျ၊ ဓီရော နေသဇ္ဇိကံ ဝတန္တိ။[၁]

တင်ပလ္လင်ဖွဲ့ခွေ၍ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာ ထားလျက်
ထိုင်နေသော ရဟန်းသည် မာရ်မင်း၏ စိတ်ကို တုန်လှုပ်စေ၏။
အိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာနှင့် တမှိန်းမှိန်း အိပ်နေခြင်းကြောင့်ဖြစ်သော
ချမ်းသာကို ပယ်စွန့်ကာ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ထိုင်နေခြင်း၌
မွေ့လျော်သော ရဟန်းသည် ခြိုးခြံသော အကျင့်ကို ကျင့်ရာ
သာသနာတော်တည်းဟူသော အင်ကြင်းတောကို တင့်တယ်စေလျက်
ကာမဂုဏ်ဟူသော အာမိသကင်းသော ပီတိသုခကို ရနိုင်ပေ၏။
ထိုကြောင့် ပညာရှိယောဂီသည် ထိုင်ခြင်း ဣရိယာပုထ်နှင့် ဆိုင်သော
ဓုတင်ကျင့်ဝတ်ကို ကောင်းစွာကျင့်သုံး အားထုတ်ရာ၏။[၂]

---

၁။ နေသဇ္ဇိကင်္ဂကထာ ၊ ဓုတင်္ဂနိဒ္ဒေသော ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမတွဲ၊ နှာ - ၇၆)
၂။ မဟာစည်ဆရာတော်ကြီး၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် (ပထမတွဲ၊ နှာ-၂၅၅)

## ဓူတင် ၁၃ ပါးအတွက် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်များ

### ၁။ ပံ့သကူဓူတင်၏ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သုသာန်မှရသော အဝတ်ကိုသာ ဝတ်ရုံသုံးဆောင်ရ၏။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် လမ်း၌ စွန့်ပစ်ထားသော အဝတ်ကိုသာ ဝတ်ရုံသုံးဆောင်ရ၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် ခြေရင်း၌ ချထားသောအဝတ်၊ ရဟန်းအချင်းချင်းလှူသောအဝတ်ကို ဝတ်ရုံသုံးဆောင်ရ၏။
(ဃ) ပံ့သကူဓူတင်သည် လူဒါယကာ၊ ဒါယိကာမတို့ လှူဒါန်းသောအဝတ်ကို သာယာပြီး လက်ခံသည်နှင့်ပျက်၏။

### ၂။ တိစီဝရိတ်ဓူတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သုံးထည်သော သင်္ကန်းကိုသာ သုံးဆောင်ရ၏။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် သင်္ကန်းဆိုးစဉ် သင်္ကန်းဆိုးရုံထဲရှိအဝတ်ကို လဲလှယ်၍ သုံးနိုင်၏။ အံသကိုက်အပ်၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် သင်္ကန်းဆိုးစဉ် သဘာဂရဟန်း၏သင်္ကန်းကိုယူ၍ ဝတ်ရုံသုံးနိုင်၏။ ကျောင်းသုံး အိပ်ရာခင်းကို သုံးနိုင်၏။
(ဃ) တိစီဝရိတ်ဓူတင်သည် လူများလှူသော လေးထည်မြောက်အဝတ်ကို သာယာပြီး လက်ခံသည်နှင့် ပျက်၏။

### ၃။ ပိဏ္ဍပါတ်ဓူတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် တစ်နေ့မျှ ပို့ဆွမ်းကိုအလှူခံခွင့် မရှိပါ။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် တစ်နေ့ ကျောင်းသို့ပို့လာသောဆွမ်းကို သုံးဆောင်ခံယူနိုင်၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် ကျောင်းကိုပို့လာသောဆွမ်းကို သုံးဆောင်ခံယူနိုင်၏။
(ဃ) ပိဏ္ဍပါတ်ဓူတင်သည်ဘတ် ၁၄ မျိုးကို (ထမင်းဟူ၍) မအပ်သောအသုံးဖြင့် ဖိတ်ကြားသည်ကို လက်ခံလျှင်ပျက်၏။

### ၄။ သပဒါနစာရိကဓူတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် အိမ်ရှေ့၌သာရပ်၍ ဆွမ်းကို ခံယူရ၏။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် ရှေ့၌၊ နောက်၌၊ ပြန်စဉ်၌လှူသော ဆွမ်းများ လက်ခံနိုင်၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် တစ်နေ့မျှဆွမ်းခံမကြွဘဲ ကျောင်း၌ပို့ဆွမ်းကို ခံယူသုံးဆောင်နိုင်၏။
(ဃ) သပဒါနစာရိကဓူတင်သည် ဆွမ်းကောင်းကို အလိုရှိ၍ အိမ်၊ ရွာ၊ လမ်း တစ်ခုခုကို ကျော်သွားလျှင်ပျက်၏။

## ၅။ ကောသနိက်ဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ဆွမ်းဘုဉ်းရန် သပိတ်ကိုင်မိသည်မှစ၍ မည်သည့်ဆွမ်းဘောဇဉ်ကိုမျှ အလှူခံခွင့်မရှိပါ။
(ခ ) မဇ္ဈိမပုဂ္ဂိုလ်သည် သပိတ်ထဲ မကုန်သေးသမျှ ခံယူသုံးဆောင်နိုင်၏။
(ဂ ) မုဒုပုဂ္ဂိုလ်သည် ထိုင်ရာမှမထမချင်း ခံယူပြီးဘုဉ်းပေးသုံးဆောင်နိုင်၏။
(ဃ) ကောသနိက်ဓုတင်သည် ထိုင်ရာမှထပြီးနောက် ဒုတိယအကြိမ် ဘုဉ်းပေးလျှင်ပျက်၏။

## ၆။ ပတ္တပိုဏ်ဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် မဘုဉ်းခင်ကပင် ခဲဖွယ်ဘောဇဉ်ကို အလျော်ဖြစ်အောင် စီမံထားရ၏။
(ခ ) မဇ္ဈိမပုဂ္ဂိုလ်သည် ခဲဖွယ်ဘောဇဉ်ကို လက်ဖြင့်ဖဲ့၍ခွဲ၍ သုံးဆောင်နိုင်၏။
(ဂ ) မုဒုပုဂ္ဂိုလ်သည် လက်ဖြင့်ဖြစ်စေ၊ သွားဖြင့်ဖြစ်စေဖဲ့၍ ခွဲ၍ ဘုဉ်းပေးသုံးဆောင်နိုင်၏။
(ဃ) ပတ္တပိုဏ်ဓုတင်သည် ဆွမ်း၊ ဟင်း၊ ဘောဇဉ် ထည့်ထားသော ဒုတိယခွက်ကို အကပ်ခံယူ လျှင်ပျက်၏။

## ၇။ ခလုပစ္ဆာဘတ္တိကဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် တော်ပြီဟုတားမြစ်မိပါက ခံတွင်းရှိသမျှဆွမ်းကိုသာ ဘုဉ်းပေးရ၏။
(ခ ) မဇ္ဈိမပုဂ္ဂိုလ်သည် တော်ပြီဟုတားမြစ်မိပါက သပိတ်ထဲ၌ မကုန်မချင်း ဘုဉ်းပေးနိုင်၏။
(ဂ ) မုဒုပုဂ္ဂိုလ်သည် တော်ပြီဟုတားမြစ်မိပါက မထမချင်းထပ်ထည့်တိုင်းသော ဘောဇဉ်ကိုပါ ဘုဉ်းပေးနိုင်၏။
(ဃ) ခလုပစ္ဆာဘတ္တိကဓုတင်သည် တော်ပြီဟုတားမြစ်မိ၍ ပဝါရိတ်ဖြစ်ပြီးနောက် အတိရိက်ဝိနည်း ကံပြုကာ ဘုဉ်းလျှင်ပျက်၏။

## ၈။ အာရညကင်ဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးလုံး တော၌ အရုဏ်တက်ရ၏။
(ခ ) မဇ္ဈိမပုဂ္ဂိုလ်သည် မိုးလေးလကို ရွာတွင်း၌ သီတင်းသုံးနိုင်၏။
(ဂ ) မုဒုပုဂ္ဂိုလ်သည် တစ်ဥတုပြည့်အောင် တော၌နေနိုင်၏။
(ဃ) အာရညကင်ဓုတင်သည် တောရအင်္ဂါနှင့်မညီသော ရွာနီး၌ရှိနေစဉ် အရုဏ်တက်လျှင်ပျက်၏။

## ၉။ ရုက္ခမူဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် သစ်ပင်အောက်၌ရှိသော အမှိုက်သရိုက်ချုံနွယ်တို့ကို ခြေဖြင့်သာ ရှင်း၍နေရ၏။
(ခ ) မဇ္ဈိမပုဂ္ဂိုလ်သည် အနားရောက်လာသော လူ၊ သာမဏေကို ရှင်းလင်းခိုင်းနိုင်၏။

(ဂ) မုဒုပုဂ္ဂိုလ်သည် လူ၊ သာမဏေတို့ကိုခေါ်၍ ရှင်းလင်းခိုင်းနိုင်၏။
(ဃ) ရုက္ခမူဓုတင်သည် အုတ်၊ မြက်၊ သစ်ရွက်၊ ပျဉ်၊ ဖျာဟူသော အမိုးတစ်ခုခုအောက် သာယာ၍နေလျှင်ပျက်၏။

**၁၀။ အဗ္ဘောကာသိကဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း**

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် လွင်တီးခေါင်၌ အဝတ်၊ သင်္ကန်းမိုးသောကျောင်း၌ နေရ၏။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် သစ်ပင်၊ တောင်စောင်း၊ ကျောင်းတို့ကို အမှီပြုပြီး အတွင်းမဝင်ဘဲနေရ၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် ချောက်နံပါး၊ တောင်ဝှမ်း၊ နေပြောက်ထိုးသော တဲကျောင်းစုတ်တို့၌နေရ၏။
(ဃ) အဗ္ဘောကာသိကဓုတင်သည် အမိုးငါးမျိုးအောက် ဝင်လျှင်ပျက်၏။

**၁၁။ သုသာန်ဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း**

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် မီးသင်္ဂြိုဟ်ခြင်း၊ အပုပ်နံ့နံခြင်း၊ ငိုသံကြားခြင်းဟူသော အင်္ဂါသုံးမျိုး နေ့စဉ်ရှိသည့် သုသာန်၌နေရ၏။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် ထိုသုံးမျိုးအနက် တစ်မျိုးမျိုးနေ့စဉ်ရှိသော သုသာန်၌နေရ၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် လူသေကောင်သင်္ဂြိုဟ်ပြီး ၁၂ နှစ်အတွင်းအထိ သုသာန်မည်သောနေရာ၌ နေခွင့်ရှိ၏။
(ဃ) သုသာန်ဓုတင်သည် သုသာန်လက္ခဏာမရသော အရပ်၌နေလျှင်ပျက်၏။

**၁၂။ ယထာသန္ထတိကဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း**

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် မိမိအားနေရာချပေးသည့် ကျောင်းနှင့်စပ်လျဉ်း၍ သွားကြည့်ခြင်း၊ မေးမြန်းခြင်းမပြုရ။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် မိမိအားနေရာချပေးသည့် ကျောင်းနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် မိမိအားနေရာချပေးသည့် ကျောင်းနှင့်စပ်လျဉ်း၍ သွားကြည့်ခြင်း၊ မေးမြန်းခြင်းပြုနိုင်၏။
(ဃ) ယထာသန္ထတိကဓုတင်သည် မိမိအားနေရာချပေးသည့် ကျောင်းကိုမယူဘဲ တစ်ပါးသူကို ဖယ်ခိုင်းလျှင်ပျက်၏။

**၁၃။ နေသဇ္ဇိကဓုတင် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ကျင့်စဉ်အကျဉ်း**

(က) ဥက္ကဋ္ဌပုဂ္ဂိုလ်သည် နောက်မှီ ပျဉ်ချပ်၊ ပုဆိုးဖြင့်ပတ်ခြင်း၊ အာယောဂပတ် သုံးမျိုးလုံးမသုံးရပါ။
(ခ) မဇ္ဈိမပုဂ္ဂိုလ်သည် နောက်မှီ ပျဉ်ချပ်၊ ပုဆိုးဖြင့်ပတ်ခြင်း၊ အာယောဂပတ် သုံးမျိုးထဲမှ တစ်မျိုးကို သုံးနိုင်၏။
(ဂ) မုဒုပုဂ္ဂိုလ်သည် အထက်ပါသုံးမျိုးအပြင် ပဉ္စင်္ဂထိုင်ခုံ၊ သတ္တင်္ဂထိုင်ခုံများကိုလည်း သုံးနိုင်၏။
(ဃ) နေသဇ္ဇိကဓုတင်သည် လဲလျောင်းခြင်းဟူသော ဣရိယာပုထ်ကို ပြုလျှင်ပျက်၏။

## မြန်မာနိုင်ငံသာသနာဝင်မှ ဓုတင်အကျင့်ပဋိပတ် မှတ်တမ်းအချို့

ကျေးဇူးရှင် နဘူးကျောင်းဆရာတော် (AD ၁၉၂၁-၂၀၀၄ ခုနှစ်) ထံပါး ရဟန်းတော်တစ်ပါးက ချဉ်းကပ်ပြီး "သာသနာကွယ်ရင် ဘယ်လိုစကွယ်မှာပါလဲဘုရား" ဟု မေးလျှောက်ခဲ့ဖူးသည်။ ဆရာတော်ကြီးက "တချို့ဘုန်းကြီးတွေက သာသနာကွယ်ရင် ဘယ်လိုကွယ်မှာလဲလို့ မေးကြတယ်။ အခု အကျင့်ပဋိပတ်ထဲက ဓုတင်အကျင့်ကို ကျင့်တဲ့ရဟန်း အလွန်ရှားနေပြီ။ ရဟန်းတွေ ဓုတင်ကို မကျင့်တော့ရင် ဓုတင်သာသနာ ကွယ်သွားပြီ" ဟု မိန့်ကြားတော်မူဖူးပါသည်။

ဆရာတော်ကြီးသည် ဓုတင်အကျင့်မြတ်နှင့် ရဟန်းသီလ စောင့်ထိန်းလိုက်နာမှုတွင် ယနေ့ ခေတ်သာသနာတော်၌ တုနှိုင်းဖွယ် မရှိလောက်အောင်ပင် ဖြူစင် သန့်စင်တော်မူပါသည်။ ထို့ကြောင့်ပင် တပည့်အပေါင်းက သံဃပီတုပမာထားကာ ကြည်ညိုမဆုံး ဖြစ်ကြရပါသည်။

ဝိနယဂရုက၊ လဇ္ဇီပေသလ၊ ဗဟုဿုတရေ၊ သံဃပိတုဖြစ်တော်မူသော ဆရာတော်ကြီးက မိမိ အဘယ်ဓုတင်တို့ကို ကျင့်နေကြောင်းကို ပြောဖူးသည်ကို ကြုံဖူးရန်ဝေးစွ အရိပ်အမြွက်မျှပင် ပြတော်မူခြင်း မရှိခဲ့ပေ။ အနီးနေ တပည့်များကပင် မသိလောက်အောင် ဓုတင်အကျင့်ကို ကျစ်လျစ် သိုသိပ်စွာ ကျင့်ခဲ့ရုံသာမက 'ဓုတင်္ဂဝိနိစ္ဆယ' ကျမ်းတစ်စောင်ကိုပင် နောင်လာနောက်သားတို့အတွက် ရေးသား ပြုစုပေးတော်မူခဲ့ပါသည်။

သာသနာတော်၌ ဓုတင်အကျင့်ကို ကျင့်တော်မူသည့် ဆရာတော်မထေရ်တို့၏ အချို့ကျင့်စဉ် တို့ကို အကဲခတ်၍ သိရသည်များလည်း ရှိပါသည်။ မေးမြန်းလျှောက်ထား၍ သိရသည်များလည်း ရှိပါသည်။ စာပေဖြင့် တိုက်ဆိုင်၍ ဆန်းစစ်ကာ ကြည်ညိုရသည်များလည်း ရှိတတ်ပါသည်။ သို့သော် လေ့လာ စူးစမ်း ဆန်းစစ်သူကိုယ်တိုင်က ဓုတင်ဆိုင်ရာ ဗဟုသုတ ပြည့်ဝရုံမက ကိုယ်တိုင်ကျင့်ကြံ သည့် အတွေ့အကြုံလည်း ရှိမှသာလျှင် သုံးသပ်ဆုံးဖြတ်ချက်များ မှန်ကန်နိုင်မည် ဖြစ်ပါသည်။

## ခေတ်အဆက်ဆက် ဓုတင်အကျင့်ပဋိပတ်ကို ကျင့်တော်မူခဲ့သည့် ရဟန်းတော်များ

"ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။ မောဂ္ဂလိပုတ္တေန ပဉ္စမာ၊ ဧတေ ဇမ္ဗုသိရိဝှယေ" စသည့် ၁၆ ဂါထာဖြင့် သာသနာတော်၌ ဝိနည်းအရာ ရဲရင့်၊ ပြတ်သားပြီး ပညာအရာ ကြီးမြတ်တော်မူကြသည့် အရှင်ကောင်း၊ အရှင်မြတ်ကြီးတို့၏ အမည်နာမတို့ကို ဂါထာသီကုံးကာ ဝိနည်း ပရိဝါပါဠိတော်၌ ပူဇော် မှတ်တမ်းတင်ထားပါသည်။

ဤဓုတင်အခြေခံဖတ်စာအုပ်၌လည်း မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ခေတ်အဆက်ဆက်က ဓုတင်ပဋိပတ်ကို ကျင့်သုံးတော်မူကြသည့် ထေရ်ရှင်များ၏ ဘွဲ့အမည်နှင့် ဖွားမြင်ရာ လွန်တော်မူရာ ခုနှစ်ကို ခရစ်နှစ်နှင့် ကောဇာသက္ကရာဇ်တို့ စုံလင်စွာဖြင့် ယှဉ်တွဲဖော်ပြကာ မှတ်တမ်းပြုထားပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် ဓုတင်ဆောင် ဆရာတော်များ၏ မှတ်တမ်းထဲမှ တပည့်တော် သိမှီသည့် ဆရာတော်မှာ နဘူးကျောင်းဆရာတော်၊ ရွှေဥမင်ဆရာတော်နှင့် လဲဘူးဆရာတော်သာဖြစ်ပြီး

အခြားဆရာတော်များမှာ ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်၊ မောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများစာအုပ်နှင့် ကျော်နန္ဒအောင်၏ ဝိပဿနာရှုနည်းများပေါင်းချုပ် စာအုပ်တို့၌ မှတ်တမ်းပြုထားသည့် ဓူတင်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်ကို ရယူ ဖော်ပြခြင်းသာ ဖြစ်ပါသည်။ ဧကန်မုချ မှန်ကန်ပြီ၊ ပြီးပြည့်စုံပြီဟု ပြောရန်ခက်ခဲလှပါသည်။ အဘယ်ကြောင့်ဆိုသော် ထေရဝါဒသာသနာတော်၏ ဓူတင်ကျင့်စဉ်သည် အပိစ္ဆဂုဏ်ကိုဆောင်ကာ သိုသိပ်စွာ ကျင့်တော်မူကြသောကြောင့်တည်း။

## ယုံကြည်ပါသည်ဘုရား

တပည့်တော်၏ လေ့လာစူးစမ်း ရှာဖွေမှတ်သားမှု အားနည်းချက်ကြောင့် ဤစာအုပ်ထဲ၌ မှတ်တမ်းရေးသားရန် ပျက်ကွက်မှုများ ရှိနိုင်ပါသော်လည်း သာသနာတော်တွင် ဝိပဿနာဓုရ၊ ဂန္ထဓုရနှစ်ဖြာကို ဆောင်တော်မူကြသည့် ထေရ်ရှင်များသည် ဓူတင်ကို အင်တန်အားမျှနိုင်သည့်ဝန်ကို ဧကန်မုချ ထမ်းရွက်တော်မူခဲ့ကြမည်ဟု ဘုရားတပည့်တော် ယုံကြည်ပါသည်ဘုရား။

၁။ တောင်ဖီလာဆရာတော် (ကောဇာ ၉၄၀-၁၀၁၂) (AD ၁၅၇၈-၁၆၅၀)
၂။ စတုဂီရိ တောင်လေးလုံးဆရာတော် (ကောဇာ ၁၀၉၀-၁၁၆၈) (AD ၁၇၂၈-၁၈၀၆)
၃။ သီးလုံးဆရာတော် (ကောဇာ ၁၁၄၈-၁၂၂၂) (AD ၁၇၈၆-၁၈၆၀)
၄။ ဆရာတော်ဦးဗုဓ် (ကောဇာ ၁၁၄၉-၁၂၀၄) (AD ၁၇၈၇-၁၈၄၂)
၅။ ထွန့်ခေါင်ဆရာတော် (ကောဇာ ၁၁၆၀-၁၂၄၂) (AD ၁၇၉၈-၁၈၈၀)
၆။ ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်ကြီးဦးဥေ ယျဓမ္မ (ကောဇာ ၁၁၆၁-၁၂၂၇) (AD ၁၇၉၉-၁၈၆၅)
၇။ ရွှေကျင်ဆရာတော် (ကောဇာ ၁၁၈၄-၁၂၅၅) (AD ၁၈၂၂-၁၈၉၃)
၈။ ဂူဖြူတောရဆရာတော် (ကောဇာ ၁၁၉၀-၁၂၈၁) (AD ၁၈၂၈-၁၉၁၉)
၉။ ဘုန်းတော်ကြီးဦးသီလ (ကောဇာ ၁၁၉၄-၁၂၆၉) (AD ၁၈၃၂-၁၉၀၇)
၁၀။ ပုသိမ်မိဂဒါရုံဆရာတော် (ကောဇာ ၁၁၉၄-၁၂၈၃) (AD ၁၈၃၂-၁၉၂၁)
၁၁။ မဟာဝိသုဒ္ဓါရုံဆရာတော် (ကောဇာ ၁၂၀၀-၁၂၇၈) (AD ၁၈၃၈-၁၉၁၆)
၁၂။ မန်လည်ဆရာတော် (ကောဇာ ၁၂၀၃-၁၂၈၂) (AD ၁၈၄၁-၁၉၂၀)
၁၃။ ပခုက္ကူ သဲပုံစေတီတောရဆရာတော် (ကောဇာ ၁၂၀၄-၁၂၈၈) (AD ၁၈၄၂-၁၉၂၆)
၁၄။ လယ်တီဆရာတော် (ကောဇာ ၁၂၀၈-၁၂၈၅) (AD ၁၈၄၆-၁၉၂၃)
၁၅။ မိုးနံကုန်းဆရာတော် (ကောဇာ ၁၂၀၉-၁၂၇၄) (AD ၁၈၄၇-၁၉၁၂)
၁၆။ ဂျုံးဂျုံးကျတောရဆရာတော်ကြီး (ကောဇာ ၁၂၁၅-၁၂၈၅) (AD ၁၈၅၃-၁၉၂၃)
၁၇။ စစ်ကိုင်း ဝတ်ချက်မင်းကျောင်းဆရာတော် (ကောဇာ ၁၂၁၅-၁၂၈၈) (AD ၁၈၅၃-၁၉၂၆)
၁၈။ ရွှေရောင်ပြေဆရာတော် ဦးအာလောက (ကောဇာ ၁၂၁၅-၁၃၀၀) (AD ၁၈၅၃-၁၉၃၈)
၁၉။ စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရား (ကောဇာ ၁၂၂၀-၁၂၈၁) (AD ၁၈၅၈-၁၉၁၉)

၂၀။ အင်ကြင်းမြောင်ဆရာတော် (ကောဇာ ၁၂၂၂-၁၂၇၈) (AD ၁၈၆၀-၁၉၁၆)
၂၁။ ကြောင်ပန်းတောရဆရာတော် (ကောဇာ ၁၂၂၂-၁၂၈၈) (AD ၁၈၆၀-၁၉၂၆)
၂၂။ ပဲခူးနတ်စင်တစ်ရာဆရာတော် ဦးဒေဝံတေမိဇ (ကောဇာ ၁၂၂၅-၁၃၁၅) (AD ၁၈၆၃-၁၉၅၃)
၂၃။ မတော့ချောင်ဆရာတော် ဦးဝါသဝ (ကောဇာ ၁၂၂၆-၁၃၀၄) (AD ၁၈၆၄-၁၉၄၂)
၂၄။ ပဲခူးကျောင်းတန်း မဟာဗောဓိဆရာတော် (ကောဇာ ၁၂၂၇-၁၃၀၈) (AD ၁၈၆၅-၁၉၄၆)
၂၅။ လှော်ကားတောရကျောင်းဆရာတော် (ကောဇာ ၁၂၂၈-၁၃၁၁) (AD ၁၈၆၆-၁၉၄၉)
၂၆။ ညောင်လွန့်တောရဆရာတော် (ကောဇာ ၁၂၂၉-၁၂၉၅) (AD ၁၈၆၇-၁၉၃၃)
၂၇။ ရွှေတောင်ဆရာတော် ဦးတိက္ခိန္ဒြိယ (ကောဇာ ၁၂၃၂-၁၃၀၃) (AD ၁၈၇၀-၁၉၄၁)
၂၈။ စံကင်းဆရာတော် (ကောဇာ ၁၂၃၂-၁၃၃၄) (AD ၁၈၇၀-၁၉၇၂)
၂၉။ သေက္ခတောင်ဆရာတော် (ကောဇာ ၁၂၃၃-၁၂၉၉) (AD ၁၈၇၁-၁၉၃၇)
၃၀။ မိုးညှင်းတောရဆရာတော် (ကောဇာ ၁၂၃၄-၁၃၂၆) (AD ၁၈၇၂-၁၉၆၄)
၃၁။ အင်းလေး ရွှေဥဒေါင်းဆရာတော် (ကောဇာ ၁၂၃၅-၁၃၄၆) (AD ၁၈၇၃-၁၉၈၄)
၃၂။ ကန်ကျောင်းဆရာတော် ဦးနေမိန္ဒ (ကောဇာ ၁၂၃၆-၁၃၂၄) (AD ၁၈၇၄-၁၉၆၂)
၃၃။ သိမ်တောင်အင်းမကြီးတော်ဆရာတော် (ကောဇာ ၁၂၃၇-၁၂၈၃) (AD ၁၈၇၅-၁၉၂၁)
၃၄။ ရှမ်းတဲကြီးတောင်ကျောင်းဆရာတော် ဦးကိတ္တိ (ကောဇာ ၁၂၄၁-၁၃၂၀) (AD ၁၈၇၉-၁၉၅၈)
၃၅။ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (ကောဇာ ၁၂၄၁-၁၃၃၇) (AD ၁၈၇၉-၁၉၇၅)
၃၆။ ဒက္ခိဏာရာမအနွယ်မြို့မိဆရာတော် (ကောဇာ ၁၂၄၄-၁၃၀၆) (AD ၁၈၈၂-၁၉၄၄)
၃၇။ ရမည်းသင်းမြို့ ခေမာသီဝံဆရာတော်ဘုရားကြီး (ကောဇာ ၁၂၄၅-၁၃၃၉) (AD ၁၈၈၃-၁၉၇၇)
၃၈။ ထားဝယ်မြို့တောင်ပွားဆရာတော် (ကောဇာ ၁၂၄၆-၁၃၂၈) (AD ၁၈၈၄-၁၉၆၆)
၃၉။ မြင်းခြံမြို့ဓမ္မနာဒဆရာတော် (ကောဇာ ၁၂၄၇-၁၂၉၉) (AD ၁၈၈၅-၁၉၃၇)
၄၀။ ကြေးမြင့်ဆရာတော် (ကောဇာ ၁၂၄၇-၁၃၅၁) (AD ၁၈၈၅-၁၉၈၉)
၄၁။ ပြည်နိဗ္ဗိန္ဒဆရာတော် (ကောဇာ ၁၂၄၈-၁၃၃၈) (AD ၁၈၈၆-၁၉၇၆)
၄၂။ နန်းဦးဆရာတော်ဦးနန္ဒိယသီဟသူရ (ကောဇာ ၁၂၅၃-၁၃၂၅) (AD ၁၈၉၁- ၁၉၆၃)
၄၃။ ဗန်းမောက် အရညဝါသီ ဝေ့သုက္ခိဆရာတော်ကြီး (ကောဇာ ၁၂၅၃-၁၃၃၉) (AD ၁၈၉၁-၁၉၇၇)
၄၄။ သပိတ်အိုင်တောရဆရာတော် (ကောဇာ ၁၂၅၅-၁၃၃၁)(AD ၁၈၉၃-၁၉၆၉)
၄၅။ ဝေဘူဆရာတော် (ကောဇာ ၁၂၅၇-၁၃၃၉) (AD ၁၈၉၅-၁၉၇၇)
၄၆။ တောင်ပုလုဆရာတော် (ကောဇာ ၁၂၅၈-၁၃၄၈) (AD ၁၈၉၆-၁၉၈၆)
၄၇။ ဖားအောက်တောရ သစ်သီးဆရာတော် (ကောဇာ ၁၂၆၃-၁၃၃၅) (AD ၁၉၀၁-၁၉၇၃)
၄၈။ စလင်းကန်လယ်ဆရာတော် (ကောဇာ ၁၂၆၃-၁၃၅၃) (AD ၁၉၀၁-၁၉၉၁)
၄၉။ မြောက်ဂူကျောင်းဆရာတော် အရှင်ဉာဏုတ္တရ (ကောဇာ ၁၂၆၄-၁၃၅၁) (AD ၁၉၀၂-၁၉၈၉)
၅၀။ ဇာလီတောင်ဆရာတော် အရှင်သုမင်္ဂလသာမိ (ကောဇာ ၁၂၆၆-၁၃၄၉) (AD ၁၉၀၄-၁၉၈၇)
၅၁။ သဲတောဆရာတော် ဦးနန္ဒဝံသ (ကောဇာ ၁၂၆၆-၁၃၅၂) (AD ၁၉၀၄-၁၉၉၀)
၅၂။ ညောင်ဝိုင်းဆရာတော် ဘဒ္ဒန္တဇိနာလင်္ကာရ (ကောဇာ ၁၂၆၇-၁၃၅၁) (AD ၁၉၀၅-၁၉၈၉)
၅၃။ အနောက်ပရက္ကမချောင်ဆရာတော် ဦးဝဏ္ဏာစာရ (ကောဇာ ၁၂၆၈ -၁၃၃၇) (AD ၁၉၀၆-၁၉၇၅)
၅၄။ တောင်တန်းသာသနာပြုဆရာတော် အရှင်ဥတ္တမသာရ (ကောဇာ ၁၂၇၂-၁၃၅၇) (AD ၁၉၁၀-၁၉၉၅)

၅၅။ ရွှေဥမင်ဆရာတော် (ကောဇာ ၁၂၇၅-၁၃၆၄) (AD ၁၉၁၃-၂၀၀၂)
၅၆။ ကွမ်းတောတောရဆရာတော် (ကောဇာ ၁၂၇၆-၁၃၆၀) (AD ၁၉၁၄-၁၉၉၈)
၅၇။ မြေငူရွာ သရက်တောတောရဆရာတော် (ကောဇာ ၁၂၇၇-၁၃၄၅) (AD ၁၉၁၅-၁၉၈၃)
၅၈။ ထပ်တင်ကာတောရဆရာတော် ဦးသာဂရ (ကောဇာ ၁၂၇၇-၁၃၄၉) (AD ၁၉၁၅-၁၉၈၇)
၅၉။ ပန်းကုံးဆရာတော် (ကောဇာ ၁၂၈၀-၁၃၆၃) (AD ၁၉၁၈ - ၂၀၀၁)
၆၀။ ရွှေဒါးတောရဆရာတော် (ကောဇာ ၁၂၈၁-၁၃၇၃) (AD ၁၉၁၉-၂၀၁၁)
၆၁။ ဗာရာဏသီဆရာတော် (ကောဇာ ၁၂၈၂-၁၃၅၆) (AD ၁၉၂၀-၁၉၉၄)
၆၂။ နဘူးကျောင်းဆရာတော် (ကောဇာ ၁၂၈၂-၁၃၆၆) (AD ၁၉၂၀-၂၀၀၄)
၆၃။ ရေစကြိုညောင်ပင်အိုင်ဆရာတော် ဦးနန္ဒောဘာသ (ကောဇာ ၁၂၈၃-၁၃၆၅) (AD ၁၉၂၁-၂၀၀၃)
၆၄။ မောင်းထောင်မြေဖင်းတောရဆရာတော် (ကောဇာ ၁၂၈၃-၁၃၆၈) (AD ၁၉၂၁-၂၀၀၆)
၆၅။ လဲဘူးဆရာတော် (ကောဇာ ၁၂၈၄-၁၃၈၄) (AD ၁၉၂၂-၂၀၂၂)
၆၆။ ခါ့တန်ဆရာတော် ဦးဣန္ဒာစက္က (ကောဇာ ၁၂၈၅-၁၃၆၅) (AD ၁၉၂၃-၂၀၀၃)
၆၇။ ရွာမွန်သုသာန်ဆရာတော် (ကောဇာ ၁၂၈၅-၁၃၇၀) (AD ၁၉၂၃-၂၀၀၈)
၆၈။ စလူမြောင်တောရဆရာတော် ဦးသီလာစာရ (ကောဇာ ၁၂၉၀-၁၃၆၀) (AD ၁၉၂၈-၁၉၉၈)
၆၉။ အင်းလေးဝက်သကင်ဆရာတော် (ကောဇာ ၁၂၉၀-၁၃၆၅) (AD ၁၉၂၈-၂၀၀၃)
၇၀။ ညောင်ပင်အိုင်ဆရာတော် (ကောဇာ ၁၂၈၃-၁၃၆၅) (AD ၁၉၂၁-၂၀၀၃)
၇၁။ ကျောက်ဂူတောရဆရာတော် (ကောဇာ ၁၃၁၂-၁၃၈၀) (AD ၁၉၅၀-၂၀၁၈)
၇၂။ မဟာဗောဓိမြိုင်ဆရာတော် (ကောဇာ ၁၃၀၁- ) (AD ၁၉၃၉- )

## တိုက်တွန်းလျှောက်ထားချက်

တပည့်တော် လက်လှမ်းမီသမျှ ပြုစုထားသည့် ထေရ်ရှင်များ၏ အချက်အလက် မပြည့်စုံမှုများ၊ မှာယွင်းမှုများ တွေ့ရှိတော်မူပါလျှင် မေတ္တာရှေ့ထားပြီး ပြုပြင်ပေးတော် မူကြပါဘုရား။ မှတ်တမ်းတွင် ဆက်လက်၍ ပါဝင်သင့်သည့် ထေရ်ရှင်များ၏ အတ္ထုပ္ပတ္တိအကျဉ်းမျှရှိလျှင်လည်း ပေးပို့ ကူညီပေးတော်မူကြပါဘုရား။

မိမိတို့၏ ကျေးဇူးအရှင် ဆရာသခင်တို့၏ ဓုတင်သာသနာတော်ဆိုင်ရာ ပြည့်စုံသည့် မှတ်တမ်းကောင်းများ ကျန်ရှိရန်ကိုလည်း သက်ရှိထင်ရှား ရှိတော်မူစဉ်ကာလကပင် ကြောင့်ကြစိုက်ကာ မှတ်တမ်းထားပေးတော်မူကြပါဘုရား။

သို့မှသာ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်၌ ဓုတင်သာသနာတော်ဆိုင်ရာ ပြည့်စုံသည့် မှတ်တမ်းကောင်းများကို နှောင်းခေတ်ရဟန်းတော်များက ဖတ်ရှုလေ့လာနိုင်ပြီး သူတို့၏ ပါရမီအားလျော်စွာ သဒ္ဓါယိုဖိတ်အားကျစိတ်ကြောင့် ဓုတင်ပဋိပတ်ကို ကျင့်နိုင်ရန် ကြီးစွာသော အကြောင်းအထောက်အပံ့ ဖြစ်နေပေဦးတော့မည်ဟု ယုံကြည်ပါသည်ဘုရား။

ရန်ကင်းတောရဆရာတော်